
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

16 JUN 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်











လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း

F.1A. August, 2014.



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်


စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

✱ ဦးစံတင့်

(စတုနိကာယကောဝိဒ၊ဝိနယရေ၊ဓမ္မာစရိယ)

✱ ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)

ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ

(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Phamacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India).

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot), Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos), Dip/T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ

အယ်ဒီတာ

ကိုကိုမောင်




လွန်ခဲ့သော နှစ်,နှစ်ရာခန့်က

မြေအောက်မှ တူးဖော်တွေ့ရှိရသော

ပေါင်တော်မူရုပ်ပွားတော် ဖြစ်သည်...

စာ-၁၀


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၄၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့်မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊

အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊

၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကယားဖြန့်ချိရေး

မိုးသုံ့နှာစာပေ (တောင်ကြီး)

ဂေါ်နဝီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော့ကျော့စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

ဖ-, ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး – ကိုတင်မောင်မွေး

မင်္ဂလာ စီးပွားရေး ကြော်ငြာလုပ်ငန်း



၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

အမှတ် ၃၃၇

အုပ်ရေ

၁၀၀၀


ဖ-၀၁ ၂၄၂၂၈၄

www.burmeseclassic.com



သေခြင်းတရားသည် အချိန်မရွေး
ကျရောက်နိုင်ပါလား
ခုနေများ ငါသေသွားခဲ့ရင်... ➡ စာ-၁၃၇

ဒီ...ကျောက်အမြုတေဥကလေးရပြီး
ကျွန်တော်တို့ မိသားစုမှာ
လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေလာပါတယ်... ➡ စာ-၇၀




**တွေ့ဆုံခြင်းရောင်ခြည်**

မြွေနိုင်ဆေးဆရာကြီး ဦးမြထွန်း [ကြည်မောင်မောင်-ငဖဲ] ၁၆၁
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
အနန္တသုခတိုင်းရင်းဆေးခန်း ဆရာမဒေါ်တလျာစိုး
(တဆ-၀၃၆၁၉)၏ မီးယပ်သွေးဆုံးရောဂါ တာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၂၃၃

**ပညာပေးရောင်ခြည်**

လူတိုင်းအတွက် တရုတ်မိုးရာ
အိပ်မက်ရှင်းတမ်း (၈၃) [ထက်မင်းကျော်စွာ] ၁၅၉
သင်္ကေတများ၏ ဘာသာစကား (၃၇) [ဟူဂျင်းဇီ] ၁၆၇
တရုတ်ကြိုးထုံးပညာ (၉၃) ၁၇၅

**လက္ခဏာရောင်ခြည်**

အမေရိကန်ပီဇာကံစမ်းမဲ(ဒီဗွီ) ပေါက်မလား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၉၄
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၁၃၅
အချစ်ကို အရေးထားတဲ့သူလား [သန်းပညာ] ၁၄၉
ရှေ့နေအလုပ်နဲ့ အကျိုးပေးနိုင်သလား
သူ ဘယ်လိုလူစားလဲ [ဦးသော်ခင်-ဟာသ်ာတ] ၂၁၅
တစ်ချက်ကောင်း ဟောကွက် [ဦးသော်ခင်-ဟာသ်ာတ] ၂၂၄

**လမ်းညွှန်ရောင်ခြည်**

ရွှေဘိုအောင်မြေနှင့် ဝေဘူဆရာတော်ကြီး၏
သာသနာ့မြေသို့(၁) [စံထွန်းသာ] ၁၇
ဗန်းမော်ရွာရှိ နောင်ယောင်းရေထွက်
လှူဝင်စား ငါးတန်ကြီး(၁) [နိုင်မင်းညို] ၂၅
မြတ်သမဏတို့ စံပျော်မြန်းသည့် ထုံးတောင်မြေ
သာစခန်းဆီသို့(၆) [ဖင်ညိုငယ်] ၈၁
ဂမ္ဘီရ အုတ်ရေတာန် [ဘက်ထရီမောင်သောင်း-ဟာသ်ာတ] ၂၈၂

**အထူးကဏ္ဍရောင်ခြည်**

ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့(၂)
[အောင်ဇ-LL.B] ၇၃
အခင်းကြီးလျှင် မင်းစုံတောင်တွင် အဓိဋ္ဌာန်ဝင်ပါ(၄)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၈၉
ရန်မာန် ကင်းစေသည့် တောလင်းနယ်မှ အောင်နိမိတ်
ဆောင် ခမောက်တောင်(၉) [ထက်မင်းကျော်စွာ] ၉၇
မြတ်တော်ဝင် သာသနာမြေမှ နေရာထူးများနှင့်
ဆရာတော်ကြီး၏ ဩဝါဒများ(၂) [စံထွန်းသာ] ၁၄၅
သုခကာရီကုန်းတော်မဟီနှင့် အဘအောင်မင်းခေါင်
ဓာတ်ပန္နက်စေတီတော်(၃) [ထက်မင်းကျော်စွာ] ၁၂၁

www.burmeseclassic.com

## ကိုယ်ရေးနှလုံးလှရောင်ခြည် (section heading — see note)


ကျွန်တော် မြင်တွေ့ဖူးသော
သူရဿတီမယ်တော်ကြီး(၂) [ကလေးဘ] ၂၀၉
သိမ်မြေထဲက လောက်စာခဲ [နတ်မောက် လှမြင့်သစ်] ၂၄၁
ချိုးအမြီတေနှင့် ကြက်ဖကြီး [မောင်ရော-ရာမည] ၂၄၄
မေတ္တာဖြင့်ယှဉ်သော ရွာကလေးနှင့် အဘိုးငယ်၏
စွမ်းပကား(၁) [အောင်မြင့်ထွန်း-မသုံးလုံး] ၂၄၉
ကူညီသည့် မမြင်အပ်သော ပုဂ္ဂိုလ်များ
[တက္ကသိုလ် အပန်ငယ်] ၂၅၇
သာသနာပြုရန် လာသော ဇီးကွက်မောင်နှမ
[အေးမွန်ကျော်-နမ္မတီး] ၂၉၇


## ✻ ကျင့်စဉ်ရောင်ခြည် ✻



သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏
ကမ္ဘာ့မေတ္တာဓာတ်ပို့လွှတ်နည်း [သန်းခေါင်-ပညာရေး] ၈၆
နဝဗုဒ္ဓ ဆွမ်းတော်ကပ်၍ အန္တရာယ်တင်း
လာဘ်ရွှင်ကျင့်စဉ် [အောင်ထက်-ရောအနောက်မြို့တော်] ၁၇၇
ပေါ်တော်မူ ရုပ်ပွားတော်နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသီရောမဏီ] ၁၈၅
တနိုင်ကလိုင် ဘေးမဲ့ကျောင်း ဆရာတော်ကြီး၏
ထူးခြားဖြစ်စဉ်နှင့် ကျင့်စဉ်များ
[မင်းကျော်ဇံ-ဂမ္ဘီရတောင်တန်း] ၂၀၁


## ● အစီအရင်ရောင်ခြည် ●


သိဒ္ဓိဝင် ဂမ္ဘီရ နှစ်ပေါက်ဝါးနှင့် ဝါးလက်ခုပ်အစီအရင်
[ချစ်ဆိုင်] ၅၄
ကြောင်ပန်း(တတိယ)ဆရာတော် ဦးဝီရိယ၏
မိုးရွာစေသည့် အစီအရင် [စံထွန်းသာ] ၁၃၂
မဒ္ဒာန်းပဉ္စာဝါရနှင့် လိုတရ အစီအရင်
[ဂါမဏီဇော်-ဝိဇ္ဇာရေး စစ်ကိုင်း] ၁၉၇
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယကြာ
[တနင်္ဂနွေသားသမီးများအတွက်] [သန်းပညာ] ၂၁၃
မသိသူကျော်သွား သိသူဖော်စား
ပြဟ္မာသားပိုက်ရုပ်တု၏ အစွမ်း
[မောင်အေးကြူ-စီးပွားရေး] ၂၂၅


## ❐ အဂ္ဂိရတ်ရောင်ခြည် ❐


အနန္တသိဒ္ဓိပြဒါးလမ်း ရှင်းတမ်းမြေကြားချက်
[ဦးမင်းဇင်-ရွှေနဝင်း] ၁၈၀
လက်တွေ့ ဟင်းရိုင်းဖမ်းနည်း [အောင်သန္တ-ပုသိမ်ကြီး] ၁၈၇
ရှင်ကောဝိဒရဲ့ ဒန်နာသုတရဇတ(၄)
[ရွှေတောင် ခင်မောင်ကြည်] ၂၀၄


ဝေဝေတ်ဝင် ဗွေပေါ်ကျွန်း
သာသနာပြုနယ်မြေတွင် ဗားတာမဟာဆရာတော်
ရှင်မဟာတေဇိန္ဒာဘိဝံသ ပုံတော်ကို ➡ စာ-၁၀၆

ဆင်နှင့် သဏ္ဌာန်တူသော
ကျောက်တုံးတစ်တုံးသည် ဓာတ်တော်၏
စိန်စိတ်တော်အား ထူးခြားနေတာကို ➡ စာ-၄၃







www.burmeseclassic.com

www.burmeseclassic.com



သုခကာရီကုန်းဇော်ပေါ်တွင်
(၄၅)ရက် အဓိဋ္ဌာန်ထွက်ခဲ့ဒေါ်ဇ
ထူးခြားစွာ ပေါ်နေသည့် ပုံတော်ကို ☁ စာ-၁၂၅

တမာပင်ကြီး တစ်ပင်လုံးသည်
အကိုင်းအားလုံး ဤအတိုင်း
တမာနဂါးများ ဖြစ်နေသည်ကို ❤ စာ-၁၄



✷ ဂါထာမန္တန်ရောင်ခြည် ✷

ခရီးသွားများအတွက် နဂါးခံတွင်း ရှောင်ကွင်းရန်
မလိုသောနည်း [ဗိုလ်မင်း–မင်းလှ] ၁၈၄
နိုင်ငံခြားတိုင်းတစ်ပါးတွင် အောင်မြင်ကြစေချင်
[အောင်နန္ဒစံ–ကျိုက်လတ်] ၂၁၇
ဒုက္ခပွတ်ဂါထာနှင့် ကျွန်ုပ်အမြင် ကိုယ်တွေ့များ
[ကဝိသိရောမဏိ] ၂၃၇

✻ ဆေးနည်းဗိုဟ်ရောင်ခြည် ✻

အပူနာများအတွက် အုံစည်းဆေး
[နေမဝင်–နတ်မောက်] ၅၁
ဝက်ခြံပေါက်သော် [ဦးရာဇ်မြေမြနိုင်ပြည်ဟိန်း] ၈၇
ခံတွင်းပျက်၍ လျှာခါး၍နေလျှင်
[မောင်စိုးနွယ်–နတ်မောက်] ၁၀၃

◆ ဆေးဗေဒရောင်ခြည် ◆

အသားမာအတွက် သရက်ရွက် [အောင်ဆန်းလင်း] ၃၉
ဒူးနာခြင်းအတွက် [မြေမှိုးချစ်–နတ်မောက်] ၂၀၃
သွေးတိုးရောဂါအတွက် ဆေးတစ်ခွက်
[အောင်နတင်–မုဒုံ] ၂၃၉

⁜ ပဉ္စမဂ္ဂရောင်ခြည် ⁜

လွမ်းရပါသော်တော နှလုံးသားထဲက နန်းယီဆိုင်ကော်(၂)
[မြတ်သခင်ဦး] ၂၁၉

✢ ထူးခြားသစ်ပင်ရောင်ခြည် ✢

ရန်ပူသမျှ အောင်စေသော ရန်ကြီးအောင်ပင်(ခ)
ကိုယ်ရှိုကြီးပင်၏ အစီအရင်နှင့် ဆေးအသုံး
[ကျော်–ရမည်းသင်း] ၁၅၅
အိပ်မက်အရ တွေ့ရတဲ့ ထူးဆန်းသစ်ပင်
[ကလေး ဝင်းသူ] ၁၂၉

✂ ဗဟုသုတရောင်ခြည် ✂

ဒူရင်း၊ ညြဇာ မာလကာသီး [မောင်ရင်ထွေး–မအူပင်] ၁၅၇
ကလေးငယ်များ ခေါင်းတစ်ဖက်(သို့) ဇက်တစ်ဖက်
စောင်းနေလျှင် [မျိုးမောင်မောင်–က.ပ.စ] ၁၆၀

† ထူးခြားပစ္စည်းရောင်ခြည် †

မုံရွာမြို့ နေလတိုင်းရင်းဆေးကုဌာန ဆရာဦးထံမှ
ထူးခြားပစ္စည်းများ [မောင်မောင်ထွန်း–မုံရွာ] ၅၇
ထူးဆန်းသော ကျောက်အမြုတေဥ
[မျိုးတင့်–ညောင်လေးပင်] ၇၁
လျှို့ဝှက်ရှားပါးတဲ့ အမြီးနှစ်ခွနဲ့ အိမ်မြှောင်
[ကောင်းမြင့်မြတ်စိန်] ၁၀၂



www.burmeseclassic.com

www.burmeseclassic.com

● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ သိုင်းပညာ
အတွေ့အကြုံများ (၃၀)
[ဆရာကြီး မင်းယက္ခ–တိုက်ပွဲဝင်] ၁၇၂

✱ ကုထုံးရောင်ခြည် ✱

ပင့်ကူဆိပ်ဖြေနည်းနှင့် အခြားဇင်္ဂမ အဆိပ်အုပ်စုဝင်
ဇီဝမျိုးစိတ်များ၏ အဆိပ်ဖြေနည်းများ
[ဦးမင်းဖေ–ရွှေနဝင်း] ၁၆၃

✳ အမျိုးသမီးအလှရောင်ခြည် ✳

မီးအပူကိုင်ခြင်း ကင်းဝေးစေသည့်နည်း
[ကိုသက်ရှည်] ၂၃၆

○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် တော့ဖူးရှင်ဆရာတော်ကြီးများ
[အိမ်မဲမြို့နယ် နယ်လှည့် သာသနာပြုတကော ဆရာတော်
ဘဒ္ဒန္တဝိလာသထေရ်အား ဂါရဝပြု ပူဇော်ခြင်း] [သန်းပညာ] ၁၉၃

○ မြစ်ချောင်းကြီးဒေသဖင်ဒေသမြစ်ရောင်ခြည် ○

ခမောင်းခါး(ခေါ်) ပျဉ်းမခါးပင်၏ အစွမ်း
[ဗိုလ်မင်း–မင်းလှ] ၁၁၉

✳ ဟိရညဗန်ရောင်ခြည် ✳

ကွဲ့ရွာများ မျက်စိတိမ်ကျသော်
[တက္ကသိုလ်မောင်ဇေ–ခင်ဦး] ၁၅၁

အိမ်မွေးဘဲများ ခြေကားနာဖြစ်လျှင်
[စိုးလင်းအောင်–မြန်အောင်] ၂၃၈

⊡ ကြည်ညိုခြင်းရောင်ခြည် ⊡


လက်ညှိုးတော်မှ ရေထွက်သည့် ဘတ္တချမ်းသာကြီး
ရုပ်ပွားတော်(၁) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၉

သမိုင်းဖော်ကျူး ရောင်ခြည်တော် ကွန့်မြူးသည့်
မြင်ထင်စေတီတော် [မင်းသူရိန်–ထားဝယ်] ၄၁

✳ အောင်မြေရောင်ခြည် ✳

စကုမြို့ ထေရ်ကြီးစေတီတော်နှင့် ရဟန္တာမဟာပုဏ္ဏာ၏
တရားကျင့်ရာ အောင်မြေများ
[တက္ကသိုလ် မောင်မြသီ–စကု] ၃၃

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၁၈)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၁၁၃



အောင်မြေအလယ်ဗဟို၌
လက်အုပ်ချီ၍ဘုရားရှင်အားပူဇော်နေသည့်
နတ်ရုပ်ကြီးတစ်ခုအား… ◆ စာ-၁၆

ကြိုးမင်းဗျာဒိတ်ခံစေတီကုန်းတော်ပေါ်ရှိ
ကြိုးမင်းရုပ်တုပါ ကြိုးမင်းတံခွန်တိုင်ကြီးကို
ဤသို့ ထူးခြားစွာတွေ့ရသည်… ◆ စာ-၉၉





www.burmeseclassic.com

www.burmeseclassic.com



ဤကျောက်ဆောင်ကြီးသည် နွားလပို့တောင် ဆံတော်ရှင်ဆီသို့ စူးစိုက်ကြည့်နေသော ဆင်ကြီးသဏ္ဍာန် ဖြစ်ပေါ်နေသောကြောင့်... စာ-၃၀



နတ်ကမ်းအစပ
ပတ်မှန်းချင်
များအား
ကမ်းထားသော
အား
သိလူး
ပုံကို
စာ-၁၁၄



ဗန္ဓိရ
ဗရှည်း
ဖြစ်တဲ့
နှစ်ဆပါက်
ဝါးတို
ဝါးလက်ချစ်
မိရင်ဖြီး...
စာ-၅၄


✧ ထီဗေဒရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဓာတ်ကြီးငါးပါး
ဖိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၅၂
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ထီအတွက်
ရွှေချယ်ပါ ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၅၆

✧ စိုက်ပျိုးရေးရောင်ခြည် ✧

ငွေကုန်သက်သာ သဘာဝဇီဝ ရွက်ဖျန်းမြေဩဇာ
[ဩွန်ဝင်း-နတ်တလင်း] ၁၇၁

✱ အင်းဓာတ်ရောင်ခြည် ✱

အခက်အခဲ အကျပ်အတည်းများ ပြေပျောက်စေသည့်
ဝိမုတ္တိ အရိယာအလင်းတိုင်ပူဇော်နည်း
[ငြိမ်းသော်တာ] ၁၉၀
အပွင့်အလန်း ကံကောင်းစေသော အပြင်မိတ်အင်း
[မောင်ကြည်ထွေး-မ/ဒဂုံ] ၂၁၅

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

မြိုင်မြို့နယ်၊ ကွမ်းတောရွာ မင်္ဂလာသီရိကျောင်းမှ
ဆရာတော် ဦးပညာသီရိ၏ မပုပ်သိုးသော
ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ(၃) [စံထွန်းသာ] ၄၉
ဗောဓိတထောင် သာသနာမြေနှင့် ဗောဓိတထောင်
ဆရာတော်ကြီး ဦးနာရဒ၏ ဘဝပုံရိပ်များ(၂) ၆၅
ထူးခြားဆန်းကြယ် အံ့ဖွယ်ဆရာတော်
[ဘဘမွှံ-ဈာပုံ၊ ဖရာပို-၆] ၁၃၇
အဘိုး ကလေးဝဆရာတော်ကြီးနှင့် ထူးခြားမှုများ
[ဒေါ်သုမနဝိစိတ္တ-B.Sc,H.G.P,Dip.Ed] ၁၄၅
အမည်ဖော်ပြခွင့် မရှိသော ခုတင်ဆောင်
ရဟန်းတော်အား ပူဇော်ခြင်း
[အေးချမ်းအောင်-ရမည်းသင်း] ၂၂၇

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ထူးခြားသည့် ကျောက်ဆင် [စိုးသော်တာ] ၃၀
ထူးခြားဆန်းကြယ် အံ့ဖွယ် ရှင်သီဝလိရုပ်ပွားတော်နှင့်
ပတ်သက်၍ သိသမျှ ဖြေပါမည်
[ရွှေကံကူ သာသနာပြုမယ်တော်ကြီး] ၁၅၃
ကြုံတွေ့ခဲ့သော ပရလောကမှ ဖြစ်ရပ်ဆန်းလား
[ဦးအေးရွှေ-ကနောင်] ၂၇၈
အလွန်ထူးခြားသော ပရလောကသား
[အရှင်ဥတ္တရသာရ-မဟာဂုက်ယုံတောင်] ၂၈၉

www.burmeseclassic.com


### ❑ အမေးအဖြေရောင်ခြည် ❑

တမာနဂါး မြေကြီးစေလိုပါသည်
[သာထက်ဇော်-မကွေး] ၁၄

ထူးဆန်းသော မြေကွင်းဆက်နှင့် သိရှိသူ ပညာရှင်များမှ
ဖြေကြားပေးပါရန် [မင်းတပ် ဦးအောင်ခင်] ၁၆၉

ဝင်းအမြဲတွေ့ သိဒ္ဓိရှိမရှိ သိလိုပါသည်
[မောင်နိုး-ကျောက်မဲ] ၁၉၂

### ✂ နေ့စဉ်သုံး ဗေဒင်လမ်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၄၈

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၁၅၄

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်စဉ်] ၃၀၃

### ✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧

ကုန်အပေါ်အရှား ထွက်နည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၀၀

မင်္ဂလာရက်မြတ် [ကျော်မိုးလွင်-ဝါးခယ်မ] ၁၅၀

### ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းဇီ] ၂၄၈

### ★ မြန်မာနှစ်သစ်အကူးရောင်ခြည် ★

ရင်နှစ်သည်းချာ ရင်သွေးရတနာတို့အတွက်
၁၃၇၆ ခုနှစ် တစ်နှစ်တာ [အောင်နန္ဒစံ-ကျိုက်လတ်] ၃၆

### ● ပရလောကရောင်ခြည် ●

ပိတောက်ခြောက်ရောင်ဆာရီနှင့် ရေခြားမြေခြားမှ
ပရလောကသူ [ချို-အမရပူရ] ၂၅၄

ပါရမီအဟုန်ထူးစွာဖြင့် ပြန်ဆုံကြရသော
မောင်နှမနှစ်ဦး [နယ်လှည့်သုတေသီ] ၂၆၀

ဆောင်းတစ်ည [အင်ကြင်းပန်း] ၂၆၃

ပေတမောင်စိမ့်နှင့် ဘဝခြားသံယောဇဉ်(၁)
[ဟင်္သာတသန်းလှိုင်ကျော်-ရွှေပန်းချီ] ၂၆၅

ရွှေမြင့်သချိုင်း [မောင်ရွှေမြင့်] ၂၇၃

အစ်ကိုနှင့် လေချွန်နတ် [ကျော်မိုးလွင်-ဝါးခယ်မ] ၂၈၁

မေတ္တာလေပြည် သွေးလေတော့ [မကြီးကျော်] ၂၈၅

အမဲသားကြိုက်သူ [ကမ္ဘောဇ ဘုန်းမြင့်] ၂၉၃

တောတို့၏ မာယာ [မောင်နိုင်နွယ်-ဟင်္သာတ] ၃၀၁



မဟာပုဏ္ဏ
ရဟန္တာမြတ်
သီတင်းသုံး
တရား
ကျင့်ရင်း
စေတီငယ်
တစ်ဆူကို...
စာ-၃၅ ➧



ထူးခြား
သော
မမြင်ဘူး
သော
သစ်ပင်
ဖြစ်သည်
အပင်မှာ...
စာ-၁၂၉ ➧




တောတွင်း
တစ်နေရာ
တွင်
ရင်းတိုက်ပင်
မှ
ဆက်ချောင်း
(၅) ချောင်းပုံ
ထူးထူး
ခြားခြား
ဖြစ်ပေါ်
နေသည်ကို...
စာ-၅၇ ➧





www.burmeseclassic.com

www.burmeseclassic.com



▲ အရှေ့ဘက်တိုင်အပြင်မှ ချမ်းသာကြီးစေတီ မြင်ကွင်း

ဘုန်းကျော်စွာ
(မြိုင်တတ္တသိုလ်)

လက်ဆုံးတော်မှ ရေတွက်သည့်

# ဘုတ္တ ချမ်းသာကြီးရှပ်ပွားတော် (၁)

ပျော်ဘွယ်မြို့၏ အနောက်တောင်ထောင့် (၂)မိုင်ခန့်အကွာတွင် ဘုတ္တ (၇)ရွာ တည်ရှိသည်။

ရှေးဆရာတော်ကြီးများ၏ အဆိုအမိန့်အရ မြန်မာနိုင်ငံအထက်ပိုင်းသို့ ဗုဒ္ဓသာသနာတော် မျိုးစေ့ချ ပင့်ဆောင်ပေးခဲ့သော ရှင်အရဟံ ရဟန္တာအရှင်မြတ် ဆွမ်းခံကြွရာ ရွာများ ဖြစ်သောကြောင့် ဘုတ္တ အမည်ရသည်ဆို၏။ (ဘုတ္တ=ဆွမ်း။ ထမင်း)

## ဘုတ္တ(၇)ရွာ

၁။ ဘုတ္တမြို့မရွာ၊
၂။ ဘုတ္တအုန်းပင်ခြံရွာ၊
၃။ ဘုတ္တသရက်ပင်ရွာ၊
၄။ ဘုတ္တလက်ပန်တောရွာ၊
၅။ ဘုတ္တကံကောင်းရွာ၊
၆။ ဘုတ္တတာလင်းကုန်းရွာ၊
၇။ ဘုတ္တရှားပင်လှရွာ၊

ပုဂံခေတ်နှောင်း ကျော်စွာမင်းလက်ထက်တွင်...

၁။ ရမည်းသင်းမြို့၊
၂။ ဝတီးမြို့၊
၃။ ဘတမြို့၊
၄။ မြို့လှမြို့၊
၅။ ပေါက်အိုင်မြို့၊

ဟူ၍ ရမည်းသင်း(၅)မြို့ ရှိခဲ့ရာ ဘုတ္တသည်လည်း အပါအဝင် ဖြစ်ခဲ့သည်။

ယင်း(၇)ရွာအနက် **ဘုတ္တချမ်းသာကြီးမြတ်စွာဘုရား ကိန်းဝပ်တော်မူရာ စေတီကား** ဘုတ္တသရက်ပင်ရွာအနီး တည်ရှိလေသည်။ သရက်ပင်ရွာသည် ဘုတ္တ(၇)ရွာအနက် လူနေအိမ်ခြေအစည်ကားဆုံးရွာဖြစ်ကြောင်း သိရသည်။

## ဘုတ္တသရက်ပင်ရွာသို့

ပျော်ဘွယ်–ရမည်းသင်း ကားလမ်းအတိုင်း တောင်ဘက်သို့ (၂)မိုင်ခန့် အကွာ(ဒေသခံများ၏ လမ်းညွှန်ချက်

www.burmeseclassic.com





▲ သိမ်တွင်းရုပ်ပွားတော်

◀ မျှမ်းသောကြီးရုပ်ပွားတော်

အရ) ကားလမ်းမှ အနောက်ဘက်သို့ ချိုးကွေ့သွားသော မြေလမ်းအတိုင်း (၅)ဖာလုံခန့် ခရီးနှင်ရသည်။

လုံးပတ်ကြီးမားလှသည့် နှစ်ရှည်ကုက္ကိုပင်တန်းကို ကျော်လွန်ပြီးသောအခါ ရှေးသိမ်နှင့် စေတီဟောင်းတစ်ဆူကို ဖူးတွေ့ရသည်။ အနီးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၍ **ဘဗ္ဗသရက်ပင်ရွာဦးကျောင်း**ဖြစ်ကြောင်း သိရသည်။

## အကာမျှော်နေသည့် ရှေးသိမ်နှင့် စေတီတော်

ကျောင်းအတွင်း၌ လူအချို့ကို တွေ့ရသည်။ ဥပုသ်နေ့ ဖြစ်သောကြောင့် ကျောင်းသို့ လာရောက်ကာ ဥပုသ်သီတင်း ဆောက်တည်နေကြသည်ဟု သိရလျက် ကျောင်းထိုင်ဆရာတော်မှာ ကိစ္စတစ်ရပ်ဖြင့် အပြင်ထွက်ကြွနေသည် ဆို၏။


သို့ဖြင့် ဥပုသ်သည်များကို ခွင့်တောင်းကာ သိမ်အတွင်း ဝင်ရောက်လေ့လာကြည့်သည်။ သိမ်ခေါင်းရင်းတွင် အင်းဝခေတ်လက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူကို မှန်လိုဏ်တွင်း၌ ပူဇော်ထားသည်။


မှန်တံကဲများမှာ ရတနာပုံခေတ်ဗိသုကာလက်ရာဟု ယူဆရသည်။ သိမ်ထောင့်တစ်နေရာတွင် ဖျက်ယွင်းစပြုနေသော ပိဋကတ်တိုက် တစ်လုံးကို တွေ့ရသည်။

အံဆွဲများဖြင့် ဖွဲ့စည်းထားကာ ရှေးခေတ်သုံး **"သစ်ချောင်းလျှာထိုး"** သော့ တပ်ဆင်ထားသော်လည်း ကာလကြာသဖြင့် ဒီအတိုင်း ဆွဲထုတ်၍ ရသည်။

အံဆွဲများအတွင်း ပေစာထုပ်မြောက်မြားစွာ မြင်ရသည်။ ကိုးကြာင်းပေမူများဖြစ်သည်။ အရှေ့ဘမျှားများမှာ ကြွက်နှင့် ပိုးမွှားများ ဖျက်ဆီးထား

www.burmeseclassic.com





▲ ဘဏ္ဍာသရက်သင်္ချာဦးကျောင်းသိမ်တော်

▼ ရွာအဝင်လမ်းမှ ကုက္ကိုတန်း



▲ ပိဋကတ်ဒီရို

သည်။ အဝတ်နီစဖြင့် သပ်ရပ်စွာ ထုပ်ပိုးထားသော အဂါရိစုံ ပေစာထုပ် အချို့လည်း တွေ့ရသည်။

ပိဋကတ်ပေစာများဖြစ်၍ နှစ်ပေါင်း (၂၀၀)ခန့် သက်တမ်း ကြာရှည်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

စနစ်တကျ သိမ်းဆည်းထားနိုင်ပါက ဘိုးဘွားပိုင် ရှေးဟောင်း အမွေအနှစ်များအဖြစ် နောင်လာနောက်သားတို့အတွက် ဂုဏ်ယူစရာ ဖြစ်ပေမည်။

ဒီရို(ပိဋကတ်သေတ္တာ) အခြေလေးဖက်တွင် ဟင်္သာရုပ်တစ်ရုပ်စီ ထွင်းထုထားသည်ကို တွေ့ရသည်။ အနီးတွင် ဇီးကွက်ပုံ ညောင်ရေအိုးတစ်လုံးလည်း မြင်ရသည်။

သစ်လုံးကို ထွင်းထားသော ပန်းပုလက်ရာဖြစ်သည်။ ဇီးကွက်ရုပ်ကို လာဘ်ကောင်အဖြစ် နိမိတ်ကောင်းယူထားရှိတတ်ကြသော်လည်း ဤသို့

▼ ဆေတာမှ တာတော်တော်ပြင်





www.burmeseclassic.com

www.burmeseclassic.com





◄ ပိဋကအစဉ်မှ ဟင်္သာရုပ်တစ်ခု

ဇီးကွက်ညောင်တရုတ် ►

ဘုရားပန်းကပ်လှူနိုင်သည့် ဇီးကွက်ပန်းအိုးကို ဤတစ်နေရာ၌သာ မြင်ဖူးခြင်း ဖြစ်သည်။

သိပ်သည်းထူထပ်စွာ တင်ကျန်နေသော ဖုန်ထုက သိမ်အတွင်း လူသူအဝင်အထွက် နည်းပါးကြောင်း ပြောပြကြသည်။

သိမ်အတွင်း၌ ဖုန်အလိမ်းလိမ်းရှိသကဲ့သို့ သိမ်အပြင်ဘက်တွင်လည်း အက်ကြောင်း ဗရပွဖြင့် ဇရာ၏နိမိတ်ကို ဖော်ပြနေသည်။

ပြုပြင်မွမ်းမံသူ ကာသိုလ်ရှင်မပေါ်ပေါက်ပါက နှစ်အနည်းအတွင်း ပြိုကျပျက်စီးသွားဖွယ် ရှိလေသည်။

သိမ်နှင့်ကပ်လျက် အရှေ့ဘက်တွင် စေတီတစ်ဆူရှိသည်။ လိုဏ်တစ်ထပ်ပါရှိ၍ လိုဏ်အတွင်း၌ အရှေ့လှည့်တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။

ပြန်လည်မွမ်းမံထားသည့် ရှေးလက်ရာ ရုပ်ပွားတော်ဖြစ်ကာ ရွှေရေးသင်္ကန်းတော်မှာ မှေးမှိန်လျက် အချို့နေရာများ၌ အောက်ခံသစ်စေးများ ထွက်ပေါ်နေသည်။


လိုဏ်အတွင်းသို့ မြောက်၊ အရှေ့၊ တောင် သုံးဖက်မှ ဝင်ရောက်နိုင်သော်လည်း ထုထည် အားကောင်းလှသည့် သစ်သားတံခါးချပ်များ တပ်ဆင်ထားရာ ဖွင့်မရ၊ ပိတ်မရ၊ မ,၍ မရအောင် ပျက်စီးနေသဖြင့် တံခါးကြားမှ ကင်မရာသွင်းကာ ဓာတ်ပုံမှတ်တမ်းပြုခဲ့ရလေသည်။

စေတီတော်မှာ ထီးတော်နှင့် ထုံးသင်္ကန်းများ မှေးမှိန်နေသော်လည်း ကြီးမားသော ပြိုပျက်မှုများ မရှိဘဲ ပကတိ အခြေအနေအတိုင်း ဖူးမြင်ရပေသည်။

ရုပ်ပွားတော်၏ မျက်နှာတော်မှာ ရမည်းသင်းမြို့ မင်းနန်းသူရုပ်ပွားတော်နှင့် ထုဆစ်မှုလက်ရာ ဆင်တူနေသဖြင့် အနန္တသူရိယအမတ်၊ ပေါင်လောင်ရှင်ကဿပတို့နှင့် ဆက်နွယ်နိုင်ကောင်းပေသည်။

ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် သာမက မြတ်ဘုရားရှင်၏ သာသနာတော် အထိမ်းအမှတ်သိမ်နှင့် စေတီ

www.burmeseclassic.com



◄ ဒီကျွက်ညောင်ရေအိုး သောတိုက်မြင်ကွင်း

ရုပ်ပွားတော်များ ဖြစ်လေရာ မွမ်းမံ ပြုပြင်မှု ဒါယကာပေါ်လျှင် ကောင်းလေစွဟု ဆုတောင်းမိသည်။

သမိုင်းဖြစ်စဉ်တော်ကို ရှာဖွေ မှတ်တမ်းပြုနိုင်သူ သုတေသီများပါ ပေါ်ထွန်းလျှင်ကား အလွန်အလွန် ကောင်းလေစွဟု အနုမောဒနာ ပြုရလေသည်။

သိမ်အနီးတွင် ခေါင်းလောင်းနှစ်လုံး တွေ့ရသဖြင့် လေ့လာကြည့်ရာ တစ်လုံးတွင်...

၁၂၇၆ ခုနှစ်၊ တပို့တွဲလဆန်း(၂) ရက်နေ့၌ လှူဒါန်းခြင်းဖြစ်၍ ဒါယကာများမှ ဘတ္တရှာနေ ဦးရွှေလတ်၊ မအယ်၊ ကိုဖြူ၊ ကိုကြွက်တို့ဖြစ်ကြောင်း ဖတ်ရှုရ၍ ကျန်တစ်လုံးမှာ ကမ္ပည်းစာများ ဖတ်၍မရအောင် မှေးမှိန်နေပေသည်။

## ရှေ့တော်မှောက်သို့

ရွာဦးကျောင်းသိမ်နှင့် စေတီမှ ထွက်လာကာ သဲချောင်းပြင်ကျယ်ကြီးကို ကျော်လွန်သောအခါ နှစ်ရှည်ကုက္ကိုပင် အုပ်အုပ်ဆိုင်းဆိုင်းနှင့် ဘတ္တချမ်းသာကြီးဘုရားတို့ ရောက်ရှိလေသည်။

မြင်ကွင်းမှာ ပင်းတယ ရွှေဥမင်တောင်ခြေညောင်ရိပ်နှင့် ဆင်တူသည်။ မိုးနည်း ရေရှားရပ်ဝန်းတွင် ဤသို့ ညိုညိုမှိုင်းမှိုင်း ရှုခင်းက အညာနွေ၊ အညာအပူဒဏ်ကို မေ့လျော့၍ သန္တရသ=အေးငြိမ်းသော အရသာကို ပေးစွမ်းလေသည်။

စေတီတော်ဝင်း အဝင်ဝတွင် ဆိုင်ကယ်နားကာ အတွင်းသို့ ဝင်လိုက်သည် ဒေသခံ၊ ဥပုသ်သည်များက လှိုက်လှဲစွာ ကြိုဆိုကြသည်။

စေတီဝင်းအတွင်း ထည့်ဝါလှသော အရှေ့ဘက် အာရုံခံတန်ဆောင်းနှင့် အတူ ချမ်းသာကြီးစေတီကို ဖူးတွေ့ရသည်။ ဤတန်ဆောင်းကို ၁၂၈၆ ခုနှစ်တွင် သစ်သားတန်ဆောင်းအဖြစ် စတင် လှူဒါန်း၍ နှစ်ရှည်ကြာ ယိုယွင်းလာသဖြင့် အင်္ဂတေဖြင့် အစားထိုး မွမ်းမံခဲ့ကြသည် ဆို၏။

တန်ဆောင်းအတွင်းရှိ ဂန္ဓကုဋိတိုက်တော်ကို မြေအောက် အနိမ့်ပိုင်း၌ သံဘာဂျာတံခါးပိတ်၍ နဖူးစည်းတွင် **"ဘတ္တချမ်းသာကြီးဘုရား"** ဟူသော စာတန်းဖြင့် တွေ့ရသည်။

## နောက်ခံဖြစ်စဉ်တော်

ဂန္ဓကုဋိတိုက် တံခါးဖွင့်သော့ခတ်ထားသဖြင့် စေတီအနီးရှိ ချမ်းသာကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်အား ဖူးတွေ့လျှောက်ထားသည်။

လက်ရှိဆရာတော် ဦးကုသလက မူလဖြစ်စဉ်တော်ကို မသိရှိရပါ။ **လွန်ခဲ့သော နှစ်,နှစ်ရာခန့်က မြေအောက်တွင် တူးဖော်တွေ့ရှိရသော ပေါ်တော်မူ ရုပ်ပွားတော်ဖြစ်ကြောင်း ပြောပြသည်။**

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
**(မြိုင်ဘတ္တသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# တမာနဂါး

သာလကြီးစာ (မကွေး)

ဖြေကြားစေလိုပါသည်





တစ်နေ့သော အခါသမယတွင် ကျွန်တော့်ယောက်ဖဖြစ်သူ ဦးသိန်းလွင် လ/ထကြီးကြပ်ရေးမှူး ကြံသီးနှံလုပ်ငန်းဌာန၊ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပျဉ်းမနားမြို့နယ်။ (ယခု မကွေးမြို့ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စက်မှုသီးနှံ လ/ထဦးစီးမှူးက အလည်ခေါ်၍ ရောက်သွားခဲ့သည်။)

ဦးသိန်းလွင်ဆီ ကျွန်တော်ရောက်ပြီး (၃)ရက်မြောက်နေ့တွင် ကျွန်တော့်ကို သူက နေပြည်တော်လယ်ဝေးမြို့နယ်၊ ကြို့ကုန်းအုပ်စု၊ အင်ပင်သာရွာရှိ ဦးဝင်းကို (ဆည်မြောင်းဝန်ထမ်း)အိမ်ကို ဆိုင်ကယ်နှင့် ခေါ်သွားခဲ့သည်။

ဦးဝင်းကိုအိမ်သို့ ရောက်သောအခါ ဦးဝင်းကို တူတော်သူနှင့် မိတ်ဆက်ပေးပြီး တမာနဂါးအကြောင်းကို မေးမြန်းရင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူခဲ့လေသည်။

## တမာနဂါးအကြောင်း

ဖော်ပြပါ တမာနဂါးနှစ်ခုကို ဦးဝင်းကိုက **ရမည်းသင်းမြို့နယ်၊ နသူးကျင်းရွာရှိ ဦးလှစိန် နေအိမ်ဝိုင်းအတွင်းရှိ တမာပင်ကြီးကနေ တစ်ဆင့် တောင်းယူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။**

**ထို တမာပင်ကြီးတစ်ပင်လုံးသည်လည်း အကိုင်းအခက်လုံး တမာနဂါးများ ဖြစ်နေသည်ဟု ထူးဆန်းအံ့ဩဖွယ်ရာ ကြားသိခဲ့ရပြန်၏။**

ဦးဝင်းကိုသည် ဦးလှစိန်ဆီက တောင်းယူခဲ့သည်မှာ (၁၁-၇-၂၀၀၇) နေ့ကတည်းကဟု ပြောပြသည်။

တမာနဂါးတစ်ခုစီ၏ အလျားသည် တစ်လက်မခွဲခန့်၊ အမြင့်တစ်ပေခန့် ရှိကြသည်။

တမာနဂါးကို ဦးဝင်းကိုနှင့် ဇနီးသည် ဒေါ်သိန်းကြည်တို့က နေအိမ်မှာ ဆောင်ထားလျှင် လုပ်ငန်းကိုင်ငန်း ကောင်းမွန်ပြီး စီးပွားလာဘ်လာဘ ကောင်းသည်ဟု ကြားသိ၍ ဆောင်ထားတာဖြစ်ကြောင်း သိရှိရသည်။


ဦးဝင်းကို၊ ဒေါ်သိန်းကြည် အပါအဝင် မိသားစု(၆)ဦးရှိသည်။ သား(၃) ယောက်၊ သမီးတစ်ယောက်ရှိကြသော ပျော်ရွှင်ကြည်နူးဖွယ် မိသားစုသည်း ဖြစ်သည်။

အဆိုပါ တမာနဂါးနှစ်ခုရောက်ရှိပြီး မကြာမီမှာပင် ဦးဝင်းကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



...ဆည်မြောင်းဝန်ထမ်းရာထူး မမျှော်လင့်ဘဲ ရခဲ့သည်။

ထို့ကြောင့် ယခုနေထိုင်သော ဝန်ထမ်းအိမ်ရာကို ပြောင်းရွှေ့ခဲ့ပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

သားအကြီးဆုံး မောင်သိန်းဇော်မှာ ဒန်းရန်ဆရာ၊ သားလတ်ရဲမင်းကိုက ကွန်ပျူတာအလုပ်၊ သမီးဖြူမက ဆောက်လုပ်ရေးဌာနဝန်ထမ်း၊ သားငယ်မျိုးမင်းကိုက ကျောင်းသားဖြစ်သည်။

ထို့ကြောင့် ဦးဝင်းကိုတို့ မိသားစုလေးသည် ဝင်ငွေကောင်းမွန်လာကာ တောင့်မတာ မကြောင့်မကြဘဝကို ပိုင်ဆိုင်လာခဲ့ပေသည်။

နေအိမ်ရှိဘုရားစင်ပေါ် တမာနဂါးထင်ကာ မြတ်စွာဘုရားရှင်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများနေ့စဉ် ဆက်ကပ်လှူဒါန်း ပူဇော်ထားသည်ကို (ပုံပါအတိုင်း)မြင်တွေ့ခဲ့ရသည်။

ဒီနေရာတွင် ကျွန်တော့် ထင်မြင်ယူဆချက် ဖစ်ရပ်ကို ဖြည့်စွက်တင်ပြလိုပါသည်။

"**တမာ**"ကို အတည့် အဓိပ္ပာယ်ကောက်ယူမည်ဆိုလျှင် အိမ်ထောင်ရန်ဘက်"**ဓမ္မာ**"နှင့် တူညီမှု ရှိသည်ကို တွေ့ရမည်။

ထို့ကြောင့် "**ဥစ္စာလို ရန်ဂြိုဟ်ရှာ**" ဟူသည့် လင်္ကာအလိုရ တမာကို ဆောင်ထား၍ စီးပွားဖြစ်ခြင်းဟု ဆိုရပါမည်လော။

သို့မဟုတ်...

တမာနဂါးဟူသော အမည်နာမကို ဂြိုဟ်သက်အရ ခွဲခြမ်းစိတ်ဖြာပြီး တွက်ချက်ကြည့်ရာတွင်...

**တ**... (၁၀ နှစ်၊ စနေဂြိုဟ်)
**မာ**... (၁၉ နှစ်၊ ကြာသပတေးဂြိုဟ်)
**န**... (၁၀ နှစ်၊ စနေဂြိုဟ်)
**ဂါး**... (၁၅ နှစ်၊ တနင်္လာဂြိုဟ်)
+

---

၅၄နှစ်

(၅+၄=၉)နဝင်း ရသည်။

ထို့ကြောင့် နဝင်းဂဏန်းဂြိုဟ်သက်ရခြင်းကြောင့် စီးပွားရေး၊ လုပ်ငန်းဆောင်တာကိစ္စများ အောင်မြင်မှုရသည်ဟု ဆိုရပါမည်လော...။

**စာရှုသူများနှင့် နားလည်တတ်ကျွမ်းသည့် ပညာရှင်များက ဖြည့်စွက် ရေးသားကြစေလိုပါသည်။**

*ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ*

**သာထက်ဇော်(မကွေး)**

# စ မူ ပို လို တ...

**ဦးကျော်မိုးသိန်း**
**စာစည်းချုပ်**
**နက္ခတ္တဗေဒင်ပြည်မဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၂၄၂၂၈၄**



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပုံတင် ၀၀၀၁ (ပိုင်) ၀၀၂၄၀၅ ထိုင်းဝင် ၀၀၇၈ (ထုံး)

# ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေထိုင်နိုင်ဖို့ အင်ကြင်းပန်း ဆီးချိုသွေးချိုကျဆေးသောက်ကြစို့

အမှတ်တံဆိပ်

"ဆရာ ကိုဇော်ရဲနိုင်ကိုတွေ့ချင်နေတာနဲ့ အတော်ပဲ . . . ဟိုနေ့က မိတ်ဆုံစားပွဲမှာ ဒံပေါက်ထမင်းစားလိုက်တာ . . . အိမ်ရောက်တော့ခေါင်းသိတ်မူးပြီး . . . မျက်စိမဖွင့်ချင်တာကြောင့် . . . ဆီးချိုသွေးချိုစစ်လိုက်တာ 400 mg/dl ကျော်နေတယ် . . . သမီးကဆေးတိုက်လိုက်လို့နေသာထိုင်သာရှိသွားပေမယ့် . . . ရင်တုန်ပြီး မောနေတယ် "

"အဲဒါပေါ့အစားမတော်တစ်လုတ်ဆိုတာ . . . အသက်ကို ဥာဏ်စောင့် ဆိုတဲ့စကားလဲ . . . ဆရာကိုနိုင်ဝင်းသိလျက်နဲ့ အစားမရှောင်တော့ ရောဂါပိုတိုးတာပေါ့ . . . တော်သေးတယ် . . . ဆီးချိုနဲ့သွေးတိုးတွဲပြီးဖြစ်ရင်လေဖြတ်ဖို့ (၇၅) ရာခိုင်နှုန်းသေချာတယ်ဆိုတာ သတိထားဦးနော် . . . ခုကော ဘာဆေးတွေသောက်နေလဲ"

"ကောင်းနိုးရာရာနိုင်ငံတကာဆေးတွေသောက်နေတာပဲ . . ဆီးချိုရောဂါထဲမှာသံသရာလည်နေလို့ . . ဆရာကိုဇော်ရဲနိုင်နဲ့ဆုံတုန်း . . . ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ . . . ညွှန်ပြပေးပါဦး "

" မြန်မာ့တိုင်းရင်းဆေးကို . . . ကမ္ဘာကအသိအမှတ်ပြုတာ . . . ဆရာကိုနိုင်ဝင်းသတိထားမိမယ်ထင်တယ် . . . ပန်းသတင်းလေညှင်းဆောင် . . . လူ့သတင်းလူ့ချင်းဆောင်ဆိုသလို (၂၁) ရာစုမှာထုတ်လုပ်ဖြန့်ချိနေတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် ဆီးချိုသွေးချိုကျဆေးကောင်းတစ်လက်ပေါ်ထွက်နေတယ် . . . နာမည်လှသလောက် . . . ဆေးစွမ်းထက်တာကြောင့် . . . ခုဆိုကျွန်တော့်မိတ်ဆွေတွေ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးကိုလက်ကိုင်ထားနေကြပြီ . . . အဲဒီ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးသောက်ရင် . . . ဆရာကိုနိုင်ဝင်းလူ့ဘဝမှာ ကျန်းကျန်းမာမာနဲ့သက်တမ်းစေ့နေနိုင်ဖို့သေချာပါတယ်"

" မြန်မာတိုင်းရင်းဆေးပဟုသုတမရှိဘူးလို့ပြောရင် . . . ခံရမှာပါဘဲ . . . ဆရာကိုဇော်ရဲနိုင်ပြောမှ . . . ဆီးချိုသွေးချိုရောဂါအတွက် အစွမ်းထက်တဲ့ ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးပေါ်ထွက်လာမှန်းသိရတာ"

" ဟုတ်တယ် . . . အဲဒီ . . . ***အင်ကြင်းပန်း*** ဆီးချိုသွေးချိုကျဆေးထုတ်လုပ်တဲ့တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော်က . . . တိုင်းရင်းဆေးသမားတော်ကြီးတွေထံမှာ . . . နှစ်ပေါင်းများစွာ နည်းနာခံယူပြီး ဆီးချိုသွေးချိုရောဂါကို သုတေသနလုပ်ပြီးမှ ထုတ်လုပ်တဲ့ဆေးဖြစ်တယ် . . . မြန်မာနိုင်ငံ . . မြန်မာပြည်သူပြည်သားတွေအတွက်ရာသီဥတုနဲ့ သဘာဝကိုလေ့လာပြီးမှထုတ်လုပ်တာမို့ . . . ဆီးချိုသွေးချိုရောဂါအတွက် . . . အစွမ်းထက်တဲ့ဆေးကောင်းတစ်လက်ပဲ ဗျ . . . ဆီးချိုတက်၍ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ ရေငတ်ခြင်း၊ ဆီးလွန်ခြင်း၊ ဆီးကျန်ခြင်း၊ ဆီးအောင့်ခြင်း၊ မကြာခဏ ဆီးသွားခြင်း၊ ခြေလက်များထုံကျဉ်ခြင်း၊ သွေးကြောပိတ်ခြင်း၊ အသားအရေယားယံခြင်း၊ အနာကျက်နှေးခြင်း၊ မျက်စိမှုန် ခြင်းစတဲ့ ဝေဒနာတွေကိုသက်သာပျောက်ကင်းစေပါတယ် . . . ဆီးချို 200 mg/dl ကျော်ပါက တစ်နေ့ (၃) ကြိမ် ရေအေးနဲ့ သောက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါထိန်းထားနိုင်ကြောင်းသိရတယ်ဗျ"

" တိုင်းရင်းဆေးသုတေသီ . . . ဆရာကိုဇော်ရဲနိုင်ဆေးလမ်းညွှန်မှုတော့ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တယ်ဆိုတာ ယုံဝယုံကြည်ပါတယ် . . . ကျွန်တော်လဲသောက်မယ် . . . ဘဝတူဆီးချိုသွေးချိုဝေဒနာရှင်တွေကိုလဲ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် ဆီးချိုသွေးချိုကျသောက်ဖို့ ညွှန်ကြားလိုက်ပါမယ် "

" ဒါဖြင့် . . . ဆရာကိုနိုင်ဝင်းရေ . . . ပြည်ပေါ်မှာရွှေကြော်ငြာထုတ်လိုက်မယ် . . . **လူ့ဘဝမှာ ကျန်းကျန်းမာမာနဲ့ သက်တမ်းစေ့နေထိုင်နိုင်ဖို့ အင်ကြင်းပန်း အမှတ်တံဆိပ် ဆီးချိုသွေးချိုကျဆေးကို သောက်ကြစို့ . . .** "

ပဲခူး 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၅၅

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဘိုမြို့ မဟာအောင်မြေ ဗိမာန်တော်

စံလွင်နွယ်သာ

ရွှေဘိုအောင်မြေနှင့်

# ဝေဘူဆရာတော်ပါ

## သာသနာမြေဆို (၁)

ရွှေဘိုအောင်မြေနှင့်

ဝေဘူဆရာတော်

ရွှေဘိုအောင်မြေကား တတိယ မြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်ခဲ့သည့် အလောင်းဘုရား ဦးအောင်ဇေယျ၏ အထွတ်အမြတ် အောင်မြေဌာန ဖြစ်သည်။ ထိုအောင်မြေဌာနကား မုဆိုးဖိုရွာမှ လယ်သမား ကိုအောင်ဇေယျပိုင် လယ်မြေဖြစ်သည်။

ဝေဘူဆရာတော်က **"အောင်မြေလယ်ကြီး၊ တစ်ဆယ်ကြီးကြဲ"** ဟု မိန့်တော်မူဖူးသည်။ စပါးစိုက်သော လယ်ကွင်းတွင် ကြဲခင်းနှင့် စိုက်ခင်းဟူ၍ နှစ်မျိုးရှိ၏။

စပါးမျိုးစေ့များကို ပျိုးခင်းလယ်မြေတွင် (အပင်ဖောက်)ပျိုးထောင်ကာ ကောင်းစွာ ရှင်သန်လာသော ပျိုးပင်များကို စနစ်တကျ နုတ်ယူ၍ စိုက်ခင်းများတွင် စူးဖြင့် လည်းကောင်း၊ လက်ဖြင့်လည်းကောင်း ရွှံ့ညွန်တွင်းနှစ်၍ ထိုးစိုက်ရသော လယ်သည် စိုက်ခင်းလယ်ဖြစ်သည်။

အပင်ပေါက်ညီ(တစ်ပင်နှင့် တစ်ပင် အကွာအဝေး တူညီခြင်း)၍ မြေဆီဩဇာကို ဝလင်အောင် စုပ်ယူနိုင်သဖြင့် အပင်သန်ကာ အထွက်ကောင်း၏။

ကြဲခင်းသည်ကား ပျိုးခင်းမလို၊ စိုက်ပျိုးမည့်လယ်ကွက်တွင် တိုက်ရိုက် ကြဲပက်၍ စိုက်ပျိုးသောလယ်ဖြစ်သည်။ စရိတ်စက ကျဉ်းသော်လည်း အပင်ပေါက်မညီ ထွက်နှုန်းမှာ စိုက်ခင်းထက် နည်းလေ့ရှိသည်။

ကိုအောင်ဇေယျ၏ လယ်ခင်းမှာ ကြဲပက်၍ တိုက်ရိုက်စိုက်ပျိုးရသော လယ်ခင်းဖြစ်၍ မျိုးစပါး ဆယ်တင်းကုန်အောင် ကြဲပက် စိုက်ပျိုးရသော လယ်ကွက်ကြီး ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

ကိုအောင်ဇေယျသည် ဤမြေ အင်းဝဘုရင်၏ စစ်သည်ငါးသောင်းကို

www.burmeseclassic.com



ဗိမာန်တွင်းမှ ထောင်ချေနေရာ

တိုက်ခိုက်အောင်မြင်ခဲ့သော စည်းလုံးသော တတိယ မြန်မာနိုင်ငံတော်ကြီးကို စတင်ထူထောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက်ကို ဤမြေမှ စတင်နိုင်ခဲ့လေသည်။

ဤတွင် အကြောင်းတိုက်ဆိုက်သဖြင့် "ကုန်းဘောင်မင်း"ဟူသော ဝေါဟာရနှင့် ပတ်သတ်၍ တင်ပြပေးပါမည်။

အသမ္မိန္နခတ္တိယ သာကီဝင်မင်းမျိုးသည် မြန်မာနိုင်ငံတွင် တဘောင်မင်း အဘိရာဇမှ စ၏။ ယင်းမှ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝသို့ တိုင်အောင် ဆင်းသက်၏။

ညောင်ရမ်းမင်းဆယ်ဆက် ဟံသာဝတီပါ မင်းလက်ထက် အင်းဝ၌ သာကီဝင်မင်းမျိုး ပြတ်စဲသွား၏။ အလောင်းမင်းတရားသည် ပြတ်စဲသွားသော သာကီဝင်မင်းမျိုးကို ပြန်လည်ဆက်သွယ်သောကြောင့် လှေနှင့် ကမ်းဆက်သွယ်ပေးသော ကုန်းပေါင်နှင့် တူသဖြင့် ကုန်းဘောင်မင်း ကုန်းဘောင်ပြည့်ထောင်မင်းဟု ခေါ်တွင်၏။

***(မုံရွာမြို့ အရှေ့လယ်တီတိုက် ဆရာတော် အရှင်ကုဏ္ဍလ ရေးသားသည့် မဟာသုတာဒီပနီကျမ်း ဒုတိယတွဲ၊ စာမျက်နှာ-၁၈၉)***

အလောင်းမင်းတရား ဦးအောင်ဇေယျသည် သာကီဝင်မင်းမျိုး ဖြစ်ခြင်းကို **တင်မမိုင်(မန်းတက္ကသိုလ်)၏ မြင်းခြံမြို့နယ်၊ သိမ်တော်ရှင် မြတ်စွာဘုရားသမိုင်း၊ စာအုပ်၊ စာမျက်နှာ ၉၈၊ ၉၉တို့တွင်** ဆွေစဉ်မျိုးအပြည့်အစုံ ဖော်ပြထားသည်။ ယင်းတွင်...

ပုဂံဘုရင် မင်းယဉ်နရသိင်္ခနှင့် အာမနာမိဖုရားမှ ဖွားမြင်သော **"အနန္တသူရိယ"**အမတ်နှင့် နရပတိစည်သူနှင့် မဒူမကြင်မိဖုရားမှ ဖွားမြင်သော **"ကျောင်းတော်သည်"** မင်းသမီးတို့ စုံဖက်ရာမှ သားတော်မင်းစောလှ၊ ယင်း၏သား မင်းသိဒ္ဓိကာစသည်ဖြင့် (၁၆)ဆက်မြောက် မျိုးဆက်မှ သီရိဓမ္မရာဇာမင်းညိုစံ ဖြစ်၏။

မင်းညိုစံမှ ဦးအောင်ဇေယျကို မွေးဖွားကာ နောက်ဆုံး (၂၂)ဆက်မြောက်မျိုးဆက်ဖြစ်သော သီပေါမင်း (ငယ်မည် မောင်ရေစက်ခေါ် မောင်မျိုးဆက်)သို့ တိုင်လေ၏။

***(အကျယ်ကို သိလိုပါက ထို "သိမ်တော်ရှင်သမိုင်း"စာအုပ်၌ ရှာဖွေကြည့်ရှုပါ။)***

ဦးအောင်ဇေယျမှ အစပြု၍ ကုန်းဘောင်မင်း အားလုံးတို့သည် အောင်မြေကို အလေးထားခဲ့ကြသည်။ မင်းတုန်းမင်း လက်ထက်တွင်





www.burmeseclassic.com

www.burmeseclassic.com

အောင်မြေကို အရံတံတိုင်းကာ၍ စေတီသုံးဆူ တည်ခဲ့၏။ အင်္ဂလိပ်ခေတ်တွင် ကိုလိုနီအစိုးရက အောင်မြေကို သချိုင်းအဖြစ် အသုံးပြုခဲ့ကြသော်လည်း လှတောဆရာတော်နှင့် လှတောမင်းကြီး နောင်တွင် မြို့ဝန်မင်း ဦးတာနောတို့က ဆက်လက် ထိန်းသိမ်းခဲ့ကြသည်။


စစ်အတွင်းကာလတွင် ဂျပန်တို့က နွားသတ်ကုန်းအဖြစ် အသုံးပြုပြန်ရာ နယ်သူနယ်သားများ စုပေါင်း ရှင်းလင်းကာ အောင်မြေကို စောင့်ရှောက်ခဲ့ကြသည်။

ကျောင်းကန်ဘုရားများ တည်ဆောက်ကာ ၁၃၁၂ ခုနှစ်တွင် ဝေဘူဆရာတော်ကို ပင့်ဆောင်၍ အောင်မြေကျောင်းတိုက်တွင် ကိုးကွယ်ခဲ့ကြသည်။

ဝေဘူဆရာတော်ကြီးသည် အောင်မြေကျောင်းတိုက်တွင် ၁၃၁၂ ခုနှစ် ဆောင်းရာသီမှ စတင်ကာ နှစ်စဉ် ဆောင်းရာသီရောက်တိုင်း လေးလတာ သီတင်းသုံးတော်မူခဲ့လေသည်။

ကျမ်းကိုး

*[အရှင်မဏ္ဍလ(အင်ကြင်းပင်)၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိစာအုပ် စာမျက်နှာ -၆၂၊ ၆၃၊ ၆၄ မှ ကောက်နုတ် ဖော်ပြပါသည်။]*



▲ တည်ဆောက်လက်စ မဟာဇာဒီစေတီ

## အောင်မြေဗိမာန်တော်သို့


ဤ နောက်ခံဖြစ်စဉ်ကြောင့် ကိုယ်တိုင် လေ့လာကြည့်ရှုရန် ရွှေဘိုမြို့ ရွှေဘုံသာကျောင်းတိုက် ဆဲရာတော် ဦးဥတ္တမအား ဦးစွာ ဝင်ရောက်ဖူးတွေ့သည်။ ရွှေဘိုသို့ ရောက်လေတိုင်း လူအား စိတ်အားဖြင့် ကူညီပေးလေ့ရှိသော ဆရာတော်ဖြစ်ကာ လွန်ခဲ့သော ဆယ်နှစ်ခန့်ကာလမှ စတင်၍ ဆရာဒကာ ရင်းနှီးမှု ရှိခဲ့ပါသည်။

ဆရာတော်ဦးဥတ္တမက လိုအပ်သည်များကို မိန့်ကြား ကူညီပေးပြီးနောက် အောင်မြေကျောင်းတိုက် လက်ရှိ ဆရာတော် ဦးအဂ္ဂဓမ္မထံသို့ ဆိုင်ကယ်သမားတစ်ဦးဖြင့် ပို့ဆောင်ပေးလေသည်။

ရွှေဘိုမြို့ အဝေးပြေးကားဝင်းအနီးရှိ အောင်မြေပရိဂုဏ်သို့ ရောက်ရှိသောအခါ အောင်မြေဗိမာန်တော်သို့ ဦးစွာ ဝင်ရောက်လေ့လာသည်။ အစ၏ ကောင်းခြင်းနှင့် ပြည့်စုံစေရန် အောင်မြေနင်းလျက် အောင်နိမိတ်ဆောင်လိုခြင်းကြောင့် ဖြစ်သည်။

မဟာအောင်မြေ ဗိမာန်တော်ဟု ကမ္ပည်းတင်ထားသော ထည်ဝါလှသည့် တန်ဆောင်ကြီးအတွင်း အလယ်ဗဟို၌ အောင်မြေနေရာကို သံဆန်ကာ

www.burmeseclassic.com



အောင်မြေဘုရား တန်ဆောင်းတွင်း ရုပ်ပွားတော်များ

ခတ်၍ ကာရံထားသည်။ အောင်မြေ အလယ်ဗဟို၌ လက်အုပ်ချီ၍ ဘုရားရှင်အား ပူဇော်နေသည့် နတ်ရုပ်ကြီး တစ်ခု တွေ့ရသည်။

အောင်မြေကျောင်းမှ ကိုရင်ကြီး တစ်ပါးက **"အောင်မြေ သုံးပတ် ပတ်၍ လိုရာ ဆုတောင်း အဓိဋ္ဌာန် ပြုပါ"** ဟု အကြံပေးသဖြင့် ဘုရားဂုဏ်တော်ကို နှုတ်လုံးသွင်း ပူဇော်၍ အောင်မြေတွင် သုံးပတ် လှည့်ပတ်သည်။ ပြီးသော် ကျွန်မာချမ်းသာ ပြည့်စုံစွာဖြင့် သာသနာအကျိုး ဆောင်ရလိုကြောင်း ဟု ဆုတောင်းဖြစ်ခဲ့သည်။

အောင်မြေ တန်ဆောင်းနံရံတွင် **"အောင်မြေမော်ကွန်း"** ဟူသော ကမ္ပည်းစာတန်း ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

'အလောင်းမင်းတရား တည်ထား ကုန်းဘောင် သိုင်းမြောင်သည် ရန်မိုး အောင်ရာ ဤနေရာတွင် အောင်မြေကိုနှင်း ဆောင်ရွက်ခြင်းကြောင့် အောင်ခြင်းမင်္ဂလာ ပြည့်စုံစွာဖြင့် အောင်ပွဲရဆောင် အောင်ကျိုး ဆောင်မည့် နောင်လူအများ သိစေသတည်း' ဟု ဖတ်ရှုရပေသည်။

လောကီ၊ လောကုတ္တရာ မိမိတို့ အလိုရှိရာ အောင်မြင်မှုအတွက် နိမိတ်ကောင်းယူ အောင်မြေနင်းကြသော ရဟန်းရှင်လူ ပရိသတ် မပြတ် တွေ့ရတတ်သောနေရာ ဖြစ်၏။

မဟာအောင်မြေဗိမာန်မှ အရှေ့ဘက်ရှိ တန်ဆောင်းအတွင်း ဝင်ရောက်ကြည့်ညိုရာ တင်ပျဉ်ခွေရုပ်ပွားတော် အချို့ ဖူးတွေ့ရလျက် လက်ဝဲဘက် နံရံတွင် အိန္ဒိယလက်ရာ ရုပ်ပွားတော်တစ်ဆူကို ထူးခြားစွာ ဖူးမြင်ရ၏။ အောင်မြေကျောင်း ဆရာတော် ဦးအဂ္ဂဓမ္မ ဦးဆောင်၍ တည်ဆောက်နေသော မဟာဗောဓိစေတီတော်တွင်း ကိန်းဝပ်တော်မူမည့် ရုပ်ပွားတော် ဖြစ်ကြောင်း သိရှိရသည်။

တန်ဆောင်းအတွင်းတွင် သစ်ပင် ဖြတ်ပိုင်း နှစ်ပိုင်းတွေ့ရကာ **ဖြတ်စမျက်နှာပြင်တွင် စေတီပုံ၊ ညောင်ရွက်ပုံ၊ ကမ္ဗောဇ်နဲ့ထိုင်နေပုံနှင့် စကြံလျှောက်နေပုံ စသည်တို့ ဖြစ်ပေါ်နေသည်ကို အညွှန်းစာများဖြင့် ဖော်ပြထားသည်။**

မဟာဗောဓိစေတီတော် အုတ်မြစ်ချရန် မြေရှင်းမြေညှိစဉ် ဖယ်ရှားရသော မန်ကျည်းပင်စည်၌ တွေ့ရခြင်းဖြစ်ကြောင်း ပြောပြကြသည်။

မဟာအောင်မြေ ဗိမာန်ဝင်း၏ မြောက်ဘက် မြေကွက်လပ်တွင် ဉာဏ်တော် အမြင့်(၁၁၇)ပေ ရှိမည့် ဆောက်လက်စ မဟာဗောဓိစေတီ တော်ကို မြင်တွေ့ရသည်။ သတ္တဋ္ဌာန အထိမ်းအမှတ် စေတီရုပ်ပွားများပါ

www.burmeseclassic.com



● မဟာဗောဓိစေတီ၌ ပူဇော်မည့် ရုပ်ပွားတော်

ပါဝင်မည်ဖြစ်၍ (၉-၁၀-၂၀၁၀)နေ့တွင် ခုနစ်ရက်သားသမီးအများကောင်းမှုဖြင့် စတင် ပန္နက်ချ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ တည်ဆောက်နေကြောင်း အောင်မြေဗိမာန် အဝင်ဝတွင် ကမ္ပည်းဆိုင်းဘုတ် စိုက်ထူကာ အများပြည်သူ ကြည်ဖြူ သာဓုခေါ်နိုင်ရန် ကြော်ငြာထားသည်ကိုလည်း တွေ့ရသည်။

မဟာဗောဓိစေတီတော် ပုံစံတူ စေတီကို ပုဂံမြို့မှလွဲ၍ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၌ အတွေ့အမြင် နည်းသည်ဖြစ်ရာ မြန်မကြာ အောင်မြင် စေရန် ဆုတောင်းမိသည်။

## အောင်မြေကျောင်းတိုက်

အောင်မြေဗိမာန်၏ လက်ဝဲဘက် တောင်ဘက်တွင် အောင်မြေကျောင်း တိုက်ဟူသော ကမ္ပည်းနှင့် မုခ်ဦးရှိသည်။ အတွင်းသို့ ဝင်ရောက်ကာ လက်ရှိဆရာတော် ဦးအဂ္ဂဓမ္မအား ဖူးတွေ့ရာ သိလိုသမျှ မိန့်ကြားကူညီပေးကာ ဝေဘူဆရာတော်ကြီး၏ ဩဝါဒ အနှစ်ချုပ် စာအုပ်ငယ်ကိုလည်း လက်ဆောင်ပေးတော်မူသည်။

ထို့နောက် ကိုရင်ကြီးတစ်ပါးကို ဦးဆောင်စေကာ ဝေဘူဆရာတော် သီတင်းသုံးခဲ့ရာ ကျောင်းဆောင်သို့ သွားရောက် လေ့လာစေသည်။

ဝေဘူဆရာတော် သီတင်းသုံးခဲ့ရာ ကျောင်းတိုက် အဝင်ဝမုခ်ဦးတွင် "ကျေးဇူးရှင် အောင်မြေဆရာတော်ကြီးကျောင်းဆောင် – ဝတ်လုံတော်ရ လွှတ်တော်ရှေ့နေ ဦးအုန်းဖေ၊ ဒေါ်စိန် လွှင် သားမြေးများကောင်းမှု" ဟူသော ကမ္ပည်းကို တွေ့ရသည်။

ဆရာတော်ကြီးသည် ဝေဘူဆရာတော်အဖြစ် ကျော်ကြားလာပြီးနောက် တွင်မှ မွေးဖတိ အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်း။ ရွှေဘိုအောင်မြေကမ္မဋ္ဌာန်းကျောင်းတို့၌ ကြွရောက်သီတင်းသုံး၍ တရားနည်းနာများ ပြသကာ ပဋိပတ်သာသနာ ပြုတော်မူ၏။ ဂိုဏ်းဂဏ အယူစွဲကင်းသဖြင့် သံဃာတော်အချို့က **"ဆရာတော်ဘုရား ရွှေကျင်ဂိုဏ်းကလား။ သုဓမ္မာဂိုဏ်းကလား"** ဟု မေးလျှောက်သောအခါ...

'ငါတို့မှာ ဂိုဏ်း(ကိုင်း)က မဟုတ်ပါဘူးဗျား ပင်စည်ပင်မကြီးပါဗျ'

ဟု ဖြေတော်မူသည်။ ဝေဘူဆရာတော်၏ကျောင်းဟု အတွင်းဖြင့် အပြောမခံ။ ရွှေဘိုတွင် အောင်မြေကျောင်း အောင်မြေဆရာတော်ဟု လည်းကောင်း။ အင်ကြင်းပင်ရွာတွင် အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်း ဆရာတော်ဟုသာ အမည်တွင်စေ၏။

(အင်ကြင်းပင်ရွာအရပ်တွင် ဆရာ

www.burmeseclassic.com



● ဒေါက်တာဒေါ်ကြာဥ ပေးလှူခဲ့သော မန်ကျည်းပင်သားမှ ဖေါ်နှင့် ကျောက်ပျဉ်ခုံ

**တော် သာသမဏေပြု၊ ရဟန်းဖြစ်ကာ စာဝါသင်ယူခဲ့သော နန်းဦးကျောင်း၊ ခေါ် ပရိယတ္တိကျောင်းနှင့် ဆရာတော် ကြွရောက်၍ ကမ္မဋ္ဌာန်းကျောင်း ဆောက်ကာ ပဋိပတ္တိ သာသနာပြုရာ ကမ္မဋ္ဌာန်းကျောင်းဟူ၍ ကျောင်းနှစ်ကျောင်း ကပ်လျက် တည်ရှိပါသည်။)**

ထို့ကြောင့် ရွှေဘိုတွင် ဝေဘူဆရာတော်ကြီးဟု မတွင်ဘဲ အောင်မြေဆရာတော်ကြီးဟုသာ ခေါ်တွင်ခြင်း ဖြစ်လေသည်။

မှပ်ဦးကမ္မဋ္ဌာန်းပါ ဦးအုန်းဖေ၊ ဒေါ်စိန်လွင်တို့မှာ ရွှေဘိုအောင်မြေ ဆရာတော်ကြီး၏ ပစ္စည်းလေးပါး ဒါယကာများ ဖြစ်ကြသည်။ သူတို့နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ် အချို့ရှိသဖြင့် ရွှေဘိုအောင်မြေကျောင်း ဖြစ်တည်လာပုံအစကို တင်ပြပါမည်။

## ဒါယိကာမ ဒေါက်တာဒေါ်ကြာဥ

ရွှေဘိုအောင်မြေတွင် ဝေဘူဆရာတော် သီတင်းသုံးဖြစ်ရာ၌ ဒေါက်တာဒေါ်ကြာဥမှ စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

၁၃၀၉ ခုနှစ်တွင် အင်ကြင်းပင်၌ ဆရာတော်ကြီး သီတင်းသုံးတော်မူစဉ် ပြင်းထန်စွာ နာမကျန်းဖြစ်လေရာ ရွှေဘိုဆေးရုံသို့တင်၍ ကုသကြသည်။ ထိုအခါ ရွှေဘိုဆေးရုံတွင် တာဝန်ကျနေသော ရခိုင်တိုင်းရင်းသူ ဆရာဝန်မ ဒေါ်ကြာဥက ဆရာတော်အား ကြည်ညိုရင်းစွဲ ရှိသဖြင့် ဆရာတော်အား သူ၏နေအိမ်သို့ ပင့်ဆောင်၍ ကြပ်မတ်ကုသပေးသည်။

တစ်လနှင့် (၂၂)ရက်ကြာမျှ ကုသမှု ခံယူပြီးနောက် ဆရာတော် သက်သာပျောက်ကင်းလေရာ တပည့် ဒါယကာများက ဆေးဖိုးဝါးခ ကုန်ကျစရိတ်များ ရှင်းလင်းရာတွင် ဆရာဝန်က ကုသိုလ်ဖြစ် လှူဒါန်းပါသည်ဟု ဆိုလျက် ငွေကြေး လက်မခံပါ။ ဆရာတော်မှ တတ်နိုင်ပါလျှင်၊ မိမိအနေဖြင့် ပင့်လျှောက်ပါလျှင် တစ်ကြိမ်တစ်ခါမျှ ကြွရောက်ချီးမြှင့်ပါရန် လျှောက်ထား၏။


ဆရာတော်က ခွင့်ပြုတော်မူသည်။ အင်ကြင်းပင်၌ ပြန်၍ သီတင်းသုံးစဉ် ဒေါ်ကြာဥသည် ဂျစ်ကားတစ်စီး ဝယ်ယူ၍ အင်ကြင်းပင်သို့ အခါအားလျော်စွာ လာရောက်လျက် ဆေးဝါး စစ်ဆေးကုသပေးလေ့ ရှိသည်။

၁၃၁၀ ပြည့်နှစ်၊ ကဆုန်ညောင်ရေသွန်းပွဲ ပြီးသောအခါ ဒေါ်ကြာဥ ပင့်လျှောက်သဖြင့် ရွှေဘိုသို့ကြွကာ မောင်မောင်မြင့်သာ(မြို့ထောင်)အိမ်တွင် သီတင်းသုံးလျက် ဆည်းကပ်လာသူ



www.burmeseclassic.com

www.burmeseclassic.com



◆ စင်္ကြံလျှောက်ပုံနှင့် ကမ္မဋ္ဌာန်းထိုင်ပုံ

များကို တရားပြသပေးသည်။

ထိုနှစ်တွင် ကျောက်ဆည် ဝေဘူချောင်၌ ဝါဆိုရာ ရွှေဘိုမှ ဒကာများက ရွှေဘိုတွင်လည်း တရားစခန်းဌာနတစ်ခု ဖွင့်လှစ်ပေးပါရန် လျှောက်ထားသဖြင့် လက်ခံ ချီးမြှောက်တော်မူသည်။

သို့ဖြင့် ရွှေဘိုတွင် နေရာရှာကြရာ အောင်မြေကုန်းတော်အား သဘောကျကြသည်။ ထိုအချိန်က အောင်မြေကုန်းတော်တွင် အမိန့်တော်ရရွှေနေဦးအုန်းဖေက စေတီပေါင်းများ ပြန်လည်မွမ်းမံ ကုသိုလ်ပြုလျက်ရှိရာ နိဗ္ဗာန်ဆော် ဦးတင်အောင်က ဦးအုန်းဖေနှင့် ညှိနှိုင်းဆွေးနွေးလျက် ဆရာတော်ကြီး သီတင်းသုံးရန် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရန် သဘောတူညီကြသည်။

သို့နှင့် အောင်မြေတွင် ဆရာတော်ကြီးအတွက် သက်ငယ်မိုး ဝါးကပ်ကာ ကျောင်းကလေးတစ်ကျောင်း တစ်ဆောက်လုပ်ပြီး ဆရာတော်အား ပင့်ဖိတ်ကြသည်။ ဝေဘူချောင်တွင် သီတင်းသုံးနေသော ဆရာတော်ကြီးသည် ရွှေဘိုဒကာများ ပင့်လျှောက်ချက်အရ ၁၃၁၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက်နေ့တွင် ရွှေဘိုအောင်မြေ ကမ္မဋ္ဌာန်းကျောင်းကလေးသို့ စတင် ကြွရောက် သီတင်းသုံးတော်မူလေသည်။

ရွှေဘိုအောင်မြေတွင် သီတင်းသုံးစဉ် တစ်ခါသော် ဒါယိကာမကြီးဒေါ်စိန်လွင်သည် ပြင်းထန်စွာ နာမကျန်းဖြစ်၏။ ဆရာပေါင်းစုံနှင့် ကုသသော်လည်း အကြောင်းမထူးသဖြင့် နိဗ္ဗာန်ဆော်ဦးတင်အောင် ဦးဆောင်၍ ဆရာတော်ကြီးထံ လာရောက် လျှောက်ထားကာ မေတ္တာပို့ပေးပါရန် တောင်းပန်ကြသည်။

ဆရာတော်က ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီအားလုံး စုဝေးစေလျက်...

'ကျောင်းဝင်းတွင်းမှ သူများကောက်ပြီး အပြင်ကို ပစ်ကြကွယ်၊ ပြီးတော့လဲ အဂါ သားသမီး ကျန်းမာစေရန် အာရုံပြုဆုတောင်းပေးကြ'

ရွှေလ ဆက်ဖတ်ပါရန်

စံထွန်းသော



www.burmeseclassic.com

www.burmeseclassic.com





# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၁၁၀/တသထလ/တိုး(၀၁၄၇၂)

"တိုမင်းနဝပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် တိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ သိပ်ခေါင်းရောဂါ၊ သေးပန်းသေတြိုက်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"တိုမင်းမြတ်ခေါင်ပါလား. . . လောတောကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ တိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . တိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်ထတ်သူတွေဟာ (၁) မေထုန်မှုလွန်တဲ့သူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုတ်မာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ သေးပန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) သိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ဝန်းညိုးဝန်းသေရောဂါ ဖြစ်ထတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ တိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောဝညာ၊ ဆေးဝညာနဲ့ ကုသသွားမယ်ဆိုရင် တိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောလေးခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် [illegible] ဗညားဒလလမ်း၊
[illegible]

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁) [illegible]
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသိ

ဝန်းမက်ရွာရှိ နောင်ယောင်း ရေထွက်

# ရှုစင်တလး ငါးကန်ကြီး (၁)

တစ်နေ့ စာရေးသူကျွန်တော် အိမ်တွင် အနားယူစဉ် သမိုင်းဝါသနာပါပြီး ယခင်သမိုင်းဘာသာပြ မိတ်ဆွေတစ်ဦး ဖြစ်သူ နီပေါလ်လူမျိုး ကို...တစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာပါသည်။ သူက ကျွန်တော်တို့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်တစ်ဦးဖြစ်ပြီး လစဉ် ဝယ်ယူ ဖတ်ရှုသူ တစ်ဦးလည်း ဖြစ်ပါသည်။

သူနှင့် ကျွန်တော် ရောက်တတ်ရာရာပြောဖြစ်ကြရင်းမှ သူက ကျွန်တော်တို့ **ရှမ်းပြည်နယ်တောင်ပိုင်း တစ်နေရာရှိ မြေအောက်ပေ(၂၀,၀၀၀) ကျော်တွင် ရွှေမြို့တော်တစ်ခုရှိကြောင်း။ ထိုရွှေမြို့တော်တွင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးကြီးများနှင့် ဇော်ဂျီတပသီများ နေထိုင်ကြောင်း** ကို အချက်အလက်များ၊ အထောက်အထားများနှင့် ပြောပြသွားသည်မှာ စာရေးသူကျွန်တော် အလွန်စိတ်ဝင်စားခဲ့ရပါသည်။

ထိုအထဲတွင် ထိုရွှေမြို့တော်ကြီးမှာ ရေထွက်၊ ရေပေါ် ကိုးခု သို့မဟုတ် ကိုးဒုတ်၊ ကိုးပေါ် ရေထွက် ရေပေါ် လမ်းကြောင်းအောက်တွင် ရှိကြောင်း ကိုပါ ပြောပြခဲ့သဖြင့် ကျွန်တော်မှာ ရေထွက်၊ ရေပေါ်များ ပေါ်များလှသော **ရပ်စောက်(နဂါးမြို့တော်)**ရှိ ရေထွက်များကို စိတ်ဝင်စားမှု ပိုမိုပြင်းထန်ခဲ့ပါသည်။

ဆရာကြီး မိုလ်တာရာ(ရဲဘော်သုံးကျိပ်)ရေးသားခဲ့သည့် ရွှေမြို့တော် သမိုင်းဝတ္ထုကြီးကိုလည်း ရှာဖွေ ဖတ်ကြည့်စေလိုကြောင်းကိုပါ ပြောသွားပါသည်။

ထို့ကြောင့် ပထမဦးဆုံး ရေထွက်တစ်ခုဖြစ်သော နဂါးမြို့တော်၏ အနောက်ဘက် ပလောင်တောင်တန်းကြီးများနှင့် နီးကပ်နေသည့် **"ဝန်းမက် နောင်ယောင်း ရေထွက်ကန်ကြီး"** ဆီသို့ ကျွန်တော်နှင့် လမ်းပြအဖြစ် အမြဲလိုက်ပါ ဆောင်ရွက်ပေးသူ



▲ စိမ်းလန်းနေသော ပဲပုပ်ခင်းများနှင့် ဝန်းမက်ရွာအဝင် ရှုမျှော်ခင်း

▼ နောင်ယောင်းရေတံခွန်အဝုံရှိ အဘဦးစံဝိုင်း ကျွဲကုန်





www.burmeseclassic.com

www.burmeseclassic.com

မောင်သုန္ဒိုင်းစံလေးကို ခေါ်ပြီး ရှာပုံတော် ထွက်ခဲ့ပါတော့သည်။

အဓိကရည်ရွယ်ချက်မှာ ရေထွက်ကန်အကြောင်းသာ ဖြစ်ခဲ့သော်လည်း အတတ်နိုင်ဆုံး မှန်ကန်နိုင်သည့် သမိုင်းဝင် အချက်အလက်များကို မေးမြန်း စုံစမ်းလိုက်ကာမှ ရေထွက်ကန်ကြီးအကြောင်းအပြင် လူဝင်စားငါးများအကြောင်းနှင့် ပန်းစစ်ကူစေတီ သမိုင်းကိုပါ သိရှိ မှတ်သားခဲ့ပါသည်။

လူဝင်စားငါးများ ဆိုသည့် အကြောင်းကြားလိုက်မှ ကျွန်တော် ငယ်စဉ်အခါက ရပ်စောက်မြို့၊ မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးတွင် လုပ်အားပေး ပါဝင်ဆောင်ရွက်ခဲ့စဉ်က ကြားသိခဲ့ရသော ထူးဆန်းအံ့သြဖွယ်ရာ ဇာတ်လမ်းတစ်ခုနှင့် တိုက်ဆိုင်မှုများ ရှိနေသဖြင့် ပိုမိုစိတ်ဝင်စားခဲ့ရပါတော့သည်။

ဤခရီးစဉ်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် တကယ်အကျိုးရှိသော ခရီးရှည်တစ်ခုဖြစ်ခဲ့ကြောင်းကို သက်သေပြရန် အလို့ငှာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးမှ ဆုံးဖြတ်ပေးစေလိုသောဆန္ဒဖြင့် ရေးသား တင်ပြလိုက်ပါသည်။



◆ အနောက်တောင်ကမ်းရှိ တောအုပ်ကြီး

◆ ဝန်မောက်ရွာသား ဦးကူကူ(လယ်မြေ)နှင့် စာရေးသူ၏အထက် သရုပ်ပြ



## လူဝင်စားငါးများ အပိုင်း(၁)

[၁]

**၁၉၈၀–၈၁ ခုနှစ်** ရပ်စောက် (နဂါးမြို့တော်) မြို့နယ်လုံးကျွတ် အ,သုံးလုံး စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးတွင် စာရေးသူကျွန်တော်နှင့် သူငယ်ချင်းငါးယောက်တို့ နဂါးမြို့တော်နှင့် (၁၁)မိုင်ခန့် ဝေးကွာသည့် အိမ်ခြေ(၃၀)ခန့်ရှိ ရှမ်းတိုင်းရင်းသား ကျေးရွာလေး တစ်ရွာတွင် တာဝန်ကျခဲ့ပါသည်။

ညောင်ပေါက်၊ လယ်ပိုင်းရွာဟု ခေါ်ပါသည်။ အုပ်စုခေါင်းဆောင်မှာ အ.မ.က(၃) ဗထူးတစ်နယ်ဈေးမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်း (ငြိမ်း) ဖြစ်ပါသည်။ စာသင်ဝိုင်း ငါးဝိုင်းဖွဲ့စည်းပြီး သင်ကြားပေးခဲ့ပါသည်။

ထိုစဉ်က ကြားသိခဲ့ရသည့် ဆန်းကြယ်ဇာတ်လမ်းတစ်ခုနှင့် ယခုရက်ပိုင်း ရရှိလိုက်သည့် ဂမ္ဘီရ အလွန်ဆန်းပြီး လျှို့ဝှက်ဆန်းကြယ် လွန်းလှသည့် အကြောင်းအရာတစ်ခုတို့ တိုက်ဆိုင်နေသောကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး စိတ်ဝင်စားမှုရှိမည်မှာ သေချာသဖြင့် ကြိုးစားရှာဖွေ ရေးသားတင်ပြလိုက်ပါသည်။


[၂]

ကျွန်တော်အပါအဝင် တောင်ကြီးဒီဂရီကောလိပ် ကျောင်းတက်ဖက် သူငယ်ချင်းငါးယောက် သွားရောက်ခဲ့ပါသည်။ ရှမ်းတိုင်းရင်းသား ရွာလေး

www.burmeseclassic.com



◆ ဝမ်းမက်ဖွယ်သား ဦးကူကူး ချောင်ယောင်း
ရေစွက်သို့ လိုက်ဆို့ဆောင်ပေးစဉ်
▼ ယခင် ရာအဝင်လာ တန်တွင်ရှိ အသင်များ



တစ်ရွာဖြစ်သောကြောင့် ယဉ်ကျေး ဖော်ရွေပြီး ကျွန်တော်တို့ ဆရာများကို အထူးပင် လေးစားချစ်ခင်ကြကြောင်း တွေ့ရပါသည်။

ကျေးလျှင် စားမှ ကြိုက်သည်။ ဒီမှာပင် မမေ့နိုင်စရာ အဖြစ်ဆန်းကြီး တို့ သိခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်တော် တာဝန်ကျရာ စာသင်ဝိုင်း(၁)တွင် အလှည့်ကျစဉ် အိမ်ရှင် ကိုစိုင်းမောင်နု မိသားစုမှ ငါးဟင်းဖြင့် ထမင်းကျွေးပါ သည်။ မှတ်မှတ်ရရ ကျွန်တော်တို့၏ လက်ကောက်ဝတ်ထက်ကြီးမည့် ငါးရံ့ ကြီးကို ချက်ပြုတ်ကျွေးမွေးဖို့ ပြင်ဆင် နေပါသည်။

ရှမ်းကျေးရွာများတွင် ဓလေ့အရ မီးဖိုချောင်ကို ညှော်ခန်းနှင့် တစ်ဆက် တည်း ခင်းထားလေ့ရှိရာ အခါးရည် (ရေနွေးကြမ်း)ထိုင် သောက်ရင်း ရောက်တတ်ရာရာ စကားများ ပြောနေ ကြသော ကျွန်တော်တို့ သူငယ်ချင်း တစ်စုတို့ ကိုစိုင်းမောင်နု ချက်ပြုတ်ရန် ပြင်ဆင်နေသည်ကို အတိုင်းသား မြင် နေရပါသည်။

ငါးကို ခုတ်ထစ်ပြင်ဆင်ရာ၌ ပုံမှန် အတိုင်းပင် ဖြစ်သော်လည်း ငါးခေါင်း ဆိုလျှင် ဖြတ်ပြီး လွှင့်ပစ်ကျစမြဲပင်။ တစ်အိမ်မှ မဟုတ်၊ အိမ်တိုင်းနီးနီး ထိုသို့ပင် လုပ်တတ်ကြရာ ငါးရံ့ခေါင်း ဟင်းချိုကြိုက်ပြီး ငါးခေါင်းကြော်ကို အလွန်နှစ်ခြိုက်တတ်သူ သူငယ်ချင်း စိုင်းနေကြင်က...

'ဒါ... ဟုတ်တော့ မဟုတ်သေးဘူး ကွ တင်ညိုအေး၊ မင်းရော ဘယ်လို ထင်လဲ၊ မေးမယ်...မေးမယ်နဲ့ ငါ ကိုစိုင်းမောင်နုကို မေးကြည့်လိုက်တော့ မယ်'

ဆိုပြီး ထိုင်နေရာကထ စိုင်းမောင်နု အနားသွားပြီး...

'ကိုစိုင်းမောင်နု... ကျွန်တော်တို့ကို ငါးဟင်းနဲ့ ထမင်းကျွေးတဲ့ အိမ်တိုင်းမှာ ကျွန်တော် သတိထားမိတာ တစ်ခုရှိ တယ်။ **အဲဒါကတော့ ငါးဟင်းချက် တိုင်း ခေါင်းတွေကို ဖြတ်ဖြတ်ပြီး လွှင့်ပစ်ကြတာ ဘာကြောင့်လဲ။** ကျွန်တော်တို့မြို့မှာဆို ငါးခေါင်းဟင်းချို ဆို ဈေးအရမ်းကြီးတာ၊ အဲဒီငါးခေါင်း ကို ကြော်စားလိုက်လဲ ဖြစ်တာပဲမဟုတ် လား။ ဘာကြောင့် လွှင့်ပစ်ကြတာလဲ'

ဆိုပြီး မေးလိုက်ပါတယ်။ အဲဒီမှာ ကိုစိုင်းနုက...

'ဆရာတို့ ကြားဖူးတယ် မဟုတ်လား။ မျောက်သားစားချင်ရင် မျောက်မျက်နှာ မကြည့်နဲ့ ဆိုတာလေ။ အခုလဲ ငါးရံ့ကို စားချင်ရင် ခေါင်းကို လွှင့်ပစ်မှ စားလို့ဝင်




www.burmeseclassic.com

www.burmeseclassic.com



◆ ကန်ပတ်လယ်ဆုံတောရှိ သစ်ပင်ကြီးပင်ကြီးများ

◆ တစ်ဖက်ကမ်းရှိ တောအုပ်နှင့် ကန်ပတ်လယ်



တယ်။ နို့နို့ဆို ဒီငါးဟင်းကို ကျွန်တော်တို့ စားမရဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီငါးရဲ့တွေရဲ့ သွားတွေက တခြားငါးတွေလို စူးချွန် ထွန်သွားပုံမဟုတ်ဘဲ ကျွန်တော်တို့ လူသားတွေလိုပဲ ပေါက်ပြားတွေလို အပြားလိုက်ဖြစ်နေတာ' လို့လဲ ဆိုလိုက်ရော ကျွန်တော်တို့ သူငယ်ချင်းတစ်စု အလွန်အမင်းကို အံ့သြခဲ့ရပါတယ်။ ဒီမှာ လေ့လာစူးစမ်းတတ်တဲ့ ကျွန်တော်နဲ့ စိုင်းနေကြင်တို့ နှစ်ယောက်သား အစောက ကိုစိုင်းနု လွှင့်ပစ်ခဲ့တဲ့ ငါးခေါင်းရှိရာ ငှက်ပျောပင်ကြားကို ဓာတ်မီးကိုယ်စီနဲ့ ရောက်သွားပါတော့တယ်။

ငါးခေါင်းကို ယူပြီး အိမ်ပေါ်ရောက်တော့ ပါလာတဲ့ဓာတ်မီးတွေ ဝိုင်းထိုးကြည့်လိုက်တော့မှ တကယ့်ကို လူတွေရဲ့သွားတွေအလား အပေါ်အောက် အံသွားတွေအပါအဝင် သွား(၃၂) ချောင်း ရှိတာကို တွေ့လိုက်ရပါတော့တယ်။

ထိုအဖြစ်အပျက်ကို မြင်တွေ့ကြပြီး နောက်ပိုင်း သူငယ်ချင်းများဖြစ်သူ ယခု သစ်တောအရာရှိ စိုင်းတင်ညွှန့်(ဈေးတန်းရပ်ကွက်)၊ စိုင်းထွန်းအေး(ဂီတသမား)တာချီလိတ်၊ ကုလားမောင်ငယ် (ဥတ္တံတားရပ်ကွက်)တို့ ဘယ်တော့မှ ငါးဟင်း မစားကြတော့ပါ။ ကျွန်တော်နှင့် ကိုစူးစမ်း စိုင်းနေကြင်နှစ်ယောက်သာ ထိုကဲ့သို့ ထူးထွေဆန်းပြားစွာ ဖြစ်ပေါ်နေရသည့် ဇစ်မြစ်ကို လိုက်လံရှာဖွေ တူးဖော်မိကြပါတော့သည်။

[၃]

ရွာလူကြီး ဦးစိုင်းစံမွန်း၏ ညွှန်ပြပေးမှုအရ ထိုငါးများထွက်ရှိရာ ဗန်းမက်ကန်ကြီးရှိ ဗန်းမက်ရွာမှ ဤကျောင်းပေါက်လယ်ပိုင်းရွာရှိ ရွှေ့ပြောင်းနေထိုင်လာသည့် ဓနုတိုင်းရင်းသားဖြစ်သူ အသက်(၈၅)နှစ်ရှိ အဘဖိုးပြည့်(ခေါ်)ကီးမင်းထိန်ရှိရာ ရွာမြောက်ဘက် ညောင်ပင်ကြီးများအနား တစ်ဦးတည်းနေထိုင်နေသည့် တဲအိမ်လေးဆီ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ရောက်ခဲ့ကြပါတော့သည်။

အခန့်သင့်ပင် အခါးရည်အိုးတစ်အိုး နံဘေးနားချထားပြီး' ကွမ်းမြုံ့လျက် ဝါးနီးများဖြာနေသော ဘိုးပြည့်ကို တွေ့လိုက်ရပါသည်။ ရက်လုပ်လက်စ **နွားပလုပ်(နွားများကို ထယ်ထိုးတစ်မောင်းစဉ် အစာများလှမ်းဟပ် မစားနိုင်ရန် နွားပါးစပ်တွင် တပ်ရသည့် ခြင်းငယ်လေးများ)**တစ်ဆယ့်ငါးလုံးခန့်ကိုလည်း မြင်ရပါသည်။

ရောက်မဆိုက်ပင် လာရင်း အကြောင်းကို ပြောပြလိုက်ပါသည်။ ရွာကို စာလာသင်ကြပေးသော ဆရာများဆိုသည့် ဂုဏ်ပုဒ်အပြင်



www.burmeseclassic.com

www.burmeseclassic.com

မှလကပင် လေးစားချစ်ခင် ရှိရင်းစွဲလည်း ရှိတာကြောင့် ကျွန်တော်နှင့် စိုင်းနေကြင်ကို ယခုလို ရင်ဖွင့်လိုက်မောသနားစရာကောင်းလှသော ရင်နှင့်ဖွယ်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါတော့သည်။

[၄]

## မထင်မှတ်ဘဲ ရောက်လာသည့် ဖည့်သည်မြေအဘွား

ယခု ဗန်းမက်ကန်ကြီးသည် ယခင်က အလျားလေးမိုင်ခွဲ၊ အနံ နှစ်မိုင်ခန့် ကျယ်ဝန်းသည့် လွင်ပြင်ကျယ်ကြီးတစ်ခုဖြစ်ခဲ့ပြီး မြေဆီသြဇာ ကြွယ်ဝလှသည်ဟု ဆိုသည်။

ထိုစဉ်က အိမ်ခြေ(၂၀)ခန့်သာ ရှိပြီး အနည်းငယ်ရန်လို တိုက်ခိုက်ချင်သော မည်သည့် မျိုးနွယ်စုမှန်းမသိရသည့် လူမျိုးတစ်မျိုး ရောက်လာပြီး အခြေချနေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

တောင်ယာလုပ်ငန်း၊ အမဲလိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြပြီး သားကောင်လိုက်ခြင်း၊ မြင်းစီးခြင်း၊ ကိုယ်လုံပညာများ လေ့ကျင့်ခြင်းကို ပိုမိုထက်သန်သည်ဟု ဆိုပါသည်။ ဝလေ့အကျင့်စရိုက် ကြမ်းတမ်းကြသည်ဟု ဆိုသည်။

မမျှော်လင့်သောတစ်နေ့၌ ရွာထဲသို့ အထုပ်တစ်ထုပ်ကို ခေါင်းတွင်ရွက်၊ ဖြူဖြူချောချော ထွားကျိုင်းလှသည့် ချောမောပြေပြစ်လှသော ယောက်ျားလေးတစ်ဦးကို လက်တွင်ဆွဲ၍ ရွာထိုသို့ဝင်လာပြီး လူကြီးအိမ်ကို လိုက်လံမေးမြန်းနေသည့် အလွန်မှ ရုပ်ဆိုးအကျည်းတန်လှသော အဘွားအိုကို ရွာသူရွာသားများမှ တွေ့လိုက်ကြပါသည်။



▲ အသက်(၇၀)နှစ် ရှိပြီဖြစ်သော အဘိုးကြည် "နောင်ယောင်ရေကွက်ရှိမှတ်စင်" တွင် (၂၂)နှစ်ကြာ စောင့်ရှောက် လာခဲ့သော ဝန်မောက်ဓာတ်မွှားဏ် နေအိမ်တွင်

▼ အသက်(၆၂)နှစ်ရှိအဘဦးစံ ဝန်မောက် ဓာတ်မွှား ကျွဲကုပ်ဗိုလ်ရှုတ်တစ်ဦး လယ်မြေကူညီရှာဖေသူ



## မရှိုးမိုး မလှစုန်းရိုး

ညနေစောင်း အလုပ်သိမ်းပြီး စားပြီးသောက်ပြီးချိန်တွင် ရွာလူကြီးအိမ်မှ မောင်းတီး ဆင့်ခေါ်ချက်ကြောင့် ရွာသူရွာသားအားလုံး တစ်အိမ် တစ်ယောက် လူကြီးအိမ်သို့ ရောက်ခဲ့ကြပါသည်။ ခေါ်ယူရခြင်း၏ ရည်ရွယ်ချက်ကတော့ နေ့လယ်ကမှ ရောက်လာသော မြေအဘွားနှစ်ယောက်အား ဤရွာတွင်ပင် အခြေချနေထိုင်လိုကြောင်းကို ခေါ်ယူတိုင်ပင် ဆွေးနွေးကြခြင်း ဖြစ်ပါသည်။

ရွှေလ ဆက်ဖတ်ပါရန်

**နိုင်မင်းညို**

www.burmeseclassic.com



▲ ထူးခြားသောကျောက်ဆင်နှင့် စေတီငယ်

ထူးခြားသည့်

# ကျောက်ဆင်

ကျောက်ပြားများအား မျက်နှာပြင် ညီညာအောင် စီခင်းထားသော တောင် စောင်းလမ်းကလေးအတိုင်း ကွေ့ဝိုက် တက်လာသောအခါ ထန်းပင်တစ်ပင် ၏ အနောက်တွင် ဆင်တစ်ကောင် ပုဆစ်တုပ်၍ ဝပ်နေသည့်အလား မြင် တွေ့ရလေသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီဖြစ်သော ဤ ကျောက်ဆောင်ကြီးသည် ရှေ့သို့ စူးစိုက်ကြည့်နေသော ဆင်ကြီးသဏ္ဌာန်ဖြစ်ပေါ်နေသောကြောင့် ရွာခံ ကရင်တိုင်းရင်းသားများက **"လုံကဆောင့်"(ကျောက်ဆင်)**ဟု ခေါ်တွင်ကြခြင်းဖြစ်သည်။

**ဆင်ကြီးကြည့်နေသော အရပ်ကား ယခုအခါ ဘုန်းသမ္ဗာ ပွင့်လင်းလာသည့် ရွာလယ်ပိုင်းတောင် ဆိတ်တက်ရှုပ်စေတီသို့ သွားရာလမ်းကားလမ်း ဖြစ်လေသည်။**

ကျောက်ဆင်ပေါ်တွင် စေတီငယ်တစ်ဆူကို တည်ထားကာ ကန်တော့ပွဲ တစ်ပွဲကိုလည်း တွေ့ရှိရသည်။ ကန်တော့ပွဲသည် အစဉ်မပြတ် တင်မြှောက်ထားခြင်း ဖြစ်၍ ပျက်ကွက်ပါက မကောင်းသော ထူးခြားမှုတစ်ခုခု ကြုံတွေ့ရလေ့ရှိသည်ဟု ဆိုကြသည်။

ထူးခြားသော ပုံဟန်ရှိသည့် ဤ ကျောက်ဆင်သည် **ပေါင်မြို့နယ်၊ အုန်းတပင်ကျေးရွာအုပ်စု၊ ရွာကလေး ရွာဦးကျောင်း (ကျောက်ဆင်ကျောင်း)ဝင်းအတွင်း တည်ရှိ၍** နှစ်စဉ် အတာသင်္ကြန်အခါရောက်တိုင်း ဘုရားဖူးတော် ကျင်းပလေ့ ရှိလေသည်။

**စိုးသော်တာ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အဝှအဝှ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည်
# အကြောပြေဆေး

( ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃ )

( ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဖင်း) ၅၅/၀၅၁၃ )




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စစာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းဦးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရောကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများသုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ဥည့်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော် အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ။ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြော ထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

ဝင်ရင်း-ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၈၇၀

www.burmeseclassic.com


စကုမြို့

# ထေရ်ကြီးစေတီတော်

နှင့် ရဟန္တာ မဟာပုဏ္ဏ၏ တရားကျင့်ရာ အောင်မြေများ

တက္ကသိုလ် ဗောင်မြှာဘီ (စကု)





▲ ထေရ်ကြီးစေတီ တာလယားထီး

◆ ထေရ်ကြီးစေတီတော် ထီးတော်မြီးပုံ

ထေရ်ကြီးစေတီတော်
(ထီးကြီးစေတီတော်)နှင့်
စကုမြို့ သမိုင်းအကျဉ်းချုပ်

သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာ (လယ်ကိုင်း)၌ မဟာပုဏ္ဏနှင့် စူဠပုဏ္ဏ ဟူသော သူကြွယ်နှစ်ယောက်တို့ ရှိကြရာ အစ်ကိုဖြစ်သော မဟာပုဏ္ဏက လှည်းငါးရာတို့ဖြင့် ကုန်သွယ်ထွက်လာရာ မဇ္ဈိမဒေသ သာဝတ္ထိပြည်သို့ ရောက်သွားကြလေသည်။

ထိုအချိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဂေါတမမြတ်စွာဘုရားရှင်နှင့် ကြုံကြိုက်နေသဖြင့် မဟာပုဏ္ဏသည် ဘုရားရှင်၏ တရားတော်နာသည်။

သို့နှင့် ရဟန်းပြုပြီးလျှင် လှည်းငါးရာနှင့်တကွ ကုန်စည်၊ ဘဏ္ဍာငွေတို့ကို ဘဏ္ဍာစိုးအား အပ်နှင်းကာ ညီဖြစ်သူ စူဠပုဏ္ဏအား ပေးလိုက်ရန် မှာကြားလိုက်လေ၏။

ထိုသို့ ရဟန်းပြုပြီးနောက် မထေရ်မြတ်က သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမသို့ ပြန်သီတင်းသုံးရန် ဘုရားရှင်အား လျှောက်ထားတောင်းပန်ရာ ခွင့်ပြုလိုက်လေသည်။


မထေရ်မြတ်သည် ကျောင်းတော်ရာ စေတီတော်အနီးရှိ **တောကျောင်းကုန်းကျေးရွာရှိ ရှင်ပင်ကူနီစေတီတော်တွင်** ဝါကပ်တော်မူရာ ထိုဝါတွင်းဌ်ပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။


စူဠပုဏ္ဏနှင့် အပေါင်းပါတို့သည် သုပ္ပါဒကဆိပ်မှ သင်္ဘော လွှင့်လာကြရာ မလယကျွန်းသို့ ရောက်ကြသောအခါ စန္ဒကူးနီပင်များကို တွေ့ရှိကြလေသည်။

ထို့နောက် မဟာပုဏ္ဏရဟန္တာမြတ်၏ ညွှန်ကြားချက်အရ စန္ဒကူးတို့ဖြင့် ကျောင်းတော်ကြီး တစ်ဆောင်ကို ဆောက်လုပ်ကြလေသည်။ ထိုကျောင်းတော်တွင် သီတင်းသုံးပါရန် ရဟန္တာမြတ် ပင့်လျှောက်တော်မူလေသည်။

ဘုရားရှင်သည် ဘုရားဖြစ်ပြီး ဝါတော်(၂၀)အရတွင် စန္ဒကူးကျောင်းတော်သို့ နောက်ပါ တစ်ပါးယုတ်ငါးရာ

www.burmeseclassic.com





◆ နဂါးရုံဘုရား



◆ ထောင်ကြီးဘုရား


၁။ ဘုန်းကြီးကျောင်း၊ ၂။ ရှင်သီဝလိ

၃။ ရှင်ဥပဂုတ္တ၊ ၄။ ရုပ်ပွားတော် ◆

◆ ဦးတေဇောဘာသ



◆ ထောင်ကြီးသိမ်တော်





www.burmeseclassic.com

www.burmeseclassic.com



◆ မဟာပုဏ္ဏရဟန္တာမြတ်



◆ ထောင်တော်ဦးမုဋ္ဌော

သော ရဟန္တာတို့နှင့်အတူ ဝေယံခရီးဖြင့် ကြွတော်မူသည်။

ထို့နောက် လမ်းခုလတ်တွင် သစ္စဗန္ဓရသေ့ လျှောက်ထားတောင်းပန်ချက်အရ (အထက်ခြေတော်ရာ)ကို လည်းကောင်း၊ နမ္မဒါနဂါးမင်း၏ လျှောက်ထား တောင်းပန်ချက်အရ (အောက်ခြေတော်ရာ)ကို လည်းကောင်း ခြေတော်ရာနှစ်ဆူကို ချတော်မူလေသည်။ **(ယခု မန်းရွှေစက်တော်ရာပင်။)**

ကျောင်းတော်ရာ အရပ်ဒေသတွင်လည်း (၇)ရက် သီတင်းသုံးတော်မူကြလေသည်။

ဂေါတမ မြတ်စွာဘုရားရှင်သည် မဟာပုဏ္ဏရဟန္တာမြတ်ကိုမူ မြန်မာနိုင်ငံမှာပင် သီတင်းသုံးနေခဲ့ရန် ခွင့်ပြုတော်မူသည်။ ရဟန္တာမြတ်သည် ယခု ထီးကြီးစေတီတော် နေရာတွင် သီတင်းသုံးနေပါသည်။

သီတင်းသုံး တရားကျင့်နေရင်း စေတီငယ် တစ်ဆူကို တည်ထားတော် မူသည်။ ထိုစဉ်က ဤအရပ်တွင် ကျေးငှက်များ ပေါ်များပြီး အသံဗလံ ဆူညံလှသဖြင့် **သကုန**ဟု ခေါ်တွင်ခဲ့ပါသည်။ ကာလရွေ့လျော၍ **သကုနမှ** **သကု**ဟု ခေါ်တွင်ပြီး နောက်နောင်တွင် **စကုမြို့** ဖြစ်လာပါသည်။

**ကြာသီးနု – စကုတည်** ဆိုသကဲ့သို့ စကုမြို့သည် ၂၆၇ ခုနှစ်တွင် အသင်္ခရာမြို့စားက တည်ထားခဲ့သည်။

မဟာပုဏ္ဏရဟန္တာမြတ် တည်ထားသော စေတီငယ်ကို ငုံပြီး စကုမြို့ မြို့စားကြီးက ယခု မြင်တွေ့ရသော ဉာဏ်တော်(၁၀၃)ပေရှိ ထေရ်ကြီး စေတီတော်မြတ်ကြီးပင် ဖြစ်ပေတော့သည်။

ဘုရားရှင် လက်ထက်တော်တွင် မြန်မာနိုင်ငံသို့ အစောဆုံးအနေဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ထွန်းကားလာသည်ဟု ဆိုချင်တော့သည်။

မဟာပုဏ္ဏ ရဟန္တာမြတ်၏ တရားကျင့်ရာ အောင်မြေ(၄)ခုသည် မင်းဘူး စကုမြို့နယ်အတွင်းတွင်ပင် ရှိနေခဲ့ပါသည်။

၁။ ပထမ အားထုတ်ခဲ့သော အောင်မြေမှာ အပ္ပအတ္တမည်သာ တောင်(ရေပုတ်ကျေးရွာအနီးရှိ ရွှေမြင်တင်တောင်) စကုမြို့။
၂။ ဒုတိယအောင်မြေမှာ သမုဒ္ဒကိရိအမည်ရှိ အရပ်(အောက်ကျောင်းကျေးရွာ စေတီတော်) စကုမြို့။
၃။ တတိယအောင်မြေမှာ မာတုလာဂီရိ ထေရ်ကြီးစေတီတော်၊ စကုမြို့။
၄။ စတုတ္ထအောင်မြေမှာ ရှင်ပင်ကူနီအရပ် (တောကျောင်းကုန်းကျေးရွာအနီး)၊ စကုမြို့။

မာတုလာဂီရိ ထေရ်ကြီးစေတီတော် အတွင်းတွင် ရဟန်းဦးတေဇောဘာသ ကိုယ်တော် သီတင်းသုံးလျက် ရှိပါသည်။

မဟာပုဏ္ဏရဟန္တာမြတ်၏ ရုပ်တုလည်း ရှိသည်။ ရှစ်မျက်နှာဘုရား၊ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တရုပ်တုလည်း ရှိသည်။ တလစေတီတော်နှင့် ထေရ်ကြီးဝန်ခေါင်းတော်၊ နဂါးရုံဘုရားနှင့် ကြေးခေါင်းလောင်းတစ်လုံးလည်း ရှိသည်။

ထေရ်ကြီးစေတီတော်သိမ်၊ အလှူခံဌာနနှင့် ရှင်သီဝလိရုပ်တုများနှင့် ကပ်လျက် ဘုန်းတော်ကြီး ကျောင်းတိုက်လည်း ရှိပေသည်။

**တက္ကသိုလ် မောင်မြသီ(စကု)**



www.burmeseclassic.com

www.burmeseclassic.com

ရင်နှစ်သည်းချာ

# ရင်သွေးရတနာတို့ အတွက်

ဇော်နန္ဒ (ကျိုက်လတ်)

## ၁၃၇၆ ခုနှစ် တစ်နှစ်တာ

**၁၃၇၆ ခုနှစ်သို့** ရောက်ရှိ၍ လာပါပြီ။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

၁၃၇၆ ခုနှစ်၏ မူလမဟာဘုတ်မှာ (၄)ကြွင်း မဟာဘုတ် ဖြစ်ပါသည်။ ထို့ကြောင့် ဤနှစ်တွင် မွေးဖွားလာသော...

**တနင်္ဂနွေ သားသမီးလေးများသည်** အဓိပတိဖွားလေးများဖြစ်ပြီး ဆန်းအလို ဇုယဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

**တနင်္လာ သားသမီးလေးများသည်** ရာဇဖွားလေးများဖြစ်ပြီး ဆန်းအလို လာဘဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။

**အင်္ဂါ သားသမီးလေးများသည်** ရာဇဖွားလေးများဖြစ်ပြီး ဆန်းအလို ဓေယျဖွား၊ တိုင်ထိပ်ဖွားများ ဖြစ်ပါသည်။

**ဗုဒ္ဓဟူး သားသမီးလေးများသည်** ဘင်္ဂဖွားလေးများဖြစ်ပြီး ဆန်းအလို မရဏဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

**ကြာသပတေး သားသမီးလေးများသည်** ပုတိဖွားလေးများဖြစ်ပြီး ဆန်းအလို ဒွယဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။

**သောကြာ သားသမီးလေးများသည်** သိုက်ဖွားလေးများဖြစ်ပြီး ဆန်းအလို ဝရဖွား၊ လက်ယာဖွားများ ဖြစ်ပါသည်။

**စနေ သားသမီးလေးများသည်** မရဏဖွားလေးများ ဖြစ်ပြီး ဆန်းအလို ကိစ္စဖွား၊ လက်ဝဲဖွားများ ဖြစ်ပါသည်။



နတ်၊ လူ၊ ဘီလူး ဟူ၍ နက္ခတ်(၃) မျိုးရှိရာတွင် ယခု ၁၃၇၆ ခုနှစ် မွေးဖွားလာသော (၇)ရက်သားသမီး ရင်သွေးငယ်များ အားလုံးတို့သည် **လူနက္ခတ်ဖွား**လေးများ ဖြစ်ကြပါသည်။

ကျွန်ုပ်သည် ၁၃၇၆ ခုနှစ်တွင် မွေးဖွားလာကြမည့် (၇)ရက်သားသမီး ရင်သွေးငယ်လေးများအား ၁၃၇၆ ခုနှစ်၊ တစ်နှစ်စာအတွက် ဆောင်ရန် ရှောင်ရန် ယတြာနှင့် သိသင့်သိထိုက်သော အချက်အလက်တချို့ကို ရင်သွေးငယ်၊ မိဘနှစ်ပါးနှင့် စာဖတ်ပရိသတ်တို့ အကျိုးများစေရန် စေတနာရှေ့ထား၍ ရေးသားပေးလိုက်ပါသည်။

ဆောင်းပါးပါ အကြောင်းအရာတို့တွင် ဆောင်ရန် ရှောင်ရန်နှင့် ပတ်သက်၍ သိရှိထားရန်မှာ **ဥပမာ** ဆောင်ရန်တွင် တနင်္ဂနွေပါဝင်သည် ဆိုပါစို့။

ရင်သွေးငယ်လေးအား တနင်္ဂနွေသားသမီး တနင်္ဂနွေနာမည်ရှင်များနှင့် မျက်နှာလွှဲထားနိုင်ခြင်း၊ ထိန်းခိုင်းခြင်း၊ တနင်္ဂနွေနံနှင့် စသော ဆရာဝန်၊ သမားတော်ကြီးများနှင့် ဆေးဝါးကုသမှု ခံယူခြင်း၊ တနင်္ဂနွေနှင့် စသော မြို့ရွာဒေသများသို့ ခေါ်သွားနိုင်ခြင်း...

ကံပွင့်အရောင်နှင့် ပတ်သက်၍ ကလေး၏ အဝတ်အစား အသုံးအဆောင်တို့အား ယင်းအရောင်တို့ကို အသုံးပြုစေခြင်း အစရှိသည်ဖြင့် ဉာဏ်ယှဉ်၍ သုံးရမည် ဖြစ်ပါသည်။

### တနင်္ဂနွေသားသမီးရင်သွေးငယ်များ

**ဆောင်ရန်**

အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ။

**ရှောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး– တနင်္ဂနွေ၊ ကြာသပတေး အပြန်အလှန် အတွဲများ(ဥပမာ–အေးအေးပြုံး၊ ဖြူဖြူအိ၊ အိမ်မဲ၊ အဖျောက်...)

**ကံပွင့်အရောင်**

ရွှေအို၊ အစိမ်း၊ ရောနှောဖြူ၊ နီညို၊ အနက်၊ နက်ပြာ။

**ညံ့ဘတ်သောလများ**

မွေးလမှစ၍ (၁)လမြောက်၊ (၂)လ



www.burmeseclassic.com

www.burmeseclassic.com

မြောက်၊ (၅)လမြောက်၊ (၈)လမြောက်၊ (၉)လမြောက်စီ။

**ကျန်းမာရေး**

မျက်စိရှု ဖက်ကလောင်၊ ဗိုက်အောင့် ကျောပူခေါင်းသူ၊ ဦးခေါင်းပိုင်း ကျန်းမာရေးညံ့ ချောင်းဆိုးတတ်ပါသည်။ မိခင်အစားမများစေရန် ဂရုစိုက်ပါ။ **ခြင်အန္တရာယ် ဂရုစိုက်ပါ။**

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **သုဂတော လောကဝိဒူကို** အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ(၅)ဦး၊ လူ(၁၀)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ်ကို ခေါ်မသွားရပါ။ မပါဝင်စေရပါ။ ကလေးကို အလုပ်ပြုတ်နေသူများနှင့် တပူးတွဲတွဲ မရှိစေရ၊ လွှတ်မထားရပါ။

---

တနင်္လာသားသမီးရင်သွေးငယ်များ

---

**ဆောင်ရန်**

စနေ၊ တနင်္ဂနွေ။

**ရှောင်ရန်**

တနင်္လာ၊ ကြာသပတေး၊ သောကြာ-တနင်္ဂနွေ ဗုဒ္ဓဟူး (ဥပမာ-အေးအေးဝင်း၊ လှလှဦး၊ အင်းဝ၊ အောင်လံ...)

**ကံပွင့်အရောင်**

အနက်၊ နက်ပြာ၊ အနီ။

**ညှိုတတ်သောလများ**

မွေးလမှစ၍ (၁)လ၊ (၄)လ၊ (၅)လ၊ (၈)လ၊ (၁၁)လမြောက်။

**ကျန်းမာရေး**

ချောင်းဆိုး၊ ရင်ကျပ်၊ ချွဲထ၊ ဗိုက်နာ၊ လေအောင့်၊ ကျောပူခေါင်းပူ ဖြစ်တတ်ပါသည်။ မိခင် အစားမများမိပါစေနှင့်။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊



ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံကို** အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ(၅)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ်ကို ခေါ်မသွားရပါ။ မပါဝင်စေရပါ။ ကလေးကို အရက်သမားနှင့် လွှတ်မထားရပါ။ အရူးနှင့် နီးနီးကပ်ကပ် မရှိစေရပါ။

---

အင်္ဂါသားသမီးရင်သွေးငယ်များ

---

**ဆောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ စနေ။

**ရှောင်ရန်**

အင်္ဂါ၊ သောကြာ - တနင်္လာ၊ သောကြာ အပြန်အလှန် အတွဲများ (ဥပမာ-ခင်ခင်သူ၊ ဟောမာနိုင်၊ သယ်န်းကျွန်း၊ ကော့သောင်...)

**ကံပွင့်အရောင်**

အဝါရင့်၊ အနက်၊ နက်ပြာ၊ မီးခိုးမှိုင်း။

**ညှိုတတ်သောလများ**

မွေးလမှစ၍ (၁)လ၊ (၄)လ၊ (၈)လ၊ (၁၁)လမြောက်။

**ကျန်းမာရေး**

သွေးနှင့်ဆိုင်သော ရောဂါ၊ သွေးလွန်တုပ်ကွေး၊ ဆီးမကောင်း၊ မျက်စိနာ၊ ဆေးအစားမှားတတ်သည်။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **ဘဂဝါကို** အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ(၃)ဦး၊ လူ(၆)ဦးသွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ။ ခေါ်မသွားရပါ။ မည်သည့်အကြောင်းကြောင့်မဆို ကလေးကို သင်္ချိုင်းမြေသို့ ခေါ်မသွားရ။ သိုက်ရှိသည်ဟု ထင်ရသော နေရာ၊ ဘုရား စသည်များသို့ ကလေးကို ခေါ်မသွားရ။

---

ဗုဒ္ဓဟူးသားသမီးရင်သွေးငယ်များ

---

**ဆောင်ရန်**

အင်္ဂါ၊ သောကြာ၊ စနေ။

**ရှောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး-သောကြာ၊ တနင်္လာ အပြန်အလှန် အတွဲများ (ဥပမာ-သင်းသင်းနိုင်၊ ငြိမ်းငြိမ်းသူ၊ ချောင်းသာ၊ သုံးခွ...)

**ကံပွင့်အရောင်**

နီညို၊ အဝါနု၊ အနက်၊ နက်ပြာ။

**ညှိုတတ်သောလများ**

မွေးလမှစ၍ (၁)လ၊ (၅)လ၊ (၆)လ၊ (၈)လမြောက်။

**ကျန်းမာရေး**

လေဆန်နာ၊ ဝမ်းချုပ်,ဝမ်းပျက်၊ ကျောပူခေါင်းပူ၊ ဦးခေါင်းပိုင်း ကျန်းမာရေးညံ့ ချောင်းဆိုးတတ်ပါသည်။ မိခင်အစားမများမိစေရန် ဂရုပြုပါ။ ခြင်အန္တရာယ် ဂရုစိုက်ပါ။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **ဗုဒ္ဓေါကို** အကြိမ်များစွာ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ(၄)ဦး၊ (၈)ဦး၊ (၉)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ။ ခေါ်မသွားရပါ။ အရူး အရက်သမားတို့၏ အနီးအနား ကလေးကို မရှိစေရ၊ သချိုင်းမြေသို့ မည်သည့် အကြောင်းကြောင့်မဆို ကလေးကို ခေါ်မသွားရပါ။

## ကြာသပတေးသားသမီးရင်သွေးငယ်များ

**ဆောင်ရန်**

အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ။

**ရှောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး –တနင်္လာ၊ ကြာသပတေး အပြန်အလှန် အတွဲများ(ဥပမာ–ခိုင်ခိုင်ဖြိုး၊ ပပခင်၊ ပဲခူး၊ ကျောက်ဖြူ...)

**ကံပွင့်အရောင်**

နီညို၊ ရွှေအို၊ အစိမ်း၊ အနက်၊ နက်ပြာ၊ အဝါနု။

**ညှိုးတတ်သောလများ**

မွေးလမှစ၍ (၁)လ၊ (၄)လ၊ (၅)လ၊ (၈)လမြောက်။

**ကျန်းမာရေး**

ဦးခေါင်းပိုင်း ကျန်းမာရေးညံ့၊ ကျောပူခေါင်းပူ ဗိုက်အောင့် မှက္ခရု မက်ကလောင် ဖြစ်တတ်ပါသည်။ ခြင်အန္တရာယ် ဂရုစိုက်ပါ။ မီးခင် အစားမများမိပါစေနှင့်။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **အရဟံဇိနော**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ (၅)ဦး၊ (၉)ဦး၊ (၁၀)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ။ ခေါ်မသွားရပါ။ ကလေးငယ်ကို ပန်ကာလေ မခံစေရပါ။ ပုခက်ကြိုးကို မကြာခဏ စစ်ဆေးပေးပါ။ မြေမသန့်သော နေရာသို့ ခေါ်မသွားရပါ။

## သောကြာသားသမီးရင်သွေးငယ်များ

**ဆောင်ရန်**

တနင်္လာ၊ ကြာသပတေး၊ သောကြာ။

**ရှောင်ရန်**

အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ–စနေ၊ ဗုဒ္ဓဟူး အပြန်အလှန် အတွဲများ (ဥပမာ လွင်လွင်ထူး၊ နုနုဝေ၊ ဒလ၊ ရွှေတောင် ...)

**ကံပွင့်အရောင်**

အဖြူ၊ အဝါရင့်၊ ရောင်စုံရောယှက်။

**ညှိုးတတ်သောလများ**

မွေးလမှစ၍ (၂)လ၊ (၅)လ၊ (၆)လ၊ (၉)လမြောက်။

**ကျန်းမာရေး**

လေဆန်နာ၊ ဆီးမကောင်း၊ မျက်စိနာ၊ ယားနာ၊ ဖျားနာ၊ နှာရည်ယို၊ အပူကြီးလျှင် တက်တတ်သည်။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **ဇိနောဗုဒ္ဓေါ**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ (၃)ဦး၊ (၄)ဦး၊ (၇)ဦး၊ (၈)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ။ ခေါ်မသွားရပါ။ နာရေးခရီး ကလေးကို ခေါ်မသွားရ၊ နတ်စင်၊ နတ်ကွန်းအနီး ကလေးကို ခေါ်မသွားရ၊ လူမျိုးကွဲနှင့် လွှတ်မထားရ။

## စနေသားသမီးရင်သွေးငယ်များ

**ဆောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ သောကြာ။

**ရှောင်ရန်**

ဗုဒ္ဓဟူး၊ စနေ–အင်္ဂါ၊ စနေ အပြန်အလှန်အတွဲများ (ဥပမာ စုစုနိုင်၊ ထားထားဆွေ၊ စစ်တောင်း၊ စစ်တွေ ...)

**ကံပွင့်အရောင်**

အဖြူ၊ ရောနှောဖြူ၊ အနီ။

**ညှိုးတတ်သောလများ**

မွေးလမှစ၍ (၁)လ၊ (၅)လ၊ (၈)လမြောက်။

**ကျန်းမာရေး**

ယားနာ၊ လေဆန်နာ၊ ဝမ်းမကောင်း၊ အပူနာ၊ ဖျားနာ၊ နှာစေးနာပိတ် ဖြစ်တတ်သည်။ အပူကြီးလျှင် တက်တတ်သည်။

**ယတြာ**

ကလေးကို ချီထား၍ လည်းကောင်း၊ ကလေး၏ ဦးခေါင်းကို ကိုင်၍ လည်းကောင်း **အရဟံသိဒ္ဓိ**ကို အကြိမ်များစွာ နေ့စဉ် ရွတ်ဖတ်ပေးပါ။

**အထူးသတိပြုရန်**

လူ (၄)ဦး၊ (၇)ဦး၊ (၈)ဦး သွားသော ခရီးစဉ်တွင် ကလေးငယ် မပါဝင်စေရပါ။ ခေါ်မသွားရပါ။ စိတ်ကြီး၊ စိတ်တိုသူများနှင့် ကလေးကို လွှတ်မထားရ။ နတ်စင်၊ နတ်ကွန်းအနီး ခေါ်မသွားရပါ။ လူမျိုးကွဲနှင့် လွှတ်မထားရပါ။

ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ကျော်စောထင်ရှားခြင်း၊ ချမ်းသာကြွယ်ဝခြင်း အစရှိသော ကောင်းမြတ်သော ဣဋ္ဌာရုံဘဝတို့ကို လက်ဝယ် ပိုင်ပိုင် ရရှိခံစားကြရပါစေသတည်း။


*ဘဝ အစစ လှကြပါစေ*

**အောင်နန္ဒစံ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com



# အသားမာ အပျောက်

သရက်ရွက်

စာရေးသူ၏ ဘယ်ဘက်ပေါင်နောက်ဘက်တွင် မီးခြစ်ဆံခေါင်းမျှရှိသော အသားမာကလေးတစ်ခု ပေါ်ပေါက်လာသည်မှာ တစ်လကျော်လောက်ရှိပြီဖြစ်၏။

လက်နှင့် စမ်းကြည့်လျှင် မာတောက်တောက်ရှိသည်။ မကြာမကြာလည်း စမ်းကြည့်မိပြီး အနေရ အထိုင်ရခက်လာသည်။ တစ်နေ့ညနေပိုင်းတွင် သားဖြစ်သူ ဆရာဝန်ကို ပြသပြီး သူမည်သို့ လုပ်ဆောင်ပေးမည်ကိုလည်း စောင့်ကြည့်နေလိုက်မိသည်။

'မနာမကျင်ဘူး မဟုတ်လား၊ သွားတာသာ နေတာ နေပါစေ၊ ခန္ဓာကိုယ်မှာ အကြောင်းတစ်ခုခု ရှိလို့ အသားမာဆိုတာ ဖြစ်ပေါ်လာတာပဲ၊ ဘယ်လိုမှ သွားမလုပ်ပါနဲ့၊

အချိန်တန်ရင် အလိုလို ပျောက်သွားလိမ့်မယ်၊ တစ်ခုခု သွားလုပ်လိုက်ရင် ဆွပေးလိုက်သလိုဖြစ်ပြီး SKIN CANCER (အရေပြားကင်ဆာ)ထိ တက်သွားနိုင်ပြီး ဒုက္ခရောက်လိမ့်မယ်'

ဟု ဆိုပါသည်။

ကိုယ်ကအဖေ၊ သူကသား ကိုယ်မွေးမှ သူက ကြီးပြင်းရတာ မှန်သော်လည်း (၅)နှစ်ကျော်ကြာအောင် သူဆည်းပူးလေ့လာထားသော ပညာကိုလေးစားပြီး အသာဆိတ်ဆိတ်နေလိုက်သည်။

ထို့ကြောင့် စာထဲပေထဲတွင် ကိုယ်တိုင်လေ့လာထားဖူးသော ဆေးမြီးတိုနည်းလမ်းကို လက်တွေ့စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ တစ်နေ့နံနက် ရေချိုးပြီးချိန်တွင် အိမ်ရှေ့ သရက်ပင်မှ သရက်ကိုင်းတစ်ကိုင်းကို ချိုးယူလိုက်သည်။

ထို့နောက် သရက်ရွက်ရင့်ရင့်ကို တစ်ရွက်ခြွေလိုက်သည်။ သရက်ရွက်၏ အညှာနေရာကျကျတွင် ဘလိပ်ဓားဖြင့် ပါးပါးလှွာလိုက်သည်။

အထဲမှ ထွက်လာသော အစေးဖြင့် အသားမာကို ပွတ်ယူဆွဲလိုက်သည်။ ထို့နောက် ထပ်မံ၍ အသားမာကို စိုလာအောင် ဓားဖြင့်လှွာ၍ ထွက်လာသောအစေးနှင့် အကြိမ်ကြိမ် ပွတ်ယူသည်။

သရက်ရွက် လေး,ငါးရွက် ကုန်အောင် လုပ်ပြီးချိန်တွင် အသားမာလည်း ကျိုးပဲ့ကြွေကျသွားပြီးနောက် အရာသေးသေးမျှသာ ကျန်တော့သည်။

သရက်ရွက်မှ အစေးသည် အသားမာကို ချိုးဖဲ့နိုင်သော သတ္တိရှိကြောင်း ကိုယ်တိုင် စမ်းသပ်တွေ့ရှိပြီးနောက်တွင် သားဖြစ်သူ ဆရာဝန်ကို ပြန်ပြလိုက်သည်။

'ဟာ... တကယ်ထူးဆန်းပါလား၊ ဖေဖေ ဘယ်လိုလုပ်လိုက်တာလဲ'

'သား သိချင်ရင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ စောင့်ဖတ်တော့ကွာ၊ ဆေးနည်းတိုအဖြစ် ဖေဖေရေးပြီး ပို့ထားတယ်'

ငွေကုန်ကြေးကျမရှိ ရရှိရန် လွယ်ကူပြီး ဘေးထွက်ဆိုးကျိုး ကင်းဝေးသော တိုင်းရင်းဆေး ဆေးနည်းတိုတစ်ခုကို လူအများ အသုံးပြုနိုင်ကြပါစေ။

**အောင်ဆန်းလင်း(ဘီအေ)**


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဖနိုး၊ ဒေါ်ကျင်သိန်း၏ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ အေးထွက်ဆိုးကျိုး လုံး၀ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၄ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအခြင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ခီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၁၁၁ YR ၀၀၁၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်ခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၄) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀)လမ်း၊ မင်္ဂလာဈေးအနီး၊


မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၁၀ အပြင် မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




▲ မြင်းထင်ကောင် စေတီတော်

မင်းသိုက်နိုင် (ထားဝယ်)

### သမိုင်းဖော်ကျူး ရောင်ခြည်တော် ကွန့်မြူးသည့်

# မြင်းထင်စေတီတော်

ပြည့်ထောင်စု မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်ရှိ ပုဂံဒေသတစ်ဝိုက်တွင် ရှေးဟောင်း အဆောက်အအုံများသည် လက်ညှိုးထိုးမလွဲအောင် များပြားခဲ့ပေသည်။

ဦးရေအားဖြင့် ယနေ့တိုင်အောင် (၂၀၀၀)ခန့်၊ အကျယ်အဝန်း ဧရိယာအားဖြင့် စတုရန်းမိုင် (၁၆)မိုင်ခန့် ရှိမည် ဖြစ်သည်။

ထို အဆောက်အအုံများအနက် အချို့သည် စေတီပြို၊ လိုဏ်ဂူပျက်ဖြစ်၍ အချို့မှာ ဆိုင်ရာတို့က ထိန်းသိမ်းပြုပြင်ထားသဖြင့် သစ်လွင် သပ္ပာယ်လျက် ရှိနေပေသည်။

ဤမျှ များပြားလှသော စေတီ၊ ဘုရား၊ ဂူ၊ ကျောင်းတို့၏ ဇာစ်မြစ်ကို သိလိုပါက ပုဂံကောင်းစားစဉ်ကာလ တစ်နည်းအားဖြင့် အတိတ်ပုဂံကို လှမ်းမျှော်ကြည့်ပါက တွေ့မြင်ရမည် ဖြစ်သည်။

အလားတူပင် ရှေးမြန်မာ ပျူတို့ဒေသ၊ ထားဝယ်သာဂရ၌လည်း ပုဂံနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော ရှေးဟောင်းဘုရား၊ စေတီများသည် မြောက်မြားစွာ ရှိခဲ့ပေသည်။ သို့ဖြစ်၍ အတိတ်သာဂရကို လှမ်းမျှော်ကြည့်လိုက်ပါက နှစ်ပေါင်း (၁၂၀၀)ခန့်ကာလ သာဂရကို တွေ့ရမည် ဖြစ်သည်။

ထိုစဉ်က ရှေးလူသားများက စိတ်စေတနာ သဒ္ဓါကြည်ဖြူစွာဖြင့် တည်ထား ပူဇော်ကိုးကွယ်ခဲ့သည့် စေတီ၊ ဘုရား၊ သာသနိက အဆောက်အအုံများအနက် အချို့ကို ယနေ့တိုင် တွေ့နေရသည်။

အရေအတွက်အားဖြင့် (၁၀၀) ကျော်ခန့် ရှိသည်။ ဤသည်မှာ ဧရိယာ စတုရန်းမိုင်(၃)မိုင်ခန့်ရှိသည့် သာဂရမြို့ဟောင်း ကျေးရွာအုပ်စု ဝန်းကျင်

www.burmeseclassic.com

တစ်ဝိုက်ရှိသော ရှေးဟောင်းအဆောက်အအုံများမှုသာ ဖြစ်သည်။

ထိုရှေးဟောင်း အဆောက်အအုံများအနက် အချို့သည် ထိန်းသိမ်းပြုပြင်မှု မရှိဘဲ ပြိုပျက်နေကြပြီ ဖြစ်သည်။ ထို့အပြင် ထိုအဆောက်အအုံများအားလုံးသည် ထေရဝါဒဆိုင်ရာ သာသနိက အဆောက်အအုံများသာ ဖြစ်သည်ကိုလည်း တွေ့ရသည်။

ရှေးမြန်မာ ပျူများဖြစ်သော ထားဝယ်သူ၊ ထားဝယ်သားများသည် သဒ္ဓါတရား ထက်သန်ပြီး ကြည်ညိုစိတ်များစွာဖြင့် ရက်ရက်ရောရော လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။ ကုသိုလ်ကောင်းမှု ဒါနပြုခဲ့ကြခြင်း ဖြစ်သည်။

ဤသည်မှာ ထိုအချိန်က ရှေးမြန်မာ ပျူတို့ဌာနေ ထားဝယ်သာဂရမြေ၌ ထေရဝါဒ ဗုဒ္ဓသာသနာသည် အလွန်ထွန်းကားခဲ့သည်ဆိုသည်ကို မီးမောင်းထိုးပြနေခြင်းပင် ဖြစ်သည်။

* * *

ထားဝယ်သာဂရမင်းဆက်ကို စတင်သန္ဓေတည်ပေးခဲ့သော ခုနှစ်မှာ ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ် (အေဒီ ၇၅၁)ဟု ဆိုသင့်ပါသည်။ အကြောင်းမှာ ထိုနှစ်တွင် သာဂရမြို့ကို စတင်



◆ စေတီတော် ဗိနပ်တော်အား တွန်းပြိုနေဟန်ရှိသည့် ကျောက်ဆင်ပုံ

တည်ခဲ့သောကြောင့် ဖြစ်သည်။

သာဂရမြို့တည်၊ နန်းတည်မင်းမှာ သမန္တ ဖြစ်သည်။ ထိုအချိန်က သာဂရသည် အေးချမ်းသာယာဝပြော၍ စည်ကားသော ပျူမြို့တစ်မြို့ ဖြစ်သည်။

တစ်နည်းအားဖြင့် သမန္တမင်းမှ စတင်ခဲ့သော ပထမ သာဂရခေတ်သည် အုပ်စိုးသော ဒေသဆိုင်ရာမင်းများ၏ စွမ်းရည်ထက်မြက်မှုကြောင့် တည်ငြိမ်အေးချမ်းရုံမျှမကဘဲ ပြည်သူများ ဝပြောသာယာ စည်ပင်သော ကာလသမယလည်း ဖြစ်သည်။

ရှေးစကား ဝေါဟာရများအရ ခေါ်ဝေါ် သုံးနှုန်းရမည်ဆိုပါက သာဂရမင်းများ ဘုန်းမီးနေလ တောက်ပသော အချိန်အခါဟုလည်း ဆိုရမည်ဖြစ်သည်။

ထိုအချိန်အခါက (တစ်နည်း) သမန္တရာဇာလက်ထက်အခါက သာဂရသည် ပြည်ပနိုင်ငံဖြစ်သော သီဟိုဠ်ကျွန်း(သီရိလင်္ကာ)နိုင်ငံ၏ ခံ့ညားလေးစားမှု၊ မဟာမိတ်ဖွဲ့လာမှုကိုပင် ရရှိခံစားခဲ့ရသော ပျူတို့ဒေသ ထားဝယ်သာဂရ ဖြစ်ပေသည်။

ထိုစဉ် သီဟိုဠ်(သီရိလင်္ကာ)တွင် သီဟိုဠ်(သီရိလင်္ကာ)မင်းနှင့် ကျေးကုလားမင်းတို့ စစ်ဖြစ်နေချိန် ဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ သီဟိုဠ်(သီရိလင်္ကာ)မင်းသည် ကောဇာသက္ကရာဇ်

◆ ဘုရားမျှော်စေရာ မြေပုံအလယ်တွင်

ဝါးကာလှူကြီးတစ်ဦးက ရပ်နေပုံ



◆ ဘုရားမျှော်စေရာ မြေပုံအလယ်တွင်

ဝါးကာလှူကြီးတစ်ဦးက ရပ်နေပုံ



www.burmeseclassic.com




◆ ကျောက်ဖြစ်သွားသည့် ဆင်

◆ စေတီတော် ဖိနပ်တော်အား တွန်းပြီးနေဟန်ရှိသည့် ကျောက်ဆင်ပုံ




၁၂၁၁ ခုနှစ် (အေဒီ ၇၅၉)တွင် မြတ်ဗုဒ္ဓ၏ မြသပိတ်တော်၊ မြသလွန်တော်၊ ဓာတ်တော်၊ ဆံတော်၊ ရုပ်ပွားတော်သည်များကို သမန္တမင်းထံ မွေလက်ဆောင်အဖြစ် ပေးပို့လာသည်။

သို့ဖြစ်၍ သမန္တမင်းသည် မိမိ၏နန်းတော်ရှေ့တွင် ကြီးကျယ် ခမ်းနားတင့်တယ်သော မဏ္ဍပ်တော်ကြီးကို ဆောက်လုပ်စေသည်။ ထို့နောက် ထိုမဏ္ဍပ်တော်တွင် ဗုဒ္ဓ၏ သရီရဓာတ်တော်၊ ဆံတော်၊ မွေတော်၊ ရုပ်ပွားတော်များ ထားရှိ စံပယ်စေပြီး ပူဇော်ကိုးကွယ်သည်။ ပြည်သူတို့အားလည်း (၇)ရက်တစ်ကြိမ် ပူဇော်ကိုးကွယ်ခွင့်ပြုသည်။

မင်းကြီးသည် ထိုဓာတ်တော်၊ ဆံတော်၊ မွေတော်၊ ရုပ်ပွားတော်များ အနက် အချို့ကို ဌာပနာသွင်း၍ ကောင်းမှုတော် စေတီ၊ဘုရားများစွာကို တည်ထားပူဇော်ခဲ့သည်။ ယင်းတို့အနက် သာဂရမြို့ အနောက်ဘက်တွင်ရှိသော **မြင်ထင်တောင် (ထားဝယ်အခေါ် ဖျင်ထန်တောန်)**ပေါ်တွင်လည်း စေတီတော်တစ်ဆူ တည်ထားခဲ့ကြောင်း၊ ထိုစေတီတော်တွင် အထက်ပါ သရီရဓာတ်တော်၊ ဆံတော်အချို့ကို ဌာပနာသွင်းထားခဲ့ကြောင်းတို့ကို ရှေးစကားစဉ်အရ မှတ်ယူကြလေသည်။

ထိုစေတီတော်ကို မြင်ထင်တောင်ပေါ်တွင် တည်ထားခဲ့ခြင်းဖြစ်၍ **"မြင်ထင်တောင်စေတီ (ထားဝယ်အခေါ် ဖျင်ထန်တောန်စေတီ)"**ဟု ခေါ်သည်။ ယနေ့တိုင် ခေါ်ဝေါ်လျက် ရှိသည်။

ထိုစေတီတော်၏ အနောက်မြောက်ထောင့် ဖိနပ်တော်မှ ပေ(၁၀၀)ကျော်ကွာဝေးသောနေရာတွင် ကျောက်သားပြင်ပေါ်၌ ရှေးက ထွင်းထုထားခဲ့သော **"ကျောက်တွင်းကလေး တစ်တွင်း"** ရှိသည်။

ထိုကျောက်တွင်းကလေး၏ အနက်မှာ (၁)ပေ၊ (၉)လက်မရှိပြီး ထိပ်ဝအချင်းမှာ (၁)ပေ (၁၁)လက်မရှိသည်။ ပုံတွင်မြင်ရသည့်အတိုင်း ဖြစ်သည်။ စေတီတော်အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထိန်ရီက ထိုကျောက်တွင်းကလေးအတွင်းသို့ ဆင်း၍ ရပ်ပြနေသောပုံကိုလည်း ဖော်ပြထားပါသည်။

ဤတွင် ရှေးက ဗိသုကာပညာရှင်များသည် စေတီတည်ရာတွင် အချို့သောစေတီများ၌ တွင်းငယ်ကလေးတူးဖော်၍ ယင်းအထဲသို့ ရေထည့်ပြီး စေတီတော် တည့်မတ်မှု ရှိ၊မရှိ တိမ်းစောင်းခြင်း ရှိ၊မရှိ စသည်ကို ချိန်ဆကြည့်ရှု စစ်ဆေးလေ့ရှိသည်ဟုဆိုသော အဆိုကို အမှတ်ရမိသည်။

သို့ဖြစ်၍ ဤသည်မှာလည်း ရှေးမြန်မာ ပုဂ္ဂ(ခေါ်) ရှေးထားဝယ် ဗိသုကာပညာရှင်များ အသုံးပြုခဲ့သည့် တွင်းငယ်ကလေး ဖြစ်နေမည်လား (သို့မဟုတ်) ထိုကျောက်တွင်းကလေးကို "မည်သူ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထွင်တောင်စေတီရင်ပြင်တော်နံဘေးရှိဂူရှုးလှုပျားထွင်းထုခဲ့သော ကျောက်တွင်းငယ်

◆ မြင်ထင်တောင်စေတီရင်ပြင်တော် နံဘေးရှိ ဂူလှုများ ထွင်းထုခဲ့သော ကျောက်တွင်းငယ်

**က၊ မည်သည့် အချိန်က၊ မည်သည့် အတွက်ကြောင့် ထွင်းထုခဲ့သည်"** ဆိုသည်ကို လေ့လာ ဆန်းစစ်ကြည့်ရန် လိုအပ်နေပေသည်။

*  *  *

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း မင်းကြီးနှင့် မှူးမတ်ပြည်သူတို့သည် ထိုစေတီတော်၏အောက် ဌာပနာ တိုက်၌ ဗုဒ္ဓ၏ သရီရဓာတ်တော်၊ ဆံတော်များနှင့် ရတနာရွှေငွေ မြောက်မြားစွာကို လှူဒါန်း ဌာပနာသွင်းခဲ့သည်ဟု ဆိုသည်။

တစ်ကြိမ်တွင် လူတစ်စုသည် ထိုစေတီတော်သို့ တိတ်တဆိတ် လာရောက်ကြပြီး စေတီတော်အား ဆင်နှင့် တွန်းဖြိုကြလေသည်။

ဤတွင် အခါမဟုတ်ဘဲ ကြီးစွာသော မိုးခြိမ်းသံများ၊ လျှပ်ပန်းလျှပ်နွယ်များ လင်းလက်ပေါ်ပေါက်လာပြီးနောက် မိုးကြိုးပစ်လေသည်။ လောဘသားကောင်များမှာ သေကျေ ပျက်စီးကြရသည်။ ဆင်မှာလည်း ပုံတွင် မြင်ရသည့်အတိုင်း ကျောက်တုံး ဖြစ်သွားလေသည်။

◆ ဘုရားမျှော်ရာ မြေပုံအပေါ်တွင်



ပြင်ထောင်တောင်မတ်လည်ရှိ ငါးဆူတန်းဘုရားများအနက်မှ အမှတ် (၁) ဘုရား ...

◆ ဘုရားမျှော်ရာ မြေပုံအပေါ်တွင်



ပြင့်ထောင်တောင်မတ်လည်ရှိ ငါးဆူတန်းဘုရားများအနက်မှ အမှတ် (၄) ဘုရားမျက်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တွင်းယေ်၏ အနက်ကို စေတီတော်အကျိုးဆောင်အဖွဲ့မှ ဦးလှဝင်းက တိုင်းတာပြနေပုံ

ကျောက်တွင်းယေ်၏ အနက်ကို စေတီတော်အကျိုးဆောင်အဖွဲ့မှ
ဦးလှဝင်းက တိုင်းတာပြနေပုံ



အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင် ဦးထိန်ရီမှ ကျောက်တွင်းယေ်အတွင်းသို့ ဆင်း၍ ရပ်နေပုံ

အကျိုးဆောင်အဖွဲ့ အဖွဲ့ဝင် ဦးထိန်ရီမှ
ကျောက်တွင်းယေ်အတွင်းသို့ ဆင်း၍ ရပ်နေပုံ

ထင်ရှားသစ္စာရှိသော ကျောက်ခုံ တော်တုံသည့် စေတီတော်၏ ဓိနပ်တော်ကို တွေ့ရှိနေဟန် ဖြစ်နေသည်ကိုသနေတိုင် မြင်တွေ့နေရသည်။

ထိုအချိန်မှစ၍ စေတီတော်မှာ ထင်ရှားကျော်ကြားသွားသည်။ ထိုစေတီတော်၏ဌာပနာတိုက်ကိုဖောက်ထွင်းရန် ကြံစည်မည့် ပုဂ္ဂိုလ်များသည်လည်း ယနေ့အထိ မပေါ်ပေါက်တော့ချေ။

* * *

ဤမြင်ထင်တောင်သည် သာဂရမြို့ (မြို့ဟောင်းရွာ) အနောက်ဘက် ကိုက် (၁၀၀၀)ကျော်ခန့် အကွာတွင်ရှိသော တောင် ဖြစ်သည်။ ထိုတောင်၏ အရှေ့ဘက် တောင်ခြေရင်းတွင် မြို့ဟောင်းရွာ၏ သချိုင်းကုန်း ရှိသည်။

သချိုင်းကုန်း၌ ရှေးဟောင်းဘုရားပျက်တစ်ဆူ ရှိသည်။ ထိုဘုရားပျက်၊ စေတီပျက်ကို လေ့လာ ဆန်းစစ်ကြည့်ရာတွင် ရှေးဟောင်း ပျူခေတ်လက်ရာ ဖြစ်ဟန်ရှိသည်ဟု မှန်းဆရသည်။

ထိုမြင်ထင်တောင်၏ ပတ်လည်တွင် စေတီဟောင်း၊ ဘုရားပျက်များမှာ ယနေ့တိုင်အောင် မြောက်မြားစွာ ရှိနေသေးသည်ကို ဖူးတွေ့ရသည်။ အထူးသဖြင့် ထိုစေတီဟောင်း၊ ဘုရားပျက်များမှာ (၅)ဆူတန်းရှိသည်က များသည်ကို တွေ့ရသည်။

မြင်ထင်တောင် ပတ်လည်တွင်ရှိသော ရှေးဟောင်းစေတီပျက် (၅)ဆူတန်းများအနက် (၅)ဆူတန်း တစ်တန်းကို ပုံစံအနေဖြင့် ယခုဖော်ပြထားပါသည်။

သာဂရမြို့ဟောင်းရွာနေ မြင်ထင်တောင်စေတီ အကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်သော ဦးလှဝင်း၊ ဦးထိန်ရီ၊ ဦးထွန်းတင်(၂)တို့က (၅)ဆူတန်း စေတီပျက် အုတ်ပုံတစ်ဆူစီတွင် တစ်ဦးကျစီ ရပ်လျက်ရှိသော ဘုရားပျက် အုတ်ပုံများကို ဖော်ပြထားပါသည်။

* * *

ဤ မြင်ထင်တောင်စေတီတော်သည် မကြာခဏ ရောင်ခြည်တော် ကွန့်မြူးလေ့ ရှိ၏။ တစ်ခါတစ်ရံ ရောင်ခြည်တော်တန်းသည် ရှင်ဇလွန်စေတီတော်ဆီသို့ ရောက်ရှိသွားလေ့ရှိသည်ကို လည်းကောင်း၊ ဝေမိဿကတောင်ခေါ် ကနန်းတောင်စေတီဆီသို့ ရောက်ရှိသွားလေ့ရှိသည်ကို လည်းကောင်း ဖူးတွေ့ကြရလေ့ ရှိသည်။

ဒေသခံ သက်ကြီးရွယ်အိုများသည် ထိုရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးမြင်လိုက်ရသည့် အချိန်များ၌ ရောက်ရှိနေသည့်နေရာ (မြေကြီးစသည်)၌ပင် အလျှင်အမြန် ချက်ချင်း ထိုင်ချလိုက်ပြီး ရှိခိုးကြလေ့ ရှိသည်။

အချို့မှာ ဩဝါဒသ ဘုရားရှိခိုးကိုပင် တစ်ဝက်ခန့်ပြီးသည်အထိ ရှိခိုးရွတ်ဆိုပူဇော်ခွင့် ရရှိခဲ့သည်ဟုဆိုသည်။

ဤသည်မှာ "မယုံမရှိနှင့် ငါယိတွေ့ပါ"ဟု ဒေသခံပုဂ္ဂိုလ်တစ်ဦးက

www.burmeseclassic.com

စာရေးသူအား ပြောပြခဲ့သည်ကို ကြည်နူးဖွယ် ကြားသိခဲ့ရပါသည်။

ထို့အပြင် ထိုမြင်ထင်တောင်စေတီ အကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးလှဝင်းကလည်း ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ခဲ့ရသည့် ဒေသခံပုဂ္ဂိုလ်များ၏ အမည်နာမများ ကိုပင် ရေတွက် ပြောပြခဲ့သေးသည်။

သာဂရမြို့ဟောင်းရှာ ဝန်းကျင် တစ်ဝိုက်တွင် ထိုစေတီတော်၏ ဆု တောင်းပြည့်မှု၊ ရောင်ခြည်တော် ကွန့် မြူးမှုတို့ကား ထင်ရှားကျော်ကြားလှ ပေသည်။

**ထို့အပြင် လောကီပညာ၊ ဂမ္ဘီရလမ်း ကို လိုက်စားသည့် ပုဂ္ဂိုလ်များသည် ရှင် လှေ့စေတီ၊ နန်းဦးစေတီ၊ မြသပိတ်စေတီ ရဟန္တာသိမ်၊ မြသပိတ်သိမ်၊ သီတဂူသိမ်တို့ အပြင် "ဤမြင်ထင်တောင်စေတီတော်" သို့လည်း မပြတ်မနေ လာရောက်ကြ လေ့ရှိသည်။**

* * *

ထို့အပြင် ထူးခြားချက်တစ်ရပ် လည်း ရှိသေးသည်။ ယင်းမှာ မည်သူ မဆို မြင်ထင်တောင်ထိပ်သို့ ရောက်ပါ က စေတီတော်နှင့် မည်သို့ပင် အလှမ်း ကွာဝေးနေသေးစေကာမူ ချက်ချင်း ဖိနပ်ချွတ်ရလေ့ ရှိသည်။ မေ့လျော့၍ ဖိနပ်မချွတ်မိသူများမှာ မူးဝေအော့ အန်လေ့ ရှိသည်ဟု သိရသည်။

* * *

ထိုတောင်ခြေရင်းမှ တောင်ပေါ် အထိ မော်တော်ကား၊ ဆိုင်ကယ်များ တက်ရောက်နိုင်အောင် မကြာမီ ကာလက ဖောက်လုပ်ထားသည့် လမ်း တစ်လမ်းကို တွေ့ရသည်။

ထိုလမ်းမှာ သာဂရမြို့ဟောင်း ရွာသူရွာသားများက စည်းလုံး ညီညွတ် စွာဖြင့် လုပ်အားဒါနပြုကာ ဖောက် လုပ်ထားသည့်လမ်း ဖြစ်သည်။

ယခုအခါ ဘုရားဖူးလာ ဧည့်သည်




▲ မြင်ထင်တောင်စေတီအနီးရှိ ထပ်မံတည်ထားသည့်စေတီ

▼ မြင်ထင်တောင်နံဘေးရှိ သာဂရခေတ် ရှေးဟောင်း ဘုရားနေရာတွင် အသစ်တည်ထားသည့် စေတီတော်




▼ မြင်ထင်တောင်စေတီ ပြုပြင်စဉ်က တွေ့ရသည့် ရှေးဟောင်းအုတ်ချပ်မှ





www.burmeseclassic.com

www.burmeseclassic.com




◆ မြင်ထင်တောင်ပေါ်ရှိ ထိုင်တော်မူ ရုပ်ပွားတော်

◆ မြင်ထင်တောင်ထိပ်မှနေ၍ ရှင်ဂလွန် စေတီတော်နှင့် သာဂရမြို့ဟောင်းရွာကို လှမ်းမြင်ရသည့် ရှုခင်း




◆ ဘုရားပျက်နေရာ မြေပုံအပေါ်တွင် ဆီးထားလှကြီးတည်ရှိကာ ရပ်နေပုံ



များသည် တောင်ပေါ်သို့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ဖြင့် လွယ်ကူချောမွေ့စွာ တက်ရောက်နိုင်ကြပြီ ဖြစ်သည်။

တောင်ပေါ်တက်သည့် လမ်းနံဘေး လမ်းခုလတ်လမ်း၌ သာဂရခေတ်မှ ဘုရားငုတ်တို၊ ဘုရားပျက်နေရာ (၂) ခုတွင် စေတီငယ် (၂)ဆူ တည်ထားသည်ကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

တောင်ထိပ်တွင် မြင်ထင်စေတီတော်နံဘေး၌ ရှင်သီဝလိ ရဟန္တာမြတ်နှင့် ရှင်ဥပဂုတ်ရဟန္တာမြတ်တို့ကို စံကျောင်းဆောင်များဖြင့် တည်ဆောက်ပူဇော်ထားသည်မှာလည်း သပ္ပာယ်ကြည်ညိုဖွယ် ရှိလှပေသည်။

ဤသို့လျှင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၁၀၀၀)ကျော် မြင့်သည့် မြင်ထင်တောင်ထိပ်၌ ဆည်းလည်းသံတညံညံနှင့် ရွှေရောင်ဝင်းပလျက်ရှိသော ထိုစေတီတော်မြတ်ကြီးအား ဖူးမြော် ပူဇော်လိုက်ရသည်မှာ စိတ်ဝယ် ကြည်နူးလန်းဆန်းကာ အတိတ်သာဂရကိုအမှတ်ရစေလျက်ရှိလေသည်။

**မင်းသူရိန် (ထားဝယ်)**

**ကျမ်းကိုး**

- ❖ ထားဝယ်ရာဇဝင် အကျဉ်းချုပ် ပ–ဒုတွဲ(ဦးမောင်ကြီး)။
- ❖ သာဂရမြို့ဟောင်းရွာမှ (ယခု ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ ဖြစ်သော) အရှေ့ကျောင်း ဆရာတော်ကြီး၏ ပြောပြချက်။
- ❖ သာဂရမြို့ဟောင်းရွာနေ မြင်ထင်တောင် စေတီတော်အကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင်ဖြစ်သော ဦးလှဝင်း၏ ပြောပြချက်။
- ❖ ကွင်းဆင်းလေ့လာချက်များ။

www.burmeseclassic.com

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝရာ၁ YR ၀၀၆၀၂၄)

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၂၂၅၅၇၁

ကိုကြီးကောင်း

www.burmeseclassic.com

စံလွန်သော

မြင်းခြံမြို့နယ်၊ ကွမ်းတောရွာ၊ မင်္ဂလာသီရိကျောင်းမှ

# ဆရာတော် အရှင်ပညာသီရိ

၏ မပုပ်သိုးသော ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ (၃)

**ယခင်လမှ အဆက်**

(၁၃)ဝါအရတွင် မင်္ဂလာသီရိ ကျောင်းထိုင် ဆရာတော်အဖြစ် စာသင်သားများအား စာဝါပို့ချပေးသည်။ (၁၇)ဝါအရ သက်တော်(၃၇)နှစ်တွင် ကျောင်းတိုက်တာဝန်ကို တပည့်သံဃာများနှင့် လွှဲအပ်ကာ အရှေ့ဝါသီတောရ ခေါက်တည်အားထုတ်သည်။

သက်တော် (၈၀)ပြည့်ခါနီးတွင် ထူးခြားဆန်းကြယ်မှုများစွာ ဖြစ်ပေါ်လျက် လူအများက ရဟန်းထူးတစ်ပါးအဖြစ် လေးစားကြည်ညို ပူဇော်ခြင်းခံတော်မူရ၍ **၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၁)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။**

ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ကြို့တင် မိန့်မှာချက်အတိုင်း စံကျောင်းဗိမာန်တွင် ပူဇော်ထားရှိပါသည်။

**ထူးခြားချက်အချို့**

- ဆရာတော်ကြီးသည် ကွမ်းတောရွာကျောင်းနှင့် မန်ကျည်းကန်တောရကျောင်း နှစ်ဌာနမှလွဲ၍ အခြားမည်သည့်နေရာဌာနသို့မှ ကြွချီခြင်းမရှိသော်လည်း အခြားသော မြို့ရွာနေရာများ၌ ဖူးတွေ့ရကြောင်း ပြောဆိုလေ့ ရှိကြသည်။

သာဓကတစ်ရပ်အနေဖြင့် ဆရာ



ဆရာတော် ဧကြီကြွင်း

www.burmeseclassic.com

တော်ကြီး၏ ဥပဇ္ဈာယ်ဖြစ်တော်မူသော ဆရာတော် ဦးကဝိန္ဒာစာရ သီတင်းသုံးရာ "လက်ယက်မ" ရွာနေ အသက် (၅၀)ကျော်ခန့်ရှိ ဒေါ်ခင်ဝင်းသည် ဆွမ်းခံချိန်၌ အိမ်ရှေ့တွင် အာဂန္တု ဆရာတော်တစ်ပါး ဆွမ်းခံကြွလာသဖြင့် ဆွမ်းလောင်းလိုက်သည်။

ကြည်ညိုဖွယ် ဥပဓိရုပ်သွင်တော်ကို ကောင်းစွာ မှတ်မိသော်လည်း မည်သည့်နေရာမှ ကြွလာသည်ကို မမေးလျှောက်မိခဲ့ချေ။

မကြာမီကာလအတွင်း ကွမ်းတော ဆရာတော်၏ သီလဂုဏ်သတင်းကို ကြားသိရသဖြင့် လာရောက် ဖူးမြော်သောအခါ မိမိအိမ်သို့ ဆွမ်းခံကြွလာသော ဆရာတော်ကြီး ဖြစ်နေသဖြင့် ဝမ်းမြောက်ပီတိ ဖြစ်လွန်းသောကြောင့် နားကပ်ကိုချွတ်ကာ လှူဒါန်းလေသည်။

ဆရာတော်က အလှူမခံလို ကြောင်း တားမြစ်သောအခါ ဒါန မြောက်စေရန် တောင်းပန်သဖြင့် ကပ္ပိယ ကာရက ညွှန်း၍ လှူရသည် ဆို၏။ ထိုသို့ လှူဒါန်းနေပုံကိုလည်း ဓာတ်ပုံမှတ်တမ်း ပြုထားသည်ဟု သိရသည်။

- ၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလကွယ် နေ့တွင် ပခုက္ကူမှ ဘုရားဖူးကားကြီး တစ်စီး ဆိုက်ရောက်ကာ ဆရာ တော်အား လာရောက် ဖူးမြော်ကြသည်။

ဆရာတော်ကြီးသည် တောရ ကျောင်းမှ ပြန်ကြွလာရန် အချိန် နီးကပ်နေပြီဖြစ်၍ ကျောင်း၌ ဥပုသ်စောင့်နေသည့် ကပ္ပိယ ဦးစံဖေအား အဖူးအမြော် ခံယူပါရန် လျှောက်ခိုင်းကြသည်။

ဦးစံဖေလည်း အကျိုးအကြောင်း လျှောက်ထားကာ ဆရာတော်ကြီး နောက်မှ လိုက်ပါလာသည်။ ဆရာတော်က ရှေ့မှ ဖြည်းလေးစွာ လျှောက်နေသဖြင့် ဦးစံဖေက အားမလို အားမရ ဖြစ်ကာ ညည်သည့်များ စောင့်နေ၍ မြန်စွာကြွစေချင်သည်။ သို့သော် နှုတ်ဟမလျှောက်ဝံ့ချေ။

ခရီးထက်ဝက် ရောက်သောအခါ ဆရာတော်က ခြေ နှစ်လှမ်း,သုံးလှမ်း လှမ်းလိုက်သည်နှင့် ဝါး နှစ်ပြန်,သုံးပြန် ခန့် အဝေးသို့ ရောက်သွားလေသည်။

စိတ်ဖြင့် ပြစ်မှားမိသည်ကို ထိတ်လန့်ကာ မီအောင် အားကုန်လှမ်း၍ လိုက်သော်လည်း လိုက်မမီဟု ဆိုလေသည်။

- ၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့် နေ့တွင် မြိုင်မြို့မှ ဒကာများ လာရောက်၍ ဆွမ်းကပ်လှူရာ သီလပေး တရားဟော၍ ဆွမ်းကြီးလောင်းပွဲလည်း ရှိနေသဖြင့် ရွာကျောင်း၌ပင် သီတင်းသုံးနေတော်မူသည်။

ထိုအချိန်တွင် တောရကျောင်းတွင် လာရောက်ဖူးမြော်သူများ နားနေရန် ဒကာအချို့က မဏ္ဍပ်ဆောက်နေကြသည်။

ထိုစဉ် ဆရာတော်ကြီး တောရကျောင်းသို့ ကြွလာ၍ မဏ္ဍပ်ဆောက်နေသူတို့အား စကားပြော အဖူးမြော်ခံယူသည်။

ထိုအချိန်တွင် မန်ကျည်းကန်တောရ အနီး သနပ်ခါးခြံမှ ကိုဟန်ရှိန်သည် ဆွမ်းကြီးလောင်းပွဲအမီ အပြေးလာခဲ့ရာ တောရကျောင်း၌ ညည်ပရိသတ်များနှင့် စကားပြောနေသည့် ဆရာတော်ကြီးကို တွေ့ရသည်။

ရွာကျောင်းတွင် ဆွမ်းကြီးလောင်းပွဲကို ဆရာတော်ကြီးလည်း ကြွရောက်မည် ဖြစ်လေရာ စိတ်အေးလက်အေးဖြင့် လျှောက်လာခဲ့သည်။ ရွာကျောင်းဝင်းသို့ ရောက်သော် ဆွမ်းကြီးလောင်းပွဲ စတင်နေလေပြီ။ ဆွမ်းခံ သံဃာတော်များ ရှေ့ဆုံးမှ ဆရာတော်ကြီးကို မြင်ရသဖြင့် အလွန် အံ့ဩမိသည်။

တောရကျောင်းမှ ဒကာများက ဆရာတော် ညည့်ခံစကားပြောပြီး **"ဆွမ်းကြီးလောင်း အလှူခံ ကြွချေဦးမည်"** ဟု မိန့်ကြား ထွက်ခွာသွားကြောင်း ပြောကြသည်။

ရွာကျောင်းမှ ဒကာများကလည်း ဆွမ်းကြီးလောင်းသည်အထိ ဆရာတော်ဘယ်မှ မကြွကြောင်း ပြောဆိုကာ နှစ်ဖက် ငြင်းခုံကြတော့သည်။

ယင်း လဆုတ်(၆)ရက်နေ့ည တရားဟောရာ၌ အချင်းချင်း ငြင်းခုံခြင်းသည် ခိုက်ရန်ဖြစ်ပွားတတ်ကြောင်း ငြင်းခုံခြင်း မပြုကြရန် ဆုံးမ၍...

'တို့ဟာ ရှုည်နှမထောရ်လို ရဟန်းတစ်ထောင်အထိ မဖန်ဆင်းနိုင်ပါဘူး'

ဟု မိန့်ကြားသည်။

သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကျုံက ကျေးရွာအနီးရှိ သပိတ်အိုင်တောရ ဆရာတော်ဦးကိတ္တိသည်လည်း ကျုံကရွာမှလွဲ၍ အခြားသို့ ဆွမ်းခံကြွခြင်း မရှိသော်လည်း ဝေးကွာလှသည့် ရန်ကုန်၊ မော်လမြိုင် ဌာနများတွင် ဆွမ်းခံကြွနေသည်ကို မြင်ခဲ့ရကြောင်း လာရောက် လျှောက်ထားသောအခါ **နတ်များ ဖန်တီးမှုဖြစ်နိုင်ကြောင်း** မှတ်ချက် ပေးတော်မူခဲ့လေသည်။

- ပခုက္ကူမြို့၊ ပဒေသာစာအုပ်ဆိုင်မှ မိသားစုသည် ဆရာတော်ကြီး၏ ဓာတ်ပုံကို နေအိမ်ဘုရားစင်၌ပူဇော်ထားကာ ဆွမ်း,ရေချမ်း ကပ်လှူလေ့ ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com



☗ ဆရာတော် သီတင်းသုံးခဲ့သည့် တောရကျောင်း

၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း(၁၂) ရက်နေ့တွင် ပုံတော်ရှေ့၌ ကပ်လှူထားသော သောက်တော်ရေခွက်မှ ရေပူပေါင်းကလေးများထကာ အောက်သို့ လျှံကျနေသည်မှာ သုံးရက်တိုင်ဖြစ်သည်။

ထိုရက်ပိုင်းတွင် ကွမ်းတာကျောင်းမှ ဂေါပကအဖွဲ့ဝင် ဦးမောင်ရွှေနှင့် ဦးကျော်ငွေးတို့သည် ပရိတ်ကြီးစာအုပ်ဝယ်ရန် ထိုဆိုင်သို့ ရောက်ရှိသွားရာ ဆိုင်ရှင်က ခေါ်ပြသဖြင့် မြင်တွေ့ခဲ့ကြလေသည်။

○ မြိုင်မြို့နယ် ညောင်တွင်းရွာမှ ဦးညိုထွားသည် ဆရာတော်အား ဖူးမြော်ပြီးအပြန်တွင် ပုံတော်ကို ဝယ်ယူပင့်ဆောင်ကာ နေအိမ်ဘုရားစင်၌ ပူဇော်ထားသည်။

ညဉ့်အခါ ဘုရားစင်မှ အလင်းရောင်များ ထွက်ပေါ်လာ၍ နံနက်တွင် ရှာဖွေကြည့်ရာ ဓာတ်ပုံထည့်ထားသည့် ပလတ်စတစ်အိတ်အတွင်း၌ **ပဲနောက်စေ့အရွယ် ရွှေရောင်အလုံးကလေး**ကို မြင်တွေ့ရလေသည်။

အလားတူပင် ဆရာတော်၏ ပရိတ်ရေများကို ပူဇော်ထားရာ ပရိတ်ရေပုလင်းအတွင်း၌ ရွှေရောင်၊ ငွေရောင်၊ ပုလဲရောင် အလုံးကလေးများ ပဲစေ့အရွယ်၊ မန်ကျည်းစေ့အရွယ်ခန့် ဖြစ်ပေါ်နေကြောင်း တွေ့ကြရသကဲ့သို့ **ဆံတော်မုလင်းများမှလည်း ဓာတ်တော်များ၊ ရောင်စုံဆံတော်များ** ဖြစ်နေသည်ကို တွေ့ကြရသည် ဆိုလေသည်။

**(အသေးစိတ် အချက်အလက်များကို အရှင်ပညာဝိကာသီရိ၏ ကွမ်းတောဆရာတော် ထေရုပ္ပတ္တိစာအုပ်တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။ ထို့အပြင် ဆရာတော်၏ ထူးခြားဂုဏ်အင် တစ်ရပ်အဖြစ် ခွင့်တောင်းခြင်း မရှိဘဲ ဓာတ်ပုံ, ရုပ်ရှင်ရိုက်ကူးခြင်း၊ အသံဖမ်းခြင်းများ မြူလုပ်ပါက ပုံရိပ်မထင်၊ အသံမဝင်ကြောင်း သာဓကများဖြင့် ဖော်ပြထားလေသည်။)**

---

ဆရာတော်၏ဩဝါဒ

---

**ဆရာတော်ကြီးသည် ရဟန်းရှင်လူ ကြီးငယ်မရွေး မပြောင်းမလဲ တိုက်တွန်း မိန့်ကြားလေ့ရှိသော ဩဝါဒမှာ** မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ရွတ်ပွားပူဇော် နှလုံးသွင်းခြင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းကြရန် ဖြစ်သည်။

ဂုဏ်တော်ကိုးပါးစလုံးကို ဖြစ်စေ၊ နှစ်သက်ရာ ဂုဏ်တော်တစ်ပါးကို ဖြစ်စေ ပုတီးစိပ်ခြင်း၊ နှလုံးသွင်းခြင်းဖြင့် ပူဇော်ရန် အတန်တန် တိုက်တွန်းသည့်

www.burmeseclassic.com

အပြင် ဂုဏ်တော်စိပ်ပွား ပူဇော်ရခြင်း၏ အကျိုးအာနိသင်နှင့် လက်တွေ့ဖြစ်ရပ်များကိုပါ ဗဟုသုတဖြစ်အောင် မိန့်ကြားတတ်သည်။

ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း ပူဇော်ခြင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းရခြင်းကြောင့် အားထုတ်သူ ပုဂ္ဂိုလ်သည်...

၁။ စိတ်နေစိတ်ထား တည်ကြည်ရရှင့်ခြင်း။
၂။ မတွေ့မဆေ သေရ၍ သုဂတိဘဝသို့ ရောက်ရခြင်း။
၃။ နောင်တွင် ဘုရားနှင့် တွေ့ဆုံသည့်အခါ ဘုရားဟော တရားတော်ကို သိလွယ်ခြင်း။
၄။ မြတ်သော အမျိုး၌ ဖြစ်ရခြင်း။
၅။ သူတစ်ပါး ရိုသေလေးမြတ်မှု ခံရခြင်း။
၆။ ဉာဏ်ရုပ်သွင် ကိုယ်ဆင်းအင်္ဂါကောင်းခြင်းနှင့် ပြည့်စုံခြင်း။
၇။ ချောမောလှပသည့် ရုပ်သွင် ရရှိခြင်း။
၈။ ကိုယ်ရနံ့ ကြိုင်လှိုင်သင်းပျံ့ခြင်း။
၉။ ခံတွင်းရနံ့ ကြိုင်လှိုင်သင်းပျံ့ခြင်း။
၁၀။ ဉာဏ်ပညာကြီးမြင့်ခြင်း။
၁၁။ နက်နဲသော သဘောတရား ပညာရပ်များ တတ်ပွန်ခြင်း။
၁၂။ လျင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၃။ ရွှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၄။ ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၅။ ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၆။ နှုတ်ထွက်စကား အပြောအဆို ကောင်းမွန်ခြင်း။
၁၇။ အားထုတ်သူ၏ ကိုယ်ခန္ဓာသည် စေတီအိမ်ပမာဖြစ်၍ သူတစ်ပါးတို့ ရှိခိုးပူဇော်မှု ခံယူထိုက်ခြင်း။

ဟူသော အကျိုး(၁၇)ပါးနှင့် ပြည့်စုံရသည်သာမက...

၁။ သံသရာ ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်း။
၂။ သံသရာဝဋ်ဆင်းရဲ၌ ပတ်ပယ်ခြင်း။
၃။ ရာဂ စသည်တို့၌ မဖြစ်မတည်ခြင်း။
၄။ ကိလေသာတို့ကို ငြိမ်းအေးစေခြင်း။
၅။ သမ်တတရား(ပြုပြင်စီရင်အပ်သော တရား)တို့ကို အထူးသိလွယ်ခြင်း။
၆။ သစ္စာလေးပါးတရားတို့ကို သိလွယ်ခြင်း။
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။

ဟူသော **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသူ၏ ခံစားရသော အကျိုးတရား(၇)ပါးကို အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ၊ ပထမဝဂ်တွင်** ပါရှိကြောင်း မိန့်ကြားတော်မူသည်။

ကျောင်းသား၊ သာမဏေများကိုလည်း ဂုဏ်တော်နှင့် ပတ်သက်၍ စိတ်အားထက်သန်စွာ အားထုတ်လိုစိတ် ဖြစ်ပေါ်စေရန် ဤသို့ မိန့်တော်မူတတ်သည်။

၁။ လာဘ်လာဘ ပေါ်ချင်ရင် အရဟံဂုဏ်တော် စိပ်ရတယ်။
၂။ စာမေးပွဲအောင်မြင် ဉာဏ်ကောင်းချင်ရင် သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်၊
၃။ အကြံအစည် အောင်ချင်ရင် ဝိဇ္ဇာစရဏသမ္ပန္နော၊
၄။ ချေးရောင်းချေးဝယ် ကောင်းချင်ရင်၊ ကောင်းသောစကား ပြောရကြားရချင်ရင် သုဂတော၊
၅။ လောကအဖြစ်အပျက် အကြောင်းအရာ သိချင်ရင် လောကဝိဒူ၊
၆။ ဩဇာအာဏာ ထက်မြက်ချင်ရင် အနုတ္တရောပုရိသဒမ္မသာရထိ၊
၇။ ဆရာသမား အကြီးအကဲ ဖြစ်ချင်ရင် သတ္ထာဒေဝမနုဿာနံ၊
၈။ သူတစ်ပါး စိတ်အကြံကို သိချင်ရင် ဗုဒ္ဓေါ၊
၉။ ဘုန်းတန်ခိုး ကြီးချင်ရင် ဘဂဝါ ဂုဏ်တော် စိပ်ပါ။

ဟု တိုက်တွန်းလေ့ရှိသည့် အရှင်သာရိပုတ္တရာ၏ ပညာဉာဏ်တော် ကြီးမားမှုသည် လောက၌ ဘုရားမှ တစ်ပါး တူမျှသူ လူနတ်ဗြဟ္မာတစ်ဦး တစ်ယောက်မျှမရှိ။

ထို **အရှင်သာရိပုတ္တရာ ဉာဏ်ပညာ ကြီးမားရခြင်း အကြောင်းမှာ** ဒါန၊ သီလကြောင့် မဟုတ်ဘဲ **အနောမဒဿီ မြတ်စွာဘုရားလက်ထက်က ထိုဘုရားရှင်၏ ဉာဏ်တော်တို့ကို အာရုံပြု၍ ဂါထာတို့ဖြင့် ချီးကျူးရှိခိုး ပူဇော်ခဲ့သော ဗုဒ္ဓါနုဿတိဘာဝနာ၏ စွမ်းအင်သတ္တိကြောင့် ဖြစ်ကြောင်း ဆွဲဆောင် ဟောပြတော်မူခဲ့လေသည်။**

ဆရာတော်သည် ဝိနည်းလေးစား၍ အာပတ်အသေးအဖွဲမှ စ၍ ဂရုစိုက်သည်။ ဆပ်ပြာမွှေးကိုမသုံး၊ ကပ်သူရှိက အလှူခံထားကာ လှူသူ ပြန်သည်နှင့် စွန့်လိုက်လေ့ရှိသည်။

ကျောင်းတွင်း ရဟန်းသာမဏေတို့အားလည်း ရေဒီယို၊ ကက်ဆက်၊ တီဗွီ ကြည့်ရှုနားဆင်ခြင်း ခွင့်မပြု၊ ဆေးလိပ်သောက် ကွမ်းစားခြင်း မပြုရ၊ နေလွဲ ရေနွေးကြမ်းသောက်ခြင်းကိုပင် အထူး ကြပ်မတ်တော်မူသည်။

အခြားကျောင်းသို့ သွားလျှင် ကျောင်းဝ ဖိနပ်ချွတ်ထားခဲ့သည်။

'တခြားကျောင်းဝင်တဲ့အခါ ဖိနပ် မစီးကောင်းဘူး။ စီးချင်ရင် အပြန်မှစီး။ အပြန်ဆိုတာ ဒီကျောင်းက ဘုန်းကြီးတွေနဲ့ စကားပြောဆို တွေ့ဆုံခဲ့ပြီးဖြစ်လို့ ကျေနပ်ခွင့်ပြုနိုင်လောက်တဲ့ အခြေအနေမှာရှိလို့ စီးသင့်ပါပြီ'


ဟူ၍ တပည့်တို့အား ဆုံးမ၏။

ထို့ပြင် ပရိယတ္တိကိုလည်း အလွန်မြတ်နိုးသည်။ ကျောင်းတွင် ညအခါ စာအံစာကျက်သံ မကြားရလျှင် တာဝန်ရှိသူကို ခေါ်၍ဆူသည်။

ပျံလွန်ခါနီး ကျန်းမာရေး ချို့ယွင်းနေစဉ်မှာပင် ကျောင်း၌ စာအံသံ မကြားရလျှင် ကိုယ်တိုင်ကြွသွားကာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ရဟန်းပြုခဲ့ရာသိမ်တော်

စာကျက်ခိုင်းတတ်သည်။ **"စာအံသံမကြားရတိုင်း ဘုရားသာသနာတော့ ကွယ်ပါပြီ"**ဟု ညည်းညူလေ့ရှိသည်။

တပည့်များ ဘယ်စာသင်တိုက်ကိုပဲ ရောက်ရောက် သဒ္ဒါကြီးစာဝါကို ထိုက်မိအောင် လိုက်ခိုင်းသည်။

သဒ္ဒါမပိုင်ရင် စာမနိုင်ဘဲ ဆင်ကန်းတောတိုး ဖြစ်လိမ့်မယ်။ သဒ္ဒါကိုးခေါက် စာပြီးပြောက် ဆိုကြတယ်။ အခုအခါ သဒ္ဒါသုံးခေါက်တောင် မလိုက်ချင်ကြတော့ဘူး။ စာမေးပွဲအောင်ဖို့သာ လုပ်နေကြတယ်။ စာတတ်ဖို့ အမိက ထားကြဘူး။

စာမေးပွဲအောင်ရုံနဲ့ ရောင့်ရဲ ဘင်းတိမ်နေကြရင် စာကုန်မှာ မဟုတ်ဘူး။ စာမေးပွဲ အထိုက်အလျောက် အောင်ပြီးရင် ပခုက္ကူစာသင်တိုက်ကြီးတွေ ရောင်ပြီး ကျမ်းကြီးဖောက်ကြဦး' ဟု စာသင်သားတို့ကို မှာလေ့ရှိ၏။

## အမိကျေးဖူးဆပ်ပုံ

ဆရာတော် သက်တော်(၄၀)အရွယ်တွင် ခမည်းတော် ဦးဘိုးလှိုင် အနိစ္စရောက်၍ ဆရာတော်၏ သက်တော် (၅၂)အရွယ်တွင် မယ်တော် ကျန်းမာရေး ယိုယွင်း၍ သားရဟန်းကို ဖူးမြော်ချင်လှသည်ဟု တမ်းတနေကြောင်း ဒကာတစ်ဦး လာလျှောက်သဖြင့် ညဦးတွင် ကြွရောက်သည်။

မယ်တော်၏ ခေါင်းရင်း၌ ခုံတန်းလျားတစ်ခု ပြင်စေ၍ မိခင်ကျေးဇူး ကျေနိုင်သမျှ ကျေစေရန် အောက်ပါ ဒေသနာတော်ကို ပူဇော်သည်။

ယော စခေါ် ဘိက္ခဝေ မာတာပီတရော အဿဒ္ဓေ သဒ္ဓါ သမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။

ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။

မစ္ဆရိ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။

ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ။

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါတရား မရှိသေးသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံစေရန်၊ သီလ မရှိသေးသော မိဘတို့ကို သီလနှင့် ပြည့်စုံစေရန်၊ နှမြောစေးနဲ[illegible]င်း မရှိသော မိဘတို့ကို စွန့်ကြဲပေး[illegible] လှူဒါန်းစေရန်၊ ပညာမရှိသော မိဘတို့ကို ဝိပဿနာပညာနှင့် ပြည့်စုံစေရန် ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးတုံ့ပြန် ပေးဆပ်ရာရောက်သည်ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။


**ရွှေလ ဆက်ဖတ်ပါရန်**

**စံထွန်းသာ**



www.burmeseclassic.com


www.burmeseclassic.com



ရှုခင်း

သိဒ္ဓိဝင် ဂမ္ဘီရ နှစ်ပေါက်ဝါးနှင့်

# ဝါးလက်ခုပ် အစီအရင်



▲ ဝါးလက်ခုပ်အား လှဲလျက် အနေအထားဖြင့် တွေ့ရပုံ

◀ ဝါးလက်ခုပ်အား ထောင်လျက် အနေအထားဖြင့် တွေ့ရပုံ

တစ်နေ့တွင် အပေါက်နှစ်ပေါက်ပါသောဝါးကို ပန်းတောင်းမြို့နယ်၊ ဂ... ဆင်တဲ တိုးချဲ့(၂)လိုင်းတွင် နေထိုင်သူ ဒေါ်ခင်ဌေးဝင်း(ခ)ဒေါ်ကျား၏နေအိမ်တွင် ရှိသည်ဆို၍ သွားရောက် ကြည့်ရှုဖြစ်ခဲ့ပါသည်။

သူမသည် ဒိုင်ပြုပြင်ရေးအလုပ်ရုံတွင် တာဝန်ထမ်းဆောင်နေသော စာရေးမဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာ သိပါသည်။ သဘောကောင်း မနော ကောင်းသူ ဖြစ်သည့်အလျောက် ကျွန်ုပ်၏ လာရင်းကိစ္စကို ပြောပြလိုက်သော အခါ ဒေါ်ကျားကလည်း သူ၏အဆောင်အား ထုတ်ပြပေးပါသည်။

အဆိုပါ အပေါက်နှစ်ပေါက်ပါသော ဝါးကို ဝါးလက်ခုပ်ကလေး ပြုလုပ်ပြီး ဆောင်ထားသည်ကို တွေ့ရပါသည်။ ဝါးလက်ခုပ်ပြုလုပ်ပြီး ဆောင်ထားရသော အကြောင်းရင်းများကိုလည်း အောက်ပါအတိုင်း မနားတမ်း ဆိုသလို တရစပ် ရှင်းပြခဲ့ပါသည်။

'ကျွန်မကတော့ ဂမ္ဘီရယုံကြည်မှုဖြစ်တဲ့ ယောဒီ နှစ်ပေါက်ဝါးကို ဂမ္ဘီရအစီအရင် တစ်မျိုးဖြစ်တဲ့ ဝါးလက်ခုပ်တစ်မျိုးကို ပြုလုပ်ပြီး ဆောင်ထားတယ်။ လက်ခုပ်နဲ့ လာဘ်ခေါ်ဆိုတာ စာတ်တူနံ့တူ ဖြစ်နေတယ်။

လက်ခုပ်တီးတယ်ဆိုတာ သာမန်အားဖြင့် ပျော်ရွှင်ကြည်နူး ဝမ်းမြောက်ဝမ်းသာ အားရ ကျေနပ်နေရတဲ့သူတွေမှ တီးကြတာပါ။ ပူဆွေးသောကျပါဒတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရတဲ့သူတွေအဖို့ကတော့ ဘယ်လိုလုပ်ပြီး လက်ခုပ်လက်ဝါးတီးလို့ နေနိုင်မှာလဲ။ အဲဒါကကိုပဲ ဝါးလက်ခုပ်ရဲ့ လျှို့ဝှက်တဲ့ သင်္ကေတတစ်မျိုးလို့ဆိုရင် မမှားနိုင်ပါဘူး။

ဂမ္ဘီရနယ်ပယ်ဆိုတာ ကျယ်ဝန်းလှပါတယ်။ ဉာဏ်ရှိရင်ရှိသလို ဘက်စုံထောင့်စုံကနေပြီး အသုံးချနိုင်တယ်။

ဆိုပါတော့ ကိုယ်က အန္တရာယ်ရှိတဲ့ခရီးကို သွားရတော့မယ်ဆိုပါတော့။ ဒီအခါ ကိုယ့်ရဲ့ နေအိမ်ကနေမထွက်ခွာမီ အန္တရာယ်ကင်း ဂါထာတစ်မျိုးမျိုးကို (၉)ခေါက်ရွတ်ဆိုပြီး ယောဒီ ဂမ္ဘီရဝါးလက်ခုပ်ကို (၉)ခေါက်တီးပြီးရင် ဆုတောင်းပြီးမှသွား။ ဒီဆိုရင် အဲဒီခရီးစဉ်အတွက် အန္တရာယ် မရောက်နိုင်တော့ဘူး။

ဒီလိုပဲ လာဘ်လာဘအတွက် အလိုရှိတဲ့ခရီးကို သွားရတော့မယ်ဆိုရင်လဲ လာဘ်လာဘတွေ ...ပါများစေမယ့်

www.burmeseclassic.com

ဂါထာတစ်မျိုးမျိုးကို (၉)ခေါက်ရွတ်ဆို၊ ဂမ္ဘီရဝါးလက်ခုပ်ကို (၉)ခါတီး။ ဆုတောင်းပြီးမှသွား ဒါမျိုးပေါ့။

လူချစ်လူခင် ပေါများစေချင်သလား။ ရန်အပေါင်းကို အောင်နိုင်စေလိုသလား။ အကြံအစည် အောင်မြင်စေချင်သလား။ ကိုယ့်ရည်ရွယ်ချက်နဲ့ သက်ဆိုင်ကိုက်ညီမယ့် ဂါထာတစ်မျိုးမျိုးကို ရွတ်ဆိုပူဇော်ပြီးပြောခဲ့တဲ့အတိုင်း ဝါးလက်ခုပ်ကိုတီးပြီးမှ သွားရောက်ဆောင်ရွက်နိုင်တယ်။

အဲဒီလိုမျိုး ဂါထာတွေကတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ်တွေမှာ ရှာဖတ်လိုက်ရုံနဲ့ တွေ့ရနိုင်ပါတယ်။

ကိုယ့်ရဲ့နေအိမ်တွင်းမှာ မမြင်ရနိုင်တဲ့ဘေးပယောဂတွေ၊ အတိုက်အခိုက်တွေ ဝင်ရောက်နေတယ်။ မကောင်းကြံစည်ခြင်းကို ခံနေရတယ်လို့ စိတ်ထဲမှာ သေိုးမသန့် ခံစားနေရတဲ့ အခါမျိုးတွေမှာလဲ ပြောခဲ့တဲ့အတိုင်းပါပဲ။ သက်ဆိုင်ရာ ဂါထာတစ်မျိုးမျိုး။ ဥပမာ **အဋ္ဌာနမေတံ** အစချီတဲ့ သက်တော်မြဲဂါထာကို ရွတ်ဖတ်ပူဇော်ပြီး နေအိမ်အတွင်းမှာ ဒီဝါးလက်ခုပ်နဲ့ လှည့်ပတ်လျှောက်တီးပြီး မောင်းထုတ်နိုင်တယ်'

ရှေးလူတွေက မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဂါထာတွေနဲ့ ဂမ္ဘီရနည်းတွေကို သိဒ္ဓိတင်ပေးကြတယ်။ ပြီးနောက် အဲဒီ အဆောင်ပစ္စည်းတွေကို လောကီရေးရာကိစ္စတွေမှာ အသုံးပြုပြီး အောင်မြင်သွားကြတာတွေရှိမှာပေါ့။ ခုလဲ ဒီလိုပဲပေါ့။

သက်ဆိုင်ရာ ဂါထာတစ်မျိုးမျိုးကို ရွတ်ဆိုလိုက်တယ်။ ရွတ်ဆိုလိုက်တယ် ဆိုတာက တစ်နည်းအားဖြင့် သိဒ္ဓိတင်လိုက်ခြင်းပါပဲ။ အဲဒီလို သိဒ္ဓိတင်ပေးပြီးတဲ့ နောက်မှာတော့ ကိုယ်လိုရာကို တောင်းပြီး တီးပေးလိုက်ခြင်း



◆ ဝါးလက်ခုပ်အစီအရင်အကြောင်းအား ပြောဆိုရှင်းပြပေးနေသော ကာစစ(၁၆) ဒိုင်ပြုပြင်ရေးအလုပ်ရုံ (ဆင်တဲ)မှ စာရေးမ ဒေါ်ခင်ဌေးတင်(ခေါ်)ဒေါ်ကျား

ပါပဲ။

ဒီအခါမှာ ဂါထာတော်ရဲ့ တန်ခိုးတော်တွေအပြင် ဟောဒီက မမြင်နိုင်တဲ့ သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းရဲ့ ပံ့ပိုးပေးမှုကြောင့် လိုရာဆန္ဒတွေ ပြည့်စုံသွားမှာပါ။

လိုရာဆန္ဒတွေဆိုတဲ့ နေရာမှာတော့ သမာအာဇီဝကျတဲ့ ကိစ္စမျိုးတွေပဲ ဖြစ်ရမှာပေါ့။ နောက်ဆုံး သိထားသင့်တာကတော့ ဂမ္ဘီရပစ္စည်းဆိုတာ နတ်ကြိုးတယ်ရှင့်။ လူမစွမ်း နတ်မ,ဆိုတာ ကြားဖူးမှာပေါ့နော်။

ခြုံငုံပြီး ပြောရရင်တော့ ဟောဒီ ဂမ္ဘီရ နှစ်ပေါက်ပါတဲ့ ဝါးလက်ခုပ်နဲ့ လာဘ်လာဘတွေကို ဖိတ်ခေါ်လို့ရသလို ရန်အပေါင်းကိုလဲ မောင်းထုတ်လို့၊ ဖယ်ရှားလို့ ရနိုင်တယ်။ ဉာဏ်ရှိသလို စွယ်စုံသုံးနိုင်တယ်"

ဟု ရှည်လျားစွာဖြင့် ပြောဆိုရှင်းပြပြီး စကားကို အဆုံးသတ်လိုက်ပါတော့သည်။

ကျွန်ုပ်ဖတ်ဖူးခဲ့သော စာအုပ် တစ်အုပ်တွင် အဆိုပါ အပေါက်နှစ်ပေါက်ပါသော သိဒ္ဓိဝင် ဂမ္ဘီရဝါးမျိုးကို အပိုင်းကလေးတွေ ပိုင်းဖြတ်ပြီး အပေါက်(၂)ခုထဲတွင် အမွှေးတိုင်(၂)ချောင်း ထည့်ထွန်း၍ ဘုရားရှင်အား ပူဇော်ရကြောင်း၊ စီးပွားလာဘ်လာဘများ ပေါများကြောင်း ဖတ်မှတ်ခဲ့ဖူးပါသည်။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ အပေါက်နှစ်ပေါက်ပါသော သိဒ္ဓိဝင် ဂမ္ဘီရဝါးအား ပြုလုပ်စီရင်ပုံ၊ အသုံးပြုပုံ၊ အသုံးဝင်ပုံ စသည်တို့အား ဒီထက်မက ကျယ်ပြန့်စွာ ရှိနိုင်ပါသေးသည်။ ကျွန်ုပ်က လက်လှမ်းမီသလောက်သာ ရေးသားတင်ပြလိုက်ရခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာဖတ်ပရိသတ်များထဲက တတ်ကျွမ်းနားလည်ထားသူများ အနေဖြင့် ဆက်လက်ရေးသား ဖေါ်ထုတ်ပေးနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်တင်ပြလိုက်ရပါကြောင်း။

**[သိဒ္ဓိဝင် ဂမ္ဘီရနှစ်ပေါက်ဝါးနှင့် ဝါးလက်ခုပ်အစီအရင် တစ်မျိုး၏ အကြောင်းအား ပြောဆိုရှင်းပြခဲ့သော ကာစစ(၁၆) ဒိုင်ပြုပြင်ရေး အလုပ်ရုံ(ဆင်တဲ၊ ပန်းတောင်းမြို့နယ်) မှ စာရေးမဒေါ်ကျားအား အထူးကျေးဇူးတင်ရှိပါကြောင်း...]**

**ရှင်လန်း၊ ချမ်းမြေ့ကြပါစေ**

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ၂/၃၅၆၊ မဓာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၀၇၊ ၀၉-၅၁-၈၆၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com

မုံရွာမြို့ နေလ တိုင်းရင်းဆေးကုဌာန

# ဆရာဦးထံမှ ထူးခြားပစ္စည်းများ

မောင်မောင်ထွန်း (မုံရွာ)



◆ သစ်လက်ဝါး

စာရေးသူနှင့် သိကျွမ်းခင်မင်သော ကိုရဲနောင်သည် စာရေးသူထံသို့ ဝင်လာပြီး မုံရွာမြို့၊ ဘုန်းဆိုးရပ်ကွက်၊ **နေလတိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဆရာ ဆရာဦး(ဦးတင်ထွန်းဦး)**၏ထံတွင် ထူးခြားသည့် ပစ္စည်းများရှိကြောင်း လာပြောပါသည်။

ထူးခြားသည့်ပစ္စည်းများ ဆိုသောကြောင့် စာရေးသူလည်း ကူခြွေမဆည်နိုင်တော့။ **"ကျွန်တော့်ကို အဲဒီ ထူးခြားတဲ့ ပစ္စည်းတွေ ရှိတယ်ဆိုတဲ့ အိမ်ကို လိုက်ပို့ပေးပါ"** ဟု အငမ်းမရ ပြောလိုက်ရာ ကိုရဲနောင်က...

'စိတ်မပူပါနဲ့ လိုက်ပို့ပေးမှာပါ။ ညနေကျရင် ကျွန်တော့်အိမ်ကိုသာ လာခဲ့ပါ'

ဟု ပြောပြီး ပြန်သွားပါတော့သည်။

ညနေ ရောက်သောအခါ စာရေးသူသည်း ကိုရဲနောင်စိုး နေထိုင်သည့် ဆလ္လာအမှတ်(၄)ရပ်ကွက်သို့ သွားဖြစ်ပါတော့သည်။ ကိုရဲနောင်၏အိမ်သို့ ရောက်သောအခါ ကိုရဲနောင်က ထူးခြားပစ္စည်းများရှိသည့် **ဆရာဦး (ဦးတင်ထွန်းဦး) နေထိုင်သော ဘုန်းစိုးရပ်ကွက်၊ ကြိုးကြာကန်ဈောင်း အနောက်ဘက်သို့** လိုက်၍ ပို့ပါသည်။

ဆရာဦးနှင့် တွေ့သောအခါ ကိုရဲနောင်က စာရေးသူအား မိတ်ဆက်ပေးပါသည်။ ထိုအခါ ဆရာဦးသည် စာရေးသူနှင့် ကိုရဲနောင်တို့အား ဖော်ဖော်ရွေရွေနှင့် ညှိခံကာ စကားပြောဖြစ်ကြပါသည်။

ဆရာဦးသည် ယခင်က တပ်မတော်အတွင်း တပ်ကြပ်ရာထူးအဆင့်ထိ တာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း၊ တိုက်ပွဲတစ်ပွဲ၌ သေနတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် ဆေးပင်စင်ဖြင့် တပ်





www.burmeseclassic.com

www.burmeseclassic.com



ထန်းပင်ထဲမှ ရရှိသော မြင်းပုံသစ်ကွင်း

မတော်မှ အနားယူခဲ့ကြောင်း ပြောပြပါသည်။

ယခုအချိန်တွင် သူ တတ်ကျွမ်းထားသော ပညာများဖြင့် နေလတိုင်းရင်းဆေးကုဋ္ဌာနကို ဖွင့်လှစ်ထားကာ တိုင်းရင်းဆေးနှင့် တွဲဖက်ပြီး (S/E)စက်၊ (SUPER BIG BUTTERFLY) စက်များဖြင့် အကြောကုသပေးပါသည်။

ထို့အပြင် အသက်အလိုက် စားသောက်ရန် အပူစာ၊ အအေးစာ၊ ဓာတ်စာ ခွဲခြားပေးခြင်းနှင့် လိုအပ်သော ယတြာများ ဆောင်ရွက်တွက်ချက်ပေးခြင်းတို့ကို စေတနာ မေတ္တာဖြင့် အခမဲ့ ဆောင်ရွက်ပေးနေပါသည်။

ထို့ပြင် ဘုန်းတော်ကြီး၊ ရဟန်းသံဃာ၊ သီလရှင်နှင့် ငွေကြေးချို့တဲ့သူများကိုလည်း လိုအပ်သလို ကုသိုလ်ဖြစ် လှူဒါန်းဆောင်ရွက်ပေးနေကြောင်းတို့ကို ပြောပြပါသည်။ စကားများပြောပြီးလျှင် သူ့ထံ၌ရှိသော ထူးခြားသည့် ပစ္စည်းများအား ပြသပါသည်။

ဆရာဦးနှင့် မြင်းပုံသဏ္ဌာန်သစ်ကွင်း



ပထမဦးဆုံး ပြသသော ပစ္စည်းမှာ **သစ်လက်ဝါး** ဖြစ်သည်။ သစ်လက်ဝါးတွင် **လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်း**ပုံတို့ကို ပီပီပြင်ပြင် တွေ့မြင်ရသည်။ လက်ပုံစံမှာ ဘယ်ဘက်လက်ဝါးပုံသဏ္ဍာန် ဖြစ်ပေသည်။


လက်ကောက်ဝတ်နေရာ၏ အတုတ်မှာ သန်မာသော ယောက်ျားကြီးတစ်ယောက်၏ လက်ဖျံသာသာခန့် တုတ်သည်ကို တွေ့ရှိရပြီး **လက်မအရှည် (၁၄)လက်မ၊ လက်ညှိုးအရှည် (၂၄) လက်မ၊ လက်ခလယ်အရှည် (၃၀) လက်မ၊ လက်သူကြွယ်အရှည် (၂၈) လက်မနှင့် လက်သန်းအရှည် (၂**





www.burmeseclassic.com

www.burmeseclassic.com



▲ ပျောင်ချမ်းသီး

▼ သစ်တံရို့



**ထက်မ ရှိသည်ကို** တိုင်းတာ သိရှိရပါသည်။

ထိုသစ်လက်ဝါးကို မည်ကဲ့သို့ ရရှိခဲ့ကြောင်းနှင့် မည်ကဲ့သို့ အသုံးပြုရကြောင်း၊ အသုံးဝင်ကြောင်းတို့အား မေးမြန်းသည့်အခါ သူသည် တစ်နှစ်တစ်ခါ အလောင်းတော်ကဿပသို့ သွားရောက်ပြီး ဆေးဖက်ဝင်သော သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများကို ရှာဖွေကြောင်း...

လွန်ခဲ့သော (၁၀)နှစ်ခန့်က ဆေးဖက်ဝင် အပင်များကို လိုက်ရှာရင်း တောတွင်းတစ်နေရာ၌ ရင်းတိုက်ပင်မှနေ၍ ထူးထူးခြားခြား လက်ချောင်းငါးချောင်းပုံ ဖြစ်ပေါ်နေသော သစ်ကိုင်းတစ်ကိုင်းကို တွေ့ရှိရသည်။

သို့နှင့် ထူးဆန်းသည့်အတွက် အိမ်တွင် ဆောင်ထားရန် ခုတ်ယူလာခဲ့ခြင်းဖြစ်ပြီး ထိုသစ်လက်ဝါးမှာ အိမ်တွင် ရောက်ရှိပြီးသည့် နောက်ပိုင်း၌ ယခင်ကထက် အလုပ်အကိုင်များ ပိုမိုအဆင်ပြေ အောင်မြင်လာခဲ့ကြောင်းနှင့် သစ်လက်ဝါးကို အိမ်တွင် ဆောင်ထားသည့်အတွက် မကောင်းသောသူတို့မှ ကြံစည်သော အကြံအစည် အတိုက်အခိုက်များကိုလည်း အကာအကွယ်ပေးကြောင်း ပြောပြပါသည်။


ဒုတိယ ပြသော ပစ္စည်းမှာ **မြင်းတစ်ကောင်ပုံအလား ဖြစ်ပေါ်နေသော သစ်ကွင်း**ဖြစ်သည်။

လူ ပြုလုပ်ဖန်တီးထားခြင်း မဟုတ်ဘဲ သဘာဝအလျောက် မြင်းပုံသဏ္ဌာန်ဖြစ်နေကာ မီးညှောင့်ရိုးနေရာမှ အမြီးပုံ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခရု ဓာတ်ပုံ

သစ်ကိုင်းလေး တစ်ကိုင်းမှာ အထက်သို့ အနည်းငယ် ထောင်တက်လာပြီးလျှင် လက်ပြင်နေရာဆီသို့ နိမ့်ဆင်းသွားကာ လက်ပြင်နေရာနှင့် ဆက်သွားပြီးနောက် သစ်ကွင်းတစ်ကွင်း ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပေသည်။

'ထိုမြင်းပုံသဏ္ဌာန် သစ်ကွင်းကို မည်သည့်အရပ်ဒေသမှ ရရှိခဲ့ကြောင်းနှင့် မည်ကဲ့သို့သော ထူးခြားမှုမျိုးများ ရှိပါသလဲ'

ဟု မေးမြန်းရာ သူသည် **စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ပြည့်ကြီးကျေးရွာမှ** ဦးအောင်ကြည် ဆိုသူကို သွားရောက်၍ ဆေးကုပေးရာက ရရှိခဲ့ကြောင်း ပြောပြပါသည်။

ဆက်၍ ပြောပြသည်မှာ ဦးအောင်ကြည်သည် ထန်းပင်မှ ထန်းလုံးတစ်လုံးကို ခွဲစိတ်ရာမှ ယခု တွေ့မြင်ရသော မြင်းပုံသဏ္ဌာန် သစ်ကွင်းအား တွေ့ရှိရသဖြင့် ယူလာခဲ့ကာ အိမ်တွင် မထားရဲသောကြောင့် သူ့ကို လက်ဆောင်အဖြစ် ပေးလိုက်ကြောင်း စုံလင်စွာ ပြောပြပါသည်။

ထိုမြင်းပုံသဏ္ဌာန် သစ်ကွင်းအား ဆောင်ထားသည့်အတွက် မည်သည့်အရပ်သို့ဖြစ်စေ ခရီးသွားသောအခါ လမ်းခရီးတစ်လျှောက်တွင် အနှောင့်အယှက်မရှိ၊ အန္တရာယ်မရှိဘဲ မိမိသွားလိုရာခရီးကို ဖြောင့်ဖြောင့်တန်းတန်း ရှောရှောရှုရှုဖြင့် ရောက်ရှိစေနိုင်ကြောင်း သိရှိရသည်။

မြင်းပုံသဏ္ဌာန်သစ်ကွင်းအား ပြသပြီးသောအခါ ထပ်မံ၍ ပစ္စည်းတစ်ခုကို ပြသပါသည်။


ထိုပစ္စည်းမှာ **သစ်တံစို့**ဟုလည်း ခေါ်ပြီး **ကျိုးပေါင်း**ဟုလည်း ခေါ်သော ပစ္စည်းဖြစ်ပေသည်။ ထိုသစ်တံစို့ခေါ် ကျိုးပေါင်းကို တမာပင်မှနေ၍ ရရှိခဲ့သော **တမာသစ်တံစို့၊ တမာကျိုးပေါင်း**ဖြစ်ကြောင်း ပြောပြပါသည်။

သစ်တံစို့ခေါ် ကျိုးပေါင်းမှာ အသားတုံးတစ်တုံးအား တံစို့နှင့် ထိုးထားသည့်အလား တွေ့မြင်ရပေသည်။ ထိုသစ်တံစို့ခေါ် ကျိုးပေါင်းကို "**မည်သို့အသုံးပြုရပါသလဲ**"ဟု မေးရာ သစ်တံစို့ခေါ် ကျိုးပေါင်းအား ကျိုးပေါင်းရောဂါနှင့် အနာပဆုပ် ဖြစ်နေသောသူများကို ထိုသစ်တံစို့ခေါ် ကျိုးပေါင်းအား သွေးပြီး လိမ်းပေးပါက ကျိုးပေါင်းရောဂါနှင့် အနာပဆုပ်တို့ကို သက်သာပျောက်ကင်းစေကြောင်း ပြောပါသည်။

ထို့နောက် ထူးခြားသော တစ်မျိုးမှာ **ညောင်ခရမ်းသီး**ဟုခေါ်သော အသီးများကို ဓာတ်ပုံရိုက်ယူထားသော ဖြစ်သည်။ ညောင်ခရမ်းသီးကို လွန်ခဲ့သော (၃)နှစ်ကျော် ၂၀၁၀ ပြည့်နှစ်က ပန်းတောင်း-တောင်ကုတ် သွား သော ကားလမ်း၌ရှိသော **ဥ**[illegible]**ပင်ကျေးရွာ**သို့ ဆေးသွားကု[illegible]ခဲ့စဉ်က ရရှိခဲ့ခြင်း ဖြစ်သည်။


ညောင်ပင်မှနေ၍ ခရမ်းသီး(ခရမ်း

www.burmeseclassic.com



▲ ကျောက်ခရုပိပိုင်း


▼ ကျောက်လိပ်





www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကွင်း

ကစော့)ကဲ့သို့သော အသီးများ သီးနေသည်ကို တွေ့ရှိရသည့်အတွက် ဆေးဝါးအဖြစ် အသုံးပြုရန် ခူးယူလာခဲ့ခြင်းဖြစ်သည်။

အသီးများကို ဆေးဝါး ဖော်စပ်ရာတွင် အသုံးပြုလိုက်ကြောင်း၊ ဆေးဝါးမဖော်စပ်မီ ညောင်ခရမ်းသီးများကို ဓာတ်ပုံရိုက်ယူထားခြင်း ဖြစ်ကြောင်း ပြောပြသည်။

ညောင်ခရမ်းသီးဓာတ်ပုံကို ပြသပြီးလျှင် **အနက်ရောင်ရှိသော ကျောက်တုံးလေးတစ်တုံးအား** ပြသပြန်ပါသည်။ ကျောက်တုံးလေးတွင် ဝက်အူရစ်ကဲ့သို့သော အရစ်လေးများ ပါရှိသည်ကို တွေ့ရှိရကာ ထိုကျောက်တုံးလေးမှာ အဂ္ဂိရတ်သမားများ အလိုရှိဆုံးသော **ကျောက်ခရုဖြစ်ကြောင်း** သိရှိရသည်။

နောက် ထပ်၍ထူးခြားသော ပစ္စည်းမှာ **ကျောက်လိပ်ဖြစ်သည်။** ကျောက်လိပ်ကို **လိပ်ခေါင်းရောဂါကုသရာ**တွင် အသုံးပြုကြောင်း ပြောပြီး နောက်ဆုံးပစ္စည်းတစ်ခုကို ပြသသည်။

ထိုပစ္စည်းမှာ **ကျောက်ကွင်းတစ်ကွင်း**ဖြစ်ပေသည်။ ကျောက်ကွင်းကတော့ အိမ်တွင် ဆောင်ထားပါက မီးဘေးအန္တရာယ်မှ ကင်းလွတ်စေကြောင်း ပြောပြပါသည်။

ထို ထူးခြားသော ပစ္စည်းများအား ကြည့်ရှုပြီးသောအခါ ယင်း ထူးခြားပစ္စည်းများကို ဓာတ်ပုံရိုက်ယူလိုကြောင်းနှင့် ထိုအကြောင်းအရာများအား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် ရေးသားဖော်ပြလိုပါကြောင်း ခွင့်တောင်းပါသည်။ ထိုအခါ ဆရာဦးက...

'ကောင်းတာပေါ့ဗျာ ကျွန်တော့်ရဲ့ နေလတိုင်းရင်းဆေးကုဌာနကိုလဲ ကြော်ငြာပြီးသားဖြစ်တာပေါ့'

ဟု ပြောသည့်အတွက် ထူးခြားသော ပစ္စည်းများကို ဓာတ်ပုံရိုက်ယူလိုက်ပါသည်။ **(ညောင်ခရမ်းသီးပုံကိုတော့ ဓာတ်ပုံအား ပြန်လည်ရိုက်ယူခြင်းဖြစ်သည်။)**

လိုအပ်သော ဓာတ်ပုံများကို ရိုက်ကူးပြီးသည့်နောက် ဆရာဦးအား ကျေးဇူးတင်ကြောင်း ပြောပြီး ပြန်လာသောအခါ ဆရာဦးက သူ ဖော်စပ်ရောင်းချသော **နေလအမှတ်တံဆိပ် တောရှောက်ပေါင်းလိမ်းဆေး တစ်ပုလင်း**ကို စာရေးသူအား လက်ဆောင်အဖြစ် ပေးလိုက်ပါသေးသည်။

**ထူးခြားသော ပစ္စည်းများရှိသည့် ဆရာဦးထံသို့ လိုက်ပါပို့ဆောင်ပေးသော ကိုရဲနောင်နှင့် ထူးခြားပစ္စည်းများ အကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည့် ဆရာဦးမှဲ့အား ကျေးဇူးအထူးတင်ရှိပါကြောင်း...**

**မောင်မောင်ထွန်း(မုံရွာ)**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရိုန် (စက်မှု-၁)

'ဟော့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးပါ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုံ့ပြန့်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ဒုပ်တတ်ခြင်း၊ မကြာခဏ အုံးလှဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–ဝ၆၁၂YR ဝဝ၆၇ဝ၈

ခံစားရတာတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး။ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်, လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ ကောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေ့ါပေ့ါဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။


ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း" လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု–၁)**

www.burmeseclassic.com



▲ နားနေခန်းမှ ဂူပ်မှာတော်အချို့.

စံထွန်းသာ

ဇောတိကတောင်သာသနာမြေနှင့် ဇောတိကတောင် ဆရာတော်ကြီး

# ဦးဇာဂရ၏ ဘဝပုံရိပ်များ (၂)

## ယခင်လမှ အဆက်

### ဆရာတော် စွန့်လှူရှိသည့် လက်ဆောင်များ

ဆရာတော်၏ နားနေခန်းတွင်း၌ ကြည်ညို လေ့လာကြပြီးနောက် အောက်ထပ်သို့ ပြန်ဆင်းခဲ့ရာ လက်ရှိ ဆရာတော် ဦးသောဘိတ ထိုင်တော်မူသည့် ကုလားထိုင်ရှေ့၌ ဖလားကြီးအတွင်း ထည့်ထားသော ပုတီးကုံးများစွာကို တွေ့ရသည်။

ကျောင်းတိုက်အနီးရှိ ခတက္ကန်အလယ်တန်းကျောင်းမှ အဖြူအစိမ်းဝတ်စုံနှင့် ကျောင်းသားငယ်သုံးဦးက ဆရာတော်ထံမှ ပုတီးကုံးများ တောင်းခံနေသည်ကို တွေ့ရသည်။

ဆရာတော်ကြီး ရှိစဉ်ကာလက လာရောက် ဖူးမြော်ကြသူတို့အား ဤကဲ့သို့ ပုတီးကုံးများ၊ ဓာတ်လုံးများ၊ ရုပ်ပွားဆင်းတုငယ်များ စွန့်လှူလေ့ရှိသည်။ ကံထူးသည့် ပုဂ္ဂိုလ်အချို့မှာ ဂမ္ဘီရပုတီးကုံးများ လက်ခံရရှိကြသည်။


ရှားပါးသော မျက်စိနှစ်လုံးအုန်း၊ မျက်စိလေးလုံး အုန်းမှုတ်များဖြင့် ပြုလုပ်ထားသည့် ပုတီးများ ဖြစ်ကြသည်။ ရမ်းဗြဲနယ်ဘက်ရှိ ရခိုင်ရိုးရာပုတီးများကဲ့သို့ အဝိုင်းပြားအလယ်အပေါက်ဖောက်ကာ ကြိုးသီထားခြင်း ဖြစ်သည်။

ပဋ္ဌာန်းရေ တောင်ဆိုဖိုဆိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



▲ ကုန်းတော်အခြေမှ မြင်ရသော ဗောဓိတထောင်ရုပ်ပွားတော်များ

နဝင်းပြာ ပျားရည်တို့ကိုလည်း စွန့်လှူလေ့ရှိသည်။ ပဌာန်းရေမှာ ဗောဓိတထောင် သာသနာမြေတွင် နှစ်စဉ်ကဆုန်လဆန်း(၁၀)ရက်နေ့မှ လပြည့်နေ့အထိ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရာမှ ရသောရေဖြစ်သည်။

ဗောဓိတထောင်သို့ ဘုရားဖူးရောက်လာသူတိုင်း အန္တရာယ်ကင်း၊ ကျန်းမာခြင်းအတွက် သောက်သုံးနိုင်ကြသည်။ တောင်ဆိတ်ဆီမှာ အကြောအခြင်ထုံကျဉ်ကိုက်ခဲနာကျင်မှုများ၊ အရိုးအဆစ်ဝေဒနာများအတွက် တောင်းယူလိမ်းကျံနိုင်ကြသည်။

**နဝင်းပြာပျားရည်ကိုကား** လိုအပ်သည့် ဝေဒနာရှင်များကို ဆရာတော်က ဆေးအဖြစ် စွန့်လှူခြင်းဖြစ်သည်။ ရောဂါအခြေအနေအရ သောက်သုံးရန် အကြိမ်၊ ပမာဏ၊ ရက်ကာလတို့ကို ညွှန်ကြားတော်မူသည်။

**နဝင်းပြာသည်** ရွှေအပါအဝင် ဓာတ်ပစ္စည်း(၉)မျိုးကို (၂၄)နာရီ အချိန်ပြည့် (၄၅)ရက်တိုင်အောင် မရပ်မနား ချက်လုပ်ရသည်။ ရွက်ဖျင်တဲကြီးထိုး၍ လူ(၁၅)ယောက်ခန့် အလှည့်ကျ မပြတ်မလတ် ချက်လုပ်ပေးရသည် ဆို၏။

ဆရာတော်ကြီး လက်သုံး အလွန်အစွမ်းထက်လှသည့် ဆေးပျားရည် ဖြစ်ကြောင်း သိရပေသည်။

## ကုန်းတော်တစ်ခွင်

ထို့နောက်တွင် ဆရာတော် ဦးသြဘာသက ဆရာတော် ဦးနာရဒ၏ ထေရုပ္ပတ္တိ မှတ်တမ်းနှင့် ဓာတ်ပုံများ စွန့်လှူတော်မူသည်။

'ဘုရား ဖူးပြီးကြပြီလား'

'ကျောင်းကို အရင်ဝင်လာတာပါ ဘုရား'

'ဒါဖြင့် ဘုရားဖူးကြပါဦး။ ရပ်တော်မူရေ့ တောင်ထိပ်အထိ ဆိုင်ကယ်နဲ့သွားလို့ရတယ်။ ရပ်တော်မူ မြောက်ဘက် ဝင်ပေါက်ကနေ အတွင်းဝင်လေ့လာလိုက်ပါ။ လေးထပ်လောက်အထိ တက်လို့ရတယ်။

တောင်ဘက်အခြေကနေပြီး ဘုရားကြီးကိုယ်လုံးတော်ပြည့် ဓာတ်ပုံရိုက်လို့ရပါတယ်။ ရိုက်ရခက်တဲ့ နေရာတွေကိုတော့ မှတ်တမ်းစာအုပ်ထဲမှာ ဓာတ်ပုံတွေ ရှိပါတယ်'

တောင်ပြုန်း ရတနာဂူဘုရားပွဲအပြန် မိုးညှင်းသမ္ဗုဒ္ဓေနှင့် ဗောဓိတထောင်သို့ ဝင်ရောက်ဖူးမြော်သူ ဘုရားဖူးပရိသတ်များပြားလှသည်ဖြစ်ရာ လုံခြုံရေး ဝန်ထမ်းအင်အား နည်းပါးသဖြင့် လေးထပ်အထိသာ ဖွင့်ထားသည်။

သာမန် ကြားကာလများတွင်မူ မတ်ရပ်တော် အတွင်း(၃၃)ထပ်မြောက်သို့ တက်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။



F.9R. August, 2014.

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်တို့အား နှုတ်ဆက်ကန်တော့ကာ အရှေ့ဘက်ဆီသို့ ထွက်ခဲ့ကြရာ မောဓိတထောင် သာသနာမြေမှ အဓိကရာဘုရားများ ဖြစ်ကြသည့် **အောင်စကြာစေတီ၊ လျောင်းတော်မူနှင့် ရပ်တော်မူရုပ်ပွားတော်ကြီး** တို့ကို အဝေးမှပင် လှမ်းမျှော်ဖူးမြင်နိုင်သည်။

တောင်တက် ကတ္တရာလမ်းမှာ အနည်းငယ် မတ်စောက်သော်လည်း အတက်လမ်း၊ အဆင်းလမ်း ခွဲခြားထားသဖြင့် စိတ်ဖိစီးမှု နည်းပါးစွာ တက်ဆင်းနိုင်ကြသည်။

## လေးကျွန်းစကြာ
## ရပ်တော်မူရုပ်ပွားတော်

ဉာဏ်တော်အမြင့် (၄၂၄)ပေရှိ၍ အထပ်ပေါင်း(၃၃)ထပ်ရှိသည့် လေးကျွန်းစကြာ ရပ်တော်မူ ရုပ်ပွားတော်အား တောင်ဘက်အခြေမှ ဓာတ်ပုံရိုက်ကူးပူဇော်ဖြစ်ခဲ့သည်။

ရပ်တော်မူ ရုပ်ပွားတော်ကြီးကို ၁၉၉၆ ခုနှစ်၊ မေလ(၈)ရက်နေ့ နံနက်(၉)နာရီတွင် ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၈ ခုနှစ်(ဆရာတော် ပျံလွန်တော်မူပြီးနောက်)တွင်မှ အပြီးသတ်နိုင်ခဲ့သည်ဟု သိရသည်။



▲ ဉာဏ်တော်(၄၂၄)ပေရှိသော လေးကျွန်းစကြာ ရပ်တော်မူရုပ်ပွားတော်

ဆရာတော်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ ယူရိုကုအရပ်ရှိ "ဒိုင်ဘုစု"ရုပ်တော်မူကြီးကို ဖူးမြော်ခဲ့ရပြီးနောက် ထိုရုပ်ပွားတော် ဉာဏ်တော်အမြင့်(၁၉၄)ပေထက် ပို၍မြင့်သော ရုပ်ပွားတော်ကြီး တည်ဆောက်ပူဇော်ရန် ဆုံးဖြတ်၍ ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီး၏ နောက်ဆုံးကောင်းမှုတော်ဖြစ်သည်။ ပါရမီကျင့်စဉ်လမ်း၌ ကြိုးစားအားထုတ်နေကြသည့် ပုဂ္ဂိုလ်များက ရပ်တော်မူရုပ်ပွားတော် တည်ဆောက်ခြင်းဖြင့် ဆရာတော်သည် မောဓိတထောင် သာသနာပြုလုပ်ငန်းနှင့်တကွ တစ်ဘဝခန္ဓာကို ရပ်ဆိုင်းထွက်ခွာတော့မည်ဟု ရိပ်စားမိကြသည်။

ဆရာတော် ကိုယ်တိုင်ကလည်း **"ငါ့သက်တမ်းက (၅၉)နှစ်ပဲရှိတယ်"** ဟု မိန့်ကြားတော်မူခဲ့ကာ ***(မောဓိတထောင်ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင်၊ စာမျက်နှာ–၁၄၆)***တပည့်ရင်းဖြစ်သူ ဦးသောဘိတ(ယခုလက်ရှိ ဒုတိယမြောက် မောဓိတထောင်ဆရာတော်) အားလည်း...

'ငါ ရပ်တော်မူဘုရားကြီး စိန်ရံတုမွေးနေ့ ပွဲအမီ ပြီးချင်တယ်။ အနည်းဆုံး တစ်လ တစ်ထပ်ပြီးအောင် လုပ်ချင်တယ်'

ဟု မိန့်ကြား တာဝန်ပေးခဲ့သည်။***(ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင် စာမျက်နှာ–၀၀)***

www.burmeseclassic.com

ဆရာတော်ကိုယ်တိုင် ကြိုတင်မိန့်ကြားခဲ့သည့်အတိုင်း သက်တော်(၇၅)နှစ်ပြည့်၍ (၇၆)နှစ်အဝင် (၂၂-၁၁-၂၀၀၆)နေ့တွင် ခန္ဓာဝန် ချတော်မူလေသည်။

## ရုပ်ပွားတော်တွင်းဝယ်

ရုပ်တော်မူကြီး၏ ကြာပလ္လင် မြောက်ဘက်အခြေရှိ တံခါးမှ အတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ အဝင်ဝ အရှေ့ဘက်၌ ဆရာတော်ကြီး၏ မတ်ရပ် ပုံတူပန်းချီကားကြီးကို ဖူးမြင်ရသည်။

အလယ်မဏ္ဍိုင်ကို ဗဟိုပြု၍ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးလေးဆူ ပူဇော်ထားကာ ပတ်လည်စကြံနံရံတွင် ငရဲခန်းသရုပ်ဖော်ပန်းချီများ ရေးခြယ်ထားသည်။ အရံထောက်တိုင်များတွင် ပါဒစေတီ ခြေတော်ရာအစုံကို စက်လက္ခဏာ ပြည့်စုံစွာ ပူဇော်ထားသည်။

အထက်သို့တက်ရန် လှေကားများရှိ၍ အထက်ထပ်များတွင်လည်း မဏ္ဍိုင်ပတ်လည် တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူနှင့် စကြံနံရံတွင် ဆေးရေးပန်းချီများ တွေ့ရသည်။

အရံထောက်တိုင်များတွင် မတ်ရပ်တော်များ ပူဇော်ထားသည်။ လေးဆင့်မြောက် တက်ရောက်ပြီးသောအခါ ဘုရားကြီး၏ ခြေဖဝါးတော်အစုံ ချရပ်တော်မူသည့် ကြာပလ္လင်သို့ ရောက်ရှိလေသည်။

ပတ်ဝန်းကျင်ရှုခင်းများကို လှမ်းမျှော်ကြည့်ရှုနိုင်သော လသာဆောင် စကြံပမာဖြစ်သည်။ ဘုရားကြီး၏ အနောက်ဘက်အခြမ်းသော ဖွင့်လှစ်ထား၍ ခြေဖဝါးရှေ့တော် (အနောက်ဘက်အရပ်)စကြံသို့ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။



ရုပ်တော်မူလိုဏ်ဂူအောက်ထပ်မှ ရုပ်ပွားတော်တစ်ဆူ

တစ်ထပ်လျှင် လုံခြုံရေးနှစ်ဦးကျ တွေ့ရှိရသည်။ လူအင်အား နည်းပါးသဖြင့် ဤမျှသာ ဖွင့်လှစ်ထားရကြောင်း လုံခြုံရေး တာဝန်ကျတစ်ဦးက ပြောပြသည်။

ဘုရားကြီး နောက်ကျောဘက် (အရှေ့အရပ်) စကြံမှနေ၍ တောင်ဘက်အခြေရှိ ဗောဓိတထောင် ရေလှောင်တမံကို လှမ်းမြင်ရသည်။

ရှေးယခင်က ရေ အလွန်ရှားပါး

သော အရပ်ဒေသဖြစ်ရာ ဆရာတော် ကြွရောက်၍ သာသနာပြုမှသာ ...
ထွက်များ ရှာဖွေတူးဖော်ခြင်း၊ ဤကဲ့
သို့ တမံများ ဆည်ဖို့ခြင်းဖြင့် သောက်
သုံးရေ လုံလောက်စွာ ရရှိနိုင်ကြသည်
ဟု သိရသည်။

စကြံအထက်မှ အရှေ့ဘက်သို့ ...
တောင်ထိပ်တွင် စေတီ...ကို ...
တွေ့ရသည်။ ဆရာတော် ဦးနာရ...
ဆရာရင်းဖြစ်သူ ...လေးဆရာတော်

www.burmeseclassic.com





◆ ကိုယ်တွင်ရှိ မော်ကွန်းတော်တင်ဆု

◆ လိုက်ခုတီယထပ် ရုပ်ပွားတော်

◆ နံရံမှ တာယနတ၏ သရုပ်ဖော်ပန်းချီ



ဦးနန္ဒိယ၏ အရိုးဂူစေတီ၊ ဆရာတော် ဦးနာရဒ၏ အရိုးဂူစေတီလည်း ပါဝင်ကြသည်။

နန်းဦးဆရာတော်

နန်းဦးဆရာတော် ဦးနန္ဒိယသည် မန္တလေးတောင် ကျောက်တော်ကြီး အနီး မဟာဒသယန ရွှေကျင်တော ကျောင်း သံဃာ့ရာဇာ နန်းဦးကျောင်း ဆရာတော်ဖြစ်သည်။

ဦးနာရဒ ရဟန်းငယ်ဘဝ အဆုတ်နာရောဂါကြောင့် မန္တလေးဆေးရုံသို့ တက်ရောက်ကုသမှု ခံယူရစဉ် ဆေးရုံ ဝန်ထမ်း ဦးမောင်ကိုက နန်းဦးဆရာတော်သည် အကြားအမြင် ထူးခြားသည်ဟု ပြောပြခဲ့သည်။

ရွှေလ ဆက်စတ်ပါရန်

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရှားပါး သဘာဝဖြစ်စဉ်ကြောင့် ရရှိသောပစ္စည်းတို့ကို အမြုတေဟု ခေါ်ကြသည်။ ကွမ်းသီးထဲမှရသော ကွမ်းသီးအမြုတေ၊ သဘော်သီးထဲမှရသော သဘော်အမြုတေ၊ ရှောက်သီးထဲ မှရသော ရှောက်အမြုတေ စသည့်ဖြင့် သီးနှံများအတွင်း သဘာဝဖြစ်စဉ်များကို ကျော်လွှန်၍ ထူးထူးဆန်းဆန်း ဖြစ်ပါနေတတ်သော ပစ္စည်းများ ရှိသည်။

သတ္တဝါကြီးငယ်များမှလည်းထူးခြားဆန်းကြယ်သော အမြုတေများ ရတတ်ကြသည်။ ချိုးငှက်အသိုက်တွင်းမှရသော ချိုးအမြုတေဆိုလျှင် လူပြောများပြီး ထင်ရှားသည်။

တစ်နေ့တွင် စာရေးသူထံသို့ လက်သမားဆရာ ဦးစိုးလွင် (မဒေါက်)သည် ဘဲဥတစ်လုံးမကကြီးသော ဘဲဥပုံသဏ္ဍာန် လုံးဝန်းရှည်သွယ်သော ကျောက်တုံးတစ်တုံးကို လာရောက်ပြသသည်။

'ဆရာက ဂမ္ဘီရပစ္စည်းတွေကို ဝါသနာပါတာကြောင့် လာပြတာပါ'

ဟု ပြောသည်။


ထိုကျောက်တုံးကလေးမှာ ပေါ်လစ်တင်ထားသကဲ့သို့ နက်မှောင် ပြောင်လက်နေသည်။ သပိတ်ရောင်ထနေသောကျောက်တုံး(ကျောက်ဥ)ကလေး ဖြစ်သည်။ ထိုကဲ့သို့သော ကျောက်တုံးကလေးမျိုးကို စာရေးသူ ယခင်က လုံးဝ မမြင်တွေ့ဘူးခဲ့ပါ။

'ဘယ်လို ရလာတာလဲ'

ဟု မေးကြည့်သည်။

'ကျွန်တော်က လက်သမားဆရာဆိုတော့ ရွှေကျင်ဘက် တောင်ပေါ်ကရင်ရွာလေးမှာ အိမ်တစ်လုံးအရောင်းအဝယ်ဖြစ်လို့ သွားဖျက်ပေးရတယ်။ အဲဒီအိမ်က ရလာတာပါ။





◆ ထူးဆန်းသော ကျောက်အမြုတေဥ

ထူးဆန်းသော

# ကျောက်အမြုတေဥ

မျိုးတင့်
(ညောင်လေးပင်)

'ဘာတွေ အသုံးဝင်လို့လဲ'

ဟု စုံစမ်းကြည့်သည်။

'အဲဒါ ကျွန်တော်မသိလို့ ဆရာ့ကို မေးမလို့ပါ။ ကျွန်တော်ကတော့ ဒီကျောက်တုံးကလေးက ထူးထူးခြားခြားလေး ဖြစ်နေတာမို့ ရှေးဆေးပြီး ဘုရားစင်ပေါ်မှာ တင်ထားတာပါပဲ။ "မှတ်"တိုက်မယ်ဆိုရင်တော့ မှတ်တင်လို့ရတဲ့ အနက်ရောင်ကျောက်ပါပဲ'

ဟု ပြောသည်။

ကျောက်တုံးကလေးကို စာရေးသူက လက်နှင့်ဆကြည့်သည်။ တစ်ဆယ်သားလောက် အလေးချိန်ရှိသည်။ သိပ်သည်းကျစ်လျစ်၍ သတ္တုဓာတ်များနှင့် ဖွဲ့စည်းထားပုံရသည်။

ထိုကျောက်တုံးကလေးမှာ ရှားပါးပစ္စည်းများဖြစ်ပြီး တစ်စုံတစ်ခု စွမ်းအင်ရှိမည်ဟု တွေးထင်မိသည်။

ဘဲငန်းကောင်၏ ဥလောက်မကြီးတတ်၊ ဝမ်းဘဲဥထက် အနည်းငယ်ပိုကြီးသည်။ ဘဲနှင့် ငန်းကောင်တို့အကြား မန်ဒါလီဥလောက်ရှိနိုင်သည်။ မန်ဒါလီနှင့် ဝမ်းဘဲတို့မျိုးစပ်၍ ပေါက်ဖွားလာသော "ဂတ်ရှဲ"ခေါ် သတ္တဝါတစ်မျိုးရှိသေးရာ ဂတ်ရှဲဥလောက်ဟုလည်း ဆိုနိုင်သည်။

မန်ဒါလီ ဂတ်ရှဲကောင်များမှာပျံသန်းအားကောင်းသည်။ တောတောင်များနှင့် ဆက်စပ်နေသော ကျေးရွာများတွင် ရွာထဲမှ တောထဲ တောင်ထဲသို့ ပျံသန်းထွက်ခွာသွားကြပြီး လှည့်လည်

www.burmeseclassic.com

www.burmeseclassic.com

သွားလာကြသည်။ သဘာဝတောရိုင်း ကောင်ဘဝသို့ ပြောင်းသွားသည်။

စာရေးသူ၏ထင်မြင်ချက်မှာ ထို ကျောက်နက်ဥမှာ သဘာဝတရား အတိုင်း ဖြစ်ထွန်းနေသော ကျောက် ဆုံး(သို့မဟုတ်) မန်ဒါလီသော် လည်း ကောင်း၊ ဂတ်ရှုံသော် လည်းကောင်း၊ သတ္တဝါတစ်ကောင်ကောင်မှ ဥထား သော အမြုတေဟူ၍ တွေးကြည့်မိ သည်။

ထိုကျောက်အမြုတေဥနှင့် ပတ် သက်၍ စာရေးသူ တိကျသော ထင်မြင်ချက် မပြုနိုင်ခဲ့ပါ။ ထူးခြား၍ မြင်ရခဲသော "**ကျောက်အမြုတေဥ**" ကလေးကို စာဖတ်သူများ သိရှိလေ့လာ နိုင်ရန် ဓာတ်ပုံရိုက်ကူး၍ တင်ပြရန် စိတ်ကူးမိသည်။

လက်သမားဆရာ ဦးစိုးလွင်မှာ မဒေါက်မြို့ကလေး၌ ဆောက်လုပ်ရေး လုပ်ငန်းများ လက်မလည်အောင် လုပ် ကိုင်နေရသူဖြစ်သည်။ စီးပွားရေး ပြေ လည်၍ ရတနာသုံးပါး ကိုင်းရှိုင်းသူ ဖြစ်သည်။

'ဒီလိုရှိတယ် ကိုစိုးလွင်၊ အမြုတေပစ္စည်း ဆိုတာက ကောင်းတဲ့စိတ်မွေးပြီး ရတနာ သုံးပါးကို ကြည်ညိုတဲ့လူတွေအတွက်တော့ အဆောင်ကောင်းပါပဲ။

ဒီတော့ ဒီလိုရှားပါးတဲ့ ပစ္စည်းကလေးကို ရိုရိုသေသေဆောင်ထား။ ရတနာသုံးပါး အနေနဲ့ အလုပ်ကြိုးစား ကြီးပွားရမှာပေါ့ဗျာ ဟုတ်ဘူးလား'

ဟု ပြောရင်းမှ...

'ဒီ ကျောက်ဥအမြုတေ ရလာတာ ဘယ်လောက်ကြာပြီလဲ'

ဟု မေးကြည့်မိသည်။

'(၆)နှစ်လောက် ရှိပါပြီ'

'ဒီအတောအတွင်း မိသားစုမှာ ထူးခြားတဲ့ အပြောင်းအလဲများ မရှိ ဘူးလား'

'ဒီ ကျောက်အမြုတေဥကလေး ရပြီး ကျွန်တော်တို့မိသားစုမှာ သားကလေး တစ်ယောက် ထွန်းကားခဲ့ပါတယ်။ အရင်က တော့ သမီးလေး (၃)ယောက်ပါ။ သား နာမည်က နေလင်းထက်တဲ့။ အဲ့ သားလေး ရပြီးတဲ့နောက်ပိုင်း လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေလာပါတယ်'

'ဒါပေါ့ ကိုစိုးလွင်ရယ်၊ ဒီကျောက် အမြုတေကလေးက ကိုးစိုးလွင်တို့ မိသားစုကို အကျိုးပြုတယ်ဆိုတာ သတိပြုစရာပဲပေါ့။ ရှိရှိသေသေ ဆောင် ထား၊ ရတနာသုံးပါးကို ကြည်ညိုရင် ကြည်ညိုနိုင်သလောက် အကျိုးအနန္တရ မှာပေါ့'

ဟူ၍ ကောင်းသောနိမိတ်စကား ပြောကြားရင်း ကိုစိုးလွင်လက်သို့ ထူး ဆန်းသော သူ၏ ကျောက်အမြုတေ ကလေးကို ပြန်ပေးခဲ့ပါသည်။

စာရေးသူသည် ကိုစိုးလွင်၏ ခွင့်ပြု ချက်နှင့် ကျောက်အမြုတေကို ဓာတ်ပုံ ရိုက်ယူထားသည်ကို စာဖတ်သူတို့ လေ့လာနိုင်ရန် ဖော်ပြပေးလိုက်ပါ သည်။

**လေ့လာလိုသူများ ကိုစိုးလွင်ဇနီး ဒေါ်စန်း(လက်သမားဆရာ)တဲ့ခွန်တိုင် ရပ်၊ မြို့မ(၂)၊ မဒေါက်မြို့၊ ညောင် လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး** ထံတွင် လေ့လာနိုင်ပါသည်။

တတ်သိစွမ်းနိုင်သူတို့က ထို ကျောက်အမြုတေ၏ စွမ်းအင်သတ္တိ ထူးများကို ဖေါ်ညွှန်း တင်ပြမည်ဆိုပါက ကောင်းလေစွဟု ကြံဆို ဖိတ်ခေါ်လိုက် ပါသည်။

မေတ္တာရှေ့ထားလျက်...

**မျိုးတင့် (ညောင်လေးပင်)**

# အပူနာများ

## အတွက် အုံစည်းဆေး



အနာစိမ်း၊ သွေးစုနာ၊ မွေးကျွတ်နာ၊ ကိန္နရာ နာ၊ ဒူးခေါင်းတွင် ပေါက်တတ်သော အနာသစ်ငုတ်တို့သည် အပူများ။ သွေးပုပ်၊ သွေး ဆိုး၊ သွေးညစ်များစုဖွဲ့ပြီးပေါက်ခြင်းဖြစ် သဖြင့် "အပူနာ" များချည်းဖြစ်ပါသည်။

အထက်ပါ အပူနာများအတွက် အုံပေး၊ စည်းပေးရသည့် ဆေးနည်းကို **မကွေးမြို့မှ တိုင်းရင်းဆေးသမား တော် ဆရာဦးစိန်ဟန်မှ ချီးမြှင့် ပြောပြသဖြင့်** ရေးသား တင်ပြနိုင်ရ ပါသည်။

သင်တို့၏ မီးဖိုချောင်ထဲမှာပင် ယင်း ဆေးကို အောက်ပါအတိုင်း ဖော်စပ် ကုသနိုင်ပါသည်။

ထမင်းပူပူ ဟင်းသောက်ဇွန်း တစ်ဇွန်း ခပ် ယူပြီး နနွင်းမှုန့် လက်ဖက်စားဇွန်းတစ်ဝက်၊ ဆား လက်ဖက်စားဇွန်းတစ်ဝက် ယင်းသုံးမျိုး ရော၍ ညက်ညက်ကြိတ်ပြီး အနာပေါ်အုံပေး ကပ်ပေးထားပါ။ စည်းရသော နေရာဆို လျှင် အဝတ်သန့်သန့်ဖြင့် စည်းပေးထားပါ။

လေးနာရီတစ်ကြိမ်(သို့မဟုတ်) အနည်းဆုံး နံနက် တစ်ကြိမ် ညနေပိုင်းတစ်ကြိမ် အသစ် လဲလှယ် အုံစည်းပေးထားပါ။ ယုံရက်၊ ငါးရက် တစ်ပတ်ခန့် ပြုလုပ်ပေးလျှင် နလျှင် ပိန့်ကပ် သွားပြီး ရင့်လျှင် ပြည်ပေါက်၍ သက်သာ ပျောက်ကင်းပြီ ဖြစ်ပါသည်။

အထူးမှာ အနာပေါက်သူတိုင်း အညှော်မခံပါနှင့်။ အနာ မြွသွားခြင်း၊ အနာဝင်ခြင်း ဖြစ်တတ်ပါသည်။ **ငရုတ် ကောင်း ငါးစေ့နှင့် မှိန်ဆီ တစ်ပဲသား ရောကြိတ်ပြီး ရေနွေးပူပူနှင့် သောက် စားပေးပါ။ ညှော်ကို ထုတ်ပေးပါ လိမ့်မည်။** မစိုးရိမ်ပါနှင့် သက်သာ ပျောက်ကင်းပါသည်။

ဆရာဦးစိန်ဟန်မှ ဂဃနဏ ရှင်းပြ ပြောဆိုသဖြင့် ယခုကဲ့သို့ ရေးသား တင်ပြနိုင်ရခြင်းဖြစ်၍ ကျေးဇူး အထူး တင်အပ်ပါသည်။

***ကျန်းမာ ရွှင်သော ထာဝရဖြစ်ကြပါစေ။***

**နေမဝင် (နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှမြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ
အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်



ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ **အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအမှုအမှုန် အညစ်တို့ ယုတ်ထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါး၊ကျန်းမာစေပါသည်။



နေရူ ၊ မီးယူ ၊ ရင်တွင်းသောကအမှုမှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ **အရှုငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊ရူးဝေခြင်း၊အိပ်မပျော်ခြင်း၊စိုးယပ်သွေးဆုန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောက်နေသည့် အဆိုးအကျင့်မှန်သမျှ [illegible]



ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ [illegible]

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)

[illegible]



[illegible]

ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ [illegible]

[illegible]

## ကျန်းမာပါစေ

[illegible]



www.burmeseclassic.com

www.burmeseclassic.com



◆ မိဖုရားတောင် ရှေးဟောင်းဝင်နဒီပြင်အပါမှ နယားပေါက်ပါသည့် မင်းတက်ကျောက်ဆွာ

# တက်ခေါင်းပင်း၏ ဝိဇ္ဇာဖြူဟောင်းဆီသို့ (၂)

မြအောင်ခြ (LL.B)

**ယခင်လမှ အဆက်**

အရွက်မှာ ဆိပ်ဖူးရွက် သဏ္ဌာန် ဖြစ်ပြီး ပိုရှုကြီးသည်။ ရိုးတံနှင့် အရွက် ၏ တသ်ပဒါးရောင် နီသည်။ နေရောင် ကျရောက်သောနေရာတွင် ရှိ၏။ အရွက်များဝါ၍ အပင် ကျလုနီးနေပြီ။ မြင်မြင်ချင်းပင် ဂမုန်းနီဖြစ်ကြောင်း သိလိုက်သည်။ တူးဆွစရာ ဘာပစ္စည်း မှလည်း မရှိ။ ပေါက်နေသည်က ကျောက်ကြားထဲမှာ။

မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီးမှ အပင်ခိုင်းကို ဂရုစိုက်၍ ဖြည်းဖြည်းချင်း နုတ်ယူလိုက်၏။ ညှိုးရော်စပြုနေ၍ အပင်ရင်းမှ အရွက်များသာ ကျွတ်ထွက် လာကြသည်။ ဂမုန်းဥများ မပါလာပေ။ လက်ချောင်းများနှင့် ထိုးနှိုက်ရှာဖွေပါ သော်လည်း ကျောက်ကြားတွင်ဖြစ်၍ အကျိုးမရှိ ဖြစ်ရသည်။

အနီးအနားတွင်လည်း ကျောက်ကို ထွင်းဖောက်နိုင်လောက်အောင် တူးဆွ ရန် ပစ္စည်းမရှိ။ ခဲရာခဲဆစ် နေရာ၌ ပေါက်တတ်သော ဂမုန်းနီပင်ကိုသာ အပြစ်တင် ကျိန်ဆဲလိုက်မိသည်။ နေရာကိုမှတ်၍ ဥမရဘဲ အရွက်များ သာ ယူပြီး နေရာမှ ခွာခဲ့ရလေသည်။

ဂမုန်းနီပင်ဓာတ်မှာ အင်္ဂါရပ်ဓာတ်ပစ္စည်း များနှင့် ပေါင်းစပ်၍ ရွှေလုပ်နိုင်ကြောင်း ဆေးဝါးဖက်တွင်လည်း အသက်ရှည် အရွယ် နုဆေးများ ဖော်စပ်နိုင်ကြောင်း...

ရသေ့ကြီး ဦးပညာက္ကဒွိမှ ရှင်းပြ လေသည်။ ကျွန်ုပ်တို့ ထိုနေရာမှ ဆက်တက်ကြသောအခါ မွန်းလွဲ နှစ်နာရီ ရှိနေပြီ။

မွန်းလွဲ နှစ်နာရီခွဲတွင် လမ်း၏ ညာဘက်၌ လိုဏ်ဂူတစ်ခု တွေ့ရပြန် ၏။ ဂူဝကျောက်တုံးကြီးမှာ အချွန် အတက်များနှင့် နဂါးခေါင်းသဏ္ဌာန် ထူးဆန်းစွာ ဖြစ်ပေါ်နေသည်။

www.burmeseclassic.com

**'အဲဒီ ဗိန္ဓာလိုက်ဂူလို့ ခေါ်တယ်။ ဗိန္ဓာဆော်ဂျီတွေ မကြာခဏ လာရောက်နေထိုင်တတ်ကြတယ်။ ဒီအနီးဝန်းကျင်မှာ ဆေးဖက်ဝင် အပင်တွေ အင်မတန် ပေါများတယ်ကွယ့်'**

ရသေ့ကြီးမှ ခေတ္တ ထိုင်နားသဖြင့် ကျွန်ုပ်မှာ ဂူတွင်းဂူပြင် ဝင်ရောက်သွားလာ လေ့လာရပြန်သည်။ ဂူတွင်း၌ အတော်ကျယ်သည်။ လူသုံး,လေဦးကောင်းစွာ နေထိုင်နိုင်သော မိုးလုံလေလုံ ဂူတစ်ခု ဖြစ်ပါသည်။

**ဂူနှင့် မနီးမဝေး ကျောက်ပြင်များပေါ် တွင် ဆေးဖက်ဝင်အပင်များ၊ အစုလိုက်ပေါက်ရောက်နေကြ၏။ တမင်စိုက်ထားသည်လား၊ သဘာဝအတိုင်းပေါက်သည်လား၊ မခွဲခြားနိုင်။**

'အဲဒါ တောရှောက်ပင်၊ လေရောဂါတွေမှာ အမြစ်သွေးသောက်ရတယ်။ သူ့အသီးကို ပါးပါးလှီး အရက်နဲ့စိမ်ပြီး အကြောရောဂါတွေ လိမ်းရတယ်။ အဖော်အရောင် ရောဂါတွေမှာ အမြစ်သွေးလိမ်း အရွက်ကြမ်း ပြုတ်ချိုးရတယ်။

ယောပိုက အပင်ကတော့ ဂျုန်လက်သည်။ အိမ်တွေ ခြံဝင်းတွေမှာ စိုက်ပျိုးထားရင်, အေးချမ်းတယ်။ အနာပီး အနာစက်ပေါက်ရင် သူ့အမြစ် သွေးလိမ်းရတယ်။

**ဟိုအပင်တွေက နတ်ပန်းညှိုလို့ ခေါ်တယ်။ ပန်းနာရင်ကျပ်၊ နာတာရှည် ချောင်းဆိုးရင်ကျပ် ရောဂါတွေမှာ အရွက်ကိုပါးပါးလှီး ကြက်ဥနဲ့ကြော်စားရင် ပျောက်တယ်။**

အရွက်ဝိုင်းဝိုင်း အပင်ပုတွေက အကြောတစ်ထောင်ကမုန်းလို့ ခေါ်တယ်။ အကြောရောဂါ အမျိုးမျိုးကို ပျောက်စေတယ်။ ပွတ်ပါးပါးကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ပြုတ်သောက်၊ ထုထောင်းပြီး သတ္တုရည်ညှစ်လိမ်း ပြုတ်ပြီးချိုး အမျိုးမျိုးသုံးနိုင်တယ်'

အနီးသို့ ရောက်လာခဲ့သော ရသေ့ကြီးမှာ ဆေးပညာ ဗဟုသုတကို ရှင်းပြပါသည်။ ကျွန်ုပ်တို့လည်း ထိုနေရာမှ ဆက်၍ တက်ခဲ့ကြပြန်သည်။ (၁၀) မိနစ်ခန့် ကြာသောအခါ လမ်းအလယ်ကောင်း၌ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ကျောက်တုံးငယ်များ စုပုံစီထပ်တင်ထားသည်ကို ထူးဆန်းစွာ တွေ့ရ၏။

'အဲဒါ **အမောပြေနတ်**လို့ ခေါ်ကြတယ်။ ဒီလမ်းက ဘုရားဖူးတက်ကြသူတွေဟာ မတ်စောက်တဲ့ အတက်လမ်းကို လာရတော့ ဒီနေရာမှာ ခဏနားကြတယ်။

လမ်းလယ်က ကျောက်တုံးကြီးပေါ်မှာ အနီးအနားမှာ ကျောက်တုံးငယ်တွေ သူတစ်တုံးငါတစ်တုံး ကောက်ပြီးတင်ရင်း အမောအမန်း မရှိအောင် ကူညီပါလို့ တောင်စောင့်နတ်ကို တိုင်တည်ဆုတောင်းကြတယ်။ ဒီလိုလုပ်ပြီး ဆက်တက်ရင် တောင်ထိပ်ရောက်တဲ့အထိ မမောတော့ဘူးလို့ အယုံအကြည် ရှိကြတယ်လေ'

ကျွန်ုပ်လည်း ကျောက်တုံးငယ်တစ်တုံး ကောက်တင်ပြီး ဆုတောင်းလိုက်ပါသည်။ သူ့ရိုးရာယုံကြည်မှု ဓလေ့ထုံးစံကို မပစ်ပယ်စကောင်းပေ။ ဤသို့ ဆုတောင်းခြင်းဖြင့် ဘာမှ ပင်ပန်းသည်လည်း မဟုတ်။



◆ တောဝိုက်ရှုခင်း

ထိုနေရာမှ ဆက်တက်၍ မွန်းလွဲ (၂)နာရီ(၁၅)မိနစ်တွင် လမ်း၏ ညာဘက်၌ မျက်နှာဝ ထောင်လိုက် အလျားရှည်ပြီး အနံကျဉ်းသည့် လိုဏ်ဂူကြီးတစ်ခု တွေ့ကြပြန်သည်။ အတွင်း၌ (၁၀)ပေခန့်ကျယ်သော အခန်းသဖွယ် ဖြစ်နေသည်။

**'ဒီလိုဏ်ဂူကြီးက ရသေ့လိုဏ်ဂူကြီး ကွဲဒီတောင်ကို ရောက်သမျှ ရသေ့သူတော်စင်တွေဟာ ဒီဂူမှာပဲ သီတင်းသုံးခဲ့ကြတယ်။ ဟိုရှေးအခါက ထွက်ရပ်ပေါက် ရသေ့ဗိန္ဓာနိုင်တွေ တရားအားထုတ်ခဲ့ရာ ရသေ့အောင်မြေပေါ့'**

ထိုရသေ့လိုဏ်ဂူကြီး၏ ဘေးကပ်လျက် မြေပြင်၌မူ ဆင်တုံးမနွယ်ဥကြီးတစ်လုံးမှာ အနွယ်အရွက်များ ဝေဖြာလျက် အလေးချိန်(၁၀)ပိဿာမက ရှိပေမည်။ ရသေ့တစ်ပါးမှ ဆေးဝါးမှိုဝဲရန် အလို့ငှာ ဆောင်ယူချထားခြင်း ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။

'ဒီဆင်တုံးမနွယ် ဥကြီးမျိုးဟာ ဒီလိုအသက်ရှင်နေတဲ့အတိုင်း အပေါက်ဖောက်ပြီး ပျားရည်ထည့်၊ ပြန်ပိတ်ထား၊ တစ်လ,နှစ်လကြာမှ ဖွန်းကလေးနဲ့ ခပ်သောက်၊ အဖျားနဲ့ လေရောဂါတွေ ကာကွယ်ပြီးသား ဖြစ်နေမယ်။

F.10B August, 2014.



www.burmeseclassic.com

www.burmeseclassic.com





◆ မြစ်ပုံရာမှုန်း

ဒီမိုးတောင်အတက်လမ်းမှ ကျောက်သားလိုဏ်ဂူ ◆

ဒီဥကို အမှုန့်ထောင်း၊ ပျားရည်နဲ့ ဒီး(ဆီး)ကင်းလောက် လုံးထားပြီး ညအိပ်ရာဝင် စားပေးရင် အကောင်းဆုံး အိပ်ဆေးပဲ။ ဟိုတုန်းကဆိုရင် စိတ်ဝေဒနာရှင်တွေကို စိတ်ငြိမ်ဆေးအဖြစ် ကျွေးခဲ့ကြရတယ်။ ကြာကြာကျွေးရင် စိတ်ရောဂါပါ ပျောက်နိုင်တယ်'

ထိုနေရာမှ ကျွန်ုပ်တို့ ဆက်တက်၍ မကြာမီ လမ်းဘေးဝဲယာ၌ ရွက်လှပန်းပင် ကြိုကြားတွေ့လာရသည်။ တောင်ထိပ်နှင့် နီးလာကြောင်း သိနိုင်၏။ လမ်းချိုး တစ်နေရာရောက်သော် ရသေ့ကြီးမှ တောထဲသို့ ဦးဆောင်ခေါ်သွားလေသည်။ တစ်နေရာ၌ အရွက်အားဖား၊ ပင်စည်လုံးကြီးကြီး ပိန်းပင်သုံး,လေးပင် တွေ့ရသည်။

**"အဲဒီ အဂ္ဂိရတ်မှာ အလွန် အသုံးဝင်တဲ့ ပိန်းဥတွေပဲ။ ဟိုတုန်းက ဗိုလ်မှူးကြီးတွေ ဒီတောင်မှာ နေရာမှတ်သားပြီး စိုက်သွားခဲ့ကြတယ်။ တော်ရုံလူ ရှာတွေ့ဖို့ မလွယ်ဘူး"**

ကျွန်ုပ်လည်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ထိုနေရာမှ ပြန်ထွက်လာခဲ့ကြသည်။ မကြာမီ လမ်း၏ ဝဲဘက်၌ ဆွေးမြည့်အိုမင်းနေသော သစ်သားဇရပ်ကြီးနှစ်လုံးကို တွေ့ရှိရသည်။ ထိုမှ မနီးမဝေးတွင် ကျောင်းအိုကြီးတစ်ဆောင် အုတ်အင်္ဂတေနှင့် သွပ်မိုးရေကန်ကြီးနှစ်လုံး တွေ့ရပြန်သည်။

ထိုအရှေ့ကုန်းပြန့်၌ ဖက်မိုး ထရံကာ အင်္ဂတေခင်း ဝတ်ပြုတန်ဆောင်းနှင့် လွန်စွာ သပ္ပါယ်လှသော စေတီတော်ကြီးတစ်ဆူကို ဖူးမြင်ရပါသည်။ အချိန်ကား မွန်းလွဲ(၃)နာရီ (၁၅)မိနစ်။ ကျွန်ုပ်တို့ကား ဗဟုသုတရှာရင်း နားနားနေနေ ဖြည်းဖြည်းတက်ခဲ့ကြရင်း တောင်ထိပ် ဘုရားရင်ပြင်သို့ ရောက်ရှိခဲ့ပေပြီ။

**တောင်ထိပ်ဟု ဆိုရသော်လည်း တောင်ကုန်းတစ်ခု၏ ထိပ်မျှသာ ဖြစ်သည်။ ဒီမိုးတောင်မကြီး၏ ထိပ်သို့ ရောက်ရန်မှ နောက်ထပ် သုံးထပ်မျှ ဆက်၍တက်ရန် လိုပေသေးသည်။**

ကျွန်ုပ်ကား စေတီတော်ကြီးကို ဦးချရှိခိုးပြီးမှ အင်္ဂတေ ရေကန်ဟောင်းအနီး တောင်စောင်းပေါ်မှ တောင်ပိုင်ဘိုးဘိုးကြီး နန်းဆောင်သို့ သွားပြီး ပူဇော်ဆုတောင်းမှု ပြုပါသည်။ ထို့နောက် ရွှေအင်ဒုံစေတီတော်ကြီး၏ ရင်ပြင်တစ်ပတ်လှည့်၍ လျှောက်ရင်း လေ့လာရင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်လျက်ရှိသည်။

ရွှေအင်ဒုံစေတီဟု မည်သည့်ခေတ် အခါက ခေါ်ခဲ့ကြသည်မသိ။ ပေါင်မြို့နယ်၊ နတ်မော်ရွာအနီးတွင်လည်း ရွှေအင်ဒုံစေတီတစ်ဆူရှိသည်။ ဘီလင်းမြို့ အဝင်အဝတွင်လည်း ရွှေအင်ဒုံစေတီတစ်ဆူ ရှိသည်။

ထိုရွှေအင်ဒုံစေတီတိုင်းသည် ဝိဇ္ဇာလမ်းစဉ် ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်တို့၏ အောင်မြေဂန္ဓာရီစခန်းများသာ ဖြစ်နေသည်မှာ တိုက်ဆိုင်ခြင်းတစ်ရပ်ပင်တည်း။

'ဒီမိုးဗိုင်းတောင် ဆုတောင်းပြည့်စေတီတော်ကြီးကို သက္ကရာဇ် ၁၀၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ ထီးတော်တင်တယ်လို့ ရှေးပုရပိုက်ဟောင်းမှာ ဖတ်ခဲ့ဖူးတယ်။ မြို့ကြီးငှ ဒေသက ကေလာသ စေတီတော်ကြီးကတော့ သက္ကရာဇ် ၁၂၃ ခုနှစ်မှာ ထီးတော်တင်ခဲ့တယ်။ ဘုရသေ့ ဒီမိုးဗိုင်းတောင်

www.burmeseclassic.com

မှာ အားထုတ်နေစဉ်က သက္ကရာဇ် ၁၃၃၃ ခုနှစ်၊ တပေါင်းလဆုတ်မှာ မီးဖိုင်းဘုရားဖူး အတက်လမ်းကို ပြန်ပြီး ပြုပြင်ခဲ့ကြသေးတယ်'

ရသေ့ကြီးမှ မှတ်စုစာအုပ်ငယ်ကို ထုတ်ဖတ်ပြီး ပြောပြခြင်းဖြစ်၏။ ထူးခြားမှုများကို မှတ်တမ်းလေ့ရှိသော ရသေ့ကြီးဖြစ်၍ ဗဟုသုတ ကြွယ်ဝ ပြည့်စုံခြင်း ဖြစ်လေသည်။

မီးဖိုင်းဘုရား၏ မြောက်ဘက် ရင်ပြင်မှ မြောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အနီရောင်ကျောက်သားများဖြင့် တင်းတောင်းမှောက်ထားသည့်သဏ္ဌာန် တောင်မြင့်မြင့်တစ်လုံးကို မလှမ်းမကမ်း နှစ်မိုင်ခန့် အကွာအဝေး၌ မြင်တွေ့ရသည်။

'အဲဒီတောင်ကို အရောင်တောင်လို့ ဒေသခံတွေက ခေါ်ကြတယ်။ အဲဒီတောင်မှာ ဝိဇ္ဇာ မြို့တော် အလုံမြို့က မင်း၊ ဗိုလ်ရေး၊ ပုဏ္ဏမတ်၊ သေနာပတိတွေရဲ့ ပစ္စည်းဥစ္စာ၊ ရတနာ၊ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြားတွေကို အမှတ်အသားပြုပြီး အသီးသီး မြှုပ်နှံထားခဲ့ကြတယ်။


**အရောင်တောင်မြောင်း တောင်ကြားမှာ ဝတ်ခေါင်းမင်းရဲ့ နန်းစဉ်ပတ္တမြားကြီး မြှုပ်နှံထားတော့ အရောင်နဲ့ တစ်နှစ်မှာ တစ်ကြိမ်ကြုံရတဲ့အခါ တစ်တောလုံး တစ်တောင်လုံး အနီရောင်ပုံပြီး တောက်ပြောင်လင်းလက်လာလေ့ရှိတယ်။ ဒါကို လူအများ မြင်တွေ့ကြတော့ ဒီတောင်ကို အရောင်တောင်လို့ ခေါ်ကြတာပဲ'**

ရသေ့ကြီးမှ ရှင်းပြလေသည်။ ကျွန်ုပ်မှာ ရင်ပြင်၏ တောင်ဘက်သို့ ဆက်လျှောက်လာသောအခါ လူတစ်ဖက်မက ကြီးမားသော ကြေးသွန်း ငွေစပ် ရှေးခေါင်းလောင်းကြီးတစ်လုံး တွေ့ရသည်။

ထိုခေါင်းလောင်းကြီးကို ထိုးကြည့်သောအခါ လွန်စွာ အသံသာယာလှပေသည်။ ကြားဖူးသမျှ ခေါင်းလောင်းသံတို့တွင် အသာယာဆုံးဟု ထင်ပါသည်။ ခေါင်းလောင်းကြီးမှာ ကြေးရောင်မပေါက် ခပ်ဖြူဖြူအဆင်းရှိသဖြင့် ရွှေ ငွေ ပါဝင်မှု အချိုးအဆများလိမ့်မည်ဟု ထင်ရသည်။

ခေါင်းလောင်းကြီး၏ အပြင်ဘက်ပတ်လည်တွင် မန်ကျည်းစေ့သဏ္ဌာန် လေးထောင့် မကျတကျ ရှေးခေတ်ရှမ်းတလိုင်းစာဖြင့် ရေးထားသည်ဆိုသော ကမ္ပည်းစာတန်းများကို တွေ့ရသဖြင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူပြီး ထိုစာကို တတ်စွမ်းသမျှ ကူးရေးခဲ့လေသည်။ သုတေသီ စာဖတ်ပရိသတ်များ လေ့လာနိုင်စေရန် ဖော်ပြပေးလိုက်ပါသည်။

* * *



ခေါင်းလောင်းကြီးမှ စာများ ကူးရေးပြီးသောအခါ မနီးမဝေးတွင် ဆန္ဒင်းမကင်းပုံ ကျောက်ဖျာကြီးတစ်ချပ် ရှိရာသို့ သွားရောက် လေ့လာပြန်သည်။ အလျား(၇)ပေ၊ အနံ(၄)ပေခန့်ရှိသော ကျောက်ဖျာမှာ အထူ တစ်မိုက်ကျော်ခန့်သာရှိသည်။ ထိပ်အစွန်းဘက်၌ အချင်း(၄)လက်မခန့် အပေါက်တစ်ခု တွေ့ရ၏။

'အဲဒါ မင်းတက်ကျောက်ဖျာလို့ ခေါ်တယ်။ ရှေးအခါက ရှင်ဘုရင်တွေ ဘုရားဖူးတဲ့အခါ ဒီကျောက်ဖျာပေါ်က ထိုင်ပြီး ရှိခိုးဝတ်ပြုတယ်။ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ကြတယ်။ အောင်မြေသဘောမျိုးပေါ့။ ဒီကျောက်ဖျာကြီးကို တောင်ပေါ်ရောက်အောင် ထိပ်ကနဖားပေါက်မှာ ကြိုးချည်ပြီး ဆင်နဲ့ ဆွဲတင်လာတယ်လို့ ဆိုကြတယ်။ ဒီကျောက်ဖျာပေါ်မှာ ဟိုတုန်းက သာမန်အရပ်သားတွေ လုံးဝ မတက်ခဲ့ရဘူး'

ရင်ပြင်တော်ကို တစ်ပတ် ပတ်ပြီးသောအခါ ဝတ်ပြုတန်ဆောင်းအတွင်း၌ ခေတ္တထိုင်နားကြ၏။ ထိုအခါ ရသေ့ကြီးမှ မီးဖိုင်းတောင်၏ ဂမ္ဘီရသုတများကို ပြောပြလေသည်။

'တို့ အခုတက်လာခဲ့တဲ့ မီးဖိုင်းဘုရားအရှေ့ဘက် တောင်စောင်းနှစ်ခေါ်လောက်မှာ ဟိုတုန်းက စေတီလေးဆူရှိခဲ့တယ်။ အခုတော့ တစ်ဆူပဲ ရှာတွေ့ပြီး ပြန်ပြုပြင်ထားတယ်။ ကျန်တဲ့ သုံးဆူကို ရှာမတွေ့ကြသေးဘူး။

အဲဒီလေးဆူအနက် အငယ်ဆုံးတစ်ဆူမှာ စိန်သေ အလုံးပေါင်း ငါးရာ မြှုပ်နှံထားခဲ့တယ်။ စိန်သေကို ယူလိုရင်



www.burmeseclassic.com

www.burmeseclassic.com



◆ [illegible]

❖ [illegible]

ောင်စောင့်နတ်ကို ပူဇော်ပသပြီး ယူလာလို့ သိုက်ညွှန်းက ဆိုထားတယ် ။ တောက သိပ်နက်လွန်းတော့ တိုင်တွေ ရှာဖွေရတာ မလွယ်

ိုင်းဘုရားမှာ ဟိုစဥ်က အုတ် ိုင်း အသေအချာ ခတ်ပြီး ကာရံ တယ်။ ခုတော့ ပြိုကျပျက်စီးသွား ။ အဲဒီ တံတိုင်းအတွင်းဘက်မှာ ျောက်တိုင်နှစ်တိုင်ရှိတယ်။ လက် တ်က ကျောက်တိုင်မှာ ကြက် တ် အမှတ်အသား ထွင်းထား ယ်။

အဲဒီတိုင်ရဲ့ အောက်ခြေကို စ်တောင်လောက် တူးရင် ရတနာ ည့်ရှိတဲ့ စဥ့်အိုးကို တွေ့လိမ့်မယ်။ ူလိုသော် တောစောင့်နတ် တောင် ောင့်နတ်များကို ပူဇော်ပသ၍ ယူလေ ိုတဲ့ သိုက်ညွှန်းက ဆိုထားတယ်။

ဘရသေ့တို့ ဒီရောက်စက ကျောက် ိုင်တွေ့သေးတယ်။ ခုတော့ မတွေ့ ော့ဘူး။ ဘယ်သိုက်ဆရာတွေ တူး ဖြိုလိုက်သလဲ မသိပါဘူး။

အဲဒီကျောက်တိုင်က မြောက်ဘက် မလှမ်း မကမ်းမှာ သင်ပုတ်ပလ္လင်ရှိတယ်။ ပလ္လင် အောက်ကို တစ်တောင်ခန့်တူးရင် ရွှေလှည်း ဘီးကို တွေ့လိမ့်မယ်လို့ ဆက်ပြီး ညွှန်းထား သေးတယ်။ အဲဒီ ပလ္လင်ဆိုတာကိုတော့ ဘရသေ့လဲ မတွေ့ဖူးဘူး။ တောင်စောင့်နတ် တွေ ကွယ်ထားသလား။ ကိုယ့်ရှေ့က သိုက် ဆရာတွေ ဖြိုသွားသလား မသိဘူး'

ရသေ့ကြီး စကားဆုံးသည်နှင့် ကျွန်ုပ်တို့ နေရာမှ ထကြ၏။ စေတီ တော်၏ မြောက်ဘက်ရင်ပြင်မှ အနိမ့် ပိုင်းတောင်စောင်းတွင် သွပ်မိုးကျောင်း ဆောင်သစ်များ ရှိသည်။ နှစ်ထပ် ကျောင်းဆောင်ကြီးတစ်လုံး၊ ဆောက် လုပ်စ ဇရပ်တစ်လုံး၊ ကမ္မဋ္ဌာန်းကျောင်း ငယ်တစ်လုံး၊ အင်္ဂတေရေကန်၊ ဆွမ်း စားဇရပ် စသည်တို့ကို တွေ့ရသည်။

ကျွန်ုပ်တို့နှစ်ဦး ကျောင်းသို့ တက် သောအခါ ဆရာတော်ကို ဖူးတွေ့ရ လေသည်။ မီးဖိုင်းတောင်ပေါ်တောရ ကျောင်း ဆရာတော်၏ ဘွဲ့အမည်မှာ ဦးသြဘာသဖြစ်ပြီး ထိုစဥ်က သက် တော်(၅၅)၊ ဝါတော်(၂၀)ဟု သိရပါ သည်။ ဤကျောင်းမှာ ဘေးမဲ့ သက် ပယ်ဖြစ်ပြီး ဦးပဥ္စင်းငါးပါးနှင့် ကိုရင် နှစ်ပါး ရှိလေသည်။

ကျွန်ုပ်တို့လည်း လာရင်းကိစ္စကို လျှောက်ထားပြီး ပါသွားသော လှူဖွယ် ပစ္စည်း၊ စားသောက်ဖွယ်ရာများနှင့် ဝတ္တုကြေးငွေတို့ လှူဒါန်းလျက် ပစ္စည်း များ ထားခဲ့ကာ ဘုရားကြီး၏တောင် ဘက် သုံးဖာလုံခန့် တောင်ကုန်းအမြင့် ပေါ်ရှိ ဆုတောင်းပြည့်စေတီသို့ သွား ရောက်ကြပါသည်။

ဆုတောင်းပြည့် စေတီတော်သို့ အတက်လမ်းမှာ အတော်ကျယ်သော် လည်း မတ်စောက်လှသည်။ စေတီ တော်ရင်ပြင်မှာ သိပ်မကျယ်လှပါ။ စေတီတော်မှာ ဉာဏ်တော်ကိုးတောင် မျှသာမြင့်သည်။

တောင်ဘက်စောင်းတွင် ဦးပဥ္စင်း တစ်ပါး သီတင်းသုံးနေသော ကမ္မဋ္ဌာန်း ကျောင်းငယ်တစ်ဆောင်ရှိ၏။ အရှေ့ ဘက်ရင်ပြင်ထိပ်တွင် ဂမုန်းပင်တစ်စု တွေ့သဖြင့် ရသေ့ကြီးအား မေးမြန်း ရာ...

**'အဲဒီ [illegible]**

www.burmeseclassic.com






▲ ဘုရားဝါကုန်း

မီးမိုးတောင် အောက်လမ်းမှ ထွေးဆန်းသော သစ်တစ်ပင် ▶

▼ ကုလားမတောင်မှ မြင်ရွာကြီး



ဒီလို အောင်မြင် နှင်းအကျများ တဲ့အခါမှာ နွားအတေ၊ နွားမှန်တာ၊ ခေါင်းကိုက် ဖော်ထိုးတာတွေ မကြာခဏ ဖြစ်လေ့ ရှိကြတယ်။

ဒီကုန်းဝ နည်းနည်း မုံရွာ နွားထိမ်း တွေ အာရုံရ တစ်ချက်ရှူလိုက်ရင် ဟတ်ချိုး အသိမှာရှာ ရေတော့တာပဲ၊ ဝေဒနာလဲပျောက်၊ ကိုယ်လက်ပေါ့ပါး ဦးနှောက်ကြည်လင်ပေါ့ကွာ'

ဆုတောင်းပြည့် တောင်ကုန်းပေါ်မှ ကမမောင်းဒေသနှင့် သံလွင်မြစ်ဘက်သို့ ရှုခင်းမှာ လွန်စွာ သာယာလှပါ သည်။ သံလွင်မြစ် အရှေ့ဘက်ကမ်းမှ မြင့်မြင့်မားမား **ပန်းတောမင်းတောင်ကြီး**ကိုလည်း အနီးကလေးလို့ ထင်ရ၍ မြင်ရ၏။

'ဟောဟို ပန်းတောမင်းတောင်မှာ ခုချိန်အထိ အင်္ဂလိပ်ဝိဇ္ဇာတွေ ရှိနေကြ တုန်းပဲ။ တောင်ခုလတ်ဂူတွေမှာ ရှာရင် ဖိုဟောင်းတွေ၊ လုံကွဲတွေ အများကြီး တွေ့ရတယ်။ ရသေ့ဝတ်နဲ့ ပုဂ္ဂိုလ်တွေ များကြတယ်၊ အင်္ဂလိပ် သိုက်ဝင်ဓာတ် ပစ္စည်းတွေလဲ အဲဒီတောင် ဝန်းကျင်မှာ ပေါ်တယ်'

ဆုတောင်းပြည့်စေတီမှ ပြန်ဆင်း လာကြသောအခါ လမ်းခုလတ်မှ ... မြင်ရသော ရွှေအင်ဒုံစေတီတော်မှာ လွန်စွာ သပ္ပါယ်လှသဖြင့် ဓာတ်... မှတ်တမ်း တင်လိုက်မိသေးသည်။

'ဒီပေါ်က လှမ်းကြည့်လိုက်၊ ရွှေအင် ဒုံဘုရားကြီးရဲ့ အင်္ဂါထောင့် တစ်မိုး... လောက်မှာ တွေ့လား တောင်တစ်လုံး ရှိတယ်။ အဲဒီ တောင်ထိပ်ပေါ်မှာ စေတီ ငုတ်တိုရှိတယ်။ အောက်မှာ သုဝဏ္ဏ မာလာချိတ် တစ်စဥ့်အိုးရှိတယ် အင်္ဂလိပ်နည်းနဲ့ ရွှေဖြစ်အောင် လုပ်နိုင် တာပေါ့'

နောက်ပြီး ဆေးဝက္ခခေါက်ပင်ဆိုတာ ... ဖီးတစ်ရိုက်လောက်အကွာမှာ ရှိသေးတယ် သိုက်ဝင်ပင်ပေါ့ကွာ'

**ရွှေလ ဆက်ဖတ်ပါရန်**

**အောင်ဇေ(L.B)**

www.burmeseclassic.com

(ကျန်းမာရေးဆောင်းပါး)

# အဆီကျ အလှပို ဆီး၀မ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ၀မ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် [illegible]ရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ [illegible]နေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ [illegible] လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား [illegible]ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း [illegible]ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို [illegible]သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေ၀င်းပ [illegible]မာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် [illegible]သန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု [illegible]တ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး [illegible]မြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း [illegible]ပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး [illegible] သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် [illegible] နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း [illegible]ဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း [illegible] လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ [illegible]အရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို [illegible]ရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ၀,သထက် ၀, လာ [illegible]တော့တယ်။ ခန္ဓာကိုယ် ၀,လာတာနှင့်အမျှ ရောဂါ [illegible]လည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ [illegible]တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း [illegible]လင်၊ ဗိုက်ပူနံကား ငါးစိပ္ပခါးလို ပုံကပျက်၊ ရောဂါက [illegible]တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် [illegible]ကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ [illegible]သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ [illegible] အတုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု [illegible] အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ [illegible]ရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" [illegible]တော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိသန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်၀န်းကျင်စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ၀,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ၀မ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ၀မ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ၀မ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့၀မ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ၀မ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေ့ထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင်ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ် ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြော ထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူ လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းတျန်ခြင်း၊ လေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေး မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုး များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက် ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ မှည့်ခြောက်ထွက်ခြင်း၊ သွေးကြောတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလို အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွ စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်း ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ် သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ် ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ် တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေး တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂

www.burmeseclassic.com

မြတ်သမဏတို့ စံပျော်မြန်းသည့်

# ထုံးတောင်ငြေ သာစခန်းဆီသို့ (၆)

စင်သိုင်း



▲ ဆရာတော် ဦးသောဓိယ ပျံလွန်၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်

ယခင်လမှ အဆက်

ဆရာတော်ကို အနီးကပ်ဖူးရဖန်များသော် ဆရာတော်၏ အလေ့အထကို အသင့်အတင့် မှန်းဆနိုင်လာသည်။ ဆရာတော်သည် အကျင့်သီလ ပြည့်စုံ၏။ ဝိနည်းတော်အတိုင်း နေထိုင်ကျင့်ကြံ၏။ **ဆရာတော် အဓိက ပြုသည်မှာ ဘာဝနာပွားခြင်းဖြစ်၏။** ဆရာတော်၏ ထို့ထက်ပိုသော ကျင့်ကြံအားထုတ်မှုကို ကျွန်တော် မသိပါ။

သီလနှင့် ပြည့်စုံသော မေတ္တာဘာဝနာ ပွားများလေ့ရှိသော ရဟန်းတော်များ၏ အရိပ်အာဝါသသည် ငြိမ်းချမ်းအေးမြသည်က အမှန်ပါ။ ညည်သည့်ဘုန်းကြီးကျောင်း ဖြစ်ပါစေ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့် ဆူညံရှုပ်ပွခြင်းမှ ယာယီမျှ ကင်းဝေးသွားသည်မှာ ကိုယ်တွေ့ဖြစ်ပါ၏။

ထို့ကြောင့် ထိုစဉ်က တောရကျောင်းများသို့ တစ်နှစ်လျှင် တစ်ခေါက်ရောက်အောင် သွားလေ့ရှိပါသည်။ ကျွန်တော်၏ သားသမီးများလည်း တောရကျောင်း၏ အရသာကို တွေ့နေကြပါပြီ။ မကြာမီတွင် ဒါယကာဒါယိကာမတို့က တိုက်ဇရပ်ကြီး ဆောက်လုပ်ရန် စီမံပါသည်။

ထဲကျောင်းကို တိုက်ကျောင်းကြီး ဖြစ်ရန် ကြိုးစားကြခြင်းကို ကျွန်တော် အဝင်မကျခြင်းတော့ မဟုတ်ပါ။ ကျွန်တော့်စိတ်ထဲတွင် တောထဲမှ သစ်သားကျောင်းကို ပို၍ကျေနပ်၏။ ဖက်မိုး တောကျောင်းကလေးပေါ်သို့ မိုးစက်တို့ တဖြောက်ဖြောက် ကျသံကို ကျွန်တော် သာယာနာပျော်၏။ ခြေတံရှည် သစ်သားဇရပ်ကြီးက ကျွန်တော့်ကို ဆွဲဆောင်ထား၏။

ထိုပတ်ဝန်းကျင် ထိုအငွေ့အသက် မပျောက်ပျက်စေချင်ပါ။ သို့သော် တိုက်ကျောင်းကြီး ဆောက်မည် ဆိုသောအခါ ကျွန်တော့်ဖေဖေ ထားခဲ့သော ရုပ်ရှင်ရိုက်ရာတွင်သုံးမည့် နိုင်ငံခြားဖြစ် ကျောက်ပြားများကို တိုက်ကျောင်းဆောက်မည့် အဖွဲ့သို့






www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော်ဦးတေဇနိယ လွမ်းစေတီ

▼ လက်ရှိဂုံကျောင်းဆရာတော် ဦးကုမာရ



www.burmeseclassic.com




◆ ကျိုက်သီးရိုးကလေးစေတီ



◆ မဟာဝိဇယစေတီ

◆ ကျောက်မြေ့အတင်မှ သစ်ကွင်း





www.burmeseclassic.com

www.burmeseclassic.com





◆ သံပြင်ဆရာတော် ဦးပါဝရ

◆ မဟာဝိဇယရှင်ပွားတော်

လှူလိုက်၏။

တစ်နှစ်ကျော်ကျော် ကြာသောအခါ တိုက်ကျောင်းကြီး ဆောက်ပြီးပြီဟု ပြောကြ၏။ တောရကျောင်းဝင်းတွင် တိုက်ဇရပ်ကြီး ဟည်းနေပြီဟု ဆိုကြသည်။ ဓာတ်ပုံများလည်း ယူလာကြ၏။

ကျွန်တော်သည် ခမ်းနားသော တိုက်ကျောင်းကြီး၏ ဓာတ်ပုံကို ကြည့်ရင်း လျှာထိုးခင်း လျှာထိုးကာ ခြေတံရှည် သစ်သားဇရပ်ကြီးကို လွမ်းနေမိသည်။ ထိုတိုက်ဇရပ်ကြီး ဆောက်ပြီးချိန်မှစ၍ ယခုထိ ထိုတောရ ကျောင်းသို့ ကျွန်တော်တို့ မိသားစု မရောက်ဖြစ်တော့ပါ။

ဆရာတော် ကျန်းမာရေး ဆေးစစ်ရန် ရန်ကုန်သို့ ခေတ္တကြွချိန်၌ သွားဖူးသည်မျှသာ ရှိပါသည်။ ဆရာတော်သည်လည်း ကျန်းမာရေး ဆေးစစ်ပြီး သည်နှင့် တောကျောင်းသို့သာ ပြန်ကြ ၏။ သက်တော်ကြီး၍ ရောဂါဝေဒနာ ခံစားရသဖြင့် အထူးကု ဆေးခန်းကြီး သို့ ပင့်ဆောင်ခဲ့သော်လည်း ဆရာ တော်က တာရှည်သီတင်းမသုံးလို တောကျောင်းသို့သာ ပြန်ကြွလို၏။

*　*　*

ဤစာစုတွင် မောင်ဝဏ္ဏက တောရ မြေနှင့် တဲကျောင်းကလေးကို သဘာဝ အလှအဖြစ် အထူးပြု ရေးဖွဲ့ထားခြင်း ဖြစ်၏။ နေရာအတိအကျ မပါသော ထိုတောရ၏ ပတ်ဝန်းကျင် ထုံးတောင်တောရနှင့် ဆင်တူ၏။

တောရဆရာတော်၏ သီတင်းသုံး တော်မူသော အလေ့အထမှာလည် ထုံးတောင်တောရ ဆရာတော်

www.burmeseclassic.com

ဦးကုမာရနှင့် ဆင်တူ၏။ ဆရာတော် ဦးကုမာရ တောင်ဇေးတစ်ချောင်းဖြင့် တောရသို့ စတင် ရောက်ရှိစဉ် ဓာတ်ပုံကိုလည်း အလားတူ ရေးဖွဲ့ထား၏။

မည်သည့်နေရာ၊ မည်သည့်ဆရာတော်ကို ရည်ညွှန်းသည်ဟုကား ဆရာမောင်ဝဏ္ဏသာလျှင် သိပေမည်။ သူ၏ ရေးဖွဲ့ပုံက ထုံးတောင်တောရနှင့် ဆရာတော်၏ အလေ့အထကို စံနမူနာပြုသည့်ပမာ တူညီလှသဖြင့် ထပ်ဆင့် တင်ပြခြင်းသာ ဖြစ်ပါသည်။

ဤစာစုကို ငမင်ကျေးရွာ အ.လ.က ကျောင်းခွဲ ကိုယ့်အားကိုယ်ကိုး "မြင့်ရတနာ" ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် ဓမ္မဒါနအဖြစ် ဖြန့်ဝေသည့် (၄)လက်မ×(၅)လက်မအရွယ် အိတ်ဆောင်စာအုပ်ငယ်တွင် ထီးလှိုင်ရှင်၏ ဒါနဖြင့် ပညာရေးမြှင့်တင်ပေးပါ စာစုနှင့်အတူ ဖော်ပြထားခြင်းဖြစ်သည်။ တောင်တွင်းကြီးမြို့ ပဋိဗိဝကုန်စုံဆိုင်မှ ဒါနပြုကြောင်း ရေးသားထားပေသည်။

## လမ်းညွှန်

ဤသို့လျှင် ထူးခြား၍ သာယာအေးချမ်းလှသော ထုံးတောင်တောရသို့ သွားရောက်ကုသိုလ်ပြု ကြည်ညိုလိုပါက **တောင်တွင်းကြီးမြို့ အရှေ့ဘက်(၆)မိုင်အကွာရှိ ငမင်ရွာခေါ် ရွာသမင်မြို့ပေါင်းမှ ငမင်ချောင်းကို ဖြတ်ကာ (၁၀)မိနစ်ခရီး ခြေကျင်လျှောက်ခြင်းဖြင့် ထုံးတောင်တောရမှ ဦးသို့ ရောက်ရှိနိုင်ပါသည်။**

တောရအတွင်းရှိ ရုပ်ပွားစေတီများကို သစ်ပင်ရိပ်၊ အင်္ဂတေလမ်းအတိုင်း အကိုသောင့်သက်သာ လှည့်လည်ဖူးမြော်နိုင်သကဲ့သို့ **ဆရာတော်ကြီး ကျွန်းသိမ်း၍ အနားယူချိန်နှင့်**



ငြိမ် ◆ ၁၉၂၃ ခုနှစ်က ပူဇော်ရသည့် လှမ်းစေတီ

**ကြုံကြိုက်ပါက အယုတ်အလတ် အမြတ်မရွေး ဖူးမြော်ခွင့် ရနိုင်ပါလိမ့်မည်။**

စက်ဘီး၊ ဆိုင်ကယ်ဖြင့်သာမက မော်တော်ယာဉ်ဖြင့်လည်း ငမင်ရွာအထိမောင်းနှင် ရောက်ရှိနိုင်ကြောင်း လမ်းညွှန်တင်ပြလိုက်ပါသည်။

**[ဤခရီးစဉ်တွင် စိတ်ရောကိုယ်ပါ ပြည့်စုံစွာ ကူညီပေးတော်မူသည့် ထုံးတောင် အရှင်ဓမ္မပီယ(မြောင်)အား ကျေးဇူးအထူးတင်ရှိပါသည်။]**

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# သစ်တံခါးဆရာတော်

ဘဒ္ဒန္တမင်္ဂလ(ယော)၏

# ကမ္ဘာ့မေတ္တာဓာတ်

ပို့လွှတ်နည်း

သန်းဇော်
(ပညာရေး)



သစ်တံခါးဆရာတော်
ဘဒ္ဒန္တမင်္ဂလ(ယော)

**ကမ္ဘာ့မေတ္တာဓာတ်ကို အားထုတ်မည့်ပုဂ္ဂိုလ်သည် အရင်သိထားရမည့်အချက်က...**

- သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကသုံးပါးကို သိထားပါ။
- (၃၁)ဘုံတည်နေပုံကို သိထားပါ၊ အကျအဝေးပါ သိက ပိုကောင်းပါသည်။
- မြန်မာနိုင်ငံမြေပုံပမာဏ ရှာနယ်မြေကို သိမြင်ပါ။

**ကမ္ဘာ့မေတ္တာဓာတ်**ကို ရက်ပိုင်းလပိုင်း ပိုင်းပြီး အားထုတ်နိုင်ပါက အတိုင်းထက်အလွန် ကောင်း၍ ပေါက်ရောက် အောင်မြင့်လွယ်သည်။ မြတ်ဗုဒ္ဓကလည်း မေတ္တာဓာတ်၏ အကျိုးကြီးပုံကို ဤသို့ မိန့်ဆိုလေ၏။

တစ်နေ့သုံးခါ အိုးတစ်ရာဖြင့်
ချက်ကာထမင်း ကျွေးလှူခြင်းထက်
မယွင်းဆင်စစ် နို့တစ်ညှစ်စာ ကြိမ်သုံးခါမျှ
မေတ္တာပွားများ ကျိုးကြီးမားသည်
ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

အသက်စားသော်လည်း ဖြစ်ပါ၏။ မစားဘဲ အဓိဋ္ဌာန်ဖြင့် (၉)ရက်၊ (၁၀)ရက် ပွားက ပိုပြီး အကျိုးများပါ၏။

ကမ္ဘာ့မေတ္တာဓာတ်ပွားမည့် ပုဂ္ဂိုလ်သည် (၃၁)ဘုံတွင် တာဝတိံသာနတ်ပြည်သည် မြေကြီး၏ အထွတ်အထိပ်ဖြစ်၍ အရပ်ဆယ်မျက်နှာ စကြဝဠာ၏ ဗဟိုချက်မအလယ်လည်း ဖြစ်သည်။

သန့်ရှင်းစင်ကြယ်သော လက္ခဏာလည်းရှိသဖြင့် လည်းကောင်း၊ သုခိတဒုက္ခိတသတ္တဝါတို့၏ ရောပြွမ်းရာ အထွတ်ဖြစ်၍ လည်းကောင်း၊ ကမ္ဘာ့ဓာတ်တို့၏ ဗဟိုဌာနဖြစ်၍ လည်းကောင်း၊ ကမ္ဘာ့မေတ္တာကို ပွားများ၍ အကောင်းဆုံးဌာနဖြစ်ပေ၏။

**တာဝတိံသာနတ်ပြည်သို့ ရောက်နည်း**

၁။ မိမိကျင့်ကြံအားထုတ်ဖူးသော ဈာန်ကုသိုလ်၊ ဒါနကုသိုလ်၊ သီလကုသိုလ်ထူးတို့၏ တန်ခိုးတော်ကြောင့်လည်းကောင်း...

၂။ ကြိုးစား အားထုတ်လျက်ရှိသော ကမ္ဘာ့မေတ္တာ သ[illegible]ထူးကြောင့်လည်းကောင်း...

၃။ တပည့်တော် (တပည့်တော်မ)တို့အား မ,စစောင့်ရှောက်လျက်ရှိသော အရိယာဝိဇ္ဇာဆရာတော်ကြီးများ၊ သူတော်စင်တို့၏ အာနုဘော်ကြောင့်လည်းကောင်း၊ ဓာတ်စီးဓာတ်နှော အစွမ်းကြောင့် လည်းကောင်း...

၄။ မိမိ၏ သစ္စာအဓိဋ္ဌာန် စိတ်ဓာတ်စွမ်းအားကြောင့် လည်းကောင်း၊ ဘုန်းကံ ပါရမီထူးကြောင့် လည်းကောင်း...

ဤဆိုခဲ့ပြီးသော စွမ်းအင်သတ္တိထူးတို့ကြောင့် အာရုံပြုပါ (ငါကိုယ်သည် တာဝတိံသာ၌ တည်ပါစေ) လူသွင်ပျောက် နတ်သွင်ရောက်(လူစိတ်ပျောက် နတ်စိတ်ပေါက်)ပါစေသတည်း ဟုပြော၊ ပါဠိလိုလည်း ရပါသည်။ "**မယှ ကာယော တာဝတိံသေ တိဋ္ဌတု**" ဟုဆိုပါ။

ဆိုပြီးလျှင် လူ့ပြည်မှခွာပြီး တာဝတိံသာနတ်ပြည် သိကြားစံရာ သုဒဿနမြို့တော် ဝေဇယန္တာပြာသာဒ်၏အပြင် တနုဂံနွေအရပ်၌ရှိသော စူဠာမဏိစေတီတော်၏မြောက်ဘက် ရင်ပြင်ပေါ်တွင် အရှေ့သို့မျက်နှာပြု၍ စေတီအား ဖူးမြော်ပြီး ထိုင်ပါ။

ဤကဲ့သို့ ထိုင်ပြီး (၃၁)ဘုံ စုစည်းပိုက်ကွန်မှာမိသော ငါးကဲ့သို့ စုပြီး (ဆွဲသေးပြီး) မေတ္တာသုတ်ကို တစ်ဦးတည်းသာရှိသောသူအားကို မိခင်က



www.burmeseclassic.com

www.burmeseclassic.com

ရှစ်ခင်သကဲ့သို့ မေတ္တာစိတ်ထားပြီး အထက် နေဝသညာနာသညာဘုံမှ အဝက်တိုင်အောင် လည်းကောင်း၊ အောက်အဝီစိ ငရဲတိုင်အောင် လည်းကောင်း၊ အရပ်လေးမျက်နှာ လောကရုံတံတိုင်းထိအောင် လည်းကောင်း အလုံးစုံသော မြေ့ရေ့လေ့ တောတောင်၊ သမုဒ္ဒရာ၊ မြစ်ချောင်း အင်းအိုင်မကျန် ထွင်းဖောက်ပျံ့နှံ့အောင် ပွားပါ။

စိတ်ကို တည်ငြိမ်စွာထားပြီး မနော ဓာတ်ဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ ပါစေ၊ အေးချမ်းကြပါစေ၊ သာယာကြ ပါစေဟု အဆက်မပြတ် ပို့လွှတ်ပါ။

- နှာကိုယ်မှ ညှစ်ပြီး မေတ္တာမိုးတွေ ရွာသွန်း ပါ။
- နှာကိုယ်မှ မေတ္တာတည်းဟူသော အနိုးငွေ့ တွေ လွှတ်ပါ။
- နှာကိုယ်မှ မေတ္တာဓာတ်တည်းဟူသော အလင်းစစ်ရောင်ခြည်ညှစ်လွှတ်ပါ။ (၃၁)ဘုံ ဖုံး လွှမ်းအောင် ပို့လွှတ်ပါ။
- နှာကိုယ်မှ မေတ္တာဓာတ်တည်းဟူသော လေပြည်လေညင်းတိုက်ပါ။

ထို့နောက် တာဝတိံသာနတ်ပြည်မှ အထက်သို့ စိတ်ဖြင့် ပြန်ကြွခါ ဗြဟ္မာ ပြည်(၂၀)သို့ စိတ်ကြွပြီး မေတ္တာပွားပါ။ ထို့နောက် တာဝတိံသာနတ်ပြည်ကြီး အပေါ်မှ မတ်တတ်ရပ်ပြီး သိကြားမင်း အစရှိသော (၃၃)ယောက်တို့ ကြီးမှူး သော နတ်သားနတ်သမီးအပေါင်းတို့ကို မေတ္တာမိုးရွာပါ။ အနိုးအငွေ့လွှတ်ပါ၊ မေတ္တာတည်းဟူသော ရောင်ခြည် လွှတ်ပို့ပါ၊ မေတ္တာဓာတ် လေပြည် လေညင်း တိုက်ခတ်ပါ။

ထို့မှတစ်ဖန် စတုမဟာရာဇ်နတ်များ ကို မေတ္တာမိုးရွာပါ၊ အစဉ်အတိုင်းလုပ် ပါ (၅)ဆင့် အစဉ်အတိုင်းနိမ့်ပြီး မေတ္တာမိုးကြီး ရွာသွန်းဖြိုးလာပါ။

သမုဒ္ဒရာ ရေမျက်နှာပြင်ပြီး ဇမ္ဗူသပြေ ပင်ပေါက်ရောက်ရာ ဇမ္ဗူဒိပ်သို့ မိုးရွာပါ၊ ပို့လွှတ်ပါ။

ထိုမှ မိမိတို့နေရာထိုင်ရာ ဌာနနေရာ အိမ်သို့ ပြန်လာပြီး **"ငါ၏ နေရာဌာန၊ ငါ၏နေထိုင်ရာ ဒေသကြီးသည် ကမ္ဘာ့မေတ္တာဓာတ် ပို့လွှတ်ရာဌာန၊ ကမ္ဘာ့မေတ္တာဓာတ်ပွားများရာ ဌာန ကြီးပါတကား"** ဟု မေတ္တာမိုးရွာသွန်း ပြီး မိမိချက်မြှုပ်ရာ ရွာဒေသမှစ၍ တစ်ကမ္ဘာလုံး တိုက်ကြီးတွေ၊ နိုင်ငံတွေ အရပ်ဒေသတွေကို ကိုယ့်နေရာဌာနမှ မေတ္တာမိုးရွာပါ၊ အနိုးအငွေ့လွှတ်ပါ၊ ရောင်ခြည်လွှတ်ပါ။ လေပြည်လေညင်း တိုက်ပါ။ မိမိကျေးဇူးရှိသူ့ သိသူ မိဘ တွေ၊ ဆရာသမားတွေ မေတ္တာဓာတ် ပွားနည်း ညွှန်ကြားသူတွေကို မေတ္တာ ပို့လွှတ်ပါ။

ဤကဲ့သို့ မိမိ ကမ္ဘာ့မေတ္တာရှာန် အားထုတ်ပါ။ **သမာဓိကုသိုလ်မှ ဝိပဿနာ ကုသိုလ်တိုင်အောင် အကျိုးပြုပြီး အေးချမ်းသော ဘဝ ပိုင်ရှင်၊ ငြိမ်းချမ်းသော မေတ္တာဓာတ် ပိုင်ရှင် ,အမြန်ဖြစ်ကာ အေးချမ်း သာယာ၍ ကမ္ဘာ့မေတ္တာဓာတ်ကြီး ပိုင်ရှင်ဖြစ်နိုင်ပါစေ**ဟု မေတ္တာပို့သ လိုက်ရပါတော့သည်။

***မြရင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**

မှီငြမ်းကိုးကား

**သစ်တံခါးဆရာတော် ဘဒ္ဒန္တ မဃဝိဇောတ(ယော)၏ ကိုယ်တွေ့ အားထုတ်မှုကျင့်စဉ်များ (စာ၁၇၉-၁၈၁)**

# ဝက်ခြံပေါက်သော်



"မေထက် ဝက် ခြံ ကျောက်ထက် အမဲနက် မတော် ရင် အသက်ဖက် လို"

ရှေးလူကြီးတွေ ကတစ်ဆင့် ကြားဖူးတယ်။ လိုရင်းကို တော့ သေသေချာချာ မသိဘူး။

တစ်နေ့ ကျွန်တော့်ရဲ့ မေးဖျားလေး မှာ အနာဖုလေးတစ်ခု ပေါ်လာတယ်။ နာလဲနာ၊ ကိုက်လဲ ကိုက်တာမို့ အမေ့ ဆီသွားပြတော့...

'အေး...ဒါ ဝက်ခြံတဲ့ အနာသွန့်တွေ မကျိုးစေနဲ့ ညှော်တွေ မမိစေနဲ့ တော် တော် ကြောက်စရာကောင်းတယ်။ သွား...သွား ဟိုစီရိုထဲက မင်းအဘိုးက ထားခဲ့တဲ့ ဆေးကျမ်းစာအုပ် သွားယူ"

လို့ ပြောတော့ ကျွန်တော် စာအုပ် ယူပြီး ရှာဖတ်ခဲ့တယ်။

"ဝက်ကိုတွေ့ရင် ရွှေနဲ့ပိုင်း
လေးနဲ့ပစ် သေ၏"

လို့ ရေးထားတာ တွေ့ရတယ်။ ဘာတွေလဲ မသိဘူး။ လွယ်မယောင်နဲ့ တော်တော် စဉ်းစားယူရမယ်။ ဆေးစာ ကြောင်းလေးတစ်ခု စဉ်းစားမရတဲ့ အဆုံး အမေ့ဆီ သွားပြတော့...

'အဲဒီဆေးစာဟာ သွယ်ဝိုက်ပြီး ရေးထား တဲ့စာကြောင်း ဝက်ကိုတွေ့ရင် ရွှေနဲ့ပိုင်း ဆိုတာက ရွှေတောက်ပတ်က အမြစ်ကိုယူပြီး ကျောက်ပျဉ်မှာသွေးကာ အဲဒီအနာနား တစ်ဝိုက်မှာ ဝိုင်းထား လေးနဲ့ပစ် ဆိုတာက လေးညှင်းပွင့်ကို ထုထောင်းပြီး အဲဒီအနာမှာ အုံထားလိုက်လို့ ပြောတာ'

ကျွန်တော်လဲ ဆောင်ရွက်လိုက်ရာ အုံညြစရာ ကောင်းလောက်အောင် ဆေးထိုး၊ ဆေးသောက်စရာမလိုဘဲ သက်သာ ပျောက်ကင်းသွားပါသဖြင့် ရှေးလူကြီးများရဲ့ ဆေးနည်းတစ်နည်း ကို ဖော်ပြပေးလိုက်ပါတယ်။

ဦးရာစ်မြေနိုင်ပြည်ဟိန်း

နဂ္ဂုရောင်ခြည်မဂ္ဂဇင်း၊ ခရ

www.burmeseclassic.com

www.burmeseclassic.com

မှတ်ပုံတင် - ၀၁၁၄၅ ၁၀၀၇၃၅ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

"ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး"




"ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပဲ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပဲ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ"

"နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး"

"နှလုံးဟာ မွေးဖွားသည့်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ"

"ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ"

"ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့"

"ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်"

"သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး"

"သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

"ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ"

"ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့"

"ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ"

"အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၃၅၆)ပေါ်ဦးလမ်းကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၁၀၅၉၊ ၀၉-၅၁၀၀၆၃၂

**မြောင်းမြ စောင်းသဉ္ဇာတင့်**

www.burmeseclassic.com

အခင်းကြုံလျှင်

# မင်းစုံတောင်ကျွန်း

အစီအစဉ်နှင့်ဝင်ပါ (၄)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

**ယခင်လမှ အဆက်**

"**မင်းစုံ**"ပညတ်အရ ကြာသပတေး+အင်္ဂါ= ၁၉ + ၈ = ၂၇= သောမနဝင်းဖြစ်နေရာ လျှို့ဝှက်ခြင်း၊ ငြိမ်းအေးခြင်းသဘော ဆောင်သဖြင့် ကျွန်ုပ်၏ စိတ်တွင်းဆန္ဒများ ပြည့်ဝစေရန် ဆုပန်ဖြစ်ခဲ့သည်။

ကာရကာ အဆောက်အဦ

စွမ်းအင်များ


ကျောင်းသို့ ပြန်ရောက်သောအခါ ဆရာတော်က မုန့်နှင့် ကော်ဖီမစ်များ သုံးဆောင်ရန် တိုက်တွန်းပြန်သဖြင့် ကော်ဖီတစ်ခွက် သောက်သုံး၏။ အချိန်အတန်လင့်ပြီဖြစ်၍ အလိုက်သိစွာ မိန့်တော်မူခြင်း ဖြစ်ပါသည်။

ထို့နောက် ဝိဇ္ဇာအပေါင်း စုရုံးရောက်ရှိကာ ကျင့်ကြံအားထုတ်၍ ပေါက်မြောက်ခဲ့ရာ အောင်မြေတောင်တော်ဟု ညွှန်းဆိုကြသည့် အကြောင်းကို မေးလျှောက်ဖြစ်သည်။ ဝိဇ္ဇာဟူသည် အသိအလိမ္မာ၊ ပညာကို ညွှန်းသည်ဖြစ်၍ မိမိကိုယ်တိုင် သိအောင် ကြိုးစားပါက သာ၍ ကောင်းပါမည်။

မကြာမတင်ကာလ(၁၃၇၅ ခုနှစ်ဝါတွင်းကာလ)က ဤမင်းစုံတောင်၊ ကိုးမနိုးတောင်ကုန်း၌ ဝါဆို၍ ကျင့်ကြံအားထုတ်တော်မူသော အရှင် ဝိသုဒ္ဓသည်လည်း သူ၏ ပညာ၊ အသိဖြင့် သာသနာအကျိုး၊ လောကအကျိုး ဆောင်ရွက်တော်မူခဲ့သည်ဟု ကြားနာရလေသည်။


ကျောင်းနံရံတွင် သရုပ်ဖော်ပုံများနှင့်တကွ...

'ယခုလက်ရှိ တောင်ပေါ်တွင် ကျောင်းထိုင်ဆရာတော် အရှင်ခေမိန္ဒသည် သက်တော်(၆၄)နှစ်ရှိပြီး သီတင်းသုံးဝါ (၁၀)ရှိပါပြီ။ ထနောင်းပင်လဲရွာ ဇာတိဖြစ်၍



ရွှေစေတီကြီးကို အနီးကပ်မြင်ရစဉ်

www.burmeseclassic.com



▲ မြောက်ဘက်မှ ရှုသိမ်နှင့် အဆောက်အအုံသစ်

▼ နတ်စင်တောင်ထိပ်



www.burmeseclassic.com

www.burmeseclassic.com



နတ်စင်တောင်ထိပ်မှ နတ်စင်နှင့် စေတီငယ်

တောင်တော်ကို သာသနာပြုရာ ဆိုးကြီးမြို့နယ် သံဃနာယကများ နှင့် ညှိနှိုင်းဆန္ဒအရ ဆောင်ရွက်ခြင်း အတွင်း ဆရာတော်သည် ဝိသနာဘာဂီ ဆက်တိုင်းမိ၍ ဆေးဝါး အတတ်ပညာ ချုပ်ကို ဒေသန္တရ လှည့်လည်ခဲ့ရာ သော ပဋ္ဌာန်းဆက်ဖြင့် ဝိဇ္ဇာဇော်ဂျီ အသိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးများ အမိန့်ဆန္ဒ ခံယူ၍ ကျင့်ကြံအားထုတ် သော လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုး ရည်သန်ပြီး တောင်ပေါ်ရှိ ဘုရားများအပြင် အခြားစေတီကျောင်း ထိန်းသာသနိက အဆောက်အအုံများ ကို ဆရာတော်နှင့် ဂေါပကအဖွဲ့က ဆည်ဆောက်လျက်ရှိသည်…

ဟု ဖော်ပြထားသည်။ ၁၃၆၆ ခုနှစ် တွင် မှတ်တမ်းပြုထားခြင်းဖြစ်ကာ ယခု ၁၃၅၅ ခုနှစ်တွင် သီတင်းသုံးဝါ (၁၉) ဝါရှိပြီ ဖြစ်သည်။ ထို့ကြောင့်…

‘ဝိဇ္ဇာဇော်ဂျီတပသီ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများရဲ့ အမိန့်ဆန္ဒခံယူပုံကို သိခွင့်ရှိရင် မိန့်တော်မူပါ ဘုရား’

ဟု လျှောက်ထားသည်။ ဆရာ တော်က…

‘ဒီကိစ္စအတွက် ယုံကြည်စိတ်ချရ တဲ့ ဓာတ်စီးပုဂ္ဂိုလ်ကတစ်ဆင့် ကြား နာရတာပါ’

‘တင်ပါ့ ကြားခံ ဆက်သွယ်ပေးတဲ့ ဓာတ်စီးပုဂ္ဂိုလ်က တစ်မျိုးတမည် ဖြစ်နေရင် ကမောက်ကမ ဖြစ်ရတတ် တာ တပည့်တော်လဲ ကြုံဖူးပါတယ် ဘုရား’

ဆရာတော်က ယောဂီတစ်ဦးကို ခေါ်ယူပေးသည်။

‘သူက ယောဂီဒေါ်အောင်ကြင်တဲ့။ ၁၃၅၃ ခုနှစ်ထဲက ယောဂီဖြစ်တာ။ ၁၃၆၀ ခုနှစ်မှာမှ မင်းစုံတောင်ကိုရောက်ပြီး ကျင့်ကြံ အား ထုတ်နေပါတယ်။ သူ့အာရုံမှာ စာမေးပွဲဖြေ တိုင်း ကျရှုံးနေတယ်လို့ တွေ့ကြုံခံစားရပြီးမှ ဒီကို ရောက်လာပါတယ်’

ဆရာတော် မိန့်ကြားချက်မှာ မိမိနှင့် လည်း တိုက်ဆိုင်နေသည်။

‘တပည့်တော်လဲ အခုအချိန်အထိ စာမေးပွဲဖြေရဦးမယ်။ စာတွေလဲ မရ သေးပါလားလို့ ပူပန်ရတဲ့ အိပ်မက်တွေ မက်နေတုန်းပါပဲ ဘုရား’

‘အေးကွယ့် ဒါဟာ ဆက်လက် သယ်ပိုး ရဦးမယ့် ပရဟိတ၊ လောကဟိတ၊ သာသန ဟိတ တာဝန်တွေ ကျန်သေးတာကို ဆိုလို ဟန်တူပါရဲ့’

ဒေါ်အောင်ကြင်က ဘုရားရှိခိုး သီလခံယူပြီးနောက် ပေါက်ဆရာ (၆၄) ပါး အပါအဝင် ရသေ့ရှစ်သောင်း ဆရာပေါင်းတို့အား ရှိခိုးမေတ္တာ ပို့သ လျက် အာရုံပြုနေသည်။

‘ကာယကံရှင်နဲ့ ပတ်သက်တဲ့ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ် ကြွရောက် ကူညီ ပေးပါလိမ့်မယ်’

စေတီမွမ်းမံခြင်း စသည့် ကိစ္စများ အတွက် တာဝန်ယူနိုင်သည့် ပုဂ္ဂိုလ်

www.burmeseclassic.com

ကြွရောက်သည်ဟု သိရသည်။

'နာမည်နှေသားတွေ ပြောရဦးမလား အရှင်ဘုရား'

'လိုအပ်ရင် မေးပါလိမ့်မယ်'

အတန်ကြာသော် ဒေါ်အောင်ကြင်သည် တင်ပျဉ်ခွေ ချိတ်ထိုင်ကာ ဟိန္ဒူစကားနှင့် ဆင်တူသည့် ဝေါဟာရများကို ဗလုံးဗထွေး ပြောဆိုပြီးနောက် **"မင်း ဘယ်နေရာတွေ ရောက်ဖူးသလဲဟေ့"**ဟူ၍ မေးသည်။

'မြန်မာနိုင်ငံ တစ်နံတလျား နေရာစုံသလောက်ပါပဲ'

'ပုပ္ပားတောင်ရောက်ဖူးရဲ့ မဟုတ်လား။ သိလောက်ရောပေါ့။ ဘာများမေးချင် သိချင်တာတုံး'

'ကျုန်းမာပြည့်စုံစွာနဲ့ သာသနာပြုချင်ပါတယ်၊ ဆန္ဒပြည့်ဝပါ့မလား'

'ဟော အခုလဲ ပြုနေရပြီပဲ။ ပင်ပန်းတာတွေ ထည့်မတွက်နဲ့။ ကိုယ်က လင်းထွင်ပေးလို့ လင်းပေါက်လာရတာ ပီတိဖြစ်စရာပါ။ ပုဂ္ဂိုလ် တစ်ပါးဆီက တစ်ခုခု ရဖူးသလား'

'သက်တော်(၁၀၈)နှစ်ရှိတဲ့ ကော့ပေါက် ဆရာတော်ကြီးက ဓာတ်လုံးတစ်လုံး စွန့်တာ ရဖူးပါတယ်'

'ပါလာသလား ပြစမ်းပါဦး'

'ဘုရားစင်မှာပဲ တင်ထားပါတယ်။ နယ်လှည့်သွားလာနေရတော့ အစာရွေး အအိပ်အနေရွေးလို့ မရဘူးလေ။ ကြုံသလို ဖြစ်သလို နေထိုင်သွားလာရတာမို့ အ,ဂါရဝဖြစ်မှာ စိုးလို့ပါ'

'အေး ကောင်းပါရဲ့။ မင်းစုံတောင်အကြောင်း ရေးပြီးရင်တော့ ထူးခြားလာမှာပါ။ မင်းဆီမှာ မိစ္ဆာအဖျက်မရှိလို့ ဝိဇ္ဇာလဲ စွက်ဖက်စရာမလိုဘူးပေါ့ကွယ်'

'ဒကာကြီး အရေးကိစ္စရှိရင် မေးလို့ရပါတယ်'

ဟူ၍ ဆရာတော်က တီးတိုးပြောပြ



ကျိုက်မှားစေတီ

သဖြင့် ကိစ္စတစ်ခုကို မေးကြည့်သည်။

'အဘ ရေအိပ်ကျင်းဆရာတော် ဆိုတာ သိသလား'

'ဘွဲ့တော်က ဘာတဲ့လဲ။ ဘယ်မြို့ ဘယ်ရွာနဲ့ နီးသလဲ'

'ဘွဲ့တော် မသိရပါဘူး။ မလှိုင်ဝန်းကျင်မှာပဲ ထင်ပါတယ်။ တောင်သာ၊ မြင်းခြံ၊ ရွှေပေါက်ကျွန်း၊ ပြင်စည်၊ ဝက်လူးစတဲ့ နေရာတွေမှာ စုံစမ်းတာ မရခဲ့ပါဘူး'

'အင်း ဒါမျိုးဆိုတာ ဖော်ပေမယ့် မပေါ်တာ ရှိသလို မဖော်ဘဲနဲ့ ပေါ်တ[illegible] လဲ ရှိပါရဲ့။ အချိန်မတန်သေးလို့ နေ[illegible] ပေါ့ကွယ်'


တွေတွေထူးထူး မေးစရာ မရှိသ[illegible] ဤမျှနှင့် အဆုံးသတ်ခဲ့သည်။ ဆ[illegible] တော် ဦးခေမိန္ဒ၏ သာသနာပြုလုပ်[illegible] များတွင် အခက်အခဲကြုံပါက သ[illegible] ဆိုင်ရာပုဂ္ဂိုလ်က ဓာတ်စီးကာ ကူ[illegible] ပေးကြောင်း သိရသည်။

ထိုမှအပြန်တွင် မြင်းခြံ[illegible]ဓာတ်ထေ[illegible] တိုက် ကျောင်းဆရာတော် ဦးသုမိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



▲ ယောဂီဒေါ်အောင်ကြင်

ဘ ဖိတ်ခေါ်သဖြင့် မြင်းခြံမြို့နယ်၊ အောင်ကားရွာ ရှေးစေတီမွမ်းမံ တည်ဆောက်ရာသို့ ရောက်ရှိသွားသည်။ အေသခံများက ဤစေတီပျက်ကို တူးဖော်၍ အသစ်တည်ဆောက်ရာတွင် ခက်ခဲကြန့်ကြာနေရာ မင်းစုံတောင်ဆရာတော် ဦးခေမိန္ဒအား သွားရောက် ပင့်လျှောက်ရသည်။

ဆရာတော် ကြွရောက်၍ ပုဂ္ဂိုလ်များ အကူအညီဖြင့် ဖြေရှင်းပေးခဲ့သဖြင့် ချောမောစွာ တူးဖော်ရှင်းလင်းနိုင်ကာ ပြန်လည်တည်ဆောက်ရန် စီစဉ်နေပြီ ဖြစ်ကြောင်း ပြောပြကြလေသည်။

မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး မြို့နယ်များရှိ ရှေးဟောင်း ဘုရားပြိုဘုရားပျက်များစွာကို မင်းစုံတောင်ဆရာတော်ကြီး၏ ကူညီမှုဖြင့် မွမ်းမံ ပြုပြင်နိုင်ခဲ့ကြသည်ဟု သိရှိရပေသည်။

## မင်းစုံတောင်မှ ဖိတ်ခေါ်ပါသည်

ဆရာတော်ဦးခေမိန္ဒအား နှုတ်ဆက်ကန်တော့၍ ပြန်လာရာတွင် ဒေါ်အောင်ကြင်က စောင်းတန်းဦး စေတီအထိ လိုက်ပါ ပို့ဆောင်ပေးသည်။

'အခင်းကြုံရင် မင်းစုံတောင်ကို လာပါ။ ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး လမ်းညွှန်ချက်၊ အကြံပြုချက်တွေ ရယူနိုင်ပါတယ်' ဟူ၍ ဖိတ်မန္တကပြုသည်။

မင်းစုံတောင်ကား မိမိ၏ အကျင့်စရဏ အားလျော်စွာ အကျိုးထူးကောင်းစွာပေးသည့် နေရာထူးဖြစ်သည်။

နွားထိုးကြီး–ပြင်စည် ကားလမ်းနံဘေး "မင်းစုံတောင် ဘေးမဲ့တော" ဆိုင်းဘုတ်အနီး မြေလမ်းမှတစ်ဆင့် သုံးမိုင်ခန့် ဝင်ရောက်ခြင်းဖြင့် မင်းစုံတောင်ခြေသို့ ရောက်ရှိနိုင်ပါသည်။


ကုသိုလ်ရှင်များ ကောင်းမှုကြောင့် တောင်တက် အမိုးစောင်းတန်းများ ပေါ်ပေါက်နေပြီဖြစ်ရာ တောင်ခြေအဝင် ကတ္တရာလမ်းနှင့် မင်းစုံတောင် ဘုရားစေတီသာသနိက အဆောက်အအုံများစွာ ပွင့်လင်း စည်ကားလာတော့မည်ဟု ဝမ်းမြောက်ကြည်နူးစွာ မှန်းဆ သာဓုခေါ်ရပေသည်။

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**

စာမျက်နှာ (၉၄)မှ အဆက်

"ဂ" အက္ခရာနှင့် ညွှန်ပြထားသည်မှာ ကံလယ်ထီးရိုး တနင်္လာဂြိုဟ်ခုံ ဘက်မှ စတင် ထွက်ခြင်းဖြစ်သည်။ နိုင်ငံခြားနှင့် အကျိုးပေးသူလည်း ဖြစ်သည်။

* * *




**မှတ်ချက်။ ။** အထက်ပါ လက္ခဏာရှင်မှာ အသက် (၃၄)နှစ်တွင်ပင် (DV) ပေါက်ပြီး အမေရိကန်သို့ သွားရောက်နေထိုင် လုပ်ကိုင်နေလေပြီ။

စာဖတ်သူများလည်း အမေရိကန် ဗီဇာကံစမ်း(DV)ပေါက်ရန် မျှော်လင့်နေသူဖြစ်ပါက မိမိတို့လက္ခဏာမှာ ကံလယ်အကြောင်းအလဲ ကံလမ်း ထီးရိုးအစဉ်ရှိမှု နိုင်ငံခြားရေးလမ်း စသည့် အကောင်းများ ရှိမရှိ ရှိပါက မျှော်လင့်ချက် ပြည့်ဝနိုင်ကြောင်း သိပါလေ။

လက္ခဏာပညာသုတ ထိုမျှသာပြ ပါလေ။

အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားစေသော်...

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်ဗီဇာ

ကံစမ်းမဲ(DV) ပေါက်မလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

(၁၃–၁၀–၁၉၇၃)ခုနှစ် မွေးဖွားသော အမျိုးသားတစ်ဦးက သူ့အသက် (၃၄)နှစ်အရွယ်တွင် ကျွန်ုပ်နှင့်လာရောက်တွေ့ဆုံပြီး အမေရိကန်ဗီဇာ ကံစမ်းမဲ(DV) အမြန်ဆုံး ပေါက်စေဖို့ အစီအရင် တောင်းခံ ဆောင်ရွက်ရင်း ပေါက်နိုင်ကိန်း ရှိ၊ မရှိကိုလည်း မေးပါသည်။

"**က**"အက္ခရာနှင့် ညွှန်ပြထားသောနေရာကို ကြည့်ပါ။ ကံလမ်းကြောင်း အပြောင်းအလဲ ဖြစ်နေကြောင်း တွေ့ရမည်။

အသက်(၃၅)နှစ်ဝန်းကျင်တွင် ဖြစ်ရာ ယခု အသက်(၃၄)နှစ်မှာ အပြောင်းအလဲ ဖြစ်နိုင်သည့် သင်္ကေတ ဖြစ်နေသည်။

အင်္ဂလိပ်လို မွေးရက်(၁၃)ကို ပေါင်းလျှင် (၄)ဂဏန်း ရသဖြင့် သူ့အသက် (၁)၊ (၂)၊ (၄)၊ (၇) တစ်ခုခုရသော အသက်ပိုင်းမှာ ကံကြမ္မာထူးခြားပြောင်းလဲမှု ကြုံနိုင်ကြောင်း သင်္ချာဗေဒင်ပညာနှင့် ညှိနှိုင်းရရှိသဖြင့်




**(၃၄)မှာ ကံကြမ္မာ အပြောင်းအလဲဖြစ်ဖို့ သေချာပြီ။**

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းမှ တနင်္လာဂြိုဟ်ခုံဘက်သို့ ခွဲဆင်းနေသော နိုင်ငံခြားသွားလမ်းဖြစ်သည်။ ထင်ရှားအားကောင်းနေသဖြင့် နိုင်ငံခြားသွားရဖို့လည်း သေချာသည်။

စာမျက်နှာ (၉၃) သို့

www.burmeseclassic.com

ရေကြိုက်ငှားဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(ဒ)ဆေးဝါးမှတ်ပုံတင်အမှတ် ၁၀၁၃ ' ၁၁၀၆/၂၂ (တသသက(စာနယ်ဇင်း) ၀၀၇/၀၂၂၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် ညှိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး ပျောက်ကင်းသက်သာအောင်ကုသမရတဲ့လျှက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ ရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ် ၏။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်း ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ ဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင် ရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် သဖြင့် ညာဘက်ခြမ်းနံရိုးခုံးမှ အောင့်နာသည်။ ရင်ခေါင်း င့်၏။ ပို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့် အရေများ ဝါဖျော့လာ၏။ သီးနည်းလာ၏။ရုံခါဝမ်းချုပ် အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေး ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အိပ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော ကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ကျော်ကျော်နိုပ်စက်နေသော အနီးရန်သူသည် B-ပိုး ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် တော်နှင့် ဇနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံ သလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေ သော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက် သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝ ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော် ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်း အောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှု ကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည် လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေ သကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမား တော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေး နေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်း ရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်




နက္ခတ္တရောင်ခြည် [illegible]

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေး... ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေး စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှု အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လ...**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။


ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း ၈/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄

ရုံးချုပ်ပြည်နယ်ဖြန့်ချိရေး-
အမှတ်(၃၂/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ ...မြို့။
ဖုန်း-၀၈၂ ၂၆ ၂၉၁၊ ၀၉ ၄၇၀ ၅၅၂၁၃။




www.burmeseclassic.com

www.burmeseclassic.com



ကျိုက်မင်း ဗျာဒိတ်ခံ စေတီကုန်းတော်

ထက်မြင့်ကျော်စွာ

ရွှေမာန် ကင်းစေသည့် ကောလင်းနယ်မှ

# ဆောင်ဒိုဗိုလ်ဆောင်
# ခမောက်တောင် (၄)

ယခင်လမှ အဆက်

ဒါနဲ့ အိုအို(အဘွား ဒေါ်မမကြီးကို ခေါ်သည့်အမည် ဖြစ်သည်။)ကောမေမေနဲ့ ကျွန်မတို့ပါ ဘိုးဘိုးဆုံးလို့ ဆောက်တည်ရာမရ ကြေကွဲမှုတွေ သက်သာရာ ရကြပါတယ်'

## ပွဲခင်းဆီသို့

ကန္တာစက္ကရသေ့ကြီးဦးစိ အုတ်ဂူအား ဂါရဝပြုပြီးနောက် တောင်ဘက်အဝင်မုခ် ခြသေ့်နှစ်ကောင်နှင့် ပွဲစင်ဆီအား လှေလာကြသည်။ ပွဲစင်မှာ သစ်သားများဖြင့် အခိုင်အမာ တည်ဆောက်ထားကာ အရှေ့တောင်ယွန်းယွန်း နတ်သျှင်တောင်ဆီသို့ မျက်နှာပြုထားသည်။

ရပ်ဓလေ့ဒဏ္ဍာရီအရ စန္ဒာသူရိယမင်းအဖြစ်မှ နတ်ရွာစံပြီးနောက် နတ်သျှင်တောင်ပိုင် ဖြစ်လာသည့် ဘိုးတော်နတ်မင်း၌ စစ်ကဲနှစ်ဦးရှိရာ ခမောက်တောင်ပိုင် ဘိုးတော်စစ်ကဲမှာ လက်ယာစစ်ကဲဖြစ်၍ အစိမ်းရောင် ချပ်မိန်ညို ဝတ်ဆင်သည်။

"**စစ်သည်**"တောင်ပိုင် ဘိုးတော်စစ်ကဲမှာ လက်ဝဲစစ်ကဲဖြစ်၍ အနီရောင် ချပ်မိန်ညိုဝတ်ဆင်သည် ဆို၏။ ထို့ကြောင့် ပွဲစင်ကို နတ်သျှင်တောင်ရှိရာသို့ ဘူးရှုပြုထားရသည် ဆိုလေသည်။

ခမောက်တောင် ဘုရားပွဲခေါ် သာသနာ့အောင်လံတင် ထီးတော်ဖွင့်ပွဲတော်ကြီးကို ၁၃၀၇ ခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပရာ ပွဲစင်ရှေ့တွင် ကောက်ရိုးဖြင့် လူရုပ်များစွာ ပြုလုပ်၍ ခမောက်များ ဆောင်းပေးထားခဲ့သည်။

ခမောက်တောင် သာသနာ အဓွန့်ရှည်ကြာပြန့်ပွားစေရန် ဘုတ်ပန္နက်

www.burmeseclassic.com

ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ပူဇနီယပွဲတော်ကို နှစ်စဉ် (၅)ရက်ကြာ ကျင်းပလေ့ရှိရာ ပွဲတော်လာ ပရိသတ်များ၊ သံဃာများအားလုံးကို ဆွမ်းကပ် ကျွေးမွေးသည်။ နောက်ဆုံးနေ့နံနက်တွင် အရှုဏ်ဆွမ်းကပ်ပြီးနောက် ဆွမ်းကြီးလောင်းပွဲ ကျင်းပကာ ပွဲတော် ပြီးဆုံးသည်။


ကျွေးမွေးရန် ထမင်းချက်ရာ၌ ရသေ့ဦးစီက ပြည်ဝင်အိုးဖြင့်သာ ချက်စေသည်။ ပရိသတ်ထောင်သောင်းချီ များပြားစေကာမူ ပြည်ဝင်အိုးဖြင့်သာ ချက်ရသည်။

တစ်ပြည်လုံး ဖူလုံလောက်ငခြင်း၊ ဝိမုတ္တိသုဂသို့ တစ်ကြော့ ပြန်ရောက်ရှိ၍ ဘုရားရှင် ကြွလှမ်း ဝင်ရောက်တော်မူသည်ဟု ရည်မှတ်ပူဇော်ခြင်း၊ ဘုရားရှင် ဟောကြားသည့် တရားတော်များအတိုင်း လိုက်နာကျင့်ကြံအားထုတ်လျက် နိဗ္ဗာန်ရွှေပြည်သို့ ဝင်ရောက်နိုင်ခြင်း စသည့် နိမိတ်ကောင်းများဆောင်ခြင်း ဖြစ်ကြောင်း သိရပေသည်။

## စိန်ဖူးကျောင်း

ကောလင်းမြို့၊ မြောက်အင်းရပ်ကွက်တွင် တည်ရှိသည်။ ဦးစီနှင့် ဒေါ်မမကြီးတို့ အခြေချ နေထိုင်သွားခဲ့သော မြေကွက်ဖြစ်သည်။ ၁၃၁၂ ခုနှစ်တွင် ကျောက်ထီးစေတီကို အနေကာဇာတင် အောင်မြင်ပြီးစီးသည်ဆိုရာ၌ အထွတ်ထီး တင်လှူခဲ့ခြင်း မရှိသေးပါ။

အထွတ်ထီးတော်ကို မြောက်အင်းရပ် မြေကွက်တွင် ကျောင်းတစ်ဆောင် ဆောက်လုပ်ပူဇော်ထားခဲ့သဖြင့် စိန်ဖူးကျောင်းဟု ခေါ်တွင်ခြင်း ဖြစ်သည်။



◆ ဗျာဒိတ်ခံ ,တော်ဝင်ရုပ်ပွားတော်

ထိုထီးတော်တွင် ငှက်မြတ်နားအပါအဝင် ငွေသားစစ်ဖြင့် ပြုလုပ်ထားကာ စိန်ဖူးမှာ ဘိုးတော်ဘုရား(အဘအောင်မင်းခေါင်)၏ ဝရဖိန် ရောင်လျှံတော်ဖြစ်၍ ရွှေငွေ နဝရတ်ကိုးပါး ပတ္တမြား အစစ်ပါဝင်ကြောင်း ရသေ့ကြီး ရေးသားထုတ်ဝေသော စာအုပ်အချို့၏ မျက်နှာဖုံးအတွင်းဘက် စာမျက်နှာ၌ ဖော်ပြထားသည်။

နောင် သင့်မြတ်သော အချိန်အခါ နက္ခတ်ကြုံလေမှ ထီးတော်တင်လှူပူဇော်မည်ဆို၏။

ထိုထီးတော်ကြီးကို ယခင် အစိုးရလက်ထက် ဌာနဆိုင်ရာ အကြီးအကဲအချို့က ၁၉၉၂ ခုနှစ်တွင် ယူငင်မွမ်းမံကာ (၁၆–၃–၁၉၉၂)နေ့တွင် ကျောက်ထီးစေတီတော်တွင် တင်လှူပူဇော်ခဲ့ကြသည်ဟု သိရသည်။

www.burmeseclassic.com



▲ ကျိုးမင်းတံခွန်တိုင်

စိန်ဖုံးကျောင်းသို့ သွားရောက်လေ့လာသောအခါ စိန်ဖူးနှင့် ထီးတော်ပူဇော်ထားသည့် ပင်မကျောင်းဆောင်မှာ ပြိုပျက်သွားပြီဖြစ်ကာ အရှေ့ဘက် **"လေးတိုင်စင်မြင့်"** ခေါ် ဘုရားခန်းပါ အဆောင်သာ ကျန်ရစ်သည်ကို တွေ့ရသည်။

ဆရာကတော် ဒေါ်မမကြီး၊ သမီးဒေါ်တင်ဥတို့သည်လည်း ကွယ်လွန်ကြပြီဖြစ်ကာ မြေး ဒေါ်အေးကြည်တစ်ဦးတည်းသာ နေထိုင်လျက် ရှိကြောင်းသိရသည်။

လေးတိုင်စင်မြင့် ကျောင်းကလေး၏ ဘုရားခန်းတွင် မဟာမုနိ ပုံတော်ကားချပ်နှင့် ဆင်းတုတော်အချို့ ပူဇော်ထားကာ သာသနာ့အလံ လေးစင်းစိုက်ထူထားသည်။ ဘုရားခန်းအောက်နံရံအနီးတွင် ရသေ့ကြီးဦးစီ ကျိန်းစက်လေ့ရှိသော ညောင်စောင်းကို သူရှိစဉ်ကအတိုင်း ပြင်ဆင်ထားသည်။

ရသေ့ကြီးသည် ဤညောင်စောင်းတွင် ပင်ဘဝတစ်ပါးသို့ ကူးပြောင်းခဲ့သည်ဆို၏။ ဒေါ်အေးကြည်က အမှတ်တရ သိမ်းဆည်းထားသော အဘိုးစီ၏ချည်တိုက်ပုံအင်္ကျီကို ထုတ်ပြသည်။ ဓာတ်လုံးများ သိမ်းဆည်းလေ့ရှိသည့် မြေအိုးကလေးကိုလည်း တွေ့ရသည်။ ဓာတ်လုံးများကား မရှိတော့ပါ။

ဦးနု လှူဒါန်းသော သာသနာ့အလံတစ်ခု ကျန်ရှိကြောင်း ယူပြသဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။ယခုအခါ မြင်တွေ့ရသော သာသနာအလံနှင့် မတူပါ။

အနီရောင်အဝိုင်းကို အဝါရောင်ကွပ်၍ အနီဝိုင်းအလယ်တွင် ကန့်လန့်စင်းများ ကန့်ထားသည့် အဖြူရောင်စက်ဝိုင်း ပါဝင်သည်။ ခေါက်၍ သိမ်းထားသဖြင့် မှန်ကြည်တစ်ချပ်ခံ၍ မှလပုံစံ ပေါ်နိုင်သမျှ ကြိုးစား ရိုက်ကူးထားပါသည်။

ခြဝင်းတစ်နေရာတွင် ရသေ့ကြီး၏ဖိုခွင်ကို တွေ့ရသည့်အပြင် သူ့ကိုယ်တိုင် ထုတ်ဖော် ရေးသားချက်များအရ

www.burmeseclassic.com

လောကီပညာရပ်များ လိုက်စား မှတ်သားခဲ့ကြောင်း သိရသည်။

လောကုတ္တရာ ပရိယတ္တိ စာပေနှင့် ပတ်သက်၍ ဒေါ်အေးကြည်ထံ ကျန်ရှိသမျှ မှတ်တမ်းအချို့အနက် ၁၃၁၅ ခုနှစ်ထုတ် ဝိပဿနာကျင့်စဉ်ကျမ်း စာမျက်နှာ(၆)တွင် အောက်ပါအတိုင်း တွေ့ရသည်။

'ပုပ္ပါးတောင် အောင်မင်းခေါင် ဘိုးတော်ဘုရား၏ မေတ္တာရေစင် သောက်စို့ရသော ဣန္ဒာစက္က ယောဂီဥက္ကဌ ဆရာကြီးဦးစိသည် ပိဋကတ်သုံးပုံ ပါဠိနိဿယတို့ကို ရန်ကုန်မြို့ ဝေဠုဝန်ဆရာတော်ဘုရားကြီးထံမှ သင်ကြားခဲ့ရာ တစ်ခေါက် ကုန်ပေါက်ရောက်ပြီး...

အဋ္ဌကထာ၊ ဋီကာ၊ အဘိဓမ္မတ္ထ၊ သင်္ဂြိုဟ်နှင့်တကွ ကျမ်းကြီးကျမ်းခိုင် အစောင်စောင်တို့ကို သင်ကြားကြည့်ရှုပြီးလျှင် သီလ၊ သမာဓိ၊ ပညာ၊ ပဋိဝေဓ၊ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို ကိုယ်တိုင် အားထုတ်ခဲ့သည်မှာ...

၁၂၈၅ ခုနှစ်မှ ၁၃၁၄ ခုနှစ်အထိ ( ၂၉ )နှစ်ကြာပြီဖြစ်၍ လူအများ ထိုကဲ့သို့ ပွားများအားထုတ်၍ နိဗ္ဗာန်သို့ အမြန်ရောက်စေနိုင်သော လိုရင်းအကျဉ်းချုပ် တရားတော်ကြီးကို ရေးသားပေအံ့'

ဟူ၍ နိဒါန်း ချီးထားပေသည်။

ဤအချီးစာသားအရ ပရိယတ္တိ၊ ပဋိပတ္တိတို့တွင် ကောင်းစွာ အားထုတ်ခဲ့သည်ဟု သိရှိရသည်။ တရားထူးပေါက်မြောက်သည်ဟု ရေးသားခြင်းကား မတွေ့ရပါ။

## အရိယာဝိဇ္ဇာလမ်း

မင်္ဂဖိုလ်နိဗ္ဗာန်ကို ရောက်ရှိနိုင်သော နည်းလမ်းဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ ဦးစိက အရိယာဝိဇ္ဇာမဟာဒွိ ကျင့်စဉ်စာအုပ်၊ စာမျက်နှာ(၁၀)မှ (၁၂)



အလောင်းတော်ကဿပမင်းရုပ်လုံး

အတွင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

**သမ္မာဒိဋ္ဌိ**၊ ကောင်းစွာ သိမြင်ခြင်း။၊ **သမ္မာသင်္ကပ္ပ**၊ ကောင်းစွာ ကြံခြင်း။၊ **သမ္မာဝါစာ**၊ ကောင်းစွာ ပြောဆိုခြင်း။ **သမ္မာကမ္မန္တ**၊ သမ္မာအာဇီဝ၊ ကောင်းစွာ အသက်မွေးခြင်း။ **သမ္မာဝါယမ**၊ ကောင်းစွာ အားထုတ်ခြင်း။ **သမ္မာသတိ**၊ ကောင်းစွာ အမှတ်ရခြင်း။ **သမ္မာသမာဓိ**၊ ကောင်းစွာ တည်ကြည်ခြင်း။


ဗုဒ္ဓရှင်တော် ဟောကြားတော်မူသော တရားတော်များ၏အနှစ် နိဗ္ဗာန်သွားရာလမ်းသည် ဤမဂ္ဂင်ရှစ်ပါးသာ ဖြစ်၏။

ဤရှစ်ပါးတရားကို အားထုတ်လျှင် မုချ မင်္ဂဖိုလ်ရနိုင်၏။ ...တ်မဟာ... ပါဠိ၌ (၁)သီလလက္ခဏ်း စောင့်စည်း...




www.burmeseclassic.com

www.burmeseclassic.com




◆ ဘုတ်တလုတ်ကန်

◆ ဘုတ်တလုတ်ကန်တွင်းမြင်ကွင်း



◆ ရသေ့ကြီးတော်ဂူ



(၂) သမာဓိလုပ်ငန်း တည်ကြည်မှု၊ (၃) ပညာလုပ်ငန်း ဝိပဿနာစခန်း ဉာဏ်နှင့်ယှဉ်၍ သိမြင်မှုဟူ၍ လာ၏။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤသုံးပါးနှင့် ပြည့်စုံလျှင် ကာယကံ၊ ဝစီကံ၌ဖြစ်သော ဒုစရိုက်ခုနစ်ပါး လုံခြုံသဖြင့် သီလလုပ်ငန်း ပြီးမြောက်၏။

**သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ** ဤသုံးပါးနှင့် ပြည့်စုံလျှင် မနောကံ၌ ဖြစ်သော ဒုစရိုက်သုံးပါး လုံခြုံသဖြင့် တည်ကြည်၍ သမာဓိလုပ်ငန်း ပြီးမြောက်၏။

**သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ** ဤနှစ်မျိုးနှင့်ပြည့်စုံလျှင် သိမြင်မှု၌ စင်ကြယ်၍လုပ်ငန်း ဝိပဿနာစခန်း ပြီးမြောက်၏။

ဆိုခဲ့ပြီးသော လုပ်ငန်းသုံးမျိုးတွင် ဒါနလုပ်ငန်းကို ပြည့်စုံသင့်၏။ ဒါနလုပ်ငန်း ပြည့်စုံလျှင် သီလလုပ်ငန်းသို့ တက်နိုင်၏။ သီလလုပ်ငန်း ပြည့်စုံလျှင် သမာဓိလုပ်ငန်းသို့ တက်နိုင်၏။

သမာဓိလုပ်ငန်း ပြည့်စုံလျှင် ပညာလုပ်ငန်း ဝိပဿနာစခန်းသို့ တက်နိုင်၏။ အဆင့်ဆင့် တက်နိုင်လျှင် မဂ်ဖိုလ် အရိယာဝိဇ္ဇာအဖြစ် နိဗ္ဗာန်သို့ တက်နိုင်၏။

ဤလုပ်ငန်းကြီးလေးမျိုးကို ကြိုးစား၍ ကျင့်ကြံအားထုတ်သူသည် ပညာလုပ်ငန်း ဝိပဿနာစခန်း ပြီးမြောက်လျှင် **သီ၊ ပယ်၊ ဆိုက်၊ ပွား** သစ္စာလေးပါးကို သိမြင်ကာ အကုသိုလ် အညစ်အကြေး ကင်းစင်သော နိဗ္ဗာန်ကို ရတော့သည်။

**ရွှေလ ဆက်ဇော်ပါရန်**

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

ကောင်းမြင့်မြတ်ခိုင်

လျှို့ဝှက်ထူးပါးတဲ့

# အမြီးနှစ်ခွနဲ့ အိမ်မြှောင်





"မသိသူကျော်သွား သိသူဖော်စား" ဆိုတဲ့ စကားလုံးဟာ ကျွန်တော်တို့ မြန်မာစကားမှာ လူတိုင်း ကြားဖူးပါတယ်။ အထူးသဖြင့် ဒီစကားပုံဟာ မြန်မာ့ဂမ္ဘီရပညာ နယ်ပယ်မှာ ပိုမိုနက်နဲ ထင်ရှားပါတယ်။

ယခုလဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး ဖော်စားနိုင်ဖို့ အသိပေး ဖော်ပြချင်တာကတော့ ထူးဆန်းတဲ့ အမြီးနှစ်ခွ အိမ်မြှောင် အကြောင်းပါ။

လက်တွေ့ အကြောင်းအရာကို ဖော်ပြပေးမှာပါ။ လက်တွေ့မျက်မြင် တွေ့မြင်ဖူးချင်တယ် ဆိုရင်တောင် သွားရောက် ကြည့်ရှုလေ့လာနိုင်ပါတယ်။

**ပင်းတယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးရဲ့အိမ်မှာ ညတစ်နာရီဆိုရင် ထူးဆန်းတဲ့ အိမ်မြှောင်တစ်ကောင်ကို တွေ့ရပါတယ်။**

အဲဒီအိမ်မြှောင်လေးဟာ အလွန် ထူးခြားပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီအိမ်မြှောင်လေး ရောက်လာရင် အခြားအိမ်မြှောင်တွေ အဲဒီနေရာမှာ မနေတော့ဘူး။ ဖယ်ပေးကြတယ်။

အဲဒီအိမ်မြှောင်လေးဟာ ဦးအောင်ကျော်စိုးရဲ့ အိမ်မှာရှိတဲ့ ကွမ်ယင်မယ်တော်ရုပ်တုဆီကိုပဲ လာလေ့ရှိပါတယ်။ ကွမ်ယင်မယ်တော် ရုပ်တုပေါ်မှာပဲ နေလေ့ရှိပါတယ်။ မနက်လင်းရင်တော့ မရှိတော့ပါဘူး။

ယခု ဖော်ပြထားတဲ့ ဓာတ်ပုံဟာ ကွမ်ယင်မယ်တော်အနီးကို ရောက်လာတဲ့ အဲဒီအမြီးနှစ်ခွအိမ်မြှောင် ဖြစ်ပါတယ်။ ဒီဓာတ်ပုံကို ကျွန်တော်ကိုယ်တိုင် အိမ်မှာ ဆောင်ထားပါတယ်။ လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရစွမ်းအားတွေ ရှိပါတယ်။

ကျွန်တော့်ရဲ့ ဂမ္ဘီရ အတွေးအမြင် အရ ပြောရရင်တော့ **အိမ်မြှောင်ဟာ အောင်ပမိတ်ဓာတ်** ဖြစ်ပါတယ်။

ယခု အိမ်မြှောင်ဟာ ရိုးရိုးမဟုတ်ပါဘူး။ အလွန် ထူးဆန်းရှားပါးတဲ့ အမြီးနှစ်ခွအိမ်မြှောင် ဖြစ်ပါတယ်။ ဒါကြောင့် **"အောင်ပမိတ်ဓာတ်"** အစွမ်းကြီးနေတာ သေချာပါတယ်။



www.burmeseclassic.com

ပြီးတော့ ကွမ်ယင်မယ်တော်ဟာ လူအားလုံးရဲ့ ချစ်ခင်မြတ်နိုးခြင်း ခံရတဲ့ ဘုရားလောင်း ဗုဒ္ဓပဲဖြစ်တယ်လို့ (ဂမ္ဘီရနယ်ပယ် လောကီ ကြားက နယ်ပယ်ကနေပြီး ယူဆတာ ဒီနေရာမှာ လောကုတ္တရာနယ်၊ ဘာသာရေးနယ်ကနေ မယူဆစေ ချင်ပါဘူး။)

ကျွန်တော်တို့ဟာ လောကီနယ်က ကျွတ်သေးသူတွေဆိုတော့ လောကီ ကိစ္စတွေ အောင်မြင်အောင်လဲ လုပ် ကိုင်ကြိုးစားနေကြရပါတယ်။ စိတ်ရဲ့ ယုံကြည်မှုစွမ်းအားနဲ့ ကိုယ်ယုံကြည် ရာ လုပ်ဆောင် အောင်မြင်နေကြပါ တယ်။

**"ကွမ်ယင်"**ဆိုတာ **"ကုလား"** မိတ်ဓာတ် ဖြစ်ပါတယ်။ ကွမ်ယင်မယ် တော်ဟာလဲ ဂမ္ဘီရပုဂ္ဂိုလ်ထူးပါ။ စွမ်း အားကြီးမားသူပါ။ ဒါကြောင့် **"ကုလားမိတ်"**အားကြီးနေပါတယ်။

ဒီတော့ ဒီဓာတ်ပုံဟာ အမြီးနှစ်ခွ အိမ်မြှောင်နဲ့ ကွမ်ယင်မယ်တော်ဖြစ်လို့ **"အောင်ပ၊ ကုလား"** မိတ်ဓာတ် ဖြစ်တွန်းနေပါတယ်။

**[illegible]**

**[illegible] ရှိနေပါတယ်။**

အမြီးနှစ်ခွအိမ်မြှောင်ရှိတဲ့ အိမ်တွေ မှာ အထူးပင် လာဘ်ပေါ်များကြပါ တယ်။ အိမ်သာလို့ ညည့်သာဆိုသလို မင်္ဂလာသင်္ဂဟာတွေ ဝင်ထွက်သွားလာ နေကြတာနေကြလေ့ ရှိပါတယ်။ ကြီးပွား ချမ်းသာကြရပါတော့တယ်။

အထိထားရမှာကတော့ **စုတ်ရော စနီးရော** ဝင်တတ်လို့ ကိုယ်ကျင့် သီလသိက္ခာ စောင့်ထိန်းဖို့ လိုပါတယ်။ ကိုယ်ကျင့်သီလ ချို့ယွင်းသွားခဲ့ရင် တော့ အကောင်းက အဆိုး ဖြစ်သွားပါ တော့တယ်။

အိမ်မြှောင်အမြီးနှစ်ခွရဲ့ စွမ်းအားက ဘယ်လောက် ကောင်းသလဲဆိုတော့ ရှေးက ဂမ္ဘီရပညာရှင်တွေဟာ အိမ် မြှောင်အမြီးနှစ်ခွနဲ့ ပီယဆေး ဖော်ခဲ့ကြ ခြင်း ဖြစ်ပါတယ်။

ကိုယ်ကျင့်သီလ ဖောက်ပြန်ဖို့ မဟုတ်ဘဲ လူချစ်လူခင် ပေါများကာ ကိုယ့်လုပ်ငန်း အောင်မြင်ပွင့်လန်းစေ ဖို့ ရည်ရွယ်လုပ်ဆောင်ကြတာပါ။ တလွဲဆံပင်ကောင်းပြီး တလွဲအသုံးချ ရင်တော့ အောင်မြင်မှာ မဟုတ်ပါဘူး။

ဂမ္ဘီရပစ္စည်းဆိုတာ အင်မတန် လျှို့ဝှက်နက်နဲ ထူးဆန်းပါတယ်။ ထိုက်တန်သူဆီကိုပဲ ရောက်လေ့ရှိပါ တယ်။

ဒီအိမ်မြှောင်အမြီးနှစ်ခွကိုလဲ ရှာ တိုင်းမတွေ့နိုင်ပါဘူး။ ရှာတွေ့လို့ ဝယ် ယူရင်တောင် ကိုယ်နဲ့မထိုက်တန်ရင် သေသွားတာ၊ ပျောက်သွားတာမျိုး ဖြစ်တတ်ပါတယ်။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ကိုယ့်အိုးနဲ့ ကိုယ်ဆန် တန်ရုံ ပဲ ရတတ်ပါတယ်။

**"သိသူတွေ ဖော်စားနိုင်အောင်"** လို့ ကျွန်တော် သိထားတဲ့ **ဂမ္ဘီရအမြီး နှစ်ခွအိမ်မြှောင်**အကြောင်း လက် တွေ့အကြောင်းကို ဖော်ပြပေးလိုက်ပါ တယ်။

ဒီဓာတ်ပုံလေးကိုလဲ မိတ္တူကူးပြီး လက်တွေ့ ဆောင်ထားလိုက်ပါလို့ တိုက်တွန်းချင်ပါတယ်။

**ကောင်းမြင့်မြတ်စိန်**



# ခံတွင်းပျက်ခြင်း

## လျှာခါးနေလျှင်

လူတို့တွင် အရသာခြောက်ပါး ခံစား သိရှိစေရန် လျှာသည် အဓိကကျပါသည်။

**"အရသာ လျှာကသိ၏"** ဟူသော စကားအရပင် အရသာခြောက်ပါးကို ခံစား သိရှိခြင်းသည် လျှာဖြစ်ပါသည်။ ကျန်းမာ ရေး မကောင်း၍သော် လည်းကောင်း၊ အခြားအကြောင်းအရာ တစ်စုံတစ်ခုကြောင့် သော်လည်းကောင်း လျှာခါးပြီး ခံတွင်း ပျက်နေပါက စားသမျှ အရာအားလုံးတို့ သည် အရသာမရှိဘဲ ဖတ်သလတ်ကြီးဖြစ် နေတတ်ပါသည်။

စာရေးသူကိုယ်တိုင် လျှာခါးပြီး ခံတွင်းပျက်ခဲ့ဖူးပါသည်။ ထိုစဉ်က **တိုင်း ရင်းဆေးဆရာ ဦးစိုးနိုင်ပေးသောနည်း ဖြင့် ပြုလုပ်ကြည့်**ရာ တစ်ရက်၊ နှစ်ရက် အတွင်း ပြန်လည် ကောင်းမွန်သွားပါသည်။ ထိုဆေးနည်းကို ဖော်ပြလိုက်ပါသည်။

**က** = မန်ကျည်းပင်နီပင်၏ အခေါက် ပျစ်ပျစ်သွေး။ **ခ** = ဆီး(ဇီး)ပင်၏ အခေါက် ပျစ်ပျစ်သွေး။ **ဂ** = သရက်ပင်၏ အခေါက် ပျစ်ပျစ်သွေး။ **ဃ** = မာလကာပင်၏ အခေါက်ပျစ်ပျစ်သွေး။

အထက်ပါ (၄)မျိုး အခေါက်များကို သွေး။ ဆတူစုပေါင်းထည့်၊ **ရွှတ်ကောင်း စေ့သုံးစေ့**ကို မှုန့်နေအောင်ထောင်း၍ ထည့် ပြီးလျှင် စုပေါင်းသမအောင် ရောမွှေပြီး လျှာကို ပွတ်ပွတ်ပေးပြီး အာခေါင်ထဲအထိ နှိုက်ပါ။ ပြီးသော် လျှာကို ခြစ်ပစ်ပါ။

ဤကဲ့သို့ **တစ်နေ့ သုံး,လေးခါ ပြုလုပ် ပေးပါက** ခံတွင်းပျက်၍ လျှာခါးခြင်း၊ လျှာခါး၍ ခံတွင်းပျက်ခြင်း ဝေဒနာ သက်သာပျောက်ကင်းပါသည်။

**ယုံယုံကြည်ကြည်အသုံးပြုကြပါကုန်**

**မောင်စိုးနွယ် (နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ "**နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ**"ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။




နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြှတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေဖောက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သိတနဲ့ဥဏှ ဝိရောဓိပစ္စ...
ကြောင့် ဖြစ်လာရခြင်းပါ။ အ...
အဆိမ့် အဆီးအစေးများသော...
အစာအာဟာရများ လွန်ကျူး...
စားသုံးခြင်း၊ အရက်အမျိုးမျိုး...
ဆေးလိပ်၊ စီးကရက်တို့ သော...
သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း...
ဇိမ်ခံမှုများခြင်း၊ ကိုယ်လက်လှု...
ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး...
ရေချိုးခြင်း၊ ပန်ကာလေ၊ ...
အေးစက်တို့တွင် နေထိုင်မှုများ...
ခြင်း စတဲ့ အကြောင်းအချက်များ...
ဟာ နှလုံးရောဂါ ဖြစ်ပွားလာ...
ခြင်းရဲ့ အဓိကအချက်များ ဖြစ်...
တယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေ...
ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရော...
တွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြော...
ကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း...
အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်...
လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊သွေးအား...
နည်းခြင်း၊ ရင်တုန်မူးဝေခြင်း၊

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး...
အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျွန်၊ မီးယပ်ငုပ်ခြင်း စသည်...
ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး က...
ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း...
လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်း...
ပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြော...
မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်...
တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်...
ပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်း...
ကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ဇရာ(ဂ)လမ်း၊ (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-...၆၁၀၃၅၂၅၉၂

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# စေတော်ဝင် သာသနာမြေမှ

## နေရာထူးများနှင့် ဆရာတော်ကြီး၏ ဩဝါဒများ (၂)

နယ်လှည့်သုခုမတော်သိ

ယခင်လမှ အဆက်

### မာတ်ရှင်းစေတီ

ဦးလှိုင်ဝမ္မာရုံ၏ တောင်ဘက်တွင် သီးခြားအရံတံတိုင်းဖြင့် တည်ဆောက်ပူဇော်ထားသော ဓာတ်ရှင်းစေတီကို ဖူးမြင်ရသည်။

အဝိုင်းပုံ ပစ္စယံသုံးဆင့် အထက်ခေါင်းလောင်းမှောက်စေတီ ပေါက်ထားကာ မြောက်ဘက်ရင်ပြင် တံတိုင်းအနီး၌ **မဏိမေခလာ နတ်သမီးရုပ်တု** ရှိသည်။

စေတော်ဝင် သာသနာမြေသို့ ရောက်ရှိလာကြသူတို့သည် မိမိတို့ ခန္ဓာကိုယ်၌ စွဲကပ်ဖိစီးနေသော ရောဂါဘယများ၊ မလိုလားအပ်သော အစွဲအလမ်း အနှောင့်အယှက်များ ကင်းရှင်းပပျောက်စေရန် ဤစေတီတွင် အဓိဋ္ဌာန်ဝင် ကမ္မဋ္ဌာန်းဆောက်တည်ကြရသည်။

မဏိမေခလာ နတ်သမီးသည် ဇနက္ကမင်းသားအား ပင်လယ်ပြင်မှ ကယ်တင်ပေးသကဲ့သို့ ဝေနေယျအပေါင်းသည်လည်း ဒုက္ခပင်လယ်မှ လွတ်မြောက်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်ဆို၏။




နဂါး(၇)ကောင်ရုပ်ပွားတော်

### မေတ္တာဘုံ

ယင်းနောက်တွင် မေတ္တာဘုံဟု တံဆိပ်တင်ထားသော ကျောင်းဆောင်သို့ သွားရောက်ကြသည်။ နှစ်ထပ်ကျောင်းဆောင်ဖြစ်၍ အလယ်တွင် ကြောင်လိမ်လှေကား တပ်ဆင်ထားသည်။ အပေါ်ထပ်တွင် ရွှေပေါ်ကျွန်း ဆရာတော်ကြီး၏ အိပ်ရာခုတင်နှင့်ခေါင်းရင်း၌ ရုပ်ပွားတော်အချို့ ဖူးမြင်ရသည်။

ဆရာတော်၏ ဓာတ်ပုံကိုလည်း ချိတ်ဆွဲထားသည်။ အိပ်ရာပေါ်တွင် ငွေစက္ကူများနှင့် အုန်း၊ ငှက်ပျောကန်တော့ပွဲတစ်ပွဲ မြင်ရသည်။ ကြောင်လိမ်လှေကားကို ဇာတိုပြ၍

www.burmeseclassic.com



▲ သာသနာမှုဆရာတော်ပုံတော်

အခန်းလေးခန်း ဝန်းရံထားရာ ကျန် အခန်းများတွင် ရုပ်ပွားတော်များ စီတန်း စံပယ်တော်မူကာ ထုလုပ်မှု လက်ရာ စုံလင်လှသည်။

နဂါးရုံဘုရား၊ ဆင်ခံဘုရား၊ မတ်ရပ်တော်များလည်း ပါဝင်၍ အများစုမှာ မကိုဋ်မှစလွယ်ဆင် မင်းဝတ်ဘုရားများ ဖြစ်ကြသည်။

ယင်းတို့အနက် မှန်ခန်းဖြင့် ပူဇော်ထားကာ ရုပ်ပွားတော်တစ်ဆူမှာ ဗျာန မုဒြာဟန်တော်ဖြစ်၍ ဦးခေါင်း၊ မဏိ တော်နောက်၌ နဂါး(၇)ကောင် တံကဲကို တွေ့ရသည်။

ထိုရုပ်ပွားတော်အား ငွေစက္ကူများစွာ ကပ်လှူထားရာ နိုင်ငံခြားငွေစက္ကူများလည်း ပါဝင်သည်ကို တွေ့ရလေသည်။

အောက်ထပ် အခန်းလေးခန်းတွင် သုဘဒ္ဒမယ်တော်၊ ဂဟာပတိမယ်တော်၊ ဝိသာခါမယ်တော်နှင့် စိတြမယ်တော် ရုပ်ပုံများကို စမွခဏ်တွင် အမည်ကမ္ပည်းနှင့်တကွ တွေ့မြင်ရသည်။

သာသနာပြု အထက်မယ်တော်များ ဖြစ်ကြကာ လူတို့တွင် စီးပွားခြင်း၊ ညှိုးနွမ်းစေခြင်းများ မပြုကြ။ သာသာသနာတော် အပွားအစီးကိုသာ ရည်ရွယ်၍ ဆိုင်ရာသာဝကတို့အား စောင့်ရှောက်ကယ်တင်ပေးလေ့ရှိကြောင်း သိရသည်။

ထိုမယ်တော်များအနက် ဂဟာပတိမယ်တော်နှင့် ပတ်သက်၍ ကြားဖူးနားဝ ရှိခဲ့သည်။ သိကြားစမတံဆိပ်ခတ်နှိပ်ပူဇော်ခဲ့သော နှစ်ကျိပ်ရှစ်ဆူဘုရားများတွင် အဝင်အပါဖြစ်သည့် တောင်ငူ မြတ်စောညီနောင်စေတီပူဇော်မှုခရီးတွင် စာတည်းချုပ် တာဝန်ပေးလမ်းညွှန်လိုက်သည့် ကိုးသိမ်ကိုးပေါက် သာသနာမြေသို့လည်း ဝင်ရောက် လေ့လာခဲ့သည်။

ကိုးသိမ်ကိုးပေါက် သာသနာပြုရသေ့ဖြစ်သော အဘအောင်ဓမ္မသိဒ္ဓိနှင့် ဆုံတွေ့ခွင့်ရကာ ဖြစ်စဉ်တော်များ၊ ဝန်ကျင်၌တွေ့ရသော ပရဆေးပင်များ၏ အသုံးဝင်ပုံများကို ကူညီဖြည့်ဆည်းပေးပြီးနောက် ပုတီးစေ့ တစ်စေ့ ထုတ်ပေးသည်။

'ဒါ... အဘအောင်မင်းခေါင် စိပ်ပွားခဲ့တဲ့ ပုတီးကုံးက တစ်လုံးပဲ။ မင်း ဒါကို စ,ဝင်လာကတည်းက ဖိုကို တစ်ခုခုပေးရင် ကောင်းမှာပဲလို့ တွေးနေတယ်မဟုတ်လား။ ယူသွားပေတော့ နောက်ထပ် ဘာသိချင်သေးသလဲ လူလေး'

'သေရေးရှင်းရေးကိစ္စ ကြုံရတဲ့အခါ တစ်ယောက်ယောက်က ကာကွယ်သတိပေးနေတယ်လို့ ထင်မိပါတယ်။ ဘယ်သူကများ စောင့်ရှောက်နေသလဲ ဆိုတာ သိနိုင်မလားအဘ'

'ဘယ်လို ကြုံရတာလဲ'

'ရထားလမ်းဖြတ်ကူးတဲ့အခါအခွေး လွန်ပြီး သတိလက်လွတ်ဖြစ်နေချိန်မှာ





www.burmeseclassic.com

www.burmeseclassic.com

မျက်စိရှေ့မှာ အဖြူရောင် ကန့်လန့်ကာ လွှမ်းခြုံသလို မြင်လိုက်လို့ ခြေလှမ်း တန့်သွားတော့ ရထားကြီး အရှိန်ပြင်းပြင်းနဲ့ ကျော်သွားတယ်။

ထိုင်း–မြန်မာနယ်စပ် "ဝါးစကင်း" နေရာနားက "ရွှေလိုဏ်ဂူ" ကို သတင်းသွားယူတုန်းကလဲ ဒေသခံတွေ အထင်လွဲပြီး အသက်အန္တရာယ်ပြုတာ ကြုံရတယ်။ "မယ်တော်" အုပ်ချုပ်ရေးမှူး ရောက်လာတော့ ရည်ရည်မွန်မွန် ပြောဆိုဆက်ဆံပြီး မြဝတီဘက် ပြန်ပို့ပေးပါတယ်'

'အဲဒီအချိန်တွေမှာ မင်း ဘာလုပ်နေတာလဲ'

'မေတ္တာသုတ် ရွတ်ပါတယ်။ မြတ်စွာဘုရားဂုဏ်တော် ပူဇော်တယ်။ ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့ ဂုဏ်တော်တွဲပြီးလဲ ပူဇော်ပါတယ်။ ၁၉၇၇ ခုနှစ်ကတည်းက လုပ်ခဲ့တာပါ'

'မင်းကို စောင့်ရှောက်နေကြတာက ကွမ်းယင်းမယ်တော်နဲ့ ဂဟပတီမယ်တော်။ စောင့်ရှောက်ပေးယုံလဲ မင်း ရွတ်ဆိုပွားများတဲ့ ဘာဝနာကုသိုလ်ကြောင့် ဘေးမသီရန်မခအောင် ကာယ်တင်စောင့်ရှောက်နိုင်တာ။ ဒါကို မင်း သဘောပေါက်ရဲ့လား'


အဘ ဆိုလိုရင်းမှာ အတိတ်ကံကြောင့် စောင့်ရှောက်ကာယ်တင်မှု ခံစားရသော်လည်း ပစ္စုပ္ပန်ကုသိုလ်ကံက ပိုမိုကောင်းမွန်သော အခြေအနေသို့ ရောက်အောင် ပံ့ပိုးပေးနိုင်သည်။ ပစ္စုပ္ပန်ကုသိုလ်ကို မမေ့မလျော့ ပြုလုပ်ဖြည့်ဆည်းသင့်ကြောင်း သိစေလိုခြင်းဖြစ်သည်။

မိရိုးဖလာ၊ တရုတ်ဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် "**ကွမ်းယင်း**"အရှင်နှင့် ပတ်သက်၍ သိရှိနားလည်သော်လည်း "**ဂဟပတီ**"မယ်တော်ကား ယခုမှသာ ကြားဖူးခြင်းဖြစ်သည်။ အဘအား ဖြစ်စဉ်တော်ကို မေးမြန်းသော အခါ...

'နောင်တော့ သိလာမှာပေါ့'

ဟုသာ ဖြေကြားခဲ့သည်။

ယခု ဖူးတွေ့ရသောအခါ သံသရာဘဝအဆက်ဆက်က တော်စပ်ခဲ့သော မာတာမိခင် ဒေဝီသခင်အဖြစ် ဂါရဝပြု မေတ္တာပို့ အမျှဝေဖြစ်ခဲ့သည်။ ရွှေပေါ်ကျွန်းဆရာတော်ကြီး ထင်ရှားရှိခဲ့လျှင် ဖြေရှင်း မိန့်ကြားနိုင်လိမ့်မည်ဟု တွေးတောမိလေသည်။



မာဃသကျောင်းဆောင်မှ မြတ်စွာဘုရားရုပ်ပွားတော်

အတုမရှိသော အနန္တမေတ္တာရှင် မြတ်စွာဘုရားအား အမှူးထား၍ သာသနာပြု အထက်မယ်တော်များနှင့် ရွှေပေါ်ကျွန်း ဆရာတော်ကြီးတို့ကို ရည်မှန်းပူဇော်ကာ မေတ္တာဖြင့် အောင်နိုင်စေသော နေရာဖြစ်၍ "**မေတ္တာဘုံ**" အမည်ပညတ်ရှိကြောင်း သိရှိရသည်။

မေတ္တာဘုံ ခန်းဆောင် ပြန့်ထွက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



▲ ဘိုးတော်သိကြားရုပ်တု



▲ ခရုသင်းကိုင်နတ်သားရုပ်တု

လာသောအခါ နံရံအတွင်းဘက်၌ **"ဗားတမော့ဆရာတော် ရှင်မဟာ တေဇိန္ဒာဘိဝံသထေရ်"** ပုံတော်နှင့် **"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ"** ပုံတော်တို့ကို ဖူးမြင်ရပေသည်။

## ဘိုးတော်သိကြား ကျောင်းဆောင်

ဤကျောင်းဆောင်ကို မာဃ ကျောင်းဆောင် (သို့မဟုတ်) ဒါယကာ ကျောင်းဆောင်ဟုလည်း ခေါ်တွင်ကြောင်း သိရသည်။ ခန်းမအလယ် ခေါင်းရင်းဘက် မှန်ခန်းအတွင်း မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောကြားဟန်နှင့် တာဝတိံသာနတ်ပြည်မှ ဆင်းကြွတော်မူဟန် ရုပ်ပွားတော်များ ဖူးမြော်ရကာ ခရုသင်းကိုင်နတ်ရုပ်နှင့် ဘိုးတော်သိကြား လက်အုပ်ချီ ပူဇော်နေပုံရုပ်တုကိုလည်း တွေ့ရသည်။

ရွှေပေါ်ကျွန်း ဆရာတော်ကြီးသည် သာဝက ပရိသတ်အခြေအနေ၊ စရိုက်၊ ပါရမီနှင့် အချိန်အခါကို ကြည့်၍ ဤ မာဃကျောင်းဆောင်ပေါ်တွင် အဖူး အမြော်ခံယူကာ စရဏကျင့်စဉ်များ ချီးမြှင့်ပေးတော်မူကြောင်း သိရသည်။

ခန်းမန်ရံတွင် **သိကြားမင်း စစ်တက်ဂါထာကို** ဗီနိုင်းကားချပ်ဖြင့် ကမ္ပည်းထိုး ချိတ်ဆွဲထား၏။ လောကီ မျက်နှာစာတွင် အနှောင့်အယှက်၊ အဟန့်အတားများ ကြုံရပါက အောင်မြင်စွာ ကျော်ဖြတ်နိုင်သော ဂါထာ ဖြစ်သည်။

## သိကြားမင်း စစ်တက်ဂါထာ

ဥဒ္ဓံ သဏ္ဌော ဒေဝနိမိန္ဒော၊ သင်္ဂမဂတော ဓေဝ ဇေဂ္ဂံ ဥဒ္ဓံ လွှောကယျတံ အာဏာပေတိ သပစ ဏျူဿာဂတော ဟိဘိကျွန်ုံ အာဏာ ပေတိ ဣသွာသုံ။

ဗုဒ္ဓါနုဿတိအသံ ဝိသုလော ပုသံဗုဘာ၊ ဓမ္မာနုဿတိသွာ သံဒ္အ·ဖေ·ဩ·ဝေ။

သံဃာနုဿတိ သုဥညသာအာပါဒ·အံ့ဗ၊ ပရစက္ကံ ပမဒ္ဒနံ နမော ဗုဒ္ဓါယ သိဒ္ဓံ ဣသွာသုံ၊ နာနာ ဝါဓိ သတ္တာနံ့ရ အာဗုဒ္ဓနံ့ရာ ယာဝီနုဿမာနုသိဒ္ဓံ နမောဗုဒ္ဓါယ ဣသွာသုံ၊ ဓေရိန့် ပလာယန္တံ၊ ပါလာယန္တံ၊ နမော ဗုဒ္ဓါယ သိဒ္ဓံ ဣသွာသုံ၊ ဝိဇယံ ဓေယျာလံ သိဒ္ဓံ နမောဗုဒ္ဓါယ ဣသွာသုံ။


*[၁၃၄၁ ခုနှစ်၊ ကဆုန်လဆန်း(၁၃) ရက်၊ ဓမ္မသာလာကျောင်းဆောင်တွင်*



www.burmeseclassic.com


www.burmeseclassic.com





◆ နှစ်ကိုယ်ကျင့်သူ ရုပ်ပွားတော်များ

◆ သိဒ္ဓိရှင်များအတွက် ကုလားထိုင်များ




◆ မယ်ဂိုအဆောင်မှ ဆရာတော်အိပ်ရာ

ဆရာတော်ချီးမြှင့်သည့် သိကြားမင်း စာတက်ဂါထာကို ဝေနေယျများအတွက် ဆော်ထုတ်ခြင်း ဖြစ်ပါသည်။ သိန်းထွန်း ကြည်(အင်း၀) စေတော်ဝင်ကျောင်း ရွှေပေါ်ကျွန်း၂ဟူ၍ အောက်ခြေ မှတ်တမ်း ဖော်ပြထားသည်။

သိန်းထွန်းကြည်(အင်း၀) ရေးသား ထားတော်ဝေသော ရွှေပေါ်ကျွန်းဆရာတော် ၏ ကျင့်စဉ်နှင့် တရားတော်များ စာအုပ် တွင် မပါရှိသဖြင့် မှတ်တမ်းပြု ဖော်ပြ လိုက်ပါသည်။

ဤ မာဃကျောင်းဆောင် (ခေါ်) ထိုးတော်သိကြား ကျောင်းဆောင် သည် ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ် (ခရစ် ၁၉၅၇)ခုနှစ်တွင် ဆရာတော် အရှင်ဇေယျသိဒ္ဓိမဟ္မညာဏကိ စတင် သီတင်းသုံးသူယူကာ ရွှေပေါ်ကျွန်းရွာ စေတော်ဝင် သာသနာပြုစခန်း အဆောင်စဉ်က တစ်ခုတည်းသော



◆ သိဒ္ဓိရှင်များအိပ်ရာ

www.burmeseclassic.com



◆ အဘအောင်မင်းခေါင်နှင့် ဘိုးဘိုးအောင် ရုပ်ထုများ

ကျောင်းဆောင် ဖြစ်ခဲ့သည်။

ကျောင်းဧရိယာမှာ ေကာ တစ်ဝက်သာရှိ၍ ဤကျောင်းမှာလည်း (၁၀)ပေ၊ ပေ (၂၀)ကျယ်ဝန်းသော ခြေတံရှည်တစ်ထပ်ကျောင်းဖြစ်ကာ သက်ငယ်မိုးထားသည်ဟု ဆိုသည်။

ယခုအခါ နှစ်ထပ်အုတ်တိုက်ကျောင်းဆောင်ကြီးဖြစ်လျက် ကျယ်ပြန့်ခံ့ထည်စွာ မြင်တွေ့ရသည်။

## ဆရာတော်ကြီး၏ ဩဝါဒ

ရွှေပေါ်ကျွန်း ဆရာတော်ကြီးသည် ဤကျောင်းဆောင်တွင်...

'မြတ်စွာဘုရား၏ သာသနာတော်နှစ်ပေါင်း (၂၅၀၀) ကျော် သာသနာနှစ် (၅၀၀၀)တွင် ထက်ဝက်ကျော်ပြီဖြစ်ကာ သိကြားစောင့်သည်ဆိုကြသည်။ သိကြားစောင့်သည် ဆိုသော်လည်း မိမိကိုယ်တိုင် အားထုတ်မှသာရမည်။ သိကြားကိုသာ အားကိုးနေရုံဖြင့် အကျိုးမထူးနိုင်ပါ။

သိကြားလက်မှတ်နှင့် တရားလက်မှတ်နှစ်စောင်တွင် တရားလက်မှတ်ကို ရအောင်ယူကြ။ ကိုယ့်သားသမီးဆွေမျိုးတွေကို သွားမကြည့်နဲ့။ ကိုယ့်ကိုယ်ကိုယ်သနား။ ကိုယ်သာ အနေကောင်းအောင်လုပ် ''သာသနာတစ်ဝက် မင်းခေါင်းတစ်ဆက်'' ဆိုတာ မင်းတို့ ငါတို့ ကောင်းမှလို့ ဆိုတာပါ။

မန္တလေးသာသနာ နောက်ဆုံးတည်ပြီး ခါးပြတ်သွားပြီ (၁၃၁၈ ခုနှစ်၌ သာသနာနှစ် ၂၅၀၀ပြည့်ခြင်းကို ဆိုလိုသည်။) တို့လုပ်ဆောင်နေတဲ့ သာသနာကို ထွန်းလင်းအောင်၊ တောက်ပအောင်၊ စည်းစိမ်အသက်ကို မငဲ့ကွက်ဘဲ ဆောင်ရွက်နေကြတဲ့ တို့ဒါယကာ၊ ဒါယိကာမ အပေါင်းက ကောင်းကြပါမှ ခါးပြတ်သွားတဲ့ သာသနာကို ပြန်ဆက်နိုင်မှာ။

ကျန်တဲ့ သာသနာကို တို့က ပြန်ပြီးတော့ ဆက်ရာမှာ မင်းတို့ ငါ[...] ကောင်းမှ ဆက်နိုင်မယ်။ တိုင်းပြ[...] အုပ်ချုပ်တဲ့ မင်းကို ပြောတာမဟု[...] ဘူး။

အခုအချိန်ဟာ ကာလဝိပ္ပတ္တိအ[...] ကာလကြီး ပျက်စီးနေတာ။ ရဟန်[...] လူ လေးပုံတစ်ပုံသာ တရား[...] ကျန်တဲ့သုံးပုံက မကောင်းတဲ့ ဒုစရိ[...] တရားတွေ လိုက်စားနေတဲ့ အချိန်[...] တယ်။

ပျက်စီးနေတာ သူတစ်ပါးပျက်[...] သွားမကြည့်နဲ့၊ ကိုယ် မပျက်အော[...] လုပ်ရမယ်။ ဘယ်သူပျက်ပျက်၊ ပြ[...] ကိုယ့်ဘာသာကိုယ်ကြည့် ကိုယ့်စိ[...] ကို ကိုယ်တိုင်က ရအောင် ဆုံးမ[...]

ရွှေလ ဆက်ဖတ်ပါရန်

**နယ်လှည့်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဓာတ်ပုံစာအုပ်ပါ

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမျိုးရေ မမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ... တယ်"

"မမျိုး အပြင်တောင် မထွက်နိုင် ... င် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ ... ဆစ်ခြေဆစ်တွေ ရောင်ရမ်း ... ကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ... ဒီဘက် လှည့်တာတောင် ... ခံစားရပြီး အမယ်လေး တ,နေ ... "

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြ ... "

"... ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ ... တွေလဲ ခံယူတယ်"

"... ဖြစ်တာ ဘာရောဂါတဲ့လဲ"

"... ပညာရှင်တွေ ကတော့ ... ဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ... တယ်။ အဲဒါကြောင့် ဟိုတစ်ခါ ... အစ်မလို လေးဖက်နာရောဂါ ... က သောက်သုံးပြီး သက်သာ ... ကင်းသွားတဲ့ဆေးက ဘာဆေး ... သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"... ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာ ... ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"... တ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"... ကို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ... ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ... စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။ ... န်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင် ... ကွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"... စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ... "

"... ကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်း ... ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ် ... အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါး များ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထမျှားတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေးဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၁၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

**အရာမြိုင်**

**စကြာမင်းတိုင်းရင်းဆေးဆိုင်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၇၂၂၅၄



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ၀၀၆၀ ၂၅)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဖော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နှင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဖော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဖော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဖော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွ[က်] သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြ[င်း၊] လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြ[င်း၊] ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြ[င်း၊] လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြ[င်း၊] လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အော[က်] ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလ[က်] မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသား[...] ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကို[က်၊] ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရော[င်၊] အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အစာက်စာနည်း[...] နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်[...] သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်း[...] ကျန်းမာသန့်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတ[ယ်။] ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်[...] ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲ[...] ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး[...] ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအ[...] ကြောင့် ကျန်းမာသန့်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာ[ရုံ] ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆ[စ်] အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူ[...] နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အ[မျိုး] သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ[မင်း] အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ[ဖို့] အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-၈ /၆၆၆ သုဝဏ္ဏလမ်းမကြီး သင်္ဃန်းကျွန်းမြို့နယ်
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၇

ဦးဖော်ထွန်း

# ၏ အောင်မြေနှင့် ပွဲဦးပူဇော်ဂါထာတော်များ (၁၈)

အောင်မြွေမြတ်
(စစ်ကိုင်းတောင်)

ရှင်စောပု ဆုတောင်းပြည့်
စေတီတော်

**နမောတဿ ဘဂဝတော အရဟာ တော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃–ကြိမ်ရွတ်ဆိုပါ။]***

ဗညားကျန်းတော နာမကေန
ရာဇဒေဝီရ ကာရိတံ။
အတိသုခံ ဓေယျထူပံ၊
ဝန္ဒေ ယုတ္တံ သုခါဝဟံ။

မြန်မာပြန်

**ဗညားကျန်းတော နာမကေန၊** ဗညားကျန်းတော အမည်ခံယူ ရရှိပါသော။

**ရာဇဒေဝီရ၊** ဟံသာဝတီမင်း နေပြည်၏ မွန်ဘုရင်မကြီး ရှင်စောပုသည်။

**သုခါဝဟံ၊** လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်ရန်။

**ယံ အတိသုခံ ဓေယျထူပံ၊** အကြင် ရှင်စောပု ဆုတောင်းပြည့်စေတီတော်ကို။

**ကာရိတံ၊** တည်ထားစီရင် ကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။


**တံ၊** ထိုရှင်စောပု ဆုတောင်းပြည့် စေတီတော်မြတ်အား။

**အဟံ၊** "......"ဟု နာမသမုတ်အပ်နှိုပ်သည်။


**[မှတ်ချက်။ ။"......"နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**ဝန္ဒေ ဝန္ဒာမိ၊** သက်တော်ထင်ရှား မြတ်ဘုရားအား စိတ်ထားကြည်ညို





▲ ရှင်စောပု ဆုတောင်းပြည့်စေတီအား တောင်ဘီလူးတောင်မှ
အမြင့်ဆုံးတောင်ထွတ်တွင် ဓာတ်ပုံရိုက်



▼ ရှင်စောပု ဆုတောင်းပြည့်စေတီအား မြာပုံတောင်မှ ဓာတ်ပုံရိုက်

အရိုအသေ အလေးအနက် လက်အုပ်ယှက်၍ ရှိခိုးပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၇၉၁ ခုနှစ်။

ဘုရားဒါယကာ

ဟံသာဝတီပြည့်ရှင် ဗညားကျန်းတောခေါ် မွန်ဘုရင်မကြီး ရှင်စောပု။

တည်နေရာ

စစ်ကိုင်းတောင်ရိုး မှတ်တော်တောင်ဘီလူးတောင်ထိပ်။

ပွဲတော်ရက်

အတိအကျသတ်မှတ်ထားခြင်းမရှိပါ။

အောင်မြေနေရာ

ရင်ပြင်တော်၏ တနင်္ဂနွေထောင့် **"ထီးစေတီ"**ရှိရာဌာန။

အစောင့်အရှောက်

တောတောင်နတ်ဘီလူးကြီး။

www.burmeseclassic.com





▲ ရှင်စောပု ဆုတောင်းပြည့်စေတီမှ နတ်လှမ်း(၄)စင်းမှ တစ်စင်းပုံ

ရှင်စောပု ဆုတောင်းပြည့် အဝင်မုခ်ဦးလှေကား ▶

▼ ရှင်စောပု ဆုတောင်းပြည့်စေတီ နတ်လှမ်းအစမှ ကောန်ရုပ်များအား ထမ်းထားသော ဟင်္သာရုပ်ပုံ



ထူးခြားချက်

ရှင်စောပု ဘုရင်မကြီးသည်ကား မြန်မာရာဇဝင် သမိုင်းတစ်ခေတ်၌ စံတင်ရမည့် ထူးခြားသော စွမ်းရည် စိတ်ဓာတ်နှင့် တက်ကြွလှသော မွန်တိုင်းရင်းသူကြီး ဖြစ်လေသည်။

ဟံသာဝတီပြည့်ရှင် ရာဇာဓိရာဇ် မင်းကြီးနှင့် မိဖုရား သုဒ္ဓမာယာတို့မှ သက္ကရာဇ် ၇၅၅ ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက် ဗုဒ္ဓဟူးသမီးဖြစ်ကြောင်း ပညာဝန်ဦးဖိုးကျား၏ မြန်မာရာဇဝင်အကျဉ်းတွင် ဖော်ပြထားလေသည်။

ရှင်စောပု၏ ဘဝတစ်သက်တာတွင် အောက်ပါအတိုင်း မှတ်သားထားလေ၏။

၁။ **ဘုရင့်သမီးတော်** "ရာဇာဓိရာဇ်မင်း၏ သမီးတော်"

၂။ **ဘုရင်၏ နှမတော်** "ဗညားရံ၏ နှမတော်"

၃။ **ဘုရင်၏ မိဖုရား** "ဆင်ဖြူရှင် သီဟသူ"

၄။ **ဘုရင်၏ မိခင်** "ဓမ္မစေတီမင်းနှင့် သမီးတော်"


၅။ **ကိုယ်တိုင် ဘုရင်မ** ဖြစ်ခဲ့သောကြောင့် အလွန် မှတ်သားဖွယ်ကောင်းလှပေ၏။ မြန်မာ့ရာဇဝင်သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မကြီးဖြစ်လေသည်။

သက္ကရာဇ် ၇၈၄ ခုနှစ်တွင် မောင်တော်သူ ဗညားရံမှ အင်းဝ ဆင်ဖြူရှင် သီဟသူသို့ အဆက်ခံရပြီး အင်းဝနေပြည်တော်တွင် မိဖုရားကြီး ဖြစ်ခဲ့ရလေ၏။

ရှင်စောပု အသက်(၂၀)အရွယ်တွင် ခမည်းတော်မင်းကြီး ရာဇာဓိရာဇ်၏ တူတော် သမိန်စည်သူနှင့် လက်ထပ်၍ သား(၁)ယောက်၊ သမီး(၂)ယောက် ရရှိပြီးနောက် အသက်(၂၅)နှစ်တွင် သမိန်စည်သူ အနိစ္စ ရောက်လေသည်။

၇၈၄ ခုနှစ်တွင် အင်းဝဆင်ဖြူရှင် သီဟသူ၏ မိဖုရားအဖြစ် (၃)နှစ် မင်းလှငယ်နှင့် (၃)သိ၊ ကလေးကျေး

www.burmeseclassic.com



▲ ရှင်စောပု ဆုတောင်းပြည့်စေတီ
တနင်္ဂနွေထောင့် တောင်မြောက်ရပ်မှ မူလ ကျောက်ထီးစေတီ




▲ ရှင်စောပု ဆုတောင်းပြည့်စေတီ
အထောက်တွယ်မှ ရွှေစေတီ

▼ ရှင်စောပု ဆုတောင်းပြည့်စေတီမှ
ငုံ့ကြည့်နေသော မနုဿီဟရုပ်



▲ ရှင်စောပု ဆုတောင်းပြည့်စေတီမှ ထီးလောင်းတော်

▼ ရှင်စောပု ဆုတောင်းပြည့်စေတီတော်၏ မူလကျောက်စာတိုင်









www.burmeseclassic.com

www.burmeseclassic.com





▲ ရှင်စောပု ဆုတောင်းပြည့်စေတီအား တောင်ဘက်မြို့မှ ရှုမြင်ရပုံ

◀ ရှင်စောပု ဆုတောင်းပြည့်စေတီမှ ခြင်္သေ့ကြီး

ရှင်စောပု ဆုတောင်းပြည့်စေတီတော်၏ အဓိဋ္ဌာန်မှ နတ်သိုက်နှင့် ဇာရက်တော်



တောင်ညိုနှင့် (၇)လ၊ ပခန်းတာရဖျားနှင့် (၃)နှစ် စုစုပေါင်း (၇)နှစ် အင်းဝတွင် မိဖုရား ဖြစ်ခဲ့လေ၏။

အင်းဝတွင် မိဖုရားအဖြစ် မင်း(၅) ဆက်တိုင် စံမြန်း၍ ပျော်မွေ့ခြင်း မရှိသောကြောင့် ဗားမဲ့ဆရာတော်ကြီး၏ တပည့်ရင်းများဖြစ်သော မွန်ရဟန်းတော် **“ရှင်ဓမ္မဓရ”**နှင့် **“ရှင်ဓမ္မဉာဏ”**တို့ထံ တိတ်တဆိတ် အကူအညီ တောင်းလေ၏။

လောကီအစီအရင် တတ်ကျွမ်းသော မွန်ရဟန်းတော်များ၏ ဗားမဲ့ အစီရင်ဖြင့် စစ်ကိုင်းတောင်ရိုး တောတောင်ဘီလူးတောင်ထိပ်တွင် **“ဆုတောင်းပြည့်စေတီတော်”**ကို တည်ထားစီရင် ကိုးကွယ်ခြင်း ပြုလေသည်။

ရှင်စောပု ဆုတောင်းပြည့်စေတီတော်မြတ်အား စီရင် တည်ထားခဲ့ရသော ရည်ရွယ်ချက်မှာ ဩဇာအာဏာနှင့်တကွ အထွတ်အထိပ်သို့ ရောက်ရှိရန် အချက်နှင့် နောင်သံသရာ အကျိုးစီးပွားအလို့ငှာ မွန်ရဟန်းတော် နှစ်ပါး၏ ဗားမဲ့ အစီအရင်တော် ကြီးကို အသုံးပြုခဲ့ကြလေသည်။

ရှင်စောပု ဆုတောင်းပြည့်စေတီတော်၏ ပုံဟန်အနေအထားမှာ ပစ္စယံ(၃)ဆင့်ကို အဓိကထား၍ပစ္စယံများကို မြှင့်၍ထားလေသည်။

အရှေ့အနောက်နှင့် တောင်မြောက် လေးမျက်နှာတွင် နတ်လေးကားများကို မုခ်ဦးအထွတ်တင်၍ တတိယပစ္စယံ အဆုံး၌ ပလ္လင်တော်နှင့်တကွ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရား(၄)ဆူတို့အား တစ်ဆူစီ ကိန်းဝပ်စံပယ်တော်မူထားလေ၏။

နတ်လေးကားတို့၏ အစနေရာတွင် ဝဲယာ(၂)ဖက်၌ မကန်းရုပ်များကို တပ်ဆင်ထားရှိလေ၏။


**မကန်းရုပ်များ၏ အောက်တွင် ဝင်ဘားရုပ်ကြီးက ဦးထိပ်ဖြင့် ပင့်ထားဟန်မှာ ထူးခြားဆန်းကြယ်လှပေသည်။**

ပထမပစ္စယံ၏ အရှေ့မြောက်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင် ခြင်္သေ့ပန်းခိုင် တစ်လုံးစီ လှူထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com





▲ ရှင်စောပု ဆုတောင်းပြည့်စေတီ၏ အရံစေတီဖြစ်သော
ဝိမာန်အောင်မြင် သံသရာအေးစေတီ

▼ ရှင်စောပု ဆုတောင်းပြည့်စေတီ၏ အရံစေတီတော်
"မဟာရတနာပုံ သဂျုနီစေတီ"

◄ ရှင်စောပု ဆုတောင်းပြည့်စေတီတော်၏
အရံစေတီဖြစ်သော
"မဟာရတနာ ပုံပြည့်တော်အေး" စေတီ



ဒုတိယပစ္စယာ၏ အရှေ့မြောက်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင် ငုံ့ကြည့်နေဟန်ရှိသော မနုသီဟရုပ်များကို ထည့်သွင်းထားလေ၏။

တတိယပစ္စယာ၏ ထောင့်(၄)ထောင့်တွင် အရံစေတီတစ်ဆူစီ တည်ထားတော်မူလေ၏။

ဓိနပ်တော်ထောင့်များ၏ (၄)ထောင့် တစ်နေရာစီတွင် **"ခြသေ့်မြေနင်း"** ပုံဟန်များမှာ ထူးခြားဆန်းပြားလှပေ၏။

ဉာဏ်တော်(၄၅)တောင် အမြင့်ရှိသော အထွတ်တွင် ကျောက်ထီးတော်ကြီးဖြင့် တည်ထားလေ၏။ ယခုအခါ ကျောက်ထီးတော်ကြီးအား ခေတ်မီ ငွေထီးတော်ကြီးဖြင့် အစားထိုး၍ တင်ထားပါသည်။

မူလထီးတော်ကြီးအား **တနင်္ဂနွေထောင့် အောင်မြေနေရာတွင် အောင်စေတီအဖြစ်** အပူဇော်ခံထားပါသည်။

ရင်ပြင်တော်၏ မီးတား တံတိုင်းကြီးများမှာ (၄)ပေခွဲခန့်တွင် ထုထည်ကြီးမားလှစွာ ခံတပ်ကြီးကဲ့သို့ ရှိနေလေ၏။

ဤသို့အားဖြင့် အစီအရင်များစွာဖြင့် ရည်ရွယ်ချက်ကြီးမားစွာ ဗုဒ္ဓသရီယ တတ်တော်များကို ဌာပနာ၍ ရှင်စောပု ဆုတောင်းပြည့် စေတီတော်မြတ်အား တည်ထားလေ၏။

စေတီတော်ကြီး ပြီးမြောက် အောင်မြင်သောအခါ ဟားမဲ့ဆရာတော်ကြီး၏ တပည့်ဖြစ်သော ရှင်ဓမ္မရေနှင့် ရှင်ဓမ္မဉာဏတို့(၂)ပါးသည် မင်းပြစ်မင်းဘေးမှ ကင်းဝေးရန် မိဖုရားကြီး ရှင်စောပုနှင့်အတူ ဟံသာဝတီသို့ တိတ်တဆိတ် ထွက်ခွာခဲ့ကြလေသည်။

ယင်းသို့အားဖြင့် ရှင်စောပုသည် ဟံသာဝတီ၌ များမကြာမီ မွန်ဘုရင်မကြီးအဖြစ် ထီးနန်းစိုးစံတော်မူလေသည်။

ရှင်စောပု ဘုရင်မကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်စောပု ဆုတောင်းပြည့်စေတီမှ ပူဇော်ထားသော ရှင်ဥပဂုတ္တရုပ်တော်



◆ ရှင်စောပု ဆုတောင်းပြည့်စေတီ၏ ရွှေပန်းခိုင်ကြီး



ရှင်စောပု ဆုတောင်းပြည့်စေတီတော် [illegible]

“မညာကျွန်းတော” ဘွဲ့အမည်ဖြင့် ဟံသာဝတီ မွန်ဘုရင်မကြီးအဖြစ် ချစ်ခင်လေးစားစွာ ခံယူရရှိခဲ့၍ သက်တော် ကြီးရင့်သောအခါတွင် သမီးတော်ကို “**ရှင်ဓမ္မရေ**”အား လွှဲဝတ်လဲစေပြီး လက်ဆက်စေခဲ့လေ၏။

ရှင်ဓမ္မရေသည်ကား ရှင်စောပု၏ သမက်အဖြစ် ဟံသာဝတီထီးနန်းကို လက်ခံရရှိလေရာ “**ဓမ္မစေတီ**”မင်းအဖြစ် ကောင်းမွန်စွာ အုပ်စိုးနိုင်ခဲ့လေ၏။

ရှင်စောပုသည်လည်း သက်တော် (၇၆)နှစ်တွင် တိဂုံ၌ နတ်ရွာစံတော်မူလေ၏။

“ဓမ္မစေတီမင်းကြီး” သည်ကား ဘုရင်မကြီး ရှင်စောပုလက်ထက်က နိုင်ငံတော် အေးချမ်းသာယာစွာနှင့် သာသနာရေးကို ချီးမြှင့်ခဲ့သကဲ့သို့ တိုင်းသူပြည်သားများ၏ နှစ်လိုကြည်ဖြူခြင်းကို ခံယူရရှိလေ၏။

ဓမ္မစေတီမင်းကြီး လက်ထက်တွင် နိုင်ငံတော်အတွင်း လူဦးရေစာရင်းကို ကောက်ယူခဲ့ရာမှ အလှူငွေရရှိသော ကြေးသတ္တုများကို ခေါင်းလောင်းတော်ကြီးအဖြစ် သွန်းလုပ်ခဲ့လေ၏။

ထိုဓမ္မစေတီမင်းကြီး၏ ခေါင်းလောင်းတော်ကြီးကား ယနေ့ ယခုတိုင်အောင် ဒေါပုံမြစ်အတွင်း၌ ရှိနေဆဲ၊ လျောင်းနေဆဲ ဖြစ်လေသည်။

ရှင်စောပု ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သဘာဝ ရာသီဥတုနှင့် နှစ်ပေါင်း(၆၀၀)မျှ ရှိခဲ့လေရာ ဖရာထောင်း၍ နေလေပြီ။

သို့အတွက် စစ်ကိုင်းတောင်ရိုး ဇေယျာရွှေမြေချောင် ဆရာတော် ဘဒ္ဒန္တကောဝိဓမဓေရ်နှင့် တောတောင်ဘီလူးဆရာတော် ဦးအာစရာတို့မှ အရှင်မြတ်နှစ်ပါးဦးဆောင်၍ နိုင်ငံတော် အကြီးအကဲနှင့် ဒကာများ စုပေါင်း ပြုပြင်မွမ်းမံခဲ့ကြလေ၏။

၁၃၇၂ ခုနှစ်၊ တန်ခူဆောင်မုန်း လပြည့်နေ့ မင်္ဂလာအပေါင်းနှင့် ပြည့် သော တနင်္ဂနွေနေ့ နံနက်တွင် “**မြန်မာ နိုင်ငံတော်အတွင်းမှ အလွန်ထင်ရှား သော “၁၀၈” ဌာနမှ အောင်မြေများ ကို**”စုစည်းသွင်းနှံ ဌာပနာတော်မူ သည်။

ရှင်စောပု ဆုတောင်းပြည့်စေ တော်မြတ်ကြီးကား ဗားမဲ့အစီအ အားဖြင့်လည်းကောင်း၊ မဟာအော မြေ(၁၀၈)အားဖြင့် လည်းကော တောတောင် ဘီလူးတောင်တော်ထ တွင် အောင်ဓာတ်၊ အောင်နိမိ အောင်ဟိတ်ယူရာ အစီအရင် အေ မြေ နေရာတူးဖြစ်ပါသည်။

**အောင်ရွှေမြင့်**
**(စစ်ကိုင်းတောင်)**

www.burmeseclassic.com

ခမောင်းခါး (ဒေါ်)

# ပျဉ်းမခါးပင်၏ အစွမ်း



စာရေးသူ ၂၀၁၃ ခုနှစ်၊ ဧပြီလဆန်းတွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်ရွာမှာ ညီလေးဖြစ်သူ ဦးသန်းရွှေ(စာဖတ်ဆရာ) နေအိမ်သို့ အလည်ရောက်ရှိခဲ့ရာ မမျှော်လင့်ဘဲ အဒေါ်ဖြစ်သူ ဒေါ်လေး မစိန်တင့်နှင့် တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။

စာရေးသူနှင့် အနှစ်(၃၀)ခန့် ကွဲကွာခဲ့သော ဒေါ်လေးကို တွေ့ဆုံရ၍ ဝမ်းသာအားရနှင့် စာရေးသူက...

'ဒေါ်လေး ကျွန်တော့်ကို မှတ်မိရဲ့လား။ ကျွန်တော်က မောင်အေးထွန်းပါ'

ဟု ပြောပြလိုက်ရာ ဒေါ်လေး မစိန်တင့် မှတ်မိသွားသဖြင့်...

'ဟေ့ မောင်အေးထွန်း နင် ဘယ်တုန်းက ရောက်နေတာလဲ အလည်လာတာလား'

'ဟုတ်ကဲ့ ဒေါ်လေး ကျွန်တော် မြောက်ဦးမြို့နယ်၊ ကန်ပူကျေးရွာမှာ တည်ထားပူဇော်တဲ့ စေတီတော်မြတ် ရွှေထီးတော် တင်လှူပွဲကို လာရင်းနဲ့ ဒီကို အလည်ရောက်လာတာပါ'

ဒေါ်လေးက...

'ဟေ့ နင့်မျက်နှာပြင်မှာ နီရဲနေပါလား ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲတော့ မသိဘူး ဒေါ်လေးရယ်၊ ဒီကိုရောက်မှ နေပူဒဏ်ကြောင့် ဝက်ခြံလို အနာဖုလေးတွေ မျက်နှာမှာ ထွက်နေတယ်။ ယားလဲ ယားတယ်'

ဒေါ်လေးက ဆေးမြီးတိုတို့ကို သတိရလာလိုက်စားသူဖြစ်၍...

'ဒီလိုဆို ငါ့အိမ်မှာရှိတဲ့ ခမောင်းခါးသားကို သွေးလိမ်းကြည့်။ အဲဒီ ခမောင်းခါးသားဟာ အနာဖု၊ ဝက်ခြံ၊ ဆွေးနာ၊ ရမ်းနာတို့ကို ပျောက်ကင်းတယ်။ သွေးပြီး ညဘက်မှာ လိမ်းကြည့်ပါ။ (၂)ခါလိမ်းရုံနဲ့ ပျောက်တယ်'

ဟု ဒေါ်လေး ပြောပြသဖြင့်...

စာရေးသူလည်း ခမောင်းခါးသားကို ယူသွေးပြီး လိမ်းကြည့်ရာ နံနက်မိုးလင်းသောအခါ အနာဖုလေးတွေ ပိန်ပြီး နီရဲနေသော မျက်နှာလည်း မူလအတိုင်း သက်သာပျောက်ကင်းသွားပါသည်။

နောက်နေ့တွင် ခမောင်းခါးပင် အကြောင်းကို မေးမြန်းကြည့်ရာ **ခမောင်းပင်**ဟု ရခိုင်လိုခေါ်သော အပင်မှာ မြန်မာလို **ပျဉ်းမပင်**ဖြစ်သည်။

ပျဉ်းမပင်တွင် ရွက်ကြီး၊ ရွက်သေးဟူ၍ (၂)မျိုးရှိသည်။ သစ်မာအမျိုးအစား အပင်ကြီးမျိုးဖြစ်သည်။ မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ပေါက်ရောက်သည်။

ယခု သစ်ပင်မျိုးသည် ပျဉ်းမ(ခါး) ဖြစ်သည်။ **ခါးသောအရသာရှိပါသည်။** ရွက်ကြီးမျိုးဖြစ်သည်။ အသီးမှာ နီညိုရင့်ရောင်ဖြစ်ပြီး ကွမ်းသီးလုံးခန့် အသီး သီးသည်။ အသီးထဲမှာ အဆန် ပါရှိသည်။

'အဲဒီအဆန်ကို သွေး၍ သွားနာသွားကိုက် သွားဖုံးရောင်နာများကို လိမ်းပါက ပျောက်ကင်းတယ်'

ဟု ဒေါ်လေး မစိန်တင့်က ပြောပြပါသည်။

စာရှုသူများလည်း **ခမောင်းခါး (ခ) ပျဉ်းမခါးပင်၏** ဆေးဖက်ဝင်ပုံကို စာရေးသူကိုယ်တွေ့ ပျောက်ကင်းဖူးပါသဖြင့် စေတနာမေတ္တာဖြင့် ရေးသားဖော်ပြအပ်ပေသည်။

**[ဆေးနှင့် ဆေးနည်းကို ပြောပြပေးခဲ့သော စေတီပြင်ရွာလေး ဒေါ်လေး မစိန်တင့်အား ကျေးဇူးတင်လျက်...]**

**မိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၅၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း'ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း • တစ်လ တစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။


အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ်ပိ ၎င်ပ၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၅၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ၎င်ပခြင်း နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အသားအရေ ညစ်ထေးမွဲခြောက်ခြ[...] နမ်းခြင်း၊ ကိုယ်ခန္ဓာနုံးပြင်းခြင်း ဖြစ်နေသူ[...] များ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ[...] စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရုန်းပြင်းခြင်း[...] ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သား[...] သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်[...] မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့[...] (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်[...]ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာ[...]တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး[...] (၃)ရက်ဆက်သောက်လျှင် သားသမီးဝေး[...]ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်းဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက် ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနီးပုပ်များ ကင်[...]စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ[...] သွေးပေါ်ချည့်တစ်ခါ၊ ၎င်ပချည့်တစ်လှည့် သွေးကစားခြင်း၊ ချမ်[...]လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊အအေးဒဏ် မခံနိုင်ခြင်း[...] သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက[...] သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ[...] ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး[...] ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ[...] ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိုကျားထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိတ် (၁)လမ်း ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

**မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)**



www.burmeseclassic.com


www.burmeseclassic.com

ထက်မြင့်ကျော်စွာ

သုခတာရီတုန်းတော်မဟီနှင့်

# အဘဆောင်မင်းခေါင် ဓာတ်ပန္နက်စေတီ (၃)

ယခင်လမှ အဆက်



◆ သုခကာရီ ဒုတိယဆရာတော် ဦးဇောတသရ

နောက်တော့ ဈေးသည်တွေ ဈေးချောင်းမကောင်းလို့ လာလျှောက်ကြတာတွေ၊ အတိုက်အခံကိစ္စတွေ စတဲ့ အခက်အခဲ ရှိလာရင် အိပ်မက်ထဲ တွေ့ပြီး လမ်းညွှန်ပေးတယ်။

(၂၃-၅-၂၀၁၂)ညမှာ ဆရာတော် တွေ့လာပြီး သင်းပိုင်တစ်ထည် တောင်းတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်ဖို့အရေးကြီးတယ်။ ဗောဓိပက္ခိယအင်းကို အစားပါလို့ အိပ်မက်ထဲ မိန့်မှာတော်မူတယ်။

ဗောဓိပက္ခိယအင်းက အတိုက်အခံကိစ္စမှာ အစွမ်းအလွန်ထက်တယ်လို့ ဖိုးဦးကတည်းက မိန့်မှာဖူးတယ်။ မြင်းခြံနယ် ခြေတော်ရာကျောင်းမှာ ကျောင်းလုပ်ရာကစပြီး ရန်ငြိုးကြီးလာတယ်။ လက်ဝဲနည်းနဲ့ တိုက်တယ်။ ဘုရားက တိုက်တယ်ပေါ့ဗျာ။

ဆရာ(၇၅)ယောက်ထိ လက်လျှော့သွားကြပြီ။ ဆွမ်းဘုဉ်းခါနီးမှာ ဆွမ်းပွဲကို ခေါင်မိုးထိ ပင့်သွားပြီး ပစ်ချလို့ဆွမ်းမဘုဉ်းရတာ။ ပုပ်ဟောင်နံစော်တဲ့ အနံ့ဆိုးတွေကြောင့် ကျောင်းထဲ မနေနိုင်တာအစ ဆိုးဆိုးဝါးဝါး ကြုံရပြီးနောက်ပိုင်း ဆရာတော်ဆီ ရောက်လာတယ်။

ဆရာတော်က သုံးလတော့ ကြာမယ်။ ဒီအင်းယူသွားပြီး ကျောင်းတိုင်မှာ ကပ်ထားလို့ ပေးလိုက်တယ်။ ဗောဓိပက္ခိယအင်းပါ။ တစ်လကြာရင် ပြန်လာလို့ မှာတဲ့အတိုင်း ရောက်လာကြတော့ အတော်ကလေး လျော့သွားပြီလို့ ဆိုတယ်။ သုံးကြိမ်တိတိကပ်လို့ သုံးလပြည့်တော့ မူလပုံမှန် အခြေအနေ ပြန်ရောက်သွားပါတယ်။

**(ဗောဓိပက္ခိယအင်း စီရင်ပုံမှာ အနည်းငယ် အသေးစိတ် ကျူသဖြင့်**

www.burmeseclassic.com



ဦးကောသလ မန်ကျည်းပင်ကျောင်း၌ သီတင်းသုံးစဉ်ကပုံ

**နောင်အလျဉ်းသင့်သောအခါ ထပ်မံလာရောက်ကာ လေ့လာပါရန် ဆရာတော်က မိန့်ကြားသည်။)**

## (၉)နာရီအချိန်နှင့် အောင်ဓာတ်

ဒီနှစ် ဆရာနှစ်ပါး မွေးနေ့ပူဇနီယပွဲတော်မှာ လှူဒါန်းဖို့ အင်းပြာ ပျားရည် အဆောင်ဓာတ် လက်စွပ်တွေ ညကတည်းက ကြိုတင်ပြင်ဆင်ပြီး မနက်ကျရင် စောစောစီးစီးပဲ ဝေငှကျွေးမွေးလိုက်မယ် စိတ်ကူးမိတယ်။ အိပ်ပျော်သွားတဲ့အခါ ဆရာတော်(ဦးကောသလ) ကြွလာပြီး…

"ယောင်ယွင်း စောစောမဝေနဲ့ (၉)နာရီထိုးမှ ဝေရမယ်"

လို့ မိန့်တော်မူပါတယ်'

ဟု ဦးဝိမလက ပြောပြသည်။

အဘ အောင်မင်းခေါင် ဓာတ်ပန္နက်စေတီ တည်စဉ်ကလည်း တနင်္ဂနွေနေ့ နံနက်(၉)နာရီတွင် စတင်ခဲ့သည်။

(၉)နာရီအချိန်သည် နေ့သခင်၏ စတုရန်းကျသော ဂြိုဟ်ပိုင်ဆိုင်သော အချိန်အခ ဖြစ်သည်ကို သတိပြုမိသည်။

**တနင်္ဂနွေ** (၉)နာရီမှ (၁၀း၃၀)နာရီ အထိကို ဗုဒ္ဓဟူးဂြိုဟ် ပိုင်ဆိုင်၏။

အလားတူပင်…

**တနင်္လာနေ့** (၉)နာရီမှ (၁၀း၃၀) နာရီအထိ ကြာသပတေးဂြိုဟ်။

**အင်္ဂါနေ့** (၉)နာရီမှ (၁၀း၃၀)နာရီ အထိ သောကြာဂြိုဟ်။

**ဗုဒ္ဓဟူးနေ့** (၉)နာရီမှ (၁၀း၃၀)နာရီ အထိ စနေဂြိုဟ်။

**ကြာသပတေးနေ့** (၉)နာရီမှ (၁၀း၃၀)နာရီအထိ တနင်္ဂနွေဂြိုဟ်။

**သောကြာနေ့** (၉)နာရီမှ (၁၀း၃၀) နာရီအထိ တနင်္လာဂြိုဟ်။

**စနေနေ့** (၉)နာရီမှ (၁၀း၃၀)နာရီ အထိ အင်္ဂါဂြိုဟ်။

စသဖြင့် အသီးသီး ပိုင်ဆိုင်ကြသည်။

နက္ခတ်သေနဓာတ်မှ "**အောင်လံတော သကျမှီအုံး နက္ခတ်သေနထုံး**" အရ စတုရန်း အောင်ဓာတ်ဆင်ထားခြင်း ဖြစ်သည်။ **(အကျယ်ကို သိလိုပါက မုံရွာမြို့ အရှေ့လယ်တီဆရာတော် ဦးကုဏ္ဍလ၏ မဟာသုတဒီပနီကျမ်း ပထမတွဲ စာမျက်နှာ-၇၃၃ မှ ၇၃၅ ထိ ကြည့်ရှုပါ။)**

## တတိယဆရာတော်

ယခုအခါ (လက်ရှိ) သုခကာရီ တတိယဆရာတော်အဖြစ် ဦးဝိမလက ဆက်ခံကာ သတ္တဝါများ ကယ်ဆယ်၍ သာသနာပြုတော်မူသည်။

ဆရာတော်လောင်းလျာကို မုံရွာခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ပုံကျရွာ(ယခု အေးသာယာရွာ)နေ ဦးသိန်းဖေ၊ ဒေါ်တင်မာတို့မှ **၁၃၂၃ ခုနှစ် နှောင်းတန်ခူးလဆန်း(၇)ရက်** ကြာသ

www.burmeseclassic.com

စတေးနေ့တွင် မွေးဖွားသော ဒုတိယ သားရတနာ ဖြစ်သည်။

အသက်(၈)နှစ်တွင် ရွှေဘိုမြို့ သုခ ကာရီကျောင်း ဦးပညာစက္ကထံ ရှင်သာမဏေပြုရာ ပစ္စယာနုဂ္ဂဟ ဒေါ်လေး ရှမဝတီက ဗုဒ္ဓဟူးသားဟု အမှတ်များကာ ရှင်ဝိမလ ဘွဲ့မည်ရ သည်။

ဦးပညာစက္က၊ ဦးကေသရ ဆရာ နှစ်ပါးထံ ပရိယတ်စာပေပညာ၊ လောကီ ပညာများ သင်ယူကာ ၁၃၄၄ ခုနှစ်၊ ထမဝါဆိုလဆန်း(၁)ရက်တွင် သုခ ကာရီကျောင်း ခဏ္ဍသိမ်၌ ဒုတိယ ဆရာတော် ဦးကေသရအား ဥပဇ္ဈာယ် ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိ သည်။ ပစ္စယာနုဂ္ဂဟမှာ အဒေါ်တော် စပ်သည့် ဒေါ်ရှုပဝတီပင်ဖြစ်သည်။

ဆရာတော် ဦးကေသရ၏ အန္တေဝါသိက အတွင်းနေ တပည့် အဖြစ် ဝေယျာဝစ္စများ ပြုစုကာ လောကီ လောကုတ္တရာ ပညာအမွေများ ဆက်ခံ ခဲ့သည်။

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လတွင် ဒုတိယဆရာတော် ဦးကေသရ ပျံလွန် တော်မူသဖြင့် သုခကာရီ တတိယ ဆရာတော် ဦးဝိမလ ဖြစ်လာခဲ့သည်။

သုခကာရီကျောင်း၏ အစဉ်အလာ ဓလေ့ထုံးစံပွဲတော်များကို ဆရာနှစ်ပါး၏ ဩဝါဒအတိုင်း ဆက်လက်ကျင်းပ ပေးကာ ခုနစ်ရက်သားသမီးတို့၏ အကြွအခက်အခဲများ ကူညီ၍ သာသနာ ပြုလုပ်ငန်းများ လုပ်ဆောင်တော်မူ လျက် ရှိသည်။

မိမိ ရောက်ရှိစဉ်ကာလ သာမန် ရောဂါဝေဒနာရှင်များနှင့် လောကီ ဖျက်နှာစာမှ အခက်အခဲအချို့အတွက် ဘာရောက် လျှောက်ထားကြသော ဒေသတ်အတွင်းမှ အသက်(၆၀)ကျော်



ဦးကေသရရုပ်အလောင်းတော်

အမျိုးသားတစ်ဦး လာရောက်ကန် တော့ ဝတ်ဖြည့်ကာ လျှောက်ထား သည်။

'တပည့်တော် သားတစ်ယောက် လွန်ခဲ့တဲ့ သုံးရက်လောက်က ဆိုင်ကယ် တိမ်းမှောက်ပြီး အရိုင်လိုလို အစိမ်းကပ် နေလို့ပါဘုရား'

'ပရိတ်ရေ ယူသွားတိုက်လိုက်ပါ။ မသောက်ရင် အတင်းချုပ်ကိုင် မာန်မဲ ပြီး ဝင်အောင်တိုက်ပါ'

'တိုက်ပြီးပါပြီ။ သောက်ပါတယ်။ ဒါပေမယ့် ထမင်းဟင်းမစား၊ အိပ်လဲ မအိပ်ဘဲ ကယောင်ကတမ်း ပြောနေပါ တယ်ဘုရား'

'ဒါဖြင့် သုံးဘီးနဲ့ သယ်လာခဲ့ပါ'

နာရီဝက်ခန့်အကြာတွင် အဆိုပါ လူနာ ရောက်လာသည်။ တစ်ယောက် က ချီပိုးလာရခြင်းဖြစ်သည်။ ရှိခိုးဦးချ ခြင်းမရှိ၊ ကောင်းစွာမထိုင်၊ ဂနာမငြိမ် ဖြစ်နေသည်။

www.burmeseclassic.com

ဆိုင်ကယ်မှောက်ကာ အရိုပ်ကြီး တစ်ခု လိုက်နေသည်ဟု အစချီကာ ထင်ရာမြင်ရာ အဆက်အစပ်မရှိ ပြောဆိုလေသည်။

'ဟင် ဘာမှလဲ ပါမလာပါလား'

ဆရာတော်က ရေမွှေးကို လက်ချောင်းထိပ်ဖြင့် ဆွတ်ကာ လူနာ၏ မျက်ခမ်းစပ်နှစ်ဖက်၌ တို့ပေးပြီးလျှင် ငယ်ထိပ်ပေါ် လက်ဝါးအုပ်၍ မန်းမှုတ်ပေးသည်။

'အမယ်လေး ပူတယ်ဗျ။ အမေရေ ကျွန်တော် မနေနိုင်တော့ဘူး။ ဗျား... စပ်တယ်ဗျ'

'မစိုးရိမ်ပါနဲ့ မျက်ရည်ပူတွေ ကျလာရင် ကောင်းသွားမှာပါ'

(၁၅)မိနစ်ခန့်အကြာတွင် ထိုလူနာ ငြိမ်သက်လာသည်။

'ကဲ... အကာတို့ ဆရာဝန်ဆီ ခေါ်သွားပြီး အားဆေးလေး ထိုးပေးလိုက်ပါ။ ပင်းအဆင် ပြေသွားရင် ငါ့ဆီလာပြီး အရက်လှူရမယ် ကြားလား'

'လှူပါ့မယ် ဘုရား'

'ဘယ်နှလလဲ'

'သုံးလလှူပါမယ် ဘုရား၊ အခု တော့ မဖြစ်နိုင်သေးပါဘူး'

'အေးပါ ငါ သိပါတယ်။ ဒကာတို့ သားက အသောက်လွန်တာပါ။ ဘာ အစိမ်းမှ မရှိဘူး။ သူ့စိတ်ကို ထိန်းနိုင်လို့ အသောက်ရပ်ရင် ကောင်းသွားမယ်။ ဆက်သောက်နေရင် ကျုပ်ဆီ ခေါ်မလာနဲ့။ ပါရဂူကြီးတွေလဲ ကုပေးနိုင်မှာ မဟုတ်ဘူး။ ပြန်ကြပေရော့'

လူ အနည်းငယ် ရှင်းသွားသောအခါ ဆရာတော်က ဓာတ်လုံးနှစ်လုံး ထုတ်ပြသည်။ လက်တွင်း ထည့်ပေးသဖြင့် - ဆ,ကြည့်ရာ ယနကောင်း (ကျစ်လျစ်သိပ်သည်းမှု အားကောင်းသည်။) လှသည်ကို သတိပြုမိသည်။

'ဒီဓာတ်ကိုထိုးတော့ ဆရာတော်က ဖို့ရဲ့ အပြင်ကနေ ထန်းယပ်တောင် ထောင်ပြီ တာကို သတိမထားဘဲ မီးရဲတင်လိုက်တာ မြန်းဆို တစ်ဝက် ပျောက်သွားတယ်။ ဖိုခွင်ထဲတင် ပျောက်သွားတာ။

ဆရာတော်က မင်းဓာတ် အခိုးခံရတာကွလို့ ပြောတယ်။ လုံဖင်မှာ အင်းချပြီး ပြန်ထိုင်နိုင်းတော့မှ မူလအတိုင်း တစ်ကျပ်ခွဲသားအတိ ပြန်ရတယ်။ လုပ်ရတ်ပညာမှာ အကောင်မမြင်ရဘဲ အခိုးခံရတာ ဦးပဥ္စင်း ခဏခဏ ကြုံရဖူးတယ်။

ဆရာတော် ဦးကေသရ ရှိစဉ် တပည့်နှစ်ယောက်ကို ဖိုဆွဲခိုင်းပြီး အချိန်တန်တော့ ကျန်တပည့်လက်ထဲ ထည့်ခိုင်းတယ်။

အဲဒီမှာ လက်ခံတဲ့ တပည့်လက်ထဲ ရောက်မလာဘူး။ အစားလက် ဝင်ခံသွားတယ်။ ဆရာတော်လဲ အတော့်ကို စိတ်ထိခိုက်ပြီး "မောင်ပဥ္စင်း အာရုံခံစမ်းကွာ"လို့ ခိုင်းပါတယ်။ တပည့်တွေ နေရာအနှံ့ ပိုက်စိပ်တိုက်ရှာတာမတွေ့လို့ ခိုင်းတာပါ။

ဒါနဲ့ အဘအောင်မင်းခေါင်စေတီမှာ အမိဋ္ဌာန်ဝင် ကမ္မဋ္ဌာန်း ဆောက်တည်တော့ မြို့အပြင် အတော်ဝေးဝေး ရောက်နေပြီ။ ဘုမ္မိရတ် သားအမိ လက်ထဲမှာ တွေ့ရတယ်။ အဲဒီဓာတ်ကို ဆရာတော်ကိုယ်တိုင် လိုက်ပြီး ယူခဲ့ရတယ်။

ဒီဓာတ်ပြာနည်းနည်း လက်ချား တစ်ကျပ်သားရောထိုးရင် အခေါက်ရွှေ မီးလင်းရွှေ တစ်ကျပ်သားရတယ်။ ဒါပေမယ့် ဦးပဥ္စင်းမှာ ပစ္စည်းလေးပါး ပြည့်စုံနေပြီ။ ရွှေမလိုဘူး။ ခုနစ်ရက်သားသမီး ကယ်တင်ဖို့ပဲ လိုတယ်။ အာရုံစိုက်ပါတယ်။ ကဲ ဒကာကြီး လုတ်ဆေးလိုက်ပါဦး'

ကျောင်းခန်းပြင်ရှိ ရေအိုးစင်သို့သွ... ကာ ပလုတ်ကျင်းပြီး ပြန်လာခဲ့ရာ... အကြမ်းပန်းကန်တွင်း ထည့်ထားသော... ပျားရည် အနည်းငယ်ကို ကမ်းပေး... သည်။

'ဆုတောင်းပြီး ဂရုတစိုက် လျှာ... ကြည့်ပါ။ အရသာသုံးမျိုး ရှိတယ်'

'အင်း ချိုတယ်။ ပြီးတော့ ချဉ်တယ်... နှစ်မျိုးတော့ သိသာပါတယ် ဘုရား'

'ချို၊ ချဉ်၊ ခါး အရသာသုံးမျိုးရှိတယ်... ပျားရည်ရဲ့ မူလသတ္တိ အချိုမဟုတ်... လား။ ဓာတ်လုံးချော်နဲ့ ပျားရည်... စိမ်ထားတာပါ။ ဓာတ်က အချိုဓာတ်... ကို ထိန်းချုပ်လိုက်လို့ အချဉ်အရသာ... ပေါ်လာတယ်။ မျိုချပြီး ရေနွေးကြမ်း... သောက်လိုက်ပါဦး'

'ခါးသက်သက်အရသာ ပေါ်ပါတယ်... ဘုရား'

ဓာတ်လေးပါး ညီညွတ်မျှတ... ကြောင်း သိရသည်။ ခရီးသွားစဉ်တွင်... စားချိန်၊ နားချိန်၊ အိပ်ချိန် ပုံမှန်မရှိသော... မိမိကဲ့သို့ နယ်လှည့်စာသမားတစ်ဦး... အတွက် ကျေးဇူးကြီးသော ဆေး... တစ်ခွက် ဖြစ်သည်။

နေဝင်းလထွက် ကျွံ့စဉ်

'အရှင်ဘုရား ဆရာတော်နှစ်ပါးရဲ့... အင်း၊ လုပ်ရတ်၊ ဂါထာ၊ မန္တန်... ပညာတွေ မှတ်တမ်းပြုထားတာ... မရှိဘူးလား'

'ဦးပဥ္စင်း (၈)နှစ်သား ကိုရင်ဘ... ကတည်းက လက်ထပ်သင်ယူခဲ့တာ... ရေးမှတ်ရင် ကုန်မှာ မဟုတ်ဘူး။ အချိ... အများကြီး ပေးရမယ်လို့ ဆိုလိုတာ... ဦးပဥ္စင်း ပညာ မလှို့ဝှက်ထားပါဘူး...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက... လောကီပညာရပ်တွေ ထုတ်ဖော်... တာ တွေ့ရတယ်။ လက်တီက အရှင်...



www.burmeseclassic.com

www.burmeseclassic.com

သီလစာရနဲ့ စပ်လျဉ်းပြီး မကြာခဏ ခတ်ရပါတယ်။

ဦးပဥ္စင်း အကြံပေးချင်တာက နောင် ကြောမကြာ အလျဉ်းသင့်သလို ဝင်လာပါ။ အမြဲတမ်းဖိတ်ခေါ်ပါတယ်။ တဖြည်းဖြည်း စုဆောင်းမှတ်တမ်းတင် ကြတာပေါ့။ အရေးကြီးတာက သီလ၊ သမာဓိ၊ ပညာပဲ သီလကို လုံခြုံအောင် ထိန်းပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို မပျံ့ လွင့်ဘဲ စူးစိုက်ပွားများရင် ပညာအား ထုံးကို ထိန်းသိမ်းနိုင်မှာပါ’

‘ဦးသီလာစာရ ပြောဖူးတာက ဆရာတော် အရှင်ကေသရဟာ နေဝင်လထွက်ကျင့်စဉ် အောင်မြင် တော်မူတယ်လို့ ဆိုပါတယ်ဘုရား။ အဲဒီအကြောင်းလေး ရှင်းပြနိုင်မလား’

‘လစဉ် လပြည့်နေ့ညနေ နေဝင်သွားတဲ့ အချိန်ကစပြီး ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ဂိုဏ်(၈)ခွင်၊ ဂိုဏ်သက်အရ (၁၀၈)လုံးပုတီး အပတ်ရေပြည့်အောင် စိပ်ရတယ်။

နံနက် လဝင်လို့ နေထွက်စအချိန်မှာ ဂိုဏ် သက်ပေါင်း (၁၀၈)နှစ် ပုတီးအပတ်ရေပေါင်း (၁၀၈)ပတ်ပြည့်ပြီး ဖြစ်ရပါတယ်။

အဲဒီလို လစဉ် လပြည့်ညတိုင်း ကျင့်ကြံသွား ရတာပါ။ ကမ္မာတည်ဂိုဏ်ပပ်ငင်းနှစ်ပါးဖြစ်တဲ့ နေနဲ့လကို အမှီပြုပြီး ဒီကျင့်စဉ်အတိုင်း ကမ္မဋ္ဌာန်းဆောက်တည်လို့ အောင်မြင်သွား ရင် လောကမျက်နှာအလီးလီးက အခက် အခဲမှန်သမျှ ပြေလည်အောင် ဖြေရှင်းနိုင် ပါလိမ့်မယ်။

တချို့က တစ်နှစ်လောက်နဲ့ အောင်မြင်တယ်။ တချို့လဲ နှစ်ပေါင်းများစွာကျင့်မှ ခရီးရောက် တယ်။ ဖိုးတို့ ဖြည့်ဆည်းခဲ့တဲ့ ပါရမီ အဟုန် အလျောက် ကွဲပြားကြပါတယ် အဘကြီး’

ဆရာတော် ဦးဝိမလက ဘုရားဖူး သွားသနာပြု ခရီးကြွရာမှ ရရှိခဲ့သော ကျောက်ဘူးသီး၊ ကျောက်အံသွား၊ ကျောက်သုဒေါက်ချာ၊ ကျောက်မြွေနှင့်



(၄၅)ရက်အစိမ်းခန်းထွက်စဉ်က ထူးခြားစွာ ပေါ်နေသည့်ပုံတော်

ညာတင်ကုတ်. ရုပ်တုများ စသည့် ဂမ္ဘီရဆန်သောပစ္စည်းများကို ထုတ်ပြ ပေးသည်။

## ဗိဇ္ဇာဓာတ်ခန်း

ထို့နောက်တွင် ဗိဇ္ဇာဓာတ်ခန်းတွင် ဝင်ရောက်ကြည်ညို ဂါရဝပြုသည်။ ခေါင်းရင်းဘက် မှန်ဗီရိုအတွင်း တင်ပျဉ်ခွေရုပ်ပွားတော်များ စံပယ် တော်မူ၍ ရေချမ်းပန်း မြိုင်ဆိုင်စွာ ဆက်ကပ်ထားသည်။

လက်ယာဘက်နံရံတွင် အဘ အောင်မင်းခေါင် ဓာတ်ပုံများ ဖူးမြင်ရ သည်။ ဓာတ်ပုံတစ်ပုံမှာ ရင်ခွင်၌ ဦးထုပ်ဆောင်းထားသည့်ပုံငယ် ထပ်မံ ပါရှိနေသည်ကို ထူးခြားစွာ မြင်ရ သည်။

ဆရာတော် ဦးကေသရပုံတော်ကို လည်း နှ,လေးလုံးအလယ်သေအင်း ပိုက်လျက် ဖူးတွေ့ရသည်။ အဝင်ဘက် နံရံထက်တွင် ထွက်ရပ်လမ်း ကြွမြန်း လေပြီးသော ဗိဇ္ဇာများ စုဝေးရိုက်ကူး ထားသည့်ပုံကို ချိတ်ဆွဲထားသည်။

ရန်ကုန်တိုက်ကြီးနယ်ရှိ ဂျီးဖြူတော အတွင်း သက္ကဝတီ သာသနာမြေသို့

www.burmeseclassic.com

သွားရောက်လေ့လာစဉ်က ဆရာတော် အရှင်အဂ္ဂသာရ (ခေါ်) အဖေကြီး ဦးအေးဖေက လိုအပ်သည်များကို ကူညီပေးတော်မူ၍ အပြန်ခရီး ထွက်နှုတ်ဆက်ကန်တော့ရာ "**ဝိဇ္ဇာဝိုက်ဆံ**" ဟု ခေါ်သည့် အဆောင်ငွေပွားကလေး စွန့်လှူခဲ့သည်။

စ.ဓ.ဗ.ဝ စမလေးလုံးရံသော အဘအောင်မင်းခေါင်ပုံနှင့် တစ်ဖက်တွင် ဤဝိဇ္ဇာရုပ်များ ရိုက်နှိပ်ထားသည်။ "ရှစ်သောင်းကျော် ဝိဇ္ဇာမပါလိမ့်၊ စိတ်သာချ လုံးဝဥသုံ"ဟူသော စာတန်း ပါရှိသည်။

ထိုအကြောင်း ဖေါ်ပြခဲ့ပြီးသော အခါ ဆရာတော်ဦးဝိမလက သုခကာရီ ငွေပွားအဆောင်တစ်ရွက် စွန့်လှူသည်။ အဘအောင်မင်းခေါင် ကိုယ်တစ်ပိုင်းပုံနှင့် သရဏဂုံ (၂၇)ကွက်အင်းကို စမလေးလုံး ရံထားသည်။ ကျန်တစ်ဖက်တွင် ပုပ္ပားတောင်ပုံနှင့် သရဏဂုံအင်း ပါရှိသည်။

နှစ်ဖက်စလုံးတွင် "**ရှစ်သောင်းကျော်ဝိဇ္ဇာမပါလိမ့်**" ဟူသော နဖူးစည်းစာတန်း ရေးထိုးထားသည်။ ယင်းအပြင် ပြီးခဲ့သော ဝါခေါင်လဆန်း (၁၂)ရက်နေ့ ဆရာတော်နှစ်ပါး မွေးနေ့ပူဇော်ပွဲ၌ စွန့်လှူသည်။ ဓာတ်လက်စွပ်တစ်ကွင်းကိုလည်း ချီးမြှင့်တော်မူလေသည်။

## အဘအောင်မင်းခေါင်၏

## ကပ်ကျော်စေတီ

ထို့နောက် ဆရာတော်က အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်စေတီအား သွားရောက် ဖူးမြော်စေကာ ပူဇော်မှုအပြီးတွင် အဝေးပြေးကားဝင်းသို့ လိုက်လံပို့ဆောင်ပေးရန် ဒါယကာ တစ်ဦးအား မိန့်မှာတော်မူသည်။

ကျောင်းဝင်းအလယ် ကုန်းမြင့်ထက်၌ နှစ်ကျိပ်ရှစ်ဆူ ကပ်ကျော်စေတီတော်ကို ဖူးမြော်ရသည်။

၁၃၀၉ခုနှစ် တပေါင်းလဆုတ် (၆)ရက် တနင်္ဂနွေနေ့ နံနက်(၉)နာရီ အချိန်တွင် စတင်၍ ပန္နက်ချတည်ထားခဲ့သည်ဟု သိရသည်။ ကုန်းတော်အထက် လှေကားအနီးတွင် "**ဘိုးတော် အောင်မင်းခေါင်ကြီး၏ သုခရေချမ်းစင်**"ဟူသော ကမ္ပည်းနှင့် ရေချမ်းအိုးများ မြင်ရသဖြင့် ရေတစ်ခွက် ခပ်ယူသောက်သုံးခဲ့သည်။

ကုန်းတော်အလယ်၌ အာရုံခံတန်ဆောင်းပတ်လည် ဝန်းရံ၍ မုခ်(၂၈)မုခ်နှင့် တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူ ပူဇော်ထားသော ကပ်ကျော်စေတီ ကိန်းဝပ်တော်မူသည်။

အောက်ခြေရှစ်မျက်နှာ (၈)မုခ်ရှိ၍ အထက်၌ လေးမျက်နှာ ပစ္စယံ(၅)ဆင့်ခံကာ မုခ်လေးခုစီနှင့် ရုပ်ပွားတော်လေးဆူစီ ပူဇော်ထားသည်။ အထက်စေတီငယ်ကို တန်ဆောင်းအပြင်မှသာ ဖူးတွေ့နိုင်သည်။

အာရုံခံတန်ဆောင်းကို ၁၃၄၂ခုနှစ်တွင်မှ ဒုတိယဆရာတော် ဦးကောသရ ဦးဆောင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်ဆို၏။ ၁၃၅၄ခုနှစ်တွင် ဤနှစ်ကျိပ်ရှစ်ဆူစေတီအား ထပ်မံမွမ်းမံခဲ့သည်ဟု သိရသည်။

အဘအောင်မင်းခေါင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ကပ်သုံးပါးမှ လွတ်မြောက်ကြစေရန်ရည်သန်၍ ကပ်ကျော်စေတီများ တည်ဆောက်ပူဇော်စေခဲ့ရာ ကိုးတောင်ပြည့်စေတီသာ များပြားကာ ဤစေတီကို ဆယ်တောင်ပြည့်စေတီအဖြစ် တည်ဆောက်ခြင်းကား ထူးခြားပါသည်။

ဤစေတီတော်အား နှစ်စဉ် တန်

ပေါင်းလဆန်း(၈)ရက်နေ့တွင် ဆွ… ခဲ့ဘွယ်၊ ဘောဇဉ်များ ကပ်လှူ… ကြွရောက်လာသော ပင့်သံ… (၃၀၀)ကျော်အား လှူဖွယ်ပစ္စည်း… လှူဒါန်းခြင်း၊ ပဋ္ဌာန်းဒေသနာတော်… ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ပူဇော်… ပွဲတော် ကျင်းပခဲ့ရာ ၁၃၃၇ ခုနှ… ၁၃၇၄ ခုနှစ်တိုင် (၃၇)ကြိမ်မြော… ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာပြက္ခဒိန် လဆ… (၁)ရက်နေ့မှ (၉)ရက်နေ့အထိ ဂြိုဟ်… (၈)ခွင် ဂြိုဟ်သက်အရ (**အဘ… အောင်မင်းခေါင်၏ ပုတီးစိပ်နည်း… အတိုင်း)** ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း… ဆောက်တည်ကြသည့် ရဟန်းရှင်… ပရိသတ် မပြတ်လပ်ကြောင်းကိုလည်း… ကြားသိရသည်။

သို့ဖြစ်လေရာ အဘအောင်မင်း… ခေါင် ကပ်ကျော်စေတီ ဖြစ်စဉ်တော်… လေ့လာကြည့်ရှုကြည့်သည်။ ကိန်းဝ… တော်မူရာနေရာကား ရွှေဘိုမြို့… အရှေ့မြောက်ထောင့်အရပ်၊ မြို့ထောင့်… စေတီခေါ် မော်ဓောမြင်သာစေတီ… အနီး၌ ဖြစ်သည်။

တတိယ မြန်မာနိုင်ငံတော်ကြီး… စည်းရုံးတူထောင်ခဲ့သော အလောင်းမင်း… တရားသည် "**ဝရဂုဏ**"ဟူ၍ သိကြ… စမတ်ဆိပ် ခတ်နှိပ်ပူဇော်ခဲ့သော ပဲ… ရွှေမော်ဓောစေတီ ပုံစံတူစေတီ… ရွှေဘိုမြို့ မြောက်ဘက်အစွန်တွင် တည်… ဆောက်ပူဇော်ကာ "**မော်ဓောမြင်သာ… စေတီ**"ဟု ဘွဲ့မည်ကပ်လှူခဲ့သည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်…**

www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

## ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား။ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ ဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် သည်း,ဝမ်း,လေ, ချွေးလို့ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ဝမ်းလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး။ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေတာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာ စုသည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတက်တာ၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး,ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ် လွင်နေတော့ အများက သတိထားမိကြတယ်ဗျ။ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်
လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းထ
တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း
ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါ
ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်
ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်
အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချု
ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ
ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အ
အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်
ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်
ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများ
ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်
သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီး
ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြော
ထွက်ခြင်း၊ သွေးမတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့
အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါ
ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေ
အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများ
ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်
ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရ
ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေ
ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ
ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်
**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်**
**ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံး**
**နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရ
အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေး
ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ်
ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၅၁၁၉၇၅



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်အရ တွေ့ရတဲ့

# ထူးဆန်းသစ်ပင်

ကလေး ဝင်းသူ



ထူးဆန်းသစ်ပင်လေးနှစ်ပင်

'ဦးဝင်းသူ ထောက်ကြန့်ရွာသစ်မှာ ထူးဆန်းသစ်ပင် ပေါက်နေတယ်။ လူတွေလဲ ဝိုင်းအုံကြည့်နေကြတယ်။ အကြော်ဆိုင်တွေနဲ့ လူတွေစည်လို့ပဲ။ သွားကြည့်ပါဦးလား။ ထောက်ကြန့်ရွာသစ်က ဦးထွန်းပေါက်အိမ်မှာတဲ့'

အထက်ပါ စကားပြော၍ သတင်းပေးလာသူကား နတ်ချောင်းရွာတွင်နေထိုင်သည့် ကျွန်တော်တို့ရပ်ကွက် (ကွက်သစ်)အတွင်းက ဒေါ်နိုင်နိုင်၏ ယောက်ျား ဦးသောင်းထွေး ဖြစ်သည်။

'အေး...အေး... ပင်စင်ထုတ်သွားရင်း အချိန်ရရင် ဝင်ကြည့်ခဲ့မယ်'

ဟု ပြောလိုက်ရသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ပင်စင်ထုတ်အပြန်တွင် ထောက်ကြန့်ရွာသစ်သို့ ဝင်ဖြစ်သည်။ ထောက်ကြန့်ရွာ အဝင်လမ်းတွင် နတ်ချောင်းရွာသူ မပြုံးပြုံးနှင့်တွေ့ရာ...

'ထောက်ကြန့်ရွာသစ်လမ်းက ဒီလမ်းလားကွ'

'ဟုတ်တယ်၊ ဟုတ်တယ် ဒီအတိုင်းသာ စီးသွား'

ဒီဇင်ဘာလ နေ့လယ်(၂)နာရီအချိန်တွင် ကျွန်တော်၏ စီးတော်မြင်းဟွန်းဒါဆိုင်ကယ်လေးသည် မြွေလိမ်မြွေကောက်ကဲ့သို့ ရွာတွင်းလမ်းတစ်လျှောက် အရှိန်မှန်မှန်ဖြင့် စီးလာခဲ့သည်။ ရွာအထွက်အရောက် အိမ်တစ်အိမ်ရှေ့ ဆိုင်ကယ်ရပ်ပြီး မေးရပြန်သည်။

'ဒီလမ်းက ထောက်ကြန့်ရွာသစ်သွားတဲ့ လမ်းပဲလား'

'ဟုတ်တယ်၊ ဟုတ်တယ် ဒီအတိုင်းသာ စီးသွား၊ ဟိုရှေ့က မြင်နေရတဲ့ သစ်ပင်တွေနဲ့ အိမ်ဟာ ထောက်ကြန့်ရွာသစ်ပဲ'

'ဟိုက မြင်နေရတဲ့ သစ်ပင်တွေနဲ့ အိမ်တွေဟာ ထောက်ကြန့်ရွာသစ်ပဲ'' ဟူ၍သာ ဆိုင်ကယ်ကို စီးခဲ့ရသည်။ တော်တော်နှင့် မရောက်။ နာရီဝက်ကြာကြာ ဆိုင်ကယ်ကို စီးလိုက်ကာမှ ရောက်တော့သည်။

ထောက်ကြန့်ရွာနှင့် ထောက်ကြန့်ရွာသစ်မှာ (၃)မိုင်ကျော်ကျော် (၄)မိုင်ခန့်ဝေးသည့် လယ်ပြင်လမ်းဖြစ်သည်။ ထောက်ကြန့်–စံသာသွား လှည်းလမ်းဖြစ်သည်။ နွေရာသီ ထော်လာဂျီကား သွားနိုင်သည်။ ယခုတော့ ဖုန်ထူပြုနေပြီ။

ထောက်ကြန့်ရွာသစ် အဝင်လမ်းတစ်ဝက်အရောက် အိမ်တစ်အိမ်ကို ဆိုင်ကယ်ရပ်၍ မေးရပြန်သည်။

'ဦးထွန်းပေါက်အိမ်ဟာ ဘယ်နားမှာလဲဗျာ'


'ကျော်လာခဲ့ပြီဗျ၊ ဟိုဘက် သုံးအိမ်ကျော်က အိမ်ပါ'

ဆိုင်ကယ်ကို ပြန်ကွေ့၍ ဝင်းပေါက်ကျယ်ကျယ် ကပ်မိုးကပ်ကာ အိမ်တစ်

www.burmeseclassic.com



ဦးထွန်းပေါက်၏ဇနီး ဒေါ်တင်သိန်း(၆၉)နှစ်
ထူးဆန်းသစ်ပင်ကို ကိုင်တွယ်ပြသနေစဉ်



ထူးဆန်းသစ်ပင်ထွက်တိုက်ကလေးကို
ဝရံတာထဲတွင် တောင်တွေ့ရှိသော
ဦးထွန်းပေါက်၏သား ကိုဝင်းအောင် (၄၂)နှစ်
အား ထူးဆန်းသစ်ပင်နှင့်အတူ တွေ့ရစဉ်

အိမ်ရောက်၍ မေးရပြန်သည်။

'ဒီအိမ်က ဦးထွန်းပေါက်အိမ်ဆိုတာလား'

'ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ'

ထမင်းစားနေသော လူငယ်တစ်ယောက်က သွက်သွက်လက်လက် ဖြေဆို၍ ပြန်မေးပါသည်။

'ထောက်ကြန့်ရွာသစ်က ဦးထွန်းပေါက်အိမ်မှာ ထူးဆန်းတဲ့သစ်ပင်ပေါက်တယ်လို့ ကြားလို့ လာခဲ့တာပါ။ ကျွန်တော်က နတ်ချောင်းက စာရေးဆရာ ကလေး ဝင်းသူပါ'

ဟု ပြောရာ ထိုလူငယ်က ထမင်းစားရာက ထလာပြီး...

'ဟုတ်တယ် ရှိပါတယ်'

ဟု ဖြေသည်။

သူ ထမင်းစားနေရာသို့ သွားရာ လူလတ်ပိုင်းအရွယ် တစ်ဦးနှင့် အဘွားကြီးတစ်ဦးကို တွေ့ရသည်။ လူလတ်ပိုင်းလူရွယ်မှာ ဦးထွန်းပေါက်၏သား ကိုဝင်းအောင်(၄၂)နှစ်ဖြစ်ပြီး အဘွားကြီးမှာ ဦးထွန်းပေါက်၏ဇနီး ဒေါ်တင်သိန်း(၆၉)နှစ် ဖြစ်သည်။ ဦးထွန်းပေါက်ကား မရှိ။

ဦးထွန်းပေါက်အိမ်ကား ရွာဦးလမ်းဘေး လမ်းကွေ့တွင် ရှိပါသည်။

'ထူးဆန်းတဲ့ သစ်ပင်က ဘယ်နားမှာလဲဗျ'

ဟု မေးရာ (၃)ဦးစလုံးက အိမ်ရှေ့သို့ လက်ညှိုးထိုးပြကြပါသည်။

သွား[illegible]ကြည့်ရာ ထူးဆန်းသစ်ပင်ကို အိမ်မိုးကပ်မှ[illegible]း ကာရံထားပါသည်။ ရာဇမတ်ကွက်ကာသကဲ့သို့ ကြက်ခွေး မဝင်နိုင်ရန် ကာရံထားခြင်း ဖြစ်သည်။ လေးဖက်လေးတန် ကာရံထားသော ကပ်များမှ နေပြောက်တို့မှာ ထူးဆန်းသစ်ပင်ကလေးကို နေပြောက်ထိုးနေသည်။


သစ်ပင်ကလေးမှာ အနက်ရောင်နီညိုရောင်ဖြစ်သည်။ အပင်အကိုင်းအခက်တို့ကို ကိုင်ကြည့်ရာ ဆူး[illegible] ကလေးများ တွေ့ရသည်။ ကန္တာရ[illegible] ပေါက်တတ်သော အပင်ဟု [illegible] ရသည်။

အပင်ကလေးမှာ [illegible]ပင်ဖြစ်သည် အမြင့်တစ်ပေသာ[illegible]သာရှိသည်။ အ[illegible]




www.burmeseclassic.com

www.burmeseclassic.com





◆ ဦးထွန်းဝေါက်   နေအိမ်ဝင်းအတွင်းရှိ [illegible]

◆ ထူးဆန်းသစ်ပင်ကလေးအား ကြက်၊ ဝက်၊ ခွေး မဝင်နိုင်ရန်

[illegible] ရာဇမတ်ကွက် ကာရံထားစဉ်

[illegible] မရှိ။ ငုံးတိတိ အပင်ရွယ်တူ [illegible]ပင်ပေါက်နေခြင်း ဖြစ်သည်။ [illegible]နော်လည်း တစ်ခါမှ မမြင်ဘူး [illegible]သောအပင် ဖြစ်သည်။

သစ်ပင်ကား ထူးဆန်းနေသည်။ [illegible]နော်တို့ ကလေးဒေသ၊ ယော[illegible] ပေါက်လေ့ပေါက်ထရှိသော [illegible] မဟုတ်ချေ။ ထူးခြားသော မမြင်[illegible]သော သစ်ပင်ဖြစ်သည်။ အပင်မှာ [illegible]သွားနေဆဲဖြစ်သည်။

'ဒီအပင်လေး တွေ့ပုံပြောပါဦး'

[illegible] ဆိုရာ မိခင်ဖြစ်သူ ဒေါ်တင်သိန်း [illegible]...

'ညတစ်ညမှာ ကျွန်မ အိပ်မက်[illegible]တယ်။ အိမ်ခေါင်းရင်းမှာ အလင်း[illegible]တွေ ထွက်နေတယ်။ ပြီးတော့ [illegible]ယောက်လိုလို ဘိုးတော်လိုလို [illegible] "နင့်ကို သိန်း(၃၀)ပေးမယ်" လို့ [illegible]ပြောပါတယ်။

[illegible]သလို အိပ်မက် မက်ပြီး ၁၃၅၄ [illegible] တန်ခူးဆောင်မုန်းလဆန်း(၂) [illegible]မှာ တွေ့ပါတယ်'

'[illegible]ယ်လိုလုပ် တွေ့သွားတာလဲ'

'ကျွန်မ ဖရုံခင်းထဲ ဖရုံခွတ်ခူး သွားရင်း တွေ့တာပါ။ ဖရုံသီးတစ်လုံး ကောက်ပြီးတော့ ဒီအပင်လေး တွေ့တာပါ။ တွေ့စက (၃)လက်မအမြင့်လောက်ပဲ ရှိပါတယ်။ အပင်အတက် ငုတ်တိုလေးပါ'

သားဖြစ်သူ ကိုဝင်းအောင်(၄၂)နှစ်ကို မေးကြည့်ပြန်ရာ...

'ကျွန်တော် သီတင်းကျွတ်လပြည့်ကျော်မှာ စတွေ့တာပါ။ တန်ဆောင်းမုန်းလပြည့်နေ့ရောက်တော့ တစ်ရွာလုံးအားလုံး သိကုန်တော့တာပဲ'

'တစ်ရွာလုံးက ဘယ်လိုလုပ် သိသွားတာလဲ'

'ကျွန်တော်တို့ အိမ်မှာ ဆန်ဖွတ်တဲ့ မောင်းခါးရှိပါတယ်။ မောင်းမှာ ဆန်ဖွတ်လာကြရင်း ရွာသူရွာသားတွေ သိသွားကြတာပါ'

ဆန်ဖွတ်သော မောင်းခါးအား သွားကြည့်ရာ မောင်းခါးမှာ အိမ်ရှေ့ ဝင်းပေါက်အနီးတွင် ရှိသည်။ မောင်းခါးမှာ အိမ်ရှေ့ကို သည်အတိုင်း လှမ်းမြင်နေရသည်။

မောင်းခါးက မောင်းထုသလို ကျော်ကြားသွားခြင်း ဖြစ်လေသည်။

ကျွန်တော် ရောက်သွားချိန်မှာ ထူးဆန်းသည့်အပင်တွေ့ပြီး တစ်လအကြာတွင် ဖြစ်သည်။ တန်ဆောင်းမုန်းလက တွေ့ရှိခဲ့သော ထူးဆန်းသစ်ပင်ကလေးမှာ သုံးလက်မအရွယ်မှ ယခုအခါ (၁၂)လက်မအရွယ်သို့ ရောက်နေလေပြီ။ အပင်မှာလည်း ညိုးခြောက်ခြင်းမရှိ။ ရှင်သန် ဖွံ့ထွားနေပါသည်။ အကိုင်းအတက်တွေနှင့် ဝေဆာနေပါသည်။ အရွက်ကား မရှိပါ။ ရွက်နုလေးတွေလည်း မပေါက်ပါ။ အကြောပြိုင်းပြိုင်းနှင့် အခက်အလက်တို့သာ ဝေဖြာနေပါသည်။

ပင်စည်နှင့် အကိုင်းအခက်ကို ကိုင်ကြည့်ရာ "ဆူးဖု" ကလေးများ တွေ့ရပါသည်။ မျက်စိနှင့်တော့ မမြင်ရ။ လက်က ကိုင်ကြည့်မှ သိရပါသည်။ အိပ်မက်အရ ပေါ်လာသော ထူးဆန်းသစ်ပင်ကလေး ဖြစ်ပါသည်။

အိပ်မက်အတိုင်း သိန်း(၃၀)ရ,မရ တော့မသိရပေ။ သစ်ပင်ကလေးကား ဆေးဖက်ဝင်မည့် အပင်ဟူ၍သာ ခန့်မှန်းမိတော့သည်။ ရုက္ခဗေဒပညာရှင်များမှသာ အပင်၏ မျိုးရင်းအမှန်ကို သိရတော့မည်။

ကလေး ဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com



◆ ဘုတလင်မြို့ ကျောင်းပန်းတောရ တတိယဆရာတော် အရှင်ဝီရိယ

စံလွန်းသာ

ကြောင်ပန်း(တတိယ)ဆရာတော် ဦးဝီရိယ၏

# မိုးရွာလေသည့် အဓိသချိုင်း

ကြောင်ပန်း(တတိယ) ဆရာတော် ဦးဝီရိယသည် အတိတ်ဒါနကံ အောင်မြင်ထူးခြားသူဖြစ်သည်။ စာသင်သား ဘဝ မန္တလေးဘုရားကြီးတိုက် ဆရာတော် ဦးအာစရထံ စာဝါသင်ယူနေစဉ် ရဟန်းဒကာ၊ ဒကာမများထံမှ ကျပ် (၁၀၀)ကို လစဉ် တောင်းခံလေ့ရှိသည်။ လျော့လျှင် ပြန်ပို့သည်။ ပိုလာလျှင်လည်း ပို့သမျှ ပြန်ပို့၏။

ထိုစဉ်က ရွှေဒင်္ဂါးတစ်ကျပ်လျှင် ငွေ (၁၃)၊ (၁၄)ကျပ်ဈေး ရှိလေရာ ငွေ(၁၀၀)ကျပ်မှာ အလွန် တန်ဖိုးရှိလှသည်။ ရဟန်းဒကာတို့လည်း မငြိုမငြင် ထောက်ပံ့နိုင်ကြသည်။

ဦးပဥ္စင်းထံမှ ဝတ္ထုငွေတောင်းသည့် စာရောက်ခါနီးလျှင် ရဟန်းဒကာတို့မှာ ဈေးရောင်း၍ လက်မလည်နိုင်အောင် ရှိ၏။ ထိုအခါ **"မောင်ပဥ္စင်းဆီက စာရောက်တော့မယ်ထင်တယ်"** ဟု ပြောစမှတ် ရှိလေသည်။

ထို့နောက် မဟာဂန္ဓာရာမတိုက်သို့ ပြောင်း၍ ပရိယတ္တိစာဝါ သင်ယူရသော အခါ ဝံသနုရက္ခိတအသင်း ပေါ်လာသည်။ ဦးဝီရိယသည် ဝံသာနုရက္ခိတ အသင်းခေါင်းဆောင် ဖြစ်လာကာ အင်္ဂလိပ်အစိုးရကို တဖြည်းဖြည်း တို[...] ထုတ်၍ တိုင်းပြည်အုပ်ချုပ် ဘုရင်[...] ရန် ကြံစည်ခဲ့သည်။

နာမည် ကျော်စောလာသ[...] အင်္ဂလိပ်အစိုးရက လိုက်လံဖမ်းဆီ[...] နောက်ဆုံးတွင် လူဝတ်လဲ၍ဆ[...] ရှက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအခါ လမ်းကြားဖြင့် ဦးရိုး[...]



www.burmeseclassic.com

www.burmeseclassic.com

ဦးသုဇာတ(နောင်တွင် ကျောင်းပန်း ဒုတိယဆရာတော် ဖြစ်လာသည်။) သီတင်းသုံးရာ ကျောင်းပန်းတိုက်သို့ သွားရောက်ဖူးမြော်ရာမှ ကျောင်းပန်း ပထမဆရာတော်ကြီးနှင့် တွေ့ဆုံ တရားနာရသည်တွင် မူလအကြံ အစည်များ ပျောက်ပျက်၍ ဆရာတော်ထံမှ ပဋိပတ္တိ နည်းခံ ကျင့်ကြံတော်မူလေသည်။

၁၂၈၈ ခုနှစ်တွင် ကျောင်းပန်းဆရာတော်ကြီး အရှင်ကုဏ္ဍက ပျံလွန်တော်မူရာ ဒုတိယဆရာတော် ဦးသုဇာတက ဦးသူရိယအား တောရကို လွှဲအပ်ကာ ဒေသစာရီ လှည့်လည် ကျင့်ကြံသဖြင့် နှစ်နှစ်မျှ အုပ်ချုပ်ပေးရသည်။

ထို့နောက်တွင် မိမိအတွက် ကြိုးစားဦးမည်ဟု ဒုတိယဆရာတော်ထံ ခွင့်ပန်ကာ ပြည်ခရိုင်တွင်း တောတောင်များ၌ ကြိုးစား အားထုတ်တော်မူသည်။ ၁၂၉၈ ခုနှစ်တွင် ဒုတိယဆရာတော် ပျံလွန်တော်မူသောအခါ ခေတ္တမျှ ကြွရောက် တာဝန်ယူပြီးနောက် စတုတ္ထဆရာတော် ဦးတိဿအား ကျောင်းပန်း တောရကို လွှဲအပ်ကာ ပြည်ခရိုင်၊ သရက်ခရိုင်နှင့် ဇာတိဖြစ်သော ချင်းတွင်းမြစ်ညာ ဟုမ္မလင်းဒေသများတွင် လှည့်လည် သီတင်းသုံးခဲ့လေသည်။

တောတောင်များတွင် တောရဆောက်တည်စဉ် သူပုန်တို့ဖုံးအုပ်သေနတ် ချိန်ခြင်း၊ သဘာဝတောရိုင်းသတ္တဝါများ အနှောင့်အယှက်ပေးခြင်း ခံရသော်လည်း အသက်မသေဘဲ လွတ်မြောက်ခဲ့သည်။

ပြည်မြို့ ကေလာသတောင်၏ တောင်ဘက်အစွန် တောင်ထိပ်တွင် သီတင်းသုံးစဉ်က ကျားသစ်လေးများ လာရောက်လေ့ရှိသည်။ ကျိန်းနေစဉ် ဦးခေါင်း၊ မျက်နှာတို့ကို လာရောက်



နမ်းရှုပ်လေရာ "အသာနေစမ်းပါကွာ" ဟု မိန့်မှ ရှောင်သွားကြသည်။

တောင်အောက်မှ လူစိမ်းတစ်ယောက်ယောက် တက်လာလျှင် အဝေးသို့ ရှောင်ပုန်းနေတတ်ကြသည်။ သူတို့ ပျောက်သွား၍ မကြာမီ လူများ ရောက်လာကြလေသည်။

ဤသို့ တောတောင်များ၌ နေစဉ် မြေမြင့်ရာ၌ နတ်စင်၊ ကျတ်စင်များ ဆောက်လုပ်ကာ ဥပုသ်နေ့တိုင်း ဆွမ်းဖြူ၊ သက်သတ်လွတ်ဟင်း၊ မုန့်၊ ငှက်ပျောသီး စသည်တင်လျက် ကျွေးမွေးရန် အကူ **သာမဏေရှင်နန္ဒိယ** (နောင် ကျောင်းပန်းသတ္တမဆရာတော်)ကို ခိုင်းတော်မူ၏။

'သူတို့က အရင်နေတာ၊ ကိုယ်က နောက်မှ ရောက်တာ။ မနှင်ရဘူး။ မနှင်ကောင်းဘူး။ မိတ်ဖွဲ့ပြီး နေရတယ်'

ဟု ရှင်နန္ဒိယအား မိန့်ကြားတော်မူသည်။

နတ္တလင်းမြို့ အရှေ့ဘက် (၄)မိုင်ခန့် ဝေးသော ပဲခူးရိုးမတောင်ခြေတွင် သီတင်းသုံးစဉ်ကာလ ၁၃၁၃ ခုနှစ်တွင် မိုးကြီးခေါင်သဖြင့် လယ်မစိုက်ရ၊ လယ်သမားတို့ ဒုက္ခရောက်ကြသည်။

ထိုအခါ ဖလံပိုးရွာမှ ဒကာကြီး ဦးဖိုးရင်ကိုခေါ်၍ မိုးရွာစေသည့် **ဗလိနတ်စာကျွေးနည်း အစီအစဉ်ကို** ရေးသားချီးမြှင့်ပေးသည်။ ဆရာတော်၏ လမ်းညွှန်ချက်အတိုင်း ပြုလုပ်ရာ ဗလိနတ်စာကျွေးသူတို့ အိမ်သို့ မရောက်မီ မိုးသဲသဲမဲမဲ ရွာသွန်းချသည် ဆိုလေသည်။

## ဆရာတော်၏ အစီအစဉ်

လယ်ကွင်းတွင် နတ်စင်ဆောက်၍ နတ်စင်၌ မုန့်ဖြူ၊ မုန့်နီ၊ ကွမ်းရွက်၊ ငှက်ပျောသီး၊ ရေချမ်း၊ ဆီမီး၊ နံ့သာ တင်ထားရမည်။ နတ်စင်သို့ အိုးစည် ဗုံမောင်းတို့ဖြင့် မိုးသံချပ်များ ရွတ်ဆို၍ သွား ကြရမည်။

နတ်စင်သို့ ရောက်လျှင် နှစ်ကျိပ် ရှစ်ဆူ ဘုရားရှိခိုးကို ရသည့်သူက တိုင်ပေးရမည်။ နတ်တို့အား ဗလိနတ်စာ ကျွေးမွေးလှူဒါန်း၍ အောက်ပါအတိုင်း တောင်းပန် တိုင်ကြားရမည်။

'ကြီးမြတ်သော တန်ခိုးတော်ဖြင့် အာနုဘော်နှင့် ပြည့်စုံကြကုန်သော မိုးနတ်မင်း၊ မြေနတ်မင်း၊ ရေနတ်မင်း၊ မီးနတ်မင်း၊ လေနတ်မင်း၊ ဓတရဋ္ဌနတ်မင်း၊ ဝိရူဠှကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်း၊ တိုင်းပြည်စောင့်နတ်မင်း၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ နယ်စောင့်နတ်၊ တောစောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး အစရှိကုန်သော နတ်မင်း အပေါင်းတို့ခင်ဗျား...

ကျွန်ုပ်တို့ ရွာသူရွာသား အများတစ်စုသည် အသင်နတ်အပေါင်းတို့အား ပူဇော်သုံးဆောင်ကြစေလိုသော စိတ်စေတနာဖြင့် စားသောက်ဖွယ် ချိုမြိန်အရသာ၊ ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာ အမြောက်အမြားတို့ကို လှူဒါန်းကြပါ၏။ ကျွေးမွေးကြပါ၏။ ပေးကမ်းကြပါကုန်၏။

အသင်နတ်များ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပြီး ခံယူသုံးဆောင်ကြကုန်လော့။ အကျွန်ုပ်တို့ ရွာသူရွာသား လူအများတို့ကို ညီအစ်ကိုမောင်နှမ သားနှင့်အမိကဲ့သို့ ချစ်ကြည်သော မေတ္တာစိတ် ရှိကြကုန်၍ ဘေးအမျိုးမျိုး ရန်အမျိုးမျိုး အန္တရာယ်အမျိုးမျိုးတို့မှ မတွေ့မကြုံရစေခြင်းငှာ ကူညီစောင့်ရှောက်ကြည့်ရှုတော်မူကြပါရန် အသနားခံကြပါကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

အကျွန်ုပ်တို့မှာ ကောက်ပဲသီးနှံ စိုက်ပျိုးချိန်တန်သော မိုးကာလ မိုးပေါက် မရပါသော ကြောင့် ကိုယ်ကြေစိတ်ပန်း၊ မရှုစလန်းကြတဲ့ မိုးခေါ်ရေရှာခြင်းကြီးစွာ သင်းရဲဒုက္ခများနှင့် ရင်ဆိုင် တွေ့ကြုံနေကြရပါသည်။

အသင်နတ်အပေါင်းတို့သည် အကျွန်ုပ်တို့ ရွာသူရွာသားတို့အား ချစ်ကြည်သနားသော မေတ္တာကရုဏာ နှစ်ဖြာသော ဘာဝနာတရားကို ပွားများတော်မူကြ၍ ကောက်ပဲသီးနှံ အချိန်မလွန်မီ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါရန် တောင်းပန်တိုင်ကြား အသနားခံကြပါကုန်သည် နတ်မင်းကြီးအပေါင်းတို့"

## နတ်များအား မေတ္တာပို့နည်း

✦ တေဇော်တန်ခိုး ဖြိုးဖြိုးလျှံစေ ဒေဝနတ်များ ကျန်းမာပါစေ။

ကျေးရွာလူထု သနားညာစေ မိုးသံဟိန်း ခြိမ်းလျက် ရွာသွန်းစေ။

✦ တေဇောတန်ခိုး ဖြိုးဖြိုးလျှံစေ ဒေဝနတ်များ ချမ်းသာပါစေ။

မိုးရေမိုးပေါက် ဖြောက်ဖြောက်သွန်၍ ကန်ချောင်းမြောင်း လုံးဝ ပြည့်လျှံစေ။

✦ တေဇောတန်ခိုး တက်ဖြိုးဝေဖြာ ဒေဝနတ်များ တရားဖက်ကာ ကျေးရွာလူထု သနားငဲ့ညှာ မိုးသံဟည်း ကြီးစွာရွာသွန်းပါ။

✪ **အိုးစည်ဗုံမောင်း အတီးအမှုတ်သမားတို့က အောက်ပါ မိုးသံချက်ကို ဝိုင်း၍ ဆိုကြပါ။**

၁။ မိုးနတ်မင်းကြီး တို့တိုးအေး မိုးရေထွေထွေ ရွာလိုက်ပါဦး။

၂။ ဒေဝနတ်များ တို့မိတ်ဆွေ မိုးပေါက်မိုးရေ ပေးလိုက်ပါဦး။

၃။ ဒေဝနတ်များ တို့သခင် မိုးရေလွှင်သွင် ရွာလိုက်ပါဦး။

၄။ မိုးနတ်မင်း မိုးနတ်မင်း တန်ခိုးကြီးတဲ့ မိုးနတ်မင်း။

၅။ မိုးနတ်မင်းကြီး တို့တိုးအေး မိုးပေါက်မိုးရေ ရွာလိုက်ပါဦး။

ရွာသူရွာသား နယ်သူနယ်သားတို့ ဤအတိုင်း လိုက်နာ၍ ဗလိနတ်စာ ကျွေးပါက မိုးခေါင်သော နှစ်များတွင် အမှန်ပင် မိုးရွာသွန်းစေပါသည်ဟူ၍ ဖြစ်သည်။

**(ကြောင်ပန်းတောရ သတ္တမနာယကဆရာတော် ဦးနန္ဒိယ(လေး) ရေးသားတော်မူသည့် ကြောင်ပန်း တတိယဆရာတော် ဦးဝီရိယ၏ ဒုလ္လဘခရီးစဉ် ဆောင်းပါးစုမှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။)**

## စိတ္တနီးသာ


**စာမျက်နှာ (၁၃၅)မှ အဆက်**

**လက္ခဏာပဟေဠိ အဖြေများ**

**၁။ ဉာဏ်ရည်ထက်မြက် ပညာထူးချွန်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်း (ဉာဏ်လမ်းကြောင်း အဆုံးမှာ) ကြာဖူးမင်္ဂလာအခြံအရံ သင်္ကေတရှိခြင်းကြောင့်ဖြစ်သည်။ "က"အကွက်ရာ


* * *




**၂။ ခင်ပွန်းကောင်းရမည့်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် နှလုံးလမ်းကြောင်း အဖျားသည် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ခက်ရင်းလေး၊ ငါးခွသဏ္ဌာန် လုပနေသည့်အပြင် ကြာသပတေးဂြိုဟ်ခုံမှာ ကြက်ခြေသင်္ကေတလည်း ရှိခြင်း ကြောင့်ဖြစ်သည်။ "ဂ" အကွက်ရာ

* * *




**၃။ ခြွေရံတပည့်တပန်း ပေါများမည့်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် သောကြာဂြိုဟ်ခုံမှာ ခြွေရံလမ်းများစွာ ထင်ရှား ရှိခြင်းကြောင့် ဖြစ်သည်။ "ဃ"အကွက်ရာ


* * *




**၄။ လူနေ စည်ကားသော မြို့ကြီး ပြကြီးမှာ အခြေချ နေထိုင်ရမည့်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖနောင့်ပိုင်း အသက်လမ်းကြောင်း အောက်ခြေမှာ ငါးကြင်းမြီး မင်္ဂလာအခြံအရံ သင်္ကေတရှိခြင်းကြောင့် ဖြစ်သည်။ "င"အကွက်ရာ

* * *




**၅။ အိမ်အကူ(အိမ်ဖော်) မဖြစ်နိုင်ပါ။ အိမ်ရှင်သာ ဖြစ်ပါမည်။**

အဘယ်ကြောင့်ဆိုသော် လက်ချောင်း (၅)ချောင်းအနက် လက်ညှိုး လက်ချောင်းထိပ်နှင့် လက်သူကြွယ် လက်ချောင်းထိပ်တို့မှာသာ ခရုပတ်ဗွေ အမျိုးအစား ရှိခြင်းကြောင့် ဖြစ်သည်။ ပြဇာအာဏာနှင့် စီးပွားဥစ္စာ ပြိုင်တူ ပြည့်စုံနိုင်သောကြောင့် ဖြစ်သည်။ "ခ"အကွက်ရာ

* * *




**မှတ်ချက်**

**အထက်ပါလက္ခဏာရှင်မှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲကိုဂုဏ်ထူး(၄)ဘာသာဖြင့် အောင်မြင်ပြီး ဆေးပညာရပ် နောက်ဆုံးနှစ် ဖြစ်ပါသည်။**

ပညာတတ် ရုပ်ချော သဘောကောင်း အလုပ်အကိုင်ကောင်း မိဘ သဘောကျသူ အမျိုးသားနှင့် စေ့စပ်ရန် အစီအစဉ် ရှိနေပြီး နှစ်ဖက်မိဘက ကိုယ်ပိုင်တိုက်တာ ယဉ်ကား ဥစ္စာပစ္စည်း အထိုက်အလျောက် ပြည့်စုံကြသည်။ ရန်ကုန်မြို့တွင် လက်ရှိနေထိုင်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေ)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာ ပဟေဠိ

## အဖြေညီကြည့်စို့

ယခုလအတွက် ဖော်ပြပေးထားသော ဘယ်လက်ဖဝါးပုံစံ ပိုင်ရှင်မှာ **ရန်ကုန်မြို့ဇာတိ အသက်(၂၃)နှစ်ခန့် မိန်းမပျိုလေးတစ်ဦး** ဖြစ်ပါသည်။ လက္ခဏာပညာ ရှုထောင့်မှ သေချာစွာကြည့်ရှုလေ့လာစစ်ဆေးပြီး အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ ဉာဏ်ရည်နိမ့်ကျ ပညာရေးညံ့ဖျင်းသူလား။ ဉာဏ်ရည်ထက်မြက် ပညာထူးချွန်သူလား။

၂။ လင်ခိုးမယား တဖားဖား ဖြစ်မည့်သူလား။ ခင်ပွန်းကောင်း ရမည့်သူလား။

၃။ ခြွေရံတပည့်တပန်း ပေါများမည့်သူလား။ ခြွေရံတပည့်တပန်း ပေါ်များမည့်သူလား။

၄။ တောကြိုအုံကြား လူနေ ကျဲပါးမည့် မြို့ရွာဒေသမှာ အခြေချနေထိုင်ရမည့်သူလား။ လူနေစည်ကား မြို့ကြီးပြကြီးမှာ အခြေချ နေထိုင်ရမည့်သူလား။

၅။ အိမ်အကူ(အိမ်ဖော်) ဖြစ်မှာလား။ အိမ်ရှင် ဖြစ်မှာလား။

မိမိတို့၏ အဖြေကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာ ပဟေဠိအဖြေနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် အကြံပေးအပ်ပါသည်။





သရော်ကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ဘယ်

ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၃၄ )တွင် ကြည့်ရှုပါရန်။

www.burmeseclassic.com


ကြော်ငြာဆောင်းပါး



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမြင့်၊ လာ တစ်ခါတည်းဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား။ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့၊ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး။ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ""ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမယ်" "ဒီမှာ မမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး။ ပြောရုံမဟုတ်ဘူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ဝိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့... **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

ကိုရဲ

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၃၀၂၊ ၅၂၂၅၄၀။




www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသန့်ကြည်

# သုံ့ရွှယ်ဆရာတော်

ဘာဘဲ့
(ဖျာပုံ၊ ဖျာပုံ-6)


ဆရာတော်၏ ဇာတိချက်ကြွေ ရွှေရုပ်မြေမှာ ဖျာပုံမြို့နယ်၊ ဂျိုဝါ ကျောက်ရဲရွာဖြစ်ပါသည်။ ဆရာတော် လောင်းလျာအား အဘ ဦးဘိုးလှ၊ အမိ ဒေါ်မြရင်တို့မှ ၁၂၈၉ ခုနှစ်၊ မြာသိုလဆန်း(၁၂)ရက် သောကြာနေ့ နံနက်အရုဏ်တက်ချိန်တွင် ခွေးသန့်စင် ဖွားမြင်တော်မူသည်။ ငယ်နာမည်မှာ မောင်သာကျွန် ဖြစ်သည်။

(၅)နှစ်သားအရွယ်တွင် ရွာဦးကျောင်း ဆရာတော် ဦးတေဇထံတွင် ပညာသင်ယူသည်။ (၁၅)နှစ်သားတွင် ထိုကျောင်းတိုက် ထိုဆရာတော်ထံ၌ပင် ရှင်သာမဏေ ဝတ်သည်။ ဘွဲ့မှာ ရှင်သောဘဏ ဖြစ်သည်။

သက်တော်(၂၀)နှစ်တွင် ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်မြရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော်ဦးတေဇကို ဥပဇ္ဈာယ်ပြုကာ ပြင်ပြုတ်သော ရဟန်းဘောင်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ ရှင်သောဘဏ ဖြစ်ပါသည်။

ရဟန်းဘောင်သို့ ရောက်ရှိတော်မူပြီးနောက် ထိုကျောင်း၌ပင် ခန်းနေဘဝဖြင့် သီတင်းသုံးပါသည်။ အရှင်သောဘဏ ဝါတော် (၂၈)ဝါအရတွင် ကျောင်းထိုင်ဆရာတော်ကြီး ဦးတေဇ ရှင်တရက် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

အရှင်သောဘဏ လွန်စွာ တုန်လှုပ်သွားသည်။ "သေခြင်းတရားသည် အချိန်မရွေး ကျရောက်နိုင်ပါလား။ ငါ့နေရာ ငါသေသွားခဲ့ရင် ဘာအကျိုးကိုမှ မညီမညွတ်ရရ မပါရှိပါလား"ဟု တွေးပြီး ကြက်သီးထမိသည်။




ဆရာတော် ဦးသောဘဏ


ရွာပနုပွဲပြီးသည်နှင့် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ပါတော့သည်။ ဆရာတော် ကျင့်ကြံအားထုတ်သည့် ကမ္မဋ္ဌာန်းတရားမှာ စတုရာရက္ခ ကမ္မဋ္ဌာန်းဖြစ်သည်။

ကျောင်းကိုလည်း နန်းဦးကျောင်းဟု

www.burmeseclassic.com



◆ ဆရာတော် ဦးသောဘိတ၏ အရိုးစေတီတော်



◆ သီရိစေဝနံ့စေတီတော်

ကမ္မည်းထိုးလိုက်သည်။ သက်တော် (၆၀)နှစ် ကျော်လာသည်နှင့် သားငါး မစား။ တရားမဟော၊ စကားများများ မပြောတော့ပါ။ ကမ္မဋ္ဌာန်းတရားဖြင့် အချိန်ပြည့် မွေ့လျော်လျက်ရှိသည်။

နိုသဓိရုတင်ဆောင် ရဟန်းမဟုတ် သော်လည်း တစ်ညလျှင် သုံးနာရီ ထက် ကျိန်းစက်ခြင်းမပြု။ ကမ္မဋ္ဌာန်း တရားအား မနားတမ်း ကြိုးပမ်းအား ထုတ်တော်မူသည်။

ထိုအချိန်တွင် ဆရာတော်၏ ထူးခြားချက်များအား ပိုမှဒီမှ သူတစ်မျိုး ငါတစ်ဖုံ မျိုးစုံအောင် ပြော ကြဆိုကြသည့် အသံများသည် တစ်နေ့တခြား ကျယ်လောင်လာပါ သည်။

ဆရာတော်နှင့် ပတ်သက်၍ စာရေး သူနှင့် အခြားသူများ ကြုံတွေ့ခံစားရ သည်များကို စာဖတ်သူများအား မျှဝေ ခံစားလိုက်ပါသည်။ [(၁၀)နှစ်မြောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အထူး ထုတ်နှင့် (၂၃)နှစ်မြောက် အထူး ထုတ်တွင်လည်း ဆရာတော်၏ ဘဝ တစ်စိတ်တစ်ဒေသကို စာရေးသူ ရေးသား ဖော်ပြခဲ့ဖူးပါသည်။]

စာရေးသူ

နေ့ရက်တွေကို အတိအကျ မသိ တော့ပါ။ သို့သော်လည်း ဖြစ်ရပ် အားလုံးကိုတော့ ယနေ့တိုင် သတိရ ဆဲ ရှိပါသည်။


မိုးနှောင်း ဆောင်းဝင်စ ညတစ် ည...

ဆရာတော် သီတင်းသုံးရာ နန်းဦး ကျောင်းမှာ ဖြစ်ပါသည်။ မြန်မာ့ရုပ်မြင် သံကြားမှ တိုက်တန်းနှစ် သဘော အစီအစဉ်အား စာရေးသူ ကြည့်ရှုနေပါ သည်။ ထိုအချိန်တွင် ဆရာတော်သည် သူ၏ အခန်းထဲမှ ထွက်လာပြီး စာရေး သူအနီးသို့ လာရပ်သည်။ စီးကရက် အား ဖွာရှိုက်ရင်း တိုက်တန်းနှစ် အစီ အစဉ်ကို ကြည့်နေသည်။


ဆရာတော် စီးကရက် သောက်နေ သည်ကို မြင်မှ စာရေးသူ ဆေးလိပ် သောက်ချင်စိတ် ပြင်းပြလာသည်။ ထို စဉ်က စာရေးသူသည် စီးကရက်ကို လွန်စွာ ကြိုက်နှစ်သက်သည်။

ထိုညက စာရေးသူ၌ စီးကရက် ကုန်နေသည်။ ဝယ်ရန်အောင်ကလည်း

www.burmeseclassic.com



▲ (၉)တောင်ပြည့်စေတီတော်



▲ တိဿမဟာရာမစေတီတော်

အနီးအနားတွင် ဈေးဆိုင်ကမရှိ။ **"ဆရာတော် တစ်လိပ်လောက် စွန့်ရင် ကောင်းမှာပဲ"**ဟု တွေးမိသည်။ ပြောလိုက်ပါ။

**"စန်းလွင် ရော့"**ဟု အံသကိုင်ရှိထဲမှ လန့်ဒန်စီးကရက်တစ်လိပ် ထုတ်ပေးသည်။

အဆိုပါ နန်းဦးကျောင်း၌ စာရေးသူသည် ရှပ်တု၊ ရှပ်ပွားများကို ရက်ရှည်သများ ထုဆစ်နေရသည်။ **(အခကြေးငွေနှင့်မဟုတ် လုပ်အားအလှူဖြစ်ပါသည်။)**

နံနက်စာ စားသည့်အခါတိုင်း အဓိဋ္ဌာန်ဝင်သူများနှင့် ဝိုင်းဖွဲ့စားလေ့ရှိသည်။ ထိုစဉ်က အဓိဋ္ဌာန်ဝင်သူများမှာ ဂျိုဝါရွာမှ ဒေါ်သန်းသန်း၊ ကျောင်းစုရွာမှ ဒေါ်အေးမြင့်၊ ကြခင်းရွာမှ ဒေါ်စန်းမြင့်၊ ဂုံညင်းတန်းရွာမှ ဒေါ်စိန်မို၊ ကျောက်ရဲရွာမှ ဒေါ်ရင်မေတို့ ဖြစ်ကြပါသည်။

တစ်နေ့ အဆိုပါ သူများနှင့် ဝိုင်းဖွဲ့ထမင်းစားနေစဉ်...

'ဆရာတော်... ငှက်ပျောသီးတွေ ပိုင်းနေတယ်။ တစ်ယောက် တစ်ပိုင်းစီဝေတော့မယ်ထင်တယ်'

ဟု ဒေါ်အေးမြင့်က ပြောသည်။

'တစ်ပိုင်းတော့ မစားချင်ဘူး။ တစ်လုံးရမှ စားမယ်'

ဟု စာရေးသူက ဝိုင်းဖွဲ့စားနေသူများ ကြားရုံမျှ နောက်ပြောင် ပြောဆိုလိုက်သည်။ စာရေးသူတို့ ထမင်းဝိုင်းနှင့် ဆရာတော် ငှက်ပျောသီး ပိုင်းနေသည့် နေရာမှာ အတော်လှမ်းပါသည်။ စာရေးသူ ပြောသည်ကို မကြားနိုင်၊ ကြားအောင်လည်း မပြောရပါ။

မကြာမီ ခန်းနေဦးပဥ္စင်း အရှင်ဝိစိတ္တ (ယခုလက်ရှိ ကျောင်းထိုင်ဆရာတော်) သည် ငှက်ပျောသီးများအား ယူလာ၍ တစ်ယောက် တစ်ပိုင်းစီ ဝေငှပေးပါသည်။ ထိုသို့ ဝေငှပေးနေစဉ် ဆရာတော်သည် စာရေးသူတို့ ထမင်းဝိုင်းဆီသို့ ကိုယ်တိုင် ကြွလာတော်မူသည်။ အနားသို့ ရောက်သည်နှင့်...

'စန်းလွင် ရော့'

ဟု စာရေးသူ တစ်ယောက်တည်းကိုသာ ငှက်ပျောသီးတစ်ပိုင်း ထပ်မံစွန့်ကြဲတော်မူသည်။ နှစ်ပိုင်းပေါင်းတော့ တစ်လုံးဖြစ်သွားသည် မဟုတ်ပါလား။

စာရေးသူ ပန်းပုထုဆစ်ရာ ကျောင်းအောက်သို့ ဆရာတော် နံနက်စာစားပြီး




www.burmeseclassic.com

www.burmeseclassic.com



◆ ရှေးမြို့ဟောင်းစေတီတော်



◆ ဘုရားဝန်းအတွင်း စံပယ်လျက်ရှိသော ရုပ်ပွားတော်မြတ်

သည်နှင့် ကြွလာလေ့ရှိသည်။ ထုဆစ်နေသည့် ပန်းပုရုပ်များအား ကြည့်နေပြီး လိုအပ်သည်များကို ညွှန်ကြားပါသည်။ ထိုကဲ့သို့ ကြွရောက်ညွှန်ကြားသည်မှာ စာရေးသူ ထုဆစ်နေသည့် (၄)လခန့်အတွင်း တစ်နေ့မှ မပျက်ပါ။

သို့ဖြင့် ရှက်ဝါမြေလူးသည့် နွေကန္တာဦးကို ရောက်ရှိခဲ့ပါသည်။ နွေတွင်းကို ရောက်သည်နှင့် နေမင်းက ပူပြင်းလွန်းပါသည်။

ညက အိပ်ရေးပျက်ထားသဖြင့် အလုပ်ထဲ၌ စိတ်မပါ၊ နံနက်စာ ထမင်းစားပြီးစမို့ အိပ်ချင်စိတ်က အင်နှင့်အားနှင့် နှိပ်စက်နေပါသည်။ စာရေးသူအနားမှာ ထိုင်ကြည့်နေသော အရှင်ဝိစိတ္တ (*ယခုလက်ရှိ ကျောင်းထိုင် ဆရာတော်*)အား စာရေးသူက...

'တပည့်တော် သိပ်အိပ်ချင်လို့ ဆရာတော် ကြွမလာရင် ကောင်းမှာပဲ ဦးပဇ္ဇင်းရေ'

ဟု ပြောမိသည်။ ထိုနေ့ ဆွမ်းစားပြီးချိန် ဆရာတော် ကြွမလာပါ။

* * *

ကြံခင်းကျေးရွာမှ ဒေါ်စန်းမြင့်သည် ဆရာတော်အား လှူဖွယ်ဝတ္ထုများ လာရောက်လှူဒါန်းသည်။ ကျောင်းဇေါင်တစ်နေရာ၌ ဝင်းမှည့်နေသော ရှိုင်၊ ဗီးကြမ်းနှင့်သီးမွှေး ငှက်ပျောသီးများအား ဒေါ်စန်းမြင့် တွေ့လေသည်။ ဒေါ်စန်းမြင့်သည် ဗီးကြမ်းငှက်ပျောသီးအား အလွန်ကြိုက်သည်။ စားချင်စိတ်လည်း ဖြစ်ပေါ်လာသည်။

'အဘကြီး ဗီးကြမ်းငှက်ပျောသီး စားချင် ယူစားလေ'

ဟု ဆရာတော် မိန့်လိုက်သည်။ ဒေါ်စန်းမြင့် ကြက်သီးမွေးညင်းများထ ထသွားသည်။

ကမ္မဋ္ဌာန်းသမာဓိ တည်ကြည်သူများသည် သူတစ်ပါး၏ စိတ်အကြံ အစည်ကို သိရှိနိုင်သည်။ ပရစိတ္တ ဝိဇာနာန အဘိညာဉ်ရ ပုဂ္ဂိုလ်များသည်လည်း သူတစ်ပါး၏ စိတ်အကြံ အစည်ကို သိရှိသည်။


အမာမြို့နယ်၊ ခါးပြတ်ကျေးရွာနှင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ ခုတ်မောင်းနေ သော "အောင်တံခွန်" ရေယာဉ်ပိုင် ဒေါ်အေးကျင်(ခေါ်) မြူမြမသည် ကန်တော့ပွဲပြင်၍ ဆရာတော်ထံ စိတ်ဖြင့် ပင့်ဖိတ်သည် မကြာလိုက်

www.burmeseclassic.com



◆ နန်းဦးကျောင်းတိုက်အတွင်း တစ်နေရာ

◆ နန်းဦးကျောင်းတိုက်





◆ နန်းဦးကျောင်းတိုက် အဝင်မုခ်ဦး

◆ အုန်းတစ်လုံးမှ ထွက်လာသော ထူးခြားအုန်း(၅)ပင်



[illegible] ဆရာတော် ကြွလာသည်ကို [illegible]တစ်ပြက် ဖူးမြင်လိုက်ရသည်။

[illegible]ရာပုံမြို့ ဓ.န.ဗ.လ. ဂျိုဝါဆန်စက် [illegible]အတွင်း နေထိုင်သူ ဦးစန်းမောင် [illegible]သည် ကန်တော့ပွဲပြင်၍ ဆရာတော်ကို [illegible]ဖြင့် ပင့်ဖိတ်သည်။ သူလည်း [illegible]ဆရာတော်ကို ဖူးမြင်လိုက်ရကြောင်း [illegible]အားဆုံတိုင်း ဝမ်းပန်းတသာ အားပါး [illegible] ပြောပြပါသည်။

[illegible]ရွှည်းတန်းရွာသား ဦးသောင်း [illegible]သည် ပင်လယ်ကမ်းခြေရှိ ဗန်ဒါပင်ရွာ [illegible] စေတီတစ်ဆူအား သွားရောက်တည်လေသည်။ မဏ္ဍပ်အတွင်း၌ ဆရာတော်အတွက် နေရာထိုင်ခင်း အပြည့်အစုံ ခင်းကျင်းထားသည်။


သက်တော်ကကြီး။ ခရီးကလည်း ဝေးသဖြင့် ဆရာတော် တစ်ခါမှမကြွ။ သို့သော် ဦးသောင်းတစ်ယောက် အနှောင့်အယှက်၊ တစ်စုံတစ်ရာ ကြုံလေသည့်အခါတိုင်း ဆရာတော်ကို စိတ်ဖြင့် ပင့်ရာ ဆရာတော် ကြွလာသည်ဟု ဆိုသည်။

တစ်ချိန်တစ်ခါက “ပဋိပတ်သာသနာဝင် သမိုင်းတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်ထီးဆောင်းစေတီတော်အား ဘေးဘက်မှ ဖူးမြင်ရစဉ်



◆ ကျိုက်ထီးဆောင်းစေတီတော်မြတ်အား ရှေ့တည့်တည့်မှ ဖူးမြင်ရစဉ်

◆ နတ်နန်းများ



နေတစ်ဆူ လတစ်စင်းကဲ့သို့ ထွန်းလင်းတောက်ပသည်" အနာဂါမ် ဆရာသက်ကြီးဟူသော ပုဂ္ဂိုလ်ကျော် တစ်ယောက် ပေါ်ပေါက်ခဲ့ဖူးသည်။

ထိုဆရာသက်ကြီး ရွှေကျင်မြို့၌ တရားပြုစဉ်က ဖြစ်ပါသည်။ တစ်စုံတစ်ခုသော ပြဿနာနှင့် ဆရာသက်ကြီး ကြုံလေသည်။ မေးမြန်းလျှောက်ထားရန် **"လယ်တီဆရာတော်ကြီးအား"** စိတ်ဖြင့် ပင့်ဖိတ်သည်။ တစ်ခဏအတွင်းမှာပင် လယ်တီဆရာတော်ကြီး ကြွရောက်ကာ ရှင်းလင်းပေးခဲ့သည်။ ဆရာသက်ကြီး၏ ဖြစ်စဉ်နှင့် ဦးသောင်းဖြစ်စဉ်မှာ အတော်တူပေသည်။

ကျိုက်လတ်မြို့မှ ပန်းချီဆရာကိုတင်အောင်ကျော်သည် နေမြင့်မွန်းတည့် အိပ်တတ်သူဖြစ်သည်။ မိုးမလင်းမီ လိုင်းမော်တော်ဖြင့် အရေးပေါ် ခရီးထွက်ရန်ရှိသည်။ "မနက်စောစော နိုးမှ နိုးပါ့မလား"ဟု တွေးပြီး စိုးရိမ်စိတ်ဖြင့် အိပ်ပျော်သွားသည်။

အိပ်ပျော်နေစဉ် မိမိအား ဆရာတော် နှိုးသံကို ကြားလိုက်သည်။ မျက်စိဖွင့်ကြည့်ရာ မိုးလင်းတော့မည်ကို တွေ့ရသည်။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား အကြိမ်ကြိမ် ဦးချကန်တော့မိပါတော့သည်။

ဒေးဒရဲမြို့နယ်၊ တမော့ကျောင်းစုရွာတွင် သိဒ္ဓိရှင်အောင်စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်ရန် (၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်) ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပသည်။

ဘုရားအမ ဒေါ်မြင့်နှင့် မောင်နှမတစ်စုက ပင့်ဖိတ်သဖြင့် ဆရာတော် ကိုယ်တိုင် ကြွရောက် ချီးမြှောက်တော်မူသည်။ နေ့လယ် (၁၂)နာရီခန့်တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးဆုံးသည်။ ဆရာတော်သည် ပြီးလျှင်ပြီးချင်း ပြန်လည်ကြွရန် အစီအစဉ် ရှိသော်လည်း မကြွဖြစ်သေး။ စကားနည်းသော ဆရာတော်မှာ စကားတွေ များစွာပြောနေသည်။

ညနေ (၃)နာရီခန့်တွင် ဒေါ်ညွန့်ညွန့်ဝင်း (အရောင်း



www.burmeseclassic.com

www.burmeseclassic.com





◆ ပိဋကတိုက်များ၏ ဓာတ်ခန်း

◆ ယခု လက်ရှိ ကျောင်းထိုင်ဆရာတော် အရှင်ဝိစိတ္တ

ခေါ်ထမ်းဟိုတယ်နှင့် ခရီးသွားလာရေး ကြီးဌာန ပိုလ်စွန်ပက်လမ်း ရန်ကုန် မြို့) ဒေါ်သက်သက်ခင်နှင့် ဒေါ်မြွေးမြွေး ဗိုလ်တထောင် ရေတာပ်ဈေး စတိုးဆိုင်) တို့ သုံးဦး အမောတကော ရောက်ရှိ လာကြသည်။

အပြေးအလွှား လာရသည်ဖြစ်၍ မောပန်းလာသော်လည်း လူက မနွမ်း ရွှင်လန်းတက်ကြွနေကြသည်။ ဆရာ တော်ကိုလည်း ဖူး၍မဝနိုင်ကြ။ အဆိုပါ သုံးယောက် အဖူးမြော်ခံပြီးမှ ဆရာ တော် ပြန်လည်ကြွတော့သည်။

အဆိုပါသုံးယောက် ရန်ကုန်မှ အထွက် ကားအခက်အခဲနှင့် ကြုံရ သည်။ ဆရာတော် (၁၂)နာရီတွင် ပြန်လည် ကြွမည်ဟုလည်း သိထား သည်။ ဆရာတော် ပြန်လည်ကြွပါက ဖူးလိုက်ရမှာကိုလည်း လွန်စွာ ပူပန် နေမိသည်။ ကြုံရာမရသည့်အခုံး ဒေါ်ညွှန့်ညွှန့်ဝင်းက...

'တပည့်တော်မတို့ ဆရာတော်ကို ဖူးချင် လွန်းလို့ ပြန်မကြွပါနဲ့ဦး ဘုရား'

ဟု စိတ်ထဲမှ လျှောက်တင် လိုက်သည်။ သို့ပါ၍ ဒေါ်ညွှန့် ညွှန့်ဝင်းတို့ သုံးယောက်ကို ဆရာတော် စောင့်နေခြင်း ဖြစ်ပေလိမ့် မည်။

ထို့နောက်၌ ဆောက်လက်စ "တမော့ ရတနာ"တိုက်ကျောင်းမှာ လျာထား ချက် ငွေနှင့် များစွာ ကျော်လွန်နေ သဖြင့် အပြီးမသတ်ဘဲ ရှိနေသည်။ ထိုကျောင်းမှ ဆရာတော် ဦးဓမ္မပါလ အား ဆရာတော်ကြီးက...

**"သာသနာ့ ဝေပုလ္လရတနာတိုက် ကျောင်း။"** ဟု အမည်ပြောင်းခိုင်းသည်။

ဆရာတော် မိန့်တော်မူသည့် အတိုင်း အမည်ပြောင်းလိုက်သည်။ ချက်ချင်း အလှူရှင်များ ပေါ်လာပြီး လပိုင်းအတွင်း ကျောင်းကြီး အပြီး သတ်သွားလေသည်။

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုး တန်းလမ်းတွင် နေထိုင်သော **တရုတ် အမျိုးသား ဦးလှတင်**(နိုင်ငံခြား ဆေးဝါးဖြန့်ချိရေး မဂ်လာဈေး)သည် ဆရာတော်ရှေ့၌...

'အဝတ်လျှော်စက် တစ်လုံးလောက် လိုချင်လိုက်တာ'

ဟု ညည်းတွားမိသည်။ဆရာတော် က ပြုံးလျက်...

'အင်း...ရမှာပေါ့'

ဟု မိန့်သည်။ မကြာမီရက်အတွင်း မမျှော်လင့်ဘဲ အဝတ်လျှော်စက် ဝယ် နိုင်သော ငွေများ ဝင်လာသည်။

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်း (၆) ရပ်ကွက်၊ ပင်းယလမ်းနေ ဒေါ်လှမြင့် နန်းဦးကျောင်းသို့ အဓိဋ္ဌာန်လာရောက် ဝင်သည်။ နယ်စုံရပ်စုံမှ ဒေါ်လှမြင့် ကဲ့သို့အဓိဋ္ဌာန်ဝင်သူများမှာ အယောက် (၃၀)ခန့်ရှိသည်။

တစ်နေ့သော အားလပ်ချိန်တွင် ဆရာတော်ကြီး၏ ထူးခြားချက်များကို ဝိုင်းဖွဲ့ပြောဆိုနေကြသည်။ ဒေါ်လှမြင့် ဝင်ရောက်မပြော "သူတို့ပြောသလို ရော ဆရာတော်က ဟုတ်ရဲ့လား" ဟု သံသယ ရှိမိသည်။

သို့ဖြင့် ညအိပ်ချိန်သို့ ရောက်ရှိလာ သည်။ ယောဂီအားလုံး အိပ်ရာဝင်ကြ သည်။ သန်းခေါင်ကျော်သည့်တိုင် အောင် ဒေါ်လှမြင့် အိပ်၍မပျော်၊ ထိုစဉ် ဆရာတော်ကြီး၏ အခန်းမှ တံခါးဖွင့် သံကြားလိုက်သည်။ ဒေါ်လှမြင့်မြင် တောင်ကိုအသာမ၍ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ကြမ်းပျဉ်နှင့် ခြေဖဝါး တစ်ထွာခန့်လွတ်၍ ကုဋိသို့ ကြွသွားသည်ကိုဖူးတွေ့လိုက်ရပါသည်။

သီလ၊ သစ္စာ၊ ခန္တီ၊ မေတ္တာ တန်ခိုးတို့ကား ယုတ္တိမတန်၊ လူ့ဉာဏ်နှင့် မမီနိုင်သော ရုပ်လွန် စွမ်းရည်ထူးများ ရှိနေသည်ဆိုခြင်းကို ဆရာတော် သက်သေပြလိုက်သည့်လား မသိပါ။

ရန်ကုန်မြို့၊ လှိုင်သာယာ(၉)ရပ်ကွက်၊ ပတ္တမြားရတနာ (၁)လမ်းနေ ဦးသိန်းဝင်းသည် တစ်ခုသော ဝါဆိုဦး၌ ဘိုကလေးမြို့နယ်၊ မိန်းမလှကျွန်းရှိ မျောက်တစ်ရာ ဘုရားဖူးရန် ပဲ့ထောင့်ဖြင့် ထွက်ခဲ့သည်။ သူနှင့်အတူ ဘုရားဖူးသူ အချို့လည်း ပါလာကြသည်။

ကျွန်းညိုကြီးမှ ဆတ်ကျွန်းသို့ ဖြတ်ကူးရာ မိုးသက်လေနှင့် တိုးပါတော့သည်။ မြစ်က ကျယ်၊ လေကထန်၊ လှိုင်းကကြီး မိုးကသည်းမို့ ပဲ့ထောင်တစ်စီးလုံး လှုပ်ယမ်းနေသည်။ တက်မကိုင်လည်း တက်မကို မနိုင်ချင်တော့။ ရေလှိုင်းများကလည်း ပဲ့ထောင်ဝမ်းထဲသို့ ဝင်ရောက်လျက် ရှိသည်။

ဒီလိုသာဆိုလျှင် မိနစ်ပိုင်းအတွင်း ပဲ့ထောင်နစ်မြုပ်ပေတော့မည်။ ဒီနေရာသည် လှေ,သမ္ဗန်,သင်္ဘောများ မကြာခဏနစ်မြုပ်၍ အသက်ပေါင်းများစွာ ဆုံးရှုံးသည့်နေရာဖြစ်သည်။ ဦးသိန်းဝင်းသည် နန်းဦးဆရာတော် ရှိရာသို့ ရည်မှန်းပြီး…



'ဆရာတော် တပည့်တော်တို့ကို ကယ်တော်မူပါဘုရား'

ဟု လက်အုပ်ချီမိုး ရှိခိုးလျှောက်ထားလိုက်သည်။

ထိုခဏ၌ ပဲ့ထောင်ဦးတွင် ဆရာတော်၏ သဏ္ဌာန်ကို မှုန်ဝါးဝါး တွေ့ရသည်။ လေလာရာသို့ မျက်နှာမူ၍ လက်ဝါးနှင့် တားနေသည်။ မကြာလိုက်ပါ။ လေငြိမ်ကာ လှိုင်းပျော့သွားပါသည်။

သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တို့သည် တိုက်နေသောလေ၊ ရွာနေသောမိုး၊ လောင်နေသောမီး၊ စီးနေသောရေ၊ ထန်နေသော မုန်တိုင်းတို့ကို ရပ်တန့် အားပျော့စေနိုင်သည်ဆိုခြင်းကို ယုံမှားသံသယ ရှိစရာ လိုမည်မထင်။

ဗကာပြဟ္မာလောင်း ရှင်ရသေ့ကြီးပင်လျှင် လောကီတန်ခိုးဖြင့် သတ္တဝါများကို ထိန်းရာမထ ကယ်ခနိုင်သေးလျှင် ဘုရားရှင်၏ သာဝကများအားအဘယ်မှာလျှင် မတတ်နိုင်ဘဲ ရှိချေလိမ့်မည်နည်း။

ဤသို့ဖြင့် ဝေနေယျတို့၏ အကျိုးကိုနည်းဟန်အသွယ်သွယ်ဖြင့် သယ်ပိုးတော်မူခဲ့သော နန်းဦးဆရာတော်ဦးသောဘဏ အရှင်သူမြတ်ကြီးသည် **ဘုရင် ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့ နေ့လယ် (၁၂)နာရီ သက်တော်(၇၈)နှစ်တွင်** ခန္ဓာဝန်ကို စွန့်တော်မူလေသည်။

**ကျေးဇူးစကား**

ဒီဆောင်းပါးအတွက် အကူအညီပေးခဲ့ကြသော နန်းဦးကျောင်းဆရာတော်ဦးဝိစိတ္တ၊ ယမင်း(လှိုင်သာယာ)၊ ယုမွန်(ကျိုဝါရွာ)၊ ယုမာ(ကျောင်းစုရွာ) တို့အားအထူးပင် ကျေးဇူးတင်ရှိပါသည်။

***ရွှင်လန်း ချမ်းမြေ့နိုင်ကြပါစေ။***

| ဘဘမွှံ(ဈာပုံ၊ ဇရာပိ-၆) |
|---|

ကျမ်းကိုး

ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယ ဦးဌေးလှိုင်)

**စာရှုသူ သူတော်စင် ဝါသနာရှင်များသို့**

ပီဇီတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သတိုင်းမသိသော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီး ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်ကျားဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သတိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ် တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးကျော်မိုးသိန်း
စာတည်းမှူး
နယုန်ရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

# ကလေးဝဆရာတော်ကြီး

## နှင့် ထူးခြားမှုများ



ဒေါ်သုမနဝိစ်ဂွာ
(B.Sc,H.G.P,Dip.Ed)

၁၉၈၀...၁၉၈၁ ၂နှစ်တာကာလ ရေးသူ ရန်ကုန်ပညာရေးတက္ကသိုလ် တက်ရောက် စာသင်ရပါသည်။ ညာရေးဒီပလိုမာ (Dip.Ed)ဘွဲ့ တွက်ပါ။ စာရေးသူတို့ အထက်တန်း ဆရာ/မများအတွက် ပို့ချပေးခြင်း ဖြစ်ပါသည်။ စာရေးသူက ပြည် ဘှင်းဆောင်တွင် နေထိုင်ခဲ့ရပါ သည်။

ရန်ကုန်မြို့၊ အင်းယားလမ်းမှ ဘိုင်ရှင်အန်ကယ်လှနှင့် အန်တီမြင့်တို့ က စောင့်ရှောက်ပေးခဲ့ပါသည်။ ဆောင်သို့မဝင်မီ၊ အိမ်သို့ မပြန်မီ ချိန်များတွင် တည်းခို နားနေခဲ့ရပါ သည်။ ဘူတာရုံအကြိုအပို့ သွားလိုရာ ရာ၊ ဘုရားများကို ကားဖြင့် ပို့ပေးခဲ့ သည်။ ကျေးဇူးကြီးလှပါသည်။

အန်ကယ်နှင့်အန်တီတို့၏ ဆရာ တော်မှာ ကလေးဝဆရာတော်ကြီး ဂလိုဏ်ဂူ ဆရာတော်ကြီး) ဖြစ်ပါ သည်။ ရန်ကုန်၊ မရမ်းကုန်းမြို့နယ် ဂလိုဏ်ဂူကျောင်း (ယခုအခါတွင် သင်တိုက်ကြီး ဖြစ်သွားပါပြီ။)တွင် သီတင်းသုံးပါသည်။

အန်ကယ်နှင့်အန်တီတို့က ဆရာ တော်ကြီးထံ နေ့စဉ်(ညတိုင်း) သွား ရောက် ဖူးမြော်ပါသည်။ စာရေးသူတို့ လည်း ကြုံတိုင်း ဖူးမြော်ခွင့်ရပါသည်။ ဆရာတော်ကြီးအား လှူဖွယ်များကို လှူခွင့်ရပါသည်။ တပည့်များ ကျောင်း ပြည့် လာရောက် ဖူးမြော်ကြပါ သည်။ အန်တီနှင့် အန်ကယ်က အလွန် မတန် လေးစားအားထားကြပါ သည်။

စာရေးသူတို့ သိခဲ့ရသော အဖြစ် အပျက်နှစ်ရပ် ရှိပါသည်။ အန်ကယ် က ရုံးအမှုထမ်း၊ အန်တီက လက် ဖက်ခြောက် ရောင်း/ဝယ်ရေးသာ လုပ်ပါသည်။ အင်းယားလမ်းတွင်တိုက် နှင့် ကားနှင့်နေနိုင်ပါသည်။ သားသမီး များကို တက္ကသိုလ်ထားနိုင်ပါသည်။

ဆရာတော်ကြီး၏ လမ်းညွှန်မှု အတိုင်း နေထိုင်ကျင့်ကြံသောကြောင့် ပါ။ အန်တီ၏ညီမနှင့်မောင်၊ အမေရိကန် သွားရန်ကိစ္စတစ်ခုကြောင့် အခက်အခဲ ဖြစ်နေရပါသည်။ ဆရာတော်ကြီးအား လျှောက်ထား အကူအညီတောင်းခံပါ သည်။

ခက်ခဲနေသောကိစ္စ လွယ်ကူသွားရ ပါသည်။ မောင်ဖြစ်သူအားလည်း ဆရာတော်ကြီးမှ ဆေးဖော်နည်း သင် ပေးခဲ့ပါသည်။

အမေရိကန်သို့ လွယ်ကူစွာ သွား ရောက်နိုင်ခဲ့ပါသည်။ အလုပ်အကိုင် လွယ်ကူခဲ့ပါသည်။ အမေရိကန်ရောက် မြန်မာနိုင်ငံ၌ မွေးခဲ့သော ပေါက်ဖော် များကြား ဆေးကုနိုင်ပါသည်။

တစ်ညတွင် ဆရာတော်အား လျှောက်ကြားနေသော ဝန်ကြီးတစ်ဦး ရှိခဲ့ပါသည်။ ထောင်ကျမည့် အခြေ အနေတွင် ရှိနေပါသည်။ ထိုအခက် အခဲကို ဖြေရှင်းပေးပါရန် လျှောက်ထား ခြင်းဖြစ်ပါသည်။

ဆရာတော်က ကျင့်စဉ်များ ပေးပါ သည်။ အဆောင်ပစ္စည်း စွန့်ပေးပါ သည်။ ထိုပုဂ္ဂိုလ်ကြီး တရားရုံး၌ အနိုင် ရခဲ့ပါသည်။ ဆရာတော်၏ မေတ္တာ အစွမ်းဖြင့် ကူညီခဲ့သော ဖြစ်ရပ်များစွာ ရှိပါမည်။

ဆရာတော်ကြီး ပျို့ရွယ်စဉ်က ကလေးဝမှ မဟာမြိုင်တောကြီး(ရှေးက အလွန် ကြမ်းတမ်း ခက်ခဲလှပါသည်။ တောတောင်ကြီးများ၊ နတ်ဆိုးကြီးများ ၏ အနှောင့်အယှက် လွန်စွာ များခဲ့ပါ သည်။)ကို ခြေကျင်ခရီးဖြင့် ဖြတ်သန်း ခဲ့ပါသည်။ အိန္ဒိယရောက်သည်အထိ ပါ။

အိန္ဒိယတွင် (ဆာဓုးများ၊ ဖကီများ) ထံတွင် နှစ်ပေါင်းများစွာ သီတင်းသုံးခဲ့ ပါသည်။ လောကီပညာရပ်များစွာ ရခဲ့ ပါသည်။ ကလေးဝဆရာတော်ကြီး တစ်ပါးတည်းရှိနေစဉ် ဓာတ်ပုံရိုက်ပါက ဓာတ်ပုံတွင် ဆရာတော်ကြီး၏ ကပ် လျက် ဆာဓုးကြီး(ခေါင်းထိပ်၌ သျှောင် ထုံးကြီးရှိပြီး နီညိုရောင်ဝတ်စုံ ဆင်မြန်း

www.burmeseclassic.com

ထားသူ)တစ်ဦးပုံ ပေါ်ပါသည်။ အံ့ဖွယ်ရာပါ။ ဆရာတော်ကြီး ဗုဒ္ဓဂယာ၌လည်း (၆)နှစ်မျှ သီတင်းသုံးခဲ့ပါသည်။

ရခိုင်ရိုးမတောင် (တောင်ကုတ်–ပန်းတောင်း)လမ်းအတိုင်း ခြေကျင်ဖြင့် ပြန်ကြွလာခဲ့ပါသည်။ ပြည်–ရွှေဆံတော်၊ ပဲခူး–ရွှေမော်ဓော၊ ရန်ကုန်–လေးဆူဓာတ်ပုံ ရွှေတိဂုံ၌ အဓိဋ္ဌာန်ဝင်ကျင့်ကြံခဲ့ပါသည်။

သူဌေးကြီးဦးညွန့်က ရန်ကုန်မရမ်းကုန်းမြို့နယ်တွင် မြေနေရာ လှူခဲ့ပါသည်။ ထိုနေရာ၌ ထိုအချိန်က တောထနေခဲ့ပါသည်။ ဆရာတော်ကြီး၏ အကျင့်စရဏတို့ဖြင့် လည်းကောင်း၊ မေတ္တာဖြင့် လည်းကောင်း အခက်အခဲများကို ကျော်ဖြတ်၍ သာသနာပြုခဲ့ပါသည်။

BURMESE CLASSIC

စာရေးသူတို့ ဖူးတွေ့ရချိန် သာသနာအဆောက်အအုံများ ပြည့်စုံ၍ စည်ကားနေပါသည်။ နာဂလိုဏ်ဂူကျောင်းတွင် **မည်သည့်အခါမျှ ရေမဖြည့်ရသော ရေပြည့်အိုးကလည်း ထူးဆန်းမှုတစ်ရပ်ပါ။ လူစကားနားလည်သော ကျီးမဲကလေး တစ်ကောင်ရှိသည်။** ထူးဆန်းသော ကိစ္စများ ဖြစ်လာတော့မည်ဆိုလျှင် ဆရာတော်ကြီးအား အချက်ပြ အသိပေးလေ့ရှိပါသည်။ ထူးခြားကိစ္စများ ဖြစ်တော့မည်ဆိုလျှင် ရေအိုးမှ ရေလျှံကျနေ၏။

ဆရာတော်ကြီးကျောင်း၌ မီးနင်းပွဲတော်ရှိပါသည်။ မီးခဲရဲရဲဖြင့် တောက်လောင်နေသော မီးပုံပေါ် လမ်းလျှောက်ဖြတ်သန်းကြသူများ (တမီလ်လူမျိုး၊ ဟိန္ဒူလူမျိုး)ကို တွေ့ရပါသည်။ ခြေဖဝါးသက်သက်ဖြင့် နင်းပြကြခြင်းပါ။ ပူလောင်သော လက္ခဏာမျိုး မတွေ့ရပါ။ ခြေမျက်စိဖုံးအောင် ဝတ်ထားသော ဝတ်ရုံဖြူတို့ကိုလည်း မီးစွဲလောင်ခြင်း မတွေ့ရပါ။

ထိုပွဲတော်၌ အချို့သူများက ပါးကို ထက်လှသော သံချွန်ဖြင့် ထိုးဖောက်ပြပါသည်။ (နာကျင်မှုလက္ခဏာမျိုး မပြကြပါ) (၆")ဓားတို့ကို မျိုပြကြသူများလည်း ရှိပါသည်။ (သံဓားအစစ်ကို မျိုပြခြင်းပါ။) လည်ချောင်းအတွင်းသို့ ဝင်သွားပါသည်။ (နာကျင်မှုလက္ခဏာမျိုး မပြကြပါ။)

အချို့က သံချွန်များဖြင့် တပ်ဆင်ထားသော သံခုတင်ပေါ် အိပ်ပြကြပါသည်။ (နာကျင်မှု လက္ခဏာမျိုး မပြကြပါ။) အချို့က မြွေများနှင့် ကစားပြကြပါသည်။ လိုရာစေခိုင်းပြပါသည်။

မီးနင်းပွဲတော်လာသူများကို သက်သတ်လွတ်ဟင်း၊ မုန့်ချိုများ၊ သစ်သီးများကို ဖက်ဖြင့်ခင်း၍ ညှော်ခံကျွေးမွေးကြပါသည်။ ဟိန္ဒူ၊ တမီလ်များက ညှော်ခံကျွေးမွေးကြပါသည်။

သကြၤန်ကျောင်းပိတ်ရက်တွင် ပဲခူး၌ တွေ့ကြုံခဲ့ရသော အဖြစ်ထူးတစ်ခုကို ယနေ့ထက်တိုင် သတိရနေမိပါသည်။ ဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်သို့သွားရန် အန်ကယ်နှင့် အန်တီတို့က ပဲခူးသွားကြမည် ဖြစ်ပါသည်။ စာရေးသူတို့ကို ဖိတ်ခေါ်ပါသည်။

ဆရာတော်ကြီး ပဲခူးမြို့ ကလျာဏီသိမ်ကို ပြင်ဆင်ရန်(သာသနာပြုရန်) ခရီးစဉ်ပါ။ ဆရာတော်ကြီးနှင့် တပည့်များက အရင်ကြွနှင့်ပါသည်။ စာရေးသူတို့ ပဲခူးရောက်သောအခါ အခမ်းအနားစတင်ပါသည်။

ဆရာတော်နှင့် သံဃာတော်များ မေတ္တာသုတ်တော်နှင့် အာဋာနာဋိယသုတ်တော်ကို ရွတ်ဖတ်ပါသည်။ (ဆရာတော်လက်စွဲ သုတ်တော်များပါ။) ဆရာတော်က အိန္ဒိယအသံဖြင့် ဂါထာ မန္တန်များကိုလည်း ရွတ်ဖတ်ပါသည်

ဆရာတော်ရှေ့တွင် ဓာတ်လုံးမျ ထည့်ထားသော လင်ပန်း၊ ငွေဒင် (ကျော့ခေါင်း)အစစ်များ ထည့်ထာ သော လင်ပန်းရှိပါသည်။ လာရောက် ကြသော ပရိသတ်များကို ဓာတ်လုံ တစ်လုံးစီ၊ ငွေဒင်္ဂါး(ဝမ်းရှုပီ) တစ်ပြား ဝေပါသည်။

ကလျာဏီသိမ်သည် ရေထဲတွင် ရှိပါသည်။ အစဦး သိမ်တိုင်ပြုပြင်ရေ လုပ်ငန်းစပါသည်။ မျှော့အလွန်ပေါ သည်။ ရေပြင်တစ်ခုလုံး မည်းနက်နေ အောင် ကူးခတ်နေကြပါသည်။ မည်သူ မျှ ရေထဲမဆင်းနိုင်ကြပါ။ ဆရာတော် က ထုံးကို မန်းပါသည်။ ထုံးမန်းရေကို ရေထဲလောင်းချပါသည်။ မျှော့ တစ်ကောင်မျှ မတွေ့ရတော့ပါ။

ဆရာတော်ကြီး ရေထဲသို့ (သင်္ကန်း စိုသည့်တိုင်) ကိုယ်တိုင်ဆင်း၍ ကြပ် မတ်ပါသည်။ အလုပ်သမားများ ရေထဲ သို့ ဆင်းကြပါသည်။ အံ့ဖွယ် ထူးဆန်း တွေလာဖြစ်ရပ်ပါ။

ဆရာတော်ကြီး ချီးမြှင့်ခဲ့သော ဓာတ်လုံးနှင့် ငွေဒင်္ဂါးပြား အဆောင် အစွမ်းကလည်း အံ့မခန်းပါ။ ၁၉၈ ခုနှစ်တွင် သေအံ့ဆဲဆဲ အလယ်တန်း ကျောင်းဆရာ(မိုးကောင်း) တစ်ယောက် ကို ဓာတ်လုံးရေစိမ်ပြီး တိုက်ပေးခဲ့ပါ သည်။ ထိုသူ အသက်ရှင်ခဲ့ပါသည်။ ယနေ့ထိ (မိုးကောင်း–အိုးတန်းရပ်)တွင် အသက်(ရ၀)ကျော် အသက်ရှင် နေထိုင်ပါသည်။

၁၉၉၁ ခုနှစ် သောင်းကျန်းသူများ ရှိသော တောင်ပေါ်ဒေသ (ယာဉ်ဝ ဖြင့် သွားရသောဒေသ)သို့ တာဝန်ထမ်း ရမည့် ဆရာမကို ငွေဒင်္ဂါးပြား ဆောင် ယူ၍ သွားစေပါသည်။





www.burmeseclassic.com

ဆောင်းကျန်းသူတို့ ထောင်ထားသော ဗုံး(သူ့ကားရှေ့တွင် ပေါက်ကွဲ၍) ကားကိုကားမှ လူများ ဒဏ်ရာရကြပါသည်။ သူကတော့ ကားပေါ်မှ အဝေးသို့ လွင့်စဉ်သွားပြီး အကောင်းပကတိ ရှိခဲ့ပါသည်။

ထိုဆရာမ ပင်စင်ယူခဲ့သည်မှာ (၁၀) နှစ်ကျော် ရှိသွားပါပြီ။ ယခုအထိ သက်ရှင် နေထိုင်နေပါသည်။ ***(ဆရာမ၏ ဆရာမအမည်ကို မဖော်ပြခြင်းသည် သက်ရှင်လျက် ရှိနေလို့ပါ။)***

ဆရာတော်ကြီးက "သိဒ္ဓိ" ဆိုသည်မှာ ရှိကြောင်း၊ ကျင့်ကြံမှ ရကြောင်း ပြောပြဖူးပါသည်။ ဆရာတော်ကြီးက သရဏဂုံ(၃)ပါးကို အမြဲ ရွတ်ဖတ်နိုင်းပါသည်။

ဆရာတော်ကြီးက သရဏဂုံ(၃)ပါး အဓိကာ ဟောပြခဲ့ပါသည်။ ဆရာတော်ကြီးက သက်သတ်လွတ်ဆွမ်းသာ ဘုဉ်းပေးတော်မူပါသည်။ ဂျုံဖြင့် ပြုလုပ်သော မုန့်၊ ပဲဟင်း၊ အိန္ဒိယအစားအစာများ ဘုဉ်းပေးတော်မူပါသည်။

ချင်းတွင်းခရိုင်တစ်ခုလုံး (အထူးသဖြင့်) မုံရွာမြို့၊ ကလေးဝ၊ တမူး မြို့တို့၌ သာသနာပြုခဲ့ပါသည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူး စသော မြို့ကြီးများမှ သာဝကများကလည်း များပြားလှပါ။

ဆရာတော်ကြီး၏ သင်္ကေတအဖြစ် (ကလေးဝ) ပြည့်ဝလှပသော ကလေးပုံကို အသုံးပြုကြပါသည်။ ဆရာတော်ကြီးရှိစဉ် နာဂလိုဏ်ဂူကျောင်း၌ ထိုပုံများ ချိတ်ဆွဲထားပါသည်။

ဆရာတော်ကြီးထံ တစ်ခါတစ်ရံ သူခိုးများ လာရောက်တတ်ကြောင်း။ နေပူနေသော်လည်း အရိပ်မထွက်ကြောင်း။ မိုးရွာ(သည်းထန်စွာရွာ)နေသော်လည်း အဝတ်အစား ရေမစိုကြောင်း တွေ့ရဖူးသည့် ဦးပဉ္စင်းတစ်ပါးက ပြောပြဖူးပါသည်။

သရက်သီး၊ ငှက်ပျောသီးများလာလှူလေ့ရှိကြောင်း ပြောပြဖူးပါသည်။ ဆရာတော်ကြီးစွန့်သဖြင့် သစ်သီးတစ်စိတ်တစ်ခြမ်း စားဖူးကြောင်း၊ စားပြီးလျှင် အလွန်အိဝ၍ အိပ်ချင်လာကြောင်း၊ မအိပ်အောင် ဆရာတော်က ကျင့်စဉ်များပေးခြင်း၊ မေတ္တာပို့စေခြင်းများပြုလုပ်စေကြောင်း ပြောပြခဲ့ဖူးပါသည်။ ***(ချိုသောအရသာမှာ မပြောပြတတ်ပါတဲ့။ အလွန်လဲ မွှေးပါသတဲ့။ ထိုသစ်သီးမျိုး မစားခဲ့ဘူးပါတဲ့။ အားအလွန်တိုးပါသည်တဲ့။)***

ဆရာတော် ပျံလွန်တော်မူခဲ့သည်မှာ ကြာမြင့်လှပါပြီ။ သို့သော် ဆရာတော်ကြီး၏ တပည့်များ၏ ဘုရားခန်းတွင် ဆရာတော်ကြီးအတွက် (နေရာထိုင်ခင်းထားသော ကျွန်းကုလားထိုင်ကြီးများ)အတွက်အမြတ်နေရာများ ပြုထားကြဆဲပါ။ **(ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်ကလည်း ထိုသို့ ပြုလုပ်ခဲ့ကြပါသည်။)**

ဆရာတော်ကြီး၏ ရုပ်တုများရှေ့တွင် ပန်းတော်၊ ရေချမ်းတော် ဆက်ကပ်နေကြဆဲပါ။ အရေးကြီးသောကိစ္စများ (စား၊ ဝတ်၊ နေရေးနှင့် နိုင်ငံခြားကိစ္စများ)ကို တိုင်တည်လျှောက်ထားကြဆဲပါ၊ တပည့်များ အောင်မြင်နေကြဆဲပါ။

***[ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပါစေ။]***

**ဒေါ်သုမနစိစိတ္တ**
(B.Sc,H.G.P,Dip.Ed)

**စာမျက်နှာ (၁၄၈)မှ အဆက်**

ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်သည်။

မျောက်နှစ်ဖွား လုံမတို့ ခင်ပွန်းရကိန်း ရှိသည်။



**✣ ကြက်နှစ်ဖွား**

ထိတ်လန့်ဖွယ် အဖြစ်အပျက်များ ကြုံတွေ့ရတတ်သည်။ အလုပ်အကိုင်ရာထူး ဌာနန္တရများ ထိခိုက်လျော့ပါးနိုင်သည်။

အဖျော် ယမကာများကြောင့် ကျန်းမာရေး ချို့ယွင်းမှုကို သတိပြုကာကွယ်ပါ။

အမနာပ ပြောဆိုရွတ်ချမှုများအတွက် စွဲမှတ်မထားပါနှင့်။ နိမ့်ပါးသောကာလ ဖြစ်၍ သည်းခံကျော်လွှားသင့်သည်။



**✣ ခွေးနှစ်ဖွား**

ပညာရဲရင့် ပွဲလယ်တင့်သောကာလ ဖြစ်သည်။ သင်ယူမှတ်သားထားသောပညာရပ်များကြောင့် လူအများ အရေးတယူ အကူအညီတောင်းခြင်း ခံရတတ်သည်။

စိတ်ကြည်လင်ဖွယ် ဣဋ္ဌာရုံမြင်ကွင်းများ မြင်တွေ့ရကိန်းရှိသည်။

အိမ်ထောင်မရှိသောဂများ ဝင်နိုင်သည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလာကိစ္စ ပေါ်ပေါက်တတ်သည်။



**✣ ဝက်နှစ်ဖွား**

ငွေကြေးလာဘ်လာဘ ရွှင်လန်းကြသည်။ အမြောက်အမြားမဟုတ်သော်လည်း အားရလောက်သော ငွေကြေးပမာဏကို ရရှိနိုင်သည်။

စီမံခံပစ္စည်း ဝင်နိုင်သည်။ ကြေးသံသတ္တုပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိမည်။ ဝက်နှစ်ဖွား လုလင်တို့မှာ ဇနီးမယားရကိန်းရှိသည်။

**ဤလတွင် ကံကြမ္မာနိမ့်ပါးနေသူများသည်** ပြောင်းဖူးဖြင့် ပြုလုပ်သော စားဖွယ်တစ်မျိုးကို အင်္ဂါနေ့၌ အသက်ကြီးသည့် အမျိုးသား(အဘိုးအို)အား လှူဒါန်းပါ။ အခိုးများ လျော့ပါးပျောက်ကွယ်သွားပါလိမ့်မည်။


***ကြံအောင်သမျှ အောင်မြင်ကြပါစေ။***

[ ဟူကျင်းဇီ ]

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ပုံရိပ်ရှင်တို့၏ ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)





✣ ကြွက်နှစ်ဖွားများ

ငွေကြေး အကျပ်အတည်း ပေါ်ပေါက်နိုင်သည်။ လောင်းကစားမှုများ၊ ဥပဒေနှင့် ငြိစွန်းသောလုပ်ငန်းများတို့နှင့် ဆက်စပ်ကာ ငွေကုန်လူပန်း ဖြစ်ရတတ်သည်။

သေချာရေရာမှု မရှိသော တွက်ဆရသည့် အလုပ်များကို ရှောင်ရှားရွှေ့ဆိုင်းထားသင့်သည်။ အမျိုးသားများ လိင်အင်္ဂါနှင့်ဆိုင်သော ရောဂါဝေဒနာများ သတိပြုပါ။



✣ နွားနှစ်ဖွားများ

မရောက်ဘူးသော နေရာဒေသများသို့ သွားရောက်ရတတ်သည်။ မြင်ကွင်း အသစ်အဆန်းများက စိတ်အပြောင်းအလဲ ဖြစ်စေလိမ့်မည်။

ကူဖော်လောင်ဖက် တပည့်တပန်း ရနိုင်သည်။ အထည်အလိပ်များကြောင့် ငွေကြေးအကျိုးအမြတ် ရဖွယ်ရှိသည်။ ပုဆိုး၊ ထဘီ ခါးဝတ်တန်ဆာများ ဝင်ကိန်းရှိသည်။



✣ ကျားနှစ်ဖွားများ

အိမ်ခြံမြေ ဝင်ကိန်းရှိသည်။ ကတိစကား တည်ကြည်မှန်ကန်မှုကြောင့် ကျေးဇူးတုံ့ပြန်ခြင်း ခံစားရမည်။ တီထွင်ဖန်တီးရသော လုပ်ငန်းဆောင်တာများ အဆင်ပြေအောင်မြင်နိုင်သည်။

သံယောဇဉ်ရှိသူနှင့် ဆုံစည်းရတတ်သည်။ ကြွေထည်မြေထည် အသုံးအဆောင်ပစ္စည်းများ လက်ဆောင်ရဖွယ်ရှိသည်။



✣ ယုန်နှစ်ဖွားများ

စိုးရိမ်ပူပန်မှုများ လျော့ပါးသွားမည်။ ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာများ ပြေလည်သွားနိုင်သည်။ အစာအိမ်ဆိုင်ရာ ဝေဒနာများ သက်သာ ကောင်းမွန်လာမည်။

ဓာတုဗေဒပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိမည်။ ယုန်နှစ်ဖွား အိမ်ရှင်မများ သားသမီးအတွက် ဂုဏ်တက်ရတတ်သည်။



✣ နဂါးနှစ်ဖွားများ

BURMESE CLASSIC

မဆိုင်သော ကိစ္စတွင် ပါဝင်စွက်ဖက်မိသဖြင့် အမှုပွေရကိန်းရှိသည်။ နိုင်ထက်စီးနင်း ပြောဆိုပြုမူခြင်း ခံရတတ်သည်။

သစ်ဝါးစူးချွန်များ ထိရှမှု အန္တရာယ် သတိထား ကာကွယ်ပါ။ မျက်မှန်၊ စာအုပ်၊ ရုပ်ပုံကားချပ်များ လက်ဆောင်ရကိန်းရှိသည်။ သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးနိုင်သည်။



✣ မြွေနှစ်ဖွားများ

မောင်နှမသားချင်းတို့နှင့် စုစုဝေးဝေး ရှိနေမည်။ ဆွေမျိုးမိသားစုအတွင်း သုမင်္ဂလာရေးကိစ္စ ပေါ်ပေါက်နိုင်သည်။

ဖန်ထည်မှန်ထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိတတ်သည်။

ဝတ်ကောင်းစားလှ ဝတ်စားဆင်ယင်၍ ပွဲနေပွဲထိုင်များ ရကိန်းရှိသည်။ နှလုံးနှင့်ဆိုင်သော ဝေဒနာများ သ
ပြုပါ။



✣ မြင်းနှစ်ဖွားများ

ကြံစည်လုပ်ကိုင်မှုများ တိုးတက် အောင်မြင်သောအခ
ဖြစ်သည်။ မင်္ဂလာစကားများ ပြော
ရတတ်သည်။ နေအိမ်ဂေဟာတွ
အလှူအတန်းကလေးများ ပြုလု
ဖြစ်မည်။

စီးပွားရေး ကျန်းမာရေး အခက်အ
အချို့ ပြေလည်၍ သုခပြည့်စုံလိမ့်မည်
လျှပ်စစ်အသုံးအဆောင် ပစ္စည်းမျ
ဝင်ကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွားများ

စီးပွားရေးနှင့် ပညာရေးကိစ္စများတွင် အကူအ
အထောက်အပံ့များ ခံစားရရှိမည်။

မှတ်သားဖွယ် သင်ခန်းစာ တိုး
သောကာလဖြစ်သည်။ သစ်၊ ဝါး၊ ကြ
တို့ဖြင့် ပြုလုပ်သော အသုံးအဆော
ပစ္စည်းများနှင့် ပတ်သက်၍ အက
အမြတ် ရရှိနိုင်သည်။

မျက်စိနှင့်ဆိုင်သော ရောဂါဝေ
များ သတိထားကာကွယ်ပါ။



✣ မျောက်နှစ်ဖွားများ

နေထိုင်မှုအဆင့်အတန်း တိုးတက် မြင့်မားလာမည်။ မျှော်
နေသော သတင်းစကားများ ကြ
ရဖွယ်ရှိသည်။

နေအိမ်သို့ ဂုဏ်သရေရှိပုဂ္ဂိုလ်သ
များ ရောက်ရှိလာတတ်သည်။ ရေထွ

စာမျက်နှာ (၁၄၇)

www.burmeseclassic.com

ကြည့်ပါ။

○ **ကြိုးသဏ္ဍာန် ဖွာလန်နေတဲ့ နှလုံးလမ်းကြောင်းကို တွေ့ရတယ်။ (က)**

ဒါကတော့ အချစ်နဲ့ပတ်သက်ရင် ခံစားလွယ်ပါတယ်။ လွမ်းဆွေးတတ်ခံပါ,ပါတယ်။ ချစ်ရေးမှာ ကံခေတတ်ပါတယ်။

○ **ဉာဏ်လမ်းကြောင်းက တိုပြီး ကျွန်းသဏ္ဍာန်တွေ၊ အင်္ဂါ ဥပဒ်လမ်းတွေ အခြားသော ဥပဒ်လမ်းငယ်များကို တွေ့ရပါတယ်။(ခ)**

ဒါကတော့ အတွေးအခေါ် အပြောင်းအလဲ မြန်ဆန်တဲ့ သဘောပါ။ အများဘက်ကိုဆောင်တဲ့ အတွေးမျိုးသာ ရှိနေတတ်ပါတယ်။ ဆုံးဖြတ်ချက်မှန်ကန်ဖို့ရာ နှုန်းတော်တော်လေးနည်းပါးတယ်။

○ **အသက်လမ်းကြောင်းက ထွက်တဲ့ ကံလမ်း ပါ,ပါတယ်။ (ဂ)**

ဒါကတော့ အချစ်နဲ့ပတ်သက်ရင် စွဲလမ်းမှု အားကြီးခြင်း၊ အလှအပ ကြိုက်ခြင်း၊ ကာမဂုဏ်ကို ခုံမင်ခြင်းကို ဖြစ်စေတယ်။

**ဒါတွေကို ခြုံငုံ သုံးသပ်ကြည့်မယ်ဆိုရင်...**

အချစ်ကို အရေးထား ကိုးကွယ်မယ့်သူလားလို့...

***အေးပါစေ အောင်ပါစေ***

**သန်းပညာ**

# အချစ်ကို

အရေးထားတဲ့သူလား







www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာရက်မြတ်



ကျော်ဒိုလှိုင်
(ဝါးခယ်မ)

နွေရောက်လာသည်နှင့် ဟိုမှဒီမှ တူနှစ်ဖြာ မင်္ဂလာတေးသီချင်းများ ပေါ်ထွက်လာခဲ့သည်။ အလှအယက် မင်္ဂလာဆောင်ကြခြင်းပင် ဖြစ်တော့၏။

(ခ)ကွက်သစ် မင်္ဂလာဆောင်တွင် ဗီဒီယိုမှတ်တမ်း သွားရိုက်ခဲ့သော ကျေးတောစောလှိုင် လမ်းသင့်သဖြင့် ကျွန်ုပ်အိမ်သို့ ရောက်လာခဲ့သည်။

'မင်္ဂလာဆောင်မှာ ဗီဒီယိုမှတ်တမ်း သွားရိုက်တာလား'

တိုက်တိုက်ဆိုင်ဆိုင် စုံတွဲတစ်တွဲ ပေါာစာတမ်း ရေးနေစဉ် ရောက်လာ၍ ကျွန်ုပ်က မေးလိုက်ခြင်းပင် ဖြစ်ပါသည်။

'ဟုတ်တယ် သန်းထွန်းလေးတို့ မင်္ဂလာဆောင် လာရိုက်တာ'

ကျေးတောက ရယ်မောကာ ပြောလိုက်သည်။

'ပိုးအိစံက ဘာမှ မပြောဘူးလား'

ကျွန်ုပ်က အားကျမခံ ပြန်နောက်လိုက်ပါသည်။

'သောကြာသား သန်းထွန်းနဲ့ စနေသမီး နွဲ့နွဲ့လေးတို့ မင်္ဂလာဆောင်မို့ တပေါင်းတည်း ပြောလိုက်တာပါ အာစရိရ'


'သောကြာသားနဲ့ စနေသမီး တပို့တွဲလမှာ မင်္ဂလာဆောင်တယ်ဆိုတော့ ကောင်းတာပေါ့ကွ၊ ချမ်းသာမယ့် စုံတွဲပေါ့ကွာ'

'ဟန်ကျတာပဲ ပြောစမ်းပါဦး အာစရိ သောကြာနဲ့ စနေသမီး ဘာကြောင့် ချမ်းသာမယ်လို့ ဆိုရတာလဲ'

ပြောရင်း ကျေးတောက လွယ်အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ယူရင်း ကျွန်ုပ်အား မေးလိုက်သည်။

ပညာလိုလားသူ ကျေးတောစောလှိုင်ကား ရှာမှရှားသော လူငယ်တစ်ဦးပင် ဖြစ်ပါတော့သည်။ မင်္ဂလာဆောင်

နံပါတ်-၁




ဇယား-၁

ဇယား-၂

နံပါတ်-၂

| | | | | |
|---|---|---|---|---|
| တန်ခူး | ⇨ | တနင်္ဂနွေသား | - | အင်္ဂါသမီး |
| ကဆုန် | ⇨ | တနင်္လာသား | - | သောကြာသမီး |
| နယုန် | ⇨ | ကြာသပတေးသား | - | ဗုဒ္ဓဟူးသမီး |
| ဝါဆို | ⇨ | ကြာသပတေးသား | - | တနင်္လာသမီး |
| ဝါခေါင် | ⇨ | ဗုဒ္ဓဟူးသား | - | တနင်္ဂနွေသမီး |
| တော်သလင်း | ⇨ | စနေသား | - | ဗုဒ္ဓဟူးသမီး |
| သီတင်းကျွတ် | ⇨ | စနေသား | - | သောကြာသမီး |
| တန်ဆောင်မုန်း | ⇨ | တနင်္ဂနွေသား | - | အင်္ဂါသမီး |
| နတ်တော် | ⇨ | အင်္ဂါသား | - | ကြာသပတေးသမီး |
| ပြာသို | ⇨ | အင်္ဂါသား | - | စနေသမီး |
| တပို့တွဲ | ⇨ | သောကြာသား | - | စနေသမီး |
| တပေါင်း | ⇨ | သောကြာသား | - | ကြာသပတေးသမီး |



www.burmeseclassic.com

www.burmeseclassic.com

လာရင်း အမြွတ်ထုတ်လေပြီ။

'ရာသီနဲ့ ရက်မြတ်မင်္ဂလာ ရွေးနည်းဆိုတာ ရှိတယ် ကျေးတော'

'ပြောစမ်းပါဦး ဆရာမိုးရယ်'

'ဟောဒီ ဇယားနှစ်ခု ကူးပြီးရင် ပြောပြမယ်'

ကျွန်ုပ်က ဇယား(၂)ကွက် ကျေးတောကို ချပေးလိုက်သည်။

* * * *(နံပါတ်-၁)*

**ထက်ဝ(အတွင်း)လက်ဝဲရစ်**

(အိမ်၊ ခန်း၊ ပျော်၊ မိုန်၊ ရှန်၊ တင်း၊ ထိမ်၊ အ၊ ညိမ်၊ စံ၊ သင့်၊ သေး)

**(အပြင်)**(ညည့်၊ သုံး၊ လို၊ ခါ၊ ဦး၊ ဝင်း၊ သာ၊ စံ၊ ပါ၊ နှင်း၊ နှံ၊ မွေး)

**အတွင်းထပ်** – ယောက်ျားနံ

**အပြင်ထပ်** – မိန်းမနံ

ယင်းဇယားများကို ကြည့်၍ သတို့သား သတို့သမီး လက်ထပ်ပြုက ကောန်ချမ်းသာမည်ဖြစ်သည်။

* * * *(နံပါတ်-၂)*

'ဟန်ကျတာပဲ ဆရာမိုးရာ ခုခေတ်က ခုမြင် ခုကြိုက် ခုလိုက် ခုပေါင်း ခုကွဲ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် လွယ်လွယ်ဆုံးဖြတ်တတ်ကြတာ'

'အိမ်ထောင်ရွေးနဲ့ ပတ်သက်ရင် ရွေးချယ်နည်းတွေ အားကြီး ရှိတယ်ကွ၊ ဘယ်ပညာပဲဖြစ်ဖြစ် သိထား တတ်ထားရင် ဗဟုသုတများပြီး အမှားနည်းတာပဲပေါ့။

"ကုန်ရှုံးလျှင် တစ်ခေါက်၊

လင်ကုန်ရှုံးလျှင် တစ်သက်လုံး


မှောက်"တဲ့'

ရှေးကထားခဲ့သော စကားများ မှတ်သားစရာများ ကျေးတောအား ဆက်ပြောနေလျှင် ညနေစောင်းမှ သင်း အိမ်ပြန်ရောက်တော့မည်။

ဟောစာတမ်းလည်း ရေးပြီးပြီဖြစ်၍ ဆက်သွယ်ရေး စာတိုက်မှပို့ရန် ကျေးတောနှင့် စကားဖြတ်ကာ မြို့ဘက် ကမ်းကူးဖို့ ပြင်ရပါလေတော့သည်။

**ကျော်မိုးလွင်(ဝါးခယ်မ)**

# ကျွဲနွား





မျိုးမျက်စိတိမ်ကျသော်

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆေးမြီးတို ရေးချင်သည်ဆိုတော့ "ငါရဲ့ ကိုယ်တွေ့ ဆေးနည်းတစ်မျိုး ပြောခဲ့မယ်၊ အသေအချာ မှတ်ထား"။

ဟု ဆိုကာ စာရေးသူအား မကျွန်းမာသည့်အခါ ဆေးကုပေးနေသော (အမည်မဖော်လို)ဆရာတစ်ဦးက ပြောသည်။ ဆက်၍ သူက...

'ဒီဆေးနည်းကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်နှစ်၊ ရှစ်နှစ်လောက်က ငါ ကိုယ်တိုင် ကုပေးလိုက်တဲ့ ဆေးနည်းလေးပဲ။ အထူးသဖြင့်ကတော့ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေအတွက် အကောင်းဆုံး၊ အသင့်တော်ဆုံးပဲ'

'ပြောပါဆရာ၊ ကျွန်တော် သိချင်သည်'

'အေးပါကွ ပြောမှာပါ။ တခြားမဟုတ်ဘူး မျက်စဉ်းတစ်မျိုးပဲကွ။ ကျွဲ၊နွား၊ဝက်တွေရဲ့ မျက်စိမှာ တိမ်သလာစွဲကပ်နေရင် အင်ကြင်းစက်လိုခေါ်တဲ့ အင်ကြင်းပင်က ထွက်တဲ့ အင်ကြင်းအစေးအခြောက်ကို အလွန် မှုန့်ညက်သွားအောင် အမှုန့်ကြိတ်ပါ။ (သတိ-အင်ကြင်းစက်နှင့် ပွဲလျက် မှားတတ်သည်။)

အဲဒီ အင်ကြင်းစက်အမှုန့် နုညက်ညက်ကို လက်ဖဝါးပေါ်တွင် ပုံထားပြီး တိမ်စွဲသော မျက်လုံးအနီးကပ်ပြီး မျက်လုံးထဲကို အင်ကြင်းစက် အမှုန့်တွေ ဝင်သွားအောင် လေနဲ့မှုတ်သွင်းလိုက်ပါ။

တိမ်စွဲနေတဲ့ မျက်လုံးထဲကို အင်ကြင်းစက် အမှုန့်နုနုလေးတွေ ဝင်သွားရင် ရပြီ။ အဲဒီအတိုင်းသာ ကုပေး၊ နှစ်ခါပြန် ကုစရာမလိုဘူး။ တစ်ကြိမ်တည်းနဲ့ တိမ်စင်တယ်'

'ဒါနဲ့ ဆရာ... ကျွန်တော်မေးပါဦးမယ်။ တချို့ ကျွဲတွေ၊ နွားတွေမှာ မျက်လုံးအပြည့် တိမ်စွဲနေတာတွေ တွေ့ရတယ်၊ အဲဒီလို တိမ်အင်အားများနေရင်ကော ဒီဆေးက ထက်သလား ဆရာ'

ဆရာက ဆက်၍ ပြောပြသည်မှာ...

'အေး... တချို့က ဥဖွနဲ့ ကုပေးကြတယ်။ သူတို့နည်းလမ်းကလဲ ကောင်းကြပါတယ်။ ဒါပေမယ့် ဂါထာမန္တန်တွေနဲ့ ဥဖွမန်းပြီး ကုသရာမှာ တိမ်စွဲနေတဲ့ မျက်လုံးဟာ မျက်ရည်ကျသေးတယ်ဆိုရင်တော့ ဥဖွနဲ့ ပျောက်တယ်လို့ ဆိုတယ်။ မျက်ရည် မကျတော့ဘူးဆိုရင် ကုသဖို့ မသေချာဘူးလို့ ကြားဖူးတယ်။

အခု ငါပြောတဲ့ အင်ကြင်းစက်ဆေးကတော့ ကုသရမယ့် မျက်လုံးမှာ မျက်ရည် မကျတာ၊ကျတာ သတိမထားမိလိုက်ဘူးကွ။ ဒါပေမယ့် ဒီဆေးနဲ့ ငါကိုယ်တိုင် ကုပေးလိုက်တာကတော့ တစ်ကြိမ်တည်းနဲ့ပျောက်သွားတာပဲကွ။ ကုသကြည့်လိုက်ပါ။ အဖြေပေါ်လာပါလိမ့်မယ်။

ပြီးတော့ ရှားပါးသီခေါင်တဲ့ တောရွာလို အရပ်ဒေသတွေမှာ ဒေသခံတောင်သူတွေအတွက် လက်သုံးဆေးတစ်ဖုံပဲကွ။ အကုန်အကျ မရှိဘဲနဲ့ ကုသပေးနိုင်တယ်'

'ဟုတ်ကဲ့ ဆရာ၊ ဆရာ ပြောပြတဲ့အတိုင်းပဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက တစ်ဆင့် သတင်းကောင်းပါးပေးဖို့ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ'

'အေး...အေး ကောင်းပါပြီသတဲ့ဗျာ'


**သံဗူသဏ္ဍာ အစေရာ ဟောရှူ**

**တက္ကသိုလ် မောင်ဇေက(ဆဦး)**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ





ဩဂုတ်လတွင် ဖွင့်လှစ်မည့် ထီဆုငွေများနှင့် ပတ်သက်၍ နီးစပ်ကံထူးနိုင်ကြစေရန် ၉၊ ၆၊ ၅၊ ၀ ဂဏန်းခြေများ ၁၊ ၄၊ ၈၊ ဥအက္ခရာများနှင့် တွဲဖက်၍ ရွေးချယ်ကံစမ်းနိုင်ကြပါသည်။

ဂဏန်းတူ ဂဏန်းထပ်များကို ရွေးချယ်လိုပါလျှင် ၉၊ ၆၊ ၅၊ ၀ဂဏန်းများ နှစ်လုံးနှင့်အထက် ပါဝင်သော ထီလက်မှတ်ကို ရှာဖွေယူပါ။

မွေးနှစ်အရ ကံလာဘ်ပွင့်စေမည့် အခွင့်အလမ်းကို အသုံးချလိုပါက အောက်၌ကြည့်ပါ။

BURMESE CLASSIC

* * *

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား ကျား | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး မြွေ | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် မျောက် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အစိမ်းနု | အရှေ့တောင် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး ဝက် | ၂ | မြေဝါ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |

**ထီလက်မှတ်အရောင်းဆိုင် တည်ရှိရာ ဌာနဇလကို ရယူလိုပါက...**

ဆိပ်ကမ်း မြစ်ချောင်းမြောင်းနံဘေး လှေသင်္ဘော၊ ဆိုးဆေးအရောင်းဆိုင်၊ အဲဖျော်ယမကာအရောင်းဆိုင်၊ ရေတွင်း ရေကန် ရေစက် ရေပေးဝေရာဌာန စသည်တို့ အနီးရှိ ဆိုင်များတွင် ကံစမ်းနိုင်ကြသည်။

ဆိုင်မျက်နှာစာတွင် အပြာရောင်လွှမ်းသော တန်ဆာဆင်မှုများ၊ ငါးမွေးကန်များ ရှိပါကလည်း ကံကောင်းနိုင်ကြသည်။

ထိုအရောင်းဆိုင်များတွင် ကံအခွင့်အလမ်းနှင့် တွဲဖက်အသုံးပြုပါလျှင် အကျိုးထူးနိုင်ပေမည်။

**ဥပမာ ။ ။** ကြွက်နှစ်ဖွားသည် ဆိုင်(အိမ်) အမှတ်(၇)ဖြင့် ဆိုင်တွင် ကံစမ်းခြင်း၊ ထိုဆိုင်သည် မိမိ၏နေအိမ် သို့မဟုတ် အလုပ်ဌာနမှ အနောက်အရပ်တွင် ရှိခြင်းသည်လည်း ကံပွင့်စေသည်။

သောကြာနေ့တွင် ထီထိုးခြင်း ကြာသပတေးသားသမီးနှင့် တွဲဖက်စပ်တူထိုးခြင်းဖြင့်လည်း အကျိုးထူးနိုင်ပါသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက...**

ဖျော်ရည် သို့မဟုတ် သောက်သုံးဖွယ် အအေးဘူး(၁)ဘူးကို အများကိုးကွယ်သော စေတီတွင် မြောက်အရပ် သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။

ဗုဒ္ဓဟူးနေ့တွင် ကပ်လှူခြင်းက ပို၍ကောင်းပါသည်။ သမ္မာဒေဝများအား တိုင်တည်၍ လိုရာဆုတောင်းပါ။

***ဝှယ်ငီး ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီကံထူးကြပါစေ။***

**ထက်မင်းကျော်(ဗ)**



www.burmeseclassic.com

www.burmeseclassic.com





ရွှေကူ
သာသနာပြုဆယ်တော်ကြီး

ထူးခြားဆန်းကြယ်

# ...ပွယ် ရှင်သီဝလိ ရုပ်ပွားတော်

## နှင့် ဝတ်သတ်၍ သိသမျှ ဖြေပါမည်

၂၀၁၄ ခုနှစ်၊ မေလ နဂ္ဂဏ္ဍ ...ရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၃၄)စာ ...စ်မှ စာမျက်နှာ(၁၈၂)၌ မနှင်းမေ ...သိန်းစော၏ ထူးခြားဆန်းကြယ် ...ကြည့်ဖွယ် ရှင်သီဝလိရုပ်ပွားတော် ...နှင့် သိသူများ ဖော်ပြပေးစေချင် ...ည်သည့် ဆောင်းပါးကို ဖတ်ရှုမိပြီး ...သိသမျှ ဖြေကြားပေးလိုသော ဆန္ဒ ...ကြောင့် ဤစာစုကို ရေးသားပေးပါ ...သည်။

မနှင်းမေသိန်းစော မေးမြန်းထား သည့် ရှင်သီဝလိရုပ်ပွားတော်မြတ် သည် ပုလင်းပေါက်ခြင်း၊ ဖန်ပေါင်း ချောင်ကွဲအက်ခြင်းများ ဖြစ်ရသည့် အကြောင်းမှာ ထိုရှင်သီဝလိရုပ်ပွား တော်မြတ်သည် သက်တော်ဝင်နေ သောကြောင့် ဖြစ်ပါသည်။

တစ်နည်း ထိုရှင်သီဝလိရုပ်ပွားတော် မြတ်၌ ရှင်သီဝလိရဟန္တာမြတ်ကြီး၏ ဓာတ်တော်အစစ် ကိန်းဝပ်နေသော ကြောင့် ဖြစ်ပါသည်။

ထိုရဟန္တာပုံတော်ကို ကိုးကွယ် ဆည်းကပ်ခဲ့သော မူလပိုင်ရှင်သည် လည်း ထိုရှင်သီဝလိရုပ်ပွားတော်အား တကယ့် သက်တော်ထင်ရှား ရဟန္တာ ကြီးကဲ့သို့ သံဃာ့ဂုဏ်တော်များနှင့် ပူဇော်ကန်တော့ကာ ဆွမ်း၊ ပန်း၊ ရေ ချမ်း ဆက်ကပ် လှူဒါန်းခဲ့ပါလိမ့်မည်။

သက်ရှိထင်ရှား ဘုရားနှင့် ပရိနိဗ္ဗာန် ဝင်ပြီးသော ဘုရားရှင်၏ ကိုယ်စား တော်ကို တူမျှသော စိတ်ထားဖြင့် ရှိသေစွာ ပူဇော်ခြင်း၊ လှူဒါန်းခြင်း ဝေယျာဝစ္စဆောင်ရွက်ခြင်းကို ပြုလုပ်




 စာမျက်နှာ (၁၅၇) သို့

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း

# ငွေကြေး လာဘ်လာဘ

ရွှင်လန်းစေဖို့



ဩဂုတ်လ မိုးရာသီသမယတွင် ငွေကြေးလာဘ်လာဘများလည်း ဖြိုင်ဖြိုင်ရွာသွန်းသကဲ့သို့ ဝင်လာစေရန် မိမိတို့ မွေးနှစ်အရ ပြုဖွယ်များကို ဇယားတွင် ကြည့်ပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား၊ ကျား | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး၊ မြွေ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ်၊ မျောက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး၊ ဝက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |

**ဥပမာ။** ။ မြင်းနှစ်တွင် မွေးဖွားသူသည် နိမိတ်ကောင်းသောပန်း **(ဥပမာ။ ။ အောင်သပြေ၊ ကံ့ကော်၊ ကန့်စွန်း)** သို့မဟုတ် စွင့်ကားလှပသော ပန်း(၆)ပွင့်ကို အများကိုးကွယ်သည့် စေတီပုထိုး၌ အနောက်မြောက်ထောင့် (ရာဟုဂြိုဟ်တိုင်အနီး)မှ ကပ်လှူကာ ငွေကြေးလွယ်ကူအဆင်ပြေစေရန် ဆုတောင်းပါ။

တနင်္ဂနွေနေ့တွင် ကပ်လှူပါ။ ထို့နောက် ကြာသပတေးသားသမီးတစ်ဦး၏ ငွေကြေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲတစ်ရပ်ကို ကူညီ ဖြေရှင်းပေးပါ။

ငွေကြေးလာဘ်လာဘများ လွယ်ကူစွာ ဝင်ရောက်နိုင်ပါလိမ့်မည်။

ထက်မင်းကျော်စွာ

စာမျက်နှာ (၁၅၃)မှ အဆက်

သည်ရှိသော် တူမျှသော အကျိုးချိ...
သည်ဟု မြတ်ဘုရားက ဟောတော်...
ပါသည်။

အလားတူစွာ ရဟန္တာရုပ်ပွားတော်...
ကိုလည်း တကယ့်ရဟန္တာအစစ်ကဲ့...
ရှိသေစွာ ပူဇော်ပါလျှင် ရဟန္တာအရှ...
ကိုယ်တော်တိုင် စောင့်ရှောက်သကဲ့...
စောင့်ရှောက်ခြင်းခံရပါမည်။

စာရေးသူသည် မြန်မာနိုင်ငံသာမ...
ကမ္ဘာ့နိုင်ငံများကပင် ပင့်ဆောင် ပူဇ...
ခြင်းခံနေရသော တန်ခိုးတော် ကြီးမ...
လှပါသော ရွှေကံ့ကူလေပျံသစ်တေ...
ရုပ်ရှင်တော်မြတ်ကြီး၏ သာသနာပြ...
မယ်တော်ကြီး ဖြစ်ပါသည်။

စာရေးသူတို့အိမ်တွင် ပူဇော်ထ...
သော ဘုရားရှင်ကြီးသည်လည်း သ...
ရှိထင်ရှား ဘုရားရှင်ကြီးကဲ့သို...
တန်ခိုးတော်များ ကြီးမားလှပါသည်...

ရွှေကံ့ကူဘုရားကြီးကိုလည်း ...
ကျောင်းဆောင်တွင် သော့ခတ်ထား...
မရပါ။ သော့ခတ်ထားလျှင် မှန်ပွင့်ထွ...
တော်မူပါသည်။ သက်ရှိထင်ရှား ဘုရ...
ရှင်ကြီးကဲ့သို့ တန်ခိုးတော်များ ထူး...
စွာ ပြတော်မူပါသည်။

မနှင်းမေသီန်းစော၏ စာကို ဖ...
မိသောအခါ စာရေးသူတို့နှင့် အဖြ...
ချင်းတူပါသောကြောင့် မနှင်းမေသီ...
စောနှင့်တကွ စာဖတ်သူများ သိရှိ...
ရန် စေတနာကောင်းဖြင့် သိသ...
ဖြေကြားပေးခြင်း ဖြစ်ပါသည်။

ထိုရဟန္တာကြီးအား နေ့စဉ် သံ...
ဂုဏ်တော်များဖြင့် ပူဇော်၍ လို...
ဆန္ဒများ ပြည့်နိုင်ကြပါစေ...

စေတနာ မေတ္တာများဖြင့်...

ရွှေကံ့ကူ
သာသနာပြုမယ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ထွန်းတူသစ္စ အောင်စေသော ရုပ်ကြီးဆောင်း (၈)

# ကိုယ်ရံကြီးပင်

၏ အစီအရင်နှင့် ဆေးအသုံး

ကျော် (ရမည်းသင်း)

ရမည်းသင်းမြို့နယ်၊ ရွာတန်းဈေး ကုန်းတွင် နေထိုင်သော ကျောင်းအုပ် ဆရာကြီး ဦးကျော်မွေး(ငြိမ်း)မှ ပြောပြ၍ ရေးသားအပ်ပါသည်။ ဆရာကြီး၏ အိမ်တွင် ရန်ကြီးအောင်ပင် (ခ) ကိုယ်ရံ ကြီးပင်ကို တွေ့ရသဖြင့် ဓာတ်ပုံမှတ် တမ်းပြုခဲ့ပါသည်။ ထိုအပင်၏ အရွက် မှာ နှစ်တောင်၊ သုံးတောင်ခန့် ရှည်ပါ သည်။ အနံမှာ (၅)လက်မခန့်ရှိပြီး ရှည်ပါသည်။ အပွင့်သည် အဖြူအနီ အရောင်ဟု နှစ်မျိုးရှိ၍ အနံ့မွှေး၏။ ညှာ အဖြူရောင်ဖြစ်၏။ ဂမုန်းမျိုးနွယ် ဝင် ဖြစ်သည်။

ရန်ကြီးအောင်ပင် (ခ) ကိုယ်ရံကြီး ပင်သည် နာမည်နှင့် လိုက်အောင်ပင် ဘေးရန်အပေါင်းကို အနိုင်ရ အောင် ပြုစေပါသည်။ ခန္ဓာကိုယ်နှင့် အိမ် အတွက် အကောင်းဆုံး အကာအရံ ဖြစ်ပါသည်။

ဆရာကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှန် များကို ကြားသိရသဖြင့် တန်ဖိုးမပြတ် နိုင်သော ဗဟုသုတများကို ရလိုက်ပါ သည်။ ဆရာသမားတို့၏ ကျေးဇူး ကား တိုင်းတာ၍မရအောင် ကြီးမား ကျယ်ပြန့်လှသည်။

## ဓားပြရန်ကာကွယ်

ဆရာကြီး၏ ယောက္ခမတော်စပ်သူ သည် ခေတ်ကာလ မကောင်းချိန်အခါ က ဓားပြအကြိမ်ကြိမ် အတိုက်ခံရ၏။ သို့သော် ပစ္စည်းတစ်ပြားတစ်ချပ်မျှ ဆုံးရှုံးသည် မရှိဘဲ ဓားပြများ ထွက်ပြေး သည်။

ယောက္ခမများက **ရန်ကြီးအောင် ပင် (ခ) ကိုယ်ရံကြီးပင်ကို အိုးတွင် စည်း၍ ဘုရားပန်းအဖြစ် ကပ်လှူ ထားရာ ဥပါလာသဖြင့် အမြစ်များ ထွက်ပြီး ရှင်သန်နေသည်မှာ ယနေ့ တိုင်အောင်ပင်ဖြစ်သည်။** ထို အပင်၏ အစွမ်းကြောင့် သူခိုး ဓားပြ လူမိုက် အန္တရာယ်မှ အကြိမ်ကြိမ် လွတ်သည်ဟု ယုံကြည်ပါသည်။

## မီးမလောင် ရေမမျော

မန္တလေးဈေးချို မီးလောင် စဉ်အခါက ဈေးချိုတောင်ထိပ် ရှိ သုံးထပ် တိုက်တစ်လုံးသည် မီးဘေးအန္တရာယ်မှ အံ့ဩဖွယ် ကင်းလွတ်ခဲ့ပါသည်။ ထိုတိုက် ၏ အပေါ်ထပ်ဝရန်တာတွင် ရန်ကြီးအောင်ပင် (ခ) ကိုယ်ရံ ကြီးပင်ကို သံစည်ပိုင်းကြီးနှင့် စိုက်ထားသည်ကို တွေ့ရသည်။

ဤရန်ကြီးအောင်ပင် (ခ) ကိုယ်ရံ ကြီးဂမုန်းပင် အစွမ်းကြောင့် မီးဘေး အန္တရာယ်မှ သီသီကလေး လွတ်ခဲ့ပါ သည်။ ထိုအပင်သည် ရေဘေး၊ မြွေလျှင်၊ မုန်တိုင်း စသော သဘာဝ ဘေးရန်များကို ကာကွယ်ပေးနိုင်စွမ်း ရှိပါသည်။

အန္တရာယ်အပေါင်းမှ ကင်းဝေးလိုသူ များသည် မြတ်စွာဘုရားရှင်၏ ပရိတ် တော်များကို ရွတ်ဆိုပူဇော်ပြီး ရန်ကြီး အောင်ပင် (ခ) ကိုယ်ရံကြီးပင် စိုက်



ကိုယ်ရံကြီးပင် (သို့မဟုတ်) ရန်ကြီးအောင်ပင်

ထားမည်ဆိုပါက လောကုတ်လောကီ နည်းအားလုံး ပြည့်စုံသွားပါသည်။ မဖြစ်မနေ ပူဇော်စိုက်ပျိုးကြပါလေ။

## အိမ်နှင့်ခြံမြေ သန့်ရှင်းစေ

ဆရာကြီး၏ မိတ်ဆွေတစ်ဦးသည် ရွာပြင်ထွက်၍ စပျစ်ခြံစိုက်၏။ အိမ် ဆောက်ပြီး နေထိုင်၏။ ဆောက်ထား သော အိမ်ခြံမြေတို့ မသန့်ရှင်းဘဲ အမှောင့်ယောဂ ရှိနေသောကြောင့် သားသမီးသုံးဦး အဆိပ်သောက် သေဆုံးကြ၏။

www.burmeseclassic.com

မိသားတစ်စုလုံး စိတ်နှလုံး မချမ်းမသာ ဖြစ်နေသည်ကို ဆရာကြီး သိရသောအခါ ရန်ကြီးအောင်ပင် (ခ) ကိုယ်ရံကြီးပင်ကို စိုက်စေပါသည်။ ထိုနေ့မှစ၍ ထိခိုက်သေဆုံးမှု မရှိတော့ဘဲ စီးပွားတက်လာခဲ့ပါသည်။

## ကျန်းမာသန့်ရှင်း ရောဂါကင်း

ပျော်ဘွယ်မြို့ရှိ ဆရာကြီး၏ မိတ်ဆွေတစ်ဦးသည် အိမ်ငှားနေထိုင်ရာမှ တစ်ယောက်ပြီးတစ်ယောက် ဆေးရုံတက် ခွဲစိတ်ကုသနေရပြီး စီးပွားပျက် ဒုက္ခရောက်နေရာ ဆရာကြီးက အကြံပေးသော်လည်း စိုက်စရာမြေမရှိကြောင်း ပြောသဖြင့် ဘုရားပန်းအိုးတွင် ထိုးလှူထားရန်ပြောပြီး အပင်ကို ပေးလိုက်ပါသည်။

ထိုနေ့မှစ၍ ရောဂါကင်းဝေးလျက် စီးပွားများ တိုးတက်လာခဲ့ပါသည်။

## ကိုယ်တွေ့အစွမ်း

ဆရာကြီးသည် စက်ဘီး ဆိုင်ကယ်တိုက်မှု ကြုံတွေ့ရသော်လည်း အသက်အန္တရာယ်မှ (၂)ကြိမ်တိုင်တိုင် ကင်းလွတ်ခဲ့ပါသည်။ မူလတန်းကျောင်းအုပ်အငြိမ်းစားဘဝဖြင့် ဘွဲ့ရ သားသမီးအလိမ္မာများ၊ ကုန်စုံဆိုင်ကြီးတစ်ခု၊ နှစ်ထပ်တိုက်အိမ်တို့နှင့် အဆင့်မီမီ ကျန်းကျန်းမာမာ နေထိုင်နိုင်သည်မှာ ဆရာကြီး ပြုလုပ်နေသော လောကုတ်လောကီ စွမ်းအားများကြောင့် ဖြစ်ပါသည်။

ဆရာကြီးသည် သူ နောက်ဆုံး သင်ပြပေးခဲ့သော တိန်ညက်ကုန်းရွာ မူလတန်းကျောင်းအတွက် ငွေပဒေသာပင် မ,တည်ပြီး ကုသိုလ်ပြုခဲ့ရာ အများပြည်သူတို့၏ ထည့်ဝင်လှူဒါန်းမှုများကြောင့် ယခုအခါ အားကိုးလောက်သော ငွေပဒေသာပင်ကြီး ဖြစ်နေပါပြီ။

## ဆေးအသုံး

**"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"** ဆိုသည့်အတိုင်း ရန်ကြီးအောင် (ခ) ကိုယ်ရံကြီးပင်၏ ဆေးအသုံးကို ဆ... ကြီးက ပြောပြသည်။ အနာမီး... ဖြစ်လျှင် ဥကို သွေးလိမ်းလျှင် ပျေ... ၏။ လိမ်းထားစဉ် ယားယံ... ဝေဒနာ ခံစားရသည်။

**ခါးနာ ဒူးနာ စသော အဆ... အဆစ်နာများ၊ လက်ရောင် ဒူး... စသော အရောင်ရောဂါများ ... လျှင်** အရွက်ကို မီးကင်၍ ပတ်... စည်းပေးရ၏။

အဖောအရောင်ရောဂါ ဖြစ်... အရွက်ကိုပြုတ်၍ ထိုရေဖြင့် ရေချိုး... ရ၏။

ဆရာကြီးကို တတ်ပုံမှတ်တမ်း... ရင်း ဆရာကြီးနှင့် မိသားစု ကြီး... တိုးတက် အသက်ရာကျော်ရှ... သာသနာ ပြုနိုင်ပါစေကြော... ဆုတောင်းမေတ္တာ ပို့သ... သတည်း။

***အားလုံး ချမ်းသာကြပါစေ...***

**ကျော်(ရမည်းသင်း)**

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

# ၆

### အတွက် ရွေးချယ်ဝါ ဂဏန်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၇ |
| **ဩဂုတ်လ** | ၈ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၂၉ = ၁၆=၇ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၇) ရသည်။

သို့ဖြစ်၍ ၁၊ ၄၊ ၇၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၁၊ ၄၊ ၇၊ ၉ကိုသာ ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၄...၁ | ၇...၁ | ၉...၁ |
| ၁...၄ | ၄...၄ | ၇...၄ | ၉...၄ |
| ၁...၇ | ၄...၇ | ၇...၇ | ၉...၇ |
| ၁...၉ | ၄...၉ | ၇...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၁၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"** ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"** ဂဏန်းကိုသာ ပေါင်းပါက (၈ + ၂+ ၀+ ၁ +၄) = ၆ ဂဏန်းရသည်။ သို့ဖြစ်၍ **"၆"** ဂဏန်းလည်း အားကောင်းပါသည်။ ပစ်ပယ်၍ မရပါ။



| စ... ဆုံး | | | | | | ဂ... |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၄၊ | ၆၊ | ၇၊ | ၉ | **သော...** |
| ၄... | ၄၊ | ၆၊ | ၇၊ | ၉၊ | ၁ | **စနေ** ... |
| ၇... | ၇၊ | ၉၊ | ၁၊ | ၄၊ | ၆ | **သမီး...** |
| ၉... | ၉၊ | ၁၊ | ၄၊ | ၆၊ | ၇ | ကံ ...|

သည်။

သို့ဖြစ်၍ မိမိတို့ရပ်ကွက်၏ ... ကြီး ကျောင်းဝိုင်းအား တတ်နိုင်... သန့်ရှင်းရေး ဆောင်ရွက်ပေးပါ။ ... ပါက ကျောင်းတိုက်၏ ကုဋီ (အိမ်...) ကို ဆေးကြောသန့်စင်ပေးပါ။

အထက်ပါအတိုင်း ဆောင်ရွ... က မိမိအိမ်အနီးအနားရှိ သက်ကြီး... အိုများအား ဆေးဝါး၊ အာဟာရ ... သမျှ လှူဒါန်းပေးပါ။ ပြီးမှ ထီကံ... ရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၁၇၇၅၉၁ ✦ ၄၆၆၇၄... ✦ ၆...


***ထီကံ ပွင့်ပါစေ***

**ဆရာရဲထက် (သုတေသီ)**

www.burmeseclassic.com

# ဒူးရင်း ဩဇာ မာလကာသီး

မောင်ရင်ငွေ
(မအူပင်)



ကျွန်တော် အလုပ်နားသော နေ့တစ်နေ့တွင် ဖြစ်သည်။ ကျွန်တော်တို့ မိသားစုနှင့်အတူနေ ကျွန်တော့်ဘကြီး ဦးကံမောင်သည် နံနက်စောစောထကာ ဈေးသို့သွားပြီး ဈေးမှ ပြန်လာပါသည်။

ဈေးမှပြန်လာသော ကျွန်တော် ဘကြီး၏ လက်ထဲတွင် ဆွဲထားသော အိတ်ကို ကျွန်တော် သတိထားကြည့်မိလိုက်သည်။

ဘကြီးဦးကံမောင် ကိုင်ဆွဲထားလာသောအိတ်ထဲတွင် **ဒူးရင်းသီး၊ ဩဇာသီး၊ မာလကာသီး**များကို တွေ့လိုက်ရ၍ ကျွန်တော်က...

'ဘကြီး သစ်သီးတွေက အများကြီးပါလား၊ ဘုရားကို သစ်သီးဆွမ်းကပ်မလို့လားဗျ'

ဟု မေးလိုက်သည့် စကားကြောင့် ဘကြီးက အိမ်ရှေ့ဧည့်ခန်းမှ ထိုင်ခုံလွတ်တစ်ခုတွင် ထိုင်ချ အမောဖြေလိုက်ပြီး ကျွန်တော့်ကို...

'ဟုတ်တယ်... မောင်တင်ထွန်း မင်းမေးသလို သစ်သီးတွေက အများကြီး ဘုရားကို သစ်သီးဆွမ်းကပ်မလို့လား ဆိုတော့ သစ်သီးဆွမ်းကပ်မလို့ပေါ့ကွာ၊ သစ်သီးဆွမ်းတော် စွန့်ပြီးတဲ့အခါကျရင်တော့ တို့တစ်မိသားစုလုံး စားသုံးကြတာပေါ့'

ကျွန်တော့်ဘကြီး စကားပြောရ၍ မောသွားသည် ထင်ပါသည်။ ကျွန်တော် အသင့်ခပ်ထားသည့် သောက်ရေတစ်ဖန်ခွက်ကို ကုန်စင်အောင် မော့သောက်ပြီးနောက် သူ စကားကို ဆက်လိုက်ပြန်ပါသည်။

'မောင်တင်ထွန်းကို ဘကြီးမေးမယ်၊ သက်ရှိသတ္တဝါတွေကို ဘယ်လိုဓာတ်တွေနဲ့ ဖွဲ့စည်းထားသလဲကွ'

'ဘကြီးကလဲ သတ္တဝါတွေကို **ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့** ဖွဲ့စည်းထားတာကို လူတိုင်း သိပါတယ်ဗျ'

'အေး...အခုလို ရာသီဥတု ကူးပြောင်းချိန်မှာ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ သတ္တဝါတွေဟာ ဓာတ်လေးပါး ညီညွတ်မျှတမှုမရှိတဲ့ နာမကျန်း ဖြစ်တတ်တယ်။ နာမကျန်းဖြစ်ပြီ ဆိုကတည်းက ငွေကုန်ပြီး အလုပ်အကိုင်ပါ ပျက်တယ်ကွ။

တစ်ဦးတစ်ယောက် နေထိုင်မကောင်းတာနဲ့ မိသားစုတစ်စုလုံး စိတ်ရောလူပါ ဒုက္ခရောက်ရတတ်တယ်၊ ဒါကြောင့် လူဆိုတဲ့ သတ္တဝါတွေဟာ ဓာတ်ကြီးလေးပါးနဲ့ ညီညွတ်မျှတဖို့အတွက် "ဒူးရင်း ဩဇာ၊ မာလကာသီး" ဆိုတဲ့ ဓာတ်စာသစ်သီးတွေကို စားသုံးသင့်တယ်ကွ'

ဘကြီးပြောသည့် စကားတွေက ထူးခြားဆန်းပြားနေ၍ ကျွန်တော်က...

'ဘကြီးပြောတဲ့ ဒူးရင်း၊ ဩဇာ၊ မာလကာသီး စားသုံးရုံနဲ့ ဓာတ်ကြီးလေးပါး ညီညွတ်မျှတပြီး ကျန်းမာရေးကောင်းလာနိုင်ပါ့မလား'

ကျွန်တော်မေးလိုက်သည့် ယုံကြည်မှုနည်းပါးသော အမေးကြောင့် ဘကြီးဦးကံမောင်က...

'မောင်တင်ထွန်း ဘကြီးပြောမယ်ကွ။ သစ်သီး၊ သစ်ဥ၊ နွယ်၊ မြက်သစ်ပင်တွေက သူတို့ ဓာတ်သဘာဝနဲ့ သူတို့ရှိကြတယ်ကွ၊ ဆေးဖက်လဲ ဝင်ကြတယ်။ မသိသူက ကျော်သွားပြီး သိတဲ့လူက ဖော်စားနေကြတယ်။

စားသုံးတဲ့သတ္တဝါက သုံးစွဲမှု နည်းစနစ်မှန်ရင် အကျိုးအာနိသင် ပိုရှိတာပေါ့ကွာ။ ဘကြီး လေ့လာမှတ်သားခဲ့ဖူးတဲ့ ဓာတ်ပညာနဲ့ဆိုရင် **ဒူးရင်း၊ ဩဇာ၊ မာလကာသီးဆိုတဲ့ ဓာတ်စာတွေက ဓာတ်နဝင်းကိုက်လို့ စားသုံးသင့်တယ်**'

ကျွန်တော် ဘကြီးပြောဆိုလိုက်သည့် ထူးဆန်းနေသောစကားတွေကြောင့် ကျွန်တော်က...

'ဘကြီးလေ့လာဖူးတဲ့ ဓာတ်ပညာတွေနဲ့ ဘယ်လိုဓာတ်နဝင်းကိုက်လို့ ဒူးရင်း၊ ဩဇာ၊ မာလကာသီးကို စားရတာလဲဗျ၊ ကျွန်တော်လဲ နားလည်အောင် ရှင်းပြပါဦး'

'အေး...မောင်တင်ထွန်း မင်းသေချာ မှတ်သားထားကွ၊ ဘကြီး လေ့လာထားတဲ့ ဓာတ်ပညာထဲမှာ...

| | | |
|---|---|---|
| ပထဝီ ⇨ | ဂဇ္ဈ ⇨ | မြေဓာတ် |
| တေဇော ⇨ | အဋ္ဌာ ⇨ | မီးဓာတ် |
| အာပေါ ⇨ | ဝိဓေသ ⇨ | ရေဓာတ် |
| ဝါယော ⇨ | စရေ ⇨ | လေဓာတ် |

www.burmeseclassic.com

ဆိုပြီး ဓာတ်လေးပါးကို **အင်္ဂါ၊ ဂမ္ဘေ၊ စရေ၊ ဝံသေ**လို့ ဓာတ်လက်ာနဲ့ ဆိုထားတယ်ကွ။ အဲဒီဓာတ်လက်ာကို ဓာတ်ပညာနဲ့ နေ့နံဂြိုဟ်သက်တွေ ထည့်ပေါင်းပြီး အစားသွင်း အသုံးပြုရမယ်ကွ'

ဘကြီးဦးကံမောင်သည် အနီးရှိ စာကြည့်စားပွဲပေါ်မှ စာရွက်လွတ်တစ်ရွက်နှင့် ဘောလ်ပင်ကို ထယူလိုက်ပြီး အောက်ပါအတိုင်း ရေးသားရှင်းပြပါတော့သည်။

*** ⟶

| | | | | |
|---|---|---|---|---|
| **ဗိုးဓာတ်** | **အင်္ဂါ** | ⇨ **တနင်္ဂနွေ+စနေ** | | |
| | ဂြိုဟ်သက် | ⇨ ၆ + ၁၀= ၁၆ နှစ် | ၃၆နှစ် | နေဓာတ် |
| **လေဓာတ်** | **စရေ** | ⇨ **အင်္ဂါ + ရာဟု** + | | |
| | ဂြိုဟ်သက် | ⇨ ၈ + ၁၂= ၂၀ နှစ် | | |
| | | + | | |
| **မြေဓာတ်** | **ဂမ္ဘေ** | ⇨ **တနင်္လာ+ ကြာသပတေး** | | |
| | ဂြိုဟ်သက် | ⇨ ၁၅ + ၁၉=၃၄ နှစ် | ၇၂နှစ် | လဓာတ် |
| **ရေဓာတ်** | **ဝံသေ** | ⇨ **ဗုဒ္ဓဟူး + သောကြာ** + | | |
| | ဂြိုဟ်သက် | ⇨ ၁၇ + ၂၁= ၃၈ နှစ် | | |
| | | | ၁၀၈ နှစ် | |

နေ့နံဂြိုဟ်သက်တွေ ထည့်ပေါင်းလိုက်တာ ဘကြီးပေါင်းလို့ရတဲ့ အဖြေရလဒ်နဲ့ အတူတူပဲဗျ'

'အဲဒါပဲ မောင်တင်ထွန်း ရလဒ်တူတယ်ဆိုတော့ ဓာတ်သဘောတူညီလို့ပေါ့။ အေး အခုလို ရာသီအကူးအပြောင်းကာလမှာ လူတွေက ဓာတ်ချို့ယွင်းပြီး နာမကျန်းဖြစ်တတ်တယ်။

"ဒူးရင်း၊ သြဇာ၊ မာလကာသီး" ဓာတ်စာသစ်သီးတွေ စားလိုက်ရင် ဓာတ်တွေ ညီမျှပြီး အနာရောဂါ ကင်းကြလိမ့်မယ်ကွ။ မင်းက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးနေတယ်ဆိုတော့ သတ္တဝါတွေရဲ့ ကောင်းကျိုးအတွက် ရေးသားဖော်ပြလိုက်စမ်းပါကွာ'

ဟု ပြောဆိုလိုက်သော ဘကြီးဦးကံမောင်၏ စကားကြောင့် အချိန်ဆိုင်းမနေဘဲ ဘောလ်ပင်နှင့် စာရွက်များယူကာ "ဒူးရင်း၊ သြဇာ၊ မာလကာသီး" ဓာတ်စာအကြောင်းကို ဖော်ပြပါအတိုင်း ရေးသား တင်ပြလိုက်မိပါသည်။

**မောင်ရင်ထွေး (မအူပင်)**

'မင်းအခု တွေ့ရတဲ့ အတိုင်းပဲ မောင်တင်ထွန်းရေ အင်္ဂါ၊ စရေ၊ ဂမ္ဘေ၊ ဝံသေ ဆိုတဲ့ ဓာတ်လက်ာကို နေ့နံ အစားသွင်းဂြိုဟ်သက်တွေ ထည့်ပေါင်းလိုက်ရင် **၁၀၈ နှစ် ၉ နဝင်းရ**သလို အဘတို့ စားသုံးမယ့် **"ဒူးရင်း၊ သြဇာ၊ မာလကာသီး"**ဆိုတဲ့ ဓာတ်စာကို ဓာတ်လက်ာ ပုံစံအတိုင်း နေ့နံနဲ့ ဂြိုဟ်သက်တွေထည့် ပေါင်းကြည့်လိုက်စမ်းကွာ'

ကျွန်တော်လည်း ဘကြီးဦးကံမောင် ပြောသည့်အတိုင်း **"ဒူးရင်း၊ သြဇာ၊ မာလကာသီး"**ဓာတ်စာကို ဘကြီးထံမှ ဘောလ်ပင်နှင့်စာရွက်ယူကာ နေ့နံ၊ ဂြိုဟ်သက်တွေ အစားသွင်းကာ အောက်ပါအတိုင်း ရေးလိုက်ပါသည်။

*** ⟶

"ဒူးရင်း၊ သြဇာ၊ မာလကာသီး"ကို ဓာတ်သဘောနှင့် နေ့နံ၊ ဂြိုဟ်သက်တွေ အစားသွင်းပေါင်းလိုက်ရာ ဘကြီးဦးကံမောင်ပေါင်းပြသော ရလဒ် ၁၀၈ နှစ် ၉ နဝင်းသာရခဲ့၍ ဘကြီးကို ကျွန်တော်က...

'ဘကြီးရေ ကျွန်တော်တို့ စားသုံးမယ့် "ဒူးရင်း၊ သြဇာ၊ မာလကာသီး" ဆိုတဲ့ သစ်သီးတွေကို ဓာတ်သဘောနဲ့

| | | | | |
|---|---|---|---|---|
| **ဗိုးဓာတ်** | **အင်္ဂါ** | – **တနင်္ဂနွေ+စနေ** | | |
| | | သြ + ဒူး | | |
| | ဂြိုဟ်သက် | – ၆ + ၁၀ = ၁၆ နှစ် | ၃၆နှစ် | နေဓာတ် |
| **လေဓာတ်** | **စရေ** | – **အင်္ဂါ + ရာဟု** + | | |
| | | ဇာ + ရင်း | | |
| | ဂြိုဟ်သက် | – ၈ + ၁၂= ၂၀ နှစ် | | |
| | | + | | |
| **မြေဓာတ်** | **ဂမ္ဘေ** | – **တနင်္လာ+ ကြာသပတေး** | | |
| | | ကာ + မာ | | |
| | ဂြိုဟ်သက် | – ၁၅ + ၁၉=၃၄ နှစ် | ၇၂နှစ် | လဓာတ် |
| **ရေဓာတ်** | **ဝံသေ** | – **ဗုဒ္ဓဟူး + သောကြာ** + | | |
| | | လ + သီး | | |
| | ဂြိုဟ်သက် | – ၁၇ + ၂၁= ၃၈ နှစ် | | |
| | | | ၁၀၈ နှစ် | |



www.burmeseclassic.com

www.burmeseclassic.com

## လူတိုင်းအတွက် တရုတ်ရိုးရာ
# အိပ်မက်ဖွင့်ကျမ်း(၈၃)



戒指

ကျဲကျိ (Jiè Zhi)

### လက်စွပ်

○ လက်စွပ်ကို မြင်မက်ခြင်းသည် ချစ်ခြင်းမေတ္တာ၏ အထိမ်းအမှတ်ဖြစ်သည်။

✤ **အိမ်ထောင်ရှိ ခင်ပွန်းသည် လူအိုက မြင်မက်လျှင်...**

အိမ်ထောင်မှုသုခ ပြည့်စုံမည်။

✤ **အိမ်ထောင်မရှိသေးသည့် လူပျိုက မြင်မက်လျှင်...**

မကြာမီ ထိမ်းမြားလက်ထပ်ရမည်။

✤ **အိမ်ထောင်ရှင် အမျိုးသမီး အအိုက မြင်မက်လျှင်...**

သားယောက်ျားလေး ဖွားမြင်မည်။

✤ **အိမ်ထောင်မရှိသေးသူ အပျိုက မြင်မက်လျှင်...**

သူစိမ်းတစ်ရံဆံ အမျိုးသားတစ်ဦးနှင့် မြင်မြင်ချင်း ချစ်ကြိုက်ရည်ငံဖြစ်မည်။

✤ **ချစ်ရည်တူမျှသူ (တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်စွာ အရှုံးအမှုး စွဲလမ်းနေကြသူ) နှစ်ဦးအနက် တစ်ဦးက မြင်မက်ခြင်းဖြစ်ပါက...**

မကြာမီ မိမိချစ်သူနှင့် ဆုံစည်းမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

သွေးသောက်ညီအစ်ကို ခင်မင်ရင်းစွဲ ငယ်ပေါင်းသူငယ်ချင်း စသူတစ်ဦးဦးနှင့် လက်တွဲ၍ အလုပ် လုပ်ဖြစ်မည်။

ငွေကြေး အကျိုးအမြတ်ထက် ဆိုခဲ့သူသည့် သစ္စာစကားနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

မိရိုးဖလာသီးနှံ နည်းပညာများဖြင့် စိုက်ပျိုးဖြစ်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

မိတ်ဆွေရင်းချာနှင့် တစ်ခရီးတည်း သွားရတတ်သည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

သူငယ်ချင်းကောင်းမှုဖြင့် စာမေးပွဲအောင်မည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

မိရိုးဖလာ တိုင်းရင်းဆေးကုထုံးဖြင့် ရောဂါ သက်သာပျောက်ကင်းမည်။

✤ **အချုပ်အကျဉ်းကျစဉ် မြင်မက်က...**

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်မည်။

○ လက်စွပ်ကို တစ်ဦးတစ်ယောက်အား လက်ဆောင်ပေးရသည်ဟု မြင်မက်ပါက တိုးပွားမည့်နိမိတ်ဖြစ်သည်။

✤ **ခင်ပွန်းသည်က ဇနီးအား လက်စွပ် လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင်...**

ချစ်ဇနီးက မိမိအပေါ် ကြင်နာယုယမှုများ တိုးတက်ခံစားရမည်။

✤ **ဇနီးသည်က ခင်ပွန်းသည်အား လက်စွပ်လက်ဆောင် ပေးရသည်ဟု မြင်မက်လျှင်...**

ကျက်သရေအဖြာဖြာ ပြည့်စုံ၍ နေထိုင်မှု အဆင့်အတန်း တိုးတက်မြင့်မားလာမည်။

✤ **လူပျိုက ချစ်သူအား (မိမိကိုယ်ပိုင်)လက်စွပ်ကို လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင်...**

မကြာမီ ရွှေလက်တွဲ၍ ထိမ်းမြားဖြစ်မည်။

✤ **အပျိုက မိမိလက်စွပ်ကို ချစ်သူအား လက်ဆောင်ပေးရသည်ဟု မြင်မက်ပါက...**

ထိုချစ်သူသည် မကြာမီ မိမိရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာမည်။

✤ **အိမ်ထောင်ရှိသူ(ခင်ပွန်း၊ ဇနီး) က တစ်ဦးတစ်ယောက်အား မိမိလက်စွပ်ကို လက်ဆောင်ပေးရသည်ဟု မြင်မက်လျှင်...**

အိမ်ထောင်ရေး ရှုပ်ထွေးနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com

◎ လက်စွပ်ပျောက်သည်ဟု မြင်မက်လျှင်ကား ပြဿနာပေါ်တတ်သည်။

✤ **ခင်ပွန်းသည်က မြင်မက်လျှင်...**

ဇနီးသည်နှင့် ခွန်းကြီးခွန်းငယ် စကားများရလိမ့်မည်။

✤ **ဇနီးဖြစ်သူက မြင်မက်ပါက...**

ခင်ပွန်း အိမ်ထောင်ဖက်၏ နှစ်ရှည်လများ စွန့်ပစ်ခွဲခွာခြင်း ခံရကိန်းရှိသည်။

✤ **လူပျိုက မြင်မက်လျှင်...**

ချစ်ခင်စွဲလမ်းနေသူထံမှ ငြင်းပယ်သည့် အဖြေ ရရှိမည်။

✤ **အပျိုက မြင်မက်လျှင်...**

ကမ်းလှမ်းသူမရှိ အထီးကျန် ဖြစ်နေရတတ်သည်။

✤ **နာမကျန်းဖြစ်နေစဉ် မြင်မက်ပါက...**

ဆေးဝါးမတွေ့ဘဲ ရောဂါ တာရှည်နေမည်။

◎ လက်စွပ်ကောက်ရသည်၊ လက်ဆောင်ရသည်ဟု မြင်မက်ပါက အိမ်မက်ဆိုးဖြစ်သည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

စီးပွားရေး ဆုတ်ယုတ်ပျက်စီးတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်ပါက...**

ငွေကြေး၊ အဖိုးတန်ပစ္စည်း ဆုံးရှုံးတတ်သည်။

✤ **လူပျိုက မြင်မက်ပါလျှင်...**


တန်ဖိုးကြီး အသုံးအဆောင် ပစ္စည်းပျောက်ဆုံးနိုင်သည်။

✤ **အပျိုက မြင်မက်လျှင်...**

စေ့စပ်၊ ပြောဆိုမှုများ ပျက်ပြယ်တတ်သည်။

✤ **နေထိုင်မကောင်းစဉ် မြင်မက်ပါက...**

စမ်းတဝါးဝါးဖြင့် နာတာရှည်နေမည်။



◎ လက်စွပ်ဝယ်ရသည်ဟု မြင်မက်လျှင် နေအိမ်ဝေဟာတွင် ထိမ်းမြားလက်ထပ်ပွဲ ပေါ်ပေါက်မည်။

✤ **ကုန်သည်က လက်စွပ်ဝယ်ရသည်ဟု မြင်မက်လျှင်...**

အရောင်းအဝယ် တိုးတက်ဖြစ်ထွန်းမည်။

✤ **အချုပ်အကျဉ်း ကျနေသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်မည်။

✤ **ရောဂါဝေဒနာရှင်က မြင်မက်လျှင်...**

မကြာမီ ရောဂါ သက်သာပျောက်ကင်းသွားမည်။

◎ ငွေလက်စွပ် ဝတ်ဆင်ရသည်ဟု မြင်မက်လျှင် အမျှားအနာရောဂါ ခံစားရတတ်သည်။

◎ (ရွှေ၊ငွေမဟုတ်သော)သတ္တု လက်စွပ်ဝတ်ဆင်ရသည်ဟု မြင်မက်ပါက ရိုသေ့မှု စည်းစိမ်ဥစ္စာများ တံမြက်လှည်းသကဲ့သို့ ပြောင်စင်အောင် ပြုပြောကျ ဆင်းရဲသွားတတ်သည်။

◎ စိန် (မည်သည့်လက်ဝတ်တန်ဆာမဆို) ဆင်မြန်းရသည်ဟု မြင်မက်လျှင် ဒုက္ခသုကျ ကြုံဆုံရလိမ့်မည်။ *(မိန်းမပျို မပါဝင်ပါ)*

✤ **အိမ်ထောင်မရှိသေးသော မိန်းမပျိုက မြင်မက်လျှင်ကား...**

သဘောကျ လက်ခံနိုင်သော ကြေးရတတ်၊ ခင်ပွန်းနှင့် ဖူးစာဆုံရတတ်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



# ကလေးငယ်များ

**ခေါင်းတစ်ဖက်(သို့)ဖက်တစ်ဖက် စောင်းနေလျှင်**

ကျွန်တော် မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် တာဝန်ထမ်းဆောင်နေစဉ် ကာလက ဖြစ်သည်။

ထိုစဉ်က မြေးအငယ်လေးမှာ မွေးဖွားပြီး (၆)လရှိနေပြီး ခေါင်းထောင်နေသော်လည်း ခေါင်းတစ်ဖက် စောင်းနေပါသည်။

အဘယ်ကြောင့် စောင်းနေသနည်းဆိုသော် အဖြေရှာမရပေ။ ထိခိုက်ခြင်းကြောင့် မဟုတ်ဘဲ မွေးရာပါ သဘောမျိုးဖြစ်နေကြောင်း သိရပါသည်။

ထိုကဲ့သို့ ဖြစ်နေကြောင်း အိမ်နီးနားချင်းဝန်းကျင်မှ အဘွားကြီးတစ်ယောက်မှ တွေ့မြင်သွားပြီး...

''ညည်းကလေးက ဖက်တစ်ဖက် စောင်းနေပါလား။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အမေကြီး လုပ်ပေးပါမယ်အေ့'

ဟု ပြောကာ...

'သမီးလေး ညည်းတို့ အိမ်က ထမင်းဟင်းချက်တဲ့ ယောက်မ သွားယူချေ'

ဟု ခိုင်းလိုက်ပါသည်။ ယောက်မယူလာပြီး အဘွားကြီးလက်ထဲသို့ ပေးလိုက်ပါသည်။ **ကလေးငယ်၏ ဖက်မစောင်းသော ပခုံးပေါ်သို့ ယောက်မနှင့် အသက်အောင်ကာ (၇)ချက် ဖိပေးလိုက်သည်။**

'နောက်နေ့ကျရင် ကောင်းသွားမှာပါ'

ဟု ပြောကာ ထွက်သွားလေသည်။

ထူးဆန်းစွာ နောက်နေ့မနက် အိပ်ရာထတွင် ကလေးမှာ ခေါင်းမစောင်းတော့ဘဲ တည့်နေကြောင်း တွေ့ရပါသည်။

**မှတ်ချက်။ ။ ခေါင်းဘယ်ဘက် စောင်းနေလျှင် ညာပခုံးပေါ်သို့ ဖိပေးပါ။ ညာဘက်စောင်းနေလျှင် ဘယ်ပခုံးပေါ်သို့ ဖိပေးပါ။ ဖိပေးစဉ် အသက်အောင်ထားရန် လိုသည်။ သစ်သားယောက်မ ဖြစ်ရန်လိုသည်။**

*လူသဏ္ဍာန်အားလုံး ကျန်းမာကြပါစေ*

**(မျိုးမောင်မောင်(က.ပ.စ))**



www.burmeseclassic.com

www.burmeseclassic.com

# မြွေကိုင်ဆေးဆရာကြီး

ဦးမြထွန်း

ကြည်မြင့်မောင်မောင် (၁၈)



မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ငလိှုင်ဒေသကျေးရွာတွင် နေထိုင်သူ အဘဦးမြထွန်းသည်တိုင်းရင်းဆေးလောကတွင် လူပြောများနေသည်မှာ ၁၉၈၀ ပြည့်နှစ် မတိုင်မီကပင် ဖြစ်သည်။

စီးပွားရေး ကျပ်တည်းသူ ဝေဒနာရှင်များအား အခမဲ့၊ ငွေကြေး ပြည့်စုံသူ ဝေဒနာရှင်များအား သဒ္ဓါပေး၊ သဒ္ဓါယူ စနစ်ဖြင့် ကုသနေသည်ဟု ကြားသိရ၏။

စာရေးသူသည် ပညာရေးဝန်ထမ်းဖြစ်ပြီး နိုင်ငံတော်မှ လေ့လာရေးစေလွှတ်သည့် ဂျပန်နိုင်ငံသို့ပင် ရောက်ဖူး၍ သိပ္ပံခေတ်၏ တိုးတက်မှု၊ ခေတ်မီဆေးဝါးများ၏ ထိရောက်မှု၊ နည်းပညာပိုင်းဆိုင်ရာများ၏ အောင်မြင်မှုများတွင်သာ၊ အင်တာနက် စသည်တို့တွင်သာ အလေးထားသည်။

ခန့်တာဝန်ခံရလျှင် ဒီခေတ်၊ ဒီအချိန်အခါတွင် "ဥံဖွ" နှင့် "ဗိန္ဓော(ခေါ်)တိုင်းရင်းဆေး" တို့ကို အထင်မကြီး၍ အလေးမထားမိပါ။

(၁၀. ၁၁. ၂၀၀၇)နေ့တွင် မကွေးတိုင်း၊ ငဖဲမြို့နယ်၊ ဗိုကုန်းရွာတွင် တစ်ရွာတည်း အတူနေသူ ကိုလှကြည် မြွေကိုက်ခံရတော့သည်။

ကိုလှကြည်မှာ တခြားဒေသမှ ပြောင်းရွှေ့လာသူ ဖြစ်ပြီး စီးပွားရေး ချို့တဲ့သည်က တစ်ကြောင်း၊ ညီအစ်ကို ဆွေမျိုးသားချင်း ထောက်ထောက်ခံခံ နည်းသည်က တစ်ကြောင်းတို့ကြောင့် ဆေးရုံ ဆေးခန်းများသို့ မပို့နိုင်သဖြင့် ရွာသားများဝိုင်း၍ (စာရေးသူ ဦးဆောင်၍) အဘဆေးဆရာကြီး ဦးမြထွန်းအား ပင့်ကြသည်။

စာရေးသူ မျက်မြင် ကိုယ်တွေ့ဖြစ်သော မြွေကိုက်ခံရသူ ကိုလှကြည်အား အဘ၏ ကုသပုံမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ပထမဦးစွာဆေးများ အချိုးကျ ရောစပ်ရင်း နှုတ်မှလည်း...

'ယခုလောက် ဝေဒနာကတော့ အသေးအဖွဲပင် ဖြစ်ကြောင်း အနန္တော အနန္တငါးပါး ဦးထိပ်ထားသဖြင့် မိမိ၏ ဆေးများ အစွမ်းထက်ကြောင်း မည်သည့်ရွာမှ မည်သူဟာဖြင့် ဆေးတစ်ခွက်၊ စုတ်တစ်ချက်တည်းဖြင့် ပျောက်ကင်းသွားကြောင်း'

စသည်တို့ကို တဖွဖွ ပြောနေသည်။ ၎င်းနောက် ဓာတ်လုံးစိမ်ထားသော အဖန်ရည် သုံးပန်းကန် သောက်စေသည်။ ဆက်ပြီး ဆီး၊ ဝမ်း ညှိဆေးများတိုက်သည်။ ၎င်းနောက် မြွေကိုက်ခံရသည့်နေရာ (အစွယ်ရာ)ကို ဓာတ်လုံးဖြင့် ဖိနှိပ်ထားစေသည်။

ထို့နောက် လူနာ၏ ခန္ဓာကိုယ်ရှိ အဆိပ်ရှိရာ နေရာကို သွေးစမ်း၍ ၎င်းနေရာမှ ခြေဖျားအထိ စုတ်ဆေး ထိုးတော့သည်။ မျှားမကြာမီလူနာမှာ ဆီး ဝမ်း အကြိမ်ကြိမ်သွားပြီး သက်သာသွားတော့သည်။

အဘဦးမြထွန်း၏ ကုသမှု အောင်မြင် ပုံကိုကြည့်၍ အံ့ဩ ချီးကျူးမိပါသည်။ အနယ်နယ် အရပ်ရပ်မှ ဝေဒနာရှင်များ ကုသမှု ခံယူလိုပါက ခံယူနိုင်ပါရန် ဆေးဆရာကြီး ဦးမြထွန်းနှင့် တွေ့ဆုံ မေးမြန်းမှုကို ဖော်ပြအပ်ပါသည်။

▲ 'အဘအသက် ဘယ်လောက်ရှိပြီလဲ ခင်ဗျာ'

○ 'အဘအသက် (၇၃)နှစ် ပြည့်ပြီးပါပြီ'

▲ 'ရောဂါဝေဒနာရှင် အမျိုးမျိုး အဘထံမှာ ကုသပြီးရော ဘယ်လောက် ရှိပြီလို့ဘာ ပြောပြပါဦး'

○ '(၉၆)ပါး ဝေဒနာရှင်တွေက များတော့ မမှတ်မိတော့ဘူးကွယ့်။ မကွေးတိုင်းအနှံ့က လာကုကြပါတယ်'





www.burmeseclassic.com

www.burmeseclassic.com

▲'အဘရဲ့ဆရာတွေကိုလဲပြောပြပါခင်ဗျာ'

○'အဘရဲ့အဖေက အဘရဲ့ ဆရာရင်းပေါ့၊ ဘိုးစဉ်ဘောင်ဆက် ကတည်းက ဆေးဖော်၊ ဆေးကုခဲ့ကြတယ်'

▲'အဘ မြွေကိုက်လူနာ ကုသရာမှာ အသွမ်းထက် အောင်မြင်ကြောင်း ကြားသိရပါတယ်။ ဘယ်လောက်ထိ ကုခဲ့ပြီးလဲ'

○'အင်း အတိအကျ ပြောရရင်တော့ မြွေကိုက်လူနာပေါင်း (၅၅၃)ဦး ကုပြီးပါပြီ'

▲'လာကုတဲ့ မြွေကိုက်လူနာ အားလုံး သက်သာ ပျောက်ကင်းကြပါသလား အဘ'

○'ပျောက်ကင်းသွားတာ (၅၃၅) ဦး ရှိပြီး လက်လွှတ်လိုက်ရတာ (၁၈)ဦးပါ'

▲'ကျွန်တော်တို့ ဒိုကန်ရွာမှ မြွေကိုက်ခံရသူ ဦးမိုးမြင့်ရဲ့ ကိုယ်တွေ့ကြည့် ကမ်းနေတဲ့ ရွာသစ်ကျေးရွာ ဟောင်းမှ ဦးကြည် ဆောင်း တော်သန့်တို့အဘထံမှာ ကုတာ အားလုံး ပျောက်ကင်းကြပြီ အဘပြောတဲ့ (၁၈)ဦးက ဘာကြောင့် ဆုံးရှုံးရပါသလဲ ခင်ဗျာ'

○'အင်း **ပြောရရင်တော့ အတိတ်က အရိပ်လဲ ပါသပေါ့**ကွယ်။ လက်လွှတ်လိုက်ရသူတွေက မြွေပတ်ပြီး ကိုက်ခံရသူ၊ ကိုက်ခံရပြီး အချိန်မီ မခံယူနိုင်သူတွေပါပဲ'

▲'မြွေပတ်ပြီး ကိုက်ခံရသူဆိုတာ ဘယ်လိုဟာကို ဆိုတာလဲ ခင်ဗျာ'

○'**မြွေကိုတက်နင်းမိပြီး ခြေပြန် မကြွမချင်း နစ်ကြိမ်နဲ့အထက် အကိုက်ခံရတာကို ခေါ်တာပါ**'

▲'အဘပြောပြတဲ့ (၅၃၅)ဦးက မြွေမျိုးတူညီမဲ့ အကိုက်ခံရတာလား။ အခြားမြွေရော ပါသေးလား အဘ'

○'ပါတာပေါ့ကွယ်။ အသေအချာ မှတ်တာကလား။ မြွေဟောက်ကိုက်ခံရသူ (၅)ဦး၊ ငန်းမှုပ်၊ ငန်းကျား



မြွေဆိုင်း ဆေးဆရာကြီး ဦးမြထွန်း

ကိုက်ခံရတာက (၁၂)ဦး။ အားလုံး ကျန်းမာကြပါတယ်'

▲'မြွေကိုက်ခံရရင် အဲဒီမြွေသတ်ပြီး ယူလာကြလို့ ဘာမြွေဆိုတာ သိတာပါလား အဘ'

○'ကိုက်ခံရတဲ့ မြွေကို ယူခဲ့စရာ မလိုပါဘူးကွယ်။ လူနာရဲ့ သွေးခုန်နှုန်းနဲ့ အစွယ်ရာကိုမြင်ရင် အဘ သိပါတယ်'

▲'အဲ့ကြေရာပါပဲ အဘ။ အခုလို (အသေအချာ) မြွေကိုက်လူနာကို ကုသရာမှာ ဘယ်ပုံစံ၊ ဘယ်ဆေးတွေကို အသုံးပြုပါသလဲ ခင်ဗျာ'

○'အဓိကကတော့ **ဓာတ်လုံးပေါ့၊** စုတ်ဆေး၊ ပရဆေး၊ ဆေးမြစ်စုံ၊ အခိုးမွှင့်ဆေး၊ သည်းခြေဆေးနဲ့ ဓာတ်ညှိဆေးတွေပေါ့ကွယ်'

▲'အဘပြောပြတာမှာ ဓာတ်လုံး ဆိုတာက...'

○'အဲဒါက အဘရဲ့ ဆရာတော်က "လုံ"ထဲ ရောစပ်နည်း ပြခဲ့တာပါ။ အဘတို့ရွာနဲ့ မနီးမဝေး မန်းရွှေစက်တော်ရာ ဘုရားသွားတဲ့လမ်းမှာ အများကောင်းမှု ဘုရားတည်ကြတယ်လေ။

ဘုရားတည်ဆဲမှာပဲ အဘ... ဆရာတော်နဲ့ တရားထိုင်၊ ... ကြတယ်။ ဘုရားမှာ (၅၅)ရ... နဝင်ကိုးပါး၊ သက်သတ်လွ... (ငါးမိမျှ မစားဘဲ) ဥပုသ်စော... သီလဆောက်တည်တယ်။

"သတ္တဝါအများ ဆေးပ... ကယ်တင်ထိုက်ရင် ဓာတ်... ကြွင်းကျန်ပါစေသား"

လို့ ဆုတောင်းတယ်။ သီ... သမာဓိ၊ သစ္စာစတဲ့ "ပါရမီ... ကြောင့်ပဲ ထင်ပါရဲ့၊ အဘရဲ့ဗိုလ်... ဓာတ်လုံး ကြွင်းကျန်တယ်'

▲'စုတ်ဆေး ဆိုတာလဲ ရှင်းပြ... အဘ'

○'စုတ်ဆေးဆိုတာက ဓာတ်... ကို သံပရာရည်နှင့်စိမ် စုတ်... အဖျားမှာ ဆွတ်ပြီးထိုးတာ... စုတ်တံက ကြေးဝါနဲ့ လုပ်ထားတယ်... အဖျားမှာနှစ်ခွ၊ သုံးခွ၊ လေးခွဆိုပြီး သုံးချောင်းရှိတယ်။

မြွေကိုက်ခံရတဲ့ လူနာရဲ့ ရုပ်လ... ထား၊ ဒဏ်ရာအခြေအနေ၊ အဆိပ်... ပျံ့နှံ့မှုကို ကြည့်ပြီး သင့်တော်တဲ့ စုတ်တံကို သုံးရတာပေါ့'

▲'စုတ်ဆေးရဲ့ အစွမ်းသတ္တိကိုလဲ သိ... ခင်ဗျာ'

○'စုတ်ဆေးက မြွေဆိပ်ပျံ့နှံ့ စီးဝင်နေတဲ့ အကြောများရှိ မွေးညင်းပေါက်များအတိုင်း မြွေဆိပ်ဖောက် ထုတ်ပါတယ်'

▲'ကျန်တဲ့ဆေးတွေလဲ ရှင်းပြပါ အဘ... ဥပမာ ဆေးမြစ်စုံ သည်းခြေဆေးပေါ့'

○'အင်း **အပင်တွေရဲ့ ပဥ္စငါးပါးကို အဓိက ဖော်စပ်ရတာပေါ့။** နောက်... **ကြံသွေး၊ ပျားရည်၊ ငှက်...** **ရှိန်းရှိ** အစုံပေါ့ကွယ်။ အဘ... ဒေသမှာ မရှိတဲ့ ဆေးတွေကို ...ကြီးများကို မှာယူရတာပေါ့'






www.burmeseclassic.com

# ပင့်ကူဆိပ်ဖြေနည်း

## နှင့် အခြားငါးမအဆိပ်အုပ်စုဝင် ဇီဝမျိုးစိတ်များ၏ အဆိပ်ဖြေနည်းများ

မိုးမြင့်ခင်
(ရွှေနဝင်း)





ငါးမအုပ်စုဝင် ဇီဝမျိုးစိတ်မျိုးကွဲများ၏ အဆိပ်တက်စေသည့် ဇီဝသတ္တိထူးရှိကြသော သတ္တဝါမျိုးစုတို့အထဲမှ လူအများနှင့် ထိတွေ့ပတ်သက်မှု အများဆုံးရှိနိုင်သော ဇီဝမျိုးစိတ်များ အကြောင်းကို တတ်နိုင်သမျှ စာဖတ်ပရိသတ်ကြီး ဗဟုသုတပွားများပြီး ဆောင်လာ၍ အကျိုးများစေရန် ရည်ရွယ်၍ ယခုလမှာ...

ပင့်ကူဆိပ်နှင့် အခြားတောက်တဲ့ အနီ၊ တက်တူကောင်၊ ပင်လယ်ကတန်း အဆိပ်(ရေခူကောင်အမျိုးမျိုး၏အဆိပ်)၊ ဒေါင်းသည်းခြေ၊ ငါးပူတင်းသည်းခြေအဆိပ်၊ ငါးကျည်း၊ ငါးခူ၊ ငါးဝင်ရိုင်းတို့၏ ဆူးတောင်အဆိပ်တို့၏ အကြောင်းရင်း ဇာစ်မြစ်အစုံကို ရေးသားတင်ပြလိုက်ပါသည်။

ထိုငါးမအုပ်စုဝင် သတ္တဝါများသည် လူအများနှင့် တစ်နည်းမဟုတ် တစ်နည်း လုပ်ငန်းခွင်တို့တွင် ဆက်စပ်ပတ်သက် တွေ့ကြုံနိုင်ကြသည်။

အဆိပ်ရှိသည့် သတ္တဝါများ ဖြစ်ကြ၍ ယင်းတို့အကြောင်းကို ဗဟုသုတရှိထားလျှင် ကြိုတင်၍ အန္တရာယ်ကို ရှောင်ရှားနိုင်ကြပေမည်။

ပင့်ကူမျိုးစိတ်ပေါင်း များစွာရှိကြသော်လည်း အချို့သော မျိုးစိတ်အနည်းငယ်တွင်သာ ပြင်းထန်သည့် အဆိပ်များ ရှိကြပါသည်။

အဆိပ်အပြင်းဆုံး ပင့်ကူ၏ အဆိပ်သည် မြွေဆိပ်ထက်ပင် ပိုမို၍ အဆိပ်ပြင်းထန်သည်ကို တွေ့ရပါသည်။

ဥပမာ(၂)

**"ကြက်ပင့်ကူ"**ဟု ခေါ်သော ပင့်ကူသည် တောပင့်ကူအမျိုးအစား ဖြစ်ပါသည်။ ယင်းတို့သည် တောတောင်များထဲတွင် တွင်းအောင်း၍ နေထိုင်ကြပြီး လူတို့ ခုတ်ယူ မျောချလာသောဝါးဖောင်၊ သစ်ဖောင်၊ ကြိမ်စည်း စသည်တို့တွင် ခိုကပ်၍ ပါလာပြီး လူများ နေထိုင်ရာ ဒေသများသို့ ရောက်ရှိလာတတ်ကြပါသည်။

**ဗီ-ဗီ-ဗီ** ဟု ကြက်ပေါက်စလေးများကဲ့သို့ အော်မြည်သံပေးတတ်ပါသည်။ ယင်းပင့်ကူမျိုး ကိုက်မိလျှင် အလွန် အဆိပ်ပြင်းပြီး ကိုက်သည့် ဒဏ်ရာနေရာတွင် မီးစနှင့် ထိုးသကဲ့သို့ ပူလောင်စွာ ခံစားရပြီး ရောင်ကိုင်းကွဲအက်လာကာ မနေနိုင်အောင် ခံစားရပါသည်။

လက်ချောင်းကလေးကို ကိုက်မိခဲ့လျှင် လက်မောင်းရင်းအထိ ရောင်ကိုင်းလာပါသည်။ ခြေချောင်းဆိုလျှင်လည်း ထိုနည်းတူ အဆိပ်တက်လာပါသည်။

အကာယ်၍ ကံဆိုးပြီး သစ်လုပ်သား၊ ဝါးလုပ်သားများ အလုပ်လုပ်ကိုင်ရင်း **"ပေါင်ကြား၊ ငယ်ပါ"**ကိုများ ကိုက်မိလိုက်လျှင် တစ်ခါတည်းနှင့် ကိစ္စတုံးသွားနိုင်သည်။ အထူး သတိထားရပါသည်။

ထို့ထက် အဆိပ်ပြင်းသည်မှာ **"ပင့်ကူနက်"**မျိုးဖြစ်ပါသည်။ ယင်းကို **"မုဆိုးမပင့်ကူ"**ဟုလည်း ခေါ်ပါသည်။

ပင့်ကူနက်အကိုက်ခံရလျှင် ဆေးမမီဘဲ ချက်ချင်း သေဆုံးတတ်ကြသဖြင့် အိမ်ရှင်မများ အမြန်"အော်တို"မုဆိုးမများ ဖြစ်သွားကြသောကြောင့် ခေါ်ဆိုခြင်းဖြစ်မည် ထင်ပါသည်။

**အဆိပ်ဘုရင်**(Phoneutria) မျိုးစုဝင် ဘရာဇီး အမဲလိုက်ပင့်ကူမျိုး "ပီဖီရာ" (P-fera) ပင့်ကူသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ပင့်ကူတွေထက် အဆိပ်အပြင်းဆုံး အဆိပ်ဘုရင် ပင့်ကူမျိုး ဖြစ်ပါသည်။

www.burmeseclassic.com

သူတို့၏အဆိပ် (0.006 မီလီဂရမ်) လောက် ဘိန်းစေ့ငယ်လေး၏ ပမဏ ထက် သေးငယ်စေသော ယင်း၏ အဆိပ်သည် ကြွက်ကြီးတစ်ကောင်ကို သေစေနိုင်လောက်အောင်ပင် ပြင်းထန် ပါသည်။

ယင်းမျိုးစိတ်များမှလွဲ၍ အခြား ပင့်ကူမျိုးစိတ်များသည် သာမန် အဆိပ် အနည်းငယ်မျှသာရှိကြပြီး ယင်းတို့ ကိုက်မိလျှင်လည်း စပ်ဖျင်းဖျင်းဖြစ်ပြီး အနည်းငယ် ရောင်ရမ်းခြင်းလောက် သာ ဖြစ်တတ်ကြပါသည်။ အသက် အန္တရာယ်ကို မပေးတတ်ကြပါ။

## ပင့်ကူဆိပ် ဖြေဆေးနည်းများမှာ

(၁) မည်သည့် ပင့်ကူမျိုး ကိုက်သည် ဖြစ်စေ အကိုက်ခံရပြီး အဆိပ် တက်၍ ရောင်ကိုင်းနေလျှင် ထို ဒဏ်ရာနေရာတွင် ဆီ၊ ထောပတ် စသည်တို့နှင့် ထိတွေ့ လိမ်းကျံ ခြင်း **"လုံးဝ မပြုလုပ်ရပါ"**။

ပြုလုပ် လိမ်းကျံမိခဲ့လျှင် အဆိပ် သည် လျှင်မြန်စွာ ပျံ့နှံ့လွယ်ပြီး ရောင် ကိုင်း ကွဲအက်လာသည်ကို တွေ့ရ မည်။ **အထူးသတိပြုကြပါ။**

(၂) အဆိပ်ပြင်းသည့် ပင့်ကူ အကိုက် ခံရလျှင် ပင့်ကူဂမုန်းဥကို ထု ထောင်း ကြိတ်ခြေ၍ အရည်ကို ရောင်ကိုင်းနေသည့် နေရာများ တွင် လိမ်းပေးပြီး ဥ၊ ကြိတ်ဖတ် တို့ကို ကိုက်သည့် ဒဏ်ရာတွင် အုံစည်းထားပေးပါ။ အဆိပ်ကို ပြေစေပါသည်။

**"ပင့်ကူဂမုန်းဥ"**ပင်သည် အရွက် မှာ **"စလူရွက်"**ကဲ့သို့ (၃/၄)ရွက် ထွက်နေပြီး အမြင့်(၁/၂)ပေခန့် ရှိပါ သည်။

မြေထဲမှ ဥကို တူးကြည့်လျှင်



တကယ့် ပင့်ကူပုံသဏ္ဌာန်အတိုင်း ခေါင်းပိုင်းနှင့် ကိုယ်ထည် တွဲဆက် နေပြီး အမြစ်မွှားကလေးများက ပင့်ကူ ၏ ခြေ၊ လက်များသဖွယ် တွေ့ရပါ သည်။ ထို့ကြောင့် ပင့်ကူဂမုန်းပင်ဟု ခေါ်ဆိုပါသည်။

အချို့အိမ်များတွင် သီးသန့် စိုက်ပျိုး ထားတတ်ပါသည်။ အဆိပ်ကို နိုင်ပါ သည်။ အကယ်၍ ပင့်ကူဂမုန်း မလွယ် ကူပါက **"စေတီဂမုန်းဥ"**ကိုလည်း အထက်ပါ ပင့်ကူဂမုန်းဥကဲ့သို့ သုံးစွဲ၍ အဆိပ်ဖြေနိုင်ပါသည်။

ဒါမှ ရှာမရခဲ့လျှင် နေရာအတော် များများတွင် ပေါက်တတ်သော **"မဟာကာကြဲဆစ်"**ပင် အရွက်ကို ကြိတ်ခြေ၍ သုံးနိုင်ပါသည်။

(၃) **ရှောင်ချီး(သို့မဟုတ်) တောဖော ဒက မာတ်ချီးကို သံပရာရည် နှင့်သွေးပြီး ကိုက်သည့်ဒဏ်ရာ နှင့် ဒဏ်ရာတစ်ဝိုက်ကို မကြာ ခဏ လိမ်းပေးပါ။**

ပင့်ကူဆိပ်ကြောင့် အကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်းသည် ရောင် ကိုင်းပြီး ပူလောင်နေပါက **"ဗီနီကာ"** ရည်ကို ရောင်ကိုင်းပူလောင်နေသည့် နေရာများတွင် နိုင်နိုင်သုတ်လိမ်းပေး ပြီး ကွမ်းရွက်ကို မီးကင်၍ နေရာစေ့ အောင် ကပ်ပေးထားပါ။

ကွမ်းရွက်မီးကင်ပြီး ကွမ်းရွက် အချောဘက်မှ ဗီနီကာအရည်သုတ် ကပ်ပေးပါ။

နနွင်းမှုန့်ကိုလည်း အထက် ဖော်ပြခဲ့သည့်အတိုင်း ရောင်ကိုင်း သည့်နေရာများတွင် ကွမ်းရွက်မီးကင် ကပ်ပေးပြီး နနွင်းမှုန့်ခံပေးပါ အရောင်ကျလာပြီး အဆိပ်ပြေ မည်။

အရောင်ကျလာပြီး အဆိပ်ပြေ လျှင် စတင် အကိုက်ခံရသည့် အ ပေါက်နေရာတွင် မီးလောင် အ ကြည့်ဖုလို အရည်ကြည်အိတ်က ရလာမည်ကို တွေ့ရမည်။

ယင်း အရည်ကြည်အိတ်က သည် ပင့်ကူအဆိပ်များ ဓာတ်ပြ ပြန်ပြီး ထွက်လာခြင်းဖြစ်သည်။ ယ အဖုလေးကို အပ်သန့်သန့်ဖြင့် အ လေး ဖောက်ထုတ်ပစ်လိုက်ပါ။ ပြီး ရှောင်ချီးနှင့် သံပရာရည်ကို သွေ လိမ်းထားပေးပါ။

စာရေးသူကိုယ်တွေ့ အကောင် အဆိပ်ဖြေဆေးမှာ **စိန်နီမြင်း အစစ်ဖြင့် ဖော်စပ် ပေါင်းတိုက် ထားသည့် "တောဖောဒက ဆေးရည်ဓာတ်ဆေး"**ပင် ဖြ သည်။

ဖက်မအဆိပ်တို့ကို လွန်စွာ နိုင်နင် သည်။ အစွမ်းထက်လှပါသည်။

သို့သော် ယနေ့အချိန်ကာ "စိန်နီမြင်းသွား" အစစ်အမှန် လွန်စွာ ခဲယဉ်းလှပါသည်။ ရ လည်း ဈေးမှာ စိန်နီမြင်းသွား ( ကျပ်သားလျှင် (၂)သိန်းဝန်းကျင် ပေါက်နေပါသည်။ ဒါတောင် ယ လက်ပေါင်း စိန်နီမြင်းသွားကို မမိချင်ပါ။

**[ဤနေရာတွင် တောဖော ပေါင်းဆေးရည် ချက်နည်း**

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါး ရှည်သွားမည် ဖြစ်သဖြင့် မဖော်ပြတော့ပါ။ နောက်မှ သီးသန့် ဆောင်းပါးတစ်ပုဒ် ရေးသား၍ ချက်နည်းနှင့် အဆိပ်များကို နိုင်နင်းပုံ ကိုယ်တွေ့များကို စေတနာထားပြီး တင်ပြပေးပါမည်။]

**ဥပမာ ။ ။** (၃) ပျား၊ ပဒ္ဒ၊ တင်း၊ ပင့်ကူတို့ကဲ့သို့ အဆိပ်ရှိသော အခြားဇီဝမျိုး ကွဲတစ်မျိုးမှာ **"တောက်တဲ့အာနီ"** နှင့် **"တက်တူ"** ကောင်တို့ ဖြစ်ပါသည်။

တောက်တဲ့ ရှိုးရှိုးသည် ယင်းတို့၏ ချေး(မစင်)တွင်သာ အဆိပ်ဓာတ်ပြင်းသော်လည်း **"တောက်တဲ့ အာခေါင်နီ"** မျိုးစိတ်သည် ယင်းပါးစပ်သွားနှင့် ကိုက်မိလျှင် အဆိပ်တက်၍ အဆိပ် ပြင်းပါသည်။

ထို့အတူ **"တက်တူ"** ဟု ခေါ်သော ပုတ်သင် အသေးစားလေးများနှင့် ပုံသဏ္ဌာန်တူသည့် သတ္တဝါတစ်မျိုးသည်လည်း ကိုက်မိလျှင် အဆိပ်ပြင်း တတ်ပါသည်။ ယင်းတို့သည် သစ်ပင်၊ ဝါးပင်၊ ချုံပုတ် စသည်တို့တွင် သဘာဝ အတိုင်း အစာရှာဖွေ စားသောက် နေထိုင်တတ်ကြပါသည်။

အဆိုပါ တောက်တဲ့အာနီ၊ တက်တူ ကောင်တို့ကိုက်၍ အဆိပ်တက်ခဲ့သော် ကင်းဆိပ်၊ ပင့်ကူဆိပ်ဖြေနည်းများ အတိုင်း ဖြေပေးနိုင်ပါသည်။

**ဥပမာ ။ ။** (၄) စားသုံးမိလျှင် အဆိပ်ဓာတ်ကို ဖြစ်စေသော အခြားသော သတ္တဝါတို့မှာ **"ဒေါင်းနှင့် ငါးပူတင်း"** ငါးများတို့ ဖြစ်ပါသည်။ ယင်းတို့သည် သည်းခြေတွင် ပြင်းထန်သော အဆိပ်များ စုဝေး၍ နေပါသည်။

သို့ဖြစ်ပါ၍ ဒေါင်းနှင့် ငါးပူတင်းငါး များကို စားသုံးခြင်းကို ရှောင်ပါ။ အကယ်၍ မရှောင်နိုင်၍ အသားကို



စားသုံးမည်ဆိုလျှင် ယင်းတို့၏ ကလီစာနှင့်တကွ သည်းခြေကို အထူး ဂရုစိုက်၍ ဖယ်ရှားပြီးမှ စားသုံးကြပါ။

ယင်း ဒေါင်းသည်းခြေတွင် ဒေါင်း အဖို၏သည်းခြေက ပို၍ အဆိပ်ဓာတ် ပြင်းထန်ပါသည်။ အကြောင်းမှာ ဒေါင်း အဖိုကြီးများသည် အရောင်စုံ ထွက်၍ လှပလှသော ဒေါင်းမြီးကွက်ကြီးများ၏ အရောင်အသွေး တောက်ပြောင်နေခြင်းသည် ယင်းသည်းခြေဓာတ်၏ သတ္တိကြောင့်ပင် ဖြစ်ပါသည်။

**ဒေါင်းအဖို၏ သည်းခြေသည် အလုံးကြီးပြီး အဆိပ်ဓာတ်လည်း အလွန် ပြင်းထန်ပါသည်။**

သည်းခြေ၏ အရောင်မှာလည်း အရောင်ရင့်၍ လှပပါသည်။ အချို့ ကျောက်မျက်ရတနာ အတုလုပ်သူများ သည် ကျောက်စိမ်းအညံ့ကို ယင်း ဒေါင်းဖိုသည်းခြေရည်ဆိုး၍ အပူပေး အရောင်သွင်း၍ တန်ဖိုးမြင့်အောင် လုပ်ဆောင်ကြပါသည်။

ငါးပူတင်းသည်လည်း အမျိုးအစား ကွဲတို့ များစွာရှိကြပါသည်။ အချို့ မျိုးစိတ်သည် အဆိပ်နည်းပါး၍ အချို့ မျိုးစိတ်များသည် အဆိပ်လွန်စွာ ပြင်း ကြပါသည်။

ငါးပူတင်းသည်းခြေ၏ အဆိပ်သည် အာရုံကြောအဆိပ်မျိုးဖြစ်သည်။ ယင်း အဆိပ်သည် "ဆိုင်ရာနိုက်" အဆိပ် ဓာတ်ထက် အဆပေါင်း(၁၂၀၀)ခန့်ပို၍ ပြင်းထန်ပါသည်။

ငါးပူတင်းတစ်ကောင်၏ သည်းခြေ အဆိပ်သည် လူအယောက် (၃၀)ကို သေစေနိုင်သည်အထိ ပြင်းထန်လှပါ သည်။

သို့သော်လည်း ငါးပူတင်းငါးသည် အဆိပ်ပြင်းသလောက် ယင်း၏ ငါး အသားသည် လေးပင်၍ အရသာရှိကြ သောကြောင့် ရသတဏှာကို မဖြတ်နိုင် ကြသောသူများသည် အန္တရာယ် မကြောက်ဘဲ စားသုံးနေကြပါသည်။

တရုတ်၊ ဂျပန်ကဲ့သို့သော အာရှ နိုင်ငံများတွင် ငါးပူတင်းငါးကို လွန်စွာ နှစ်သက်စွာ စားသုံးကြ၍ နှစ်စဉ် ငါးပူတင်းအဆိပ်ဖြစ်၍ သေဆုံးကြသူ များ ရှိကြပါသည် ဖြေဆေးမရှိပါ။

သို့သော် သူတို့နိုင်ငံများတွင် ငါးပူတင်းငါးကို ချက်ပြုတ်စီမံရသော စားဖိုမှူးကြီးများသည် အထူး ကျွမ်းကျင်၍ လိုင်စင်လက်မှတ်ရသည့် စားဖိုမှူးများသာ ငါးပူတင်းငါးကို ချက်ပြုတ် ခွင့် ရှိကြပါသည်။ အခြားမည်သည့် စားဖိုမှူးကိုမှ ချက်ခွင့်မပေးပါ။

ဒါတောင် တစ်ခါတစ်ရံ ငါးပူတင်း အဆိပ် ဖြစ်တတ်ကြပေသေးသည်။ ထို့ကြောင့် ဒေါင်းသည်းခြေနှင့် ငါးပူ တင်းသည်းခြေတို့သည် လွန်စွာ အဆိပ်ပြင်းထန်၍ ဖြေဆေးမရှိ ဆေး မမီသော အဆိပ်မျိုးဖြစ်သည်ဟု အမြဲ သတိပြုရန် လိုအပ်ပါသည်။

**ဥပမာ ။ ။** (၅) ရေသတ္တဝါများထဲ တွင် **"ပင်လယ်ရေတန်း"** ဂျယ်လီဖစ်(Jelly Fish)ခေါ် ရေရှူ၏ အမျှင်တန်းအဆိပ်သည်လည်း ယင်း နှင့် လူခန္ဓာကိုယ် ထိမိခဲ့လျှင် မီးလောင် ဖုကဲ့သို့ ဖြစ်ပေါ်လာပြီး လွန်စွာ နာကျင် ပါသည်။

ယင်းရေတန်းအဆိပ် ထိမိခဲ့လျှင် အကောင်းဆုံးနည်းမှာ ပထမဦးစွာ



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်ရာကို "ဗီနီကာ" ရည်ဖြင့် ဆေးပေးပါ။

"ဗီနီကာ" ရည်သည် ရေတန်း၏ အဆိပ်ကို ထိန်းချုပ်ပေးထားပါသည်။ သာမန် ရေချိုနှင့် မဆေးရပါ။ ရေချိုထိလျှင် ရေတန်းအဆိပ်ပို၍ အပုံပြန့်ပြီး ပို၍ နာကျင်လာတတ်သည်။ သတိပြုပါ။

ပြီးလျှင် လိပ်ခွံကိုရအောင် ရှာပြီး လိပ်ခွံကို သွေး၍ ဒဏ်ရာများကို လိမ်းပေးပါက လျင်မြန်စွာ သက်သာပျောက်ကင်းသွားမည် ဖြစ်သည်။

အကြောင်းမှာ ပင်လယ်လိပ်များသည် ရေတန်း(ခေါ်) ရေရှူ၏ အဆိပ်ကို နိုင်ပါသည်။ ယင်းရေရှူများကို လိပ်များသည် အစာအဖြစ် ကြိုက်နှစ်သက်စွာ စားသောက်ပစ်ကြပါသည်။

တစ်ဖန် ရေချိုငါးကျည်း၊ ငါးစင်ရိုင်း စသည်တို့ ဆူးမိလျှင် အသက်မသေသော်လည်း လွန်စွာ နာကျင်လှပါသည်။

ထို ငါးကျည်း၊ ငါးစင်ရိုင်း စူးမိလျှင် အကောင်းဆုံးနည်းမှာ ရှောင်ချိုး(သို့ မဟုတ်) တေဖေဒကချိုးကို သံပရာရည်ဖြင့် စိမ်ထားသည့် ဆေးရည်သည် လွန်စွာ ထိရောက်လှပါသည်။

ယင်းဆေးရည်ကို ဂွမ်းနှင့် စွပ်၍ ထည့်ပေးပါက ချက်ချင်း အဆိပ်ပြေ၍ သက်သာသွားပါမည်။

မန်ကျည်းစေ့ကို အဖြူသားပေါ်အောင် သွေးပြီး ကပ်ပေးပါကလည်း အဆိပ်ပြေပါသည်။ ကျောက်ချဉ်ကို သံပရာရည်နှင့်သွေးပြီး လိမ်းပေးပါကလည်း သက်သာပါသည်။ ရရာလွယ်ရာကို သုံးကြပါ။

အထက်ဖော်ပြပါ ရေးသားတင်ပြချက်များသည် ဇင်္ဂမအဆိပ် အုပ်စုမျိုးဝင် သတ္တဝါဇီဝ မျိုးစုံမျိုးကွဲတို့၏ အဆိပ်များကို မြွေဆိပ်မှလွဲ၍ တတ်နိုင်သမျှ စုံလင်အောင် ယင်းသတ္တဝါတို့၏ နေထိုင်ကျက်စားသွားလာပုံ သဘာဝများနှင့်တကွ ယင်းတို့၏ အဆိပ်ပြေသည့် မြန်မာ့ရိုးရာ အဆိပ်ပြေနည်းများကို စာဖတ်သူ ပရိသတ်များ အကျိုးများစေရန် ရည်ရွယ်၍ တင်ပြရေးသားလိုက်ပါသည်။

ယင်းနည်းများအတိုင်း လိုက်နာကျင့်သုံးကြပါက အမှန်တကယ် အကျိုးရှိကြပါမည်ဟု ထပ်လောင်းပြောကြားအပ်ပါသည်။

ထိုဇင်္ဂမအဆိပ်မျိုးထဲမှ **"မြွေဆိပ်သဘာဝနှင့် အဆိပ်ပြေနည်း"** တို့နှင့် ထာဝရအဆိပ်မျိုးထဲမှ **"မှိုတောက်ခြင်း အဆိပ်ပြေနည်း"** များကို ရှေ့လများတွင် သီးသန့် ဆောင်းပါးတစ်ပုဒ်စီ ပြည့်စုံစွာ ရေးသား တင်ပြပါမည်ဟု စာဖတ်ပရိသတ်ကြီးကို လေးစားစွာ ပန်ကြားလိုက်ပါသည်။

**လူသားတိုင်း...**

**ဇင်္ဂမထာဝရဟု ဆိုအပ်သော အဆိပ်ကိုလေသာ၊ ကာမတဏှာဟု ဆိုအပ်သော အဆိပ်တို့မှ ကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေ။**

ဦးမင်းခင်(ရွှေနဝင်း)

**စာမျက်နှာ (၁၆၂)မှ အဆက်**

[illegible]

ကြည်မောင်မောင် (ဗဲ)



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏

## ဘာသာစကား(၃၇)

ဟုတ္တင်ဒိ

### ဖယောင်းမီးရောင်



ဖယောင်းတိုင်မီး။ မီးအိမ်ငယ်တို့မှ ထွက်ဖြာကျသော အလင်းရောင် ဖြစ်သည်။ ယင်းသည် အများစုနှင့် ကွဲလွဲစွာ တစ်ဦးတစ်ယောက်တည်းအတွက် ဘုလဝိဇ္ဇာနိုင်ပြု ရည်ညွှန်းခြင်း သင်္ကေတ ဖြစ်သည်။

ဘဝတစ်ပါးသို့ ကူးပြောင်းသွားသူ အတွက် ရှေ့ဆက်မည့် ဘဝခရီး အတွက် ရည်ညွှန်းဆုတောင်းခြင်း ဖြစ်သကဲ့သို့ တစ်နယ်ရပ်ဝေး ရောက်နေသူ အတွက် ကံကြမ္မာကောင်းများ ဖေးမ ကူညီမှုပေးပါရန် ရည်သန်ဆုတောင်း ဆော့ ရှိကြသည်။

တရုတ်ဓလေ့တွင်လည်း ကွယ်လွန် သွားသူအတွက် သူ၏ သွေးသောက် ညီအစ်ကိုများက လမ်းမနံဘေး၊ မိမိ နေအိမ်(မျက်နှာစာ)ရှေ့တွင် ဖယောင်း (၂)တိုင်ကို ညဦး မှောင်စပျိုးချိန်၌ ထွန်းညှိပေးကြသည်။

ကျွမ်းဝင်သေးသည့် တမလွန် ခရီးတွင် မိမိသွားရမည့်လမ်းကို မျက်မြင်ထင်ထင် မြင်တွေ့စေရန် ရည်ညွှန်းသကဲ့သို့ ထိုသူ၏ အိမ်အပြန် ခရီးတွင်(မြေမှလာ၍ မြေသို့ပြန်ရသည့် ဘဝတစ်သက်တာခရီး)မြေကို ပိုင် ဆိုင်သည့် ဝသုန္ဒရေ မြေစောင့်နတ်မင်း ထံ ခွင့်တောင်းပူဇော်ခြင်းလည်း မည် သည်။

### ကန့်နိုပီ(Canopy)

အင်္ဂလိပ်ဘာသာ၌ ကန့်နိုပီသည် ထီးဘောင်၊ မျက်နှာကြက်၊ ဦးခေါင်း အထက်ပေါ်မှ ဖုံးလွှမ်းထားသော အစိတ်အပိုင်းဟု အဓိပ္ပာယ် ရရှိသော်လည်း ဤသင်္ကေတမှာ တရုတ်ဗုဒ္ဓဘာသာ ထုံးဓလေ့အရ "**ဖော့မဲန်ပါး ပေါင်**"(Fó Mén Bā Bǎo)ဟု ခေါ်ဝေါ်သည့် (**သာသနာ့ဘောင်မှ ရတနာရှစ်ပါး**)၌ ပါဝင်သော **ရတနာ ထီး**"ပေါင်းစန်"(Bǎo Sǎn)ကို ရည်ညွှန်းခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ၏ သာသနာဘောင်မှ ရတနာရှစ်ပါးတွင် "**ဖာလွန်း**"Fǎ Lūn ဟု ခေါ်သည်။ ဓမ္မဘီးရဟတ်လည်း ပါဝင်သည်။ **ဘီးထောက်ရှစ်ချောင်း** (Eight spokes=မဂ္ဂင်ရှစ်ပါး) ပါဝင် သော **ဓမ္မစကြာ(ဘီးရဟတ်)**သည် ဗုဒ္ဓဟောကြားတော်မူသော တရား ဒေသနာတော်များ ကပ်ကမ္ဘာတည် သရွေ့(တည်ရှိ) မရပ်မနား လည်ပတ် နေလိမ့်မည်ဟု ဖော်ပြသော အထိမ်း အမှတ်ဖြစ်သည်။

"**ရတနာထီး**"ကား ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာတော် အတိုင်း ကြည်ညိုလေးစား လိုက်နာ ကျင့်ကြံသူတို့အတွက် တစ်စုံတစ်ရာ သော ဘေးရန်သတ္တရုများ ထိခိုက်ခြင်း မရှိစေရဟု ကာကွယ်ပေးတော်မူသော အနန္တတန်ခိုးရှင် ဗုဒ္ဓ၏ ဘုန်းတန်ခိုး အရိပ်အာဝါသ ဖြစ်သည်။

**သာသနာ့ဘောင်** (ရဟန်းဘောင် သို့ ဝင်ရောက်လိုသူ(လူဝတ်ကြောင်) သည် အချိန်များစွာယူ၍ လေ့လာ သုံးသပ် ဆုံးဖြတ်ရသည်။ ပိုင်နိုင်စွာ ဆုံးဖြတ်ပြီးသော အချိန်တွင်းမှ သာသနာဘောင်သို့ ဝင်ခွင့်ပေး(ရဟန်း ပြုပေး)သည်။

နဖူးနှင့် ငယ်ထိပ်တွင် အမွေးတိုင် အကြီးစား၏ မီးကျီးခဲဖြင့် ထိုးနှံကာ သာသနာဘောင်၊ ရဟန်းဘောင်တွင်း မှ ပုဂ္ဂိုလ်(ဗုဒ္ဓ၏သားတော်)များ အဖြစ် အမှတ်သင်္ကေတ ပြုပေးသည်။

**သေရာဝီးစည်း မီးလောင်ရာအမှတ် ဖြစ်လျှက်သက်ထက်ဆုံးတိုင်ဘုရားရှင်၏ အရှိန်အဝါသည် ခိုင်မြဲနေကြောင်း ရတနာထီး (ပေါင်းစန်) အထိမ်းအမှတ် ဖြစ်သည်။**

အတိတ်ပါရမီ ဖြည့်ဆည်းမှု နည်းပါး လွန်းသဖြင့် လိင်ပြန်၊ လူထွက် ပရိ သုဒ္ဓပြုရပါလျှင် လူကြား၊ လူ့ဘောင် တွင်း မတိုးဝံ့၊ မနေသာ ပုန်းလျှိုးကွယ် လျှိုးဖြင့်သာ ပင်ပန်းကြီးစွာ လိမ်ညာ နေထိုင် နိုင်ချုပ်ရလေသည်။

ဤကား Canopy ခေါ် ရတနာထီး (ပေါင်းစန်)၏ ဖွင့်ဆိုချက်ဖြစ်သည်။

သင်္ကေတဆိုင်ရာ အော်လီဂါရီ (allegory)နည်းပညာအရမူ"**ကာကွယ် တားဆီးပေးခြင်း**" အဓိပ္ပာယ် ဆောင်ယူလေသည်။ [**(တရုတ်) ဗုဒ္ဓ ဝါဒီမဟုတ်သော အခြားသူများ အတွက်လည်း ကာကွယ်ခြင်း အနက် ပေးကြောင်း ဆိုလို၏။**]

ယင်းသည် မြေ၏ မူလသရုပ် သဏ္ဌာန်ဖြစ်သော လေးထောင့် စတုရန်းပုံ ရှိတတ်ကြ၍ ဘိုးဘေးရှေးဦး လူသားဟူ၍ **ဝယဝုဍ္ဍ(အသက် အရွယ် ကြီးရင့်ခြင်းဂုဏ်)**အားဖြင့် အလေးအနက် ပြုအပ်သူ(Primitive peoples and ancients)များနှင့် အနီး ကပ်ဆုံး ဆက်သွယ်ခိုလှုံနိုင်သော **ရိုးရာထုံးဓလေ့ဆိုင်ရာ အရိပ်နိုထီး** (ritual parasol)လည်း ဖြစ်လေသည်။ [ritual parasol=ထုံးဓလေ့ အခမ်းအနား

www.burmeseclassic.com

များတွင် နေဒဏ်မှ ကာကွယ်ပေးသည့် နေကာပစ္စည်း Sun-umbrella.]

## ပဒုမ္မာကြာ



အနောက်တိုင်း ယဉ်ကျေးမှုတွင် နှင်းဆီနှင့်အပြိုင် အသုံးများသော သင်္ကေတဖြစ်သည်။ အီဂျစ်အယူအဆတွင် ပဒုမ္မာကြာသည် ဘဝအစပျိုးခြင်း သို့မဟုတ် စတင်ထွက်ပေါ်လာခြင်း၏ အထိမ်းအမှတ်အဖြစ် သုံးလေ့ရှိသည်။

ရှေးဦးကာလများတွင် ပဒုမ္မာကြာကို ပုံမှန်သဘာဝဖြစ်စဉ်များနှင့် ဆိုင်သော သာမန်သင်္ကေတအဖြစ်သာ သုံးစွဲခဲ့ကြသော်လည်း အလယ်ခေတ်သို့ ရောက်လာသောအခါ ပဒုမ္မာကြာသည် လျှို့ဝှက်နက်နဲသော သော့ချက်၊ လူသား၏ အသည်းနှလုံးအဖြစ် တင်စားလာကြသည်။

ကြာပွင့်၏ ပွင့်ဖတ်အရေအတွက်ပေါ်မူတည်၍လည်း အဓိပ္ပာယ်ကွဲပြားနိုင်သည်။ ဥပမာအားဖြင့် ပွင့်ဖတ်(၈)ဖတ်ပါသော ကြာပွင့်သည် အထက်တုံကို ညွှန်းသည်။

အိန္ဒိယအလယ်ပိုင်းတွင် ယင်းကြာပွင့်သည် ပြဟ္မာပြည်ကို ဖော်ပြခြင်းဖြစ်သည်။

ရှေးရှေးမလူမျိုးများက ပွင့်ဖတ်(၈)ဖတ်ရှိသော ကြာကို ကောင်းကင်(စက်ဝိုင်း)နှင့် မြေကြီး (စတုဂံ သို့မဟုတ် လေးထောင့်)တို့၏ အစိတ်အပိုင်းဖြစ်သည်ဟု ဖွင့်ဆိုခဲ့ကြသည်။

ပွင့်ဖတ်တစ်ထောင်ဟု ဆိုလျှင်ကား နောက်ဆုံးအကြိမ်အဖြစ် အသိပေးအကြောင်းကြားခြင်းဖြစ်သည်။

နောက်ဆုံးအကြိမ် ကူညီခြင်း၊ လုပ်ဆောင်ပေးခြင်းဖြစ်သည်။ နောက်ဆုံးနှုတ်ဆက်ခြင်းဟုလည်း ဆိုနိုင်သည်။

ပုံသဏ္ဌာန်အနေဖြင့် ကြာပွင့်အလယ်တွင် တြိဂံနှစ်ထပ် ပါဝင်လေ့ရှိသည်။ ယင်းတြိဂံနှစ်ထပ်သည် လုံးဝကုန်ခန်းပျောက်ပျက်ခြင်း အနက်ဆောင်လေသည်။

တရုတ်ဓလေ့တွင်လည်း ပဒုမ္မာကြာ ကြာပန်းကို ထွက်ပေါ်ခြင်း၊ ပေါ်ပေါက်လာခြင်း အဓိပ္ပာယ်ဆောင်သော်လည်း ကောင်းသောကိစ္စ ဝမ်းမြောက်ဖွယ်ဖြစ်ရပ်များတွင် အသုံးများကြသည်။ **"ကြာပွင့်အလယ်မှ ပတ္တမြား"**ဟု ဆိုပါက အသဒိသယောကျ်ား **(မည်သူနှင့်မှမတူသော၊ အတုမရှိသော ယောကျ်ား)**ထွက်ပေါ်လာပြီ။ **"ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းလာပြီ"** ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်ခြင်း ဖြစ်လေသည်။


## ကျစ်ဆံမြီး

ဖွတ်မြီးထိုး ထုံးချည်ထားသော ဆံပင်အစုဖြစ်သည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ စိတ်နေသဘောထားကို ဖော်ပြသော သင်္ကေတဖြစ်သည်။ စိတ်အတွင်းမှ စွဲမြဲစွာ ယုံကြည်ခြင်း၊ ကြည်ညိုလေးစား အားကိုးခြင်းကို ဖော်ပြသည်။

ကျစ်ဆံမြီးကို ဖြေလိုက်သည်ဆိုလျှင်ကား ယင်း၏ပြောင်းပြန် ဆန့်ကျင်ဘက်သဘောကို တင်ပြခြင်း ဖြစ်သည်။ အယုံအကြည်ကင်းမဲ့ခြင်း၊ အားကိုးအားထားမရှိခြင်းတို့ကို ရည်ညွှန်းသည်။

## ထယ်သွား

လယ်ယာလုပ်ငန်းတွင် မြေကို ခွဲရသည့်ကိရိယာဖြစ်သည်။ ဤသင်္ကေတ



သည် သာမန်အားဖြင့် မြေဩဇာကောင်းမွန်ခြင်း၊ မြေဆီဩဇာ ပြည့်စုံခြင်းကို ညွှန်းသည်။ ထောက်ပံ့အားပေးမှုပြည့်စုံသည်။ အကူအပံ့ အားကောင်းသည်ဟုလည်း ဆိုလိုသည်။

အာရိယန်ဒဏ္ဍာရီတွင် **ထယ်ရေးငင်ခြင်းသည်** အဖိုနှင့်အမ ပေါင်းဖက်ခြင်းသို့ ရည်ညွှန်းသည်။ မြေကြီးသည် အမ၊ ကတ္တီလိင်၏ သင်္ကေတဖြစ်၍ ထယ်ရေးငင်ခြင်းသည် ကာမဆက်ဆံခြင်းဟု ဆိုသည်။

တရုတ်ဓလေ့တွင်လည်း ထယ်ရေးငင်ခြင်းကို ချစ်မျှဟာကျင်းသည်ဟူသော ဝေါဟာရအစား တင်စားသုံးနှုန်းကြောင်း **(သက်ရှည်ကျန်းမာရေးနှင့် ချစ်ခြင်းမေတ္တာ တာအိုကျမ်း)**တွင် ဖော်ပြထားလေသည်။

## သစ်ခက်တောင်ဝှေး

သစ်ကိုင်းခွကဲ့သို့ လက်ကိုင်ရှိသော တောင်ဝှေးဖြစ်သည်။ ထောက်ထားစဉ်၊ တောင်နှစ်လုံးအကြားရှိ လမ်းပမာ မတ်မတ်ထောင်ထားသော ပုံသဏ္ဌာန်ရှိသည်။

မတ်မတ်ထောင်နေသည့် ပုံစံအရ စိတ်ကို ထိန်းမတ်ခြင်းသဘော ဆင်ခြင်တုံတရားကို ကိုယ်စားပြုသည်။

မီးလောင်သွားသော တောင်ဝှေးကိုင်ဖန်များသဖြင့် ပွန်းပဲ့နေသော တောင်ဝှေးဆိုပါက **"သေဆုံးခြင်း"** မရဏကို ညွှန်ပြသကဲ့သို့ ဉာဏ်အမြော်အမြင်ကိုလည်း ကိုယ်စားပြုသည်။

**ရွှေလ ဆက်ဝေယံရှိန်**

**ဟူကျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော

# မြွေကွင်းဆက်

မင်းတပ် ဦးအောင်ခင်

နှင့် သိရှိသူ ပညာရှင်များမှ ဖြေကြားပေးကြပါရန်

စာရေးသူမှာ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့မှာ အခြေချ နေထိုင်ခဲ့ပါတယ်။

မင်းတပ်မြို့မှ ပြည်မဒေသအသီးသီးသို့ သွားလျှင်လည်းကောင်း၊ ပြည်မဒေသအသီးသီးမှ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ဆောမြို့များသို့ သွားလျှင် လည်းကောင်း ပခုက္ကူ၊ ပေါက်၊ ကျောက်ထုမြို့များကို မလွှဲမသွေ ဖြတ်၍ သွားရပါတယ်။ မော်တော်ကားလမ်း(လမ်းကြမ်း)က ဒီတစ်လမ်းတည်း ရှိပါတယ်။

ပြည်မဒေသအသီးသီးမှ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ဆောမြို့များသို့ သွားရောက်မယ်ဆိုရင် ပထမဆုံး ပခုက္ကူမြို့သို့ ရောက်ရပါမယ်။ ယင်းမှ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နဲ့ ဆောမြို့များသို့ သွားရောက်မယ့် ကုန်တင်ကားကြီးများကို စုံစမ်းမေးမြန်းရပါတယ်။

ကုန်တင်ကားများမှာလဲ ကုန်သည် လေး,ငါး,ခြောက်ဦးရှိမှသာ ကားတစ်စီး ရှိတာမို့ ကားတစ်စီး ပြည့်အောင် စောင့်ဆိုင်းနေရပြီး ရက်ကြာလေ့ ရှိပါတယ်။ အဲဒါကြောင့် ပခုက္ကူရောက်ပြီး တစ်ပတ်လောက်ကြာမှ မိမိရောက်လိုတဲ့မြို့သို့ ရောက်ကြပါတယ်။

အဲဒါလဲ နွေရာသီနဲ့ ဆောင်းရာသီမှာ ဖြစ်ပါတယ်။ မိုးရာသီရောက်ပြီဆိုရင်တော့ ချင်းတောင်ပေါ်မှာ မိုးတွေ သဲသဲမဲမဲရွာပြီဆိုရင်တော့ ချောင်းရေကျပြီး ကားလမ်းတွေ ပိတ်သွားပါပြီ။

အဲဒီအခြေအနေကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)ခန့်က ဖြစ်ပါတယ်။ စာရေးသူကိုယ်တိုင် ပေါက်မြို့မှ ကျောက်ထု၊ မင်းတပ်ကြားလမ်းမှာ မအိပ်ဘူးတဲ့နေရာ မရှိခဲ့ပါဘူး။

ပခုက္ကူမှ ကျောက်ထုရောက်ပြီး မင်းတပ်သွားမယ့် ကားမရှိလို့ ကျောက်ထုမှာ ညအိပ်ခဲ့ရတဲ့ အကြိမ်ပေါင်းလဲ များခဲ့ပါတယ်။

အဲဒီမှာ ကားစောင့်ရင်း ကျောက်ထုမြို့မှ ရေဒီယို၊ ကက်ဆက် ယခု တီဗွီ ပြင်တဲ့ ကိုလှမြင့်(ယခု ကွယ်လွန်)နဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်။ ကားစောင့်ရင်း သူ့အိမ်မှာလဲ တည်းခိုဖူးပါတယ်။

ကိုလှမြင့်က တီဗွီ၊ ကက်ဆက်၊ ရေဒီယို ပြုပြင်ပြီး သက်ဆိုင်တဲ့ပစ္စည်းများလဲ ရောင်းပါတယ်။ ဝါသနာအလျောက် ကျောက်ထုမြို့အနီးမှာ ဥယျာဉ်ခြံမြေဝယ်ပြီး သရက်၊ ပိန္နဲ၊ ရှောက်ချို၊ သံပရာနဲ့ အောင်သပြေ၊ ပတ္တမြားသပြေနဲ့ ရွှေသပြေပန်းများကို စိုက်ပျိုးပြီး နေ့လယ်ရောက်ရင် ဆိုင်ကို တပည့်နဲ့ သားသမီးများနဲ့ လွှဲထားပြီး ဥယျာဉ်ခြံသို့ သွားရောက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ကျောက်တုရောက်နေတဲ့ အချိန် နှစ်ယောက်တည်း လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ကိုလှမြင့်က သူ့ရဲ့ ထူးထူးဆန်းဆန်း အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြပါတယ်။

'ကျွန်တော် ဉယျာဉ်ခြံမြေကို သီးပင်စားပင်များကို ပြုစုရင်း နောက်တစ်နေ့ မနက်စောစောမှာ ဂိုအတွက် ပန်းနဲ့ ဉယျာဉ်ကို နေ့တိုင်း သွားရပါတယ်။ တစ်နေ့မှာတော့မှာ... ကျွန်တော်လဲ တစ်သိမ့် ကြားလဲ မကြားဘူး တွေ့လဲ မတွေ့ဘူးတဲ့ အင်းမတန်ထူးဆန်းတာကို ကျွန်တော့်ခြံထဲမှာ ကျွန်တော်ကိုယ်တိုင် တွေ့ရတယ်ဗျာ

အဲဒါကတော့ မြွေတစ်ကောက်ဟာ သူ့ အမြီးကို သူမျိုနေတာကို တွေ့ရတာပဲ။ ကျွန်တော်လဲ ယန်ရှရင်း အဲဒီမြွေကိုပဲ အကဲခတ်ကြည့်နေတယ်ဗျာ။ တဖြည်းဖြည်းနဲ့ အဝိုင်းက ကျဉ်းကျဉ်းသွားတယ်။

နေဝင်ချိန်ချမ်းလို့ ကျွန်တော်ပြန်တဲ့အချိန်ထိ မပြီးသေးဘူး။ ကျွန်တော်လဲ နေရာကို မှတ်သားပြီး မိုးချုပ်လို့ ပြန်ခဲ့ပါတယ်။

နောက်တစ်နေ့ မနက်ရောက်တော့ ကျွန်တော် အဲဒါကို သွားကြည့်တဲ့အခါ အဲဒီနေရာမှာ ဘာမှ မရှိတော့ဘူး။ ဘယ်လို ဖြစ်သွားလဲဆိုတာ စဉ်းစားလို့ မရဘူး' လို့ ပြောပြပါတယ်။

နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်း စာဖတ် ပရိသတ်များခင်ဗျား... အဲဒီလို အဖြစ်အပျက်မျိုး ဖြစ်တတ်ပါသလား။ ကိုလှမြင့်ကတော့ သူ့ကိုယ်တွေ့လို့ ပြော[illegible] တယ်။

အဲဒီလို အဖြစ်အပျက်မျိုးကို များ[illegible] သောအားဖြင့် တောသူတောင်သား[illegible] များသာ တွေ့ကြုံနိုင်ပါတယ်။

အဲဒီမြွေအကောင်ဘယ်ရောက်သွားတာလဲ ဘာကြောင့် ပျောက်သွားတာလဲ၊ နောင်[illegible] တွေ့ရင် ဘာလုပ်သင့်သလဲဆိုတာ [illegible] ပညာရှင်များ နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်း[illegible] တစ်ဆင့် ပြန်ကြားပေးပါရန် တင်ပြလိုက်[illegible] တယ်ခင်ဗျား...

**မင်းတပ် ဦးမအောင်ခင်**

[illegible]

**စာမျက်နှာ (၁၇၁)မှ အဆက်**

အပင်သာမက ဖိုက်ရိုးမြေကိုလဲ ပက်ဖျန်း သုံးစွဲနိုင်တယ်'

ပော်ပြပါနည်းအတိုင်း စာရေးသူကိုယ်တိုင် ဖော်စပ်၍ ကိုယ်ပိုင် မတ်ဆဲ ဖိုက်ကွင်းတွင် အသုံးပြုကြည့်ခဲ့သည်။ အပင်များ ထွားကျိုင်းသန်မာ၍ အသီးအပွင့်လိုင်ကာ အထွက်ကောင်းသည်ကို တွေ့ရသည်။

ဆေးရည်စပ်အနံ့သည် လူကို အဆိပ်ဥပဒ် မဖြစ်စေဘဲ အပင်ဖျက် ပိုးမွှားများကို နှင်ထုတ်ပေးနိုင်၏။

ဖျက်ပိုးများသည် ဆေးရည်စပ်အနံ့ကို မနှစ်သက်၍ အပင်မစွဲကပ်ခြင်း ဖြစ်သည်။ စွဲကပ်လာသည့် ဖျက်ပိုးရှိလျှင်လည်း ထိုဆေးရည်နံ့ကို ကြိုက်သည့်ဖိတ်ဆွေ အသားစားပိုးများနှင့် တွေ့ပြီး မျိုးမတိုးပွားနိုင်၊ တိုက်ခိုက်ကြသဖြင့် ပိုးမွှားအန္တရာယ် သိသိသာသာ လျော့ပါးကြောင်း တွေ့ရသည်။

ဆေးရည်စပ်အနံ့သင်းကြောင့် အပင်များ စိမ်းစို၍ အသီး[illegible] အဆက်အစက်များ ဝေဆာကာ အပင်မကျလွယ်ဘဲ ပင်သက်[illegible] ရှည်စေသည်။

ထို့ကြောင့် အဆိုပါ သဘာဝဆီ ဖျက်ပိုးမြေဩဇာရည်[illegible] သည် ကုန်ကျစရိတ်သက်သာခြင်း၊ အပင်ကို အမှန်တကယ်[illegible] အကျိုးပြုနိုင်ခြင်း၊ သုံးစွဲသူကို အန္တရာယ်ဆိုးကျိုး မပေးနိုင်ခြင်း၊ ဖျက်ပိုးများကို သဘာဝနည်းဖြင့် တားဆီးနိုင်ခြင်း စသော[illegible] ဂုဏ်သတ္တိထူးများနှင့် ပြည့်စုံနေသဖြင့် စိုက်ပျိုးရေးသမား[illegible] သိရှိ အသုံးပြုနိုင်စေရန် ဝေမျှသဖြင့် တင်ပြလိုက်ပါသည်။


(ဆေးသွေးကျောက်ကွသ သိသူတော်စား ထန်းရိုက်ကိုသိ၍ အသ[illegible] ရှိ၍ သုံးစွဲနိုင်စေသော)

**ညွှန့်ဝင်း(ရုပ်တားသင်း)**

www.burmeseclassic.com

ငွေကုန်သက်သာ သဘာဝဇီဝ

# ရွက်ဖျန်းမြေဩဇာ



ဦးဝင်း (နတ်တလင်း)

စာရေးသူတို့နိုင်ငံသည် လယ်ယာ ဥယျာဉ်ခြံမြေ ပေါများပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးသူများမှာ အများစု ဖြစ်ပါသည်။

နိုင်ငံလူဦးရေ (၃၀)ရာခိုင်နှုန်းသည် မြို့နေလူထုဖြစ်၍ ကျန်(၇၀)ရာခိုင်နှုန်းမှာ ကျေးလက်တောရွာများတွင် နေထိုင်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။

စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ မည်သည့် အပင်အမျိုးအစားဖြစ်စေ အပင်ရှင်သန်ထွားကျိုင်း၍ ပွင့်သီးနိုင်ရန် မြေဩဇာ သုံးစွဲပေးရသည်။

မြေဩဇာတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဟူ၍ နှစ်မျိုးရှိသည်။

စာရေးသူ ယခုတင်ပြမည်မှာ အဖိုးနည်းဝန်ပါဖြင့် ထိရောက် ကောင်းမွန်သော သဘာဝဇီဝ ရွက်ဖျန်းမြေဩဇာရည် ထုတ်လုပ်သုံးစွဲနည်း ဖြစ်သည်။

အများစုက အလွယ်တကူ ဝယ်ယူရရှိသော ဓာတ်မြေဩဇာများကို အားကိုး အသုံးပြုနေကြရာ ကုန်ကျစရိတ် များပြားနိုင်ပါသည်။

တစ်နေ့တွင် စာရေးသူနှင့် စိုက်ပျိုးရေးဝန်ထမ်းလူငယ်တို့ လက်ဖက်ရည်ဆိုင်၌ တွေ့ဆုံမိကြသည်။ စိုက်ပျိုးရေးနှင့် မြေဩဇာများသုံးစွဲခြင်းအကြောင်း ဆွေးနွေး ပြောဆိုဖြစ်ကြပြီး ဝန်ထမ်းလူငယ်က...

'စိုက်ပျိုးသူတွေက ဓာတ်မြေဩဇာချည်း အားကိုးနေကြတော့ ကုန်ကျစရိတ် မသက်သာတဲ့ သီးနှံအတွက်မကောင်းပြန်ရင် တွက်ခြေမကိုက်နိုင်ဘူးလေ၊ ပြီးတော့ မြေတွေလဲ ပျက်စီးလာပြီး သီးနှံစိုက်ဖို့ အခက်တွေ့လာရတယ်'

ဟု ပြောပြပါသည်။

'ဟုတ်တယ်ကွ၊ သဘာဝမြေဩဇာက အပင်ကို တစ်ဟုန်ထိုး အစွမ်းမပြနိုင်ပေမယ့် ရေရှည်မှာ မြေပျက်စီးမှုကို ထဲ ကာကွယ်နိုင်တယ်ဆိုတာ သိပ်မသိကြဘူး။ ဒါ့အပြင် ကုန်ကျစရိတ် သက်သာတော့ စိုက်ပျိုးသူတွေ တွက်ခြေကိုက်သပေါ့'

စာရေးသူက ဤသို့ ဆွေးနွေးထောက်ခံလိုက်လျှင် လူငယ်က...

'ငွေကုန်သက်သာတဲ့ သဘာဝဇီဝ ရွက်ဖျန်းမြေဩဇာ လုပ်နည်းရှိတယ်၊ လူသိနည်းသေးတယ်လို့ ထင်ပါတယ်'

ဟု ဆိုလာသဖြင့် စာရေးသူက...

'ဖော်စပ်နည်းလေး ပြောပြပါလား။ နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းကို ဆောင်းပါး ရေးပို့ချင်လို့'

ဟု စပ်စုမိလိုက်ပါသည်။

'နည်းက လွယ်ပါတယ် စာရေးဆရာရယ်၊ လွယ်လွန်းတဲ့နည်းမို့ အထင်တော့ မသေးလိုက်နဲ့ တကယ်ကို အကျိုးရှိတာ'

'ပြောသာ ပြောပါကွာ၊ ဆရာ့မှာလဲ လယ်တွေရှိတော့ သုံးလို့ရတာပေါ့'

ဤတွင် လူငယ်က ဖော်စပ်နည်းကို စိတ်ရှည်လက်ရှည် ပြောပြပါတော့သည်။

'ဖော်စပ်ဖို့ ထန်းလျက်အကြမ်း(အရောင်ညို ပြည်ပည်း)နဲ့ အဆီပေါ် အရိုးပေါ်တဲ့ ငါးသေးသေးလေးတွေပဲ လိုတယ်။

ထန်းလျက်အကြမ်း ငါးနဲ့ရောကို အလေးချိန်သတူ ရောစပ်လိုက်ရုံ။ ထန်းလျက်ကို ကြေလွယ်၊ အရည်ပျော်လွယ်အောင် ထောင်းထည့်ရတယ်။

စိမ်ဖို့အတွက် မြေအိုးကိုသုံးပြီး အပေါ်က အဝတ်စ အုပ်စည်းထားရမယ်။ ယင်ကောင် မဝင်နိုင်အောင်ပေါ့'

'ဘယ်လောက်ကြာကြာ စိမ်ထားရမှာလဲ'

'အရိပ်ထဲမှာ နှစ်ပတ်လောက်ကြာအောင်ထားပြီးရင် အပေါ်ရေကြည်ကို ရွက်ဖျန်းမြေဩဇာရည်အဖြစ် သုံးလို့ရပါပြီ'

'ရောဘယ်လောက် ရောစပ် သုံးရမှာလဲ'

'ဆေးရည်တစ်ဆကို ရေ(၂၅)ဆအထိ ရောစပ် ပက်ဖျန်းနိုင်တယ်။



စာမျက်နှာ (၁၃၀) သို့

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

ဖေ သိုင်းဝညာအတွေ့အကြုံများ ( ၃၀ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



ခန္ဓာကိုယ်တစ်ခုလုံး အထု
အထောင်း အရိုက်အပုတ်
ခံထားရသလို
နာကျင်ကိုက်ခဲနေကြသည်။
လှုပ်ပင် မလှုပ်ချင်တော့။
ထမင်းစားဆောင်သို့
မလှမ်းချင် လှမ်းချင်ဖြင့်
ခြေတရွတ် ဆွဲသွားကာ
ထမင်းကို မစားချင်စားချင်နှင့်
စားလိုက်ကြရသည်။
ထမင်းတောင်
သိပ်မမျိုချင်တော့။

ဆရာကြီးသုံးပါးမှာ ညနေသင်တန်းကို ဆက်မကျင့်နိုင်တော့။ ရှမ်းဆရာလေးထံ လူလွှတ်၍ ခွင့်ပန်ရသည်။ "တော်တော်ပျော့တဲ့ သိုင်းဆရာတွေပဲ"ဟု မကျေမချမ်း ပြောလိုက်သေးကြောင်း မောင်စိုးအောင် ပြန်ပြောပြ၍ သိလိုက်ကြရသည်။

ဟုတ်တာပေါ့။ သူကတော့ ပြောနိုင်ပေမပေါ့။ သူက ပါးစပ်ကသာ ဟိုလိုလုပ် ဒီလိုလုပ်ဟု ပြောရုံပြောပြီး လက်တွေ့အနေဖြင့် တစ်ချက်ကလေးမှ မပြ။ ဒီတော့ သူက ဒီဒုက္ခမျိုးတွေ ဘယ်ခံစားရပါ့မလဲ။

ညပိုင်းကျတော့ ဆရာတော့်အခန်းထဲသို့ ဆရာကြီးသုံးဦးမှာ ထော့နဲ့ ထော့နဲ့ဖြင့် မလှုပ်ချင်လှုပ်ချင်ဖြင့် ဝင်သွားကြပါတော့သည်။ ဆရာကြီးဦးငွေသိန်းက ဦးဆောင်၍ မပြောချင်ပြောချင်နှင့်...

'ဆရာတော်ဘုရား ဆရာတော့်စေတနာကို နားလည်ပေမယ့်၊ ဆရာတော့်ကို အားနာပေမယ့် တပည့်တော်တို့ ဒီသိုင်းသင်တန်းကို ဆက်ပြီး မကစားနိုင်ကြတော့ပါဘူး ဘုရား။

ဒီပုံစံအတိုင်းသာ ဆက်သွားရမယ်ဆိုရင်တော့ ကိုးတွင်းအောင်းပညာကို တတ်မတတ်တော့ မသေချာဘူး။ အဲဒီတွင်းထဲမှာ လဲကျပြီး သေမှာတော့ သေချာနေပြီ ဘုရား။

တပည့်တော်တို့ နေ့စဉ်နဲ့အမျှ ခံစားနေရတဲ့ ဒုက္ခတွေကို သနားညှာတာသောအားဖြင့် သင်တန်းက နုတ်ထွက်ခွင့်ပြုပါ ဘုရား'

တူ၍ သနားစရာအသံလေးဖြ
ဝမ်းနည်းပက်လက် လျှောက်ထာ
လိုက်ရာ ဆရာတော်ကလည်း စိ
မကောင်းစွာနှင့်ပင်...

'အေး ဆရာကြီးဦးငွေသိန်း ပြေ
တာလဲ မှန်ပါတယ်။ ဆရာတော်
ဒကာကြီးတို့ရဲ့ ဒုက္ခကို နေ့စဉ် တွေ့
ရလို့ စိတ်မကောင်းပါဘူး။ သူ့ပညာ
ကောင်းတယ်ဆိုလို့သာ စောင့်ကြ
နေတာ သိပ်ဟန်ပုံမရဘူးလို့ထေ
တွေးမိပါရဲ့။ မနက်ဖြန်ကို သင်တ
ခေတ္တနားဖို့ ပြောလိုက်မယ်။ ဆရာ
ဦးငွေသိန်းက ဆရာရဲ့သူငယ်
ဆရာဖြစ်တဲ့ ဆရာမင်းယက္ခ
လိုက်။ ဒီရှမ်းဆရာလေးရဲ့ပညာ
တကယ် ဟုတ်မဟုတ် တကယ် ဘ



www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်တယ်။ မသင်ပေးနိုင်ဘူးဆိုတာကို မေးကြည့်ပါ။

ဖြစ်နိုင်ရင် ဆရာမင်းယက္ခကိုပါ စရိတ်ခံပြီး ခေါ်ခဲ့ပါ။ ဒီကျတော့ သူ့ရဲ့ ဆရာဆိုတဲ့ ရှမ်းဆရာလေးနဲ့ တွေ့ဆုံပြီး မေးမြန်းကြတာပေါ့'

ဟူ၍ အမိန့်ရှိလိုက်ရာ ဆရာကြီး ဦးငွေသိန်းမှာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်ကြားမှာ ရန်ကုန်မြို့ရှိ ဆရာမင်းယက္ခထံသို့ ထွက်လာခဲ့ရပါတော့သည်။

ဆရာကြီးဦးငွေသိန်းမှာ ကျွန်တော်နှင့် ပညာဖလှယ်ဖက်ဆရာ ဖြစ်သည်။

ဆရာကြီးဦးငွေသိန်းထံမှ ကျွန်တော်က ဆရာကြီးဦးမောင်း၏ (ရှမ်းတရုတ်အခြေသိုင်း) ပညာရပ်များ။ ဆရာကြီး ဦးမောင်လေး၏ သိုင်းပြောင်းပြန်ပညာရပ်များ။ ဆရာကြီး ဦးကျော်အုန်း၏ ရှမ်းတရုတ် တုတ်သိုင်းပညာရပ်များ။ သိုင်းချင့်သိုင်းအဖွဲ့၏ တုတ်သိုင်းပညာရပ်များကို သင်ယူရရှိခဲ့ပြီး၊

ကျွန်ုပ်အနေဖြင့် ဆရာကြီးဦးငွေသိန်းအား ဆရာကြီးဦးပြည်သိမ်း၏ ဓားတုတ်ရှည်သိုင်းပညာ၊ ဓားနှစ်လက်သိုင်းပညာ၊ ဆရာကြီးဦးနေဝင်း၏ ဓားတစ်လက်ဝိုင်းထွက်ပညာ၊ တအန်းလိုင်းမွန်းအဖွဲ့ဆရာကြီး စိုင်းခင်သောင်းနိုင်၏ ခွမ့်ဟော့ခပ်(ပလောင်မျိုးရာကြီးဆက်တုတ်သိုင်းပညာ၊ ဆရာကြီးရာနာပုံဦးသွင်၏ နန်းစဉ်ဓားရေး(၃၇)ချင်းပညာ၊ တင်ကျည်းတုတ်သိုင်းပညာရပ်တို့ကို ပြန်လည် သင်ကြားပေးခဲ့သည်။

ကျွန်တော်တို့နှစ်ဦးသားမှာ သာသည်နာသည် သဘောမထားဘဲ တစ်ယောက်တတ်သည့် ပညာကို တစ်ယောက်က တတ်နိုင်သမျှသင်ယူကြပါသည်။ တစ်ဦးကိုတစ်ဦး ပညာ



ပေးရန်လည်း စေတနာအပြည့် ရှိကြပါသည်။ ပညာပေးရန် တစ်ယောက်မျှ တွန့်တိုခြင်းမရှိပါ။

ဆရာကြီးဦးငွေသိန်းက ရောက်ရောက်ချင်းပင်...

'ယက္ခရေ မင်းဆရာဆိုတဲ့ ရှမ်းသိုင်းဆရာတစ်ယောက်၊ ကျောင်းကို ရောက်လာတယ်။ ကိုးတွင်းအောင်းသိုင်း ပညာသင်ပေးမယ်ဆိုပြီး တို့ကို တွင်းတွေ တူးခိုင်းတယ်။ အဲဒီတွင်း(၉) တွင်းထဲကို ခုန်ဆင်းခုန်တက် လုပ်ရတယ်။

အခုဆိုရင် (၂၉)ရက်ထဲကို ရောက်လာပြီ။ နေ့တိုင်း တွင်းဆင်းတွင်းတက်ပဲ မနားတမ်း လေ့ကျင့်ရတယ်။ လူတွေလဲ ပင်ပန်းလို့ သေတော့မယ်။

မင်းလဲ သူ့ဆီမှာ အဲဒီပညာကို သင်ယူဖူးတယ်တဲ့။ မင်းရဲ့ဆရာလို့ ပြောတော့ ဆရာတော်က သူ့ကို သိပ်ပြီးအထင်ကြီးသွားတာကွ။ အဲဒါကြောင့် ဆရာတော်က မင်းကိုလဲ လိုက်လာစေချင်တယ်။ ဒါကြောင့် မင်းကိုပါ ခေါ်ခဲ့ဖို့ ငါ့ကို မှာလိုက်တယ်။ မင်း လိုက်နိုင်ရင်တော့ လိုက်ခဲ့ပါကွာ'

စိတ်ပျက် အားလျော့သံကြီးဖြင့် အမောတကော ပြောရှာပါသည်။ ဒီတော့မှ ကျွန်တော်ကလည်း ကရုဏာဒေါသောဖြင့်...

'ကိုငွေသိန်းရယ် အံ့ပါ့ဗျာ၊ ခင်ဗျားလဲ မသိတာမဟုတ်ဘူး။ ကျွန်တော့်ဆရာတွေရဲ့အမည်နဲ့ အဖွဲ့အမည်ကို မှန်ပြားကြီးပေါ်မှာရေးပြီး လူတွေ မြင်တွေ့နိုင်အောင် သင်တန်းခေါင်းရင်းဘက်မှာ ချိတ်ဆွဲထားတာ ခင်ဗျားလဲ အသိပဲ။

ဟိုမှာကြည့် အဲဒီဆရာစာရင်းထဲမှာ ခင်ဗျားနာမည်တောင် ပါသေးတယ် မဟုတ်လား။ ခင်ဗျားပြောတဲ့ကောင်ရဲ့နာမည်ပါလား ကြည့်ကြည့်စမ်းပါဦး။ ကျွန်တော့်ဆရာမှန်ရင် ကျွန်တော်က နာမည်မထည့်ဘဲ ထိမ်ချန်ထားပါ့မလားဗျာ'

ဟု စိတ်တိုတိုနှင့် ပြောလိုက်ရာ ဆရာ ဦးငွေသိန်းမှာ စိတ်မကောင်းခြင်းကြီးစွာဖြင့် ဖြစ်နေရာက...

'အေး မင်းပြောတာလဲ ဟုတ်တာပဲကွ။ သူပြောတာကတော့ သူ့နာမည်ကို မဖော်ပြဖို့ သူ့ဆီမှာ ခွင့်တောင်းထားလို့ သူ့အမည်ကို မင်းရဲ့ ဆရာစဉ်စာရင်းထဲမှာ မဖော်ပြတာတဲ့'

ဟု ပြန်လည် ရှင်းပြပါသည်။

'ဖြစ်ရလေ ကိုငွေသိန်းရယ်၊ ခွေးပြောတာ ကျားယုံဆိုတဲ့စကားပုံလို ဖြစ်နေပြီ။ ကျွန်တော် ဘယ်ဆရာတွေဆီမှာ ဘာပညာတွေ သင်ယူခဲ့တယ်ဆိုတာ ခင်ဗျားအသိဆုံး မဟုတ်လား။

ကျွန်တော်တတ်တဲ့ ပညာကို ခင်ဗျား မသိအောင် ဖုံးကွယ်ထားပါ့မလားဗျာ။ ကဲ ကြာပါတယ်။ ဒီညနေပဲ မော်ကျွန်းကို သွားကြတာပေါ့။ ဒီကောင်နဲ့ တွေ့ပြီး သေချာမေးရမယ်'

ဟု ဒေါသဖြစ်ဖြစ်နှင့် ပြောဆိုကာ မော်ကျွန်းသို့ ဆရာဦးငွေသိန်းနှင့် လိုက်သွားခဲ့ပါတော့သည်။

မော်လမြိုင်ကျွန်းသို့ ရောက်သည်နှင့် ကန္တာရကျောင်းသို့ တိုက်ရိုက်သွား



www.burmeseclassic.com

www.burmeseclassic.com

ဘဲ သူငယ်ချင်းဖြစ်သူ စခန်းမှူးကော် (လက်ဇေ့ချုန်ဗီယံ အာရှ-ကော်)ကို သွားတွေ့လိုက်သည်။

သူ့အိမ်ရောက်သည်နှင့် ဘုရားရှိခိုးနေသော မကြွယ် "ကျွန်မမှာ ချစ်သူရှိတယ် ရှင်ငရဲကြီးလိမ့်မယ်" သီချင်းဖြင့် နာမည်ကျော်ခဲ့သော (အဆိုတော် ပပမြိုင်)ကို တွေ့လိုက်ရသည်။

ဘုရားရှိခိုးနေ၍ ဆက်တီထိုင်ခုံတွင် အသာ ဝင်ထိုင်နေလိုက်သည်။ အခန်းထဲမှ ထွက်လာသော ကိုကော်က...

'ဟာ ယကျွကြီးပါလား... ဘယ်တုန်းက ရောက်တာလဲ'

'ဒီနေ့ မနက်ကပဲ ရောက်တယ်များ၊ ရောက်ရောက်ချင်း ကျောင်းကို မသွားသေးဘဲ ခင်များဆီ ဝင်လာခဲ့တာ။ လာဗျာ Breakfastသွားစားရအောင် ဈေးထိပ်က ဟိုသားအမိရောင်းတဲ့ မုန့်လေး နန်းကြီးသုပ် မစားရတာ ကြာပြီဗျာ။ သွားစားရအောင် စားရင်းက ပြောကြတာပေါ့။ မကြွယ်ရေ ကိုအေးကို ပြန်လာရင် နန်းကြီးသုပ် ပါဆယ်ထည့်ပေးလိုက်မယ်'

ဟူ၍ ဘုရားရှိခိုးနေသော မကြွယ် ကြားအောင် အော်ပြောပြီး ထွက်လာကြပါတော့သည်။

နှစ်ယောက်သား ဈေးထိပ်ဘက်သို့ လျှောက်လာရင်းက မော်ကျွန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးကြည်မြင့် (တက္ကသိုလ်မြန်မာစာ အဓိကတန်းတွင် အတူတူတက်ခဲ့သော သူငယ်ချင်း သိုင်းတပည့်ကြီး)နှင့် မြို့နယ်အင်ဂျင်နီယာ ဦးထွန်းငွေတို့ကို ဝင်ခေါ်ခဲ့ပါသည်။

မတွေ့တာကြာပြီဖြစ်သော လေးယောက်သားမှာ စကားတပြောပြောနှင့် နန်းကြီးသုပ်ဆိုင်သို့ ရောက်သွားကြပါသည်။



စားရင်းသောက်ရင်းဖြင့် စကားပြောဖြစ်ကြသည်။ ကျွန်တော်က...

'ဒီလို ကိုကော်ရေ... မော်ကျွန်းမှာ ရှမ်းသိုင်းဆရာဆိုတဲ့ လူငယ်တစ်ယောက် ရောက်နေတယ်။ စော်ဘွားရဲ့ သားလို့လဲ ပြောတယ်။ ကျွန်တော့်ကို လဲ သူ့တပည့်လို့ ပြောတယ်။

အခု ဆရာတော်ဦးကောရဲ့ကျောင်းမှာ ကိုးတွင်းအောင်သိုင်းပညာဆိုတာကို တစ်ယောက် ကိုးထောင်နဲ့ သင်ပေးနေတယ်။ သင်တန်းသားက (၉) ယောက်ဆိုတော့ သင်တန်းကြေးက ရှစ်သောင်းကျော်နေပြီ။ ဆရာတော်က အပိုကြေး (၉)ထောင် ထပ်ပေးလိုက်တော့ စုစုပေါင်း ကိုးသောင်းလောက် ရှိတယ်။

သင်တန်းကြေးကတော့ တော်တော်လေးကို များတယ်။ ပညာစစ်ပညာမှန် ရမယ်ဆိုရင်တော့ ငွေကြေးက အကြောင်းမဟုတ်ဘူးပေါ့။ အခုဟာက တစ်လပဲ ပြည့်တော့မယ် ဘာမှ မည်မည်ရရ မသင်ရသေးဘူး။ တွင်းထဲ ခုန်ဆင်း တွင်းပေါ်ခုန်တက်နဲ့ နေ့တိုင်းလုပ်နေရတော့ လူတွေလဲ ပင်ပန်းနေကြပြီ။

နောက်ပြီး သိုင်းသစ္စာကတိထဲမှာ စောဒက မတက်ရ၊ မမေးရဆိုတော့ ဘာမှ မေးလို့မရဘူး။ ဒါကြောင့် ခင်များအနေနဲ့ သူ့ကို ရဲတစ်ယောက် လွှတ်ပြီး ခင်များရဲ့အိမ်ကို ခေါ်ခိုင်းပေးပါ။ အမှုတွေဘာတွေတော့ မဖွင့်သေးပါဘူး။ သူ့အခြေအနေကို သိပြီးမှ အမှုဖွင့်သင့်ရင်လဲ ဖွင့်ရတာပေါ့။ ခင်များတို့ တစ်တွေကို သက်သေထားပြီး သူဘာပြောမယ်ဆိုတာ နားထောင်ကြည့်ကြရအောင်'

ဟု ရှင်းလင်းပြောပြလိုက်ရာ စခန်းမှူးကော်က ရဲတစ်ယောက်ကို ဆရာတော်ကျောင်းသို့ လွှတ်၍ ရှမ်းသိုင်းဆရာကို ခေါ်ခိုင်းလိုက်ပါသည်။

ကျွန်တော်တို့တစ်သိုက်လည်း စခန်းမှူးကော်အိမ်သို့သွားကာ မကြွယ် (ပပမြိုင်) ဖျော်ပေးသော ကော်ဖီမစ်ကို သောက်ရင်း စောင့်ဆိုင်းနေလိုက်ကြပါသည်။

လာချေပြီ သူ လာချေပြီ။ ရှမ်းမင်းသားလေး လာချေပြီ။ ရှမ်းမင်းသားလေးက စခန်းမှူးကော်အိမ်သို့၊ ကျောင်းမှ ဆရာမျိုးမြင့်နှင့် ဆရာစိုးအောင်တို့ ပါလာသည်။ အိမ်ပေါ်သို့ ရောက်သည်နှင့်...

'ကဲ အားလုံးပဲ ထိုင်ကြပါ။ ဟောဒီက ဆရာမင်းယကျွက မင်းကို မေးချင်တာလေးတွေရှိလို့။ အဲဒါ မှန်မှန်ကန်ကန်ဖြေပေးပါ။ မင်းဘက်က မှန်မှန်ကန်ကန်မဖြေဘဲ ထပ်ပြီး လိမ်ပြောမယ်ဆိုရင်တော့ မင်းကို ပုဒ်မ/၄၁၇၊ ပုဒ်မ/၄၂၀ စတာတွေနဲ့ အမှုဖွင့်မယ်။

မှန်မှန်ပြောလို့ ကျေနပ်လောက်အောင်ဖြေဆိုမယ်ဆိုရင်တော့ အမှုမလုပ်ဘူး။ အေး ဒါကြောင့် မေးတာကို မှန်မှန်ဖြေပါ'

ရွှေလ ဆက်ဖတ်ပါရန်

**ဆရာကြီး မင်းယကျွ**

**(တိုက်ပွဲဝင်)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ် ကြိုးထုံးပညာ (၉၃)

အခြေခံ ကြိုးထုံးနည်း(၉၃)

薔薇花

Qiáng Wēi Huā

(ချီ-ယမ်) ဖွား ဖွား

နှင်းဆီပန်းကြိုးထုံး


တရုတ် အတွေးအခေါ်ဆိုင်ရာ အသနုပညာတွင် နှင်းဆီပန်းသည် ရာပခြင်းကို ကိုယ်စားပြုသည်။ သမီးတညာကို "ပန်းကလေးလိုလှပါစေ" ဟု မွေးနေ့ဆုတောင်း သဝဏ်လွှာနှင့်အတူ နှင်းဆီပန်း (ပန်းအစစ် မရပါကနှင့်ချိ တတ်ပုံ)ကို ပေးပို့လေ့ ရှိသည်။

ထိုကဲ့သို့ပင် ထိမ်းမြားလက်ထပ်ခံလာပွဲများတွင် သတို့သမီးအား "သနုရုပ်ပ"ရှိလှပါပေသည်ဟု ချီးကျူးဂုဏ်ပြုသောအားဖြင့် နှင်းဆီပန်းကို အထူးပြု ပေးပို့တတ်ကြလေသည်။

ထို့အပြင် နှင်းဆီပန်းနှင့် ပတ်သက်၍ ထူးခြားချက်များ ရှိပါသေးသည်။ နှင်းဆီပန်းကို တရုတ်ဘာသာဖြင့် (薔薇花)"ချန်ဝေးဟွား"ဟု ခေါ်သားရာ၌ "ချန်"စာလုံး၌ ပါဝင်သော (嗇)(Sè) စဲ စာလုံးသည် အကြာတွန့်တို စေးနှဲခြင်းဟု အဓိပ္ပာယ်ရှိ၏။


ယင်းစာလုံး၏ရှေ့တွင် မိန်းမစာလုံး (女) ပါကို တွဲဖက်ပါလျှင် ဖြစ်ပေါ်လာသည့် (嬙)qiáng ချန်း (ချီယန်းကို တစ်ဆက်တည်းဖြစ်အောင် ထိုင်း)ဟူသော စာလုံးသည် "နန်းတွင်း အမျိုးသမီးအရာရှိ"ဟု အဓိပ္ပာယ်ရလေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော် (၁၉၆၃ ခုနှစ်ခန့်)က




◆ အသပြာဘောင်းချည်နည်း


◆ နှင်းဆီပန်းချည်နည်း







www.burmeseclassic.com

www.burmeseclassic.com




▲ နှင်းဆီပန်းချည်နည်း

ဖခင်ကြီး သင်ကြားပေးသော တရုတ်စာသင်ခန်းစာများကို သင်ယူရသောအခါ...

Nán Zài Qián, Nǚ Zài Hòu.

**နမ်း ဇိုက် ချီယန်း နွီ ဇိုက် ဟို**

ဟူ၍ တစာစာ အော်ကျက်ခဲ့ရသည်။ အဓိပ္ပာယ်ကား...

အမျိုးသားက ရှေ့၌နေ၍ "**အမျိုးသမီးက နောက်က လိုက်**"ဟူ၏။ တရုတ်ထုံးမလေ့၌ အသက်ကြီးသူကို လေးစားရ၏။ တစ်ရက်၊ တစ်မနက် ကြီးသူကိုပင် ရိုသေရ၏။

ကျွန်ုပ်ထက် သုံးလကြီးသူ "**အစ်မဝမ်းကွဲ**"ကို အစ်မဟု လေးစားစွာ ခေါ်ဝေါ်ဆက်ဆံသကဲ့သို့ ကျွန်ုပ်အောက် ကိုးလငယ်သူ "**ဝမ်းကွဲညီ**"ကလည်း "အစ်ကို"ဟု ရိုသေသမှု ပြု၏။

ကျား၊မခွဲခြားရာတွင် ယောက်ျားက ပို၍ မြတ်သည်ဟု ရှေ့တန်းတင်၏။ မိန်းမများက အားနွဲ့သူ၊ မှီခိုသူ၊ ပါရမီ ဖြည့်ဖက်ဟူ၍ နောက်တွင် ထားကြ၏။

ဤသို့သော ထုံးဓလေ့ အစဉ်အလာရှိသော ယဉ်ကျေးမှု နယ်ပယ်တွင် ရှေးအခါကပင် "**နန်းတွင်းအမျိုးသမီး အရာရှိ**"ဟူသည့် အလွန်အလွန် ထူးခြားထက်မြက်သော အမျိုးသမီးအာဇာနည် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် နှင်းဆီပန်းသည် အမျိုးသမီးများအား စန်းတင်ပေးသည့် သဘောရှိလေသည်။

နှင်းဆီပန်းကြိုးထုံးနည်းကို အသပြာမောင်နှံ ထုံးချည်နည်းဖြင့် ထုံးချည်ရသဖြင့် ပြန်လည် အမှတ်ရစေရန် အသပြာမောင်နှံကြိုးထုံးပုံ အမှတ်စဉ် (၁)မှ (၄)အထိထပ်မံ တင်ပြ လိုက်ပါသည်။

ထို့နောက် နှင်းဆီပန်းကြိုးထုံးကို ဆက်လက် လေ့လာ ပါမည်။

ပုံ(၁) မြားပြသည့်အတိုင်း လျှို၍ ထုံးပါ။

ပုံ(၂) နှစ်ထပ်ဖြစ်အောင် အလိုက်သင့် ထုံးထားခြင်း ဖြစ်သည်။

ပုံ(၃) ပန်းပွင့်ဖဟို၊ ဝတ်ဆံဝန်းကျင်အတွက် ဖြစ်သည်။

ပုံ(၄) လုံးစန်းသွားအောင် ပြုပြင်ပါ။

ပုံ(၅) နောက်ထပ် (၂)ခု ထပ်၍ ထုံးပါ။ ပွင့်ဖတ်များအတွက် ဖြစ်၍ ပြန့်ကားအောင် ပြုပြင်ထားပါ။

ပုံ(၆) ကြိုးထုံးသုံးခုကို ဆင့်ထပ်ပါ။

ပုံ(၇) အညှာရင်းကို ရစ်ပတ်ကာ ကျစ်လျစ်အောင် ပြုပြင်ပါ။

ပုံ(၈) အလှဆင်ထားသော နှင်းဆီပန်းကြိုးထုံးများ ဖြစ်သည်။ လိုရာ၌ အသုံးပြုပါ။

ဟူကျင်းဖီ



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌...

ကျွန်ုပ်သည် နေ့စဉ်ပြုမြဲဖြစ်သော နိစ္စဓူဝကျင့်ဝတ်များနှင့် မဟာအဓိဋ္ဌာန် ကျင့်စဉ်တို့ကို ပြုပြီးခဲ့သော်လည်း ပါရမီ အလို့ငှာ တစ်စုံတစ်ဦးကို ချီးမြှောက် ရန် အကြံတစ်ခုပေါ်နေခဲ့ပါသည်။

ကျွန်ုပ်၏ စိတ်ကူးကို အကောင် အထည် ဖော်ရပါပြီ။ ကျွန်ုပ်၏ ကျောင်း နေဖက် ငယ်သူငယ်ချင်းတစ်ယောက် ပါ။

ကျွန်ုပ် မမျှော်လင့်ခဲ့သော ကျွန်ုပ်၏ သူငယ်ချင်း မောင်ရွှေ ရောက်ရှိလာခဲ့ သဖြင့် ကျွန်ုပ်မှာ လွန်စွာ အံ့သြဝမ်းသာ ဖြစ်ခဲ့ရပါတော့သည်။ ကျွန်ုပ်က အလုပ် စားပွဲမှနေပြီး လှမ်းခေါ်ကာ ခရီးဦးကြို ဆိုက်ပါသည်။

'လာဟေ့ သူငယ်ချင်း ဘယ်ကနေ ချက်စလည် လမ်းမှားလာခဲ့တာလဲကွ' ဟု ပြောလိုက်ပါသည်။

ကျွန်ုပ် နေထိုင်ရာ စားပွဲ၌ ကျွန်ုပ် နှင့် မျက်နှာချင်းဆိုင်တွင် ရှိနေသော ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက် သည်။ ကျွန်ုပ်၏ သူငယ်ချင်း မျက်နှာ မှ စိတ်သောက ရောက်နေဟန် အသွင်အပြင်ကို တွေ့မြင်နေရပါတော့ သည်။

ကျွန်ုပ်မှ ကျွန်ုပ်၏ သူငယ်ချင်းကို အောက်ပါအတိုင်း စကားလမ်းကြောင်း ပြောပြလိုက်ပါသည်။

'တဲ သူငယ်ချင်း ကိုယ် ဘာအကူ အညီပေးရမလဲ၊ အားနာမနေနဲ့' ဟု ပြောလိုက်ရတော့သည်။ ကျွန်ုပ် တွေကြည့်နေပြီးမှ...

'အေးပါ သူငယ်ချင်းရာ... ကိုယ်လဲ ခင်သူပြီးမှ မမျှော်လင့်တဲ့ လူမှုဒုက္ခ တစ်မျိုးပြီးတစ်မျိုး ကြုံတွေ့နေရ ကိုယ်တိုင်ကလဲ တစ်ချိန်တုန်း ကမှ လှေ့လာလိုက်စားထားတာ



နဝဗုဒ္ဓ ဆွမ်းတော်ကပ်၍ အန္တရာယ်ထင်း

# [illegible]

[illegible]
(ဖျာအနောက်မြို့တော်)

မရှိခဲ့သလို ဘာသာရေးမှာလဲ အတော် ဝေးခဲ့တာကို ဝန်ခံပါတယ်။

အခုတော့ သူငယ်တန်းကစပြီး လေ့လာလိုက်စားနေခဲ့ပြီး ကြိုးစားလုပ် နေခဲ့ပါပြီ။ အခုတွေ့နေရတာက မိသားစု ကျန်းမာရေးက တစ်ယောက် တစ်မျိုး ဆိုသလို လှည့်ပြီး ဖြစ်နေကြ တော့ ငွေလဲ ကုန်လှပြီ သူငယ်ချင်း။

တချို့ ရင်းတဲ့သူတွေက ကိုယ့်အိမ် ရှင်မကို ပြောခဲ့ကြတာ ရှိတယ်ကွ၊ ဘာလဲဆိုတော့ ဂြိုဟ်ပြေနံ့ပြေ ဘုရား ကိုးဆူ ဆွမ်းကပ်စေချင်ကြတယ်လို့ စေတနာနဲ့ အကြံပြုကြတယ်ကွ။

မင်းသိတဲ့အတိုင်းပဲ ကိုယ်က ဆွမ်း ကပ် ဆရာကို ခေါ်ပင့်ပြီး ဘုရားကိုးဆူ ကျွေးတာထက် ကိုယ်ကိုယ်တိုင် သဒ္ဓါ တရားထက်သန်စွာနဲ့ မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်မြတ်များကို တတ်နိုင် သလောက် ဆွမ်းဘောဇဉ် ကပ်လှူပြီး လုပ်ရတဲ့ အလုပ်ကိုမှ ကြိုက်တာဆို တော့ မင်းဆီကို ရောက်ခဲ့ရတာပါ'

ဟုပင် သူ့ဖြစ်စဉ်တို့နှင့် သူ့ဆန္ဒတို့ ကို ပြည့်စုံသလောက် ပြောပြခဲ့ပါတော့ သည်။

'သူငယ်ချင်း ပြောပြတဲ့အတွက် ကိုယ် အတော်အတန် သဘောပေါက် ပါပြီကွာ။ ဒီတော့ မင်းဆန္ဒကို ကူညီ ပေးပါမယ်။ မကူသေးခင်မှာ ဦးစွာ မင်းကို မေးချင်သေးတယ်'

ဟု ပြောလိုက်သည်နှင့် မေးရန် ပြန်လည် ပြောပြပါသည်။

'အခု သူငယ်ချင်းကို အကူအညီ ပေးတဲ့ အကြောင်းထဲမှာ စိတ်ပါသည် ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ လုပ်ပုံမယ် လို့ ကတိပေးရလိမ့်မယ်။ ကိုယ်ခိုင်းတဲ့ ကာလ တစ်ခုပြီးသွားတော့ သူငယ်ချင်း ဆန္ဒအတိုင်း ဆက်လျှောက်ပါ။

မင်း ပြောခဲ့ဆိုခဲ့တဲ့အထဲမှာ ခင်မင် သူများက သူငယ်ချင်းရဲ့ အိမ်ရှင်မကို ဘုရားကိုးဆူကပ်စေလိုတဲ့ စေတနာနဲ့ အကြံပေးကြတာရော၊ သူငယ်ချင်းရဲ့

www.burmeseclassic.com

အာသီသရော ပြည့်သွားအောင် အခု ပြောပြတဲ့ အချက်အလက်နဲ့ လုပ်ငန်း အစီအစဉ်ကို လုပ်ရလိမ့်မယ် သူငယ်ချင်း'

လုပ်ငန်းအစီအစဉ်ကျင့်စဉ်

၁။ ဦးစွာ နဝဗုဒ္ဓ ဆွမ်းကပ်လှူရန် အတွက် စီမံရမည်။

**နဝဗုဒ္ဓဆွမ်းပွဲပြင်ရန်မှာ**

(က) ဘုရားရှင်ကို ဆွမ်းတစ်ပွဲ၊


(ခ) မဂ္ဂဋ္ဌာန်လေးပါးအတွက် ဆွမ်း လေးပွဲ၊

(ဂ) ဖလဋ္ဌာန်လေးပါးအတွက် ဆွမ်း လေးပွဲ

စုစုပေါင်း ဆွမ်းကိုးပွဲ ပြင်ရပါမည်။ ဆွမ်းပွဲကပ်ရာတွင် မိမိ တတ်နိုင်သလို (သဒ္ဓါအားရှိသလို) ဆွမ်း၊ မုန့်၊ သစ်သီး တို့ ပြင်ရပါမည်။ ဆွမ်းပွဲပြင်ရန် နမူနာ ပုံစံကို အောက်တွင် ဖော်ပြထားပါသည်။

ဆွမ်းပွဲပြင်ရန် နမူနာပုံစံ

* * *




**၂။ နဝဗုဒ္ဓဆွမ်း ကပ်လှူစဉ်တွင် ဆောင်ရွက်ရန်များ**

* သာသနာတော်စောင့် နတ်မင်းကြီး များ၊ စတုလောကပါလ နတ်မင်း ကြီးများ၊ ပါရမီဖြည့်ဖက်များ(မိမိ ဆန္ဒရှိသော ပုဂ္ဂိုလ်များကို ဖိတ်ကြား ပါ။

* ဘုရားကန်တော့ခြင်း၊ သီလခံယူ ခြင်း။

* နှံသာတိုင်၊ အလင်းတိုင်၊ သောက် တော်ရေချမ်း၊ ဘုရားကိုးဆူ ဆွမ်းပွဲတို့ကို ကပ်လှူပါ။

* မိမိ အလိုရှိသော ဆုကို တောင်းဆို ပါ။

* နောက် အောက်တွင် ရေးသား ဖော်ပြထားသော ဂါထာကို ပုတီးစိပ် ရပါမည်။ စိပ်သော ပုတီးမှာ (၁၀၈) လုံးမှာပါသော ဂုဏ်တော်ပုတီးကို သာ စိပ်ရပါမည်။

ပုတီးစိပ်ရန်ဂါထာ

ပုဒ္ဒေါစ မဇ္ဈိမေ သေဋ္ဌော
သာရိပုတ္တော စ ဒက္ခိဏ။
ပစ္ဆိမေန စ အာနန္ဒော
ဥတ္တရေ မောဂ္ဂလာယနော။
ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ
ပါရပွေ စ ဂဝမ္ပတိ။
ဥပါလိ နေရတိစေဝ
အဂ္ဂိနေရွ ရေဝတော။
ရာဟုလော စေဝ ဝေသန္ဓေ
တေမေ ဒဒန္တု မင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓေါစ** | = ဗုတ်ဒေါစ |
| **မဇ္ဈိမေ** | = မစ်ဈိမေ |
| **သေဋ္ဌော** | = သစ်ထော |
| **သာရိပုတ္တော စ** | = သာရိပုတ်တောစ |
| **ဒက္ခိဏ** | = ဒက်ခိန |
| **ပစ္ဆိမေန** | = ပစ်ဆိမေန |
| **အာနန္ဒော** | = အာနန်ဒေါ |
| **ဥတ္တရေ** | = အုတ်တရေ |
| **မောဂ္ဂလာ** | = မောက်ဂလာ |
| **ကောဏ္ဍညော** | = ကွန်းဒင်ညော |
| **ပုဗ္ဗဘာဂသ္မိံ** | = ပုပ်ဗဘာဂသမိန် |
| **ပါရပွေ** | = ပါရပ်ပေ |
| **ဂဝမ္ပတိ** | = ဂဝမ်ပတိ |
| **အဂ္ဂိနေရွ** | = အက်ဂိနေရင်စ |
| **ဝေသန္ဓေ** | = ဒေသန်နေ |
| **ဒဒန္တု** | = ဒဒန်တု |
| **မင်္ဂလံ** | = မင်ဂလံ |

အနက်

**သေဋ္ဌော** – လွန်ချီးမွမ်းအပ်မြတ် တော်မူသော၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရား သည်၊ **မဇ္ဈိမေ** – အလယ်ဖြစ်သော အရပ်၌၊ **တိဋ္ဌတု** – တည်တော်မူပါစေ သတည်း။ **သာရိပုတ္တော စ** – အရှင် သာရိပုတ္တရာ မထေရ်မြတ်သည်၊ **ဒက္ခိဏေ**–တောင်မျက်နှာ၌၊ **တိဋ္ဌတု**– တည်တော်မူပါစေသတည်း။ **ပစ္ဆိမေစ** –အနောက်မျက်နှာ အရပ်၌ကား၊ **အာနန္ဒော** – အရှင်အာနန္ဒာမထေရ် မြတ်သည်၊ **တိဋ္ဌတု**–တည်ပါစေ သတည်း။ **ဥတ္တရေ**–မြောက်မျက်နှာ၌ **မောဂ္ဂလာယနော**–မဟာမောဂ္ဂလာန် မထေရ်သည်၊ **တိဋ္ဌတု**– တည်ပါစေ သတည်း။

**ကောဏ္ဍညော** – အရှင်ကောဏ္ဍည မထေရ်မြတ်သည်၊ **ပုဗ္ဗဘာဂသ္မိံ**– အရှေ့အရပ်၌၊ **တိဋ္ဌတု**–တည်ပါစေ သတည်း။ **ဂဝမ္ပတိစ** – ဂဝမ္ပတိမထေရ် မြတ်သည်ကား၊ **ပါရပွေ** – အနောက် မြောက်ယွန်း ထောင့်စွန်းအရပ်၌ **တိဋ္ဌတု**–တည်ပါစေသတည်း။ **ဥပါလိ** – အရှင်ဥပါလိမထေရ်မြတ်သည်ကား **နေရတိစေဝ**– အနောက်တောင်ယွန်း ထောင့်စွန်းအရပ်၌၊ **တိဋ္ဌတု**–တည်ပါ စေသတည်း။

**ရေဝတော** – အရှင်ရေဝတမထေရ် မြတ်သည်ကား၊ **အဂ္ဂိနေရွ**– အရှေ့ တောင်ထောင့်အရပ်၌၊ **တိဋ္ဌတု**– တည်ပါစေသတည်း။ **ရာဟုလော**– အရှင်ရာဟုလာ မထေရ်မြတ်သည်





www.burmeseclassic.com

www.burmeseclassic.com

ကား၊ **သေနေ့** – အရှေ့မြောက်ထောင့် အရပ်၌၊ **တိဋ္ဌတု**–တည်ပါစေသတည်း။

**ဓေတ** – ထိုဘုရားရှင်အပါ သာ၀က ရှစ်ဖော် ပေါင်းသော်ကိုးပါး အရှင်မြတ်များသည်၊ (ဝါ) သဗ္ဗညုတဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓဟု နှစ်ဝခွဲယူ ကိုးဆူသော ဗုဒ္ဓ အရှင်မြတ်တို့သည်၊ **မေ**–အကျွန်ုပ် အား၊ **မင်္ဂလံ**– ကောင်းကျိုးချမ်းသာ မင်္ဂလာကို၊ **ဒဒန္တု** – ပေးတော်မူကြပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာ၀ဏ္ဏဒီပြန်မာ ဝုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ပုတီးစိပ်ရာတွင် ဂါထာတစ်ပုဒ်လုံးဆုံးအောင် ရွတ်ပြီးမှ ပုတီးတစ်လုံးချပြီး ဂုဏ်တော်ပုတီး တစ်ပတ် စိပ်ရပါသည်။

✦ နဝမဗုဒ္ဓဆွမ်း ကပ်လှူရန်မှာ တစ်ပတ်(၇)ရက်တွင် တစ်ကြိမ်ကျနှင့် တစ်လကပ်လှူရပါမည်။ သို့အတွက် (၄)ကြိမ် ကပ်လှူရမည် ဖြစ်ပါသည်။

**[ဆွမ်းပွဲကပ်လှူရန်အတွက် မိမိတို့၏ မိသားစုဝင်များအထဲမှ နေ့သားသမီးကိုယူ၍ ထိုနေ့ရက်တွင် ကပ်လှူပါ။ စာရေးသူဆရာကို ပြောပြရည်ဆိုလျှင် အိမ်ထောင်ဦးစီး၏ မွေးနေ့တွင် ဆောင်ရွက်စေချင်ပါသည်။]**

✦ ဆွမ်းပွဲသာ(၄)ရက် ကပ်ရသော်လည်း ဆွမ်း စတင်ကပ်လှူသည့်နေ့မှစပြီး (၂၇)ရက်တိတိ နေ့စဉ်နေ့တိုင်းမှာ အထက်က ရေးသားဖော်ပြပေးထားခဲ့သော ပုတီးစိပ်ကို



နေ့စဉ် စိပ်ရပါမည်။ လုံးဝ မပျက်ရပါ။

✦ နေ့စဉ် ဆောင်ရွက်မှုပြီးတိုင်း ဝေနေယျများစွာ သတ္တဝါတို့အား မေတ္တာပို့ပါ။ နောက် ကုသိုလ်အမျှ ပေးဝေပါ။

✦ နောက် အဦးအစမှာ ဖိတ်ကြားထားခဲ့သော ပုဂ္ဂိုလ်များကို အရပ်ဌာနသို့ ပြန်ပို့ပေးရန် မမေ့ပါနှင့်၊ သတိပြုပါရန်။

မှတ်ချက်

**နဝမဗုဒ္ဓမည်တွင်သော ဆွမ်းပွဲ (၉)ပွဲကို ဆောင်ရွက်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ယောဂီတို့၏ သဒ္ဓါအာရုံ ရှိသည့်အတိုင်း၊ အဓိဋ္ဌာန်ကျင့်စဉ်ရက် (၂၇)ရက်လုံးတွင်လည်း ကပ်လှူနိုင်ကြပါသည်။**

ကျွန်ုပ်ကူညီပေးလိုက်သော အဓိဋ္ဌာန်ကျင့်စဉ်အတွက် ရေးမှတ်ယူပြီးနောက် ကျွန်ုပ်သူငယ်ချင်း ဝမ်းမြောက်စွာ ပြန်သွားခဲ့ပါတော့သည်။

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့၏ နေ့စဉ် ဖြည့်ရခြင်းများပြီး၍ ဘုရားခန်းမှ ထွက်လာခဲ့ပါသည်။ ဇနီး စီမံပေးသော အစောစာကို စားလိုက်ပါသည်။ ပြီးသည်နှင့် အလုပ်ခန်းရှိ အလုပ်စားပွဲကို ဝင်လိုက်ပါသည်။

ထိုစဉ်တွင် ပြီးခဲ့သော ရက်(၄၅)ရက်အကြာလောက်က ကျွန်ုပ်ထံ ရောက်လာခဲ့သော ငယ်သူငယ်ချင်း မောင်ရွှေ တစ်ယောက် ဆိုက်မြိုက်စွာ ရောက်လာပြန်တော့သည်။

လက်ထဲမှာလည်း ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးကို လက်ကဆွဲ၍ပါ။ ကျွန်ုပ်ရှိရာသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာပြီး ကျွန်ုပ်ကို နှုတ်ဆက်လိုက်၏။ နောက် မျက်နှာချင်းဆိုင်မှာရှိသော ကုလားထိုင်တွင် ဝင်ထိုင်ပါသည်။

မထိုင်မီမှာပင်…

'သူငယ်ချင်းရေ ကိုယ်တွေ့မို့ ယုံပြီ သူငယ်ချင်း၊ မင်း စီမံပေးလိုက်တဲ့အတိုင်း နဝမဗုဒ္ဓဆွမ်းပွဲ ကပ်လှူလို့ (၅)ရက်လောက် ရှိဦးမယ်။ အိမ်က ကျန်းမာရေးညံ့နေတာတွေ အကုန်ထွက်ပြေးကြပြီးတော့ ကိုယ့်အမျိုးသမီး ဈေးဆိုင်ကလဲ အရောင်းလိုက်လာလို့ အံ့ဩဖို့ကောင်းအောင် ရောင်းနေရတယ်သူငယ်ချင်း။

နဝမဗုဒ္ဓဆွမ်းကို စကပ်လှူကတည်းက အခုထိ တစ်ရက်မှ အပျက်မခံသေးဘူး သူငယ်ချင်းရေ၊ ကိုယ့်အမျိုးသမီးက မင်းဆီကိုသွားပြီး အကျိုးအကြောင်းပြောပြဖို့နဲ့၊ မင်းရဲ့ လုပ်ငန်းအတွက် အသုံးပြုဖို့ အမွှေးတိုင်တွေနဲ့ ဖယောင်းတိုင်ထုတ်တွေ ပို့ခိုင်းနေတာကွ။ ဒါနဲ့ပဲ စောစော ထွက်လာခဲ့တာ'

ဟု လွန်စွာမှပင် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာဖြင့် ပြောပြပါတော့သည်။

စာဖတ်သူ မိတ်ဆွေများအနေဖြင့်လည်း အကြောင်းတိုက်ဆိုင်ပါက လုပ်ကိုင်နိုင်ကြစေရန် ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်ကျင့်စဉ်တစ်ခု သို့မဟုတ် အဓိဋ္ဌာန်တစ်ခုကို ရေးသားတင်ပြလိုက်ရပါတော့သည်။

***ဘေးရန်ကင်းကွာ၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။***

**အောင်ထက်**
**(ရောအနောက်မြို့တော်)**

www.burmeseclassic.com

# အနန္တသိဒ္ဓိ ပြဒါးလမ်း

ရှင်းတမ်း ဖြေကြားချက်

ဦးပင်ဖြင့်
(ရွှေနဝင်း)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၃၄)၊ မေလ၊ ၂၀၁၄ ခုနှစ်၊ စာမျက်နှာ(၂၁၅)တွင် **"ကန်နီငါးဆင့် ဆရာတော်ကြီး၏ အနန္တသိဒ္ဓိပြဒါးလမ်း"**ဆောင်းပါး၏ အောက်ခြေမှတ်ချက်တွင် စာတည်းချုပ် ဆရာဦးကျော်မိုးသိန်း၏ **(ထိုပြဒါးလုံး (တတ်မသေသေးသည်)ကို ထမင်းဦးပေါင်းထဲသို့ ထည့်၍ အုံပြီး စားသောက်မိခဲ့ပါလျှင် ပြဒါး ဆိပ်သင့် အန္တရာယ်ရှိသည်ဟု)** ယူဆသည့် ယူဆချက်သည် လွန်စွာ မှန်ကန်လှပါသည်။

အင်္ဂလိပ်ပညာရှင်များ၏ အတွေ့အကြုံအရ ထိုသို့သော မနူးမနပ် စိမ်းဆတ်ဆတ် ပြဒါးလုံးမျိုးကို ခန္ဓာကိုယ် အတွင်းသို့ စားသောက်မိခဲ့လျှင် ပြဒါးဆိပ် ကန်ထွက်ပြီး ဘင်အဖုအသီးများ ခန္ဓာကိုယ်တစ်ခုလုံး ထွက်လာပြီး အရည်တရွှဲရွှဲနှင့် နူနာရောဂါသည်ကဲ့သို့ပင် ဆေးကုမရဘဲ ဘဝဆုံးသွားကြသူများကို တွေ့ကြုံရပေသည်။

ပြဒါးဓာတ်တို့မည်သည် သူ့ကို သတ်နိုင်ခဲ့ သေနိုင်ခဲ့သည့် အမြုတေမျိုးဖြစ်ပြီး သတ်နိုင်၍ ဓာတ်သေပြီဆိုလျှင်လည်း လိုရာသိဒ္ဓိကို အပြီးတိုင်အောင် စွမ်းဆောင်ပေးနိုင်ပါသည်။

ဆရာ ဦးကျော်မိုးသိန်း၏ အင်္ဂလိပ်ဓာတ်လမ်းများအပေါ် ဆင်ခြင်သုံးသပ်တွေးခေါ် ယူဆချက်နှင့် အများအကျိုးအတွက် အန္တရာယ်မဖြစ်အောင် စေတနာထား ပန်ကြားချက်ကို လွန်စွာပဲ လေးစားရပါသည်။

နည်းကလေး သိရုံဖြင့် ဓာတ်လမ်းစဉ်များကို ထင်ရာ ဖွတ်လုပ်နေကြလျှင် လွန်စွာပဲ အန္တရာယ်များတတ်ပါသည်။


ထို့ကြောင့် အင်္ဂလိပ်ကို တကယ်တမ်း ဝါသနာပါသည်ဆိုလျှင် အင်္ဂလိပ် သင်ပုန်းကြီးကျေအောင် လေ့လာပြီးမှ ဓာတ်ကိုင်ဓာတ်ထိုးကြပါဟု အကြံပေးချင်ပါသည်။


ယခု ဆောင်းပါးမှာ ဖော်ပြထားသော ဓာတ်လမ်းမှာ ရှေးယခင်က တောနေ ရသေ့ကြီးများ ရသေ့စိတ်ဖြေဓာတ်ကစားသည့် လမ်းစဉ်ဟု ပြောမည်ဆိုလျှင်လည်း မမှားနိုင်ပါ။

ဤဓာတ်လမ်းစဉ်သည် မီးပြင်းကို မသုံးရဘဲ **မီးအေး နုပ်မီးအုံးမီးဖြင့်** ပြဒါးကို ချုပ်နိုင်သည် သစ်သီးများနှင့် တွဲစပ်ပြီး မီးအေးမီးညှင်းလေးဖြင့် ကာလရှည်စွာ စိတ်ရှည်လက်ရှည် မီးကစားသွားရသည့် လမ်းစဉ်မျိုးဖြင့် ဖြစ်ပါသည်။ "အခုချက်ချင်း ရေတွင်းတူးပြီး အခု ရေကြည်သောက်ချင်ကြသူများနှင့် မသင့် တော်ပါ"

စကားနည်း ဓာတ်လမ်းအစမှာ **ပြဒါး (၅)ကျပ်၊ ဒုတ္တာ(၁၀)ကျပ်ဟု** ဆိုထားသည့်အတွက် ဤဓာတ်(၂)ပါးတွင် ပြဒါးကတော့ စိစစ်စရာမလိုပါ။ ပြဒါးကို ချုပ်ကိုင်နိုင်သည့် ကြေးနီသတ္တု ပါဝင်နေသည့် ဒုတ္တာဓာတ်ကို စိစစ်ရန် လိုအပ်ပါသည်။

အကြောင်းမှာ ယခု ဆိုင်တင် ရောင်းချနေသော ဒုတ္တာများသည် ကြေးနီဓာတ်ပါဝင်မှု နည်းပါးပြီး ဓာတ်နုအရည်နု ဒုတ္တာအညံ့များသာ ဖြစ်ခြင်းကြောင့် ယင်းဓာတ်လမ်းများကို ယခုလက်ရှိ အသုံးပြုနေ





သော ဒုတ္တာများနှ[...]
လုပ်ကိုင်မည်[...]
ဆိုလျှ[...]
အစတည်[...]
က[...]
ယဉ်သတ်[...]
ဆိုသတ်[...]
ပြဒါးခဲပြီး အလုံးရရှိနိုင်ရန်ပင် မလွယ်ကူပါ။

ထိုဓာတ်လမ်းကို လုပ်ကိုင်နိုင်သည့် ဒုတ္တာမျိုးမှာ ယခင် အိန္ဒိယမှလာသော **"ဥခေါင်းမြီးကွက်ရောင် လက်လ[...] ထပြီး သိပ်သည်းဆများ၍ အနှစ်တည်[...]** နေသည့် ဒုတ္တာလက်ပေါင်း မျိုးရမှသာ[...] ပြဒါးအရည်ကို ကျမ်းညွှန်းပါအတိုင်း[...] ပြဒါးအခဲ ကြက်ချေးစုအဆင့်ကို ရနိုင်မည်[...] ဖြစ်သည်။

**ထို့ကြောင့် ယခု ရောင်းချနေသည့် [...] များဖြင့် ယင်းဓာတ်လမ်းကို လုံးဝ မလုပ်[...] ရန် အကြံပေးပါရစေ။**

အကယ်၍ ဖော်ပြပါ အိန္ဒိယ ဒုတ္တာ[...] လက်ပေါင်း အမျိုးအစားကော[...] ကောင်းနှင့်ဓာတ်လမ်း စ,တည်၍ ပြဒါး[...] ကို ရသည့်အဆင့်မှနေပြီး **ဓာတ်ထ[...] လမ်းစဉ်အမှန်ကို ဖော်ပြပါမည်။**

ရရှိလာသော ပြဒါး ကြက်ချေး[...] အဆင့်မှ အမာခဲ အဆင့်သို့ ဝင်လာပြီ[...]



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဆက်၍ တက်ရန်မှာ…

ယင်းပြဒါးခဲကို (၁)ကျပ် (၈)ပဲသားခန့် ဓာတ်လုံးတည်ပြီး သံပရာသီးအတွင်းသို့ မြှုပ်၍ ထည့်ပြီး ဖွဲမီး(၁)ပြည်သား အနေမီးဖြင့် စ၍ မီးဖုတ်ပေးပါ။

သံပရာခွံ မီးကျွမ်းနေရုံအဆင့်မှာ နောက်ထပ် သံပရာသီး အသစ်တစ်လုံးထဲသို့ ဓာတ်ကို ပြောင်း၍ မြှုပ်ပြီး ယင်းနည်းအတိုင်း ဖွဲမီးကို သံပရာသီး(၂၇)လုံးအထိ ဖွဲ(၁)ပြည် မီးအားလေးနှင့် ပေးသွားပါ။

သံပရာသီး(၂၈)လုံးမှစပြီး ဖွဲ(၂)ပြည် မီးအားနှင့် မီးတက်ပေးပါ။ သံပရာသီး (၉၄)လုံးအဆင့်တွင် ဖွဲ(၃)ပြည် မီးအား ပေးပြီး သံပရာသီး(၁၀၈)လုံး အဆင့်တွင် ဖွဲတစ်စိတ်(၄)ပြည် ပုံမှန်မီးပေးပြီး ယင်းအတိုင်း သံပရာသီး အလုံး(၁၀၀၀)ပြည့်သည်အထိ မီးတက်သွားရပါသည်။

သံပရာသီး အလုံး(၁၀၀၀) မီးကြိမ်စေ့သည့်အခါမှ ဓာတ်လုံး၏ ပြဒါးရင့်ကျက်မှု အခြေအနေကို သုံးသပ်ပြီး ဓာတ်ကို အသုံးချဖို့ ဆုံးဖြတ်ရပါသည်။

သံပရာ အလုံး(၁၀၀၀)အဆင့် မီးတက်ထားသည့် ပြဒါးဓာတ်လုံးသည်…

၁။ ယင်းဓာတ်လုံးကို လက်ဖဝါးဖြင့် ကြာကြာလေး ပွတ်ကြည့်လိုက်လျှင် လက်ဖဝါးမှာ အိုးမည်းကြောင်းပေါ်ပြီး မည်းနေ,မနေကို ကြည့်ပါ။ လက်ဖဝါး မည်းနေသေးလျှင် ဓာတ်မရင့်ကျက်သေး။ မီးလိုနေသေးသည်။

သံပရာသီး အလုံး(၁၀၀၀) မီးပေးထားခဲ့ပေမယ့် နောက် ယင်းအတိုင်း မီးသံပရာ (၅၀),(၁၀၀) စသည်ဖြင့် မီးဆပ် တက်ပေးရမည်။

အထက်ပါအတိုင်း လက်ဖဝါးနှင့် ပွတ်၍ အိုးမည်းကြောင်း မပေါ်လျှင် ဓာတ်မီးရင့်ပြီး ဓာတ်စ၍ တေဇောဝင်စပြီဟု မှတ်ပါ။

ယင်းနည်းအတိုင်း စက္ကူအဖြူအချော ပေါ် ဓာတ်လုံးကို ပွတ်ကြည့်ပါကလည်း အိုးမည်းကြောင်း မထင်မှ ယင်းဓာတ်သည် မီးဝင်ပြီး ရင့်သွားပြီဟု ကျိန်းသေယူဆနိုင်ပါသည်။

၂။ ဤအဆင့် ရောက်နေသော ပြဒါးဓာတ်လုံးကို ကျန်းမာရေးအတွက် သင့်တော်ရာ ဆီတစ်မျိုးမျိုး (ထောပတ်၊ နှမ်းဆီ) စသည်တို့တွင် ဓာတ်လုံးနှင့်တွဲ၍ ဆီချက်ပြီး ယင်းဆီကို အကြောတက်,ကိုက်,ရောင်ခြင်း၊ လေငန်းရောဂါ စသည်တို့တွင် လိမ်းဆေးအနေဖြင့် သုံးနိုင်သည်။

၃။ အဆိပ်ရှိသော သတ္တဝါများ ကိုက်မိ၍ အဆိပ်တက်ခဲ့လျှင် ယင်းဓာတ်လုံးကို ရေနွေးပူပူတွင် စိမ်၍ ယင်းရေကို ဝမ်းတွင်းသို့ တိုက်ပေးပြီး ကိုက်ခဲရာနေရာတွင် လိမ်းပေးပါကပျောက်ကင်းစေမည်။

၄။ အဖျားအို အဖျားဟောင်း ငှက်ဖျား စသည့်ရောဂါများ။ ဓာတ်ငုတ်ရောဂါများတွင် ကွမ်းရွက်ပြုတ်ရည်တွင် ယင်းဓာတ်လုံးကို ထည့်ပြုတ်ပြီး ယင်းကွမ်းရွက်ပြုတ်ရည်ကို တိုက်ပေးပါက သက်သာစေပါသည်။

၅။ အားအင်ကုန်ခန်း မောပန်း ပန်းသေပန်းညှိုးရောဂါများတွင် စတုမဓုတွင် ယင်းဓာတ်လုံးကို ထည့်၍ နေဖြင့် (၇)ရက် နေလှန်း၍ ချက်ပြီး ယင်းစတုမဓုကို နံနက်,ည မှီဝဲပေးပါက သက်သာ ပျောက်ကင်းစေပါသည်။

၆။ ပယောဂ အနှောင့်အယှက် စွဲကပ်ပူးနေခြင်းတို့တွင် ယင်းဓာတ်လုံးကို ရေစိမ်၍ ပက်ဖျန်းပေးပါက ရောဂါကင်းစင်သွားပေမည်။

၇။ ပျားရည်စစ်စစ်တွင် ဓာတ်လုံးကို စိမ်၍လည်း သုံးဆောင်မှီဝဲနိုင်ပါသည်။

ယင်းဓာတ်လုံးကို ထပ်ပြီး အဆင့်ထက်လိုသော်…

၁။ ပဒိုင်းခတ္တာ(ပဒိုင်းပန်းသုံးထပ်)အသီး
၂။ ရှောက်သီးရင့်ရင့်
၃။ နာနတ်သီး
၄။ ပန်းသီး

ယင်းအသီး(၄)မျိုးတွင် သူ့နံပါတ်စဉ်အတိုင်း ပြဒါးဓာတ်လုံးကို ထည့်မြှုပ်၍ သစ်သီး(၁)လုံးလျှင် ဖွဲမီး(၇)ရက်နှင့် ဖုတ်၍ သစ်သီး(၁)မျိုးလျှင် (၂၇)လုံး (၂၇)ကြိမ် မီးတက်ပေးပြီး သစ်သီး (၄)မျိုး မီး(၁၀၈)ကြိမ် တက်ခဲ့လျှင်…

ယင်းပြဒါးဓာတ်လုံးသည် ဘော်သားအဆင့်သို့ပင် ဝင်ခဲ့ပြီဆိုလျှင်…

အစကနဦး ပေမူကျမ်းညွှန်းမှာ လာသည့်အတိုင်း ထမင်းဦးပေါင်းတွင် ထည့်နှပ်၍ ထမင်းကို သုံးဆောင်သွားမည်ဆိုလျှင်…

ပေမူကျမ်းညွှန်းပါအတိုင်း ရောဂါဘယကင်းစင်ပြီး အာယု အသက်ရှည်စေခြင်း အကျိုးသွားကို ရရှိနိုင်လေသည်။

နိဂုံးချုပ်ပြောရလျှင် အဂ္ဂိရတ်ဓာတ်လမ်းစဉ်များသည် "**နည်းကမခက် မီးကခက်**"ဟု ဆိုသကဲ့သို့ လမ်းသိရုံဖြင့် လိုရာပန်းတိုင်ကို ရောက်အောင် သွားဖို့ရန်မှာ လွန်စွာ ခဲယဉ်းလှပါသည်။

ထိုထိုသော ဓာတ်လမ်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၏ ဓာတ်များအပေါ်တွင် သိမြင်တွေးခေါ်နိုင်မှု အတွေ့အကြုံ ရင့်ကျက်ပြီး ဓာတ်လုံးတစ်လုံး၏ တေဇောအဆင့်တန်း ရင့်ကျက်မှုကို သုံးသပ်ဆုံးဖြတ်နိုင်မှသာ ထိုဓာတ်လုံးကို မှီတည်ပြီး စမ်းသပ်စားသုံးမှီဝဲကြပါဟု အကြံပြု တင်ပြလိုက်ပါသည်။

***အဂ္ဂိရတ်ဝါသနာရှင်များ နည်းမှန်လမ်းမှန်နှင့် စခန်းအမြန်ရောက်အောင် လျှောက်လှမ်းနိုင်ကြပါစေခင်ဗျား။***

**ဦးမင်းဇင်(ရွှေနဝင်း)**




www.burmeseclassic.com

www.burmeseclassic.com

# ရှေ့နေအလုပ်နဲ့

အကျိုးပေးနိုင်မလား


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဖော်ပြပေးထားသော ဘယ်လက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

**"က"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်မ ဒုတိယဆစ် ပြည့်ဖြိုးတောင့်တင်းနေခြင်း ဖြစ်သည်။


* * *




စိတ်ဓာတ်ခိုင်မာသူဖြစ်ကြောင်း သိသာသည့် သင်္ကေတဖြစ်ပါသည်။

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးရင်းနှင့် လက်မရင်းကြား ဗဟိုနေရာမှာ အသက်လမ်းနှင့် ဦးခေါင်းလမ်းအဖျားတို့ (၁)စင်တီမီတာခန့် ပူးနေခြင်း ဖြစ်သည်။ ဦးခေါင်းလမ်း မဖြောင့်လွန်း မကွေးလွန်း ရှည်လျားပြီး အဆုံးမှာ ခက်ရင်းခွ ရှိသည်။

* * *




မထောင်လွှားလွန်း မကြောက်ရွံ့လွန်း




www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်သေချာ၊ စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းကျအောင် ပေါင်းစပ်နိုင်၊ ဉာဏ်ပညာပဟုသုတ ပြည့်စုံဆိုသော အရည်အချင်းများ ရှိစေနိုင်သည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးနှင့် လက်ခလယ်ကြားမှာ နှလုံးလမ်း **ကြာဖူးပုံမင်္ဂလာ** အခြံအရံ ဖြစ်နေသည်။


* * *




ထိုသင်္ကေတက ရိုးသားဖြောင့်မတ်သူ၊ မတရားမလုပ်လိုသူ၊ အတ္တနှင့်ပရ မျှတသူ၊ သနားကြင်နာတတ်သူ ဖြစ်ကြောင်း၊ အမှန်တရားကို တန်ဖိုးထားကြောင်း ဖော်ပြသည်။

**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်လက်ချောင်းထိပ်က လက်ညှိုးထိပ်ထက် ပိုမြင့်နေခြင်းဖြစ်သည်။


* * *




အယှဉ်အပြိုင် ဝါသနာပါခြင်း၊ အနိုင်ရလိုစိတ်ပြင်းထန်ခြင်း၊ နာမည်ကျော်ကြားလိုသော ထက်ကိုပိုင်ရှိခြင်းဟု ဟောနိုင်သည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သန်းလက်ချောင်းများ အတွင်းဘက်သို့ အနည်းငယ် ကွေးဝင်နေခြင်း ဖြစ်သည်။


* * *




ထိုလက်ချောင်းနှိုင်ပိုင်ရှင်မှာ စကားပရိယာယ်နှင့် ဆက်ဆံရေးပရိယာယ် ကြွယ်ဝသူဖြစ်သည်။

**"စ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်အောက် နှလုံးလမ်းအထက် တနင်္ဂနွေဂြိုဟ်ခွင်တွင် အောင်မြင်ရေးလမ်း၊ အကျူလမ်းနှင့် အထောက်အကူလမ်းများ ထင်ရှားရှိခြင်းဖြစ်သည်။

* * *




ဖိဖိအလုပ်အကိုင်မှာ အကူအညီအထောက်အပံ့များစွာ ရရှိခြင်း၊ အောင်မြင်ကျော်ကြားခြင်း၊ ငွေဝင်ကောင်းခြင်း၊ အနှောင့်အယှက် အဖျက်ကင်းရှင်း ဖြစ်စေမည်။

အထက်ပါ လက္ခဏာရှင်မှာ ရှေ့နေလုပ်ငန်းဖြင့် အကျိုးပေးလျက်ရှိသူ ဖြစ်သည်။ စာဖတ်သူများလည်း မိမိတို့လက်ဖဝါးပြင်မှာ အထက်ပါ ဖော်ပြပါ သင်္ကေတများအနက် အနည်းဆုံး (၄)ချက်လောက် တူညီမှုရှိမှသာ ရှေ့နေလုပ်ငန်းနှင့် အကျိုးပေးသူ ဖြစ်နိုင်ပါလိမ့်မည်။

***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**


**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အနီးရှိ စာအုပ်တိုက်များနှင့်
ဆက်သွယ်၍ ရရှိစေ
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးငွေပေးချေသူမှတ်ပုံတင်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နယ်ပို့ခသုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ်သို့ရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်။

မှာကြားရန် လိပ်စာ...

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၀၄




www.burmeseclassic.com

www.burmeseclassic.com

လူအများ အကြောင်းကိစ္စနှင့် ခရီးသွားလာကြရာတွင် နဂါးခံတွင်းကျရောက်နေ၏။ မည်သည့် အရပ်ဒေသသို့ မသွားသင့်ဘူး။ မည်သည့်အရပ်သို့ သွားသင့်သည်ဟူ၍ ပြောကြပါသည်။

အကြောင်းမှာ **နဂါးခံတွင်းကျရောက်ရာ အရပ်ဒေသသို့ ကိစ္စနှင့် ခရီးသွားရောက်လျှင်** အောင်မြင်မှုမရှိခြင်း၊ အတိုက်အခံဖြစ်စေနိုင်ခြင်း၊ အဆင်မပြေဖြစ်ခြင်း ခက်ခဲမှုနှင့် ကြုံရခြင်း စသည့် အကြောင်းအရာများ ဖြစ်နိုင်သည်ဟု ဆိုပါသည်။

နဂါးခံတွင်း ကျရောက်ရာ အရပ်ဒေသသို့ မဖြစ်မနေ သွားကြရလျှင် ရှောင်ကွင်း၍ သွားရသည်။ စာဆိုတစ်ခု ကြားဖူးပါသည်။ **“အမြီးကိုလျှောက်၊ ဝမ်းကိုဖောက်၊ သွားရောက် ခရီးနှင်”**ဟူ၍ ဖြစ်ပါသည်။

နဂါးခံတွင်း ကျရောက်ရာ အရပ်သို့ ခရီးသွားလျှင် အမြီးမှ လျှောက်၍ ဝမ်းကို ဖောက်ဝင်ပြီးသွားလျှင် အဆင်ပြေသည်ဟု ဆိုပါသည်။

နဂါးလှည့်နှင့် ပတ်သက်၍ **“တော်, ကျွတ်, မုန်း(ရှေ့)၊ နတ်, ပြာ,တွဲ(တောင်)၊ယုန်,ဝါ,ဝါ(မြောက်)၊ ပေါင်း,ကူး,ဆုံ(နောက်)”** ဟူ၍ လက်ာတိုလေးတွေ မှတ်သားဖူးပါသည်။

**တော်သလင်းလ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ**တွင် နဂါးဦးခေါင်း အရှေ့သို့ လှည့်သည်။

**နတ်တော်၊ ပြာသိုလ၊ တပို့တွဲလ**တောင်အရပ်သို့ လှည့်သည်။

**နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ**တွင် မြောက်အရပ်သို့ လှည့်သည်။

**တပေါင်း၊ တန်ခူး၊ ကဆုန်လ** အနောက်အရပ်သို့ လှည့်သည်ဟု ဆိုထားပါသည်။

# ခရီးသွားများအတွက် နဂါးခံတွင်း

## ရှောင်ကွင်းရန် မလိုသောနည်း



စာရေးသူ၏ ဆရာ ဖြစ်သော ကျောက်ထရံ ဆရာတော်ကြီး ဦးကောဝိဒမေ့ ဆရာတော် မိန့်ကြားခဲ့သော နဂါးခံတွင်း ရှောင်ကွင်းရန် မလိုသော နည်း ဖြစ်ပါသည်။



မည်သည့်ကိစ္စနှင့်ဖြစ်စေ နဂါးခံတွင်း ကျရောက်ရာအရပ်သို့ ခရီးသွားရလျှင်...

'ဝိရူပက္ခေ ဟိ မေ မေတ္တံ
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေ ဟိ မေ မေတ္တံ
မေတ္တံ ကဏှာ ဂေါတမ ကေဟိ စ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဝိရူပက္ခေဟိ** | = | ဝိရူပက်ခေဟိ |
| **မေ မေတ္တံ** | = | မေမစ်တံ |
| **ပုတ္တေ** | = | ပုတ်တေ |
| **ကဏှာ** | = | ကန်နှာ |

ခန္ဓသုတ်တော်မှ ဤဂါထာကို မိမိသွားလိုရာသို့ အာရုံပြုပြီး(၉)ခေါက် ရွတ်ပါ။ ပြီးလျှင်...

'နဂါးဟူသမျှ ငါ၏ မိတ်ဆွေသာ ဖြစ်သည်'

ဟု (၁)ခေါက် ရွတ်ပြီး သွားလျှင် နဂါးခံတွင်းကို ရှောင်ကွင်းရန်မလို သွားနိုင်သည်ဟု ဆရာတော်ကြီး၏ နည်းကို စာရှုသူများနှင့် ကိစ္စအမျိုးမျိုးကြောင့် ခရီးသွားလာကြသော (၇)ရက်သားသမီးများအားလုံး လိုရာခရီးကို အဆင်ပြေ သွားလာနိုင်ကြပါစေဟု ဆန္ဒပြုလျက်...

***ဆရာတော်ကြီးအား ဦးခိုက်ပါသည် ဘုရား...***

**ဗိုလ်မင်း (မင်းနှာ)**



www.burmeseclassic.com

www.burmeseclassic.com

# ပေါ်တော်မူ ရုပ်ပွားတော် နှင့်

ကဝိဘိရာမဏိ

လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်

ပေါ်တော်မူဘုရားဟု အမည်ပေးထားကြတာကတော့ ပျောက်ကွယ်နေရာမှ အလိုအလျောက် တွေ့ရှိခြင်း၊ ထူးထူးခြားခြား အတိတ်နိမိတ်ပြသဖြင့် တူးဖော်၍ တွေ့ရှိခြင်း၊ မမျှော်လင့်ဘဲ ဖူးတွေ့ရရှိခြင်း၊ နစ်မြုပ်ပျောက်ကွယ်ပြီး နှစ်ပေါင်းများစွာကြာမှ ပေါ်ထွက်လာခြင်း၊ တူးဖော်တွေ့ရှိခြင်းမျိုးကို အကြောင်းပြုပြီး ဖြစ်ပေါ်ကြတာပါ။

ယခု ဖူးတွေ့ကြည်ညိုရသည့် ပေါ်တော်မူဘုရားကတော့…

မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်သည် အဓိဋ္ဌာန် (၈၁)ရက် ဆောက်တည်နေစဉ် ၁၉၈၃ ခုနှစ်၊ ဧက်တင်ဘာလ (၃)ရက်နေ့တွင် သူတော်စင်ကြီးတစ်ဦး အိပ်မက် (၃)ကြိမ်ပေးသဖြင့် **ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ စွန်ရဲကျေးရွာ ရေကန်အနီး**မှ တူးဖော်ရရှိသော **နှစ်ပေါင်း (၆၀၀) ခန့်က ကျောက်ညိုဆင်းတုဘုရား** ဖြစ်ပါသည်။ သို့ပါ၍ မည်သူမဆို အောက်ပါအချက်များနှင့် ညီနေပါက အဆင်ပြေ ချောမွေ့စေရန် မိမိတို့ဒေသရှိ ပေါ်တော်မူဘုရား၊ စေတီများတွင် အဓိဋ္ဌာန်ကျင့်စဉ် ဝင်နိုင်ပါသည်။

**ပေါ်တော်မူဘုရားများတွင်…**

- ✦ ကျဆင်းနေသော လုပ်ငန်းစီးပွားများ တိုးတက်လာစေရန်၊
- ✦ တိမ်မြုပ် ပျောက်ကွယ်နေသော ပညာရပ်များကို ဖော်ထုတ်သင်ယူ တတ်မြောက်စေရန်၊
- ✦ ဂုဏ်သိန်နာမည် ကျော်စောထင်ရှားစေရန်၊
- ✦ မျှော်လင့်ထားပြီး ခက်ခဲနေသည့်ကိစ္စများ အမြန်ဆုံး အောင်မြင်စေရန်၊
- ✦ အလုပ်အကိုင်များ ရရှိစေရန်၊
- ✦ ဉာဏ်ပညာ ထက်မြက်စေရန်၊
- ✦ ထီကံကောင်းစေရန်၊
- ✦ ငွေကြေး ကျပ်တည်းမှုက လွတ်မြောက်စေရန်၊
- ✦ အကျဉ်းအကျပ် ဥပဒ်အခက်အခဲများမှ ကင်းလွတ်စေရန်၊

ဆုတောင်းရန်၊ အဓိဋ္ဌာန်ပြုရန်၊ ကောင်းမှုပြုရန် နေရာထူး အောင်မြေတစ်ခုသဖွယ် ယုံကြည်အားကိုးပြီး ပူဇော်မှု အထူးပြုသင့်ပါသည်။

(၇)ရက် သားသမီးများအတွက် ကောင်းမှုပြုနည်းကို တင်ပြလိုပါသည်။



▲ ပေါ်တော်မူ ဆုတောင်းပြည့်ဘုရား

ဘုရားရှိခိုးရန်

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟာကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟာကာရက ဒိဋ္ဌောသိ၊
ပုနဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

*[ဓမ္မပဒ–၁၅၃] [၁–ခေါက်]*

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| သန္ဓာဝိဿံ | = | သန်ဓာဝိတ်သံ |
| အနိဗ္ဗိသံ | = | အနိတ်ဗိသံ |
| ဂဝေသန္တော | = | ဂဝေသန်တော |
| ဒုက္ခာ | = | ဒုတ်ခါ |
| ပုနပ္ပုနံ | = | ပုနတ်ပုနံ |
| ဒိဋ္ဌောသိ | = | ဒိတ်ထောသိ |
| သဗ္ဗာ | = | သတ်ဗာ |
| ဘဂ္ဂါ | = | ဘက်ဂါ |
| ဂဟကူဋံ | = | ဂဟာကုတ်တံ |
| ဝိသင်္ခတံ | = | ဝိသင်ခတံ |
| ဝိသင်္ခါရ | = | ဝိသင်ခါရ |
| စိတ္တံ | = | စိတ်တံ |
| မဇ္ဈဂါ | = | မဇ်ဇဂါ |

**အနက်**

**ဂဟာကာရက၊** အတ္တဘောဟူသည်း ဟူသော ခန္ဓာအိမ်ကို ပြုလုပ်တတ်

www.burmeseclassic.com

သော တဏှာယောက်ျား ဟယ် လက်သမား။ **ပုနပ္ပုနံ၊** အဖန်တလဲလဲ။ **ဇာတိ၊** ပဋိသန္ဓေ နေရခြင်းသည်။ **ယသ္မာ၊** အကြင်ကြောင့်။ **ဒုက္ခာ၊** ဆင်းရဲ၏။ **တသ္မာ၊** ထို့ကြောင့်။ **ဂဟကာရံ၊** တဏှာယောက်ျား သင်လက်သမားကို။ **ဂဝေသန္တော၊** ရှာမှီးသော။ (**အဟံ၊** ငါသည်။) **အနိဗ္ဗိသံ အဝိန္ဒန္တော၊** သင့်ကို မြင်နိုင်သည့် ဉာဏ်ကို မရသောကြောင့်သာလျှင်။ **အနေကဇာတိ သံသာရံ၊** ဘဝများစွာ သံသရာပတ်လုံး။ **သန္ဓာဝိဿံ၊** ပြေးသွားခဲ့လေပြီ။

**ဂဟကာရက၊** တဏှာယောက်ျား လက်သမား။ **တံ၊** သင့်ကို။ **မယာ၊** ငါသည်။ **ဒိဋ္ဌော၊** မြင်အပ်သည်။ **အသိ၊** ဖြစ်၏။ **ပုန၊** တစ်ဖန်။ **ဂေဟံ၊** အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။ **နကာဟသိ၊** သင် မပြုရလတ္တံ့။ **တေ၊** သင်၏။ **သဗ္ဗာ၊** အားလုံးကုန်သော။ **ဖာသုကာ၊** ကိလေသာ အခြင်ရနယ်တို့ကို။ **ဘဂ္ဂါ၊** ချိုးဖျက်အပ်ကုန်ပြီ။ **ဂဟကူဋံ၊** ခန္ဓာအိမ်၏ အဝိဇ္ဇာတည်းဟူသော အထွတ်ကို။ **ဝိသင်္ခတံ၊** ချွတ်ဖျက်လိုက်အပ်ပြီ။ (**မေ၊** ငါ၏။) **စိတ္တံ၊** စိတ်သည်။ **ဝိသင်္ခါရ ဂတံ၊** သင်္ခါရကင်းသော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ။ **တဏှာနံ၊** တဏှာတို့၏။ **ခယံ၊** ကုန်ရာ အရဟတ္တဖိုလ်ကို။ **အဇ္ဈဂါ၊** ရပြီ။

---

### သဏ္ဍာပြုရန်

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*[၃-ခေါက်]*

ခက်ခဲသော ပါဠိအသံထွက်

ယံကိဉ္စိ = ယံကိန်စိ
ဝိတ္တံ = ဝိတ်တံ
ဣဓ = အိဓ
သဂ္ဂေသု = သဂ်ဂေသု
အတ္ထိ = အတ်ထိ
ဣဒမ္ပိ = အိဒမ်ပိ
ဗုဒ္ဓေ = ဗုဒ်ဓေ
သစ္စေန = သစ်စေန
သုဝတ္ထိ = သုဝတ်ထိ

**အနက်**

**ဣဓ ဝါ၊** ဤလူ့ပြည်၌ လည်းကောင်း။ **ဟုရံ ဝါ၊** နဂါး၊ ဂဠုန် စသည် ပြည်တစ်ပါး၌ လည်းကောင်း။ **ယံကိဉ္စိ၊** အလုံးစုံသော။ **ဝိတ္တံ၊** ဥစ္စာရတနာသည်။ **အတ္ထိ၊** ရှိ၏။ **သဂ္ဂေသု ဝါ၊** နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌လည်း။ **ပဏီတံ၊** ကောင်းမြတ်သော။ **ယံ ရတနံ၊** အကြင်ရတနာသည်။ **အတ္ထိ၊** ရှိပေ၏။ (**တေသု၊** ဤရတနာတို့တွင်။) **တထာ ဂတေန၊** မြတ်စွာဘုရားနှင့်။ **သမံ၊** တူညီသော ရတနာကား။ **န နော အတ္ထိ၊** မရှိသည်သာတည်း။ **ဗုဒ္ဓေ၊** မြတ်စွာဘုရား၌။ **ဣဒမ္ပိရတနံ၊** ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း။ **ပဏီတံ၊** ထူးမြတ်လှပါပေ၏။ **ဧတေန သစ္စေန၊** ဤသစ္စာစကားကြောင့်။ **သုဝတ္ထိ ဟောတု၊** သတ္တဝါတွေ ချမ်းသာပါစေသတည်း။

---

### ကိုးကွယ်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

*[၃-ကြိမ်]*

---

### ဆုတောင်းရန်

လုပ်ငန်းစီးပွား တိုးတက်စေရန်၊ အလုပ်အကိုင်ကောင်းများ ရစေရန်၊ ဂုဏ်သတင်း ကျော်စောစေရန် ဤဂါထာဖြင့် ပုတီး (၁)ပတ်စိပ်ပြီး ဆုတောင်းပါ။

သဒ္ဓမ္မရံသိယာ လောကေ သဗ္ဗမံ့ ဝိနောဒတိ။

ခက်ခဲသော ပါဠိအသံထွက်

သဒ္ဓမ္မရံ = သတ်ဓမ်မရံ
သဗ္ဗမံ့ = သတ်ဗဓမ်မံ

**အနက်**

**လောကေ၊** လောက၌။ **သဒ္ဓမ္မရံသိယာ၊** သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည်တော်ဖြင့်။ **သဗ္ဗမံ့၊** အားလုံးသော အကုသိုလ်တရားကို။ **ဝိနောဒတိ၊** ပယ်ဖျောက်၏။

* * *

အခက်အခဲ အကျပ်အတည်းက လွတ်မြောက်ရန်၊ အကျိုးအကျပ် ဥပဒ်အန္တရာယ်က ကင်းလွတ်စေရန် ဤဂါထာဖြင့် ပုတီး (၁)ပတ်စိပ်ပြီး ဆုတောင်းပါ။

စတုပါဒေါ ဝရော ဗုဒ္ဓေါ
စတုသစ္စော နဝဗောဓော။

ခက်ခဲသော ပါဠိအသံထွက်

စတုသစ္စော = စတုသစ်စော
ဗုဒ္ဓေါ = ဗုတ်ဓော

**အနက်**

**စတုပါဒေါ၊** ဣဒ္ဓိပါဒ်လေးပါးတည်းဟူသော အခြေရှိတော်မူသော **ဝရော** မြတ်သော။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **စတုသစ္စော နဝဗောဓော**

www.burmeseclassic.com



လက်တွေ့..

# ဟင်းရိုင်းမမ်းနည်း

အောင်သန်း
(ပုသိမ်ကြီး)

၁၉၇၃ ခုနှစ် နွေဦးကာလဖြစ်သည်။ မန္တလေးမြို့ (၈၂)လမ်းနှင့် (၁၆)လမ်းထောင့်ရှိ "ကိုတင်လှိုင်" လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်နှင့် ကိုမြင့်ညိုတို့ လက်ဖက်ရည်သောက်ရင်း ဗေဒင်အကြောင်း ဆွေးနွေးကြသည်။

ကျွန်တော်တို့နှင့် မလှမ်းကမ်းရှိ ထိုင်ခုံစားပွဲဝိုင်းတွင် အသက်(၈၀)နီးပါးရှိမည်ဟု ခန့်မှန်းရသော လူကြီးနှစ်ယောက် လက်ဖက်ရည်သောက်နေသည်။ သူတို့နှစ်ယောက်နှင့် နေ့စဉ်လိုလို ဆုံနေကြဖြစ်သော်လည်း သူတို့အကြောင်း ကျွန်တော် ကောင်းစွာ မသိပါ။ နာမည်ကတော့ ဦးလေးဂျမ်းနှင့် ဦးလေးသန်းတို့ဖြစ်ကြောင်း ကျွန်တော် သိပါသည်။

ဦးလေးဂျမ်းက ယခင်ကတည်းက ရင်းနှီးခင်မင်ခဲ့သူဖြစ်၍ ဦးလေးသန်းကိုတော့ ဦးလေးဂျမ်းက မိတ်ဆက်ပေးထား၍ နာမည်ကိုသာ သိနေခြင်းဖြစ်ပါသည်။

ကျွန်တော်က ဦးလေးသန်းဟု ခေါ်သော်လည်း သူ့နာမည်အပြည့်အစုံမှာ ဦးသန်းမောင်ဖြစ်ကြောင်း သိရပါသည်။ မန္တလေးမြို့၊ ပဲလော်ချောင်ရပ်ကွက်မှာနေ၍ ယခင်က ပန်းထိမ်ဆရာကြီးတစ်ဦး ဖြစ်ကြောင်းနှင့် လောလောဆယ် အဂ္ဂိရတ်ပညာရှင်တစ်ဦးဖြစ်ကြောင်းသာ အကြမ်းဖျင်း သိရပါသည်။

ကျွန်တော်က သူတို့နှစ်ဦးအတွက် လက်ဖက်ရည်ဖိုး ရှင်းပေးလိုက်ချိန်တွင် ဦးလေးသန်းက ကျွန်တော့်ကို လှမ်းခေါ်လိုက်သည်။

'မောင်အောင်သန်း လာပါဦးကွ၊ ဦးတို့ဝိုင်းမှာ ခဏထိုင်ပါဦး'

'ဟုတ်ကဲ့လေးသန်း'

ကျွန်တော်က ဦးသန်းမောင်ကို "လေးသန်း" ဟု ခေါ်၍ ဦးဂျမ်းကို "လေးဂျမ်း" ဟုခေါ်နေကြဖြစ်ပါသည်။

'မင်းတို့လူငယ်တွေ အဂ္ဂိရတ်ပညာကို ယုံသလား။ အဂ္ဂိရတ်ပညာနဲ့ ရွှေဖြစ်တယ် ဆိုရင်ကော ယုံပါ့မလား'

ဟု လေးသန်းက မေးသည်။

'လေးသန်း... ကျွန်တော် အမှန်အတိုင်း ပြောရရင် မယုံဘူး။ အဂ္ဂိရတ်ပညာနဲ့ ရွှေဖြစ်ငွေဖြစ်အောင် ထိုးတယ်လို့ ကြားဖူးပေမယ့် ကျွန်တော် မတွေ့ဖူးသေးဘူး'

ကျွန်တော်က ဘွဲ့ရလူငယ်တစ်ဦး ပီပီ မယုံကြည်ကြောင်း ရင်ထဲမှာရှိသည့်အတိုင်း ပြောလိုက်တော့ လေးသန်းက ပြုံးပြုံး...

'အေး...အေး... မင်းမယုံဘူးဆိုရင် ငါ လက်တွေ့ပြမယ်၊ မင်းစိတ်ဝင်စားပါ့မလား'

'ဟာ...လေးသန်းက လက်တွေ့ ရွှေလုပ်ပြမယ်ဆိုရင် ကျွန်တော် စိတ်ဝင်စားတာပေါ့၊ ဘယ်တော့လုပ်ပြမလဲ'

'မင်း တနင်္ဂနွေနေ့အားရင် မဟ္တရာခွဲကျောင်းတိုက်ကို လာခဲ့လေ၊ အဲဒီမှာ ငါစောင့်နေမယ်။ မင်းလာရင် ဝယ်လာရမယ့် ပစ္စည်းကလေးတွေ ငါရေးပေးလိုက်မယ်၊ ဈေးချိုက ဝယ်လာခဲ့ကွာ'

ဟု ပြောသည်။ အဲဒီနောက် စာရွက်လွတ်တစ်ရွက်တောင်း၍ အောက်ပါအတိုင်း ဝယ်ရမယ့်ပစ္စည်းစာရင်းကို ရေးပေးပါသည်။

လိုအပ်သည့် ပစ္စည်းတွေကတော့...

၁။ ဟင်းရိုင်းမြု တစ်ကျပ်သား
၂။ နာ(ခဲ) တစ်ဆယ်သား
၃။ ကန့်(ကညင်တောက်ကန့်)တစ်ဆယ်သား
၄။ ဂွတ် တစ်ကျပ်သား
၅။ သံ(အရည်ပျော်လွယ်သည့်ပျော့သည့်သံ မဆိုရပါသည်)တစ်ကျပ်သား
၆။ ကြေးနီ တစ်ကျပ်သား(ဝယ်ရန်မလို)
၇။ လုံးဆောက်နံ့ပါတ်(၇)တစ်လုံးနဲ့ လုံးပက်(၄)လုံး၊ နံ့ပါတ်လေး လုံးရှည်(၃)လုံး
၈။ လုံယန်းကန့်ပြားတစ်ချပ်
၉။ လက်ချားတစ်ဆယ်သားတို့ ဖြစ်ပါသည်။

'သံနဲ့ကြေးနီက ဘုန်းကြီးကျောင်းမှာရှိတယ်ကွ၊ မင်း ဝယ်စရာ မလိုဘူး။ ကျန်တာတွေ ဝယ်ခဲ့ကွာ'

ဟု ပြောပြီး လူစုခွဲသွားပါသည်။

ကျွန်တော်နှင့် မြင့်ညို(ညီလိုခင်သူ)တို့နှစ်ယောက် တနင်္ဂနွေနေ့မှာ မဟ္တရာခွဲကျောင်းတိုက်သို့ သွားကြသည်။ လေးသန်းမှာခဲ့သော ပစ္စည်းတွေအားလုံး စုံအောင် ဝယ်ခဲ့ပြီး လေးသန်းကို ပြသည်။

'အေး...ဟုတ်တယ်ကွ၊ မင်းတို့ ဝယ်လာတာတွေ အားလုံးပြည့်စုံပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်'

ဟု ပြောသည်။

ကျွန်တော်အချိန်ကို ကြည့်လိုက်တော့ နံနက်(၈)နာရီခွဲခန့် ရှိပြီ။ မတ္တရာခဲ့ဘုန်းကြီးဦးပဏ္ဍိတ ခေါ်သွား၍ ဆရာတော်ကို ကန်တော့ကြပြီး ဆရာတော်နှင့် မိတ်ဆက်ပေးပါသည်။ ဆရာတော်က လှိုက်လှဲစွာ ကြိုဆိုကြောင်းနှင့် စိတ်ကြိုက် ဆောင်ရွက်ခွင့်ပြုကြောင်း ပြောပါသည်။

ကျောင်းမကြီး အရှေ့ဘက်မှာ တစ်ခန်းပတ်လည် သွပ်မိုး၊ သွပ်ကာ၊ ဖိုတဲကလေး ရှိသည်။ လေးသန်းက အဲဒီဖိုတဲဆီသို့ ကျွန်တော်တို့နှစ်ဦးကို ခေါ်သွားသည်။ ပြီးတော့ ငှက်ပျောသီးများ ကျွေးသည်။

ဖိုတဲရှေ့မှာ မန်ကျည်းပင်ကြီးရှိ၍ ထိုင်စရာ ကွပ်ပျစ်ကလေးရှိသည်။ ခုံတန်းလျားတစ်ခုံရှိသည်။ အရှေ့ဘက်မှာ မီးသွေးလှောင်ထားသည့် နှစ်ခန်းပတ်လည်သစ်သားကိုဒေါင် (ထရံကာ သွပ်မိုး) တစ်လုံးရှိသည်။ တောင်ဘက်မှာ ရေတိုင်နှင့် အုတ်ကန်ကလေး ရှိသည်။

'ကဲ...လာကြကွာ၊ မင်းတို့ကိုယ်တိုင် ဖိုဆွဲရမယ်၊ ငါက ဘေးကပြောမယ်၊ ငါပြောတဲ့အတိုင်း မင်းတို့လိုက်လုပ်ရင် ရပြီ'

ကျွန်တော်တို့နှစ်ယောက် ရုတ်တရက် အံ့ဩသွားသည်။ တစ်ခါမှ ဖို မထိုးခဲ့ဘူးသူများဖြစ်၍ ဖိုဆွဲရမှာ ခပ်လန့်လန့် ဖြစ်နေကြပါသည်။ ဘာပဲဖြစ်ဖြစ် လေးသန်းခိုင်းသလို အကုန်လိုက်လုပ်မည်ဟု စိတ်ပိုင်းဖြတ်ရင်း ကျွန်တော်က အရင်စ၍ ဖိုဆွဲပါသည်။

ပထမဆုံး **ခဲပန်းသံ တစ်ကျပ်သား**ဖြတ်၍ လုံထဲထည့်ပြီး အရည်ဖြစ်အောင် ဖိုဆွဲခိုင်းသည်။ သံအရည်



မပျော်မီ ရဲရဲတောက်ဖြစ်နေချိန်မှာ **ဂျုတ်တစ်ကျပ်သား** ထည့်ခိုင်းသည်။ ဂျုတ်ထည့်ထိုးတော့ သံက မြန်မြန် အရည်ပျော်သွားသည်။ အရည်လင်အောင် ထိုးခိုင်းပြီး လုံကို သံခွက်ထဲချ၍ အအေးခံခိုင်းသည်။

**ကန့်တစ်ကျပ်သား**ချိန်၍ အမှုန့်ထောင်းခိုင်းပြီး လုံထဲမှာ ထည့်ထားသည်။ ပြီးတော့ **ကြေးနီတစ်ကျပ်သား**ကို အရည်ဖြစ်အောင်ထိုး၍ ကန့်မှုန့်ထဲသို့ လောင်းထည့်ရသည်။ အအေးခံပြီး သံဂျုတ်ဆုံထဲထည့်၍ အမှုန့်ထောင်းသည်။

လုံနံပါတ်(၇)ထဲမှာ **ဟင်းရှိင်းဖြူတစ်ကျပ်သား**ကို အမှုန့်ထောင်း၍ ထည့်သည်။ ပြီးတော့ အပေါ်က **ကြေးနှင့်ကန့်** အရောမှုန့်တင်သည်။ အဲဒီအပေါ်က **သံနှင့်ဂျုတ်**အရောကို ထောင်းခိုင်း၍ သင့်တော်သလို ထည့်သည်။ အပေါ်ဆုံးမှာ ချော်အဟောင်းမှုန့်ရုံမျှ အမှုန့်ထောင်း၍ ထည့်သည်။

အထက်ပါအတိုင်း အဆင့်ဆင့် ထည့်ထားသော လုံနံပါတ်(၇)အား အဖုံးဖုံးကာ ဖော့မံခိုင်းသည်။ ဖော့ကို စနစ်တကျဖြစ်အောင် အဝတ်ပတ်၍ မြေနီနှင့် အထပ်ထပ် မံခိုင်းသည်။ ပြီးလျှင် ဖိုခွင်(အုတ်ခဲဖို)ထဲသို့ မီးလျှံ အနေအထားဖြစ်အောင် ထည့်ခိုင်းပြီး မီးလျှံ(၄၅)မိနစ်ဆွဲသည်။ မီးလျှံ(၄၅)မိနစ်ပြည့်က လုံကို အပေါ်သို့ မ,တင်ပေးပြီး နှုတ်ခမ်းတိုက်မီးဖြင့် (၄၅) မိနစ်ဆွဲသည်။

နောက်ဆုံး လုံကို ခါးတိုက်အနေအထားရောက်အောင် မတင်ပေးပြီး ခါးတိုက်မီးဖြင့်(၄၅)မိနစ် ဆွဲခိုင်းသည်။ ပြီးက အအေးခံခိုင်းသည်။

လုံအေးသွားသည်နှင့် ခွဲလိုက်ရာ အောက်ဆုံးမှာ ဟင်းရှိင်းဖြူပြဒါးများ မိနေသည်ကို တွေ့ရသည်။ အလေးချိန်မှာ **နှစ်ကျပ်ကျော်**ခန့် ရှိသည်။ အပေါ်ယံရှိ အထပ်(ထိပ်ဆောင်း)ကို ဖယ်ထားပြီး အောက်မှ ဟင်းရှိင်းနှင့် ကြေးများရောနေသော ဓာတ်ရောကို ယူ၍ လုံထဲထည့်၊ အရည်ကျိုခိုင်းသည်။

အရည်ဖြစ်ချိန်တွင် လုံပက်အကြီး တစ်လုံးကို ယူ၍ ကန့်အမှုန့်များ ထည့်ထားပြီး ဓာတ်ရည်များ လောင်းထည့်လိုက်သည်။ ပြီးတော့ အအေးခံခိုင်း၍ အမှုန့်ဖြစ်အောင် ထောင်းခိုင်းပါသည်။

'မင်းတို့မှတ်ထားကြကွ ဒီကန့်ခွာတယ်ဆို ခေါ်တယ်'

ဟု ပြောသည်။

'ဟင်းရှိင်းကို ကန့်ခွာပြီးရင် နာချက်ရမှာ ဒါမှ အစင်အကြယ်ရမယ်'

ဟု ပြောပြီး...

"မင်းတို့က နာမချက်တတ်သေး တော့ ငါကိုယ်တိုင် ချက်ပြမယ်".ဆို လုံပန်းကန်ပြားကို ဖိုခွင်ထဲမှာ သေသေ ချာချာ မလှုပ်နိုင်အောင် တည်ထား မီးစားတိုက်၍ နာချက်ပြပါသည်။

ကန့်နှင့် နာခိုးများ ထွက်လာ ဓာတ်သားမှာ ချာချာလည်နေသည် တွေ့ရပါသည်။ သိပ်မကြာ နာရီဝက်ခန့်အတွင်း ဓာတ်သား လည်နေတာ ရပ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လေးသန်းက ဖိုဆွဲရပ်ပြီး "ရပြီကွ" ဒါကို သန့်စင်သွားအောင် လက်ချားနဲ့ တစ်လုံ့ထိုးရမယ်ဟု ပြော၍ ကျွန်တော်တို့အား ဖိုဆွဲခိုင်းပါသည်။ မြင့်ညိုတစ်လှည့်၊ ကျွန်တော်တစ်လှည့် ဆွဲကြသည်။

လက်ချားနှင့်ထိုးသည့်အခါ ဓာတ်သားမှာ မျက်တောင်မခတ်တော့ဘဲ ဆိတ်မျက်ကွင်းလို ငြိမ်နေကြောင်း တွေ့ရပါသည်။ အရည်လင်အောင် ချော်နှင့်ထိုးခိုင်း၍ ချော်ဖုံးသွားအောင် ထိုးပြီး အအေးခံခိုင်းသည်။ အေးသည့်အချိန်တွင် လုံကို ရိုက်ခွဲလိုက်ရာ လွန်စွာလှပသည့် ဟင်းရိုင်းပြဒါးကို ရပါတော့သည်။ ငါးပတ်သားအရောင်နှင့် အလေးချိန်မှာ ခြောက်မူးသားကွက်တိဖြစ်ပါသည်။ လေးသန်းက...

'ဒီဟင်းရိုင်းမျိုးကို အင်္ဂရတ်သမားတိုင်းက လိုချင်ကြတယ်ကွ။ ငါကတော့ ရွှေမလုပ်ပါဘူးလို့ သစ္စာဆိုထားလို့ ဆက်လုပ်လို့မရဘူးကွ၊ မင်းတို့ကိုတော့ သစ္စာမဆိုခိုင်းပါဘူးကွာ၊ ရွှေတစ်မတ်သားဝယ်ပြီး စပ်ကြတာပေါ့၊ နောက်နေ့ကျမှ ရွှေနဲ့ရောပြမယ်၊ အခုတော့ ပိုကောင်းသွားအောင် **ရေတဘက်ခံရည်တစ်ကြိမ်နဲ့၊ ရေနံဆီခံရည်(၂)ကြိမ်**လောက် လောင်းရလိမ့်မယ်၊ ငါလောင်းပြမယ် ကြည့်ထားကြ'

ဟု ဆို၍ ကျွန်တော်တို့ကို လက်တွေ့ သင်ပေးပါသည်။

နောက်တစ်နေ့တွင် ကျွန်တော် ရွှေတစ်မတ်သား ဝယ်ပါသည်။ ထိုအချိန်က ရွှေတစ်မတ်သား ဈေးနှုန်းမှာ (၁၉၀၀)ကျပ်သာ ရှိပါသည်။

ကျွန်တော်တို့အား ရွှေဖြင့် တွဲ၍ မှတ်ငရဲမီးတင်ကြည့်ခိုင်းသည်၊ ပန်းထိမ်ဆရာထံ ပြခိုင်းသည်။ ပန်းထိမ်ဆရာက စမ်းသပ်ကြည့်ပြီး ရွှေအဖြစ် ဝယ်ပါသည်။ ကျွန်တော် စပ်သားတစ်ကျပ်သားကို (၁၇၅၀)ကျပ်နှုန်းဖြင့် ရောင်းချခဲ့ရပါသည်။

ထိုအချိန်မှစ၍ ယနေ့အချိန်တိုင်အောင် ကျွန်တော်အနေနှင့် အင်္ဂရတ်ပညာကို အစွဲအလန်းကြီးမားစွာဖြင့် လေးလေးစားစား လေ့လာလိုက်စားနေသူတစ်ဦးအဖြစ် ပြောင်းလဲခဲ့ပါတော့သည်။

**[ဤဆောင်းပါးဖြင့် လေးသန်းအား လေးစားစွာ ဂါရဝပြုအပ်ပါ၏။]**

**အောင်သန့်(ပုသိမ်ကြီး)**

စာမျက်နှာ (၁၈၆)မှ အဆက်

သစ္စာလေးပါးနှင့် လောကုတ္တရာတရားကိုးပါးကို ထိုးထွင်း၍ သိတော်မူ၏။

* * *

ဉာဏ်ပညာ ထက်မြက်ထူးချွန်စေရန် ဤဂါထာကို ပုတီး (၁)ပတ်စိပ်ပြီး ဆုတောင်းပါ။

ပုဒ္ဓေါ သဗ္ဗညုတဉာဏေန။

**ခက်ခဲသော ပါဠိအသံထွက်**

သဗ္ဗညု = သတ်ဗင်ညု

ဉာဏေန = ညာနေ

**အနက်**

ဗုဒ္ဓေါ။ မြတ်စွာဘုရားသည်။ **သဗ္ဗညုတဉာဏေန၊** အားလုံးကို သိတတ်သော သဗ္ဗညုတ ဉာဏ်တော်နှင့်ရှင် ဖြစ်တော်မူ၏။

* * *

ငွေကြေးအခက်အခဲ ပြေလည်စေရန်၊ ထီကံကောင်းစေရန်၊ ကံအခွင့်အလမ်းကောင်းများ ကြုံတွေ့စေရန် ဤဂါထာဖြင့် ပုတီး (၁)ပတ်စိပ်ပြီး ဆုတောင်းပါ။

အတိန္နပုဗ္ဗော လာဘော စ

သီလောကော စ ပဟာသိနော။

**ခက်ခဲသော ပါဠိအသံထွက်**

အတိန္နပုဗ္ဗော = အတိန်နတ်ပုန်ဗော

**အနက်**

**ပဟာသိနော၊** မြတ်စွာဘုရားအား။ **လာဘော၊** လာဘ်လာဘသည် လည်းကောင်း။ **သိလောကော၊** အခြံအရံ အကျော်အစောသည်လည်းကောင်း။ **အတိန္နပုဗ္ဗော၊** ဖြစ်တော်မူ၏။

လျှော့ပါန်းရန်

မုန့်လုံးရေပေါ်ခွမ်း (၁)ပွဲ၊

ချော့ပြေပန်း (၁၀၈)ညွှန့်၊

အလင်းတိုင် (၉)တိုင်၊

အမွှေးတိုင် (၁၀၈)တိုင်၊

အဖြူရောင်

မွှေးသောပန်း (၁၈)ပွင့်၊

ရေချမ်း (၉)ခွက်

တစ်လျှော့ပြီး နဝင်းကျေရက်ဖြင့် အားထုတ်ရပါမည်။ [ဥပမာ (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက်၊ (၃၆)ရက် စသည်ဖြင့်] ယုံကြည်ကိုးစားပြီး အားထုတ်ကြဖို့ တိုက်တွန်းချင်ပါသည်။

*ဆင့်တင့်အောင် နှလုံးသွင်း အစွမ်းကင်းပါစေ။*

**// ကာဗီသီရောဝတီ //**

www.burmeseclassic.com

အခက်အခဲ အကျပ်အတည်းများ ပြေပျောက်စေသည့်

# ဝိမုတ္တိအရိယာအလင်းတိုင်

ပူဇော်နည်း

ဖြိုးသော်တာ

စွန်းလွန်းဆရာတော်ကြီး၏ တရားကျင့်နည်း စာအုပ်ကိုဖတ်၍ ကျင့်ကြံအားထုတ်ရာ ဈာန်အဘိညာဉ်ရပုဂ္ဂိုလ်ဟု ကျော်ကြားတော်မူခဲ့သည့် မြင်းခြံ သတိပဋ္ဌာန်ကျောင်း ဆရာတော် ဦးလောကတိဿကိုယ်တိုင် တပည့်ယောဂီများ အခက်အခဲ အကျပ်အတည်း တွေ့ကြုံရပါက ခွင့်ပြုတော်မူသည့် အထူးအစွမ်းထက်သော အစီအမံ ပူဇော်နည်း ဖြစ်လေသည်။

၁။ ငါးပါးသီလ ခံယူဆောက်တည်ပါ။

၂။ နမောတဿသုံးကြိမ် ရွတ်ဆို ပူဇော်ပါ။

၃။ မြတ်စွာဘုရား တပည့်တော် (...) နေ့သားသမီး ဦး/ဒေါ်(...)သည် (...)ကိစ္စကြောင့် ဆင်းရဲစွာ ကြုံတွေ့နေရပါသဖြင့် အလွန့်အလွန် ယုံကြည်အားကိုးထိုက်သော၊ အလွန်အလွန် ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော ဤ ဝိမုတ္တိအရိယာ အလင်းတိုင်ကို မြတ်စွာဘုရားအား သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူဒါန်းပါ၏ အရှင်မြတ်ဘုရား...

အရိယာပုဂ္ဂိုလ်တို့သည် အပါယ်လေးပါးဟူသော ဝဋ်ဆင်းရဲအပေါင်းမှ အပြီး လွတ်ကင်းတော်မူကြပါပေ၏။ ဤစကားသည် မှန်သောအားဖြင့်လည်းကောင်း၊ ငါးပါးသီလကို ဆောက်တည်ရသော သီလကုသိုလ်ကံကြောင့်လည်းကောင်း၊ ဤဝိမုတ္တိ အရိယာ အလင်းတိုင်ကို လှူဒါန်းပူဇော်ရသော ဒါန ကုသိုလ်ကြောင့် လည်းကောင်း၊ တပည့်တော် (...)နေ့သား သမီး ဦး/ဒေါ် (...) သည် ခံစားနေရသော ဆင်းရဲဒုက္ခမှ လျင်မြန်စွာ ကင်းရှင်း လွတ်မြောက် ရပါလို၏ အရှင်ဘုရား...

ဤကောင်းမှု အဖို့ဘာဂကို အထူးသဖြင့် ကျွန်ုပ်အား အနှစ်သက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းနှင့် သူတို့၏ ကိုယ်စောင့်နတ် အပေါင်းအားလည်း အမျှပေးဝေပါကုန်၏။

| | | | | | | |
|---|---|---|---|---|---|---|
| | | | သံ | | | |
| | | ဂုံ | ပ | မ | | |
| | သ | ဏ္ဍာ | ယျ | ● | ဏ္ဍာ | |
| ပ | ဒ္ဒ | သာ | ဝ | ကာ | ● | ရိ |
| ဖ | ဖ | ရ | တ | [illegible] | ဒ္ဒိ | ● |
| ဒ | င | ဒ္ဒ | ဖ | င | ဆ | ဒ္ဒ |
| [illegible] | ဒ | ဒ | ဗ္ဗ | ဒ | [illegible] | [illegible] |
| န | ဒ္ဒ | [illegible] | [illegible] | ဒ | ဒ | ဖ |
| ဖ္ဖ | ဗ္ဗ | ဓ | ဝ | ● | [illegible] | ၁ |
| ဇ | [illegible] | ဖ | ဒ | ဒ္ဒ | ● | [illegible] |
| ဝ | ဓ | [illegible] | [illegible] | [illegible] | ဒ | ဗ္ဗ |
| ဒ္ဒ | ဗ္ဗ | ဗ္ဗ | [illegible] | ဗ | ဆ | [illegible] |

▲ ဘုရားသီလရှင် ရတနာသုတ် ရေးသွင်းပြီးပုံ


အထူးသဖြင့် သာသနာကို စောင့်ရှောက်နေကြကုန်သော ဘိုးတော်သိကြားမင်းနှင့်တကွ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ကျောင်းစောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မ[illegible] ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးန[illegible] ကမ္ဘာစောင့်နတ်၊ လေးကျွန်းစောင့်န[illegible] ကျွန်းဦးစောင့်နတ်၊ နေနတ်သာ[illegible] လနတ်သား၊ မိုးနဲ့တ်သား၊ ပိဋ္ဋကာ[illegible] သုံးပုံစောင့်မယ်တော်ကြီး၊ ဝသု[illegible] နတ်မင်း၊ ယမမင်း၊ ထီးချက်စော[illegible] သမီး၊ မဏိမေခလာနတ်သမီး[illegible] နတ်မြတ်နတ်ကောင်းနတ်အပေါင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အလင်းတိုင်တွင် ကပ်ရန်အင်း ရေးသွင်းပုံအစီအရင်




သိဒ္ဓိတင်ဂါထာ

ဣတိ သိဒ္ဓိ ဗုဒ္ဓံ ဣတိ သိဒ္ဓိ ဓမ္မံ ဣတိ သိဒ္ဓိ သံဃံ
ဣတိ သိဒ္ဓိ ပါရမီ မေတ္တာဘိသာ ဣတိ သိဒ္ဓိသဗ္ဗညု မာဂဒါ
ဣတိ သိဒ္ဓိ ဘောဓိ ပန္နပ္ပါဒေ
ဣတိဝိသောဓ ဘောနမော။

အားလည်း ကုသိုလ်အမျှ ပေးဝေပါကုန်၏။ ကျွန်ုပ်နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေသော်။

*[အမျှ သုံးကြိမ်ဝေရန်ဖြစ်သည်။]*

မှိုင်းကိုင်စက္ကူတွင် ရတနသုတ်ရေး သွင်းရန် အင်းကွက်များချပါ။ ထိပ်ဆုံး (၄)ကွက်နှင့် အောက်အလယ်ကွက်တွင် "**သံ ဂုံ ပ မ ယျ**"ဟု ရေးသွင်းပါ။ ထို့နောက် ရတနသုတ် နဝမဂါထာ ဖြစ်သော...

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ကို အမှတ်စဉ်(၁)မှစ၍ အစဉ် အတိုင်း ရေးသွင်းပါ။

* * *

ဤအင်းကို အလင်းတိုင်တွင်ကပ်၍ သိဒ္ဓိတင်ဂါထာဖြင့် (၇)ကြိမ် သိဒ္ဓိတင်ပြီးနောက် မီးပူဇော်ရန်ဖြစ်သည်။ ပူဇော်စဉ် အလင်းတိုင်မီး မငြိမ်းရန်၊ မလဲရန် ဂရုစိုက်ပါ။

ပရိတ်တော် ရွတ်ဖတ်ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊ အာနာပါနရှုမှတ်ခြင်း တို့ကို အလင်းတိုင် မကုန်မချင်း ပြုလုပ်ပွားများနေရပါမည်။

မွေးနေ့တွင် ပူဇော်ပါ။ သုံးကြိမ်မျှ ပူဇော်ခြင်းဖြင့် ထိရောက်သိသာစေကြောင်း မှတ်သားရလေသည်။

(၇)ခေါက် ရွတ်ဆို သိဒ္ဓိတင်ရန်ဖြစ်သည်။

* * *

ငြိမ်းဇော်တာ



www.burmeseclassic.com

www.burmeseclassic.com

# ဝါးအမြှုတေ၌

သိဒ္ဓိရှိ မရှိ သိလိုပါသည်...

ပုံတွင် ပြထားသည့်မှာ ဝါးအမြှုတေ (သို့မဟုတ်) ဝါးဖောက် ဖြစ်လေ၏။ ပိုင်ရှင်ဖြစ်သူမှာ ဦးစိုးမြင့်ဖြစ်၍ ဇနီးဖြစ်သူ ဒေါ်အေးနော်နှင့်အတူ **နမ်းဟူးတောင်းအထက်ရွာ (ကျောက်မဲမြို့)** တွင် နေထိုင်လျက် ရှိပါသည်။


လင်မယားနှစ်ဦးစလုံး မိသားစုဝမ်းစာဖူလုံရေးအတွက် အခြားကျေးရွာများသို့ အဝတ်အထည်များ လှည့်လည်ရောင်းချကာ တက်ညီလက်ညီ ရုန်းကန်လှုပ်ရှားနေစဉ် ကျွန်ုပ်နှင့် တွေ့ဆုံရင်းနှီးခဲ့ခြင်း ဖြစ်လေ၏။

**၂၀၁၀ ပြည့်နှစ် မိုးတွင်းကာလလောက်**က ဦးစိုးမြင့်သည် ညီဖြစ်သူရှိရာ ရမည်းသင်းမြို့ လေ့ကျင့်ရေး(၃) တပ်သို့ အလည်သွားရောက်စဉ် ဤဝါးအမြှုတေကို တိုက်တိုက်ဆိုင်ဆိုင် လွယ်ကူစွာ ရရှိခဲ့ခြင်းဖြစ်လေ၏။

ထိုစဉ်ကာလက တပ်လုံခြုံရေးအတွက် ခြံစည်းရိုးကာကြရာတွင် ရဲဘော်လေးများက ဝါးကို လိုအပ်သလို ခွဲစိတ်ရာ၌ အတွင်းရှိ အမြှုတေကို မထိခိုက်ဘဲ ထက်ခြမ်းခွဲလိုက်မိပေ၏။ ခွဲစိတ်ပြီးမှ အမြှုတေပါကြောင်း သိရလေ၏။ (ပုံတွင် ပြထားသည့်အတိုင်း) **အဆစ်သုံးဆစ် ပြည့်သည့်တိုင်အောင် တည်ရှိနေသော အမြှုတေ ဖြစ်လေ၏။**

သဘာဝတိုင်းဆိုလျှင် ဝါးလုံးအတွင်းမှာ ဘာမှ ရှိနေရမည် မဟုတ်ကြောင်း၊ ဗလာသက်သက်သာ ရှိနေရမည်ဖြစ်ကြောင်း အားလုံး သိရှိထားပြီး ဖြစ်ပေသည်။

ယခုတော့ ဤပုံဤနှယ် လုပပျော့ပျောင်း သပ်ရပ်စွာ ရှိနေသည်ကို တွေ့လိုက်ရသည့်အခါ ခွဲစိတ်လိုက်သော ရဲဘော်လေးက ထူးဆန်းသောကြောင့် ဖြတ်တောက်ကာ တန်းလျား



ဝါးအမြှုတေ

သို့ ယူဆောင်လာခဲ့လေ၏။

ညီဖြစ်သူ အဖြစ် ရောက်ရှိနေသော ဦးစိုးမြင့်လည်း ဤသတင်းကို ကြားရလေ၏။ ပင်ကိုမူလကတည်းက ထူးဆန်းမှုကို ဝါသနာပါသူ၊ စိတ်ဝင်စားသူ ဖြစ်သည်နှင့်အညီ အမှတ်တရ စုဆောင်း သိမ်းဆည်းထားချင်သောကြောင့် ဤဝါးအမြှုတေ ရရှိလာသူ ရဲဘော်လေးထံ သွားရောက် တောင်းယူလိုက်လေ၏။

သင်တန်းသားဖြစ်သူ ရဲဘော်လေးမှာ သိမ်းဆည်းထားရန် ခက်ခဲခြင်း၊ သင်တန်းကာလပြီး၍ ပြောင်းရွှေ့ရလျှင် သယ်ယူရန် ခက်ခဲနိုင်ခြင်းတို့ကို စဉ်းစားမိကာ အလွယ်တကူနှင့် ဦးစိုးမြင့်ကို ပေးလိုက်လေတော့၏။

ဝါးအမြှုတေကို ရရှိလာသော ဦးစိုးမြင့်မှာ မျောက် အုန်းသီး ရသကဲ့သို့ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေလေ၏။ တိုင်ပင်စရာ လောကီပညာရှင်များနှင့်လည်း ရင်းနှီးကျွမ်းဝင်မှု မရှိသောကြောင့် ဘုရားစင်ပေါ်တွင်သာ တင်ထားလိုက်လေ၏။

စစ်စစ်ပေါက်ပေါက် ရှာရှာဖွေဖွေ ပြော၍ ရနိုင်သော အချက်တစ်ခုတော့ ဦးစိုးမြင့်တွင် ဖြစ်ခဲ့လေ၏။ ယင်းမှာ ဤဝါးအမြှုတေကို ရပြီးနောက် ယခင်ကထက် ပိုမိုကောင်းမွန်သော အိမ်နှင့် နေထိုင်နိုင်ခဲ့လေ၏။

ဤဝါးအမြှုတေ၌ သိဒ္ဓိရှိခဲ့လျှင် ပို၍ ထက်မြက်အောင် မည်သို့ ကျင့်ကြံ နေထိုင်သင့်ကြောင်း၊ အကြံပြုချက်များ ပေးကြလျှင် လိုက်နာမည်ဖြစ်ကြောင်း ကြိုတင် ကျေးဇူးတင်စွာ ရေးသား အပ်ပါသည်။

ကိုစိုးမြင့်မှာ ပုထုဇဉ်တစ်ဦးမျှသာ ဖြစ်၍ ယခုအချိန်ထိ မည်သည့်စရ[illegible] မည်သည့်ဂါထာမန္တန်မျှ ကျင့်[illegible] ရွတ်ဆိုမှု မရှိသေးပါကြောင်း [illegible] လိုပါသည်။ *(ဤကား [illegible]ကားချပ်)*

**မောင်နိုး(ကျောက်မဲ)**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

ဘုန်းပညာ

### အိမ်မဲမြို့နယ် နယ်လှည့်သာသနာပြု
### တကောဆရာတော်
### ဘဒ္ဒန္တ ဝိလာသထေရ်အား
### ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် ပန်းတနော်မြို့နယ် အင်းမကျေးရွာနေ ခမည်းတော် ဦးကျင်လှိုင်၊ မယ်တော် ဒေါ်ရင်ကျင်တို့မှ ၁၃၂၄ ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်။

အင်းမကျေးရွာ အလယ်တန်းကျောင်းတွင် အလယ်တန်းပညာ သင်ကြားပြီး ၁၃၃၇ ခုနှစ်တွင် ကျောင်းကုန်းမြို့နယ်၊ ညောင်ပိုင်းကျေးရွာကျောင်းတိုက်တွင် ရှင်သာမဏေ ပြုခဲ့ပါသည်။

၁၃၄၄ ခုနှစ်တွင် အင်းမကျေးရွာ တုံကော်ကျောင်းတိုက် ဆရာတော် ဦးသုမဏ(ရွှေကျင်)ထံတွင် ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံပါသည်။

ထို့နောက် စာပေပရိယတ္တိများ လေ့လာသင်ယူပြီး ၁၃၄၈ ခုနှစ်တွင် အိမ်မဲမြို့ ရွှေဟင်္သာကျောင်းတိုက်နှင့် ၁၃၄၉ ခုနှစ်တွင် ရိုးကြီးဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် သီတင်းသုံးကာ စာပေသင်ယူပြီး သာသနာရေး ဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အစိုးရမူလတန်းနှင့် အလယ်တန်းစာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့သည်။

ကျန်းမာရေး မကောင်းသဖြင့် စာဝါဆက်လက် မသင်ကြားတော့ဘဲ သာသနာရေးလုပ်ငန်း ပဋိပတ္တိလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

၁၃၅၃ ခုနှစ်တွင် အိမ်မဲမြို့နယ်၊ တကောကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်ကို စတင် တည်ထောင်၍ သီတင်းသုံးလျက် ရှိပါသည်။

၁၃၅၅ ခုနှစ်မှ စတင်ပြီး ဆရာတော်သည် ဗုဒ္ဓပရိတ်စွမ်းအားဖြင့် နယ်လှည့်၍ သာသနာပြုရာ၌ စေတီပေါင်း(၁၀၀)ခန့် ဇရပ်၊ ဓမ္မာရုံ ရေတွင်းအများအပြားကို ရောဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့၌ ဆောက်လုပ်ခဲ့ပါသည်။

ထို့ပြင် အိမ်မဲမြို့၏ ကျက်သရေဆောင်ဖြစ်သော ရှင်ပင်ချမ်းသာ ဘုရားရှင်ကိန်းဝပ်စံပယ်ရာ ရွှေကျောင်းတော်ကြီးကို သစ္စာအဓိဋ္ဌာန်ပြုပြီး နေ့ညမပြတ် သာသနာပြုခဲ့ရာ (၃)နှစ်တာကာလအတွင်း ပြီးမြောက်စေခဲ့ပါသည်။




◆ နယ်လှည့်သာသနာပြု တကောဆရာတော်

ယခုအခါတွင်အိမ်မဲမြို့နယ် ရေသိုး ညောင်ပိုင်းအုပ်စု၊ အနောက်ကုန်း ကျေးရွာတွင် ရွှေအိမ်ရတနာ ဘိုးဘွားရိပ်သာကို သိန်းပေါင်းများစွာ အကုန်အကျခံ၍ ဦးစီးကာ တည်ဆောက်လျက် ရှိပါသည်။

ဆရာတော်သည် ၁၃၂၄ ခုနှစ် မွေးဖွားခဲ့ရာ မဟာဘုတ်အရ ၁-ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

၁-ကြွင်း မဟာဘုတ်

**တနင်္ဂနွေဗြိုဟ်သည် ဘင်္ဂအိမ်၌ ရပ်တည်နေတဲ့အတွက်...**

- ❖ အလုပ် မတည်မြဲခြင်း
- ❖ နေရာအတည်တကျ မရှိခြင်း
- ❖ အပြောင်းအရွှေ့ များခြင်း
- ❖ အဆောက်အအုံကောင်းများ မပြည့်စုံခြင်း
- ❖ ကျော်ကြားမှု မပွင့်ခြင်း...

တို့ ဖြစ်ပါတယ်။

ဤတွင် ဆရာတော်သည် တစ်နေရာတည်း၌ အခြေချနေထိုင်ပြီး သာသနာပြုခြင်းမပြု နေရာဌာနဒေသမျိုးစုံသို့ လှည့်လည်သွားလာပြီး

 စာမျက်နှာ (၁၉၆) သို့

www.burmeseclassic.com



# ယုံလွယ်သူများသို့

ဦးခင်မောင်သန်း
(အ.မ.ထ၊ ပခန်းတန်း)

'ကျုပ်ကတော့ အပြစ်မတင်ချင်ပါဘူး ဒကာကြီးရယ်။ ဘာဖြစ်လို့လဲဆိုရင် ကျုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေက များသောအားဖြင့် စေတနာသဒ္ဓါတရား ကောင်းကြတယ်၊ ရက်ရောကြတယ်၊ သနားတတ်ကြတယ် မဟုတ်လား။

ပြီးတော့ ဒုက္ခရောက်နေတဲ့သူတွေကိုလဲ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ချင်ကြတဲ့ အလေ့ကောင်းတွေ ရှိနေကြတယ် မဟုတ်လား။

အဲဒီလို စေတနာကောင်းလွန်းတော့လဲ အခက်အခဲတွေနဲ့ ကြုံပြီး ယုံလွယ်သူများ ဖြစ်မှန်းမသိ ဖြစ်ကုန်ရတာပါပဲ။ ယုံလွယ်သူများလို့ ဆိုပေမယ့် သူတို့ရဲ့ စေတနာကောင်းလေးတွေကို အသိအမှတ်ပြုသင့်တယ် ဒကာကြီး'

ဟု တောဘုန်းကြီးလေးက မိန့်ကြားလိုက်သောအခါ ကျွန်တော်က...

'ကိုယ်က စေတနာသန့်သန့်နဲ့ ကူညီပေမယ့် သူတို့က ကိုယ်ထားတဲ့ စေတနာရဲ့ တစ်ဝက်လောက်တောင်မှ ပြန်ပြီး မတုံ့ပြန်ကြတော့လဲ ခက်တာပေါ့ဘုရား'

ဟု ပြန်၍ လျှောက်ထားလိုက်မိပါသည်။

ထိုအခါ တောဘုန်းကြီးလေးက ပြုံး၍...

'ဟုတ်တာပေါ့ ဒကာကြီးရယ်၊ ဒါပေမယ့် မှန်နေတဲ့ ကိုယ့်ရဲ့စေတနာလေးတွေ မပျားသွားဖို့ လိုတယ်နော်၊ စေတနာကောင်းရင် ကံကောင်းမယ်ဆိုတဲ့ ဘုရားဟောခဲ့တဲ့စကား လောကမှာ အထင်အရှားရှိပါတယ်။

မိမိပိုင်တဲ့ ငွေကြေးလေးတွေ အခက်အခဲနဲ့ ကြုံနေရတဲ့ မိတ်ဆွေကို စေတနာကောင်းထားပြီး ကူညီကြတယ်။ အဲဒီလို ကူညီရင်းနဲ့ အကြောင်းမညီညွတ်တဲ့အခါ အခက်အခဲလေးတွေနဲ့ ကြုံတွေ့တတ်ပါတယ်။ အဲဒီအခါ ပုထုဇဉ်လူသားများပီပီ တုန်လှုပ်သွားတတ်ပါတယ်။ ဒီတော့ အားကိုးရှာကြတာပေါ့။

ဒကာကြီး... ရေနစ်နေတဲ့သူအဖို့ ကောက်ရိုးတစ်မျှင်၊ မြက်တစ်ပင်ဟာလဲ အားကိုးရာကို ဖြစ်စေတတ်တယ် မဟုတ်လား။ ဒီတော့ သူတို့ရဲ့အမှားလို့ တထစ်ချ မဆိုသင့်ဘူး။

ဒီတော့ မင်းတို့ ယုံလွယ်တာကိုးလို့ အပြစ်တင်နေမယ့်အစား မှန်နေတဲ့ စေတနာလေးတွေ မမှားသွားရအောင် တတ်နိုင်သမျှ ကူညီကယ်တင်သင့်တယ် ဒကာကြီး'

ဟု မိန့်လေလျှင် ကျွန်တော်က...

'ဘယ်လိုများ ကူညီကယ်တင်ပေးရမှာပါလဲ ဘုရား၊ နည်းပေးလမ်းညွှန်တော်မူပါဦးဘုရား'

ဟု ရှိသေစွာ ပြန်၍ လျှောက်ထားလိုက်ပါသည်။

ထိုအခါ တောဘုန်းကြီးလေးသည် အတန်ငယ် စဉ်းစားပြီးလျှင်...

'ကျုပ် ဥပမာလေးတစ်ခုလောက် ပေးချင်တယ်၊ သေသွားတဲ့သစ်ပင်ကို ပြန်ရှင်လာအောင် လုပ်ဖို့ရယ်၊ နောက် ရှင်သန်နေတဲ့ သစ်ပင်ကို ပိုပြီး စည်ပင်ဖွံ့ဖြိုး အသီးအပွင့် ဝေဆာလာအောင် လုပ်ဖို့ရယ် အဲဒီနှစ်ခုမှာ ဘယ်အရာက ပိုပြီး လွယ်မလဲ။

ဒီတော့ အောင်ကောင်းရေ... မင်းက သေနေတဲ့ သစ်ပင်ကို ရှင်အောင် လုပ်မှာလား၊ ဒါမှမဟုတ်ရင် ရှင်နေပြီဖြစ်တဲ့ သစ်ပင်ကို ပိုမိုဖွံ့ဖြိုး စည်ပင်လာအောင် လုပ်မှာလား စဉ်းစား'

ဟု မိန့်လေလျှင် မောင်အောင်ကောင်းက...

'တပည့်တော် နားလည်သဘောပေါက်သွားပါပြီ ဘုရား၊ ဆက်လက်ရှင်းလင်း မိန့်ကြားပါဦးဘုရား'

ဟု ရိုရိုသေသေ ပြန်၍ လျှောက်ထားလိုက်ပါသည်။

ထိုအခါ တောဘုန်းကြီးလေးက...

'အောင်ကောင်း...မင်းက တနင်္ဂနွေသားဆိုတော့ **တနင်္လာနေ့ရယ်၊ ကြာသပတေးနေ့ရယ်၊ သောကြာနေ့ရယ်** အဲဒီ သုံးနေ့မှာ **ပြည်နဲ့စတဲ့ ဘွဲ့တော်ရှိတဲ့ ဘုရားစေတီ တစ်ဆူဆူ**ကို နံနက်စောစောသွားပြီး ကောင်းမှု ပြုရမယ်။

**တနင်္လာနေ့**မှာ ကံ့ကော်ညွန့် ဒါမှမဟုတ်ရင် အဖြူရောင်ပန်း (၁၅)ပွင့်ကို လှူရမယ်။ **ကြာသပတေးနေ့မှာ** ပေါက်ညွန့် ဒါမှမဟုတ်ရင်ပန်းရောင်ပန်း(၁၉)ပွင့်ကို လှူရမယ်။

F.25B. August, 2014.

www.burmeseclassic.com



**သောကြာနေ့မှာ** သီးညွန့် ဒါမှ မဟုတ်ရင် အပြာရောင်ပန်း (၂၁)ပွင့်ကို လှူရမယ်။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုတဲ့ စကားရှိလေတော့ မပါမဖြစ်ကတော့ **အောင်သပြေပန်းပါပဲ။** ဒါကြောင့် **အောင်သပြေပန်း(၁၈)ညွန့်**ကိုပါ ထည့်ပြီး လှူရမယ်။

အဲဒါတွေပြီးရင် မင်း ဆောင်ထားရမယ့် အဆောင်တစ်ခုကို ကျုပ် ပြောပြမယ်။ တစ်သက်လုံး ဆောင်ထားနိုင်မယ်ဆိုရင်တော့ အကောင်းဆုံးပဲပေါ့။ အနည်းဆုံး တစ်လလောက်တော့ အဓိဋ္ဌာန်ပြုပြီး ဆောင်ဖြစ်အောင် ဆောင်ထားရလိမ့်မယ်။

ဘာကို ဆောင်ထားရမှာလဲဆိုရင် **ဓာရဏ ပရိတ်တော်ကြီး**ကိုပါပဲ။ ဓာရဏဆိုတာ ဆောင်ခြင်းပါပဲ။ ဒီဓာရဏဆိုတဲ့ အနှစ်သာရက ဘာလဲဆိုတာ သိဖို့လိုပါတယ်။ ဒါမှလဲ မှန်မှန်ကန်ကန် ဆောင်ထားနိုင်မှာ ဖြစ်တယ်။

ဓာရဏဆိုတဲ့ ပရိတ်တော်က ဘာတွေကို ညွှန်းထားတာလဲဆိုရင် လောကမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလွဲ၍ ဘယ်သို့သော ပုဂ္ဂိုလ်မျိုးမှ မရှိနိုင်တဲ့ အသီးအခြားဖြစ်တဲ့ အာဝေဏိကဆိုတဲ့ ထူးခြားလှတဲ့ ဂုဏ်ကျေးဇူးတော်မြတ်ကိုပါပဲ။

ဒါဆိုရင် ကျုပ်တို့ ဆောင်ထားရမှာက အာဝေဏိကဆိုတဲ့ ဂုဏ်ကျေးဇူးကို ဆိုတာ သိရပြီပေါ့။ ဒီတော့ ဘယ်လို ဆောင်ထားမှာလဲ။

ဆောင်တယ်ဆိုတာက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ထူးခြားလှတဲ့ အာဝေဏိကဂုဏ်တော်(၁၈)ပါးကို မိမိရဲ့ ဟဒယနှလုံးအိမ်ထဲမှာ စိမ့်ဝင်ပြီး အစဉ်ကိန်းဝပ်တည်နေအောင် အမှတ်ရနေခြင်းမျိုး၊ သတိရနေခြင်းမျိုး၊ ကြည်ညိုစိတ်နဲ့ ပူဇော်ချီးကျူးနေခြင်းမျိုးပါပဲ။

ဒီအဆောင်နဲ့ တူနိုင်တဲ့အရာ၊ နှိုင်းယှဉ်လို့ရတဲ့အရာ မရှိနိုင်ဘူးဆိုတာကို

**ကောင်းမှုပြုရမည့် အချိန်အခါပြဇယား**

| နေ့သား | ကောင်းမှုပြုရမည့်နေ့ | လှူရမည့်အညွန့်ပန်း | အရေအတွက် |
|---|---|---|---|
| တနင်္ဂနွေ | ကြာသပတေး | ပေါက်ညွန့်(ဝါ)ပန်းရောင်ပန်း | ၁၉ |
| | သောကြာ | သီးညွန့်(ဝါ)အပြာရောင်ပန်း | ၂၁ |
| | တနင်္လာ | ကံ့ကော်ညွန့်(ဝါ)အဖြူရောင်ပန်း | ၁၅ |
| တနင်္လာ | သောကြာ | သီးညွန့်(ဝါ)အပြာရောင်ပန်း | ၂၁ |
| | စနေ | ထိပ်ညွန့်(ဝါ)အနီရောင်ပန်း | ၁၀ |
| | အင်္ဂါ | ဆီးညွန့်(ဝါ)အစိမ်းရောင်ပန်း | ၈ |
| အင်္ဂါ | စနေ | ထိပ်ညွန့်(ဝါ)အနီရောင်ပန်း | ၁၀ |
| | တနင်္ဂနွေ | အုန်းညွန့်(ဝါ)လိမ္မော်ရောင်ပန်း | ၆ |
| | ဗုဒ္ဓဟူး | ဝါးညွန့်(ဝါ)အဝါရောင်ပန်း | ၁၇ |
| ဗုဒ္ဓဟူး (ရာဟု) | တနင်္ဂနွေ | အုန်းညွန့်(ဝါ)လိမ္မော်ရောင်ပန်း | ၆ |
| | တနင်္လာ | ကံ့ကော်ညွန့်(ဝါ)အဖြူရောင်ပန်း | ၁၅ |
| | ကြာသပတေး | ပေါက်ညွန့်(ဝါ)ပန်းရောင်ပန်း | ၁၉ |
| ကြာသပတေး | တနင်္လာ | ကံ့ကော်ညွန့်(ဝါ)အဖြူရောင်ပန်း | ၁၅ |
| | အင်္ဂါ | ဆီးညွန့်(ဝါ)အစိမ်းရောင်ပန်း | ၈ |
| | သောကြာ | သီးညွန့်(ဝါ)အပြာရောင်ပန်း | ၂၁ |
| သောကြာ | အင်္ဂါ | ဆီးညွန့်(ဝါ)အစိမ်းရောင်ပန်း | ၈ |
| | ဗုဒ္ဓဟူး | ဝါးညွန့်(ဝါ)အဝါရောင်ပန်း | [illegible] |
| | စနေ | ထိပ်ညွန့်(ဝါ)အနီရောင်ပန်း | [illegible] |
| စနေ | ဗုဒ္ဓဟူး | ဝါးညွန့်(ဝါ)အဝါရောင်ပန်း | [illegible] |
| | ကြာသပတေး | ပေါက်ညွန့်(ဝါ)ပန်း[illegible] | [illegible] |
| | သောကြာ | သီးညွန့်[illegible] | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

လဲ သိပါ။ ဒီဂုဏ်ကျေးဇူးတော်များကို ဆောင်ထားမယ်ဆိုရင် ရနိုင်မယ့်၊ ရလာမယ့်အကျိုးတွေဟာ ရေတွက်လို့ မကုန်နိုင်ပါဘူး။ ဒီအဆောင်ကို ကျုပ်က ဘာဖြစ်လို့ အောင်ကောင်းကို ဆောင်နိုင်းရတာလဲဆိုတာ ပြောပြရဦးမယ်'

ဟု အတိတ်မှ ဖြစ်ရပ်တစ်ခုကို ပြန်လည် မိန့်ကြားခဲ့ပါသည်။

ထို့နောက် တောဘုန်းကြီးလေးက ဆက်၍...

'ဒီဂုဏ်ကျေးဇူးတော်တွေကို ဆောင်ထားမယ်ဆိုရင် ရလာမယ့်အကျိုးတရားတွေထဲမှာ ဘာတွေပါမယ်ထင်သလဲ ဒကာကြီး။ ကျုပ်ပြောပြမယ် သေသေချာချာ နားထောင်...

ဒီလိုကွယ့် ဒကာကြီးရဲ့ ရလာမယ့် အကျိုးတရားတွေထဲမှာ **သမ္ပတ္တေ၊ မဟာသမ္ပတ္တေ**ဆိုတဲ့ ပါဠိစကားနှစ်ခု ရယ်။ နောက်ပြီး **ယောရုကွေ၊ မဟာယောရုကွေ**ဆိုတဲ့ ပါဠိစကားနှစ်ခု ရယ်ပေါ့။

**သမ္ပတ္တေ**ဆိုတာက မရသေးတဲ့ စည်းစိမ်ချမ်းသာကို ရစေနိုင်တယ်လို့ အဓိပ္ပာယ်သက်ရောက်ပြီး **မဟာသမ္ပတ္တေဆိုတာကတော့** ရပြီးသော စည်းစိမ်ချမ်းသာကို ကြီးကျယ်ပြန့်ပွား များစေနိုင်တယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ် ဒကာကြီး။

**ယောရုကွေ**ဆိုတာကတော့ သေပြီးသော သစ်ပင်ကို ပြန်ရှင်စေနိုင်တဲ့ အဲ... **မဟာယောရုကွေ**ဆိုတာကတော့ ရှင်နေတဲ့သစ်ပင်ကို အကိုင်းအခက်အလက် အရွက်တို့နဲ့ ပြည့်စုံစေနိုင်တယ်တဲ့ အဲဒီလိုဆိုပါတယ် ဒကာကြီး

ဒီတော့ ကျုပ် ပြောချင်တာက ဘာလဲဆိုရင် မိမိရဲ့ငွေတွေ ဆုံးရှုံးသွားရတယ်ဆိုတာက ရပြီးတဲ့ စည်းစိမ်ချမ်းသာတွေ ဆုတ်ယုတ်သွားတာ မဟုတ်လား။ ဒီတော့ သေသွားတဲ့ သစ်ပင်နဲ့ မတူပေလား။

ဒါဆိုရင် ကျုပ်တို့က အာဝေဏိက ဆိုတဲ့ ဘုရားရှင်ရဲ့ ထူးခြားမြင့်မြတ်လှတဲ့ ဂုဏ်ကျေးဇူးတော်မြတ်များကို မြတ်မြတ်နိုးနိုး ဆောင်ထားလိုက်မယ်ဆိုရင် သေပြီးသောသစ်ပင်ကို ပြန်ရှင်စေသလို မိမိရဲ့ ဆုံးရှုံးသွားတဲ့ငွေတွေ ပြန်ပြီး ရသွားသလို တစ်ဆုပ်ကြ တစ်လှည်းဝင်ဆိုသလို ဖြစ်မလာနိုင်ဘူးလား ဒကာကြီး စဉ်းစား...

အမှန်တော့ တချို့တချို့သော သူတွေ ကျုပ်တို့ရဲ့ အားထားကိုးကွယ်ရာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အစိမ္မေယျဆိုတဲ့ ဂုဏ်ဒြပ်ကို သဒ္ဓါမပေါက်ကြတော့ အဓိပ္ပာယ်မဲ့နေသလို၊ ယုတ္တိမတန်သလို၊ မဖြစ်နိုင်သလို ထင်နေကြတာပါပဲ ဒကာကြီး။

ဒါကြောင့် ယုံလွယ်သူများလို့ အများက ဆိုနေကြသူတွေရဲ့ မှန်နေတဲ့ စေတနာလေးတွေ မများသွားရအောင် တည့်မတ်ပေးလိုက်ခြင်းပါပဲ ဒကာကြီး၊ ဒါမှ သူတို့ရဲ့ဘဝလေးတွေ ကသောင်းကနင်းဖြစ်ပြီး ယောက်ယက်မခတ် သွားရလေအောင် ထိန်းသိမ်းနိုင်စွမ်း ရှိတာကို ကျုပ်ပြောချင်တာ ဒကာကြီး'

ဟု မိန့်ကြားလိုက်ပါသည်။

***

**မှတ်ချက်။ ။ ဓာရဏပရိတ်တော်ကို ပရိတ်စာအုပ်များမှာ ရှာဖွေယူကြပါရန်။**

*သင်၏ဘဝ သာယာပါစေ*

**ဦးခင်မောင်သန်း**

***(အ.မ.က၊ ပခန်းတန်း)***

စာမျက်နှာ (၁၉၃)မှ အဆက်

ပေါင်းနှမ်းနေသော၊ ဆိုမင်းနေသော၊ ပျက်စီးယိုယွင်းနေသော၊ တိမ်မြုပ်ပျောက်ကွယ်နေသော ဘုရားစေတီပုထိုး သာသနိက အဆောက်အအုံများကို ပြုပြင်မွမ်းမံလျက် သာသနာပြုခြင်းဖြင့် နာမည်ဂုဏ်သတင်းကျော်ကြားလျက်အောင်မြင်နေခြင်းပင်ဖြစ်ပါတယ်။

**သောကြာဂြိုဟ်သည် ရာဇဓိမှာ ရပ်တည်နေသဖြင့်...**

* ပြောသမျှ ဆိုသမျှ စကားအောင်မြင်ခြင်း
* ကြည်ညိုသူများ အလှူပေးများခြင်း
* ဒွေးရမိတ် များခြင်း
* ရိက္ခာပြည့်စုံခြင်း

တို့ပါ။

စနေဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်တဲ့အတွက် ကောင်းကျိုးအပြုနိုင်ဆုံးဂြိုဟ်လဲ ဖြစ်ပါတယ်။ ဒါကြောင့်...

စနေဂြိုဟ်ရဲ့ သဘောက အထက်မှာထီး အောက်မှာ မီးလို့ ဆိုစကားရှိတဲ့အတွက်ကြောင့် စနေဂြိုဟ်သည် အထွန်းဂြိုဟ် ဂုဏ်ရှိနေရာမှာ ရပ်တည်နေတဲ့အတွက် ထီးအဖြစ် ရပ်တည်နေပါတယ်။

* ဘာသာရေး သာသနာရေးဆိုင်ရာ အမွေရရှိစေခြင်း
* ဘာသာရေးဆိုင်ရာ သာသနာရေးဆိုင်ရာ အကြီးအကဲ ရရှိခြင်း
* ဘာသာရေးဆိုင်ရာ အလှူကြီးပေးခြင်း
* ပင်စိုးရာဇာများရဲ့ ကိုးကွယ်မှုကို ခံယူရခြင်း
* ငွေကြေး အလုံးအရင်း ရရှိခြင်း
* ငွေကြေးဆိုင်ရာ အလှူခံရလွယ်ခြင်း
* ပရဟိတ လုပ်ငန်းများနှင့် အကျိုးပေးခြင်း
* ဆင်းရဲနွမ်းပါး ရောက်သူများရဲ့ မှီခိုအားထားရာဖြစ်ခြင်း
* ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ရရှိခြင်း
* ရွှေငွေမျိုး နိုင်ငံခြားခရီး ကြုံခြင်း

တို့ကို ဖြစ်စေပါတယ်။

*ချမ်းမြေ့ပါစေ၊ အေးမြပါစေ*

**သန်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌာန်းပဋ္ဌာဝါရနှင့်

# ဂိုတရ အဝိအရှင်

ဂါမဏိစော (ဗိဇ္ဇာဓရ) စစ်ကိုင်း



တစ်နေ့သောအခါတွင် ကျွန်ုပ်သည် ဖလဒီပိကာအမည်ရှိသော ပေဒင်ကျမ်းစာအုပ်အား ဖတ်ရှုလျက် မှတ်သင့်သည်များကို မျဉ်းသားခြင်း၊ ထုတ်သင့်သမျှကို မှတ်စုစာအုပ်ဖြင့် ကူးယူခြင်း၊ ကျက်မှတ်သင့်သည်ကို ကျက်မှတ်ခြင်းစသည် ပြုလုပ်၍နေစဉ်...

'ကိုဂါမဏိ စာကြည့်နေတာလား'

ဟူသော စကားသံဖြင့် ကျွန်ုပ်၏ အနားသို့ လူတစ်ဦး ရောက်ရှိလာလေသည်။

ကျွန်ုပ်မှ မော့မကြည့်ဘဲ...

'လာ ဆရာကြီး...ထိုင် အလည်လာတာလား'

ဟု စာကြည့်လျက်ပင် နှုတ်ဆက်လိုက်လေ၏။

'အလည်ရယ် မဟုတ်ပါဘူး၊ လမ်းကြုံလို့ ဝင်လာခဲ့တာ'

ကျွန်ုပ် စာကြည့်ရပ်၍ စာအုပ်ကို ပိတ်လိုက်သောအခါ...

'ကိုဂါမဏိ စာကြည့်နေလို့ ပြောရဦးမယ်။ ဟိုတစ်နေ့က ညွှန့်စာပေကို ရောက်တော့ မညွှန့်က ဆရာကြီးရယ် ဒီစာအုပ်လေး ဖတ်စမ်းပါဆိုပြီး ပေးတယ်၊ ငါလဲ နေပါစေလို့ ငြင်းတော့...

ဖွတ်အတင်း စာအုပ်ပေးပြီး ဖတ်စမ်းပါဆိုတာနဲ့ ယူလာခဲ့တယ်။ စာအုပ်နာမည်က ဘာတဲ့ ပညာဝိဘင်းဆိုလား ဘာလား'

'မဟုတ်သေးပါဘူး ဆရာကြီးရယ် စာအုပ်က ဘာရေးထားတဲ စာအုပ်လဲ'

'ပဋ္ဌာန်းစာအုပ်ပဲ မညွှန့်ပေးတော့ ကျွန်တော့်ဆီမှာ ရှိပါတယ်ဆိုတာတောင် ဒါ နောက်စီစဉ်ထုတ်လုပ်ထားတဲ့ ပဋ္ဌာန်းစာအုပ်လို့တောင် ပြောလိုက်သေးတယ်'

ဟု ဦးနေထွန်းမှ ပြောလေသည်။

'ဒါဖြင့် ဆရာရယ် **ပဋ္ဌာဝါရ ဝိဘင်္ဂ** နေမှာပါ'

'ဟုတ်တယ်...ဟုတ်တယ်... အဲဒီဟာပဲ၊ ငါလဲ အိမ်ရောက်လို့ ဖတ်ကြည့်တော့ သိပ်မချောဘူး ဖြစ်နေတယ်'

'ဆရာကြီး မဖတ်ဖြစ်ရင် ကျွန်တော့်ကို ငှားပါလား။ ဟိုအရင်က ဆရာကြီးတို့ကို ပြောဖူးသားပဲ၊ ပဋ္ဌာန်းပထမအုပ်ကို လိုချင်တယ်လို့ ဆိုတာလေ၊ အဲဒီ ပဋ္ဌာဝါရပါဠိတော်ကို လိုချင်လို့ဗျ'

'ဟော...ဟုတ်သလား၊ ဒါဖြင့် ယူခဲ့ပါတယ်ကွာ'

'မယူနဲ့တော့ဗျာ ဆိုင်မှာရှိတယ်ဆိုတော့ ဝယ်လိုက်ရုံပေါ့'

www.burmeseclassic.com

'မဝယ်နဲ့ ကိုဂါမဏိ၊ ည လက်ဖက်ရည်ဆိုင်ထွက်ခဲ့မှ စာအုပ်ယူလာခဲ့မယ်'

ဟု ဦးနေထွန်းသည် ပြောပြောဆိုဆိုဖြင့် ထပြန်သွားလေတော့သည်။

နေဝင်ရီတရောအချိန် ရောက်ခါနီးပေပြီ၊ ဆည်းဆာအချိန်၏ နေလုံးအားကြည့်လျက် **"နေထွက် ဂငယ်၊ နေလယ် ဝပြု၊ ဝင်က ဂငယ်"**ဟူသော ကဗျာလင်္ကာရကျမ်းလာ စာညွှန်းကို သတိရလိုက်မိပေသည်။

နေဝင်လျှင်ကား ကျွန်ုပ်တို့စစ်ကိုင်းမြို့သူမြို့သားတို့သည် မီးရောင်ရှိရာသို့ ပိုးပလူများ တဖြုန်းဖြုန်း စုဝေး၍ ရောက်လာကြသလို...

လက်ဖက်ရည်ဆိုင်များသို့ အစီအရီ ရောက်ရှိလာကြကာ တစ်နေ့တာ၏ အတွေ့အကြုံများ၊ ရယ်မောစရာများကို ပြောဆိုကြလျက် ညဦးယံနှင့် မိတ်ဖွဲ့ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေအတော်ပင် ကြာမြင့်ခဲ့ချေပြီ။

ယခုလည်း ကျွန်ုပ်သည် ဒဏ္ဍာရီ လက်ဖက်ရည်ဆိုင်သို့ မှောင်ရီဖျိုးဖျ အချိန် ရောက်ရှိသွားလေသောအခါ လူငယ်မိတ်ဆွေအချို့နှင့်အတူ မိတ်ဆွေကြီးဖြစ်သော ကျောင်းဆရာဦးစန်းထွန်း ရောက်နေသည်ကို တွေ့ရ၏။

'မင်္ဂလာပါ ဆရာကြီး'

ဟု နှုတ်ဆက်ကာ ခုံအလွတ်တွင် ဝင်ထိုင်၍ လက်ဖက်ရည်ပုံမှန်တစ်ခွက်ကို မှာနေစဉ်တွင် ဦးနေထွန်းသည် စာအုပ်ကလေး စာအုပ်ကို ပွေ့လျက် ရောက်လာလေတော့၏။

'ဒီစာအုပ်ပဲ ကိုဂါမဏိ'

ဟု ပြောကာ စာအုပ်ကို လှမ်း၍ပေးလျှင် ကျွန်ုပ်သည် စာအုပ်ကို လှမ်း၍ ယူလိုက်သောအခါ...

'နေကြပါဦး... ဘာကိစ္စအတွက်



အပေးအယူတွေ လုပ်နေကြတာလဲ၊ ငါတို့လဲ ပြောပြကြပါဦး'

ဟု ဦးစန်းထွန်းမှ မေးလေ၏။

'ပဋ္ဌာန်းပါဠိတော် စာအုပ်ပါဗျာ၊ ကျွန်တော်လိုချင်လို့ ဦးနေထွန်းက လာပေးတာ'

'မင်းက လိုချင်တယ်ဆိုတော့ တစ်ခုခု ထူးခြားမှုရှိလို့ပဲ၊ ငါတို့ သုံးလို့ရရင်လဲ မျှပါဦးမောင်ရာ'

ဟု ဦးစန်းထွန်းမှ ပြောလျှင်...

'နေပါဦးဗျာ...စာအုပ် အရင်ကြည့်ပရစေဦး'

ဟု ပြောကာ ကျွန်ုပ်သည် စာအုပ်ကို လေ့လာကြည့်သောအခါ...

ခင်ချို့ထွန်းစာပေမှ ထုတ်ပေသည့် **"ပဋ္ဌာဝါရ ဝိဘင်္ဂပဋ္ဌာန်းတရားတော်"** ဟု တွေ့ရ၏။

ကျွန်ုပ်သည် စာအုပ်အား နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့ကို အကြမ်းဖျင်း ဖတ်ရှုပြီးသောအခါ...

'ဒီလိုဆရာတို့ရဲ့... ပဋ္ဌာဝါရပါဠိတော်ဟာ လောကီအစီအရင်တွေအတွက် အလွန်မှ အစွမ်းထက်လှတယ်။

ကျွန်တော် ဒုက္ခရောက်စဉ်အခါတုန်းကပေါ့၊ ဆရာတစ်ဦးက ဒီ ပဋ္ဌာဝါရကို အစီအရင်လုပ်ပုံနဲ့တကွ ညွှန်ပြသင်ပေးခဲ့တယ်။

အဲဒီဆရာကြီးက ဒီပါဠိတော်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကိုလဲ ဒီလို ပြောခဲ့တယ်။

ဟိုအရင် ခေတ်ကာလတစ်ခုမှာ မြို့ပေါ်မှာ ပညာသင်ကြားနေတဲ့ ရဟန်းတော်လေးတစ်ပါးဟာ ဧရာဝတီတိုင်း ဒေသကြီးကို အလည်အပတ် ကြွချီ ရောက်ရှိခဲ့လေသတဲ့။

ရက်တစ်ပတ်လောက် ကြာသွားတဲ့ အချိန် တစ်နေ့မှာ အမယ်အိုတစ်ယောက် ထိုအာဂန္တုရဟန်းတော်လေးဆီကို ရောက်ရှိလာပြီး...

"သားမောင်ပဉ္စင်း...မောင်ပဉ္စင်းမှာ ဘာပညာတွေ သင်ထားသလဲ၊ နို့မဟုတ် ဘာအဆောင်အယောင်တွေများ ရှိသလဲလို့" မေးပါသတဲ့။

"ဒကာမကြီးရယ်... ဦးပဉ္စင်းက စာသင်သားပါ၊ ဘာအဆောင်မှမရှိပါဘူး၊ ဗုဒ္ဓစာပေကလွဲရင် ဘာပညာတွေမှလဲ မသင်ယူရပါဘူး။ ဘာဖြစ်လို့ မေးရတာလဲ"

"မောင်ပဉ္စင်းရေ... ဟောဒီနယ် တစ်ခုလုံးမှာ အမေ့ကို ကျော်လွှားနိုင်တဲ့ ပညာသည်တစ်ယောက်မှ မရှိဘူး၊ အမေလုပ်လို့ မရဘူးဆိုတဲ့သူလဲ မရှိသေးဘူး"

"ဟုတ်ပါပြီ...အဲဒါ ဦးပဉ္စင်းနဲ့ ဘာဆိုင်လို့လဲ"

"အင်း... မောင်ပဉ္စင်းရောက်လာစ အမေက ချစ်လို့ ကျီစယ်ပြုစားကြည့်တာ မရတာနဲ့ ပညာကို အစွမ်းကုန်သုံးပြီး ... တော့လဲ မရဘူးဖြစ်ရော၊ ဒါကြောင့် မောင်ပဉ္စင်းမှာ အဆောင်တစ်ခုခုရှိရမယ် ဒါကြောင့်မေးတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ ဒကာမကြီးရယ်... ဦးပဥ္စင်းမှာ ဘာအဆောင်မှ မရှိရပါဘူး။ ဒါပေမယ့်လို့ အမြဲဝတ်ထားပြီး ရွတ်ဆို ပူဇော်လေ့ရှိတာကတော့ "ပဌာန်းပါဠိတော် ပဋ္ဌာဝါရ"ကို ပူဇော်တတ်တာပါပဲ"

လို့ ဦးပဥ္စင်းလေးက ပြန်လည် မိန့်ကြားသောအခါမှ...

"အဲဒါပဲ မောင်ပဥ္စင်းရေ... အမေ့ ပညာကုန်သုံးတာတောင်မှ မရဘူးဆိုရင် ဘယ်ပညာသည့်မှ မရနိုင်ဘူး။ အဲဒီတရားကို အမြဲရွတ်ဖတ်ပေးပါ"ဆိုပြီး အမယ်အိုကြီး ပြန်သွားသတဲ့မျာ။

ဒါကြောင့် အတိုက်အခိုက်ပညာရပ်တွေကိုလဲ အောင်မြင်နိုင်တယ်။

စီးပွားလာဘ်လာဘတွေလဲ ပွင့်လန်းနိုင်တယ်။ အခြားသော သိဒ္ဓိအမျိုးမျိုးတို့ကိုလဲ ပြီးစီးစေနိုင်တဲ့ "ပဋ္ဌာဝါရ" ပဌာန်းပါဠိတော်ပေါ့မျာ။

ကျွန်တော်ကိုယ်တိုင် အဓိဋ္ဌာန်နဲ့ လက်တွေ့ အောင်မြင်ခဲ့ပါတယ်ဗျာ'

'အဲဒါဆိုရင် ဒီလိုလုပ်... ကိုဂါမဏိက လုပ်ဆောင်ရမယ့် အစီအရင်လေးတွေကို အစဉ်အတိုင်း ချရေးလိုက်ပါ၊ တို့က စာအုပ်လှူမယ်'

ဟု ဦးနေထွန်းမှ ပြောလျှင်...

ကျွန်ုပ်သည် ပဋ္ဌာဝါရပါဠိတော်အား ရွတ်ဖတ် ပူဇော်ရန်အတွက် စီရင်ပုံကို ချရေးလိုက်ပါတော့သည်။

### ပဋ္ဌာဝါရပဌာန်း
### ရွတ်ဆိုပူဇော်ရန်အစီအရင်

၁။ ပဋ္ဌာဝါရပဌာန်းပါဠိတော်ကို မှိုင်းကိုင်စက္ကူတွင် မှိုင်းသေးသေးဖြင့် ရသမျှ ကူးရေးထားပါ။ (ဖြစ်နိုင်လျှင် အစအဆုံး ကူးရေးပါ။)

၂။ သောက်တော်ရေ (၁)ခွက်(သို့မဟုတ်) ရေသန့်(၁)ဘူး ယူထားပါ။

၃။ ပန်းနံ့သာ အမွှေးတိုင်တို့ကို ယူထားပါ။

၄။ ပြီးလျှင် ဘုရားရှေ့တွင် လည်းကောင်း၊ သန့်ရှင်းသောနေရာတွင် လည်းကောင်း ခုံတစ်လုံးထား၍ အထက်ပါ ပစ္စည်းများကို တင်ထားပါ။

၅။ **"(၉)ရက်တိတိ အချိန်မှန် ဝတ်မပျက် ရွတ်ဆိုပူဇော်ပါမည်၊ အလိုရှိသော အကျိုးအာနိသင် အောင်မြင်ပါစေ"**ဟု အဓိဋ္ဌာန်၍ စတင် ရွတ်ဆို ပူဇော်ပါ။

၆။ (၉)ရက်ပြည့်လျှင် မှိုင်းကိုင်ကို မီးပူဇော်၍ ပြာချပြီးလျှင် နံ့သာ(၅)ပါးရည် (သို့မဟုတ်) အုန်းရည်နှင့် သောက်ပါ။ အဓိဋ္ဌာန်အောင်ပါလိမ့်မည်။

**စာကြွင်း= ပဋ္ဌာဝါရပဌာန်းပါဠိတော်ကို တစ်နေ့တစ်ခေါက် အစအဆုံး ရွတ်ဆိုပူဇော်ရပါမည်။**

### ရိုးရိုးပူဇော်လိုလျှင်

သောက်တော်ရေနှင့် ပန်းနံ့သာ၊ အမွှေးတိုင် စသည်တို့ကို မြတ်စွာဘုရားအား လှူဒါန်း၍ နေ့စဉ်ဖြစ်စေ၊ အဆင်သင့်သလိုဖြစ်စေ ရွတ်ဆိုပူဇော်ပါ။

အထက်ပါ အစီအရင်များမှာ ကျွန်ုပ် ကိုယ်တွေ့ပြုလုပ်ခဲ့သော အစီအရင်ဖြစ်ပါသည်။ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့နှင့် အတိုက်အခိုက်၊ အမှောင့်ပယောဂတို့ကို အောင်မြင်ပါလိမ့်မည်။ အထူးသဖြင့် ပဌာန်းရေတော်သည် အမှောင့်ပယောဂတို့ကို လွန်စွာ နိုင်နင်းကြောင်း လက်တွေ့ သိရပါသည်။

အလုပ်အကိုင်တို့နှင့် နေရာဌာန အသီးသီးမှ ခေါင်းဆောင်များ ပို၍ ရွတ်ဆိုပူဇော်သင့်ပါသည်။ လက်တွေ့ လုပ်မှ အလွန်အကျိုးရှိသည်ကို ကိုယ်တွေ့ ကြုံရပါလိမ့်မည်။

ကျွန်ုပ်သည် အထက်ပါအတိုင်း ရေးသား၍ ဦးနေထွန်းအား ပေးလိုက်ရာ နောက်တစ်နေ့တွင် စာအုပ်များဝယ်၍ မိတ်ဆွေ ညီအစ်ကိုမောင်နှမများအား စာညွှန်းနှင့်တကွ လိုက်၍ ဝေငှပါတော့သည်။

နှစ်ရက်ခန့်အကြာတွင် ကျောင်းဆရာ ဦးစန်းထွန်းသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာ၍...

'ငါ့လူရေ... ကိုနေထွန်းကတော့ မွေ့ဒါန်ပြုနေတာဗျာ၊ ငါတောင် စာအုပ်ရလို့ အားတဲ့အချိန် ရွတ်ဖတ်ပူဇော်နေပြီကွယ်။

နောက်ပြီး ဒီပဌာန်းပူဇော်ရတာက အင်မတန်ကုသိုလ်ရမှာဗျ။ ဒီတော့ ငါတို့ အသိုင်းအဝိုင်းလေးနဲ့တင် ကုသိုလ်မယူနဲ့ကွာ။ တစ်နိုင်ငံလုံးက ပူဇော်ချင်တဲ့သူတွေလဲ ကုသိုလ်လဲရအောင်၊ လောကီကိစ္စတွေလဲ အောင်မြင်ဖြစ်ထွန်းကြရအောင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ထည့်ပေးလိုက်ပါကွာ'

ဟု၍ တိုက်တွန်းနေပါတော့သည်။

ဂါမဏိဇော်
(ဝိဇ္ဇာဝရ) စစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



# ကုန်အပေါ်အရှား တွက်နည်း

ရှေးပညာရှိတို့ ပညာအမွေအဖြစ် ထားခဲ့သော လောကီရေးရာတွေထဲမှ ယခုလအတွက် **"ကုန်အပေါ်အရှား အလွယ်တွက်နည်း"** တစ်နည်းကို လေ့လာလိုသူတို့အတွက် ရေးသား တင်ပြပါဦးမည်။

မပယ်သင့်သော ရှေးထုံးတစ်ခု ဖြစ်သည့် ယခုနည်းသည်လည်း လူ့လောကအလယ်တွင် စား–ဝတ်–နေရေးဟု ဆိုသည့် အရေးကြီးသုံးရေး အတွက် နေ့စဉ်နှင့်အမျှ လှုပ်ရှားရုန်းကန်၍ အလုပ်တို့နှင့် နပန်းလုံးနေရသော ကျွန်ုပ်တို့လူသားတွေထဲမှ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူတွေနှင့် ကုန်ပစ္စည်း အရောင်းအဝယ် ပွဲစားကုန်သည်တွေအတွက်ပါ အသုံးဝင်သည့်...

အလွယ်တွက်ကြည့်၍ ရှောင်သင့်သည်တို့ကို ရှောင်ဆောင်သင့်သည်တို့ကို ဆောင်နိုင်လျက် အကျိုးရှိသော နည်းလေးဖြစ်သဖြင့် ယခုလို စေတနာနှင့် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

**တွက်နည်းဟောနည်း လင်္ကာကို** ရေးပြပါမည်...

ကောဇာတည်ထုတ်-ဆယ်ခုနုတ်-စားကုပ်ခုနစ်သာ...
ကြွင်းပြားတစ်ခု-စပါးမြုံနှစ်ခုပုဆိုးသာ...
သုံးခုဝါးမျိုး-လေးခုမြိုး-ရှားရိုးငရုတ်မှာ...
ငါးခုအရေ- မပေါ်တွေ-ခြောက်နေအရွက်သာ...
သုဉ်းလေတုံ့ပြန်-အသီးမှန်-ကောန်ရှားပါးရာ...။

အထက်ပါလင်္ကာ၏ တွက်နည်းဟောနည်းအကျယ်မှာ **"သိလိုသောနှစ်၏ ကောဇာသက္ကရာဇ်ကိုတည်ပြီး (၁၀)နုတ်ပါ။ ထိုနုတ်ပြီး အကြွင်းကို (၇)နှင့်စားပါ။**

**အကြွင်းကို ကြည့်ပြီး ဟောနည်း** မှာ...

❖၁–ခုကြွင်းလျှင်⇨ ထိုတွက်ကြည့်သောနှစ်မှာ စပါးမအောင်မြင် ရှားပါးမည်။

❖၂–ခုကြွင်းလျှင်⇨ ပုဆိုး အဝတ်ချည်ထည် ရှားပါးမည်။

❖၃–ခုကြွင်းလျှင်⇨ ဝါးအမျိုးမျိုးတို့ ရှားပါးမည်။

❖၄–ခုကြွင်းလျှင်⇨ ငရုတ်ရှားပါးမည်။

❖၅–ခုကြွင်းလျှင်⇨ အရေနှင့် စပ်ဆိုင်သော ကုန်များရှားပါးမည်။

❖၆–ခုကြွင်းလျှင်⇨ အရွက်နှင့် စပ်ဆိုင်သော ကုန်များ ရှားပါးမည်။

❖အကြွင်းမရှိသုဉ်းလျှင်⇨ အသီးနှင့် စပ်ဆိုင်သော ကုန်ပစ္စည်းများ ရှားပါးမည်။

ဟု အဟော၌ ဆိုထားပါသည်။

လက်တွေ့ တွက်ကြည့်သိရှိရန် ထိုတွက်နည်းနှင့် ၁၃၇၇ ခုနှစ်ကို တွက်ကြည့်ကြပါစို့။

၁၃၇၇
– ၁၀
၇ ÷ ၁၃၆၇–၁၉၅–မလို
၇
၆၆
၆၃
၃၇
၃၅
၂=အကြွင်း

၂–ခုကြွင်းသဖြင့် သူ့အဟောအတိုင်းမှ **ပုဆိုးချည်ထည် အဝတ်အစားရှားမည် (ဈေးတက်မည်)** ဟု ဆိုထားပါသည် စောင့်ကြည့်ကြပါဦးစို့။

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေ။***

**ကောင်းခန့် (သခွတ်ပင်မြို့)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

ကနိုင်ကလိုင်

# ဘောမဲ့ကျောင်း ဆရာတော်ကြီး

## ၏ ထူးခြားဖြစ်စဉ်နှင့် ကျင့်စဉ်များ

မင်းကြည်
(ဂမ္ဘီရတောင်တန်း)

မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်မှ စေတနာနှင့် ဆေးဝါး ကုသပေးလျက် ရှိသူ **တိုင်းရင်းဆေးဆရာကြီး ဦးတင်ညွန့်နှင့် ဇနီး ဒေါ်လှကြည်** တို့မှ လိုက်ပါပို့ဆောင်ပေးကြသဖြင့် **ကျိုက်မရောမြို့နယ်၊ ကနိုင်ကလိုင် ကျေးရွာ ဘောမဲ့ကျောင်းသို့ ၁၉၉၆ ခုနှစ်က** ရောက်ရှိခဲ့ပါသည်။

သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းနေသဖြင့် ဆိတ်ငြိမ်အေးချမ်းသောနေရာ ဖြစ်သည်။ ကျောင်းဝင်းဝ၌ **"ရွှေမဝယုဇနစေတီတော်"**ကို ဖူးမြင်ရပါသည်။

ကျောင်းကြီး၏ အရှေ့တစ်ခေါင်နှင့် မြေတစ်ပြင်လုံး ရှားပါး အသုံးဝင် ပရဆေးပင်များ၊ ဆေးဖက်ဝင် ထူးခြား ဂမုန်းပင်များကို စိုက်ပျိုးထားပါသည်။ ဆရာတော်၏ ဘွဲ့အမည်မှာ **ဘဒ္ဒန္တစန္ဒ** ဖြစ်ပြီး ထိုအချိန်က **သက်တော်(၈၄) နှစ်၊ သိက္ခာတော် (၃၄)ဝါ**ဟု သိရပါသည်။

'ဘီလူးကျွန်း၊ မုးရစ်ကြီးရွာဇာတိ၊ မွေးချင်းယောက်ျားချည်းပဲ (၆) ယောက်မှာ ဒုတိယ။ ဖခမည်းတော် ဦးအုန်းမောင်၊ မယ်တော် ဒေါ်သန်းမေ။

လူ့ဘဝမှာ မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ဇာတ်မင်းသား၊ တိုင်းရင်းဆေးဆရာ၊ ဂိုဏ်း ဆရာကြီး၊ ဂမ္ဘီရပညာရှင် ဘဝအမျိုးမျိုး ကျင်လည်ပြီး မြန်မာနိုင်ငံအနှံ့ ရောက်ရှိခဲ့ဖူး တယ်။

အသက်(၅၀)မှာ လူ့ဘဝကို ငြီးငွေ့ ပြီး တောထွက်ခဲ့တယ်။ ကမ္မဋ္ဌာန်း တရားပဲ ပွားများအားထုတ်ခဲ့တယ်။

**ပြည်၊ မိုးကုတ်ဆည်မြို့များ၊ တောင်ကြီး၊ ဗမော၊ ရတ်ကန်ဖိုးတောင်၊ မင်း ကျိုက်၊ ပါးပွဲတောင်၊ ရန်ကုန်၊ မုံ လက်ခတ်တောင်၊ ဖုန်ဆွေတောင်၊ နိုင်ငံ တောင်၊ မယ်ကာရိုဂူ၊ ပန်းတန်းဂူ အများ ကြီးရောက်ခဲ့လေ။ လိုက်ပြီး တရားအားထုတ်**

F.26A. August, 2014.



▲ ကျိုက်မရောမြို့၊ ကနိုင်ကလိုင်ရွာ
ဘောမဲ့ကျောင်းဆရာတော်
ဘဒ္ဒန္တစန္ဒ (၈၄)နှစ်အရွယ် ပုံတော်

**မှုတယ်'**

စာရေးသူမှ မရမက မေးသဖြင့် ဆရာတော်မှ ဘဝဖြစ်စဉ် တစ်စွန်း တစ်စ ပြောပြလေသည်။ ဘောမဲ့ ကျောင်း၌ ဦးပဥ္စင်း၊ ကိုရင်၊ ကပ္ပိယ စသည်တို့ တစ်ဦးမှ မထားဘဲ တစ်ပါး တည်း သီတင်းသုံးနေခြင်းကပင် ထူးခြားနေသည်။

**'ညဘက် သန်းခေါင်ကျော်အချိန်တွေမှာ ဆရာတော်ဟာ ကျောင်းဝင်းကို ထွက်ပြီး စေတီရင်ပြင်မှာ ကမ္မဋ္ဌာန်းတရား အားထုတ်လေ့ ရှိတယ်။ ဥပုသ်နေ့ည တွေမှာ တစ်ညတာလုံး မိုးလင်းသည် ထိ ရှာနေပေမယ့်လဲ အရိပ်အနိမိတ်ကို မတွေ့ဘူး။**

ဒီလောက် အသက်ကြီးနေတာတောင် မိုးတွင်းမှာ ခုနစ်ခွဲတောင်ထိပ်ပေါ်တက်ပြီး တစ်ပါးတည်း တရားသွားအားထုတ်တာ ခွင်း ဘယ်ကရသလဲ မသိဘူး။

အအေးမိပြီး ဖျားနေတာကို တောတက်တဲ့ ရွာသားတစ်ယောက်တွေ့လို့ လာအကြောင်း ကြားတယ်။ အဲဒီ သွားပွေ့ချီပြီး ခက်ခက် ခဲခဲ လှည်းနဲ့ သယ်ယူခဲ့ကြရတယ်'

ဆရာတော်အား အခန်းထဲ၌ ဆေး သွင်းထားစဉ် ကနိုင်ကလိုင် ရွာသား တချို့မှ ပြောပြကြခြင်းဖြစ်သည်။

**'မယ်ကာရိုဂူ စံပယ်ဂူတွေမှာ တရား အားထုတ်ရင်လဲ အတက်အဆင်း ခက်ခဲ တဲ့ ဂူပေါက်နက်ကြီးတွေထဲမှာ ဝင်ပြီး တစ်ပါးတည်း အပြင်မထွက်ဘဲ အား ထုတ်လေ့ရှိတယ်။**

**တောင်တက်တောင်ဆင်း ခရီးတွေ မှာ အသက် တစ်ဝက်လောက်ကွာတဲ့ ကျွန်တော်တို့ လူငယ်တွေတောင် အမှီ လိုက်ရတယ်။ ဖွဲလုံ့လ အလွန်ကြီးတဲ့ ဆရာတော်ပဲ'**

'အမြင်၊ အကြားအာရုံထူးတွေကို

www.burmeseclassic.com

တော့ ကျွန်တော် မကြာခဏ ကိုယ်တိုင် ကြုံဖူးပါတယ်။ ကျွန်တော့် မိတ်ဆွေ ကိုမောင်ဟန်တို့ ဇနီးမောင်နှံကို ခေါ်ပြီး ဆရာတော်ဆီ ဖူးဖို့သွားလေ့ရှိတယ်။

လွန်ခဲ့တဲ့(၂)နှစ်က တစ်နေ့မှာ ကိုမောင်ဟန်တို့ ကော့သောင်းဘက်ကို စက်လှေနဲ့ သွားမယ်လို့ လျှောက်တော့ မသွားဖို့တားတယ်။ ဒါပေမယ့် မရဘူး။

လင်မယားနှစ်ယောက်စလုံး စက်လှေနဲ့ ခရီးထွက်တဲ့နေ့ပဲ ကျွန်တော် ဘေးမဲ့ကျောင်းရောက်တော့...

**"မောင်ဟန်တို့ကို ဒီ မကာယနိုင်တော့ဘူး။ သူ့ဘာသ ထိန်းကြွားလို့"**

လို့ အမိန့်ရှိပါတယ်။ နောက်တစ်ရက်မှာပဲ စက်လှေမှောက်ကြောင်း သတင်းကြားရတယ်။ သူတို့ လင်မယားနှစ်ယောက်စလုံး ကွယ်လွန်ခဲ့ကြတယ်။

တစ်ခါကလဲ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကို ခေါ်သွားတော့ ဒီနေ့မပြန်နဲ့၊ ရဟန်း(၇)ရက်ဝတ်။ မဝတ်နိုင်ရင်လဲ ခေါင်းကို တရော်ကင်ပွန်းနဲ့ သေချာလျှော်လိုက်လို့ အမိန့်ရှိတယ်။

ဒါပေမယ့် မိတ်ဆွေက သိပ်မယုံလို့ မလုပ်တဲ့ ပြန်သွားတော့ အရက်ဆိုင်မှာ အရက်ဝင်သောက်ရင်း အမျိုးသမီးငယ်တစ်ဦးနဲ့ ရုတ်တရက် တွေ့ဆုံကြပြီး အိမ်ထောင်လဲပျက်၊ စီးပွားပျက်နဲ့ ဒုက္ခအကြီးအကျယ် ရောက်သွားတယ်။ အဲဒီလို ကြိုတင်နိမိတ်ကို သွယ်ဝိုက်ကာကွယ်ပေးတာမျိုး အများကြီး တွေ့ဖူးခဲ့ပါတယ်'

ဆရာကြီး ဦးတင်ညွှန့်ကိုယ်တိုင် အတွေ့အကြုံ အချို့ကို ပြောပြလေသည်။

ဆရာတော်ကြီး၏ ဖွဲလုံ့လ၊ ကျင့်ကြံ



◆ တိုင်းရင်းဆေးဆရာကြီး ဦးညွှန့်တင်နှင့် ငယ်ထော ဘဏ္ဍာစုနှ

အားထုတ်သောနေရာနှင့် ကျင့်ကြံအားထုတ်မှု နည်းလမ်းများကို လေ့လာခြင်းဖြင့် ကြားသိရသမျှတို့မှာ မဖြစ်နိုင်စရာမရှိဟု လက်ခံမိပါသည်။

ဆရာတော်၏ ထူးခြားဖြစ်စဉ်များကို မေးသောအခါ လုံးဝမဖြေပါ။ ကျင့်ကြံအားထုတ်ပုံနည်းလမ်းကို မေးသောအခါ...

'အများအားဖြင့်တော့ သာမန်လူတွေ ကျင့်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် လောကီလူ့ကိစ္စတွေမှာ လက်တွေ့ အသုံးချနိုင်မယ့် ကျင့်စဉ်နည်းလမ်းတချို့ ပြောပြမယ်။ ဘုန်းကြီးတို့ကတော့ သင်္ချိုင်းမှာ အများဆုံး ဆောင်ခဲ့တယ်။

လူသေ အလောင်းတွေဆီက ပုံ့သကူ အထည်အဝတ်တွေကိုပဲ အများဆုံး အသုံးပြုခဲ့တယ်။ ခေါးဆိုးပြီး သင်္ကန်းလုပ်၊ အိပ်ရာခင်းလုပ်၊ အသုံးအဆောင်တွေ လုပ်တာပေါ့။ **အသုဘ ရှုပွားတယ်။**

**"ဟော့ အသုဘ... ဟော့ အသုဘ အရုပ် မင်းသိလား"**

အဲဒီလိုမေးရင် (၃)ရက်လောက်ရောက်တော့မှ ခေါင်းညိတ်၊ ခေါင်းခါ လုပ်ပြတတ်တယ်။ ကြောက်တတ်ရင် ဒါမျိုး အားမထုတ်နိုင်ဘူး။ ဘုန်းကြီးကိုယ်တိုင်' ကျင့်ကြံအားထုတ်ခဲ့ပြီး အကျိုးရှိတဲ့ ပုတီးစိပ်နည်းတွေ ရှိတယ်။

* * *


| | |
|---|---|
| **ဆောဘဏဂါ ဖွာတ္တီ အရုပ်** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ သမ္မာသမ္ဗုဒ္ဓေါ** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ ဝိဇ္ဇာစရဏသမ္ပန္နော** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ သုဂတော** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ လောကဝိဒူ** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ အနုတ္တရော ပုရိသ ဒမ္မသာရထိ** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ သတ္ထာ ဒေဝမနုဿာနံ** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ ဗုဒ္ဓေါ** | *[ပုတီးတစ်လုံးချ]* |
| **ဆောဘဏဂါ ဖွာတ္တီ ဘဂဝါ** | *[ပုတီးတစ်လုံးချ]* |


အဲဒီလိုနဲ့ ပုတီး(၉)ပတ် အနည်းဆုံးက ကိုးကိုးလီ၊ ကိုးဆယ်လီဆိုတော့ (၈၁)ပတ်၊ (၉၀)ပတ်ထိ ရအောင်စိပ်ဖူးတယ်။ ပေဒင်လက္ခဏာ ဟောပြောတဲ့

www.burmeseclassic.com

သူတွေ အဲဒါလုပ်ကြည့်၊ အကြား အမြင် အာရုံထူး အလွယ်နဲ့ ရနိုင်တာပေါ့။

နောက်တစ်ခုက ပုတီးလုံးရေ သက်စေ့နဲ့ သရဏဂုံကို...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]*
ဓမ္မံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]*
သံဃံ သရဏံ ဂစ္ဆာမိ *[ပုတီးတစ်လုံးချ]*

အဲဒီလိုနဲ့ ပုတီးပတ်(၃၀) အနည်းဆုံးကနေ သုံးဆယ်ကိုးလီ၊ သုံးဆယ်ဆယ်လီအထိ နေ့စဉ် စိပ်သွားရမယ်။ ဆေးဆရာလုပ်ပြီး ဆေးကုစားမယ့်သူတွေ လက်တွေ့လုပ်ကြည့်၊ ဆေးကုရင် ဆေးလိုက်တယ်။ ဘယ်လိုလူနာဖြစ်ဖြစ်၊ ဘာရောဂါဖြစ်ဖြစ် မပျောက်တာ မရှိဘူး။

နောက်တစ်မျိုးကတော့...

**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

အဲဒီဂါထာတော် တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချ၊ ပုတီးသက်စေ့ကို ပုတီးကိုးပတ်ကစပြီး ကိုးကိုးလီအထိ အမိဋ္ဌာန်နဲ့စိပ်သွားရမယ်။

အမိဋ္ဌာန်ပြည့်ပြီးရင် ကိုယ့်မိသားစုတွေထဲက ဖြစ်ဖြစ်၊ တခြားမိသားစုထဲက ဖြစ်ဖြစ်၊ ခေါင်းကိုက်၊ နားကိုက်၊ သွားကိုက်၊ ဗိုက်နာ၊ မျက်စိနာ အစရှိတဲ့ အပရိက ဝေဒနာငယ်တွေကို လက်ညှိုးနဲ့ ထိုးပြီး...

'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

လို့ ဂါထာတော်ကို အဆက်မပြတ် အထပ်ထပ် ရွတ်ပေးလိုက်ရင် ရွတ်နေရင်း ဝေဒနာ သက်သာပျောက်ကင်းသွားလိမ့်မယ်။ လက်တွေ့ စမ်းသပ်ကြည့်ကြ။ ဘုန်းကြီးအနေနဲ့တော့ အခုပုတီးမကိုင်တော့ဘူး။ လူခြေတိတ်ဆိတ်တဲ့နေရာတွေမှာ သွားထိုင်ပြီး...

**"အရဟံဘုန်းတော်၊ အရဟံဘုန်းတော်"**

ဆိုတာကိုပဲ နှုတ်ကရွတ်ရင်း ဗုဒ္ဓမြတ်ဘုရားကို စိတ်အာရုံမှာ ထင်မြင်လာအောင် ရှုပွားတယ်။ ထိုင်တာညောင်းရင် လမ်းလျှောက်ရင်းရှုပွား၊ တုံးလုံးလှဲရင်းရှုပွား။ အစားအသောက်တွေ သိပ်မလိုအပ်တော့ဘူး။ လောကီချမ်းတွေ လိုချင်ရင် လုပ်ကြည့်။ **အရေးအကြီးဆုံးက နိဗ္ဗာန်ပဲ။**

**ကျိုက်မရောမြို့နယ်၊ ကနိုင် ကလိုင်ကျေးရွာ ဘေးမဲ့ကျောင်း ဆရာတော်ကြီး၏ ဖြစ်စဉ်များမှာ ထူးခြားပါသည်။** ဆရာတော်ကြီး၏ ကျင့်စဉ်များမှာ ပို၍ ထူးခြားပါသည်။ တော်ရုံ ဖွဲလုံ့လ၊ သတိ၊ သတ္တိမျှနှင့် အောင်မြင်နိုင်စွမ်း ရှိမည်မဟုတ်ပေ။

အောင်မြင်ခဲ့လျှင်လည်း လောကီရေး၊ လောကုတ္တရာပါ နှစ်ဖြာအကျိုးများမည်မှာ ကေန်ဖြစ်ပေမည်။

စွမ်းနိုင်သော စာဖတ်သူများ ဆောင်ရွက်နိုင်ကြစေရန် ဖော်ထုတ်တင်ပြလိုက်ပါသည်။

**မင်းကျော်ဇံ(ဂဠိုရ်ဓတောင်တန်း)**

# ဒူးနာခြင်းအကြောင်း



**နတ်မောက်မြို့နယ်၊ ရွာမွန်ကျေးရွာ**သို့ရောက်ရှိစဉ် ကားဂိတ်တွင် ကားစောင့်ရင်း **မြို့သစ်မြို့နယ်မှ ဆေးဆရာကြီး ဦးကောင်းမော်**ဆိုသူနှင့် စကားစမြည်ပြောဖြစ်ရာ၊ ဒူးနာရောဂါနှင့် ပတ်သက်ပြီး ဆွေးနွေးဖြစ်ပါသည်။

'ဒီလိုရှိတယ် စာရေးဆရာလေးရဲ့... ဒူးနာတယ်၊ ဒူးနာတယ်လို့ လူတွေပြောနေကြတယ်။ ဘယ်လို ဒူးနာတာလဲဆိုတဲ့ အရင်းအမြစ် သိဖို့ လိုသေးတယ်ဗျ။

ဒူးကို ထိခိုက်မိပြီး ဒဏ်တည်နာတာလား ဥပမာ ခလုတ်တိုက်လဲလို့ ဒူးခေါင်းလုံးကန်လို့ စသည်ဖြင့် ထိခိုက်မိပြီး ဒူးနာတာမျိုးဆိုရင် တစ်မျိုးကုသရမယ်။ အဲသလို ထိခိုက်မိလို့ မဟုတ်ဘဲ အသက်အရွယ်အရ သွေးအား၊ လေအား ယုတ်လျော့ ရိုးတွင်းခြင်ဆီခန်းလို့ ဒူးနာတာဆိုရင် တစ်မျိုးကုသရတယ်ဗျ။

ထိခိုက်မိလို့ ဒဏ်ကြောင့် ဒူးနာတာဆိုရင် ဒန့်သလွန်မြစ်၊ ခံတက်ခေါက်၊ ကြောင်လျှာမြစ်ကို ဆားရည်နဲ့ သွေးလိမ်းပေးရင် သက်သာပျောက်ကင်းပါတယ်။ နောက်တစ်မျိုးကတော့ ကျောက်ဖရုံသီးအူကို ယမ်းစိမ်းနဲ့ နယ်ပြီး စည်းပေးရင်လဲ ပျောက်ပါတယ်"

'ဒါဆိုရင်ဗျာ... အသက်အရွယ်အရ ခြင်ဆီခန်းလို့ ဒူးနာတာဆိုရင် ရောဗျာ။ ဘယ်လိုကုမလဲ'

'အဲဒါမျိုးဆိုရင် ဓာတ်စာနဲ့ ကုပေးရမယ်ဗျ။ အဓိကတော့ ရုံးပတီသီးကို ဟင်းချိုချက်သောက်၊ကြော်စား ရုံးပတီသီး ကင်စားပေးရမယ်။ စားနိုင်သလောက် မကြာခဏ စားပေးရပါမယ်။

ရုံးပတီသီး မရနိုင်တဲ့ရာသီကာလ နေရာဆိုရင် ကြက်ဥအစိမ်းတစ်လုံးဖောက်၊ ထန်းလျက်တစ်လုံး ထုခြေထည့်၊ နွားနို့ဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းနဲ့ သမအောင်မွှေပြီး နေ့စဉ်သောက်ပေး။ ဆယ်ရက်လောက်သောက်ရင် ခြင်ဆီအားတိုးပြီး ပျောက်ကင်းပါတယ်'

တိုက်ဆိုင်ကြုံတွေ့စဉ် ရသမျှ ဗဟုသုတ ရေးမှတ်ခဲ့ပြီး တင်ပြ ရေးသားအပ်ပါတယ် ခင်ဗျား။

**မြေမိုးချစ် (နတ်မောက်)**


www.burmeseclassic.com

ရှင်ကောဝိဒရဲ့

# အိန္ဒိယ သုတ ရှုမြင်ဖွယ်

(၄)

ရွှေတောင် သင်ဖြောင်ကြည်



ယခင်လမှ အဆက်

လေဖိုအမြင့်က တောင်ဆုပ်၊ ထိပ်ဝက (၅)လက်မ အချင်း။ သွပ်ပြားခွေ အချင်းက (၉)လက်မ။ မြေနီ၊ ရွှံ့စေး၊ စပါးခွံ၊ ဖိုခွင်ပြာ၊ သဲ အမည်ပေါင်း (၅)ပါးကို ရောမွှေထားတဲ့ ဖိုခွင်မြေသားထုက (၂)လက်မ၊ သွပ်ပြားခွေအတွင်းဘက်ကပတ်ထားတယ်၊ ကပ်ထားတယ်။

လေဖိုအောက်မှာ အုတ်ခဲ(၃)လုံး ဖိုခုံလောက်ဆိုင်ခံ၊ လေဖိုအောက်ခြေတွင် အလယ်ကောင်မှာ ရွှံ့ကို မီးဖုတ်ပြီး လုပ်ထားတဲ့ ကလပ်ကလေးကို ထား။ ကလပ်အမြင့်က (၃)လက်မခွဲ။ ကလပ်ပေါ်မှာ ဖောက်လုံ နံပါတ်(၄)ကို တင်။ ခဝါမီးသွေးကို လုံဘေးပတ်ပတ်လည်မှာထည့် မီးပျိုး။

မီးစွဲတာနဲ့ လုံထိပ်ပေါ်မှာ လက်(၃) လုံးလောက်အထိ မီးသွေးထပ်တင်။ အပလေနဲ့ မီးကစား။

မီးသွေးကျလိုက် ထပ်ထည့်လိုက်။ လေဟုန်ကြည့်လိုက်။ လုံလှည့်လိုက် လုံမဝိုက်မစောင်းဖို့ မကြာမကြာကြည့်။ နှင်နေငါသွား။ ပစ်ထားလို့ မဖြစ်ဘူး။ မီးပေးထားတဲ့ ဓာတ်သား ပေါ့ဆသွားရင် ကမ္ဘာခြားမယ်။ ဒါကြောင့် မီးသွေး ထည့်တိုင်းလဲ ကြည့်ရ။ အနားမရှိ သတိမြဲစေ။

ကောလီမီးစုံနဲ့ တစ်နေ့လုံး မီး ကစား။ ဓာတ်သားကလဲ မီးနေ။

နောက်တစ်နေ့မနက်တော့ လုံဖွင့်လိုက်တာနဲ့ လုံထဲက ဓာတ်သားကို မြင်ရပြီ။ သူ့ထိပ်မှာ အဖြူသားပါးပါးလေး လွှမ်းထားတယ်။ ဓာတ်လုံးထိပ်ပတ်ပတ်လည်ရဲ့ လုံအတွင်း နှုတ်ခမ်းမှာ ချော်ရစ်နေတယ်။ ဂျာရစ်ကလေး။ ဝိုင်းလို့။

ပယင်းရောင်၊ အလျားလိုက် ခြမ်းထားတဲ့ နှမ်းစေ့ တစ်ခြမ်းလောက်။ ထု။

လုံကို ခေါက်ချလိုက်တော့ ချော်ကို ဖောက်၊ ဂလောက်ခနဲ ထွက်ကျလာတယ်။ ဓာတ်သားက နီဝါရောင်အသွေးမှာ စိုပြီး ပြောင်နေတယ်။ လက်နဲ့ကိုင်လိုက်ရင် ချောမနေတော့ဘူး။ မွတ်နေတယ်၊ အပေါ်အောက် ဘေးပတ်လည် တစ်လုံးလုံး။

ဓာတ်လုံးဖင်ဘက် လုံအတွင်းသား ကတော့ ခပ်မှိုင်းမှိုင်း။ တေဇောလှိုင်း အရိုက်ခံထားရတယ်။ ဒါပေမယ့် လုံဖင်သားကတော့ အချော။ ပြောစရာ မရှိ။ မူလလုံအခြေမပျက် ပွန်းရာလေး မျှမထင်။

အဲဒီဓာတ်လုံးကို လုံနံပါတ်(၄) အသစ်တစ်လုံးထဲကို ထည့်။ ဇော်မံ အန္တာပိတ်၊ လေဖိုဆက်တင် ယခင်နေ့တွေကအတိုင်း မီးနေလုံထား သတိထားလို့။

(၁၁)ရက်မှာ ဓာတ်လုံး အထက် ချော်ရစ်ပြီး ထွက်လာတာက နှမ်းစေ့ တစ်ခြမ်းစာအမြင့်။

(၁၂)ရက်မှာ နှမ်းစေ့တစ်လုံးစာ လောက်။ (၁၃)ရက်မှာလဲ ချော်ရစ်

အန္တာပိတ်ပါလျှက် အဲဒီလို ချော် တက်တယ်။ ရစ်တာက ဇော်မံတာ မလုံလို့။ လုံတစ်လုံးလုံးကို ဇော်မမံလို့ လုံဖင်ပိုင်းကို လွှမ်းထားလို့။

www.burmeseclassic.com

www.burmeseclassic.com

ဖော်မံတာ ကျစ်ပြီးတော့ လေလုံရင် ချော်မထွက်ဘူး။ ချော်ထွက်အောင်ကို အမင်လေကို ဟာထားရတာ။ ဖော်မံ ထာ လေဟာပါမှ ချော်က ထွက်တာ။ ဓာတ်လဲပြုတာ။ ဓာတ်ပြုလို့လဲ ချော် ထွက်တာ၊ ဓာတ်ပြုအောင်ကို လုပ်ရ တာ။

(၁၄)ရက်မှာ ချော်က စပါးလုံး တစ်လုံးစာမက ဓာတ်ပေါ်မှာ တက်ပြီး နစ်နေတယ်။ လုံကို ခေါက်ချတော့ ဓာတ်သားက ထွက်ကျမလာဘူး။ ဓာတ်သားပေါ် ချော်ခွင်က တင်းတယ်။ အလင်းချက်သင့်ပြီ။

လုံကိုခွဲလိုက်တော့ ဓာတ်လုံး အောက်ခြေလုံအတွင်းသား တစ်ခုလုံး အဝါရောင် ချော်ပါးလေး စွဲနေတယ်။ ဓာတ်လုံးတေဖော ပြွင်းပြွင်းရိုက်ထား တာပဲ။ လုံမှာ နာဆီချထားတာပဲ။ ချထားတာပဲ။ နာရဲ့ အသွင်သဏ္ဌာန်။ အောက်ပြန်တဲ့ အဝါဟိတ်။

ဓာတ်လုံးထဲက နာနဲ့ကြေးဆိုတာက အလပ်စည်းစိပ်ဖို့ အဆီ။ ဓာတ်သားကို ဆိုးပေးမယ့်အရောင်။ ရွှေနဲ့ခွဲမရအောင် ကို ဟိတ်တွေပေးကြမှာ အသေအချာ။ ဒါကြောင့်လဲ လုံအတွင်းသားက အဆီ ချထားတော့ စိုပြီးပြောင်နေတာ။

**(၁၅)ရက်မြောက်ပြီ။** ဖောက်လုံ နံပါတ်(၄)ထဲကို ဓာတ်သားထည့်။ လုံငှားဖုံးကိုဖုံး လေဖိုတင်မယ်။ အလင်း ချက်ပြီ၊ ချက်ထိုးထိုးပြီ။

ရသေ့ဖိုလို့ ခေါ်တဲ့ လေဖိုခွင်မှာ အရင်နေ့တွေလိုပဲ မီးတင်တယ်။ လုံငှား ဖုံးပေါ်မှာ မီးသွေးက လက်(၂)လုံး။ မီးစွဲတော့ နောက်ထပ် လက်(၁)လုံး လောက်ထပ်ထည့်။

လေဖိုမှာ မီးသွေးတွေ နိမ့်နိမ့်ကျ။ လုံငှားဖုံးပေါ်မှာသာ (၁)လက်မ လောက် မီးခဲတစ်ခဲ တင်ကျန်နေရင်



မောင်ဖိုးဟာန်အနေနဲ့ကတော့ မီး(၁) အုပ်ကျပြီ။

မီး(၅)အုပ်အကျမှာ လုံငှားဖုံးပေါ်က မီးခဲလေးကိုဖယ်၊ လုံငှားဖုံးကို ညှပ်နဲ့ ဆွဲဖွင့်။ ကြည့်လိုက်ပါချေတော့ ဓာတ် သားက အရည်ပျော်နေပြီ မျက်တောင် ကလေးမျှားခတ်။ တဖျတ်ဖျတ်။

မျက်တောင် တစ်ချက်အခတ်မှာ ချော်တစ်ချက်ဖွဲ့တယ်။ ဖွဲ့လိုက်တဲ့ ချော် က နောက်တစ်ကြိမ် မျက်တောင်ရိုက် ချက်ကြောင့် လုံဘေးသားကို သွား ကပ်တယ်။ အရစ်လိုက်၊ အရစ်လိုက် တစ်ထပ်ပြီး တစ်ထပ်၊ ချော်ထုဖွဲ့တယ်။

လုံငှားဖုံးဖွင့်ပြီး ဓာတ်ချက်နေတဲ့ အချိန်၊ လေဖိုမှာ လေဝင်နှုန်း အားကြီး ရင် မီးကြီးတယ်။ မီးပြင်းတယ်။

မီးပြင်းရင် ချော်ဖွဲ့နှုန်းကျမယ်။ ဓာတ်သား ဝင်းခနဲ လက်ပြီး ဓာတ်သား ထိပ်လင်းလာတယ်။ ချော်မဖွဲ့တော့ ဘူး။ ဓာတ်သားအရောင်က ပြောင် ပြောင်ပြီး တက်လာတယ်။ ငုံ့ကြည့် လိုက်ရင် လူရိပ်ထင်တယ်။

အဲဒီအခါ လုံပတ်လည်တစ်ဝိုက်က မီးခဲတွေကို မောင်ဖိုးဟာန် ဂေါက်ချပြီး ကျပ်ပေးလိုက်တယ်။ မီးသွေးတွေ ညပ် သွားပြီ။ လေဖို ဖိုခွင်မှာ အပလေ ဝင် တာက နည်းသွားပြီ။

တေဖောနည်းနည်း နှံ့သွားတာနဲ့ တစ်ပြိုင်တက် ကြေးနဲ့ နာ ရန်ဖြစ်ကြ ပြန်တာပဲ။ နပန်းလုံးကြပြန်ပြီ။ မာန်ဖီလို့ ကိုက်ခဲ ကြိတ်ခြေလို့ ဝါးကြမျိုကြ ပြန်ပြီ။ သွေးတွေထွက်လာပြန်ပြီ အန္တောချော်။ ချော်နီတွေ၊ နည်းနည်း တော့ နောက်တောက်တောက်။

တေဖောအား အရမ်းနည်းသွားရင် ကြေးနဲ့နာ နပန်းပွဲက နှစ်ဖက်စလုံးက နားချိန်တောင်းကြတယ်။ ရပ်သွား တယ်။ ပရိသတ်ကတော့ မချင့်မရဲ။ ကောင်းခန်းမှ ချကြစမ်းကွာ။

အဲဒီအချိန်မှာ ဒိုင်လူကြီးမောင်ဖိုး ဟာန် လုံငှားဖုံးကို ပြန်ဖုံး မီးခဲတွေ ကြားမှာ ဂေါက်ချ။ လေပေါက်ကိုဟ၊ မနားတမ်း နပန်း ထပ်ချကြ။

မီးခဲကြားက လေပေါက် တောက် လျှောက် လေအဝင်ကြမ်း။ လေဖိုထဲက မီးတောက် ဖိုခွင်ပေါ်မှာ (၁)ထွာ လောက်။ ပြတ်တောက်ပြတ်တောက် မီးရောင်လျှမ်း။ လေဖိုခွင်က ဝင်လေ အစွမ်း။

မီးပြတ်တောက် ကွက်ကျားအဖြစ် မှာ မောင်ဖိုးဟာန် သံဂေါက်ကို လှမ်းပြီး ယူ။ လုံငှားဖုံးကို သံဂေါက်အဖျားလေးနဲ့ ဖိ။ မီးသွေးထပ်ဖြည့် လုံငှားဖုံးပေါ်မှာ လက်(၃)လုံးအထိ။

မီးကြီးပေးလိုက်၊ တေဖောသွင်း လိုက်၊ လုံငှားဖုံးကို ဖွင့်လိုက်၊ ဓာတ် သားအချင်းချင်း အစားခိုင်းလိုက်၊ ရန် တိုက်လိုက်။

အစားရပ်တာနဲ့ လုံငှားဖုံးကို ပြန်ပြီး ဖုံး။ မီးခဲကြားက လေပေါက်ကိုဖွင့်။ မီးတင်။ မီးသွေးထပ်အုပ်။ သံဂေါက်ချ ကောလီမီးစုံ ဆက်ကစား။

ဓာတ်အချင်းချင်းစား။ နည်းနည်း ပဲစား။ ဓာတ်ပြုထား၊ ချော်ကလဲ ခပ် ပါးပါးတက်တက်လာ၊ ဘေးကပ်သွား။ ဓာတ်လုံးအပေါ်ဘက် အလယ်ဗဟိုမှာ

www.burmeseclassic.com

ပလုံကလေးတွေစီ။ ဘေးဆီကို ဖွဲဖွဲပြီး ဆင်းဆင်းသွား။ လုံအတွင်း နှုတ်ခမ်းသားကို ကပ်။ ရပ်။ ချော်ထူအထပ် ထပ်ရစ်ပတ်ပါလို့ ဖွဲ့ကာနှောင်။



ဓာတ်သားကို ချော်ဖုံးတော့ လုံငှားဖုံးကိုပြန်ပိတ်၊ မီးသွေးထပ်အုပ်၊ လေဖို ဆက်တင်။ အဲဒီ မီးတစ်အုပ် အကျမှာ လုံငှားဖုံးပေါ်က မီးသွေးတွေကိုဖယ်၊ လုံငှားဖုံးကိုဖွင့်။ အကြည့်။

လုံထဲကို အပလေကအဝင်၊ ဓာတ်သားပေါ် တင်နေတဲ့ ချော်ထုက လန့်ပြီး ဘေးကို ရှုသွားတယ်။ ဓာတ်သားထိပ် ပြန့်ပြီး လင်းလာတယ်။

လုံဖုံးကို အဖွင့်မှာ ဓာတ်သားထိပ် လင်းလာလိုက်၊ ပြန်ပိတ်သွားလိုက်။ (၂)ကြိမ်,(၃)ကြိမ် ဖြစ်ပြီးတဲ့နောက်, ဓာတ်သားကို ချော်အပြည့် ဖုံးသွားတယ်။

လုံဖုံးကိုဖွင့်၊ အပလေသွင်း။ အလင်းကြည့်ပေမယ့် ဓာတ်သားထိပ်က ပြန်မလင်းတော့ဘူး။ ချော်အပြည့် ဖုံးသွားပြီ။ ချော်ငြိမ်၊ ဓာတ်ငြိမ်၊ လုံလဲငြိမ်။

ဓာတ်သားကို ချော်ဖုံးတာ ပြန်မလင်းတော့တဲ့အချိန် လုံငှားဖုံးကို ပြန်ဖုံး။ မီးသွေးအုပ်၊ ဂေါက်ချ၊ လေပေါက်ဖွင့်၊ လေသွင်း။ မီးပြင်း။ ဒါဟ၊ နောက် မီးကို ပြန်ချ။ ဥဏှ၊ မီးကို အပြောင်း အလဲကလေးနဲ့ပေး၊ လေအေး။

ဒါဟမီး မီးပြင်းရဖို့ လေဖိုအောက်ခြေ အပေါက်ဝမှာ တစ်နေတဲ့ မီးခဲနဲ့ ပြာတွေကို ဝါးခြမ်းပြားလေးနဲ့ဖယ်။ ဘေးကိုယက် လေပေါက်ကိုဖွင့် အပလေတွေတိုးဝင်၊ တွန်းဝင်။

လေဖို မီးခွင်မှာ အတွင်းတေဇော၊ အပြင်တေဇောအားကတော့ စံအပြည့်။

လုံငှားဖုံးကို အသေဖုံး။ တစ်နေ့လုံး မနားမနေ ညနေ(၃)နာရီအထိ ဆူလည်လိုက်လို့ မီးကစား။ မီးရပ်ထားသို့ အလိုချမ်း။

နောက်(၃)ရက်တိတိ (၁၈)ရက် မြောက်နေ့အထိ ချက်ထုတ်၊ ချက်ထုဘ်။

နောက်တစ်နေ့မနက် ဖိုခွင်ငဲက လုံကိုထုတ်၊ ဓာတ်သားကို ခွဲထုတ်လိုက်တော့ လုံခွင် ကျွတ်ကျနေ။ ချော် မကပ်တော့တဲ့ ဓာတ်သား။ မလတွေလဲ ထွက်သွား။ ဝါနီရောင်ပြေး အနီဘက်ကိုတော့ ခပ်စွေးစွေး။

(၁၉)ရက်မြောက်တဲ့နေ့အထိ ချော်ထွက်နေသေး။ ဓာတ်သားနှုတ်ခမ်းဘေး ပါးပါးလေး၊ နီညိုရောင်ပျော့။ ဖောက်မြင်ရ ချော်အချော၊ လက်သည်းစား၊ အမာသား။

**ရက်(၂၀)မှာ** ဓာတ်သားအပေါ်ဘက်က လုံဘေးအသား။ ချော်ဟိတ်ပြေးရိုက်ထား။ အရောင်က အဝါနု၊ သူ့အပေါ်က အစိမ်းရောင်၊ မရင့်တရင့် ကြည့်လို့က တင့်တယ်။

(၂၁)ရက်မှာ လုံချောင်ခွင်ကျွတ်။ ဓာတ်ရဲ့ အောက်ခြေ လုံအတွင်း ချော်ရှင်း။ မလကင်း။ မူလလုံအတွင်းသား အတိုင်းနေ။ ဓာတ်သားကို ချိန်ကြည့်တော့, (၁)ကျပ်ခွဲသား။ ချိန်ခွင်လျှာ လှုပ်လှုပ်ကစား။ နည်းနည်းလျော့သွားသလား။

ဓာတ်သဘောကို လက်တွေ့သိဖို့ လိုပြီ။ ဓာတ်သားကို ပေပေါ်တင် တူနဲ့ ထု။ ဖိထုကလေးထု၊ ဖြည်းဖြည်းထု၊ နား...နားထု။

ထု...ထုကြည့် အိ...အိခနဲ အိ[illegible] မကွဲ။ ကလပ်စည်း စိပ်ပုံကတော[illegible] ကိတ်အနေ။ မယွင်း။ စိတ်ချရြ[illegible] ကတော့ မရှိသေး။ ယမ်းလေးတေ[illegible] ပြုတ်လိုက်မှ ဒါမှ မှတ်စွဲမယ်။

ဓာတ်သားကို ဖောက်လုံနံပါတ်(၃[illegible] ထဲကိုထည့်။ လုံငှားဖုံးနဲ့ လေဖိုတ[illegible] အလင်းထိုး။ ဓာတ်ပျော်တာနဲ့ လုံငှ[illegible] ဖုံးကိုဖွင့်။ **ယမ်းပစ်။** တစ်ရွေးသာ[illegible] တစ်ရွေးသားစီလောက်။

ပေါက်လိုက်တဲ့ယမ်း ဓာတ်အရေ[illegible] ဆီကိုအရောက်။ ရှဲခနဲ မြည်ပြီး အလ[illegible] တစ်ချက်တောက်။ ခဏနဲ့ ပျောက်[illegible] ချော်ဖြစ်ပြီ။ ဓာတ်သားကို မှတ်ပိုခ[illegible] ယမ်းအဆီ။

ယမ်းကို ပစ်...ပစ်ပြီး သွင်း...သွင်[illegible] သွား။ ယမ်းပစ်ရင်တော့ သတိထာ[illegible] ဓာတ်သားအပေါ်မှာ ယမ်းချော်စပါးလုံ[illegible] တစ်လုံးစာလောက်၊ အဖုံးမှာတော့ ယမ်းပေါက်တာကိုရပ်။ မီးရှိန်လေး[illegible] နှပ်။ ယမ်းက,စားတယ်၊ ပါသွားမယ်[illegible]

တစ်ချက် တစ်ချက်မှာ လေပူပေါင်း[illegible] လေးတွေ တက်တက်လာ။ မြင်နေရ[illegible] တာက ချော်အကြည်။ ဓာတ်သားကို ဖောက်ပြီး မြင်ရတယ်။ ဝင်းလို့ ဝါ[illegible]

ဓာတ်ကတော့ မတုန်မလှုပ် ငုတ်တုတ်။ စင်းစင်းကြီးသေ ပြဒါးနေ။

(၂၂)ရက် မနက် လုံကိုခွဲ။ ချော် အကြည်သား အောက်ခြေမှာ နည်း နည်းကလေး နောက်တောက်တောက်[illegible] မက်လောက်စရာ ကောင်းတာက ဓာတ်သား။ ဝင်းပြီး ပြောင်လို့ အရောင် တဖိတ်ဖိတ်။ ဟိတ်ကလဲ ရွှေရောင်[illegible]

နေရောင်မှာ ထောင်ကြည့်တော့ ရောင်စုံယှက်သန်း။

ဓာတ်သားကို မှတ်ပေါင်း။ နှစ်နှစ် ကလေးအတိုက်။ [illegible]လိုက်တဲ့ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

သား၊ အနီသား၊ စိုပြီးတော့ပြောင် အရောင်မညီ။

မှတ်ပေါ်က အနီသား ရေမီးနဲ့ စား ဆိုက်တော့ ကြွမလာ၊ ပွမလာ။ ပေါ် လာမပေါ်။ မှတ်မှာစွဲ။ ရဲရဲကြီးခံ။ ပွန်း မပဲ့ မပြေ။ ရေဆေး ငုတ်တုတ် ကြီးခံ၊ လက်ပုတ်ခံ။

ဆားရည်ပက် ရေဆေး နည်းနည်း လေးမှ အရောင်မပြေ။ ဓာတ်ကလေး က စိတ်ချရပြီ။ ဒါပေမယ့် ယမ်းဟိတ်နဲ့ ယမ်းငွေ့က ကျန်နေသေး။

ယမ်းဟိတ်နဲ့ ယမ်းငွေ့တွေကွာ အောင် ရေနံခံရည် လောင်းရမယ်။

တွင်းထွက်ရေနံစစ်စစ် အနံ့ကိုက ထင်းပျံ့ပျံ့ ရနံ့မွှေးမွှေး။

ကြွေရည်သုတ် ဖောက်သံပန်းကန် လေးကိုယူ ဖြူစင်သန့်ရှင်းတဲ့ ဝတ်ပါးပါးလေးကို ပန်းကန်ဆုံ အောင် (၄)ခေါက်ခေါက်၊ အောက်က ရေနံကို အပေါ်က လောင်းပြီးထည့်။

ဘူနွှာစရိယလုံ လုံခါးပြတ် နံပါတ် ထဲကို ဓာတ်လုံးထည့်၊ လုံငှားဖုံး ဖုံး၊ ဖိုခွင်ထဲကိုထည့်။ မီးလျှံအနေ ဘေးက မီးသွေးပတ်။ ညှပ်၊ ငှားဖုံးပေါ်မှာ မီးသွေးတစ်တုံးတင် နဲ့ ညီအောင် သူ့ဘေးပတ်လည်မှာ သွေးထပ်ဖြည့်၊ မီးခဲ(၃)ခဲကို (၃) ထင့်ကျကျထည့်၊ ဖိုကြီးဆွဲ တေဖော

မီး(၁)အုပ်အကျမှာ မီးနှပ်ထား။ မိနစ်လောက်အကြာ မီးသွေးထပ် ည့်၊ ဖိုကြိုးကိုဆွဲ၊ လေထပ်သွင်း။ ကို တဖြည်းဖြည်းမြှင့်။

မီး(၃)အုပ်အကျမှာ လုံကို ဆွဲ ကြာက်။ လုံနှုတ်ခမ်းနဲ့ နှာပေါက်တည့် ည့်၊ နှုတ်ခမ်းတိုက် အနေအထား။ ကို မဆွဲသေး။ မီးသွေးကိုညှပ်၊ မီးထဲ လုံထားချိန် (၅)မိနစ်။



မီး(၄)အုပ်အကျမှာ ဓာတ်ပျော်စ ပြုပြီ။

မီး(၅)အုပ်မှာ ဓာတ်က ပျော်နေပြီ။ လုံငှားဖုံးကိုဖွင့် လက်ချား(၁)ပဲသား လောက်ပစ်။ လက်ချားပွင့်ပြီး ပျော် ဆင်းသွားပြီ။ ဒါမှ ခံရည်လောင်းလိုက် ရင် ရေနံခံရည်ထဲကို ဓာတ်သားက ရှောရှောရှူရှူ ထွက်ကျသွားမယ်။ ချူဆီချောဆီ။

မီး(၅)အုပ် ထိုးနေတဲ့အချိန် ရေနံခံ ရည်ခွက်ကို ဖိုခွင်မီးတောက်ပေါ်မှာ တင်။ မီးပြု၊ အပူပေး။ ရေနံ ဆူစပြု တာနဲ့ ခံရည်ခွက်ကို သဲခွက်ထဲမှာချ။

နောက်တစ်ကြိမ်မီးပြု။ သဲခွက်ထဲကို ပြန်ချ။ ဖိုခွင်မှာ မီးကလဲ အကျ။ လုံ ငှားဖုံးကိုဖွင့်။ လုံခါးပြတ်ကို ညှပ်တို လေးနဲ့ ညှပ်ပြီးကိုင်။ ရေနံခံရည်ခွက် ထဲကို လက်ပြန်လောင်းထည့်။ ရှဲခနဲ အမြည်၊ ရှုပ်ခနဲအငုပ်။ ခံရည်ခွက်ထဲမှာ ငုတ်တုတ်ကလေး။ အလုံးလိုက်။ ဘေး ပတ်လည်တစ်ဝိုက်မှာတော့ လေပူ ဖောင်းတွေ ပလုံစီ။

လုံကို ဖိုထဲပြန်ထည့်။ လုံငှားဖုံးကို မဖုံးဘဲ မီးနှပ်ထား။

ရေနံခံရည်ခွက်ထဲက ဓာတ်လုံးကို ယူ။ ကပ်နေတဲ့ မလတွေနဲ့ ရေနံကို အဝတ်နဲ့သုတ်။ ပြောင်အောင်စင် အောင်သုတ်။

ဓာတ်လုံးကို ညှပ်ကလေးနဲ့ ကိုင်၊ ဖိုခွင်မီးမှာ ခဏပြု။ လုံထိပ်ဝမှာ ဓာတ် လုံးကို နေရာပြောင်းပြီးတင်။ (၁)မိနစ် ထား။

ဓာတ်လုံး အပူဝတော့ လုံထဲကို ထည့်။ လုံငှားဖုံး ဖုံး။ ဖိုဆွဲ။ ခံရည် ထပ်လောင်း။ ခံရည် (၇)ကြိမ် (၇)ခါလောင်း။ **သတ္တုဗီသ**။

ခံရည်လောင်းပြီးတဲ့ ဓာတ်သား အသားကျစ်သွားတယ်။ အလေးချိန် ကလဲ ယနစီးတယ်။ တစ်နေတာပဲ။ အရောင်လဲ ပိုပွင့်လာတယ်။ သက်တံ့ ရောင်ပြေး။ အနီသွေးမှာ အဝါခြယ်။ ရေနံဟိတ်ကြောင့်တော့ မှိုင်းနေတယ်။

ရေနံခံရည် လောင်းပြီးရင် လက်ချား ချော်နှစ်ရမယ်။

ဖောက်လုံ နံပါတ်(၃)တစ်လုံးကို ဖိုခွင်ထဲထည့်။ နှုတ်ခမ်းတိုက် အနေ အထား လုံငှားဖုံး ဖုံး။ မီးသွေးထည့် ဖိုဆွဲ။

လုံရဲတာနဲ့ မီးကိုရပ်၊ မီးခဲဖယ်၊ လုံ ငှားဖုံးကိုဖွင့် လက်ချားအစိမ်းအတုံး ကလေး တစ်တုံး။ တစ်ပဲသားလောက် ပစ်ထည့်။ ချော်ဖွဲ့။ ထပ်ထပ်ပြီး ပစ်ပစ် ထည့်လိုက်၊ ချော်ဖွဲ့လိုက်။

ချော်ဖွဲ့ပြီး ချော်ကြည် ချော်ငြိမ်တဲ့ အခါ၊ ဓာတ်သား တစ်ကျပ်ခွဲသားကို ထည့်လိုက်တဲ့အခါ မြုပ်သွားပြီး ဓာတ် သားအပေါ်မှာ လက်သန်းတစ်လုံး ထုလောက် တက်နေမယ့်အထိ လက်ချားချော်ကိုချက်။ လက်ချား အစိမ်းကိုလဲ ထပ်ထပ်ပြီး ထည့်ဖို့ပြင် လိုချင်တဲ့အထိ။

လိုသလောက် ချော်ဖွဲ့ပြီဆိုတာနဲ့ ဓာတ်လုံးကို ညှပ်နဲ့ ညှပ်၊ လုံအဝမှာ ဓာတ်လုံးကိုတင်၊ အပူပေး။ အပူတော် တော်လေးရမှ ချော်ထဲကို နှစ်ထည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်။ စွပ်ခနဲ မြုပ်သွားပြီ။

ဖိုကြိုးကိုတော့ ယောင်လို့တောင် မဆွဲသေး။ ဓာတ်လုံးအထည့်မှာ လေပါသွားလို့ လေပူဖောင်းလေးတွေ တက်,တက်လာ။ ချော်အငြိမ်မှာ ဓာတ်လုံးကို ချော်ဖောက်ပြီး မြင်နေရတယ်။

လုံ့ငှားဖုံးကို ပြန်ဖုံး၊ လုံအနေအထား ပြင်၊ မီးသွေးထည့်၊ မီးသွင်း၊ တဖြည်းဖြည်းမီးကိုမြှင့် မီးမှန်အနေအထား။

လက်ချားချော် သွက်သွက်လည်လာပြီ။ ဓာတ်လုံးမှာ ကျန်သေးတဲ့ မလတွေကို ထုတ်ယူနေပြီ။ စုပ်ယူနေပြီ။ ဓာတ်လုံးရဲ့ အရောင်ဟိတ်က လက်ချားချော် မျက်နှာပြင်ထိပ်အထိ တက်။ ချော်ထိပ် အလယ်ခွက်ကလေးမှာ အလင်းပေါက်။

လုံတစ်ခိုင် တစ်နေ့လုံး တောက်လျှောက်မီးတင်။ နေဝင်မှာ မီးရပ်။ လုံ့ငှားဖုံးကို ညှပ်နဲ့ ဆွဲပြီးဖွင့်။ ဖိုခွင်နှုတ်ခမ်းပေါ်မှာ လုံ့ငှားဖုံးကိုတင်။ဖိုခွင်ထဲမှာ လုံကို ခဏထား။

လုံငြိမ်၊ ချော်ငြိမ်၊ ဓာတ်ငြိမ် (၃)ကြိမ်ညီမှ ဖိုခွင်ထဲက လုံကို ညှပ်နဲ့ညှပ်။ သဲခွက်ထဲကို ဆွဲချ။ သဲထူးခတ်။ အလိုချမ်း။

နောက်နေ့မနက်မှာ လုံကိုခွဲ။ ဝင်းဝင်းဖန့်ဖန့် သက်တံရောင်သွေး ဓာတ်လုံးလေး။ ချိန်ကြည့်တော့ (၁) ကျပ်ခွဲသား နောက်ကို နည်းနည်းပြေး။

ကျောင်းအားရက် စနေ အိမ်ကနေထွက်၊ ကိုရင်ကြီးဆီ မောင်ဖိုးဟာန် ချီတက်။

မောင်ဖိုးဟာန်က ဝတ္ထုငွေကြေးနဲ့ ကန်တော့ဖွယ် ပစ္စည်းလေးတွေကို ရှေ့မှာချ။ လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ ကိုရင်ကြီးကို ရှိခိုးဦးချကန်တော့။ ကိုရင်ကြီးနှုတ်တော်က လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဆုတွေပေး။



ရင်မှာအေးမြ ချမ်းမြေ့လှ၊ ပီတိတွေလဲခ၊ ကြက်သီးမွေးညင်းထ၊ ခြော်... ဒါန။

အင်္ကျီအိတ်ထဲမှာ ထည့်လာတဲ့ လက်ကိုင်ပဝါကို မောင်ဖိုးဟာန် ညာလက်နဲ့ ဆွဲထုတ်တယ်။ လက်ကိုင်ပဝါထောင့်စွန်းမှာ ဓာတ်လုံးထည့်ပြီး ထုံးထားတဲ့ အထုံးကလေးကိုဖြေ ကိုရင်ကြီးဆီကို လက်ကမ်းလို့ ဓာတ်လုံးကဲ့ လှမ်းပြီး ကပ်လှူ။

ကိုရင်ကြီးက အားရဝမ်းသာ ယူပြီး ကြည့်ရှာတယ်။ ကပ်ကြည့်၊ ခွာကြည့်၊ ညာလက်တစ်ကမ်း ဆန့်တန်းလို့ ကြည့်၊ နေရောင်အောက်မှာထားကြည့် လက်နဲ့ပွတ်ပြီးကြည့်၊ လျှာကလေးနဲ့ တို့,တို့ကြည့်...

မျိုးစုံအောင်ကြည့်ပြီးတော့ ဖိုးဟာန်ကို ပြန်ပေးတယ်။ ပြောလဲ ပြောသေးတယ်။

'ကြေး ခဲ ဘော် ပြဒါး မီးကစား ဘော်ကြောပြတ်လို့သေ ရွှေဖြစ်သွား။ ပြဒါးလဲလေ မီးနေ။ ရွှေဖြစ်သွား၊ ကောင်းလိုက်တဲ့ဓာတ်သား။ ပြုပြင်ပေးစရာမလိုတော့ဘူးဗျာ'

ပြုပြင်ပေးစရာ မလိုပေမယ့် ရှေ့ဆက်ရမယ့်ခရီးကရှိသေး၊ မောင်ဖိုးဟာန်က မေးတယ်။

'ဘာဆက်လုပ်ရမလဲ ဘုရား'

'ဓာတ်သားအရောင်အဆင်းက ရွှေနဲ့ မနည်းရိုးစွဲ၊ အလေးချိန် ဃနကလဲ တူသလောက်တစ်ပြီးစီး၊ ကလပ်စည်းကလဲစိပ်၊ ဟိတ်ကလဲ ထိပ်ပေါက်၊ အခေါက်ရွှေကပ်၊ စပ်တူလမ်း ခရီးရောက်လို့ ပြီးမြောက်အောင်...'

**ရွှေတောင် ခင်မောင်ကြည်**



**အချင်းကျဖို့**
**ဖိုလယ်ပြာရဲ့ အစွမ်းတစ်မျိုး**

နွားပေါက်လေးများ မွေးဖွားပြီး
"အချင်း"စောင့်ရသည်မှာ ဒုက္ခတစ်
ဖြစ်သည်။ နွားမမှ အချင်း မကျမချ
နည်းမျိုးစုံဖြင့် အချင်းကျအောင်
လုပ်ကြရသည်။

ဖိုခုံလောက်(၃)ခု၏ အလယ်မှ ပြာ
သင့်ရုံယူပြီး နွားမ၏ ကျောပြင်ထက်
ပေးထားခြင်းဖြင့် နွားအချင်းကို အ
စေပါသည်။

**တင်လင်းဇော်**

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ကျွန်တော့်မှာ အထူးပင် တအံ့တသြ မြင်တွေ့နေရသည့် မြင်ကွင်းကြောင့် ဆားထိုင်ခုံမှာ ထိုင်၍ ကားမောင်းနေသော ကားဆရာကိုလည်း သတိမရတော့ပေ။

ကျွန်တော်ကိုယ့်ကျွန်တော် လေးဘီးကားစီးလာနေသည့် ဆိုသည့် အသိအရားလည်း ကျွန်တော့်၌ ကင်းစင်နေချိန်ဖြစ်သည်။

ကျွန်တော်၏ ရင်ထဲမှာ အဖြစ်ဆန်းခြင်း ထူးခြားခြင်း၊ အံ့သြခြင်း၊ ကြည်နူးခြင်းတို့ဖြင့် ပြည့်နှက်လျက် သူရဿတီမယ်တော်ကိုသာ မျက်ခြည်မပြတ် ကြည့်နေမိသည်။

**ကျွန်တော် လက်ရှိမြင်နေရသော သူရဿတီမယ်တော်မှာ ရုပ်ပုံကားချပ်၊ ရွှေချပ်တူတို့တွင် မြင်တွေ့ရသည့် ရုပ်တူ ဟင်္သာစီးလျက် ပုံပန်းမျိုးအတိုင်း အတူတူဖြစ်သည်။**

တချို့ ရွှေချရုပ်တုများတွင် ဟင်္သာ နတ်သီး၌ ပန်းသီးကဲ့သို့ လည်းကောင်း၊ ရွှေလုံးကဲ့သို့ လည်းကောင်း အလုံးတစ်ခုခုကို တွဲလောင်းချကာ အညာမှ ကိုက်ချီထားသည့် အနေအထားမျိုး တွေ့ဖူးမြင်ဖူးခဲ့၏။

ယခု ဟင်္သာကိုက်ချီထားသည်မှာ ရွှေလုံးလည်းမဟုတ်၊ ပန်းသီးလည်း မဟုတ်ပေ။ သရက်သီး အရွယ်ခန့်ရှိသော အညိုရောင်နှင့် အနီရောင် ရောစပ်နေသည့် သပြေသီးကြီးဖြစ်သည်။

ယင်းသပြေသီးကို အညာမှ တွဲလောင်းချ ကိုက်ချီထားခြင်း မဟုတ်ပဲ သပြေသီးကြီးကို ခါးလယ်မှ ဖြတ်၍ နှုတ်သီးထဲတွင် အထက်နှုတ်ခမ်း အောက်နှုတ်ခမ်းနှင့် ညှပ်လျက် ကိုက်ချီထားသည့်ပုံစံ အနေအထား ဖြစ်သည်။



ဇာလေးဘဲ

ကျွန်တော် မြင်တွေ့ဖူးသော

# သူရဿတီ မယ်တော်ကြီး (၂)

ဟင်္သာကို သေသေချာချာ ကြည့်နေစဉ် ကျွန်တော့်ဘက်ကျသော ဟင်္သာမျက်လုံးမှာ ကျွန်တော့်ဘက်သို့ ကြည့်လိုက်၊ ဟင်္သာခေါင်းပြုထားရာ အရှေ့ဘက်သို့ ကြည့်လိုက်ဖြင့် နှစ်ကြိမ်,သုံးကြိမ်မျှ မျက်လုံး လှုပ်ရှားသွားသည်။

**ကျွန်တော်၏ စိတ်ထဲမှာ ဤဟင်္သာသည် အရုပ်မဟုတ်ဘဲ အသက်ရှင်နေသော သက်ရှိဟင်္သာအရှင် ဖြစ်သည်ဟု မှတ်ချက်ပြုမိ၏။**

**ဟင်္သာအရောင်မှာ အဝါရောင်ဖြစ်သည်။ နေရောင်တွင် ရွှေရောင်တောက်သကဲ့သို့ ရှိ၏။ အတောင်ပံရှိ အတောင်အမွှေးများတွင် ခရမ်းရောင်စုစုဖြင့် အနားသတ်ထားသည်။**

ဟင်္သာအရွယ်မှာ လေးဘီးကား စက်ခေါင်းဖုံးနှင့် အပြည့်၊ ဒီဘက်စက်ခေါင်းဖုံး အဖျားမှ ဟိုဘက်စက်ခေါင်းဖုံး အဖျားအထိ အရွယ်ဖြစ်၏။ (**ဥပမာ နွားမတမ်းတစ်ကောင် ကားစက်ခေါင်းဖုံးပေါ်သို့ တက်ရောက်ဝပ်နေသကဲ့သို့ အရွယ်ပမာဏဖြစ်သည်။)**

**ဟင်္သာအတောင်ပံ၏ အတောင်အမွှေး ခရမ်းရောင် အနားကွပ်ထားသော နေရာအချို့တွင် သူရဿတီမယ်တော်၏ ခြေချောင်းများသည် ပယောင်းတိုင်အလုံး အရွယ်ကဲ့သို့ တညီတည်းဖြစ်သည်။ အများများသည် အတိုအရှည်မရှိ တစ်တိုင်းတည်းဖြစ်၏။**

www.burmeseclassic.com

ခါးတွင် ဝတ်ထားသော လုံချည်မှာ ချိတ်ထဘီမဟုတ်ပေ။ ကန့်လန့်ဖြတ် လက်နှစ်လုံး၊ လက်သုံးလုံးခန့် အစင်း ထဘီဖြစ်သည်။ အရောင်များကမူ ဝါသလိုလို၊ ပြာသလိုလို၊ စိမ်းသလိုလို အရောင်မျိုး ရောယှက်လျက်ပင်။ တော်တော်ကောင်းသည့် ထဘီအမျိုးအစားဖြစ်သည်ဟု ပြောဆိုနိုင်သော်လည်း ဘယ်ရွေ့ဘယ်မျှ ကောင်းသည်ကိုမူ ကျွန်တော် မပြောတတ်ပါ။

သူရဿတီမယ်တော်၏ အရွယ်အနေအထားမှာ သာမန်အမျိုးသမီး ခပ်လှလှအရွယ်ဖြစ်၏။ မနိမ့်လွန်း၊ မမြင့်လွန်း၊ မပိန်လွန်း၊ မဝလွန်း အထူးထူးပင် တင့်တယ်လှပသော အရွယ်အနေအထားမျိုးပါပေ။

မယ်တော် ချီထားသော ပဝါမှာ ဇာပဝါအဖြူရောင်ဖြစ်သည်။ ယာဘက်လက်ထဲတွင် ပိဋကတ်သုံးပုံ စာအုပ်များကို ပွေ့ထား၏။

ကျွန်တော်တို့ တွေ့ဖူးသော ရုပ်ပုံ ရုပ်တုကားချပ်များထဲမှာကဲ့သို့ ကလပ်ပေါ်တွင် စာအုပ်များတင်၍ ကလပ်ကို မယ်တော်၏ လက်ဖြင့် ကိုင်ထားခြင်းမျိုး မဟုတ်ပါ။

ပိဋကတ်သုံးပုံ စာအုပ်များကို မယ်တော်၏ ယာဘက် လက်မောင်းထဲတွင် ပွေ့ပိုက်ထားခြင်းဖြစ်သည်။ **(ကျောင်းသားကလေးများ စာအုပ်များကို လက်မောင်းထဲ၌ ပွေ့ပိုက်ထားသကဲ့သို့ဖြစ်၏။)**

မယ်တော်၏ ဝဲဘက်လက်ကမူ ချီထားသော ဇာပဝါနှစ်စကို ပူးကိုင်လျက် မယ်တော်၏ ရင်ညွန့်နားတွင် သာသာဖွဖွ ထိန်းဖိထားသည့်ပမာ ဖြစ်သည်။

ရွှေရောင်စီးပုံ ခေါင်းဆောင်းချွန်ချွန်ကို မယ်တော်၏ ဦးခေါင်း၌ ဆောင်းထားလျက် တွေ့ရ၏။

မယ်တော်၏ မျက်နှာကို ဂရုစိုက်၍ ကြည့်မိသည့်အခါ မယ်တော်၏ မျက်နှာမှာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် မေတ္တာတရား ပြည့်ဝစွာ ချောမောတင့်တယ်မှု အပေါင်းစုသော ကြည်နူးချမ်းမြေ့ဖွယ်ရာ မျက်နှာတော်မျိုးဖြစ်သည်။

မယ်တော်၏ မျက်လုံးများကမူ ရွှန်းတောက်လျက် တလက်လက်ရှိ၏။ ဟသာမျက်လုံးကဲ့သို့ ကျွန်တော့်ဘက်သို့ ကြည့်လိုက် ရှေ့တူရူသို့ လှည့်လိုက်ဖြင့် နှစ်ကြိမ်၊ သုံးကြိမ်မျှ လှုပ်ရှားကြည့်သည်။

သို့ဖြစ်၍ ယခု ကျွန်တော် မြင်တွေ့နေရသော သူရဿတီမယ်တော်မှာ ရုပ်တုကားချပ်မဟုတ်ဘဲ သက်ရှိအသက်ရှင်လျက် သူရဿတီနတ်သမီး အစစ်အမှန်ဖြစ်သည်ဟု ကျွန်တော်၏ စိတ်ထဲတွင် အသိအမှတ်ပြုမိပါ၏။

ခိုင်မာစွာ ယုံကြည်မိပေသည်။ သူရဿတီမယ်တော်ကို ကြည့်မြင်နေသည့်အချိန်မှာ ကျွန်တော်၏ ရင်ထဲ၌ **(မိခင်နှင့် အချိန်ကာလပေါင်း အမြောက်အမြား ကင်းကွာနေခဲ့ရသော ကလေးငယ်ပမာ ပြန်လည်ဆုံတွေ့ကြသည့် တစ်ခဏကလေး၏ ရင်ထဲတွင် ဆို့နင့်ကြည်နူးခြင်းများစွာဖြင့် အမေဟူ၍ပင် မခေါ်နိုင်လောက်အောင် ဝမ်းသာနေမိသကဲ့သို့ )**ခံစားရပါ၏။

ထိုသို့ အံ့ဩခြင်းများစွာဖြင့် မယ်တော်ကြီးအား ငေးမောကြည့်ရှုနေစဉ် ကျွန်တော်၏ ဦးခေါင်းထဲ၌ အသိတစ်ခု ဝင်ရောက်လာသည်။

ပုဂ္ဂိုလ်တစ်ပါး ကြွရောက်လာသည်ကို ဤရွေ့ဤမျှအထိ ကြည့်ရှုမှတ်သားရလျှင် တော်သင့်ပေပြီ။ ပြန်လည်ခွင့်ပြုသင့်ပြီဟူသော သတိဝင်လာခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်က...

**"အမေ သူရဿတီမယ်တော်ကြီး ဤ... အမြင်အထင် တွေ့ရလျှင် သိပါ ပြီ... မယ်တော်ကြီး၏ ဘုံဗိမာန်ကို ရှမ်းသာ... ပြန်လည် ကြွမြန်းတော်မူပါ လော့"**

ဟူ၍ စိတ်ထဲမှ ရေရွတ်ပန်ကြား... လိုက်သည်။

ဤသို့ ပန်ကြားပြီး ချက်ချင်း ဆို... သကဲ့သို့ပင် ဟသာကော မယ်တော်... ကြီးပါ ဖြည်းဖြည်းချင်း ကြွ၍ တဖြည်း... ဖြည်းမြင့်တက်သွား၏။ ဟသာက... အတောင်ပံခတ်၍ ပျံတက်သွားခြင်းမျိုး... မဟုတ်ပေ။ မီးပုံပျံများ လွှတ်တင်... သည့်အခါ မှိုင်းပြည့်၍ တဖြည်းဖြည်း... မြင့်တက်သွားသကဲ့သို့ ဖြစ်လေသည်။

ဤကဲ့သို့ သူရဿတီမယ်တော်ကြီး... ကို စတင် မြင်တွေ့မိသည့် အချိန်မှစ၍... ပြန်ကြွသွားသည့်အချိန်အထိ အချိန်... ကြာရှိမှု အနေအထားကို ခန့်မှန်းကြည့်... လျှင် တစ်တိုင်နှစ်တိုင်စာ အကွာအဝေး... ကို လေးဘီးကားသွားနှုန်းဖြင့် ချင့်တွက်၍ ညီမျှမည့် အချိန်ကာလ အတိုင်းအတာဖြစ်သည်။(အများဆုံး တစ်မိနစ်သာသာ အချိန်မျှဖြစ်သည်။)

မှတ်ချက်

ယခု တင်ပြပါ အကြောင်းအရာသည်... မည်သည့် ပုံပြင်၊ ဝတ္ထု၊ ကျမ်း၊ နိပါတ်... ဇာတ်တော်တို့မှ ကိုးကားတင်ပြနေခြင်း... မဟုတ်ပါ။

လက်ရှိ အသက်ရှင်လျက်ရှိသူ ကျွန်တော်... စာရေးသူကိုယ်တိုင် ကျွန်တော်၏ ပကတိ... မျက်လုံးဖြင့် သူရဿတီမယ်တော်အား မြင်ဖူး... ခဲ့သည့် အတွေ့အကြုံကို အမှန်အတိုင်း... ရေးသားတင်ပြခြင်း ဖြစ်ပေသည်။

*(စာရေးသူ)*

ထိုဖြစ်ရပ်ကို ပြန်လည် စဉ်းစား... ကြည့်သည့်အခါ ကျွန်တော့်ကိုယ် ကျွန်တော်ပင် မယုံနိုင်လောက်အောင်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရ၏။ ရင်ထဲတွင် တလှပ်လှပ် တုန်လှုပ်မိသည်အထိ ခံစားခဲ့သည်။

ထိုဖြစ်ရပ်မျိုး ကြုံဆုံလာလိမ့်မည်ဟု အိပ်မက်ထဲ၌ပင် မစဉ်းစားမိပါ။ဤကဲ့သို့ သူတော်ကောင်း နတ်မင်းကြီးများကို မြင်နိုင်ရန် တွေ့နိုင်ရန် ကြုံကြိုက်နိုင်ရန် ဆိုသည်မှာ အလွန်ပင် ခက်ခဲသော ကိစ္စမျိုး ဖြစ်ပေသည်။

လွန်စွာ တရားပြည့်ဝသော သီလ သိက္ခာတော် လုံခြုံသော ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များ တွေ့ဖူးမြင်ဖူး ဖြစ်ခဲ့ကြသည်ဟု ကြားဖူးခဲ့ပါသည်။ သို့မဟုတ် ရှာန်ပုံရသေ့ကြီးများ မြင်ဖူး တွေ့ဖူးရှိခဲ့ကြသည်ဟု သိဖူးကြားဖူးခဲ့သည်။

ကျွန်တော်သည် မိမိကိုယ်မိမိ ဆန်းစစ် ၏။

**"ဒီ ဘာအကြောင်း သူရဿတီမယ်တော်နတ်သမီးကို အိပ်မက်ထဲမှာ မဟုတ်ဘဲ စိတ်အာရုံထဲမှာလဲ မဟုတ်ဘဲ လူသား၊မျက်လုံးနဲ့ တိုက်ရိုက်မြင်တွေ့ရပါသလဲ"**

ဟူ၍ ဖြစ်၏ ကျွန်တော် လုပ်ဆောင်ခဲ့ဖူးသော လုပ်ရပ်များကို တစ်ခုချင်း စစ်ဆေးကာ အဖြေရှာမိသည်။ ကျွန်တော် စဉ်းစားရသမျှကား...

ယခုကဲ့သို့ အဓိဋ္ဌာန် ဝင်ဆောင်သည့်ရက်များတွင် ကသိုဏ်းကျင့်စဉ် တစ်မျိုး ထိုင်လေ့ရှိ၏။ နေကသိုဏ်း၊ လကသိုဏ်း၊ ရေကသိုဏ်း၊ မီးကသိုဏ်း စသည်ဖြင့် ကသိုဏ်းအမျိုးမျိုး ရှိသည့်အနက် ကျွန်တော်က မီးကသိုဏ်း ထိုင်သည်။ "တေဇောကသိုဏ်း"ဟု ခေါ်၏။

ကသိုဏ်းထိုင်သည့်အခါ ကံသုံးပါးမှ တစ်ပါးပါးကို အာရုံပြု၍ ကျင့်စဉ်ယူရသည်။**(ကျွန်တော် လုပ်ဆောင်ခဲ့ဖူးသော ကသိုဏ်းကျင့်စဉ်ကို လေ့လာလိုသူ၊ သိမှတ်လိုသူများ ချင့်ချိန်သုံးသပ်နိုင်ရန် အပြည့်အစုံ ရေးသား တင်ပြပါ၏။)**

ကံသုံးပါးဆိုသည်မှာ...

၁။ **ပထမကံ**–ကံတေဇော(ကံကောင်းစေလိုသောအခါ လုပ်ဆောင်ရန်)


၂။ **ဒုတိယကံ**–ဉာဏ်တေဇော(ထူးကဲထက်မြက်သော ဝိဇ္ဇာဉာဏ် ရလိုသောအခါ လုပ်ဆောင်ရန်)

၃။ **တတိယကံ**–ဈာန်တေဇော(ဈာန်တန်ခိုးရလိုသောအခါ လုပ်ဆောင်ရန်)

ဟူ၍ ဖြစ်သည်။

ကျွန်တော်ကမူ ဝိဇ္ဇာဉာဏ်ရလိုသည့်အတွက် ကသိုဏ်းကျင့်စဉ် အဓိဋ္ဌာန် ဆောင်ရွက်သည့်အခါ **"ဉာဏ်တေဇော"**ဟူ၍ စိတ်ထဲမှ ရွတ်ဆိုပြီး အမြဲဝင်ခဲ့ဖူးသည်။ ကျွန်တော် တေဇောကသိုဏ်းကျင့်စဉ် ပြုပုံမှာ...

* * *




ပုံ-၁ တေဇောကသိုဏ်း
ကျင့်ဆောင်ရန် မီးပုံးပုံ

ပုံ(၁)တွင် ပြထားသည့်အတိုင်း ဂါလံပုံးအရွယ် သံပုံး သို့မဟုတ် သစ်သားပုံး တစ်ခုကို အပေါ်ဘက်အဝကို လုပ်ထားပြီး ဘေးမျက်နှာစာလေးဖက်ရှိ အနက် တစ်ဖက်မျက်နှာစာ၌ အချင်းသုံးလက်မရှိသော အပေါက်တစ်ပေါက်ကို ဝိုင်း၍ ဖောက်ထားသည်။

ဖယောင်းတိုင်ကို ဆီးခွက်တွင် မြဲအောင်စိုက်၍ ပုံးဖင်မှာ ကပ်လျက် ထွန်း၏။ သုံးလက်မ အဝိုင်းပေါက်ကို မိမိဘက်မှာ လှည့်ထားပြီး ယင်းအဝိုင်းပေါက်မှာ မြင်နေရသော ဆီမီးရောင်ကို ဆီးမပြိုးမခြင်း မျက်တောင်မခတ်ဘဲ ကြည့်၍ ကသိုဏ်းထိုင်သည်။

ထိုသို့ ကသိုဏ်းထိုင်မှု ကျင့်စဉ်ပြုသည့်အခါ **"ဉာဏ်တေဇော"**ဟု စိတ်ထဲမှ ရွတ်ဆိုလျက် မလှုပ်မယှက် ဆောင်ရွက်သည်။ အကယ်၍ မျက်တောင်ခတ်မိလျှင်၊ မျက်လုံး မှိတ်မိလျှင် ဝီရိယကံ ပျက်သည်ဟု ခေါ်၏။

အပြည့်အဝ မအောင်မြင်ချေ။ ပထမ စကျင့်စဉ် အကြိမ်များ၌မူ ဝီရိယကံပျက်ခဲ့သော်လည်း နောင်အခါ ကျင့်သားရလာသည်မို့ မျက်တောင်ခတ်ခြင်း၊ မျက်လုံးမှိတ်ခြင်းတို့ မဖြစ်တော့ပေ။ **မီးရောင်နှင့် မိမိမျက်လုံး အကွာအဝေးမှာ (၈)ပေခန့် ရှိရမည်။**

ကျွန်တော့်အနေဖြင့် တေဇောကသိုဏ်း ကျင့်စဉ်ယူသည့်အခါ ဖယောင်းတိုင်ကို တစ်တိုင်ပြည့်အောင် မထိုင်ခဲ့ဘူးပါ။ ဖယောင်းတိုင်အရှည် တစ်တိုင်သည် တစ်နာရီအထိ အချိန်ကြာသည်ဖြစ်၍ တစ်နာရီလုံးလုံး မထမ်းဆောင်နိုင်လျှင် ဝီရိယကံပျက်မည်ကို စိုးရိမ်မိ၏။

သို့ဖြစ်၍ မိမိနိုင်နင်းသည့် အနေအထားအဖြစ် ဖယောင်းတိုင် လက်တစ်ဆစ်စာ အရှည်ကိုသာ အဓိဋ္ဌာန်ပြု၍ တေဇောကသိုဏ်းကျင့်စဉ်ပြု၏။

တေဇောကသိုဏ်းကျင့်စဉ် ဝင်ချိန်မှာ ဖယောင်းတိုင်ရှည်သည် တိုသည်ဖြစ်စေ၊ အချိန်နည်းသည် များသည်ဖြစ်စေ အဓိက မကျပါချေ။ နိုင်နိုင်နင်းနင်း ဖြစ်ရန်သာ လိုအပ်၏။

www.burmeseclassic.com

တစ်ခု ရှိပေသည်။ အဓိဋ္ဌာန်ပြုထားသည့်ရက် သတ်မှတ်ချက် ပြည့်ဝဖို့မှု အထူးဂရုထားအပ်သည်။ **ဥပမာ...** (၉)ရက် ဓိဋ္ဌာန်ထားလျှင် (၉)ရက်၊ (၁၈)ရက် ဓိဋ္ဌာန်ထားလျှင် (၁၈)ရက် စသဖြင့် အဓိဋ္ဌာန်ပြုထားသည့်ရက် ပြည့်ဝရမည်မှာ အဓိက ဖြစ်သည်။

ကျွန်တော်သည် ယနေ့အထိ ဖယောင်းတိုင် လက်တစ်ဆစ်ကိုသာ ပုံမှန် အဓိဋ္ဌာန်ပြုလျက်ရှိ၏။ ပို၍ လုပ်ဆောင်နိုင်ပါမူ ပို၍ အကျိုးရှိမှာ ဖြစ်ပေသည်။

**'အဟံ ဘန္တေ ကာသိက ကမ္မဋ္ဌာနံ [illegible] ယာစာမိ အနု ကမ္ပံ'**

ကသိုဏ်းကျင့်စဉ်ပြုလျှင် ကျွန်တော်သည် အထက်ပါဂါထာကို (၃)ကြိမ် ရွတ်ဆို၍ ဘုရားရှင်အား ပူဇော်၏။ ထို့ပြင်...

'အရှင်ဘုရား၊ တပည့်တော်သည် ယခု အချိန်မှစ၍ မီးကသိုဏ်းကျင့်စဉ်ကို ဤ လက်တစ်ဆစ်စာ ဖယောင်းတိုင်မီး မီးငြိမ်း မချင်း လုံ့လပြု၍ ကျင့်ဆောင်ပါမည်ဘုရား'

ဟု တိုင်တည် အဓိဋ္ဌာန်ပြုကာ ဆောင်ရွက်သည်။

ဤကဲ့သို့ "**တေဇောကသိုဏ်း**" ကျင့်စဉ်ကို "**ဉာဏ်တေဇော**"ဟု ရွတ် ဆိုလျက် အကြိမ်ပေါင်းများစွာ ကျင့် ဆောင်ခဲ့သဖြင့် ထိုကုသိုလ်ကံအဟုန် ကြောင့် ယခုကဲ့သို့ သူရဿတီမယ် တော် နတ်သမီးကို ပကတိ လူ့မျက်လုံး ဖြင့် မြင်တွေ့ရခြင်းဖြစ်သည်ဟု အထောက်အထား၊ အချက်တစ်ချက် ပမာ ဆိုနိုင်ပေသည်။


နောက်တစ်ချက်မှာ ယင်းကဲ့သို့ ကသိုဏ်းကျင့်စဉ်များ ဆောင်ရွက်ခဲ့စဉ် ကာလများအတွင်း တစ်နေ့မှာ အိပ် မက်ထဲ၌ အဘိုးဘိုးအောင် ကြွလာ



သည်ဟု အိပ်မက် မက်၏။ အဘ ဘိုးဘိုးအောင်က...

'ရော့... ဒီအင်းကို (၁၀၈)ရက် သောက်'

* * *



ပုံ- ၂ လက်ဖဝါးတွင် ရေးပေးသော အင်းပုံစံ

ဟုဆိုကာ ပုံ(၂)တွင် ပြထားသော အင်းပုံစံကို ကျွန်တော်၏ ယာဘက် လက်ဖဝါးမှာ ရေးပေးသွားသည်။ ယင်းအင်းကို ဖြေ၍ စမအက္ခရာစဉ် လိုက်သည့်အခါ အောက်ပါအတိုင်း စမလေးလုံးရ၏။

* * *

| | | | |
|---|---|---|---|
| နှ | မ | ဗ | ဓ |

ဟူ၍ ဖြစ်သည်။

ထိုစမလေးလုံးကို (၁၆)ကွက်ရှိ သော အင်းကွက်တွင် ဝါကြိတ်လိမ် နည်းဖြင့် အင်းဆန်သွင်းလိုက်လျှင် (၁၆)ကွက်ရှိသော အင်းကွက် ဖြစ်[လာ] လာ၏။

* * *

| | | | |
|---|---|---|---|
| နှ | မ | ဗ | ဓ |
| ဓ | ဗ | မ | နှ |
| မ | နှ | ဓ | ဗ |
| ဗ | ဓ | နှ | မ |

ပုံ-၃

ထိုအင်းကို (၁၀၈)အင်းပြည့်အောင် နံ့သာ( ၇ )ပါးဖြင့် သောက်ခဲ့ဖူးသည် ထိုဝိဇ္ဇာဓရနည်းပညာအရ ပုံပိုးထောက် ကူမှုကြောင့်လည်း သူရဿတီမယ် တော်နတ်သမီးကို ကျွန်တော် ပကတိ လူ့သားမျက်လုံးဖြင့် မြင်တွေ့ ရခြင်း ဖြစ်နိုင်သည်ဟု အထောက် အထား ရှာဖွေတွေ့ရှိကြောင်း တင်ပြ အပ်ပေသည်။

(ကျွန်တော် တင်ပြအပ်သော အထောက် အထား နှစ်ချက်ကို လည်းကောင်း သူရဿတီမယ်တော် နတ်သမီးကို လူသား တစ်ဦး၏ ပကတိမျက်လုံးဖြင့် အမြင်အထား တွေ့ရသည်ကို လည်းကောင်း စဉ်းစားချင့်ချိန် ၍ သူရဿတီမယ်တော်နှင့် ပတ်သက်သော အမြင်တစ်ခုကို ဖော်ထုတ်ရယူနိုင်ပါစေ ဆန္ဒပြုပါ၏)

ဤသို့ဖြင့် ကျွန်တော် စီးလာသော ကားကလေးသည် ကျွန်တော်၏အိမ် ရှေ့သို့ ရောက်ရှိခဲ့သည်။

ကားနောက်ခန်းတွင် တင်လာသော ပစ္စည်းများကို သယ်ချပြီး ကားငှား ကျသင့်ငွေ (၁၅၀)ကျပ်ကို ကားဆရာ အား လှမ်းပေး၏။ ကားဆရာက ငွေ(၁၅၀)ကျပ်ကို လက်လှမ်းယူစဉ်

စာမျက်နှာ (၂၁၄) သို့



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေသားသမီးများအတွက်

**တနင်္ဂနွေ သားသမီးများအတွက်** အောင်မြင်မှုတွေရစေဖို့ ကျော်ကြားစေဖို့ ကံကောင်းစေဖို့ရာ လွယ်ကောင်း ယတြာများ ဖြစ်ပါတယ်။

တနင်္ဂနွေသားသမီးသည် ဤယတြာကို မွေးနေ့တိုင်း အားထုတ်ရပါမယ်။ တနင်္ဂနွေ သားသမီးမှန်လျှင် ရေအိုး(အတာရေအိုးငယ် အသစ်)(၁)လုံးတွင် ရေကြည်ကြည်သန့်သန့် ထည့်ပြီးလျှင် တံခွန်(၁)ချောင်းနဲ့အတူ ဗုဒ္ဓ စေတီပုထိုးဘုရားပွဲတော်တွင် သက်တော် ထင်ရှားမြတ်စွာဘုရားကို အထူးအာရုံထားပြီး လှူရပါမယ်။

မဟာဘုတ်ချိန်ခွင်အရကတော့...

**ပုတီး၊ ဘင်၊ မရထာ၊ ရာဇ၊ အထွန်း။ သိုက်၊ အဓိပတိဖွားများသည်** လှူဖွယ် ဝတ္ထုများသာလျှင် ကွာခြားချက် ရှိပါ တယ်။

ထို့ပြင်...

ရွတ်ဆိုရမယ့်ဂါထာနဲ့ စိပ်ရမယ့် ပုတီးစိပ်၊ စိပ်ရမယ့်ပုတီးတို့သည်လဲ မကွာခြားဘဲ တနင်္ဂနွေသားသမီး မည် သည့်ဖွားဖြစ်စေ အတူတူဖြစ်ပါတယ်။

ရွတ်ရမယ့်ဂါထာကတော့ ဧနဝင်း ဂါထာ၊ စိပ်ရမယ့်ပုတီးစိပ်ကတော့ **"အဓိပတိပစ္စယော"**၊ စိပ်ရမယ့်ပုတီး ကတော့ **"အုန်းသား"** ပုတီး။ ပုတီး ပတ်ကတော့ (၃)ပတ်ဖြစ်ပါတယ်။

ပုတီးမစိပ်မီ ဧနဝင်းဂါထာဖြင့် ဘုရားရှင်အား ရှိခိုးပါ။ ပြီးရင် "အဓိ ပတိပစ္စယော" ပုတီးတစ်လုံးချသော အားဖြင့် (၃)ပတ်စိပ်ရမယ်။ ပြီးရင် လိုရာဆုတစ်ခုကို တောင်းပါ။

မဟာဘုတ်ဖွားအလိုက် ထပ်မံ၍ လှူရမယ့်ပစ္စည်းများကို သီးခြားဇယား ဖြင့် ဖော်ပြထားပါတယ်။




◆ ရွှေစကြာတာရာဦးယောဘာန် ရုပ်ပွားတော် (ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် မယ်လမုအစ်တော်တွင် တည်ရှိပါသည်)

# မဟာဘုတ်ချိန်ခွင်

## နှင့် လွယ်ကောင်းယတြာ

### ဧနဝင်းဂါထာတော်

ဧကစိတ္တံ ဒိဝိဒ္ဒေတွာ၊ ဧကာဓမ္မံ သုနိသတိ။
ဧသတော ဧသမော လောကေ၊ ဧကရာဇ တိပိဋကဋ္ဌော။
ဧသတိ သမ္မာသမ္ဗုဒ္ဓေါ ဧသတိပုတ္တမံ။
ဧသတိ မဂ္ဂမုဂ္ဂယ၊ ဧသတိ ပန တေနမော။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဧကစိတ္တံ** | =အေကစိတ်တံ |
| **ဒိဝိဒ္ဒေတွာ** | =ဒိဝိန်တစ်တာဝါ |
| **ဧကဓမ္မံ** | =အေကဓမ်မံ |
| **သုနိသတိ** | =သုနိတ်သတိ |
| **ပါကဋ္ဌော** | =ပါကတော |
| **သမ္မာသမ္ဗုဒ္ဓေါ** | =သမ်မာသမ်ဗုတ်ဓာ |
| **မုတ္တမံ** | =မုတ်တမံ |
| **မဂ္ဂမုဂ္ဂယ** | =မက်ဂမုတ်ဂယ်ရ |

အနက်အဓိပ္ပာယ်

**ဧသတော၊** နိဗ္ဗာန်ရောက်တတ် ကောင်းမြတ်လှစွာ ကောင်းခြင်းရာကို မပြတ်ရှာမှီးတတ်သူများအား။

**ဧသမော၊** နေ့မလပ် ညဥ့်မခြား မပြတ်ရှာမှီးအပ်သော သဘောရှိထ သော၊

**လောကေ၊** လောကသုံးရပ် ဘုံသုံး ထပ်၌၊

**ဧကရာဇတိ၊** ပြိုင်ဘက်မပြု တစ်ဆူတည်းသော တရားမင်းဟူ၍၊

**ပါကဋ္ဌော၊** အောက်ထပ်နှံ့သိ ကျော် စောခြင်း ရှိတော်မူထသော၊

**ယော၊** အကြင် သုံးလူ့ထွတ်ထား မြတ်ဘုရားသည်၊

**ဧကစိတ္တံ၊** နိဗ္ဗာန်ရောက်ကြောင်း ပျော့ပျောင်းဖြူစင် လွန်ကြည်လင် သော စိတ်သဘောတစ်ခုကို၊

**ဒိဝိဒ္ဒေတွာ၊** အထူးသဖြင့် သိတော် မူ၍။

**ဧကဓမ္မံ ဧကဝေ၊** ပုရေဇာ ဂါသသပ

www.burmeseclassic.com

စသည့် သောင်းသောင်းတိတ္တိပေါင်းကို ကြိုကောင်းကြိုရာ ပေဟာမှာသည်နှင့် မတူကွဲပြား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတစ်ခုကိုသာလျှင်၊

**သုနိဿတိ၊** ကောင်းမွန်လှစွာ အောင်နိုင်တော်မူပါပေ၏။

**တံ သမ္မာသမ္ဗုဒ္ဓံ၊** ထိုမြတ်စွာဘုရား ရှင်သည်၊

**ယော၊** အကြင်ပုဂ္ဂိုလ်သည်၊

**သောတိ၊** ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။

**တသာ၊** ထိုမြတ်စွာဘုရားရှင်သည်၊

**ဓမ္မံ၊** တရားတော်မြတ်ကို လည်း ကောင်း။

**သောတိ၊** မပြတ်ရှာမှီးလေ့ရှိပေ သည်။

**တသာ၊** ထိုမြတ်စွာဘုရားရှင်သည်၊

**ဥတ္တမံ၊** ရင်နှစ်သည်းချာ အရိယာ ရှစ်ဖော် မြတ်သံဃာတော်ကို၊

**သောတိ၊** ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ ရှိပါပေ သည်။

**ဥဂ္ဂယှ၊** ငြိုငြင်စရာ မဖွယ်လာ အောင် ကြံဆောင်ဖြောက်ချီး မိမိစိတ် ကိုထားပြီး၍၊

**တသာ၊** ထိုမြတ်စွာဘုရားရှင်သည်၊

**မဂ္ဂံ၊** နိဗ္ဗာန်ရောက်ကြောင်း လမ်း ကောင်းလမ်းမှန်ကို၊

**သောတိ၊** ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ ရှိပါ သည်။

**တာဒိသံ၊** ထိုသို့သဘောရှိသော [illegible]

**သောတိ၊** ဤသို့များစွာ မ[illegible] အသင်္ခတဓာတ် ရောက်လိုလတ်သ[illegible] မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိသေ[illegible] ပုဂ္ဂိုလ်၌၊

**တေ၊** ခန္ဓာငါးဝ ပေါင်းထသမု[illegible] သင့်ကိုယ်ရုပ်၏၊

**နမော၊** ခြေရင်းဝပ်တွား ထိပ်[illegible] ဖြင့် လက်စုံမိုး၍ ရှိခိုးခြင်းသည်၊

**ဟောတု၊** ဖြစ်ပါစေသတည်း။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

**တနင်္ဂနွေသားသမီးများ မဟာဘုတ်ဖွားအလိုက် လှူရမည့် ဝတ္ထုပစ္စည်းပြဇယား**

| အထွန်း | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| အုန်းညွှန့် သီးညွှန့် | အုန်းညွှန့် ရွက်လှ | အုန်းညွှန့် ပျဉ်းမညွှန့် | အုန်းညွှန့် ပိတောက် | အုန်းညွှန့် | အုန်းညွှန့် ကံ့ကော်ညွှန့် | အုန်းညွှန့် သပြေညွှန့် |

**စာမျက်နှာ (၂၁၂)မှ အဆက်**

အချိန်မှာပဲ ကျွန်တော်က ပြောပြလိုက်သည်။

'ကဲကားဆရာကြီး ခင်ဗျား မေးထားတဲ့မေးခွန်းကို ကျွန်တော် အဖြေပေးမယ်။ မှားရင်မှားတယ်လို့ အားမနာဘဲ ပြောပါ။ မှန်ရင်လဲ မှန်တဲ့အကြောင်း ပြောပါ'

ကားဆရာသည် ခေါင်းညိတ်ပြီး ကျွန်တော့်ထံမှ အဖြေကို စောင့်၏။

'[illegible]'

ဟု ပြောပြလိုက်သည်။

ကားဆရာက ပြုံး၍ ပြောကြားသည်မှာ

'ဟုတ်ပါတယ်ဆရာ [illegible] ကျွန်တော့်ကို စောင့်ရှောက် နေတယ်လို့ [illegible] အသိပေးခဲ့ပါတယ်။ အရက် မသောက်နဲ့ [illegible] ကျွန်တော် [illegible] အရက်မသောက်ခဲ့တာ (၁၇)နှစ်ရှိပြီ။ အသားရှောင်ခဲ့တာလဲ (၁၇)နှစ်ပါပြီ။ အဲဒီကတည်းက သာသ[illegible] ပွဲတစ်ပွဲ အမြဲလှူခဲ့ပါတယ်။ ပုတီးလဲ အမြဲစိပ်ပါတယ်။ ခုထိ[illegible] အကျိုးလဲပေးပါတယ်ဆရာ။

ဒီကားကို ပထမ [illegible] [illegible] ကျွန်တော့်ကိုယ်ပိုင်ကား ဖြစ်လာပါပြီ။ [illegible] တယ်'

ဟူ၍ ပြောကြား၏။

ဝိဇ္ဇာမရကျင့်စဉ်များကို စင်ကြယ်အောင် ကျင့်ဆော[illegible] နိုင်၍ ကောင်းမြတ်သော အကျိုးပေးမှု အောင်မြင်မှုမျက်လ[illegible] တို့သည် နဂါးဗိုလ်ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်[illegible] အပေါင်း ကာယစိတ္တသုခနှစ်ဖြာ ကိုယ်စီ ကိုယ်စီ ပြည့်[illegible] ချမ်းသာကြပါစေဟူ၍ ဆုမွန်ကောင်းပြုလျက်...

**ကလေးသ**



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အလန်း ကံကောင်းစေသော

# အပြင်မိတ်အင်း



နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ အင်းသင်ခန်းစာအကြောင်း ဖတ်ရှုရ၍ အင်မတန် ကျေးဇူးတင်ပါကြောင်း ပြောပါရစေ။ မသိသေးသော အကြောင်းများ ထပ်မံသိရ၍ တချို့ သိထားပြီးသားများလဲ ထပ်သိရပါတယ်။

ကျွန်တော် သိထားသော အင်းအကြောင်း လက်တွေ့အသုံးကို တင်ပြရေးပြောချင်ပါတယ်။

ကျွန်တော့်ရဲ့ အစ်ကိုတစ်ယောက်ဟာ ဝန်ထမ်းဖြစ်ပါတယ်။ ငွေစုငွေချေးကိစ္စများနဲ့ ပတ်သက်ပြီး ဖြေရှင်းစရာများ ကြုံခဲ့စဉ်က အစ်ကို့အား ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ဆရာတော်ကြီး ချီးမြှင့်ခဲ့သော အင်းအဆောင်ဖြစ်ပါတယ်။

ထိုအင်းကို ဆောင်ထားပါ။ ထိုကာလအတွင်း မေတ္တာများများပို့ပါ။ ဖြစ်နိုင်ရင် သက်သတ်လွတ်စားပါ။ အစစ အရာရာ အဆင်ပြေလိမ့်မယ်လို့ မိန့်ပြီး ပေးခဲ့ပါတယ်။

အင်းပြား ဖြစ်ပါတယ်။ ကြေးပြားပေါ် စီရင်ရေးဆွဲထားပါတယ်။ **ဥ-တွက်အင်း** ဖြစ်ပါတယ်။ **အပြင်မိတ်**ဖြစ်သော **အောင်၊ ကုသာ၊ ရွှေသာ၊ တော်ရင်း** စသော လက်ကို ဂဏန်းသင်္ချာ ဖလှယ်ပြီး ရေးဆွဲထားခြင်းဖြစ်ပါတယ်။

ကြည့်ရုံနဲ့ သိပါတယ်။ ဗေဒင်နဲ့မစိမ်းသူများ အလွယ်တကူ သိနိုင်ပါတယ်။ သို့သော် လွယ်ပေမယ့် အလွန်အစွမ်းထက်ပါတယ်။

ထိုအင်းကို ဆောင်ထားသည့်မှစ၍ ပြဿနာများ ပြေလည်ရုံမက အကူအညီပေးသူများ တွေ့ရတဲ့အပြင် ထိုအနီးအရာရှိကြီးကိုယ်တိုင် မေတ္တာသက်ဝင် ချစ်ခင်လာပါတယ်။

ဒီနေရာမှာ လျှို့ဝှက်ချက်တစ်ခုကတော့ ကိုယ့်ဘက်က တရားသဖြင့်နဲ့ မှန်ကန်မှု ရှိရခြင်းပါပဲ။ မတရားရင်တော့ အောင်မြင်မှာ မဟုတ်ပါဘူး။ ထိုကာလအတွင်း အခြားသော မိတ်ဆွေများထံမှလဲ အခွင့်အလန်းကောင်းများ ပေါ်ပေါက်ခံစားခဲ့ရတာ လက်တွေ့ ဖြစ်ပါတယ်။

ထိုအင်းကို ကိုယ်တိုင် စီရင်နိုင်ပါတယ်။ ရက်ကောင်း ဒသာ ရွေးချယ်ပြီး စီရင်လျှင် အလွန် ထိရောက်ပါတယ်။ အကယ်၍ ရက်ကောင်း မရွေးတတ်ပါက ပြက္ခဒိန် တွင် အမြိတ္တစုတ်ရက်တွင် လုပ်ပါ။

မနက်စောစော ဘုရားရှင်နဲ့ ဝိဇ္ဇာများ၊ အထူးသဖြင့် အင်းဝိဇ္ဇာများကို ပင့်ပါ။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ နံ့သာ ကပ်လှူပါ။ မိမိရဲ့ ပဋ္ဌာန်းဆက်များ၊ (၃၁)ဘုံသားများကို မေတ္တာပို့ပါ။ ပြီးမှ စက္ကူ၊ ကြေးပြား၊ သွပ်ပြားတွင် ရေးဆွဲပါ။ ပြီးသော် ဆောင်ထားပါ။

**အကြောင်းကိစ္စ တစ်ခုအတွက်သာ ရေးဆွဲပါ။ ထိုကိစ္စ ပြီးဆုံးပါက ထိုအင်းအစွမ်းလဲ ပြီးစီးပါပြီဟု မှတ်ယူပါ။**

လက်တွေ့တွေ့ထဲက လက်တွေ့တစ်ခုသာ ဖြစ်ပါကြောင်း ရိုးသားစွာ ရေးပြောပါရစေ။

| | | |
|---|---|---|
| ၁၅ | ဝ၈ | ၃၆ |
| ၂၄ | **မွေးနံ** | ၂၄ |
| ၃၆ | ဝ၈ | ၁၅ |

**မောင်ကြည်တွေး(မ/ဒုံ)**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




○ ဖြောင့်တန်းရှည်လျား သန့်ရှင်းတဲ့ နှလုံးလမ်းကြောင်းကို တွေ့ရတယ်။ (က)

ဒါကတော့ စိတ်ရင်းကောင်းခြင်း စေတနာကောင်းခြင်းရဲ့ သင်္ကေတပါပဲ။

○ ကွေးညွတ် ပျော့ပြောင်းတဲ့ လက်မကို တွေ့ရပါတယ်။ (ခ)

ဒါကတော့ သဘောကောင်းခြင်း အားတုံ့အားနာစိတ် ရှိခြင်းရဲ့သဘောကို ပြပါတယ်။

○ လက်သန်းသည် အတွင်းဘက်သို့ ယိုင်နေပါတယ်။ (ဂ)

ဒါကတော့ စိတ်ထဲရှိသမျှ ဖွင့်ဟ မပြောတတ်တဲ့စိတ် ပွင့်လင်းတဲ့စိတ် မရှိခြင်းကို ပြပါတယ်။

ကဲ ဒါဆိုရင်... သူ ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

အေးပါစေ၊ အောင်ပါစေ၊

ဦးအောင်ခင်(ဟသ္တ)

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရပ်ခြား

# တိုင်းတစ်ပါးရှင်

အောင်မြင်ကြေးချင်

ဘောက်နွံ့
(ကျိုက်လတ်)



'ဗျို့ ဆရာအောင်နန္ဒစံ ရှိပါသလား ခင်ဗျာ'

အိမ်ရှေ့မှ ခေါ်သံကြား၍ ရေးလက်စ ဟောစာတမ်းများကို ခေတ္တ ရပ်လိုက်ပြီး အိမ်ဝသို့ ထွက်ကြည့်လိုက်ရာ မိတ်ဆွေကြီး ဦးထွန်းဝေကို တွေ့လိုက်ရသဖြင့်...

'ဪ... ဦးထွန်းဝေပါလား လာဘက်'

ကျွန်ုပ်သည် ဦးထွန်းဝေကို ဧည့်ခန်းတွင် နေရာထိုင်ခင်းပေးလိုက်၏။ ကျွန်ုပ်သည် လူလတ်ပိုင်းအရွယ် ဖြစ်သော်လည်း ကျွန်ုပ် တွဲနေသော မိတ်ဆွေများထဲတွင် အသက်(ရ၀)ကျော် လူကြီးသုံးဦးသည်လည်း အပါအဝင်ဖြစ်ကာ သူတို့သည် ကျွန်ုပ်ကို အလွန်ခင်မင်ကြသော ဓမ္မမိတ်ဆွေများဖြစ်ကြ၏။

ထိုလူကြီးသုံးဦးလုံးသည် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ဝေနေယျများဖြစ်ကြပြီး ဦးထွန်းဝေ အပါအဝင် နှစ်ဦးမှာ ဆရာတော်ကြီး၏ တပည့်ရင်းကြီးများ ဖြစ်ကြ၏။

ဆရာတော်ကြီး မရှိတော့သော်လည်း ရွှေပေါ်ကျွန်းသာသနာကို အမွန်ချည်တည်တံ့ခိုင်မြဲအောင် တစ်ဖက်တစ်လမ်း တစ်ထောင့်တစ်နေရာမှ သာသနာပြုနေကြသူများ ဖြစ်ကြ၏။

ဦးထွန်းဝေသည် ဆက်တီခုံတစ်ခုံတွင် ဝင်ထိုင်လိုက်ရာ ကျွန်ုပ်လည်း သူ၏ ကပ်လျက်ခုံတွင်ပင် ဝင်ထိုင်လိုက်၏။

'ဦးထွန်းဝေ ဘယ်က လှည့်လာတာတုံး'

'ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး။ မင်းဆီကို သတ်သတ်လာတာ ကိစ္စရှိလို့'

'ဘာကိစ္စတုန်း ဦးထွန်းဝေရဲ့ ဆိုပါဦး'

'မင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးထားတဲ့ **"မွေးရပ်မြေသို့ ပြန်ရောက်ဖို့"** ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်ရတယ်။ စံတင်ကြီးအကြောင်း ရေးထားတာလေ၊ အဲဒီဆောင်းပါးက ရပ်ဝေးဒေသတို့ နိုင်ငံရပ်ခြားတို့ကနေ ကိုယ့်မွေးရပ်မြေကို ပြန်ရောက်လာဖို့ကို ရေးထားတာ၊ ငါက အဲဒါရဲ့ ဆန့်ကျင်ဘက်ကို သိချင်တာ'

'ဘယ်လို ဆန့်ကျင်ဘက်လဲ ဦးထွန်းဝေရဲ့'

'ဘယ်လို ဆန့်ကျင်ဘက်လဲဆိုတော့ ငါ့မြေးက အခု စင်ကာပူမှာလေ ငါတို့ထားရတာ။ သူက ဝင်ငွေ တော်တော်ကောင်းတယ်ကွ၊ လတိုင်းလတိုင်း ငါတို့ကို ငွေလှမ်းလှမ်းပို့တယ်၊ ကျိုက်လတ်မှာ ပုဂ္ဂလိကတက် မရှိတော့ ဖျာပုံကို လှမ်းလှမ်းပို့တယ်၊ ငါက ဖျာပုံကို သွားသွားထုတ်ရတာပေါ့။

ငါ ဆိုလိုတာက သူ ဟိုမှာ ကြာကြာနေရလေ ငါတို့ ဒီက မိသားစုတွေ အဆင်ပြေလေ ပဲမဟုတ်လား။ ဒါကြောင့် သူ့ကို ဟိုမှာ ကြာကြာနေစေချင်တယ်၊ သူက ဟိုမှာ မပျော်ဘူး ပြန်လာချင်တယ်၊ ပြန်လာချင်တယ် ဖြစ်နေတာ။

အဲဒီတော့ သူ ဟိုမှာ နှစ်ကြာကြာ နေရဖို့ရယ်၊ ဟိုမှာ နေနေရတဲ့ ကာလတစ်လျှောက်လုံး ဘေးအန္တရာယ်ကင်းရှင်းဖို့ရယ်၊ အဓိကကတော့ကွာ ဟိုမှာ အဆင်ပြေပြေနဲ့ ကံကောင်းနေဖို့ရယ် အဲဒီအတွက်ကို ရွတ်ဖတ်ရမယ့် ဂါထာမန္တန် ကောင်းကောင်းလေး မင်းဆီမှာ ရှိလောက်တယ်၊ မင်း သိလောက်တယ်ထင်လို့ မင်းဆီကို ငါ လာမေးတာ'

'ဪ ဒါလား ရှိတာပေါ့ ဦးထွန်းဝေရေ ရှိတာပေါ့။ နိုင်ငံခြားမှာ ရောက်နေကြတဲ့ ကျွန်တော့်ရဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေ၊ ကျွန်တော့်ရဲ့ ဗေဒင်ပရိသတ်တွေ ကျွန်တော်ပေးထားတဲ့ ဂါထာနဲ့ အဆင်ကိုပြေလို့ ဘာဆိုဘာမှ မဖြစ်ကြဘူး။ လုပ်ငန်းတွေမှာ အဆင့်တွေမြင့် ရာထူးတွေတိုးနဲ့ ကောင်းသတင်းတွေပဲ လှိုင်လှိုင်ကြားနေရတယ်။ ကျွန်တော်လဲ ဒီကနေ ဝမ်းသာနေရတာပေါ့။ ပီတိဖြစ်ရတာပေါ့။ ဒါက ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ ဂါထာတော်ရဲ့ တန်ခိုးကြောင့်ပါ'

'အေး အေး လုပ်ပါကွာ၊ အဲဒီဂါထာလေး ငါ့ကို ပေးပါ။ ငါကလဲ ဒီကနေ သူ့ကို ရွတ်ဖတ်ပေးမယ်။ သူ့ကိုလဲ ဖုန်းဆက်ပြီး ဟိုမှာ ရွတ်ခိုင်းမယ်။ ဒါမှ သူ့အတွက် စိတ်အေးလက်အေး နေနိုင်မှာ။ ဒီပြင်ဆို သူ့အတွက် မကြာခဏ ပူပူနေရတာ။ တစ်ရက်ကစ္စာ

မျက်ကွယ်ရာမှာမို့ပါ။ သူ့အင်္ကျီလေးကို ပေါင်ပေါ်တင်ပြီး ဒီကနေ ရွတ်ပေးမယ် ကွာ၊ ရတယ်မဟုတ်လား’

‘ရပါတယ် ဦးထွန်းဝေရဲ့၊ ပေါင်ပေါ် ပဲရွတ်ရွတ်၊ လက်ပေါ်ပဲတင်ရွတ်ရွတ်၊ ပခုံးပေါ်ပဲတင်ရွတ်ရွတ် ရပါတယ်’

‘အေး အေး အေးကွာ ငါ့ကို အဲဒီ ဂါထာလေးပေးပါ။ ငါ ဘုတ်အုပ်ယူလာတယ်။ ငါ ကူးသွားပါ့မယ်’

‘မကူးရပါဘူး ဦးထွန်းဝေရယ်၊ ကျွန်တော့်မှာ စာစီပြီးသား ရှိပါတယ်။ ကျွန်တော် ဓမ္မဒါန လုပ်နေတာပါ။ ကျွန်တော် ပေးပါ့မယ်’

ထို့နောက် ကျွန်ုပ်သည် ဗေဒင် ဟောပြောရာ ခုံဆီသို့ လျှောက်လာပြီး ဂါထာစာရွက်ကို ယူကာ ဦးထွန်းဝေ အား ပေးလိုက်၏။ ဦးထွန်းဝေက စာရွက်ကိုဖြန့်ကာ ဂါထာကို အသံထွက် ရွတ်ကြည့်နေ၏။ ပြီးလျှင်...

‘ဗဟုသုတအနေနဲ့ ဒီဂါထာရဲ့ သမိုင်းကြောင်းလေးဘာလေး ပြောဦး လေ စာရေးဆရာလေးရဲ့’

‘ဪ ဟုတ်ကဲ့ ပြောပြပါ့မယ်။ ဒီလို...ဒီလို ဦးထွန်းဝေရဲ့...’

* * *

ဂါထာ

တဟီ တဟီ ပါရမိသဥ္စယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာနံ သုခ သမ္ဘဝံ ဘဝံ
နမာ နမာနံ ဇိနံ ပုဂ်ဝံ ဂဝံ

ခက်ခဲသော ပါဠိအသံထွက်

**တဟီ** = တဟိန်
**သဥ္စယံ** = သင်စယံ
**သဗ္ဗိ** = သပ်ဘိ
**သုခပ္ပဒံ** = သုခပ်ပဒံ
**သမ္ဘဝံ** = သမ်ဘဝံ
**ပုဂ်ဝံ** = ပုန်ဂဝံ



အနက်

**တဟီ တဟီ** – ထိုထိုဘဝ ကိုယ် တော်၏ ဖြစ်ဖြစ်သမျှ၌၊ **ပါရမိ သဥ္စယံ**–မနှိုင်းယှဉ်အပ် များမြတ်တုံ ရှောင်း ပါရမီကုသိုလ်အပေါင်းကို၊ **စယံ** – ဆည်းပူးတော်မူပြီးထသော၊ **သဗ္ဗိ**–ကုသိုလ်နှစ်ဆီ ပါရမီဘုန်းဟုန် စိမ့်ထုံပွားစီး သူမြတ်ကြီးတို့သည်၊ **ဂတံ**–သိမြင်တုံမြောက် ဖြောင့်တန်းစွာ ရောက်အပ်သော၊ **သုခပ္ပဒံ**–နိစ္စထာဝရ မုချစင်စစ် ချမ်းသာအေးမြကြောင်း ဖြစ်သော၊ **ပဒံ**–အမတဇေယျ ရန်မျိုး ကုန်သည့် ရွှေဘုံကြငှန်း နိဗ္ဗာန်နန်းသို့၊ **ဂတံ** – ရောက်တော်မူပြီးထသော၊ **နရာ နရာနံ**–လူ,နတ်,ဗြဟ္မာ သတ္တဝါ အများ သုံးဘုံသားတို့၏၊ **သုခသမ္ဘဝံ**– ချမ်းသာ အေးမြကြောင်း စီးပွားကောင်း ကို၊ **ဘဝံ**–ဖြစ်စေတော်မူတတ်ထ သော၊ **အနမာနံ**–မကိုင်းရှိုင်း မညွတ်ခ မရှိသေကြကုန်သော၊ **ဂဝံ**–မိုက်မဲ ချာချူ နွားနှင့်တူသော သူတို့ကို၊ **ဇိနပုဂ်ဝံ**– တုတ်, မား မပြု တရားချ၍ ဆုံးမကာ၊မြစ် အောင်မြင်နိုင်သော ယောကျ်ားမြတ် ဖြစ်တော်မူထသော၊ **တံမုဒ္ဒံ**–ထိုသို့သောဂုဏ် စိမ့်ထုံကျော် ဟည်း ထိုဘုရားကိုယ်တော်မြတ်ကြီး ကို၊ **နမာမိ**–ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဤဂါထာကို သာသနာတော်နှစ် ၉၃၀ ပြည့်နှစ်ခန့်၌ သာသနာတော် တွင် နေအသွင် လအလား ထင်ရှား တော်မူခဲ့သော အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် ကြီး စီရင်တော်မူခဲ့ပါသည်။

နမက္ကာရဘုရားရှိခိုးဂါထာဟု ခေါ် တွင်ပြီး သုဂတံ သုဂတံ သေဋ္ဌံ အစရှိ ဂါထာပေါင်း (၃၄)ပုဒ် ပါဝင်သည့် အနက်မှ အမှတ်စဉ်(၁၀)ဂါထာ ဖြစ်ပါ သည်။ ဤဂါထာတော်မြတ်ကို ဂါထာ ၏ အစတွင် ပါသော တဟီ တဟီကို စွဲ၍ တဟီ တဟီ ဂါထာဟု လူသိများ ကြပါသည်။

အရှင်မဟာဗုဒ္ဓဃောသ မထေရ် မြတ်ကြီးသည် ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ် (သီရိလင်္ကာ)သို့ ရွက်သင်္ဘောဖြင့် ကြွ ရောက်တော်မူပြီး သီဟိုဠ်ဘာသာ အက္ခရာဖြင့် တည်ရှိသည့် ပိဋကတ်သုံး ပုံကို မာဂဓဘာသာဖြင့် ပြန်ဆိုကူးယူ ဖို့ အားထုတ်ခဲ့ပါသည်။

သီဟိုဠ်(သီရိလင်္ကာ) မထေရ်တို့က **“ပိဋကတ်တိုက်ကြီးကို မိမိအစွမ်း ဖြင့်ဖွင့်၍ ကူးယူပေတော့”**ဟု ဆိုကြ သည်။ ထိုအခါ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးသည် သုဂတံ သုဂတံ သေဋ္ဌံ အစရှိဂါထာတို့ကို ဖွဲ့နွဲ့ရေးသား စီရင်ပြီးလျှင် ပိဋကတ်တိုက် တံခါး တွင် ထိုင်တော်မူလျက် ရွတ်ဆိုရှိခိုး သည်။

မြတ်စွာဘုရားရှင်၏ ပါရမီတော် ကို ချီးကျူးပူဇော်ထားသည့် **တ** **တဟီ အစရှိ အမှတ်စဉ်(၁၀)** **ကို ရွတ်ဆိုမိသည်နှင့် တပြိုင်နက်** **ပိဋကတ်တော်တိုက် တံခါးလည်း** **အလိုအလျောက် ပွင့်စွာသော အ**





မျက်နှာ (၂၂၃) သို့

www.burmeseclassic.com



လွမ်းရပါသော်ကော

# နှလုံးသားထဲက နန်းယီဆိုင်ကော် (၂)

မြဟသာစင်ဦး

**ယခင်လမှ အဆက်**

ကြာမျိုးငါးပါးဖြင့် ပြည့်စုံလျက် ကြီးကြာစက္ကဝက်တို့ ပျော်မြူးကျက်စား နေကျ အလွန်သာယာလှပသော နောင်လုံအင်းကြီးနံဘေးက ရွာလေး တစ်ရွာမှာ နန်းယီဆိုင်ကော်ကို မွေးဖွား ခဲ့ပါသည်။

ရုပ်ရည်ရူပကာ ကြန်အင်လက္ခဏာ နှင့် ပြည့်စုံလျက် ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သော် ငြား နန်းယီဆိုင်ကော်၏ ဘဝက မလှ ပရှာ။

နန်းယီဆိုင်ကော်၏ ဖခင်သည် နောင်လုံအင်းကြီး တစ်ခုလုံးကို ပိုင်သော အင်းသူကြီး ကြေးရတတ် လူချမ်းသာတစ်ယောက် ဖြစ်၏။

ထို့ကြောင့် အစစအရာရာ လိုလေ သေးမရှိ ပြည့်စုံကြသူတို့ ထုံးစံအတိုင်း သူဌေးကြီးတွင် နန်းယီဆိုင်ကော်၏

www.burmeseclassic.com



မိခင်အပြင် နောက်ထပ် ဖနီးတစ်ဦး ရှိ၏။

ထိုဖနီးတွင်လည်း နန်းယီဆိုင်ကော် နှင့် ရုပ်ရည်ချင်း ဆင်တူသော သမီး ငယ်တစ်ဦး နန်းယီ ဆိုင်နှင့် မရှေးမနှောင်းပင် မွေးဖွားလာ၏။

နန်းယီဆိုင်ကော်၏ မိခင်မှာ တရား ပြည့်ဝသော နှလုံးသား ပိုင်ရှင်ဖြစ်၏။ လောကဓံနှင့် ကြုံတွေ့ လေတိုင်း အကောင်းဘက်မှ ရှုမြင်၍ သည်းခံ ခွင့်လွှတ်တတ်၏။ စိတ်ထား နူးညံ့ သိမ်မွေ့၏။

သမီးဖြစ်သူ နန်းယီဆိုင်ကော်ကို လည်း မိမိနည်းတူ မှန်မြတ်ဖြူစင်သော စိတ်ဓာတ်ပိုင်ရှင် တစ်ယောက်ဖြစ် အောင် မွေးမြူလေ့ကျင့်ပေးနိုင်သော မိခင်ကောင်းတစ်ယောက် ဖြစ်၏။

သူဌေးကြီး၏ ဒုတိယဖနီးကား ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံလှသော်လည်း နန်းယီဆိုင်ကော်၏ မိခင်နှင့် အကျင့် စရိုက်ချင်းကမတူ ခြားနားလှ၏။ စိတ် ဓာတ် ကောက်ကျစ်စဉ်းလဲသလို လောဘလည်းကြီး၏။ သူဌေးကြီး၏ ကြင်နာမြတ်နိုးမှုကို သူတစ်ဦးတည်း သာ ရရှိခံစားလိုသူ ဖြစ်၏။

ထို့ကြောင့် နန်းယီဆိုင်ကော်၏ မိခင်ကို သူဌေးကြီးက အထင်လွဲ အချစ်ပျေ့လာစေရန် ရည်ရွယ်ချက်ဖြင့် အခွင့်အရေးရတိုင်း အမျိုးမျိုး မဟုတ် မမှန် လုပ်ကြံပြောဆို၍ ကုန်းတိုက် တတ်၏။

ထို့ကြောင့် ကာလကြာသော် မိမိ ငယ်ပေါင်းဖနီးပင် ဖြစ်လင့်ကစား ဒုတိယဖနီး၏ အယုအယနှင့် မာယာ ပိုက်ကွန်ကြားတွင် မက်မောတွယ်ငြိ၍ မလှုးလွန့်သာတော့သော သူဌေးကြီး မှာ ဒုတိယဖနီးအပေါ်တွင် အချစ် အလေးသာသွားပြီး နန်းယီဆိုင်ကော် ၏ မိခင်ပေါ်တွင် ချစ်မေတ္တာ တဖြည်း ဖြည်း ယုတ်လျော့စ ပြုလာ၏။

နောက်ဆုံးတွင် ဒုတိယဖနီးသည် ၏ ယုတ်မာရက်စက်လှသော အကြံ အစည်အတိုင်း နန်းယီဆိုင်ကော်၏ မိခင်ကို လုပ်ကြံသတ်ဖြတ်ရန် သဘော တူလိုက်လေသည်။

ခြေခင်းလက်ခင်းသာသော နေ့တစ် နေ့တွင် သူဌေးကြီးနှင့် ဒုတိယဖနီးတို့ သည် နန်းယီဆိုင်ကော်၏ မိခင်ကို အမျိုးမျိုး လှည့်ပတ်ဖျားယောင်းလျက် လှေပေါ်တွင် တင်၍ အင်းကြီးထဲသို့ ခေါ်ဆောင်သွားကြ၏။

ထို့နောက် လူသူ ကင်းရှင်းသော ရေလယ်တစ်နေရာ အရောက်တွင် နန်းယီဆိုင်ကော်၏မိခင်ကို လှေပေါ် မှ ရေထဲသို့ ပိုင်း၍ တွန်းချကြသည်။ ရေနစ်၍ မြုပ်ချည်ပေါ်ချည် ဖြစ်နေ သောအခါ ဒုတိယဖနီးက လှော်တက် ဖြင့် အတင်းရိုက်နှက်၏။

ဤသို့ဖြင့် သူဌေးကြီးနှင့် ဒုတိယ ဖနီးတို့သည် နန်းယီဆိုင်ကော်မိခင်၏ အသက်ကို ကိစ္စတုံး အောင်မြင်စွာ လုပ်ကြံသတ်ဖြတ်ပြီးနောက် ရေပေါ်သို့ မည်သည့်အခါမှ ပြန်မပေါ်လာအောင် စီရင်ဆောင်ရွက်ထားခဲ့လေသည်။

လူမမည်ကလေးမျှသာ ဖြစ်သော နန်းယီဆိုင်ကော်ကလေးကား မိခင်၏ ဆိုးဝါးလှသော ကံကြမ္မာ အလှည့် အပြောင်းကို မသိရှာ။ မည်သည့်အခါ မှ ပြန်မလာတော့သော မိခင်ကို တမ်းတ ငိုကြွေး ပူဆွေးသောက ဖြစ်ရုံမှလွဲ၍ ဘာမှ မတတ်နိုင်ခဲ့။

မိခင်ကြီး ကွယ်လွန်ရာ နေခင်လုံ အင်းကြီး ကမ်းစပ်တွင် ထိုင်၍ တစ်နေ့ မိခင်ပြန်လာနိုးဖြင့် သောကမျက်ရည် မိုးရွာခဲ့ရသည်။ အချိန်ကာလများကို ဖြတ်သန်းရင်း တဖြည်းဖြည်း လူလား မြောက် ကြီးပြင်းခဲ့ရလေတော့သည်။

သူဌေးကြီး၏ ဒုတိယဖနီးသည် နန်းယီဆိုင်ကော်၏မိခင် ကွယ်လွန်ချိန် မှစ၍ မိမိသမီးအရင်းကို အဆမတန် အလိုလိုက်မြှောက်စားလျက် နန်းယီ ဆိုင်ကော်ကိုမူ အစေခံကျွန်တစ်ဦးပမာ သဘောထားလိုက်၏။

ထို့ကြောင့် နန်းယီဆိုင်ကော်သည် သူဌေးကတော်ကြီးခိုင်းသော အိမ်မှု ကိစ္စမှန်သမျှကို တစ်ဦးတည်း ဒိုင်ခံ၍ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရ၏။ ဒီအထဲ သူဌေးကတော်ကြီးက စိတ်မထင်လျှင် မထင်သလို ရက်ရက်စက်စက် ရိုက်နှက်နှိပ်စက်တတ်သေး၏။

ဖခင်ဖြစ်သူ အင်းသူကြီး သူဌေးကြီး မှာ ဖနီးဖြစ်သူ၏ မတရားမှု လုပ်ရပ် မှန်သမျှကို မသိကျိုးကျွံပြု၍ နန်းယီ ဆိုင်ကော်ကို မျက်နှာ လွှဲထားလိုက် လေပြီ။

အရွယ်နှင့် မမျှသော လောကဓံ အထုအထောင်းကို ခေါင်းမဖော်နိုင် အောင် ခံစားရရှာသော နန်းယီဆိုင် ကော်မှာ မိခင် သင်ကြားပေးခဲ့သော သည်းခံခွင့်လွှတ်ခြင်းတရားနှင့် မေတ္တာ ကိုသာ လက်ကိုင်ထား ကြိတ်မှိတ်ခံရင်း မိသားစုနှင့် အဆင်ပြေအောင် နေထိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလေသည်။

တစ်ညနေခင်း အလုပ်အားလပ်ချိန်တွင် နန်းယီဆိုင်ကော်သည် အင်းကမ်းစပ်၌ တစ်ယောက်တည်း ထိုင်ရင်းကွယ်လွန်သူ မိခင်ကို သတိရနေမိ၏။

ထိုအချိန်တွင် သူ့အမည်ကိုခေါ်သံတစ်ခု ရုတ်တရက် ကြားလိုက်ရ၏။ နန်းယီဆိုင်ကော်က ခေါ်သံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ အင်းစပ်ဗေဒါပင်များကြားတွင် ခေါင်းဖော်၍ သူ့ကိုကြည့်နေသော လိပ်ကြီးတစ်ကောင်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရပါ၏။

နန်းယီဆိုင်ကော်က လိပ်ကြီးကို အံ့အားသင့်စွာ ကြည့်နေခိုက်မှာပင် လိပ်ကြီးက လူ့အသံဖြင့် သူ့အမည်ကို တကြော်ကြော်ခေါ်ရင်း ကုန်းပေါ်သို့ တရွေ့ရွေ့ တက်လာ၏။

လိပ်ကြီးက လူတို့ ဘာသာစကားဖြင့် သူသည် နန်းယီဆိုင်ကော်၏ မိခင်ဖြစ်ကြောင်း၊ သူဌေးကြီးနှင့် ဇနီးတာ သူ့အသက်ကို လုပ်ကြံသတ်ဖြတ်လိုက်ကြသဖြင့် ဘဝပြောင်း ကွယ်လွန်ပြီး ဤအင်းကြီးထဲတွင် လိပ်မကြီးဖြစ်နေရကြောင်း…

ယခု ဘဝဟောင်းမှ သမီးဖြစ်သူ နန်းယီဆိုင်ကော်ကို သတိရ တွေ့မြင်လိုလှသဖြင့် ကုန်းပေါ်သို့ တက်လာရခြင်းဖြစ်ကြောင်း နန်းယီဆိုင်ကော်ကို ပြောဆိုရှင်းပြ၏။ ထိုအခါမှ နန်းယီဆိုင်ကော်မှာ သူ့မိခင်၏ အဖြစ်အပျက်အကြောင်းစုံကို သိသွားပြီး မိခင် လိပ်မကြီးကို ဖက်၍ အားရပါးရ ငိုကြွေးရှာလေတော့သည်။

နန်းယီဆိုင်ကော်သည် နေ့စဉ်လိုပင် အိမ်မှ စားကောင်းသောက်ဖွယ်များကို ယူဆောင်လာလျက် မိခင်လိပ်မကြီးကို တိတ်တဆိတ် ကျွေးမွေး၏။

ကာလကြာသော် မိထွေးဖြစ်သူ သူဌေးကတော်ကြီးက နန်းယီဆိုင်ကော်၏ အမူအရာကို သံသယ ဝင်လာသဖြင့် တိတ်တဆိတ် လိုက်လံချောင်းမြောင်း အကဲခတ်၏။

ထိုအခါမှ နန်းယီဆိုင်ကော်၏ မိခင်သည် လိပ်မကြီးအဖြစ် ဘဝပြောင်းလျက် သူ ပိုင်ဆိုင်သော အင်းကြီးထဲတွင် ရှိနေမှန်း အဖြစ်မှန်ကို စုံစုံစေ့စေ့ သိရှိသွား၏။

မိထွေးဖြစ်သူသည် ယခုတိုင် ရန်ငြိုးမပြေနိုင်သေးဘဲ နန်းယီဆိုင်ကော်၏ မိခင်တစ်ဖြစ်လဲ လိပ်မကြီးကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြန်၏။

တစ်နေ့တွင် အင်းသူကြီး သူဌေးကြီးကို သူဌေးကတော်ကြီးက လိပ်သားစားလိုသည်ဟု ပူဆာ၏။ သူဌေးကြီးကလည်း အလွယ်တကူပင် တပည့်လက်သားများကို ခေါ်၍ လိပ်သားရှာဖွေယူဆောင်ခဲ့ရန် စေခိုင်းသောအခါတွင် သူဌေးကတော်ကြီးက မိမိ စားလိုသည်မှာ ရိုးရိုးလိပ်၏ အသားမဟုတ်ကြောင်း…

ဤအင်းကြီးထဲတွင် ရှိနေသော အကြီးဆုံး လိပ်ကြီး၏ အသားကိုသာ စားလိုကြောင်း၊ ထိုလိပ်ကြီးကို အမြန်ဆုံး မိအောင် ဖမ်းပေးစေလိုကြောင်းဖြင့် အမျိုးမျိုးလှည့်ပတ် ပြောဆိုလေသည်။

ဇနီးဖြစ်သူ၏ မျက်နှာညိုးမည်ကို မိုးပြိုမလောက် စိုးရိမ်နေရှာသော သူဌေးကြီးကလည်း ရအောင် ဖမ်းဆီးပေးပါမည်ဟု ကတိအထပ်ထပ်ပေးလျက် အင်းကြီးထဲတွင် လိပ်အရှာထွက်ရရှာလေသည်။

တပည့်လက်သားအစုံ ငါးဖမ်းပိုက်မျိုးစုံနှင့် နေ့စဉ်ရက်ဆက်ပင် မရမက ရှာဖွေဖမ်းဆီးသောအခါ နောက်ဆုံးတွင် ရွှေရောင်အဆင်းရှိသော လိပ်မကြီးကို ဖမ်းဆီးရမိသွားလေတော့သည်။

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က လိပ်မကြီးကို ရက်စက်စွာ သတ်ဖြတ်လိုက်ကြ၏။

ဘဝကံအကျိုးပေး နည်းလှရှာသော လိပ်မကြီးမှာ မိမိ သေဆုံးပြီးနောက် မိမိ၏ အသွေးအသားများကပင် သမီးဖြစ်သူ နန်းယီဆိုင်ကော်၏ ဘဝကို ကူညီမစနိုင်ပါစေဟု ဆုတောင်းရင်း သူဌေးကြီးဇနီးမောင်နှံတို့၏ ဒုဋ္ဌယအကြိမ် သတ်ဖြတ်မှုကို လည်စင်းခံ

www.burmeseclassic.com

သွားရရှာပြန်လေသည်။

ထိုနေ့ ညနေစောင်းအချိန်တွင် သူဌေးကြီးနှင့်မိသားစု အားလုံးသည် မိမိတို့အိမ်ကြီးပေါ်တွင် တပျော်တပါး ဝိုင်းဖွဲ့အောင်ပွဲခံလျက် လိပ်မကြီး၏ အသားကို အားရပါးရ မြိန်ရေရှက်ရေ သုံးဆောင်နေကြလေသည်။

မိခင်မေတ္တာကို ကြာရှည် ခံစားခွင့် မရှိ၊ ဝိပါကဝဋ်ကြွေး ကင်းဟန် မတူ သော နန်းယီဆိုင်ကော်ကလေးကား သူဌေးကြီးမိသားစု ထမင်းဝိုင်းဖွဲ့လျက် ရှိရာ အိမ်အောက်တည့်တည့် မြေပြင် ပေါ်တွင် အိမ်တိုင်ကလေးကို မှီ၍ထိုင် ရင်း မိခင်၏ အဖြစ်ဆိုးကို တွေးလျက် တစ်ကိုယ်တည်း ကြိတ်၍ ဝမ်းနည်း ငိုရှိုက်လျက်သာ နေရရှာ၏။

နန်းယီဆိုင်ကော်ကလေးမှာ စိတ် နှလုံးဖြူစင်လှပသူတို့ သဘာဝအတိုင်း တစ်ဖက်သားကို ရန်ငြိုးဖွဲ့ လက်စား ချေလိုစိတ် ကင်းရှင်းရုံမျှမက မိဘ ကျေးဇူးကို အထူးသိတတ်သူ သမီး လိမ္မာကလေးတစ်ဦးလည်း ဖြစ်၏။

ထို့ကြောင့် ဤသို့ ဝမ်းနည်းငိုရှိုက် နေလျက်ကပင် သူဌေးကြီး မိသားစု စားသုံးပြီး ကြမ်းပြင်ပေါက်မှ အောက် သို့ ချလိုက်သော ရွှေအဆင်းရှိ မိခင် လိပ်မကြီး၏ အရိုးအသားစ အကြွင်း အကျန်များကို ပဝါအဖြူကလေးတစ် ထည်ဖြင့် ရှိသေစွာ ခံယူနေရှာ၏။

ထို့နောက် မိမိခံယူထားသော မိခင် လိပ်မကြီး၏ အရိုးနှင့် အသားစများကို နောင်လုံအင်းကြီး၏ ကမ်းစပ်တစ်နေရာ တွင် ကောင်းမွန် ရိုသေစွာ သင်္ဂြိုဟ်ပေး လိုက်လေတော့သည်။

* * *

မိုင်းပန်နယ်ကို အုပ်ချုပ်ရသော ခွန်ဟော်ခမ်း(ခေါ်) ရွှေနန်းရှင်မင်းသား



ကလေးသည် မိမိပိုင်နက် နယ်မြေ အတွင်း အင်းကြီးတစ်အင်း နံဘေး၌ ရွှေညောင်ပင်တစ်ပင် ထူးဆန်းစွာ ပေါက်လာသည်ဟု သတင်းပျံ့နေ သဖြင့် အံ့ဖွယ်သရဲ ထူးကဲလှသော အဖြစ်အပျက်ကို အထူးပင် စိတ်ဝင်စား နေ၏။

ထို့ကြောင့် ဤသတင်းစကား မှန် မမှန် တပည့်မှူးမတ်တို့ကို စေလွှတ်၍ စုံစမ်းခိုင်းလိုက်၏။

မင်းသားကလေး စုံစမ်းခိုင်းလိုက် သော မှူးမတ်ဗိုလ်ပါတို့မှာ နောင်လုံ အင်းကြီးအနီးတွင် အမြင့်တစ်တောင် သာသာအရွယ် ပေါက်ခါစ ရွှေညောင် ပင်ကလေးတစ်ပင်ကို အမှန်ပင် တွေ့ ရှိလိုက်ကြရ၏။

အားလုံးက ရွှေညောင်ပင်ကလေး ကို အထူးအဆန်းဖြစ်၍ ဝိုင်းဝန်း လှေလာကြည့်ရှုနေခိုက်မှာပင် ရွှေ ညောင်ပင်ကလေးဆီမှ အိုးစည်ပုံမောင်း တူရိယာသံများ ထူးဆန်းစွာ ထွက်ပေါ် လာ၏။

ထိုအခါတွင် ရွှေညောင်ပင်ကလေး ကို ဝိုင်းဝန်း ကြည့်ရှုနေကြသော မှူး မတ်တို့မှာ သွက်လက် မြူးကြွလှသော တူရိယာသံစဉ်များကြားတွင် မိမိတို့ စိတ်များကို ထိန်းချုပ်မထားနိုင်ကြ တော့ဘဲ ရွှေညောင်ပင်ကလေးကို လှည့်ပတ်၍ ပျော်ရွှင်စွာ ကခုန်မိကြ လေတော့သည်။

တူရိယာသံများ ခေတ္တရပ်စဲသွား သောအခါမှ နန်းတော်သို့ အပြေးပြန် လာကြပြီး ရွှေညောင်ပင်ကလေး၏ ထူးဆန်းလှပုံအကြောင်းစုံကို ရွှေနန်း ရှင်မင်းသားကလေးထံသို့ အစုံအလင် သံတော်ဦးတင်လိုက်ကြလေသည်။

ရွှေနန်းရှင်မင်းသားကလေးမှာ ရွှေ ညောင်ပင်အကြောင်းကို ကြားသိရ လျှင်ပင် ဝမ်းမြောက်လှသဖြင့် ထူးဆန်း လှသော ဤရွှေညောင်ပင်ကို မိမိ နန်းတော်သို့ ယူဆောင်ပြီး စိုက်ပျိုးကြ ရန် အမိန့်ချမှတ်လိုက်၏။

ထိုအခါ မှူးမတ်တို့မှာ ရွှေညောင် ပင်ကလေးကို နုတ်ယူ၍ နန်းတော် တွင်းသို့ ရွှေ့ပြောင်း စိုက်ပျိုးရန် ကြိုးစား ကြရာ ရွှေညောင်ပင်ကလေးမှာ အား ကောင်းမောင်းသန် မှူးမတ်တို့၏ လက်ရုံးအင်အားနှင့်ပင် အားကြိုးမာန် တက် ကြိုးစားနုတ်ယူသော်လည်း နုတ် ယူ၍မရ ဖြစ်နေကြလေသည်။

ထို့ကြောင့် နောက်ဆုံးတွင် မှူးမတ် တို့က မိမိတို့ အခက်အခဲကို ရွှေနန်းရှင် မင်းသားကလေးထံသို့ သံတော်ဦး တင်ကြရပြန်သည်။

ရွှေနန်းရှင်မင်းသားကလေးက ရွှေ ညောင်ပင်ကို နန်းတော်အရောက် နုတ် ယူ ဆက်သနိုင်သူကို ဆုလာဘ်များစွာ ချီးမြှင့်မည်ဖြစ်ကြောင်း အနယ်နယ် အရပ်ရပ်သို့ မောင်းကြေးနင်းလည် ၏။

ထိုသတင်းကို နန်းယီဆိုင်ကော်



www.burmeseclassic.com

www.burmeseclassic.com

ကြားသောအခါ ရွှေညောင်ပင်ကို အမှန်တကယ် နှစ်သက်မြတ်နိုးသဖြင့် ကြီးပြင်းအောင် ပြုစု စိုက်ပျိုးပေးမည် ဆိုပါက နန်းတော်တွင်းသို့ မိမိရွှေ့ ပြောင်းပေးနိုင်ပါကြောင်း ရွှေနန်းရှင်ထံ သို့ မှူးမတ်များမှတစ်ဆင့် အကြောင်း ပြန်လိုက်လေသည်။

နန်းယီဆိုင်ကော်မှ ရွှေညောင်ပင်ကို နုတ်ယူမည့်နေ့တွင် မှူးမတ်ဗိုလ်လူ အပေါင်းနှင့်အတူ ရွှေနန်းရှင်ကိုယ် တိုင် ကြွရောက် ရှုစားလေသည်။

နန်းယီဆိုင်ကော်သည် မိမိ အမြတ် တနိုး သိမ်းဆည်းထားသော မိခင် လိပ်မကြီး၏ အရိုးနှင့်အသားစများကို ထုပ်ယူခဲ့သည့် ပဝါကလေးဖြင့် ရွှေ ညောင်ပင်ကလေးကို ရစ်ပတ်လိုက်၏။

ထို့နောက် မိခင်၏မေတ္တာကို စိတ် တွင်းမှ အာရုံပြုရင်း ဤညောင်ပင် သည် မိမိနှင့်သက်ဆိုင် ပတ်သက်၍ မိမိပိုင်ဆိုင်သောပစ္စည်း အမှန်ဖြစ်ပါက အလွယ်တကူ နုတ်ယူနိုင်ပါစေဟု သစ္စာပြုလျက် ပဝါကလေးကို လက် ဖြင့် မ,ယူလိုက်၏။

အားအင်သန်မာသော ယောက်ျား ကြီးများပင် ချွေးဒီးဒီးကျအောင် ကြိုး စားသည့်တိုင် နုတ်ယူ၍ မရခဲ့သော ရွှေညောင်ပင်ကလေးမှာ နန်းယီဆိုင် ကော်၏ ပဝါကလေးထဲတွင် အလွယ် တကူပင် အမြစ်မှ ကျွတ်၍ပါလာလေ သည်။

ရွှေနန်းရှင်နှင့်တကွ ကြွရောက်လာ သော မင်းပရိသတ်တို့မှာ မကြုံစဖူး ထူးကဲလှသော အံ့ဖွယ် အခြင်းအရာကို တွေ့မြင်ကြရသဖြင့် တစ်ခဲနက် သြဘာ ပေး ကြွေးကြော်လျက် နန်းယီဆိုင် ကော်ကို သောင်းသောင်းဖြဖြ ချီးကျူး ထောမနာ ပြုကြလေသည်။

မကြာမီအချိန်အတွင်းမှာပင် မိဘ ကျေးဇူး အထူးသိတတ်သူတို့၏ ကြုံ ကြိုက်မြဲ ဓမ္မတာအတိုင်း နန်းယီဆိုင် ကော်ကလေးမှာ ဇာတာစန်းလက် ပွင့်လန်းကိုက်နှင့်ကြုံသဖြင့် ဘဝအဆက် ဆက်က ဖူးစာရေစက်ရှင် ရွှေနန်းရှင် မင်းသားကလေးနှင့် ပုလဲနံ့ပသင့်မြတ် ကြရင်း ရွှေနန်းရှင်မင်းသားကလေး တောင်ညာစံထား မိဖုရားကြီးအဖြစ် မြှောက်စားချီးမြှင့်ခြင်း ခံခဲ့ရလေတော့ သည်။

*   *   *

**ရွှေလ ဆက်ဖတ်ပါရန်**

**မြတ်သဇင်ဦး**

**စာမျက်နှာ (၂၁၈)မှ အဆက်**

မြည်ဟိန်းလျက် ဟင်းလင်းပွင့်သွားခဲ့ပါသည်။

အရှင်မဟာထူဇနသာသာ မဟေသီမြတ်ကြီးသည် ရေကြောင်း ခရီးဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ပြီး မြင့်မြတ်ကြီး ကျယ်သော အောင်ပွဲကို ရယူနိုင်စွမ်းရှိခဲ့ပုံကို အာရုံယူ မောပြုကြကာ နိုင်ငံရပ်ခြားနှင့် ဆက်သွယ် ဆောင်ရွက်ကြရသူများ သည် ဤနမက္ကာရဘုရား ရှိခိုးခြင်း မြတ်စွာဘုရားရှင်အား ပူဇော် ရှိခိုးကြပါသည်။

ရွတ်ဆိုသည်နှင့် တစ်ပြိုင်နက် ဝိဇ္ဇာတော်တိုက်တော် တံခါးကြီး ဟင်းလင်းပွင့်သွားသည့် အမှတ်စဉ် (၁၀) တပတ် ဂါထာကို အထူးအားဖြင့် ရွတ်ဆိုကြရမည် ဖြစ်ပါသည်။

ဤနမက္ကာရ ဘုရားရှိခိုးဂါထာတော်ကို ရွတ်ဆိုပူဇော် ကြခြင်းဖြင့် မိမိတို့ဘဝတွင် အခက်အခဲ အကျပ်အတည်းများ မှ လွတ်မြောက်စေခြင်း၊ လိုဝင်တည်းသည်း ဖြစ်နေသော ကိစ္စများ ပွင့်လင်းသွားခြင်း၊ ထိုက်ထိုက်တန်တန်အောင် မြင်မှုများ ရရှိခြင်း၊ အထူးသဖြင့် နိုင်ငံရပ်ခြားတွင် အဆင်ပြေ ချောမွေ့ခြင်း [illegible] အောင်မြင်မှုများ ရရှိစေခြင်း၊ [illegible] ကောင်းကျိုးချမ်းသာ [illegible] များ ဖြစ်ထွန်းနိုင်ပါ သည်။

မိမိတို့၏ သက်စေ့အခေါက်ရေဖြင့် ပူဇော်ခြင်း၊ မိမိတို့နှင့် သင့်လျော်သော အချိန်နာရီ [illegible] ဖြင့် ပူဇော်နိုင်ပါသည်။

ယုံကြည်မှုသဒ္ဓါတရားဖြင့် ရွတ်ပွားပူဇော်အားထုတ်ပါက မိမိ တို့ ရည်မှန်းသော အောင်မြင်မှုအပေါင်းကို သရဖူဆောင်း နိုင်ကြမည် ဖြစ်ပါသည်။

ဤဂါထာကို ရွတ်ဆိုပွားများသောအခါ မြတ်စွာဘုရား ရှင်၏ ပါရမီတော်များ ပြည့်ကျင့်တော်မူပုံကို အာရုံယူကြည် ညိုပြီး တပတ် တပတ် အစချီ ဂါထာကို အရှင်မဟာထူဇနသာသာ မဟေသီမြတ်ကြီး ရွတ်ဆိုပူဇော်စဉ် ဝိဇ္ဇာတော်တော်တိုက် တံခါးကြီး အလိုအလျောက် ပွင့်သွားပုံကို မိမိ၏ စိတ်အာရုံ မျက်စိတွင် မြင်နေသကဲ့သို့ ထင်ထင်ရှားရှား ဖြစ်အောင် နှလုံးသွင်း၍ ရွတ်ဖတ်ပါ ဟု၍ အကြံပြု တိုက်တွန်းအပ်ပါသတည်း။

**ဘဝ အစစ လှကြပါစေ**

**အောင်နန္ဒစံ(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကောင်း ဟောကွက်

ကြည့်ပါ။

○ အသက်လမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ ကံလမ်းကြောင်း ဝန်းကျင်မှာ ဥပဒ်လမ်းငယ် အသွယ်သွယ်ဖြင့် လွန်စွာ ရှုပ်ထွေးလျက်ရှိကြောင်း မြင်တွေ့ရပါတယ်။

ဒါကတော့...

❖ အခက်အခဲပြဿနာနဲ့ ရင်ဆိုင်ရမယ်၊
❖ အတိုင်အတော ခံရမယ်၊
❖ ငွေကြေးကြောင့် အမှုအခင်းကြုံမယ်၊
❖ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံမယ်၊
❖ ကျန်းမာရေး မကောင်းဘူး၊ ချူချာနေမယ်၊
❖ ဂုဏ်သိက္ခာ ကျဆင်းမယ်၊
❖ ထိခိုက်အနာရရမယ်၊
❖ ဆုံးဖြတ်ချက်တွေ မှားယွင်းတတ်တယ်၊
❖ ရာထူးကျတတ်တယ်၊
❖ အလုပ်ထိခိုက်မယ်၊
❖ အိမ်ထောင်ရေး၊ အိမ်တွင်းရေး ပဋိပက္ခကြုံတွေ့မယ်၊
❖ စီးပွားရေး ကျဆင်းမယ်...

စသည်ဖြင့် ပြောဟောလို့ ရပါတယ်။ နမူနာ ပြောပြထားတာ ဖြစ်ပါတယ်။

ဒီတော့ လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး ဖြေလိုက်ရုံပါပဲ။

**ဥပမာ...**

**အလုပ်နဲ့ ပတ်သက်ပြီး မေးရင်...**

လုပ်ငန်းမှာ ပြဿနာကြုံမယ်၊ အတိုင်အတော ခံရတတ်တယ်ပေါ့။

**အိမ်ထောင်ရေးမေးရင်...**

အိမ်ထောင်ရေး သောကကြုံလိမ့်မယ်။

စသည်ဖြင့် ဖြေလိုက်ရုံပါပဲ...



ဗဟုသုတအဖြစ် တင်ပြထားတာ ဖြစ်ပါတယ်။

ပရံ ရက္ခန္တော အဗ္ဗာနံ ရက္ခတိ။

ဦးသော်ခင် (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

မသိသူကျော်သွား သိသူဖော်စား

# ပြဟ္မာသားပိုက်ရုပ်တု

ဖော်အစွမ်း

**မောင်မြအေး(ဂျ)**
**(စီးပွားရေး)**



မြန်မာနိုင်ငံ၏ အထင်ကရဖြစ်သော **ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ထောင့်တွင်ရှိသည့် ပြဟ္မာသားပိုက်ရုပ်တုတွင် သားဆုပန်ပါက ဆုတောင်းပြည့်ကြောင်း** စာဖတ်သူများ ကြားဖူးကြပါလိမ့်မည်။

ထိုရုပ်တုမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့မုခ်နှင့် တောင်မုခ်ကြားတွင် ရှိသည်ဆိုသော်လည်း တောင်ဘက်မုခ်နှင့် ပိုနီးပါသည်။

တောင်ဘက်စောင်းတန်းမှ တက်ပြီး ရင်ပြင်တော်ပေါ်သို့ ရောက်လျှင် ယာဘက်သို့ ခြေလှမ်း(၁၅)လှမ်းခန့် လှမ်းလျှင်ပင် စေတီတော်ခြေရင်းနှင့် ကပ်လျက် ထုလုပ်ထားသည့် မြူးယောင်ယောင် မျက်နှာနှင့် ကလေးလေးကို ပိုက်ထားသည့် ပြဟ္မာကြီးရုပ်တုကို တွေ့မြင်ရပါမည်။ ကလေးလေးမှာ ခြေလေးတွဲလောင်းနှင့် ချိုးဥလေးပင် ပေါ်နေပါသေးသည်။

သားဆုတောင်းမှု ပြည့်ခြင်းနှင့် ပတ်သက်၍ ကိုယ်တွေ့တစ်ခုကို ပြောပါမည်။ ကျွန်တော့်မွေးချင်းငါးယောက်တွင် ကျွန်တော်က အကြီးဆုံးပါ။ ကျွန်တော့်အောက် ညီမနှစ်ယောက် အနက် ဒုတိယညီမ(ညီမလတ်)၏ အမည်မှာ ဒေါ်ထွေးရီ ဖြစ်ပါသည်။

သူတို့ဇနီးမောင်နှံသည် သားတစ်ယောက် ရနိုးရနိုးနှင့် မွေးလိုက်သည့်မှာ သမီးချည်း လေးယောက် ဆက်တိုက်ဖြစ်နေပါသည်။ နောက်ကလေးတစ်ယောက် ထပ်ယူရန်ပင် မစွန့်စားရဲသလောက် ဖြစ်နေသည်။

တစ်ရက်တွင် ပုသိမ်၌နေသော သူတို့ဇနီးမောင်နှံ ကိစ္စတစ်ခုဖြင့် ကျွန်တော်ရှိရာ ရန်ကုန်သို့ ရောက်လာပါသည်။ ကလေးတွေအကြောင်း စကားစပ်မိကြတော့ ညီမလတ်က သားတစ်ယောက် လိုချင်သေးကြောင်း ပြောပါသည်။ ထိုအခါ ကျွန်တော့်အိမ်သူက ညီမလတ်ကို...

'အဖွေးကာလဲ ရွှေတိဂုံက ပြဟ္မာသားပိုက်ရုပ်မှာ သွားပြီး သားဆုပန်ကြည့်ပါလား'

ဟု အကြံပြုပါသည်။ နောက်နေ့တွင် သူတို့ဇနီးမောင်နှံ ရွှေတိဂုံဘုရားသို့ ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုသလို နံနက်စောစော သွားခဲ့ကြပါသည်။

နောက်တော့ တကယ်ပဲ ယောက်ျားလေးတစ်ယောက် မွေးပါသည်။ ဖြူဖြူဖွေးဖွေးလေးမို့ အစ်မလေးယောက်ကလည်း မောင်လေး၊ မောင်လေးနှင့် တုန်နေအောင် ချစ်ကြပါသည်။ ကျွန်တော့် သမီးနှစ်ယောက်ကပင် သည်းနေလိုက်ကြတာဟု မှတ်ချက်ပြုပါသည်။

ချစ်ကြပေမပေါ့... တကယ်ဆို ကျွန်တော်တို့ မောင်နှမ ငါးယောက်တွင် ညီမလတ်နှင့် ညီမအငယ်ဆုံး အသားညိုကြပြီး ကျန်သုံးယောက်က အသားဖြူကြပါသည်။ ညီမလတ်၏ ခင်ပွန်းကလည်း အသားညိုသူပေမို့ မွေးလာသော သမီးလေးယောက်လုံးက geneအရပဲ ဆိုကြပါစို့...အသားညိုသူတွေသာ ဖြစ်ကြသည်။

ယခု မွေးလာသော ကလေးမှာ သူတို့ အလွန်လိုချင်နေကြသော ယောက်ျားလေးလည်းဖြစ်ပြန် အသားလည်းဖြူ၊ ရုပ်ကလေးကလည်း သူတို့နှင့်မတူ တစ်မူကွဲကာ ချောချောလေးမို့ အားလုံးက အချစ်ပိုကြသည်မှာ မဆန်းလှပါ။

ထိုကလေး ကြီးပြင်းလာသောအခါတွင်လည်း အတော်လိမ္မာသည့် ကလေးတစ်ယောက် ဖြစ်နေပြန်ပါသည်။

ဟော ယခု ဤစာကို ရေးနေချိန်တွင် ထိုသားဆုပန်ရာမှ ရလာသည့် ကလေး ယောက်ျားလေးသည် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ တက္ကသိုလ်မှ B.E(Aero)ဘွဲ့ရပြီး ကျောင်းဆင်းခဲ့ပါပြီ။ တာဝန်ကျရာ ဂန့်ဂေါလေတပ်စခန်းတွင် ပုလိမ်းကို





www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်နေပါပြီ။

စာရှုသူများခင်ဗျား မယုံမရှိပါနှင့်။ သားလိုချင်သလား။ သမီးလိုချင်သလား ရွှေတိဂုံကုန်းတော်ပေါ်ရှိ ဖြဟ္မာသားပိုက်ရုပ်ထံ သွားဆုတောင်းပါ။ ပြည့်စုံပါလိမ့်မည် ဟု တကယ့် ကိုယ်တွေ့ကို ဖော်ပြတိုက်တွန်းပါသည်။

ဟော ကျွန်တော့်အိမ်သူကလည်း ပြောလာပါသည်။ သူ့သူငယ်ချင်း တက္ကသိုလ်ဆရာမတစ်ဦးလည်း ကာလအတော်ကြာအောင် ကလေးမရဘဲ ရှိနေရာမှ သားဆုသွားပန်ပြီး ကလေးရလာကြောင်း ပြောပါသည်။ ဒါက ထပ်ဆင့် ထောက်ခံချက်ပါ။

ဗြဟ္မာသားပိုက်ရုပ်တုနှင့် ပတ်သက်၍ သားဆုပန်မှု ပြည့်စုံရုံတင်ပဲလား။ ဘယ်ကလိမ့်မလဲ ရှိပါသေးသည်။

တစ်နေ့တွင် မိုလ်ချုပ်ဈေးသစ်တွင် ဆေးဆိုင်ဖွင့်၍ ရောင်းချနေသော မိတ်ဆွေ ကိုမင်းဆွေနှင့် လက်ဖက်ရည်ဆိုင်တွင် ဆုံမိရင်း စကားစမြည် ပြောဖြစ်ကြပါသည်။

စကားလမ်းကြောင်းက သားဆုတောင်းလျှင် ပြည့်သော ဗြဟ္မာသားပိုက်ရုပ်တုအကြောင်း ရောက်သွားခဲ့သည်။ ကျွန်တော်က ညီမလတ်အကြောင်း ပြောပြမိတော့ ကိုမင်းဆွေက...

'ကိုအေးကြူက သားဆုပန်လို့ ပြည့်တာ တစ်ခုပဲ သိတာကိုးဗျ။ တကယ်တော့ ဗြဟ္မာသားပိုက်ရုပ်က သားဆုပန်လို့ ပြည့်ရုံတင်မက သားသမီးတွေနဲ့ ပတ်သက်လို့ ဆုတောင်းရင်လဲ ပြည့်တယ်ဗျ'

ဟု ပြောလာပါသည်။

**'မသိသူကျော်သွား သိသူဖော်စား'** လို့ ပြောရင်လဲ ရမှာပေါ့ဗျာ'

ဟု သူက ဆက်ပြောပါသေးသည်။

ကျွန်တော်လည်း အတော်လေး စိတ်ဝင်စားမိသွားသဖြင့် တိုက်တွန်းလိုက်ပါသည်။

'ပြောပါဦးဗျ သားသမီးတွေအတွက် ဘယ်လို ဆုတောင်းပြည့်တယ်ဆိုတာကို'.

ကိုမင်းဆွေက ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

'ဒီလိုဗျ ကျွန်တော့်မှာ သမီးတစ်ယောက် သားနှစ်ယောက်ရှိတာ ခင်ဗျားလဲ သိသားပဲ မဟုတ်လား၊ လွန်ခဲ့တဲ့ တစ်ချိန်က သူတို့တွေအားလုံး ဘွဲ့ရပြီး စင်ကာပူမှာ အလုပ်သွားလုပ်ချင်ပါတယ်ဆိုပြီး တောင်းဆိုလာလို့ကဲ... သွားကြဟာဆိုပြီး လွှတ်လိုက်တယ်။ တားလို့မှ မရတာကိုး။

ဟိုလဲကျရော ပြဿနာပေါင်းစုံကြုံတော့တာပေါ့။ ဗီဇာက အလွန်ဆုံး နှစ်လပဲ ရတာမို့လား။ ဒီကြားထဲ အလုပ်ရအောင် ရှာရတာ၊ ပွဲစားက တစ်ဆင့်လဲ ပါသေးတယ်။ အလုပ်လျှောက်ဖို့ကိုပဲ ကျွမ်းကျင်မှု မရှိတော့ အတော်ခက်တာကလား ဘယ်လွယ်လို့လဲဗျာ။

အဲ့ဒါ ဗီဇာရက်က ကုန်ခါနီးလိုက်၊ အလုပ်ကလေးတစ်ခုရလိုက်၊ လုပ်ငန်းမကျွမ်းကျင်တော့ ပြန်ပြုတ်လိုက်၊ ပြန်ရှာလိုက်နဲ့ တော်ကြာ ရန်ကုန်ပြန်လာရမလိုဖြစ်လိုက် လုံးချာလိုက်နေတာပါပဲဗျာ။ ဒီကလဲ တပူတည်း ပူနေရတာပေါ့ဗျာ။

သူတို့ကဖုန်းဆက်၊ ကိုယ်ကဖုန်းဆက် သူတို့က ညည်းညူ ဒီကလူထဲ သူတို့အသံကြားပြီး စိတ်ဆင်းရဲရတာကတည်း သူတို့အတွက် ရင်ပူလိုက်ရတာများဗျာ သူတို့ အလုပ်ထဲ အဆင်မပြေလို့ပူရ၊ အလုပ်ပင်ပန်းလို့ ပူရတာကလဲ ပါသေးဗျာ'

ကိုမင်းဆွေက မောသွားဟန်ဖြင့် ရေနွေးတစ်ကျိုက် သောက်ပြီးမှ သူ့စကားကို ဆက်ပြောလာသည်။

'တစ်နေ့မှာတော့ အသိတစ်ယောက်က ဗြဟ္မာသားပိုက်ရုပ်တုမှာ အဓိဋ္ဌာန်ဝင် ကြည့်ပါလားလို့ အကြံပေးသဗျ။ ဒါနဲ့ အကြံကုန် ဂဠုန်ဆားချက် ဆိုသလို ရွှေတိဂုံမှာသွားပြီး အဓိဋ္ဌာန်ဝင်ခဲ့တယ်။ အဲဒီ ဗြဟ္မာသားပိုက်ရုပ်တုရှေ့မှာ တန်ဆောင်းတစ်ခု ရှိတယ်လေ'

ကျွန်တော်က...

'စတီးလက်ရန်းတွေ ကာထားတာ မဟုတ်လား။ ကျွန်တော် သိပါတယ်'

ဟု ထောက်ပေးလိုက်ပါသည်။

'ဟုတ်တယ် အဲဒီတန်ဆောင်းမှာ ညနေ (၅)နာရီဆို ကျွန်တော် စပြီး အဓိဋ္ဌာန်ဝင်ပြီ

www.burmeseclassic.com

အညွှန်း ဖော်ပြခွင့်မရှိသော

# ရှုတင်ဆောင် ရုပ်ပွားတော်အား

ပူဇော်ခြင်း

အေးချမ်းအောင်
(ရမည်းသင်း)



လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်က စ၍ စာရေးသူတို့ ဒေသမှ ဆရာတော်ကြီး တစ်ပါးသည် (၁၀)ပေပတ်လည် သစ်သားကျောင်းကလေးဖြင့် နဘူး ကျင်းရန်ကင်းတွင် တောရ ဆောက်တည် သာသနာပြုခဲ့ပါသည်။

ထိုဆရာတော်ကြီး ဘွဲ့တော်မှာ **ဦးတိသသရဖြစ်သည်။** ကျမ်းတတ် ဆရာတော်ကြီးဖြစ်၍ ကျမ်းပေါင်းများစွာ ရေးသားတော်မူခဲ့လေသည်။

မြန်မာနိုင်ငံ နေရာဒေသ အသီးသီးတို့၌ သိမ်ပေါင်း(၁၀၀)ကျော်ကို ဆရာ တော်ကြီးမှ ရှုတင်ဆောင် တောရ ဆောက်တည် ရဟန်းတော်များဖြင့် ကြွရောက်ပြီး သိမ်သမုတ် ပေးတော် မူခဲ့လေသည်။

သိမ်ရှိနေခြင်းသည် သာသနာ အခိုင်အမာ ရှိနေခြင်း ဖြစ်သည်ဟု ဆရာတော်ကြီးမှ မိန့်ကြားခဲ့သည်ကို ငယ်စဉ်အခါ ကတည်းက စာရေးသူ မှတ်သားခဲ့ရဖူး ပါသည်။

ဆရာတော်ကြီး တောရ ဆောက် တည်၍ (၁၀)နှစ်ခန့် ရှိလာသောအခါ ဒေသအသီးသီးတို့မှ သံဃာတော်များ ကြွရောက်လာကာ ဆရာတော်ကြီးထံ ဝိနည်းများ ခံယူခဲ့ကြသည်။ အရပ်ရပ် မှ ဒကာ ဒကာမများကလည်း သံဃာ တော်များ သီတင်းသုံးနိုင်ရန်အတွက် (၁၀)ပေပတ်လည် နှစ်ထပ်ကျောင်း ဆောင်များစွာ ဆောက်လုပ်လှူဒါန်းကြ လေသည်။

ဆရာတော်ကြီး ပျံလွန်တော်မမူမီ ၁၉၉၆ ခုနှစ်က အောက်ဘက်အရပ်မှ သက်တော်(၃၅)နှစ်ခန့် အရွယ်ရှိ ရဟန်းတော်တစ်ပါး ဆရာတော်ထံ ဝိနည်းခံယူရန် ကြွရောက်လာပါသည်။

စာရေးသူသည် ထိုရဟန်းတော် အား တောရဆောက်တည်ချိန်တွင် ဦးစွာ သပိတ်လှူခွင့် ရရှိခဲ့ပါသည်။ ပစ္စည်းလေးပါး ဒါယကာအဖြစ်လည်း ခံယူလိုက်ပါသည်။ (၃)ကြိမ်တိုင်တိုင် ပုံသကူသင်္ကန်းပစ်၍ အလှူ အောင်မြင် ခဲ့ဖူးပါသည်။

ထိုရဟန်းတော်သည် ဝိနည်းပိုင်းကို အထူး အလေးထား၍ ကျင့်ကြံသည်။ တောရဆောက်တည်သည့် ရဟန်း များစွာ ရှိသော်လည်း စာရေးသူအနေ ဖြင့် ထိုရဟန်းတော်ကိုပဲ အထူးပင် ကြည်ညိုမိပါသည်။ ရှုတင်ဆောင် ရဟန်းတော် အချင်းချင်းသည်ပင်လျှင် ထိုရဟန်းတော်အား လေးစားကြည်ညို ကြသည်။

ဒကာ ဒကာမများလည်း ရဟန်း

www.burmeseclassic.com

တော်အား အထူး ကြည်ညိုကြလေသည်။ ရဟန်းတော်သည် စာရေးသူတို့ဒေသတွင် (၃)နှစ်ခန့် သီတင်းသုံးသွားခဲ့ပြီး ဇာတိမြေ အောက်ဘက်အရပ်သို့ ပြန်ကြွသွားကာ တောရဆောက်တည်ပါသည်။

ရဟန်းတော်၏ ထူးခြားမှုတစ်ခုမှာ ဒကာ ဒကာမများနှင့် စကားပြောဆိုရာတွင် တရားဘာဝနာများကိုသာ အမြဲ မိန့်ကြားလေ့ရှိပြီး လောကီကိစ္စများကိုမူ လုံးဝ မိန့်ကြားခြင်း မပြုပေ။ ဒကာ ဒကာမများနှင့် အကြိမ်ကြိမ် ပြောဆိုဖူးခဲ့သော်လည်း အထူးသဖြင့် ဒကာများကို လုံးဝကြည့်ရှုခြင်း မပြုပါ။ ဒကာမများ၏ ပြောဆိုသော အသံကိုသာ မှတ်သားပြီး ဘယ်အရပ်က ဒကာ ဒကာမတွေဟု အမြဲ မိန့်ကြားလေသည်။

စာရေးသူသည် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီကြီးတွင် အထွေထွေ တာဝန်ခံမန်နေဂျာအဖြစ် လုပ်ကိုင်ရင်း တောတောင်တွေထဲ သွားလာနေထိုင် လုပ်ကိုင်နေရခြင်းကြောင့် တစ်ခါတစ်ရံ ငှက်ဖျားအကြောင်းပြု၍ သောက်စားမိခဲ့သည်။

ရမည်းသင်းစခန်း ပြန်ရောက်လေတိုင်း ရဟန်းတော်အား သွားရောက်ဖူးမြော်ဖြစ်လေသည်။ ထိုအခါ ရဟန်းတော်မှ...

'ဒကာ အရက်သောက်တာ မကောင်းပါဘူး။ မသောက်ပါနဲ့'

ဟု မိန့်ကြားလေသည်။ စာရေးသူလည်း အလွယ်တကူပင်...

'မသောက်တော့ပါ ဘုရား'

ဟု ပြန်လည် လျှောက်ထားခဲ့သည်။ ထိုစဉ်က စာရေးသူ၏ အသက်မှာ (၃၀)ပင် မရှိသေး။ တောင်ပေါ်စခန်းတွေတွင် စာရေးသူနှင့် လုပ်ဖော်ကိုင်ဖက် လုပ်ငန်းရှင် မွေးစားသားနှင့် လူငယ်သဘာဝ ဂစ်တာ အတူတီးကြရင်း သောက်ဖြစ်သွားပြန်သည်။

ရဟန်းတော်အား လွယ်လွယ် လျှောက်ထားခဲ့သော "မသောက်တော့ပါဘုရား" ဆိုသည့် စကားများ သတိပင် မရခဲ့။ နောက်တစ်ကြိမ် ရဟန်းတော်ကပင်...

'ဒကာ အဖော်ကောင်းလို့ ဝါသနာတူလို့ပဲ ဖြစ်ဖြစ် ငှက်ဖျားအကြောင်းပြုပြီး သောက်တယ်ပဲဖြစ်ဖြစ် အရက်သောက်တာဟာ မကောင်းပါဘူး'

ဟု သတိပေး ဆုံးမပြန်ပါသည်။ စာရေးသူကလည်း "မသောက်တော့ပါဘုရား"ဟုပင် ထပ်မံ လျှောက်ထားခဲ့ပြန်ပါသည်။ အမှတ်ထားမှုလည်း မရှိခဲ့ပြန်။

ရဟန်းတော်၏စကားကို အလေးအနက်မထားမိတာ အမှန်ပါ။ တစ်နှစ်ခန့်အကြာ ရဟန်းတော် သီတင်းသုံးရာ အောက်ဘက်အရပ်သို့ သွားရောက်ဖူးမြော်ရာတွင်လည်း...

'ဒကာအရင်းဆွေက အရက်သမား ဖြစ်နေရင် ဒကာလဲ မကောင်းဘူး။ ဦးပဥ္စင်းလဲ မကောင်းဘူး'

ဟု ရဟန်းတော်က စာရေးသူ ဝတ်ပြုပြီးသည်နှင့် ထိုကဲ့သို့ မိန့်ကြားပါလေသည်။ အရက်သောက်ခြင်းကိစ္စသည် တောင်ပေါ်တွင် သောက်သည့်ကိစ္စသာဖြစ်သည်။ နောက်ပိုင်း အဆက်အသွယ်လည်းမရှိ။ အတူ လုပ်ကိုင်နေသည့် အလုပ်သမားတွေပင် သိရှိသူ အလွန် နည်းလှသည်။

သောက်သည် ဆိုသော်လည်း အတော့်ကို ထိန်းထိန်းသိမ်းသိမ်း သောက်ခြင်းဖြစ်သည်။ အလုပ်ထဲမှာ ရှယ်ယာမိန်းကလေး များစွာ ရှိနေတော့ အရက်သောက်ခြင်းကိစ္စကို အတော့်ကို လျှို့ဝှက်ထားရသည့် ထိပ်တန်းကိစ္စကို မည်သည့် အဆက်အသွယ်မှ မရှိသော ရဟန်းတော် သိရှိနေသည်မှာ ထူးဆန်းနေသည်။

ထို့နောက် အရက်သောက်ဖြစ်ဖို့ ကြုံတိုင်း ရဟန်းတော်၏ သတိပေး စကားကို ကြားယောင်လာသည်။ စာရေးသူ အရက် မသောက်ဖြစ်တော့ပါ။ ဘဝတစ်သက်တာလုံး စွန့်လွှတ်လိုက်ပါတော့သည်။

စာရေးသူအတွက်လည်း အရက်သောက်သည့် ကိစ္စကို ထူးဆန်းစွာ ရဟန်းတော် သိနေခြင်းအကြောင်း အောက်ဘက်အရပ် ရဟန်းတော် သီတင်းသုံးရာအရပ်မှ မွေ့မိတ်ဆွေများ ကို ပြောပြတော့ **ရဟန်းတော်၏ မနော အာရုံတို့သည် အရာရာ ကြိုသိနေ ကြောင်း ပြောပြပါသည်။**

ထိုမွေ့မိတ်ဆွေများ ပြောပြသည်က...

ကျောင်းသို့ အခြားအရပ်ဒေသ ဒကာများ ရောက်လာကြပြီး ရဟန်း တော်အား သူတို့ သိလိုသည့် တရား တော်နှင့် ပတ်သက်၍ မေးလျှောက်ရန် အတွက် စာဖြင့် နံပါတ်စဉ်တပ် ရေး သားလာကြသည်။

ရဟန်းတော်အား ဖူးတွေ့ရပြီ လျှောက်ပတ်သော စကားများ ရဟန်း တော်မှ မိန့်ကြားနေခြင်းကြောင့် သူတို့ လျှောက်ထားမေးမြန်းရန် အခွင့်မသာ ၍ ရဟန်းတော် မိန့်ကြားနေသည်များ ကိုသာ နာယူနေကြရလေသည်။

ထိုသို့သည် ဒကာများအား တရား နှင့် စပ်ဆိုင်သော စကားများ စဉ်ဆက် မပြတ် မိန့်ကြားနေသည်မှာ အ အတော်ပင် ကြာသွားလေသည်။ ဒကာများ မျက်နှာတို့သည် ထူးဆ



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩသော မျက်နှာထားများ ဖြစ်နေကြသည်။ ရဟန်းတော် စကားရပ်တော့ မှ သေချာ ဖြင့်...

'တပည့်တော်ကို ဆရာတော်ကို မေးလျှောက်ဖို့သိချင်တဲ့ မေးခွန်းတွေက များလွန်းလို့ စာရွက်နဲ့တောင် ရေးမှတ်ယူလာတာပါ။ ဆရာတော်က တပည့်တော်တို့ရေးမှတ်လာတဲ့ မေးခွန်းတွေ တစ်ခုပြီးတစ်ခု မိန့်သွားတာ ဆရာတော် ကြိုသိနေတာ တပည့်တော်ကို အံ့ဩပါတယ် ဘုရား'

ဟု ဒကာတွေက မငုံမရဲ လျှောက်ကြတော့ ရဟန်းတော်က...

'တိုက်ဆိုင်သွားလို့ ဖြစ်မှာပါ'

ဟု မိန့်လေသည်။ ထိုကဲ့သို့သော ကြိုတင်သိရှိပြီး မိန့်ကြားသည့် အကြောင်းအရာ များစွာရှိပါသည်။ ရဟန်းတော်နှင့် ဆရာဒကာလို ရင်းနှီးသွားကြသူတိုင်းတို့သည် မဟုတ်တာ (အ,ကုသိုလ်)ဟူသမျှ စွန့်လွှတ်လိုက်ကြသူချည်း ဖြစ်ကြသည်။ မဟုတ်တာ၊ မကောင်းတာ မလုပ်ရဲကြပါ။

အဘယ်ကြောင့်ဆိုသော် "တို့လုပ်တဲ့ မကောင်းမှုတွေ မည်သူမျှ မသိနိုင်သော်လည်း ဘုန်းဘုန်းကတော့ သိနေမှာပါ" ဆိုသည့် အသိတွေ စာရေးသူ အပါအဝင် ဓမ္မမိတ်ဆွေ ဒကာများစွာ မကောင်းမှုဟူသမျှ ရှောင်ကြသည်။

ဓမ္မမိတ်ဆွေများက ရဟန်းတော်၏ ပရိတ်ရေသည်လည်း လွန်စွာ အစွမ်းထက်ကြောင်း ပြောပြန်ပါသည်။ ထိုအထဲမှ သူတို့အရပ်ဒေသမှ လူတစ်ယောက်သည် လည်ချောင်းတွင် အရိုးစူး၍ အထူးကု ဆရာဝန်ကြီးများပြပြီး ဓာတ်မှန်တို့၊ အထရာဆောင်းတို့ ရိုက်သော်လည်း မည်သည့်အရာမှ စူးခြင်း မရှိဟုသာ အကြိမ်ကြိမ် အဖြေထွက်နေသည်။



ထိုလူနာအား ရဟန်းတော်၏ ပရိတ်ရေ ရရှိထားသောသူက ပရိတ်ရေ တိုက်လိုက်ခြင်းကြောင့် (၁)လက်မ အရှည် ဘောလ်ပင် မင်ချောင်းလုံးခန့် အရိုးကြီးသည် လည်ချောင်းထဲမှ ပရိတ်ရေသောက်အပြီးတွင် နာကျင်ခံစားရမှု မရှိဘဲ ပါးစပ်ထဲမှ ထွက်ကျလာခဲ့ခြင်း အစရှိသော ရဟန်းတော်၏ ပရိတ်ရေအစွမ်းကြောင့် လူနာ အများအပြား ပျောက်ကင်းသွားကြသည်ကို စာမျက်နှာငဲ့၍ မရေးတော့ပါ။

ရဟန်းတော်၏ ပရိတ်ရေ အစွမ်းထက်ကြောင်း သိရှိသွားကြသော လူများ ရဟန်းတော်ထံ ပရိတ်ရေ တောင်းခံလာကြသူများ ဝိုင်းဝိုင်းလည်နေသည်။

ရှုတင်ဆောင် တရားအားထုတ်နေသော ရဟန်းတော်မှာ ညည်းအမြဲရှုပ်နေခြင်းကို မလိုလား။ ထို့ကြောင့် ပရိတ်ရေတောင်းခံသူများနှင့် လာရောက်ဖူးမြော်သူများကိုပါ လုံးဝ လက်ခံခြင်း မပြုတော့။

စာရေးသူအနေနှင့် ရဟန်းတော်ထံမှ ဆံတော်ပူဇော်ချင်သည်။ လူကြုံနှင့် စာရေး၍ ဆံတော်စွန့်ပါရန် လျှောက်ထားလိုက်သည်။ စာရေးသူ ရေးလိုက်သော စာကို ဖတ်၍ ထိုအရပ်မှ ဒကာဒကာမများအား "ဒီစာရေးလိုက်တဲ့ ဒကာဟာ စာရေးဆရာ" ဟု မိန့်ကြားလေသည်။

စာရေးဆရာ ဆိုသည်မှာ ကိုယ်ရေးသောစာ အယ်ဒီတာမှ ရွေးချယ်ပြီး ပုံနှိပ်မဖော်ပြသေးသမျှ စာရေးဆရာဟု ပြောလျှင် တရားမဝင်။ ပြော၍ မရသေးပါ။ စာရေးဝါသနာပါသော်လည်း စာရေးသူ ရေးပို့ထားသောစာ မည်သည့် မဂ္ဂဇင်းတိုက်ကမျှ ဖော်ပြပေးခြင်းလည်း မရှိသေးပါဘဲ စာရေးသူအနေနှင့် စာရေးနေသည်ကို ရဟန်းတော် မသိပါ။ စာရေးဆရာဟု မိန့်ကြားတော့ ကိုယ့်ကိုယ်ကိုယ် မလုံမလဲနှင့် ရှက်ရှက်မိပါသေးသည်။

ရဟန်းတော်မှ စာရေးဆရာဟု မိန့်ကြားခဲ့ပြီး မကြာခင်မှာဘဲ စာရေးသူ ရေးပို့ထားသော ဝတ္ထု၊ ဆောင်းပါးများ လစဉ်လိုလို မဂ္ဂဇင်းတိုက်များမှ ပုံနှိပ်ဖော်ပြပေးခြင်းကို ခံရပါလေသည်။

တစ်နှစ်ကျော်ကျော်ရှိတော့ ရဟန်းတော် သီတင်းသုံးရာ အောက်ဘက်အရပ်မှ ဓမ္မမိတ်ဆွေများ ရဟန်းတော်၏ ဆံတော် ပင့်ဆောင်လာပါသည်။ ထိုအချိန်က ရထားတစ်တန်၊ ကားတစ်တန် စီး၍လာကြရသည်။

ဆံတော်များကို ပုလင်းလေးဖြင့် ထည့်၍ ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ရထားပေါ်တွင် ဆံတော် ထည့်ထားသော ပုလင်းကို ထုတ်ကြည့်သောအခါ ဆံတော်များ တစ်စုတည်း လုံးသွားသည်ကို ပင့်ဆောင်လာကြသူများ အံ့ဩစွာ တွေ့မြင်ကြလေသည်။

စာရေးသူတို့ ရွာရောက်တော့ ဓမ္မမိတ်ဆွေများက သူတို့ တည်းခိုသော အိမ်ဘုရားစင်ပေါ်တွင် ဆံတော် ထည့်ထားသော ပုလင်းအား တင်ထားကြသည်။ စာရေးသူအား ဆံတော်များ

www.burmeseclassic.com

ပင့်ဆောင်လာကြောင်း ပြောပြပါသည်။ ဧည့်သည်များနှင့် စာရေးသူ စကားပြောဆိုနေစဉ် ဖနီးသည်မှ ဆံတော်များ သွားပင့်ပါသည်။

ဧည့်သည်တွေ တည်းခိုသည့်အိမ် ဘုရားစင်ပေါ်မှ ဆံတော်ထည့်ထားသော ပုလင်းထဲမှ ဆံတော်များ မူလက တစ်လုံးတည်း ဖြစ်နေသော်လည်း ယခုမူ အရွယ်တူ ဆံတော်နှစ်လုံး ဖြစ်နေမည်ကို ထူးဆန်းစွာ ဖူးတွေ့ကြတော့ အားလုံး အံ့သြရပြန်သည်။

တည်းခိုအိမ်မှ တစ်လုံး ပူဇော်ရန် တောင်းထားလိုက်သည်။ ထိုဆံတော်မှာ ယနေ့အထိ မူလအတိုင်း အလုံးမပျက်ပင် ရှိနေပါသည်။

ထူးခြားသည်က စာရေးသူတို့ မိသားစု ပူဇော်ထားသော ဆံတော်မှာ အရွယ်အစား အမျိုးမျိုး ပြောင်းလဲနေသည်ကို အမြဲ မြင်တွေ့နေရသည်။ ဒီနေ့ မြင်တွေ့ထားသည်များ နောက်ရက်တွင် ယခင်နေ့ကလို မဟုတ်တော့ဘဲ ပြောင်းလဲနေသည်။

ပင်မဆံတော် အလုံးမှ ခွဲထွက်ကာ တစ်ဆယ့်ကိုးလုံးခန့် ရွှေစေ့လေးများ အရွယ် ပုလင်းအနှံ့ ပျံ့နှံ့ပြီး တစ်လုံးနှင့် တစ်လုံး တစ်စင်တီမီတာခန့်အကွာတွင် ဆံတော်ချောင်း တစ်ချောင်းစီဖြင့် ဆက်၍နေသည်။

ဒီနေ့ ဒီလို ဖူးမြင်ရပေမယ့် နောက်ရက်တွင် မူလအတိုင်းသော် လည်းကောင်း။ အရွယ်တူ ဆံတော်နှစ်ဆူ အဖြစ်သော် လည်းကောင်း ဖူးတွေ့ရပြန်ပါသည်။

ဆံတော်တွေ ပွားသည်ဟု အစကတော့ ထင်မြင်မိပါသည်။ သူတို့လည်း ပူဇော်ချင်ပါသည်ဆိုပြီး ဆံတော်ထည့်ရန် ပုလင်းလေးများ မိတ်ဆွေများက လာပို့ထားကြပါသည်။





'ဒီနေ့ နေဦး နောက်ရက်ဆိုရင် အလုံးညီသွားမယ်နဲ့ တူပါတယ်။ အဲဒီတော့မှ ယူပြီး ပူဇော်ပါ'

ဟု စာရေးသူမှ စေတနာဖြင့် မပေးသေးဘဲ အချိန်ဆွဲလိုက်ပါသည်။

နောက်ရက်ရောက်တော့ အရွယ်တူ ဆံတော်လုံးများ မဖြစ်တော့ဘဲ မူလကလို တစ်လုံးတည်း ပြန်ဖြစ်သွားသည်ကို ကြည့်၍ ပူဇော်ချင်ကြသူများက မပူဇော်ထိုက်၍ အရင်လို ပြန်ဖြစ်သွားတာဆိုပြီး လက်လျှော့သွားကြသည်က အကြိမ်ကြိမ်။ အမှန်မှာမူ ဆံတော်များ ပွားခြင်းမဟုတ် ကွန့်မြူးခြင်းသာ။

**မှတ်ချက် ။ ။ ယခင် ပျံလွန်တော်မူပြီးသော ဆရာတော်ကြီး၏ ဆံတော်များကတော့ ပွားလာပါသည်။**

စာရေးသူသည် ရဟန်းတော်၏ ဆံတော်များ မပူဇော်မီ ကတည်းက နေ့စဉ် ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ ရဟန်းတော်၏ အဆုံးအမနှင့်အညီ နေထိုင်ရင်း စိတ်အညစ်အကြေးများကို နေ့စဉ် ချေချွတ်နေခဲ့သူလည်း ဖြစ်ပါသည်။

ဆံတော်ကို ပူဇော်ခွင့် ရသည်
ဆံတော်၏ တန်ခိုးတော်များ လက်
ပင် အမြဲမြင်တွေ့နေရတော့ ဘာ
ရေးကို အထူးပင် အလေးထား
မိပါသည်။

လွန်ခဲ့သော(၃)နှစ်က စာရေးသူ
အရပ် ရန်ကင်းတောရကျောင်
ရဟန်းတော် တစ်ပါး လာကပ်ပါသ
ထိုနှစ်က တောရဆောက်တည် ရ
(၁၃)ပါး ရှိလေသည်။

ဝါကျွတ်ခါနီးတွင် နဘူးကျ
သုံးသာန် ဆွမ်းခံ လမ်းဘေး၌ သ
အထုပ်ကြီး ပုံသကူ ပစ်ထားသည်
နွားကျောင်းသားလေးများ တွေ့
လျှောက်ထားရာ ဦးပဉ္ဇင်းငယ်လေ
သွားကောက်လေသည်။

ရန်ကုန်ဆရာတော်မှ...

'အပေါ်ဆုံးကစပြီး အငယ်
ဦးပဉ္ဇင်းက စ,ယူပါ'

ဟု မိန့်လေသည်။ ရန်ကင်းတော
တောရကျောင်းတွင် အသက်အ
ဆုံး ဆရာတော်မှာ မြန်အောင်ဆ
တော်ကြီး ဖြစ်လေသည်။ ထို့နော
ရန်ကုန်ဆရာတော် ဖြစ်လေသ
ရန်ကုန်ဆရာတော်မှာ ပထမဆ
တော်ကြီး ပျံလွန်တော်မူပြီးနော
တောရကျောင်းကို ဆက်လ
ထိန်းသိမ်းကာ မြန်မာနိုင်ငံအရပ်ရ
ကြွရောက်လာကြသည့် ရဟန်းတေ
များအား စာဝါချပေးလေသည်။

ဝိနည်းပိုင်းဆိုင်ရာကို အ
အလေးထား တည်ဆောက်စေသ
မြန်အောင်ဆရာတော်ကြီးက ထ
သော်လည်း တောရဆောက်တည်
၍ တောရ ဆောက်တည်သည်
(၂)ဝါသာ ရှိသေးလေသည်။

မြန်အောင်ဆရာတော်နှင့် ရန်
ဆရာတော်အလှည့် ရောက်

www.burmeseclassic.com

www.burmeseclassic.com

သင်္ကန်းကပ်သည့် ဦးပဉ္စင်းလေးက သင်္ကန်းကို အပြုံးပြုံး အလှန်လှန် ကိုင်ကြည့်နေသည်ကို ရန်ကုန်ဆရာ တော်မှ…

'သင်္ကန်းကပ်လေကွာ'

ဟု မိန့်တော့မှ ထိုဦးပဉ္စင်းလေး က…

'ဆရာတော်နဲ့ မြန်အောင်ဆရာ တော်အတွက် သင်္ကန်းတွေက ဖျင် သင်္ကန်းလို ကြမ်းကြမ်းကြီး ဖြစ်နေတဲ့ သင်္ကန်းမို့ တပည့်တော် မကပ်ဝံ့ဖြစ်နေ တာပါ'

ဟု လျှောက်တော့…

'ပြစမ်း'

ဟု ဆိုပြီး ရန်ကုန်ဆရာတော်မှ သင်္ကန်းယူကြည့်သည်။

'ဒါ ကြာသင်္ကန်းလို့ ခေါ်တယ်'

ဟု မိန့်ကြားလေသည်။ မြန်အောင် ဆရာတော်ကြီးသည်လည်း ကြာ သင်္ကန်းတစ်စုံ ရရှိလေသည်။

**မှတ်ချက်။ ။ လွန်ခဲ့သော (၁၀)နှစ်ခန့်က ကြာသင်္ကန်းဈေးတန်ဖိုးမှာ (၃) သိန်းကျော်တန်ပါသည်။ အင်းဝသား ထံသို့ ကြိုတင်ငွေ တစ်သိန်းခွဲ ပေး၍ တစ်နှစ် အချိန်ကာလ စောင့် ဆိုင်းပြီးမှ ရပါသည်။ သင်္ကန်း ရရှိမှ ကျန်ငွေ တစ်သိန်းခွဲကို ပေးရပါ သည်။ ယခုအခါ သိန်း(၂၀)ကျော်ခန့် ရှိပါသည်။**

ယခု ကြာသင်္ကန်းနှစ်စုံ အပါအဝင် သင်္ကန်း(၁၃)စုံ ပုံသကူအလှူအဖြစ် ပေးထားသောသူ မည်သူ ဖြစ်သည်ကို ယနေ့အထိ မည်သူမျှ မသိပါ။

မြန်အောင်ဆရာတော်ကြီးမှ ရဟန်း တော်အား…

'ဦးပဉ္စင်းကို တပည့်တော် ကြည်ညိုလွန်းလို့ တပည့်တော်ရတဲ့ ကြာသင်္ကန်း လှူလိုက်ပါ့မြို့'



ဟု ရဟန်းတော်အား လျှောက် တော့ သူ့တွင်လည်း သင်္ကန်းတစ်စုံ ရထားပြီးဖြစ်၍ လက်မခံလိုကြောင်း ပြန်လျှောက်ထားသည်။ မြန်အောင် ဆရာတော်ကြီးက အကြိမ်ကြိမ် တောင်းပန် လျှောက်ထားခြင်းကြောင့် ကြာသင်္ကန်းအား လက်ခံခဲ့ရလေ သည်။

ရဟန်းတော်က အဓိဋ္ဌာန်ပြု၍ ကိုင်းစက်လေသည်။ နောက်နေ့နံနက် ဆွမ်းစားပြီးချိန်တွင် မြန်အောင်ဆရာ တော်ကြီးအနီး ဝတ်ကြီးဝတ်ငယ် ပြုစု ပေးသည့် ဦးပဉ္စင်းလေး ရဟန်းတော်ထံ ကြွလာပြီး…

'ဦးပဉ္စင်းဘုရား ဆွမ်းကိစ္စပြီးရင် မြန်အောင်ဆရာတော်ကြီးမှ ကြွခဲ့ပါရန် လျှောက်ထားခိုင်းပါတယ် ဘုရား'

ဟု လျှောက်တော့ ရဟန်းတော် လည်း ဦးပဉ္စင်းလေးနောက်မှ လိုက် လာခဲ့သည်။ လမ်းတွင် ရန်ကုန်ဆရာ တော်အနီးတွင် ဝတ်ကြီးဝတ်ငယ် ပြုစု ပေးသည့် ဦးပဉ္စင်းလေးနှင့် တွေ့တော့ ဦးပဉ္စင်းလေးက…

'ဦးပဉ္စင်းဘုရား ရန်ကုန်ဆရာတော် က ပင့်ခိုင်းလိုက်ပါတယ်ဘုရား'

ဟု လျှောက်ပြန်လေသည်။ ရဟန်း တော်က…

'မြန်အောင်ဆရာတော်ကြီး ခေါ် ထားတာ သွားတွေ့ပါဦးမယ်။ ဆရာ တော်ကြီးနဲ့ တွေ့ပြီးမှ ကြွခဲ့ပါမယ်'

ဟု ပြန်၍ လျှောက်လေသည်။ မြန်အောင်ဆရာတော်ကြီးထံ ရောက် လျှင်…

'ဦးပဉ္စင်းဘုရား ညဥ့်(၁၂)နာရီက အသား [illegible] အကာမကြီးတစ်ယောက် တပည့်တော် အိပ်မက်ထဲမှာ ရောက်လာပြီး သူ လှူတဲ့ သင်္ကန်းဟာ ကြာသင်္ကန်း ဖြစ်ပါတယ်။ ဦးပဉ္စင်း သုံးဆောင်ဖြစ်အောင် တိုက်တွန်းပေး ပါလို့ တပည့်တော်ကို လာလျှောက်တယ်'

ဟု မြန်အောင်ဆရာတော်ကြီးက မိန့်ကြားလေသည်။ ထို့နောက် ရန်ကုန် ဆရာတော်ထံ ရဟန်းတော် ရောက် သွားတော့လည်း…

'ဦးပဉ္စင်း မြန်အောင်ဆရာတော်ကြီး လှူတဲ့ ကြာသင်္ကန်း ဦးပဉ္စင်းအသုံးပြုပါ။ ညဥ့် (၁၂)နာရီက အသား[illegible] အကာမကြီး တစ်ယောက် အိပ်မက်ထဲမှာ ရောက်လာပြီး ဦးပဉ္စင်းကို သူ လှူတဲ့ ကြာသင်္ကန်း အသုံး ပြုဖို့ တပည့်တော်ကို တောင်းပန်လျှောက် ထားခိုင်းတယ်'

ဟု ရန်ကုန်ဆရာတော်က မိန့်ပြန် လေသည်။ ရဟန်းတော်ကလည်း…

'တပည့်တော်လဲ ညဥ့်(၁၂)နာရီက ဆရာ တော် မက်သလို အသား[illegible] အကာမကြီး တစ်ယောက် အိပ်မက်ထဲမှာ ရောက်လာပြီး သင်္ကန်းကို ဝတ်ရုံဖို့ လျှောက်ထားပါတယ်။ တပည့်တော် ဝတ်ရုံပါ့မယ်ဘုရား'

ဟု ပြန်လျှောက်လေသည်။ ထို သင်္ကန်းနှင့် ပတ်သက်ပြီး ရဟန်းတော် မှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ပါ။ ထို အကြောင်းများကို သိရှိထားသည့် နဘူးကျောင်းရွာမှ ဦးကျော်သိန်းကို ရဟန်းတော်မှ မည်သူ့မျှ မပြောရန် အထူးသဖြင့် ရဟန်းတော် သီတင်းသုံး ရာ အောက်ဘက်အရပ်တွင် မပြောမိ ဖို့ မိန့်ကြားထားလေသည်။

www.burmeseclassic.com

စာရေးသူ သိရှိသည်မှာ ရဟန်းတော်မှာ ဝတ္ထုငွေကြေး ကိုင်တွယ်သုံးစွဲခြင်း မပြုသည်ဖြစ်၍ ပဲခူး သနပ်ပင် ခရာစုတောကျောင်းသို့ လိုက်ပို့ပေးစဉ် ရဟန်းတော်၏ သင်္ကန်းလျှော်ဖွပ်မည်လုပ်တော့ ဦးကျော်သိန်းမှ သင်္ကန်းကို လုံးခြေမလျှော်ဘဲ လက်ဖဝါးနှင့် ပွတ်လျှော်လျှင် ရသည်ဟု အစချီပြောရင်း ကြာသင်္ကန်း ရရှိသည့် အကြောင်းစုံ သိရှိခဲ့ရသည်။

ရဟန်းတော်မှ ထိုကြာသင်္ကန်းအား လပိုင်းမျှသာ အသုံးပြုပြီး စွန့်ပစ်လိုက်ပါသည်။ စာရေးသူကိုလည်း ရဟန်းတော်က ဦးပဋ္ဌင်းနှင့် ပတ်သက်ပြီး မည်သည့်အကြောင်းကိုမျှ စာမရေးရန် အကြိမ်ကြိမ် မိန့်ကြားခဲ့ပါသည်။ ရဟန်းတော်က ကျောင်းလှူရှင်မှာ မနှစ်သက်၊ ကျော်ကြားမှုကို လုံးဝ မလိုလား၍ ဖြစ်သည်။

စာရေးသူအနေဖြင့် မရေးဖြစ်အောင်လည်း ထိန်းခဲ့ပါသည်။ သို့သော် အမည်ဖော်ပြခွင့်မရှိသော ရဟန်းတော် အနေနှင့် **၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ်(၂၅၄) ပါရမီမဂ္ဂဇင်းတွင်** **"လောဘနှင့် အစားအသောက်** ခေါင်းစဉ်ဖြင့် ရဟန်းတော် မိန့်ကြား[…] သည့် ဆောင်းပါးရေး၍ တင်ပြခဲ့[…] သည်။

ယခုလည်း ဖူးတွေ့ဖူးသူ အ[…] ဒကာမများသာမက သံဃာတော်[…] အရှင်းချင်းပင် လေးစားကြည်ညိုသော[…] ရဟန်းတော်အကြောင်းအား မှတ်တမ်း[…] တင်လိုပါ၍ ရေးသားခြင်းဖြစ်[…] ကြောင်း...

**အေးချမ်းအောင်**
**(ရမည်းသင်း)**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များ[…] ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်[…] ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်ယော[…] ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

**လေးစားစွာဖြင့် . . .**

**ဦးကျော်မိုးသိန်း**
**စာတည်းမှူး**
**နှလုံးလှရောင်ခြည်မဂ္ဂဇင်း**

**စာမျက်နှာ (၂၂၆)မှ အဆက်**

တရုတ်တန်းမှာ နေတာဆိုတော့ သွားလာရတာလဲ လွယ်နေတာကိုးဗျ။ နေ့စဉ် မပျက် သွားတယ်ဗျာ။ ဆုတောင်းတယ်ဗျာ။ တစ်လလောက်လဲ ကြာရော ကလေးတွေ အလုပ်အဆင်ပြေတဲ့ သတင်းကို ရကြားရတော့တာပဲ ကိုအေးကြူရေ။

ဟော ခုတော့ တစ်ယောက် စင်ကာပူ၊ တစ်ယောက် ဩစတေးလျ၊ နောက်တစ်ယောက်က အမေရိကားမှာ အလုပ်တွေလဲ အဆင်ပြေနေကြလို့ ရင်အေးရပြီပေါ့ဗျာ'

'ဒါဆိုတော့ ခင်ဗျား ပြောသလို ဖြူပွားသားပိုက်ရုပ်တုက သားဆုတောင်းမကဘဲ သားသမီးတွေ အတွက်လဲ ဆုတောင်းပြည့်မယ်ဆိုတာ အမှန်ပေါ့ဗျာနော်'

'ဒါပေါ့ဗျ ကျွန်တော့်ကိုယ်တွေ့ပဲဟာ။ ဒါတင် ဘယ်ကမလဲ ကျွန်တော့်အဆိုင်လဲ တစ်ဆိုင်ကနေ နှစ်ဆိုင်၊ နှစ်ဆိုင်ကနေ သုံးဆိုင်တောင် ဖြစ်လာပြီ။ ပြောရင် ခင်ဗျား ယုံချင်မှတောင် ယုံမယ်။ သုံးဆိုင်က တစ်ဆက်တည်းနော်။ ပြီးတော့ ကျွန်တော် ဘာမှ ပြန်ကြည့်စရာ မလိုဘူး။ ဆိုင်မှာ သွားထိုင် ငွေသိမ်းရုံ။ အလုပ်သမားတွေက သူတို့ဟာသူတို့ ရောင်းဝယ်သွားကြတာပဲ'

'အမယ် ဒီလိုတော့လဲ မပြောနဲ့လေဗျာ။ ခင်ဗျားပဲ ပြောဖူးတယ်လေ ခင်ဗျား သူတို့ကို ကိုယ့်သွေးကိုယ့်သားလို သဘောထားပြီး ပေးကျွေးကြည့်ရှုနေတယ်ဆို'

'အင်း ဒါလဲ ဒါပေါ့ဗျာ၊ ဒါပေမယ့် တစ်ခါတလေကျတော့ ကိုယ်က ဘယ်လောက်ပဲ ကောင်းပါစေ၊ သူတို့ကိုက မကောင်းတာတာတွေလဲ ရှိတယ်ဗျ။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်တော် တွေ[…] ကတော့ သားသမီးတွေအတွက် အဓိ[…] ဝင် ဆုတောင်းရင်းနဲ့ ဖီးပွားရေးမှာပါ အ[…] အပွားအနေနဲ့ အကျိုးပေးလာတာ[…] မသိဘူး။

ကျွန်တော်ကတော့ဗျာ အထ[…] စိတ်ကောင်းထားတယ်။ ကူညီ[…] အမြဲအနစ်နာခံ တယ်။ မေတ္တာပို့တယ်ဗျာ[…]'

ကျွန်တော် တစ်ဦးတည်း၏ အ[…] အရမှ လေးခုခါတ်ပုံ ရွှေတိဂုံ[…] တော်မြတ်ကြီး၏ တန်ခိုးတော် အ[…] ကြောင့်လည်း ပါမည်ဟု ယုံကြ[…] သည်။ မည်သို့ဆိုစေ ကောင်းတာ[…] လျှင် ကောင်းတာ ဖြစ်မည်[…] နိဂုံးချုပ်လိုပါသည်။

**ရွှင်လန်း ကျွန်းမာကြပါစေ[…]**

**(မောင်အေးကြူ (စီးပွားရေး))**

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနန္တသုခ တိုင်းရင်းဆေးခန်း

# ဆရာမ ဒေါ်ကလျာစိုး

(တဆ-၀၁၆၁၇) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# မီးယပ်သွေးဆုံးရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

ဖြောင်းမြ မောင်ယဉ်တင့်

မီးယပ်သွေးဆုံးခြင်းဟာ အမျိုးသမီး တိုင်း ကြုံတွေ့ရမယ့် ဖြစ်စဉ်တစ်ခုပါ။ ကောင်းသောသွေးဆုံးခြင်း (သို့မဟုတ်) မှန်ကန်သော သွေးဆုံးခြင်းနဲ့ မူမမှန် သွေးဆုံးခြင်းများ ရှိပါတယ်။ မှန်ကန် သော သွေးဆုံးခြင်းဟာ ရောဂါဝေဒနာ မခံစားရပေမယ့် မူမမှန် သွေးဆုံးခြင်း ဟာ ဆင့်ပွားရောဂါ အမျိုးမျိုး ခံစားရ တတ်ပါတယ်။

အဲဒီ မီးယပ်သွေးဆုံးခြင်းနဲ့ ပတ် သက်ပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ် အမျိုးသမီးများ မီးယပ်သွေးဆုံးချိန်မတိုင်မီ ကြိုတင် ကာကွယ်စောင့်ရှောက်နည်းများ သိရှိ ဖို့အတွက် တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ အမျိုးသမီးတိုင်းရင်း ဆေးဆရာမ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ဆရာမ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံ ဆွေးနွေးခြင်းဟာ အမျိုးသမီးထု အားလုံးအတွက် အကျိုးကျေးဇူး ရရှိ စေနိုင်မှာ ဖြစ်တဲ့အတွက် ဆေးကုသက် (၁၅)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာမ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက် ပါတယ်။

■ **"ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးမှာ ကတော့ မီးယပ်သွေးဆုံးရောဂါ အကြောင်းများနဲ့ ကာကွယ်စောင့် ရှောက်နည်းတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမ အမျိုးသမီး များ မီးယပ်သွေးဆုံးချိန် အသက် သတ်မှတ်ချက် ရှိမရှိ၊ သွေးဆုံးပုံ ချင်း တူမတူ စတဲ့ အချက်တွေကို ပြောပြ ပေးပါဦး"**

❒ 'အမျိုးသမီးများ ဓမ္မတာအရ လစဉ် ရာသီပန်းပွင့်လန်းရာမှ သွေးပေါ် ခြင်း လုံးဝ ရပ်ဆိုင်းတဲ့ အချိန်ကို မီးယပ်သွေးဆုံးချိန်လို့ ခေါ်ပါတယ်။

မီးယပ်သွေးဆုံးချိန်ဟာ တစ်



◆ ဆရာမ ဒေါ်ကလျာစိုး(တဆ-၀၁၆၁၇)

ယောက်နဲ့တစ်ယောက် အသက် မတူကြပါဘူး။

တချို့ အသက် (၃၅)နှစ်မှ အသက် (၄၅)နှစ်အတွင်း သွေးဆုံးသူများ ရှိ သလို တချို့ အသက်(၅၀)မှ အသက် (၅၅)နှစ်ကြား သွေးဆုံးသူများလဲ ရှိပါ တယ်။

ယေဘုယျအားဖြင့် အသက်(၅၀) အသက်(၅၁)နှစ်ကို သွေးဆုံးချိန်လို့ သတ်မှတ်ကြပါတယ်။

သွေးဆုံးပုံချင်း တူမတူဆိုတဲ့ အချက်ကို ပြောရရင် အသက်(၄၅)နှစ် မှ အသက်(၅၀)အတွင်း ဓမ္မတာအရ ပုံမှန်ဆင်းကာ ဆုံးသွားခြင်းကို ကောင်း မွန်သော သွေးဆုံးခြင်း (သို့မဟုတ်) မှန်ကန်သော သွေးဆုံးခြင်းလို့ ခေါ်ပါ တယ်။

မူမမှန်တဲ့ သွေးဆုံးပုံ(၄)မျိုး ရှိပါ တယ်။ အဲဒါတွေကတော့...

၁။ သွေးခန်း၍ ကြိုတင်သွေးဆုံးခြင်း၊

၂။ ချုပ်ဆုံးခြင်း။

၃။ ဖြတ်ဆုံးခြင်း။

၄။ မခံဆုံးခြင်း...

ဆိုပြီး (၄)မျိုး ရှိပါတယ်'

■ **"ဆရာမ ပြောခဲ့တဲ့ မူမမှန် သွေးဆုံး ပုံ (၄)မျိုးကို တစ်ခုချင်း ရှင်းပြပေး ပါဦး"**

❒ 'မူမမှန်တဲ့ သွေးဆုံးပုံ(၄)မျိုးထဲက သွေးခန်း၍ ကြိုတင်ဆုံးခြင်းဟာ သားသမီးမွေးဖွားမှု အကြိမ်များတဲ့ သူ၊ စိတ်သောက ပင်ပန်းအပူများ သူ၊ သွေးအန် သွေးလျှံ သွေးလွန် သွေးဝမ်းသွား စတဲ့ သွေးအားနည်း စေမယ့်ရောဂါတွေကြောင့်ဖြစ်စေ၊ ပန်းနာ အဆုတ်နာကြောင့်ဖြစ်စေ...





www.burmeseclassic.com

www.burmeseclassic.com

ပဋိသန္ဓေတားဆေး၊ ဆေးပြားများ အသောက်များခြင်း၊ ချဉ်၊ငန်၊ပူ၊စပ် အစားအစာများ လွန်ကျူးစွာ စားသုံးခြင်း၊ ကုန်ခန်းသွားတဲ့ အားကို ဆေးဓာတ်စာ အစာအာဟာရဓာတ် ပြည့်ဝစွာ မစားနိုင်သူတွေဟာ သွေးခန်းပြီး ကြိုတင်သွေးဆုံးတတ်ပါတယ်။

အဲဒီသွေးခန်းပြီး ကြိုတင် သွေးဆုံးတဲ့အမျိုးသမီးတွေဟာ နှလုံးတုန်ရင်ခုန်မောခြင်း၊ ကျောအောင့်ခြင်း၊ အိပ်မပျော်ခြင်း၊ အကျိတ်အဖုငယ်များ ပေါက်ခြင်းတွေ ဖြစ်တတ်ပါတယ်။

ချုပ်ဆုံးခြင်းကတော့ ယိုစီးစရာ သွေး မရှိလို့ မဟုတ်ဘဲ သွေးရှိလျက်နဲ့ ယိုစီးဖို့ တွန်းကန်ပို့ဆောင်ပေးမယ့် လေချုပ်လို့ ကြိုတင်သွေးဆုံးခြင်း ဖြစ်ပါတယ်။

လက်ဖက်၊ လက်ဖက်ရည် စတဲ့ ဖန်ချုပ်စေတဲ့ အစားအစာများ လွန်ကဲစွာ စားသုံးသူတွေ၊ အစာမကြေ လေရောဂါရှိသူတွေ၊ သမံတလင်း စတဲ့ အေးတဲ့နေရာတွေမှာ နေထိုင်မှုများတဲ့ သူတွေဟာ ချုပ်ဆုံးခြင်းမျိုး ဖြစ်တတ်ပါတယ်။

အဲဒီချုပ်ဆုံးခြင်းဖြစ်တဲ့ အမျိုးသမီးတွေဟာ လေဖျန်းခြင်း၊ အကြောဆွဲ အကြောတက်ခြင်း၊ လက်တစ်ချောင်းတည်း ကွေးညွတ်ဆန့်မရခြင်း၊ လက်တစ်ဖက်ရောင်ခြင်း၊ ဘယ်နေရာကို နှိပ်နှိပ် လေအန့်ခြင်း၊ မေ့လျော့တတ်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်အလိုမကျဖြစ်ခြင်း၊ လူများနဲ့ ရောနှောမနေလိုခြင်း စတဲ့ လက္ခဏာတွေ ဖြစ်တတ်ပါတယ်။

**ဖြတ်ဆုံးခြင်းကတော့** သွေးဆင်းရာလမ်းကြောင်း၊ မျိုးဥအိမ်၊ သားအိမ်တို့ကို ဖြတ်တောက်၍ ကြိုတင်သွေးဆုံးခြင်းကို ဖြတ်ဆုံးခြင်းလို့ ခေါ်ပါတယ်။

အသက်အန္တရာယ် တစ်ခုခုကြောင့် မဖြစ်မနေ ဖြတ်တောက်လိုက်ရတဲ့အတွက် သွေးများဟာ ဆင်းသက်စရာလမ်းမရှိဘဲ သွေးကြောကြီးငယ်များသို့ ပြန်ဝင်ရောက်ပြီး သွေးအန်၊ သွေးဖော၊ သွေးဖျဉ်း၊ လည်ပင်းကြီးခြင်း၊ အိပ်မပျော်ခြင်း၊ ဘယ်တစ်ခြမ်းမျက်နှာ လေဖြန်းခြင်း၊ ဘယ်တစ်ခြမ်းလေးခြင်း၊ ဘယ်ဘက်တစ်ခြမ်း စောင်းအိပ်ရင် အသက်ရှူမဝခြင်း စတဲ့ ဘယ်ဘက်တွင်သာ အပြစ်တွေ့ရတတ်ပါတယ်။

ခန္ဓာကိုယ်အတွင်း သွေးပုပ် များလာပြီး တဖြည်းဖြည်း ဝလာတတ်ပါတယ်။ ကောင်းတဲ့ဝခြင်းမျိုး မဟုတ်ဘဲ နှလုံးကျဉ်းတဲ့ဘက်မှ ကျဉ်တတ်ပါတယ်။ လေဖြတ်ဖို့ အလားအလာ များပါတယ်။

မဆုံးခြင်း ဆိုတာကတော့ သွေးဆုံးချိန် ရောက်ပေမယ့် မဆုံးဘဲ ဆင်းနေခြင်းကို မဆုံးလို့ ခေါ်ပါတယ်။ သွေးတိုးရောဂါရှိသူ၊ သွေးပွားရောဂါရှိသူ၊ ကျောက်ကပ်ဖောရောင် ရှိသူတွေမှာ အများဆုံး တွေ့ရပါတယ်။ တချို့ အသက်(၅၅)နှစ်ကျော်မှ သွေးဆုံးကြသူတွေလဲ ရှိပါတယ်။ အဲဒါတွေဟာ မှုမမှန်တဲ့ သွေးဆုံးပုံတွေ ဖြစ်ပါတယ်'

■ **'အမျိုးသမီးများ သွေးဆုံးခါနီး အချိန်မှာ ဘယ်လိုဖြစ်တတ်ပါသလဲ၊ ဆက်ပြီး ပြောပြပေးပါဦး'**

❒ 'အမျိုးသမီးများ သွေးဆုံးခါနီး အချိန်မှာ တစ်လတစ်ခါ ဓမ္မတာ ပုံမှန်သွေးဆင်းရာမှ တစ်လ၊နှစ်လ ရပ်ဆိုင်းသွားခြင်း၊ တစ်လတည်းမှာ ဓမ္မတာ သွေးနှစ်ကြိမ်၊သုံးကြိမ် ဆင်းခြင်း၊ သွေးအနည်းငယ် ရက်ရှည်ဆင်းခြင်း စသဖြင့် ဖောက်ပြန်လာတတ်ပါတယ်။ အဲဒီအချိန်ကို သွေးဆုံးခါနီးအချိန်လို့ ခေါ်ပါတယ်'

■ **'မီးယပ်သွေးဆုံးချိန်မှာ ကြုံတွေ့ရတဲ့ လက္ခဏာများကိုလဲ ပြောပြပါဦး'**

❒ 'မီးယပ်သွေးဆုံးချိန်မှာ ပထမဆုံး သိသာထင်ရှားတဲ့ လက္ခဏာကတော့ ချွေးစေးများ ရုတ်တရက် ထွက်လာတတ်ပါတယ်။ ဖြစ်စမှာ ဆယ်မိနစ်၊ ဆယ့်မိနစ် ချွေးစေးပြန်ပြီး ချွေးများ ရွှဲနေတတ်ပါတယ်။ တစ်ခဏအကြာမှာ ဖချွေးစေးများ ပျောက်သွားတတ်ပါတယ်။ စိတ်လဲ ဂယောက်ဂယက် ဖြစ်တတ်ပါတယ်။

၁။ အသေးအဖွဲ့ ကိစ္စလေးကိုပင် စိတ်တိုလွယ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း၊

၂။ ဗီဒီယို (သို့မဟုတ်) ရုပ်ရှင်ကြည့်ရင်း စိတ်မထိန်းနိုင်ဘဲ ငိုခြင်း၊ ရှိုက်ကြီးတငင် ငိုကြွေးခြင်း၊

၃။ မိသားစုနဲ့ မသင့်မြတ်ခြင်း၊

၄။ ခေါင်းမူးပြီး လေးလံထိုင်းမှိုင်းလာခြင်း၊

၅။ အလိုလိုနေရင်း ပင်ပန်းနွမ်းနယ်ခြင်း၊

၆။ ကတုန်ကယင်ဖြစ်ခြင်း၊

၇။ လက်ဖျားများ အေးစက်လာခြင်း၊

၈။ ရင်တုန်ခြင်း၊

၉။ လိင်စိတ် အမျိုးမျိုးဖြစ်ခြင်း၊(တချို့ အမျိုးသမီးများ လိင်စိတ်တက်ကြွပြီး အချို့ အမျိုးသမီးများ လိင်စိတ်ကုန်ခန်းခြင်း)၊

၁၀။ အိပ်မပျော်ခြင်း၊ အိပ်နေစဉ် အိပ်မက်ဆိုးများ မက်ပြီး ရုတ်တရက် နိုးကာ နှလုံးတုန်မောပန်းခြင်း စတဲ့ လက္ခဏာဝေဒနာတွေဟာ မီးယပ်သွေးဆုံးချိန်မှာ ကြုံတွေ့ရတဲ့ ရောဂါလက္ခဏာတွေ ဖြစ်ပါတယ်'

■ **'မီးယပ်သွေးဆုံးချိန်မှာ မီးယပ်သွေးဆုံးရောဂါ ခံစားနေရတဲ့ အမျိုးသမီးများရဲ့ ပြဿနာများကိုလဲ သိချ**





www.burmeseclassic.com

www.burmeseclassic.com

ရစေ'

❐ 'မီးယပ်သွေးဆုံးရောဂါ ခံစားရပြီး သွေးဆုံးပြီးနောက်ပိုင်းမှာ သိသိသာသာ ခါးကုန်းလာတာ တွေ့ရတတ်ပါတယ်။ အဲဒီလို ခါးကုန်းလာခြင်းဟာ အရိုးပွခြင်း၊ အရိုးကြွပ်ဆတ်တဲ့ ဝေဒနာရှိကြောင်း ရှေ့ပြေးသင်္ကေတ ဖြစ်ပါတယ်။

အဲဒီလို ဖြစ်ရခြင်းဟာ အရိုးပါးခြင်း၊ အရိုးပွခြင်း အနည်းငယ် ပြင်းထန်လာတဲ့အတွက် ကျောရိုးများ ပုံပျက်လာခြင်းကြောင့် ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ သွေးဆုံးပြီး မကြာမီ ချိုင်းချွေးထွက်မှု လျော့နည်းကာ ယခင်ကလောက် အနံ့အသက် မပြင်းတော့ကြောင်း တွေ့ရပါတယ်။ မ,ဟော်မုန်းဓာတ် လျော့နည်းသွားခြင်းကြောင့် ဆံပင်၊ ချိုင်းမွှေး၊ ဆီးစပ်မွှေးများ ပါးလာတတ်ပါတယ်။

အချို့ မိန်းမကိုယ် ယားယံခြင်းတို့ ဖြစ်တတ်ပါတယ်။ အဲဒီလို ယားယံခြင်းဟာ လိင်ဆက်ဆံမှုများကြောင့် ပိုးများဝင်ရောက်လာခြင်း၊ တုပ်ကောင်စွဲခြင်း၊ ဆီးချိုသွေးချိုကြောင့်ဖြစ်ခြင်း စတဲ့ အကြောင်းများကြောင့် ဖြစ်ပါတယ်'

■ **'မီးယပ်သွေးဆုံးချိန်မှာ သွေးဆုံးကိုင်ဝေဒနာ မခံစားရအောင် ကြိုတင်ကာကွယ်နိုင်တဲ့ အချက်အလက်များကို သိပါရစေ'**

❐ 'မီးယပ်သွေးဆုံးချိန်မှာ သွေးဆုံးကိုင်ရောဂါဝေဒနာ မခံစားရအောင် ကြိုတင်ကာကွယ်နိုင်တဲ့ အချက်အလက်တွေကတော့, အရွယ်ရောက်တဲ့ အမျိုးသမီးတိုင်း သွေးဆုံးချိန်မှာ အရိုးပါးရောဂါ မဖြစ်ပွားစေဖို့ အရိုးသန်မာဖို့ လိုအပ်ပါတယ်။

နေ့စဉ် ကယ်လ်စီယမ်(၁၂၀၀ မှ ၁၅၀၀)မီလီဂရမ် စားသုံးရန် လိုအပ်ပါတယ်။ ဗီတာမင်ဒီလဲ နေ့စဉ်(၄၀၀ IUS) လိုအပ်ပါတယ်။ ဗီတာမင်ဒီဓာတ် ကြွယ်ဝစွာ ပါဝင်တဲ့ ငါးကြီးဆီ၊ ထောပတ်၊ နွားနို့နဲ့ ကြက်ဥအနှစ်ကို စားသုံးဖို့ လိုအပ်ပါတယ်။

မနက်စောစော (၉)နာရီမထိုးမီ နေပူဆာလှုံရင် ဗီတာမင်ဓာတ် ရရှိစေပါတယ်။ သွပ်ဓာတ်ဟာ ထုံးဓာတ် (ကယ်လ်စီယမ်ဓာတ်) စုတ်ယူမှု အားကောင်းစေတဲ့အတွက် သွပ်ဓာတ်ပါဝင်တဲ့ ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ကိုကိုးတို့ကို စားသုံးရပါမယ်။ ကျန်းမာရေး လေ့ကျင့်ခန်းယူခြင်း၊ လမ်းလျှောက်ခြင်း၊ ကြိုးခုန်ခြင်းတို့ကို ပြုလုပ်သင့်ပါတယ်။

သွေးဆုံးချိန် ရောဂါဝေဒနာ ပြင်းထန်စွာ မခံစားရအောင် ငယ်စဉ်ကပင် သင့်တင့်တဲ့ အစားအစာ စားသောက်ခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်း၊ စီးကရက်၊ ဆေးလိပ်၊ အရက်သောက်ခြင်းကို ရှောင်ကြဉ်ရပါတယ်။ အချိုဓာတ် အငန်ဓာတ် လွန်ကဲစွာ စားသောက်ခြင်းကို ရှောင်ကြဉ်ရပါမယ်။

သင့်လျော်တဲ့ အစားအစာများကတော့...

၁။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနဲ့ အစိမ်းရောင် ဟင်းသီးရွက်များ။
၂။ လုံးတီး အစေ့ဆန်များ။
၃။ အဆီနည်းတဲ့ နို့နဲ့ နို့ထွက်ပစ္စည်း (နေ့စဉ် မနက်တစ်ခွက်၊ ညတစ်ခွက် နွားနို့နှစ်ခွက် သောက်သုံးသင့်ပါတယ်။)
၄။ အရိုးပါ စားလို့ရတဲ့ ငါးကလေးများ တစ်ပတ်မှာ (၃)ရက်စားပါ။
၅။ ဆာဒင်းငါး, ဆယ်မွန်ငါး(ငါးသေတ္တာငါး)များ တစ်ပတ်လျှင် (၂)ရက် စားပါ။
၆။ လတ်ဆတ်သော သစ်သီးများ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ သဘော်သီး စားပါ။
၇။ အယ်မွန်သီး, သစ်ကြားသီး, နေကြာစေ့ သင့်လျော်သလို စားပါ။
၈။ ဆရာဝန် ညွှန်ကြားချက်အတိုင်း ကယ်လ်စီယမ် ဆေးပြားသောက်ပါ။
၉။ ပဲပုပ်နဲ့ ပဲပုပ်ဖြင့် ပြုလုပ်ထားသော အစားအစာများကို နေ့စဉ် (သို့မဟုတ်) တစ်ပတ်ကို ငါးကြိမ်စားပါ။

အထက်မှာ ပြောခဲ့တဲ့အတိုင်း ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ကြိုးခုန်ခြင်း စတဲ့ အားကစားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်း၊ သင့်တော်တဲ့ အစားအစာများ စားသောက်ခြင်း၊ အာဟာရ မဖြစ်တဲ့ အစားအစာများ လျှော့စားခြင်းများကို စနစ်တကျ နေထိုင်စားသောက်မယ်ဆိုရင် သွေးဆုံးချိန် သွေးဆုံးကိုင်ရောဂါဝေဒနာ ခံစားရခြင်းမှ ကင်းဝေးမှာ ဖြစ်ပါတယ်။

အထက်ပါ အချက်အလက်တွေဟာ ကျွန်မရဲ့ ဆေးကုသက် (၁၅)နှစ်ခန့် အတွေ့အကြုံနဲ့ အင်တာနက်မှ Medical Updateကို မှီငြမ်းကိုးကားပြီး ပြောခဲ့တာ ဖြစ်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

ဆရာမ ဒေါ်ကလျာစိုးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...


**ဆရာမ ဒေါ်ကလျာစိုး**
တိုင်းရင်းဆေးဒီပလိုမာ(မန္တလေး)
**အနုဿသုခတိုင်းရင်းဆေးခန်း**
အမှတ်(၂၅၇)၊ ဗိုလ်ချုပ်(၁၈)လမ်း၊
(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉ ၅၁၈၂၂၄၁၊ ၀၉ ၅၀၇၄၇၉၉


**ဖြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# မီးအပူကိုင်ခြင်း

ထင်းဝေးစေသည့်နည်း



အလှူပွဲကြီးများ၊ မင်္ဂလာဆောင်ပွဲများတွင် လူအများ ကျွေးမွေးဧည့်ခံရန် ဆန် တင်း (၁၀)တင်း၊ (၁၅)တင်းချက်၊ ပဲဟင်း(၁၀)ဒယ်၊ (၁၅)ဒယ် ငါးသလောက်ပေါင်း၊ ငါးခြောက်အစိုကြော်၊အခြောက်ကြော် မည်သည့်ဟင်းလျာနှင့် ကျွေးမွေး ဧည့်ခံ၊ဧည့်ခံ အစိက ချက်ပြုတ်ကြော်လှော်ရသည့် သူတို့မှာ မီးဖိုချောင် ထမင်းဟင်းချက်သမားတို့ပင် ဖြစ်သည်။

ပေါင်းထမင်းချက်ချက် ငါးသလောက် ပေါင်းသည့်အခါတို့တွင် ချက်ပြုတ်သူတို့မှာ မီးဖိုနားက ခွာ၍မရ၊ ချက်ပြုတ်ရသည့်မှာ မီးကပူ၍ ချွေးတလုံးလုံးနှင့် မီးပူသည့်ဒဏ်ကို ခံကြရသည်။

စာရေးသူတို့ ရွာထဲမှ ကိုတင်ထွန်း ဆိုလျှင် အလှူပွဲ၊ မင်္ဂလာဆောင်ပွဲတိုင်း သူမပါလျှင် မပြီး၊ ထမင်းဟင်းချက်၊ ငါးသလောက်ပေါင်း၊ ကြက်သွန်ကြော်သည့်အခါတို့တွင် ပွဲတိုင်းလို အမြဲချက်ပြုတ်ပေးရသူလည်း ဖြစ်သည်။

ထိုကဲ့သို့ စားဖိုဆောင်ဝင် ချက်ပြုတ်ရသူတို့အဖို့ အခန့်မသင့်လျှင် မီးအပူက လူတို့အား ကူးစက်ကာ အပူလောင် အပူကိုင်ခြင်း ခံကြရသည်။

ကိုတင်ထွန်းမှာ အလှူပွဲ၊ မင်္ဂလာဆောင်ပွဲတို့အတွက် ထမင်းဟင်းချက်၊ ငါးသလောက် ပေါင်းရမည်ဆိုလျှင် အနည်းဆုံး **အုန်းသီးနှစ်လုံးနှင့် သကြား အစိတ်သားဆောင်းကာ ချက်ပြုတ်သူတို့အား အုန်းရည် သောက်နိုင်းလေ့ရှိပါသည်။**

စာရေးသူမှ...

'ကိုတင်ထွန်း... အုန်းသီးနဲ့ အုန်းရည်က ဘာလို့ သောက်ပေးရတာလဲ'

ဟု မေးမြန်းကြည့်ရာ...

'အုန်းရည် သောက်တာက မီးပူဒဏ် ခံတယ်၊ အပူကိုင် မခံရဘူး'

ဟု ပြောပြပါသည်။

အုန်းသီး၊ အုန်းရည်မှာ ထွက်စာဖြစ်၍ ထမင်းချက်သူ၊ ငါးသလောက်ပေါင်းသူတို့ မီးဖိုခွင်နား တစ်နေ့လုံး၊ တစ်ညလုံး မီးထိုးနေရချိန် သောက်ရခြင်းဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

ကျွန်တော်တို့ မြစ်အနောက် ဆင်ဖြူကျွန်းဘက်ကဆိုလျှင် အခုလို အလှူပွဲကြီးတွေ ချက်ရ၊ ငါးသလောက်နပ်ရသည့်သူတွေဖို့ အုန်းရည်ပွဲတည်သည့် ဇလုံးကြီးနှင့် ဖောက်စပ်ပြီး မီးဖိုနားချပေးထားကာ အုန်းရည်ဖောက်စပ်တာက လူအနည်းအများလိုက်၍ စပ်ရခြင်းဖြစ်သည်။

ထိုကဲ့သို့ အုန်းရည်အား သောက်ပေးခြင်းဖြင့် အပူကိုင်ခြင်း၊ အပူကူးစက်ခြင်း မခံရဟု သိရပါသည်။

အုန်းရည်စပ်သည်မှာ ဖိုခွင်ချက်ပြုတ်သူ အနည်းအများလိုက်၍ စပ်၍ သောက်ခြင်းဖြစ်သည်။ လူငါးယောက်၊ ခြောက်ယောက် ချက်ပြုတ်သူတို့အဖို့ အနည်းဆုံး အုန်းသီး(၂)လုံး သကြား အစိတ်သား၊ ထို့ထက် လူဦးရေများလျှင် အုန်းသီး၊ သကြား ပို၍ စပ်ရမည်။

**စပ်နည်းမှာ...**

အုန်းသီးအရည်ပါ(၂)လုံးအား အုန်းခြစ်နှင့် နုပ်နုပ်ခြစ်၍ စိတ်ပြီးလျှင် သကြားအစိတ်သား အုန်းရည်နှင့် ရေကို ရေသန့်ဘူး(၃)လုံးစာ ရောစပ်မွှေရန် ဖြစ်သည်။ ချက်ပြုတ်နေချိန်တွင် ရေအစား သောက်သုံးရန် ဖြစ်သည်။

*[ပြောပြပေးသူ ကိုတင်ထွန်းအား ကျေးဇူးတင်လျက်...]*

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

# ဒုက္ခပ္ပတ္တာ ဂါထာနှင့်

ကျွန်နိုပ်အမြင် ကိုယ်တွေ့များ

"ဒုက္ခပ္ပတ္တာ"ဂါထာတော်ကို **မေတ္တာဂါထာ**ဟု ပြောချင်သည်။ **ဆင်းရဲခြင်း၊ ပူးဆွေးသောကရောက်ခြင်း၊ ဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရခြင်း** စသည်တို့မှ ကင်းဝေးကြစေရန် အာသီသ ပြုထားသော ကြောင့်ဖြစ်၏။

ဂါထာ အပြည့်အစုံမှာ...

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဟူ၍ ဖြစ်၏။ **အနက်ဖွင့်ကြည့်ကြရအောင်၊**

**ဒုက္ခပ္ပတ္တာ၊** ဆင်းရဲရောက်နေကြကုန်သော။ **သဗ္ဗေပိ၊** ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ **ပါဏိနော၊** တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ **နိဒ္ဒုက္ခာ၊** ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်။ **ဟောန္တု၊** ဖြစ်ကြပါစေကုန်သတည်း။

**ဘယပ္ပတ္တာ၊** ကြောက်လန့်မအေးဘေးနှင့်ရင်ဆိုင် တွေ့နေကြကုန်သော။ **သဗ္ဗေပိ၊** ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ **ပါဏိနော၊** တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ **နိဗ္ဘယာ စ၊** ကြောက်လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်။ **ဟောန္တု၊** ဖြစ်ကြပါစေကုန်သတည်း။

**သောကပ္ပတ္တာ၊** စိုးရိမ်ကြောင့်ကြ ဗျာပဒသို့ ရောက်၍ နေကြကုန်သော။ **သဗ္ဗေပိ၊** ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ **ပါဏိနော၊** တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ **နိသောကာ စ၊** ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း ကင်းကြသည်။ **ဟောန္တု၊** ဖြစ်ကြပါစေကုန်သတည်း။

အဓိပ္ပာယ်ကို ရွတ်ဆိုရန် မလို သိဖို့တော့ လို၏။ သို့မှသာ အနှစ်သာရပိုင်းကို မြင်တွေ့ခံစားနိုင်မှာဖြစ်၏။ တူသောအကျိုး ခံစားရဖို့ စိတ်ထားတတ်ရန် လိုသလို **အားထုတ်ရမည့် နေရာမှန်ဖို့လည်း** လို၏။ နေရာမှန်လျှင် အားထုတ်ရာ၌ စိတ်ချမ်းသာမှု ရစေနိုင်၏။

ထို့ကြောင့် ကျွန်ုပ်သည် **မဟာကာရုဏာရုပ်ပွားတော်ရှေ့တွင်** ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)၌ အားထုတ်လေ့ရှိပါသည်။ **ထူးခြားချက်မှာ မေတ္တာပေး၍ မေတ္တာရခြင်းပင်ဖြစ်၏။**

မေတ္တာတရားဖြင့် မွမ်းထုံထားသော ပုဂ္ဂိုလ်၏စိတ်သည် နူးညံ့သိမ်မွေ့ကာ အစဉ်အေးမြနေ၏။ သည်းခံစိတ်၊ စာနာစိတ်များလည်း ပြည့်ဝလာတော့၏။ ဤသည်မှာ စိတ်ပိုင်းဆိုင်ရာ ထူးခြားချက်များဖြစ်၏။

ရုပ်ပိုင်းဆိုင်ရာအားဖြင့် မေတ္တာကြောင့် မိတ်ဆွေကောင်းများ တိုးပွားခြင်းကို ဖြစ်စေတော့၏။ တစ်နည်းအားဖြင့် စန်းပွင့်(လူချစ်လူခင်များခြင်း)လာ၏။ စန်းပွင့်သောကြောင့် အရာရာ၌ အောင်မြင်မှုများ ရရှိလာတော့၏။

ပြောချင်ပါသေးသည်။ ဝါခေါင်လပြည့်မှ အားထုတ်ရသော ကျွန်ုပ်ဟု မဆိုလို။ နှင့်အကျိုးမပေး၊ ရက်မရွေး အားထုတ်နိုင် ကြောင်း သိစေရမည်။

ထို့ကြောင့် **မဟာဘုတ်ဂြိုဟ်ခွင်၌ တနင်္လာဂြိုဟ်သည် မရဏအိမ်၊ ဘင်္ဂအိမ်၊ ပုတိအိမ်တွင် ရပ်တည်နေပါက အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်အပ်၏။ တနင်္လာသားသမီး ဖြစ်ခဲ့လျှင်** အထူး ဆောင်ရွက်စေချင်သည်။ မွေးနေ့တိုင်း တစ်လတစ်ကြိမ်ခန့် အားထုတ်ရန် ဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရလျှင် **(၁)ကြွင်း တနင်္လာသားသမီး၊ (၂)ကြွင်း၊ တနင်္လာသားသမီး (၆)ကြွင်း၊ တနင်္လာသားသမီးများ** အားထုတ်ရမည်။

မဟာကာရုဏာရုပ်ပွားတော်ရှေ့ (သို့မဟုတ်) ပုံတော်ရှေ့(*ပုံတော်ကြီးရမည်။*)တွင် အားထုတ်ရသည်။ **မဟာကာရုဏာကို ခံယူသောအားဖြင့်...**

မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ၊
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ၊
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။



◆ မဟာကာရုဏာရှင် မြတ်စွာဘုရား

ဂါထာကို (၁)ခေါက် ရွတ်ဖတ်သရဇ္ဈာယ်ကာ ဂါရဝပြုရမည်။

**ပြီးလျှင် မွှေးသော အမြွှာရောင်ပန်း (၁၅)မွှင့်ကို လှူဒါန်းရမည်။ အလင်းတိုင်၊ နံ့သာတိုင်၊ ရေဆာက် ကပ်လှူခြင်းကို ဖိမိ နှစ်သက်သလို ဆောင်ရွက်နိုင်ပါသည်။**

**အမြွှာရောင်သည် တနင်္လာနံကို ကိုယ်စားပြုသလို မေတ္တာ၏ အရောင်၊ မေတ္တာ၏ အရောင်ကို တစ်နည်းအားဖြင့် ဖော်ကျူးထားခြင်းလည်းဖြစ်၏။ တနင်္လာဂြိုဟ်သက်သည် (၁၅)နှစ်ရှိ၍ (၁၅)မွှင့် လှူရန် ထုံးဖြတ်ပါသည်။**

**ဆောင်ရွက်ရမည့် အချိန်မှာ** အာပေါ်မာတ်အချိန် ဖြစ်ရမည်။ ထို့ကြောင့် **နံနက် (၉)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်း** အပြီးဆောင်ရွက်ရမည်။

ဒုက္ခပ္ပတ္တာဂါထာကို ပုတီး(၁)ပတ်*[၁၀၈-လုံး ပုတီးဖြင့်]*ပွားများရသည်။ ယခုကဲ့သို့ အားထုတ်မိခြင်းကြောင့် ဖွားဖက်တည့်သော တနင်္လာသားသမီးများသည် လာဘ်ပွင့်၊ စန်းပွင့်၊ ကံပွင့်လာပြီး မိတ်ကောင်း မြိမြိခြင်း၊ ငွေကြေးမြိမြိခြင်းတို့ဖြင့် မုချ ကြုံတွေ့ရပါလိမ့်မည်။

***သင့်တင့်အောင် နလုံးသွင်း၊ အစွမ်းကင်းပါစေ***


**ကဝိသီရောမထိ**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်မွေးဘဲများ ခြေကားနာဖြစ်လျှင်





ရာသီဥတု အပြောင်းအလဲကြောင့် **အိမ်မွေးကြက်များနာခြင်း၊ ဘဲများ ခြေကား(ဂါး)နာဖြစ်ပြီး** သေဆုံးကြရသည်။

ကြက်များ နာလျှင် (၃,၄)ရက် ခံနိုင်သော်လည်း ဘဲများ ခြေကားနာ ဖြစ်ပါက အသေမြန်သည်။ ရက်ပိုင်းအတွင်း တစ်အုပ်လုံး မျိုးပြုတ်သည်။

ကုန်တလုံးရွာမြောက်ပိုင်းမှ ကိုရွှေမန်းဆိုသူမှာ ကြက်များ,ဘဲများ,ဝက်များ ထိန်နိုင်တစ်ပိုင် မွေးထားသည်။ ဘဲမျ

တစ်ကောင်စ၊ နှစ်ကောင်စ ခြေကားနာဖြစ်ပြီး သေဆုံးကုန်၏။

ထိုအခါ ကျန်ဘဲများ(တချို့ ခြေကားနာဖြစ်စေ၊ အချို့အကောင်း)ကို ဘရိတ်ဓားတစ်ချောင်းဝယ်၍ ဖယောင်းမီး

ကင်ကာ ခြေများကို ခွ(ဂွ)အထိ ခွဲပေးလိုက်သည်။

မြေအိုးစလောင်းဖုံး တစ်ခုကို (မလဲအောင်) ပက်လက်လှန်၍ မီးခဲများထည့်လိုက်၏။ ရေတ်သီး(ကိုင်းရေတ်သီးခြောက်) လက်တစ်ဆုပ်ခန့် မီး

ပေါ်တင်လိုက်သည်။

ထို့နောက် ခြေခွဲထားသော ဘဲများကို ရေတ်သီးထည့်ထားသော စလောင်းဖုံး ပတ်လည်တွင် ခြင်းတစ်လုံးဖြင့် အုပ်ထားလိုက်၏။

တစ်ဖန် ခြင်းပေါ်တွင် မြေကြီးမှ လက်လေးသစ်ခန့် ချန်လှပ်ပြီး ပလတ်စတစ်စဖြင့် ဖုံးအုပ်ထားလိုက်ပြန်သည်

ရေတ်သီးညှော် တိုက်လိုက်ခြင်းဖြစ်၏။ မြေကြီးနားမှ ချန်လှပ်ထားခြင်းမှာ အသက်ရှူပေါက် ဖြစ်ပါသည်။

'ဟ ရွှေမန်းရ မင်းဟာ ရေတ်သီးညှော်တိုက်ပြီး ဘဲတွေ သတ်နေတာလား'

ဟု ကိုစိန်ဝင်းက မေးသောအခါ...

'ကိုစိန်ဝင်းရေ ဘဲတွေ ခြေကားနာဖြစ်ရင် အဲဒီလို လုပ်ရတယ်။ အရှေ့ ဘက်သွားတုန်းက ဒီနည်းလေးကို ရခဲ့တာ

ခင်ဗျား ကြည့်နေ နောက်နေ့ကျ ဘဲတွေ ဘယ်လိုနေမလဲဆိုတာ'

ဟု ပြန်ပြောပါသည်။

'စိုးလင်းရေ ဟုတ်တယ်ကွ၊ နောက်နေ့ကျ ဘဲတွေ အကုန်ကောင်းသွားတာ၊ ငါလက်တွေ့မြင်ခဲ့ရတာကွ၊ မင်းကစာ

နေတဲ့သူဆိုတော့ စာထဲ ထည့်ရေးချင်လဲ ရေးပေါ့ကွာ'

ဟု ကိုစိန်ဝင်းက စာရေးသူအား ပြောပြပါသည်။

**(ဆေးနည်း ပြောပြသော ကုန်တလုံးကျေးရွာ ကိုစိန်ဝင်းအား ကျေးဇူးတင်စွာဖြင့်...)**

*သမ္မာဆန္ဒ ပြည့်ဝကြပါစေ*


**စိုးလင်းအောင်(မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုး ရောဂါအကွက်



## ဆေးတစ်ခွက်

ကျွန်ုပ်ဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ အသက် တစ်ဆယ့်ရှစ်နှစ်က အလုပ် စ,ဝင်ခဲ့တာ လုပ်သက် အနှစ်သုံးဆယ် ကျော်လာတဲ့အခါ လူ့ဘဝရဲ့ ဖြစ်ပေါ်တတ်တဲ့ ဓမ္မတာအရ မွေးရာမှကြီး၊ ကြီးရင် နာရတဲ့ ဝေဒနာတွေဟာ ဝင်ရောက်လာပါတော့တယ်။

အသက် (၄၆)နှစ်ရောက်တဲ့ ၂၀၀၆ ခုနှစ်မှာ သွေးတိုးဆိုတဲ့ရောဂါ ရှိလာပါတယ်။ ငယ်ငယ်ကတည်းက အလွန်ကြိုက်နှစ်သက်ခဲ့တဲ့ ဝက်သားကို သွေးကိုက်ရောဂါ ရရှိလို့ ရှောင်ခဲ့သလို၊ သွေးတိုးရောဂါ ဝင်ရောက်လာတော့ ဆုံးဝကို အဆက်ဖြတ်ခဲ့ရတော့တယ်။

စားမိတဲ့ ဟင်းထဲမှာ အငန်နည်းနည်း ပိုသွားခဲ့ရင် သွေးတက်တော့တာပဲ။ ကျွန်ုပ်ရဲ့ မိခင်ဟာ ၂၀၀၃ ခုနှစ်မှာ အသက်(၈၁)နှစ်နဲ့ ကွယ်လွန်ခဲ့ပေမယ့် သွေးတိုး၊ နှလုံး စတဲ့ ရောဂါတွေနဲ့ မဟုတ်ဘဲ ဆေးလိပ်သောက်လွန်းလို့ အဆုတ်ရောဂါနဲ့ ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်ုပ်ရော မိခင်ရောဟာ မွန်ပြည်နယ်၊ မုဒုံမြို့မှာ မွေးဖွားသူတွေ ဖြစ်လို့ ငါးပိ၊ ဝက်သား အလွန် ကြိုက်ခဲ့ပါတယ်။ ကျွန်ုပ်ရဲ့မိခင်ဟာ မကွယ်လွန်ခင်မှာ ငါးပိ အလွန်စားသူ ဖြစ်ပါတယ်။ ကိုယ်တိုင်လဲ ငါးမျိုးစုံနဲ့ ငါးပိလုပ်ပြီး စားပါတယ်။

ငါးပိကို လက်ကြားယိုအောင် ထမင်းနဲ့ နယ်ဖတ်စားမှ အားရပေမယ့် သွေးတိုးတယ်လို့ တစ်ခါမှ မကြားခဲ့ဖူးပါဘူး။ ပြောလဲ မပြောခဲ့ဖူးပါဘူး။

ဒါပေမယ့် ကျွန်ုပ်ရဲ့ မိခင်ဟာ ကျွန်ုပ်နဲ့ နေ့စဉ်ကာလတစ်လျှောက် ကျွန်ုပ် တာဝန်အရ ပြောင်းတဲ့မြို့ကို လိုက်နေတဲ့ အိမ်နားမှာ **ဒန့်သလွန်ပင်နဲ့ ထင်ရှူးချဉ်ပင်ကို** စိုက်ခိုင်းလေ့ ရှိပါတယ်။ မကြာမကြာလဲ ဒန့်သလွန်ရွက်ကို ချက်စားပါတယ်။

ငါးပိရည်စားလို့ များတဲ့နေ့ဆို ဒန့်သလွန်ရွက် လက်တစ်ဆုပ်စာ ခူးပြီး သူ့ဘာသာပဲ ငရုတ်ဆုံမှာ ထောင်းပြီး ရေနွေးကြမ်းပန်းကန်လုံးထဲကို အရည်ညှစ်ထည့်ထားပြီးတော့ ထမင်းစားပြီးရင် ဒန့်သလွန်ရွက် အရည်ကို သောက်ချလိုက်တော့တာပါပဲ။ အဲဒါကြောင့် သွေးမတိုးတာလားတော့ မသိဘူးပေါ့ဗျာ။

ကျွန်ုပ်ကိုယ်တိုင် သွေးတိုးရောဂါ ရလာတော့ ကျွန်ုပ်မိခင်ရဲ့ အနေအထိုင်ကို သတိထားမိလာခဲ့တော့တယ်။ သွေးကျဆေးစားပေမယ့် သွေးတိုးလာတဲ့အခါဆိုရင် အပေါ်သွေးက တစ်ရာ့ခြောက်ဆယ်လောက် ဖြစ်လာပြီး လူလဲ မူးနောက်နောက် ဖြစ်လာတယ်။ ထိုင်ရာက ထရင်လဲ လဲမလို ဖြစ်တာလဲ အကြိမ်ကြိမ်ပါပဲ။

၂၀၁၀ ပြည့်နှစ်ရောက်တော့ ကျွန်ုပ်မိခင် စားသုံးခဲ့တဲ့ ဒန့်သလွန်ရွက်ကို မကြာမကြာ စားကြည့်သလို အငန်ကို တတ်နိုင်သရွေ့ ရှောင်လိုက်တော့ သွေးတိုးက သက်သာသလို ဖြစ်ပေမယ့် လုံးဝ မပျောက်သေးဘူးပေါ့။

.သက်သာ ပျောက်ကင်းသွားတဲ့ နည်းကို ရရှိခဲ့တဲ့ ၂၀၁၁ ခုနှစ်ကနေ ယခု စာရေးတဲ့ အချိန်အထိ ကိုယ်တိုင် စမ်းသပ် သောက်ကြည့်တဲ့နည်းကို စာဖတ်သူ သွေးတိုးဝေဒနာရှင်များကို မျှဝေချင်တဲ့အတွက် ဤဆောင်းပါးကို ရေးဖို့ စဉ်းစားမိလာပါတယ်။

ကရိကထ မများဘဲ လုပ်ရတဲ့ကိစ္စ ဖြစ်တာရယ် အကုန်အကျနည်းတဲ့ ဆေးနည်း ဖြစ်ပါတယ်။ အဲဒီနည်းကို သုံးပြီးတဲ့ မိတ်ဆွေအချို့က အကြံပြုတာနဲ့ ဒီဆောင်းပါးကို ရေးရခြင်း ဖြစ်ပါတယ်။ သွေးတိုးကျအောင် ရေနွေးကြမ်းပြုလုပ်ပြီး သောက်တဲ့နည်းပါပဲ။

လက်ဖြောက်ရည်၊ ဒန့်သလွန်ရွက်ရယ်၊ မြင်းခွာရွက်ရယ် ဆတူရောစပ်ပြီး ရေနွေးကြမ်းခတ်သောက်တဲ့နည်းပါပဲ။ ပြုလုပ်နည်းကတော့ ဒန့်သလွန်ရွက်(အနု+အရင့်)ကို နေရိပ်ထဲမှာ အခြောက်လှန်းပါ။ မြင်းခွာရွက်(ပွင့်းပါး)ကို နေရိပ်ထဲမှာ အခြောက်လှန်းပါ။

ဒန့်သလွန်ရွက်ရော မြင်းခွာရွက်များမှာ အကိုင်းသေးသေးနဲ့ အရွက်များ ပါနေနိုင်တာမို့ ဓားဖြင့် နုပ်နုပ်စဉ်းပြီး သန့်ရှင်းခြောက်သွေ့တဲ့ ပုလင်းထဲကို တစ်မျိုးစီ ခွဲထည့်ထားပါ။

အိမ်မှာ ရေနွေးကြမ်းသောက်တဲ့အခါ လက်ဖက်ခြောက်၊ ဒန့်သလွန်ရွက်ခြောက်၊ မြင်းခွာရွက်ခြောက်ကို ဆတူရောပြီး သောက်နိုင်တဲ့ အနေအထားနဲ့ ခတ်ပြီး သောက်ရပါတယ်။

အရသာ မဆိုးပါဘူး။ ရေနွေးကြမ်းကို တစ်နေ့ ဓာတ်ဘူးတစ်လုံးစာသောက်ရင် လုံလောက်ပါတယ်။ သောက်ပြီး တစ်လပြည့်တဲ့အခါမှာ မိမိရဲ့ သွေးပေါင် ပြန်ချိန်ကြည့်ပါ။ အမှန်တကယ် သွေးတိုးကျလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်ုပ်မှာ အထက်က တင်ပြထားတဲ့အတိုင်း နေ့စဉ် ရေနွေးကြမ်းကို သောက်တဲ့အတွက် ယခုအခါမှာ အဆီအဆိမ့်များတဲ့ ဒံပေါက်၊ အုန်းထမင်း၊ အုန်းနို့ကျောက်ကျော၊ အုန်းနို့ခေါက်ဆွဲကို ရှောင်စရာမလိုဘဲ ရဲရဲဝံ့ဝံ့ စားသုံးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်း ပေးအပ်ပါတယ်။

***ခုနှစ်ရက်သားသမီးအားလုံး သွေးတိုးရောဂါ ကင်းဝေးကြပါစေ။***

**အောင်နုတင်(မုဒုံ)**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင်
# အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်



မှတ်ပုံတင် ၁၁၁၆ (ပိုဒ်) ၁၁၂၄၃၃ လိုင်စင် ၁၀၇၈ (ဗိုဒ်)

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆိုတော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . တသမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . , ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးတ . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အဝ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက် နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။** . . . . . "

မင်ရှင်း **'ဝင်း'** ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နတ်မောက် လှမြင့်သစ်

# သိမ်မြေထဲက လောက်စာခဲ

သိမ်မြေ ဆိုသည်မှာ ကိုရင်ဘဝမှ အသက်(၂၀) ပြည့်မြောက်ချိန်တွင် ရဟန်းအဖြစ်သို့ရောက်သော ဆရာတော်ငါးပါးမှ သမုတ်ပေးရသော အဆောက်အအုံ၊ မြေ၊ နေရာဌာနဟု အကြမ်းဖျင်း မှတ်ယူရသည်ကို ဗုဒ္ဓဘာသာ၊ မြန်မာတိုင်းရင်းသားတိုင်း သိပြီးဖြစ်ပါသည်။

ထို့အပြင် သိမ်ဝင်သပိတ်၊ သိမ်ဝင်ပုတီး၊ သိမ်ဝင်အပ် စသော သိမ်ဝင်ပစ္စည်းပစ္စယတို့သည် သိဒ္ဓိဝင် အစွမ်းထက်လှပါသည်။

ယခု ဖြစ်ရပ်မှာ သိမ် အဆောက်အအုံ ဆောက်လုပ်ထားသော မြေ အဝန်းအဝိုင်း၊ သိမ်မြေထဲမှ လောက်စာခဲ သုံးခဲ၏ ဖြစ်ရပ်မှန်အစွမ်းကို တင်ပြရေးသားလိုက်ပါသည်။

* * *

အဲဒီတုန်းက ကျုပ်က ကိုရင်လူထွက် တစ်ဆယ့်လေးငါးနှစ် အရွယ်ပေါ့ဗျာ။ အိမ်မှာ တောင်သူလုပ်ငန်းတွေ ကူနိုင်သမျှ မိဘကို ကူညီ လုပ်ကိုင်ပေးရင်း အဓိက အလုပ်ကတော့ အိမ်ခြံပေါက် နွားမတွေကို စားကျက်မြေ လွှတ်ပြီး ကျောင်းရတဲ့ အလုပ်ပါပဲ။

ကျုပ်နဲ့အတူ ခွေးပု၊ ချက်ရူး၊ ညိုလုံးတို့လဲ နွားကျောင်းဖက်တွေပဲပေါ့။ ကျုပ်တို့ နွားကျောင်းသား လေးယောက်ဟာ ဘတ်လေး (လောက်လေး) တစ်လက်စီနဲ့ ကြက်ပစ်၊ ငှက်ပစ်မှာလဲ လက်ဖြောင့်ကြတယ်။

နေ့လယ်(၁၁)နာရီ ကြေးစည် ခေါက်လောက်မှာ နွားတွေ စုပေါင်းပြီး စားကျက် မြက်ခင်းဆီ မောင်းသွား။ စားကျက်မြက်ခင်းလွင်ပြင်မှာ နွားတွေ ငြိမ်ကုပ်ပြီး စားနေပြီဆိုရင် သစ်ပင်တကာ၊ ချုံတကာကို ငှက်ပစ်ထွက်တော့တာပဲ။

ညနေ သုံးနာရီလောက်မှာ နွားတွေ စုပေါင်းပြီး ချောင်းရေစပ်မှာ ရေသွားတိုက်။ ရေဆိပ်ချတယ်ပေါ့ဗျာ။ နွားတွေ ရေအဝသောက်ပြီးပြီဆိုမှ နောက်

www.burmeseclassic.com

တစ်ခါ စားကျက်မြက်ခင်းဆီ ပြန်မောင်းပို့လိုက်ပြီး ညနေ(၅)နာရီခွဲ (၆)နာရီ ညီအစ်ကို မသိတသိအချိန်၊ နွားရိုင်းသွင်းချိန်မှာ ရွာပြန်ပြီး နွားအုပ်ကို မောင်းလာရတာပေါ့ဗျာ။ အဲဒါ နေ့စဉ်ပြုမြဲ နွားကျောင်းတဲ့အလုပ်ပဲ။

ဒီလိုနဲ့ဗျို့ တစ်နေ့မှာ ကျုပ် နွားအုပ်ထဲက နွားသိုးပေါက်ကလေးတစ်ကောင် အဖော်ကွဲကျန်ခဲ့လို့ တောထဲ စားကျက်မြက်ခင်းဆီ ပြန်ရှာရတယ်။ ချွေးပုနဲ့ ချက်စုကို အိမ်ပြန်ပြီး နွားအုပ်ကို မောင်းခိုင်းလိုက်ပြီး ကျုပ်နဲ့ ညိုလုံးနဲ့ နှစ်ယောက် နွားလေးကို ပြန်ရှာရတယ်။

အချိန်က ညနေ(၅)နာရီခွဲလောက်မှာ တောထဲ ပြန်သွားပြီး ရှာရတာ။ တစ်နာရီကျော်ကျော်လောက် အချိန်ကြာသွားတယ်။

တစ်ခါ နွားလေးကို ပြန်တွေ့တော့လဲ ဘသားချောက ဟိုပြေးဒီပြေးနဲ့ လန့်နေလို့ ရွာဘက်ရောက်အောင် ကျုပ်နဲ့ညိုလုံးနဲ့ နှစ်ဖက်ညှပ်ပြီး မောင်းနေရတာ ခရီးက သိပ်မတွင်ဘဲ တော်တော် အချိန်ကြာသွားတာပေါ့။ ည (၇)နာရီလောက်မှပဲ ရွာ အနောက်တံခါးပေါက် ရောက်တော့တယ်။

အဲဒီမှာပဲ ရွာအနောက်တံခါးမရောက်မီ **'ရိုးနက်ကြီးချောက်'** ညောင်မုတ်ဆိတ်ပင်ကြီးနားကို ဖြတ်ရသေးတယ်။ ခါတိုင်း နေ့လယ်နေ့ခင်းမှာတော့ ပုံမှန် သွားလာနေတာပါပဲ။

အဲဒီအချိန်မှာ ည(၇)နာရီလောက်မှောင်မှောင်မည်းမည်းဆိုတော့ ညိုလုံးရော ကျုပ်ပါ ကျောထဲက စိမ့်ခနဲဖြစ်အောင် ကြောက်လန့်မိတာပေါ့ဗျာ။

ညောင်မုတ်ဆိတ်ပင်ကြီးကလဲ လူကြီးငါးယောက် ဝိုင်းပတ်ဖွဲ့သလောက် တုတ်ခိုင်ကြီးမားပြီး တကယ့်ကို



ကြောက်စရာအသွင်ကြီး ဆောင်နေတာပေါ့ဗျာ။ ညောင်မုတ်ဆိတ်ပင်ကြီးကို မရဲတရဲ ကြည့်လိုက်တော့ ပင်စည်ကြီးက ယိမ်းထိုးလှုပ်ပြနေသလို ထင်ရလို့ ထပ်မကြည့်ရဲတော့ဘူး။

ညိုလုံးရော ကျုပ်ပါ တိုင်ပင်မထားဘဲနဲ့ လောက်လေးနဲ့ ညောင်မုတ်ဆိတ်ပင်ကြီး ပစ်ချလိုက်တော့ ဝေါ...ဖျောခနဲဆို မီးလုံးကြီးတစ်လုံး ဗိုးခနဲဆို ကျုပ်တို့နှစ်ယောက်ခေါင်းပေါ် ဝဲလာပြီး ကျုပ်တို့ရှေ့ လှည်းလမ်းပေါ် လိမ့်သွားတယ်။

ကျုပ်တို့နှစ်ယောက်လုံး ရှေ့ပြေးရခက်၊ နောက်ပြန်ပြေးရခက်နဲ့ မထူးတော့ပါဘူး ဆိုပြီး လောက်လေးနဲ့ အဆက်မပြတ် မီးလုံးကြီးကို ပစ်တော့ မီးလုံးသေးသေးလေးတွေ ပွားသွားပြီး ကောင်းကင်ပေါ် ရှေ့နောက် တောင်မြောက် ဝဲပျံလာနေတာပဲ။

ကျုပ်နဲ့ညိုလုံးလဲ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ရွာဆီ ထွက်ပြေးခဲ့ရတာပေါ့ဗျာ။

* * *

အဲဒီမီးလုံး တွေ့ခဲ့တာဟာ အမှန်ပဲဗျ။ ဒီအကြောင်းကို နောက်နေ့မနက်မှာ ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍိတဆီ သွားလျှောက်တော့ ဆရာတော် တခြားရွာကို ကြွသွားလို့ မဖူးရမတွေ့ရဘူး။

ဒါနဲ့ ကိုရင်ကြီး ကုသလနဲ့ ကပ္ပိယကြီး ဦးပေသီးကို မီးလုံးကြီးတွေ့ရတဲ့ အကြောင်း ပြောပြတာပေါ့ဗျာ။

ဒီတော့ ကပ္ပိယကြီးက...

'မပူနဲ့ ဘာမှမကြောက်နဲ့ ငါ့မှာ သိမ်ဝင်သပိတ်ကွဲ ရှိတယ်ကွ။ အဲဒါကို လည်ပင်းမှာ ဆွဲသွား'

ဆိုပြီး သိမ်ဝင်မြေသပိတ်ကွဲကို ကျုပ်ပြားဝိုင်းလေးတွေ ဝိုင်း၊ စူးနဲ့ဖောက်ပြီး ပရိတ်ချည်ကြိုးနဲ့ ဆွဲကြိုးသဘောမျိုး ကျုပ်နဲ့ညိုလုံး လည်ပင်းမှာ ဆွဲပေးတယ်ဗျ။

နောက် ကိုရင်ကြီး ကုသလကလဲ လာ ငါနဲ့လိုက်ခဲ့ ဆိုပြီး ကျောင်းဝင်းထဲက သိမ်မြေထဲကို ခေါ်သွားတယ်။ သိမ်မြေထဲမှာ လျှောက်ကြည့်ရင်း လောက်စာခဲသုံးခဲ တွေ့ပါရော။

'ရော့ ဒီလောက်စာခဲသုံးခဲ ယူသွား။ နောက်တစ်ခါ မီးလုံးတွေ့ရင် တည့်တည့်မှန်အောင် ပစ်ကွာ။ ဘယ်တော့မှ အဲဒီမီးလုံး မခြောက်ရဲတော့ဘူး'

နဲ့ပြောတယ်။

ကျုပ်နဲ့ညိုလုံးလဲ အားတက်သွားတာပေါ့ဗျာ။ သိမ်ဝင်သပိတ်ကွဲနဲ့ ပရိတ်ချည်လဲ လည်ပင်းမှာ ဆွဲထားပြီ၊ သိမ်မြေထဲက လောက်စာခဲသုံးခဲလဲ ရလာပြီဆိုတော့ ညောင်မုတ်ဆိတ်နားကို သွားရဲတာပေါ့။ ဘာမှ မကြောက်တော့ဘူး။


အဲဒါနဲ့ တစ်ညှ ည (၁၀)နာရီလောက်မှာ ကျုပ်နဲ့ ညိုလုံး လောက်လေး ကိုယ်စီနဲ့ လောက်စာခဲ လွယ်





www.burmeseclassic.com

www.burmeseclassic.com



အိတ်နဲ့ ညောင်မှတ်ဆိတ်ပင်ကြီးဆီ လာခဲ့ကြတယ်။

သိမ်ဝင်လောက်စာခဲ သုံးခဲကတော့ ကျုပ်အင်္ကျီအိတ်ကပ်ထဲမှာ အသင့်ပါတာပေါ့။ ကျုပ်က ပိုပြီး လက်ဖြောင့်တော့ ကျုပ်ပဲ မီးလုံးကို ပစ်လို့ ညိုလုံးက ပြောထားတာ။

သတ္တိရှိရှိ မကြောက်မရွံ့ လာလို့လား မသိဘူး ညောင်မှတ်ဆိတ်ပင်က ဘာမီးလုံးမှ မလာဘူး။ ဘာမှလဲ ထွက်မလာဘူး။ ဘာမှ မတွေ့ဘူး။ ကျုပ်တို့ လွယ်အိတ်ထဲပါတဲ့ တခြားလောက်စာခဲတွေနဲ့ လေး,ငါး,ဆယ်ချက် ပစ်ကြည့်ပေမယ့် ဘာမှ ထူးခြားတာမတွေ့ဘူး။ ဘာအခြောက်အလှန့်မှလဲ မရှိပါဘူးဗျာ။

ကျုပ်နဲ့ညိုလုံးလဲ...

'ဟေ့ သရဲလား။ တစ္ဆေလား။ နာနာဘာဝလား။ ဘာကောင်တုံးကွ။ ဟိုနေ့က ငါတို့ကို မီးလုံးကြီးနဲ့ ခြောက်တဲ့ကောင် ထွက်ခဲ့လေကွာ။ ခုမှ ကြောက်နေပြီလား'

နဲ့ အော်ပြောပြီး လောက်လေးနဲ့ ဟိုပစ်ဒီပစ် ပစ်ပေမယ့် ဘာမှ ထွက်မလာပါဘူး။ ဒါနဲ့ပဲ အဲဒီညက ရွာကို ပြန်ခဲ့ရတယ်ပေါ့ဗျာ။

* * *

ကျုပ်နဲ့ ညိုလုံး မချင့်မရဲ ဖြစ်နေတယ်။ သိမ်မြေထဲက လောက်စာခဲ သုံးခဲနဲ့ ညောင်မှတ်ဆိတ်က ထွက်လာတဲ့ မီးလုံးကို ပစ်ကြည့်ချင်၊ စမ်းချင်နေတယ်။ ဒါနဲ့ နွားကျောင်းရင်း ချက်စုနဲ့ ခွေးပုကိုပါ တိုင်ပင်တော့...

'မင်းကတော့ ဟုတ်တာပေါ့ မြအိရာ။ ငါတို့မှာက မင်းနဲ့ညိုလုံးလို သိမ်ဝင်သပိတ်ကွဲ လည်ဆွဲမှ မရှိဘဲကွ။ မလိုက်ရဲပါဘူး'

လို့ ချက်စုနဲ့ခွေးပုက ပြောတယ်။

'ဒါဆိုရင် ငါ့လည်ဆွဲကို မင်းဆွဲ၊ ညိုလုံး လည်ဆွဲကို ချက်စု ဆွဲကွာ+ ဆိုပြီး ကျုပ်နဲ့ ညိုလုံးက လည်ပင်းက သိမ်ဝင်သပိတ်ကွဲ လည်ဆွဲကို ချက်စုနဲ့ ခွေးပုကို ဆွဲပေးလိုက်တယ်။ ပြီးတော့ လကွယ်ညဆိုရင် သရဲမီးလုံးတို့၊ စုန်းတောက်စား မီးလုံးတို့ ထွက်တတ်၊ မြူးတတ်တယ်တဲ့။

ဒီနေ့ည လကွယ်ညမှာ ညောင်မှတ်ဆိတ်က မီးလုံးထွက်ချင် ထွက်နိုင်တယ်။ သွားကြမယ်ဆိုပြီး ကျုပ်တို့ နွားကျောင်းသားလေးယောက်သဘောတူလိုက်ကြတယ်။ ည(၁၀)နာရီလောက် လူကြီးတွေ အလစ်မှာ ထွက်ခဲ့ဖို့ ရွာအနောက်တံခါးဝမှာ ဆုံကြမယ်လို့ အချိန်းအချက် လုပ်လိုက်တာပေါ့ဗျာ။

တကယ်ပါပဲ။ ည ဆယ်နာရီမှာ ကျုပ်တို့ နွားကျောင်းသားလေးယောက် ရွာအနောက်တံခါးမှာ ဆုံကြပြီး တံခါးအောက်ကနေ ဝမ်းလျားထိုးပြီး ရွာအပြင်ထွက်၊ ညောင်မှတ်ဆိတ်ဆီ လာခဲ့ကြတယ်။

ကျုပ်တို့ ညောင်မှတ်ဆိတ်ကြီးဆီ လှမ်းကြည့်လိုက်တယ် ဆိုရင်ပဲ ညောင်ပင်ကြီးပေါ်မှာ နီနီရဲရဲ မီးလုံးကြီး စိတ်တောင်းလုံးလောက်ကို လှမ်းမြင်နေရတယ်။ ချက်စုနဲ့ ခွေးပု၊ ညိုလုံးတို့လဲ မြင်တယ်။

ချက်စုနဲ့ ခွေးပုကလဲသိမ်ဝင်သပိတ်ကွဲ လည်ဆွဲနဲ့ဆိုတော့ လုံးဝ မကြောက်ဘူး။ တက်ကြွနေတာပေါ့။ ရှေ့ကနေ ပြေးပြီး ညောင်ပင်ကြီးဆီ အမြန်သွားကြတယ်။ တွေ့ချင်တဲ့ မီးလုံး၊ ပစ်ချင်တဲ့ မီးလုံးတွေ့ပြီပစ်ရတော့မယ်ပေါ့။

ညောင်မှတ်ဆိတ်နား ရောက်ဖို့ အတောင် ငါးဆယ်လောက်အလိုမှာပဲ မီးလုံးကြီးဟာ ပျောက်ချင်းမလှ ပျောက်သွားတယ်။ ကျုပ်တို့ လေးယောက်စလုံး လွယ်အိတ်ထဲက လောက်စာခဲတွေနဲ့ ညောင်ပင်ကြီးကို ဝိုင်းပစ်ကြတယ်။

ဘာမီးလုံးမှ ထွက်မလာတော့ဘူး။ အတော်ကြာတော့ ကျုပ်တို့ လေးယောက်လုံး ပျင်းလာပြီး ရွာဘက်ကို ပြန်ခဲ့ကြဖို့ ညောင်မှတ်ဆိတ်နားက ခွာခဲ့ကြတယ်။

အဲဒီလို ခွာထွက်ခဲ့တော့မှပဲ ဝုန်းခနဲ ကျုပ်တို့ရဲ့ရှေ့ လှည်းလမ်းပေါ်မှာ တင်းတောင်းလောက်ရှိတဲ့ မီးလုံးကြီး ကျလာပြီး ကျုပ်တို့ဆီ လိမ့်လာတယ်။ ကျုပ်တို့ လေးယောက်လဲ လောက်လေး လောက်စာခဲတွေနဲ့ မီးလုံးကြီးကို ဝိုင်းပစ်ကြတယ်။

ကျုပ်ကတော့ အိတ်ကပ်ထဲက သိမ်မြေထဲက လောက်စာခဲတစ်လုံး ထုတ်ပြီး မီးလုံးကြီးကို သေချာချိန်ပြီး လောက်လေးမျှော့ကို အားကုန်ဆွဲ ပစ်ချလိုက်တယ်။

ဖောင်းခနဲဆို မီးလုံးကြီးဟာ ဖောင်းပေါက်သွားသလို မြည်သွားပြီး ဟပြဲသွားတယ်။ ပြီးတော့ ပြန်ဆက်မီ

နှလုံးလှရောင်ခြည်မဂ္ဂဇင်း ၂၆၃ စာမျက်နှာ (၂၇၇) သို့

www.burmeseclassic.com

မောင်ရော
(ရာမည)

# ချိုးအမြူတေနှင့် ကြက်ဖကြီး



[၁]

ဘာမှမသိ၊ ဘာမှလဲ မလေ့လာခဲ့ စဉ်တုန်းကတော့ ဘာမှန်းကိုမသိတဲ့ အရာတွေ တစ်ခုပြီး တစ်ခု။ ဟော... အခုလို သိလဲသိ၊ ရှိလဲ ရှိချင်လာတော့ ဘာမှကို မတွေ့ရတော့တာ။ အရှင်းပဲ။

လူတချို့ကတော့ အပြောသား မသိရင် ပေးသတဲ့၊ သိရင်တော့ အဝေးပဲ ဆိုပါတော့။ အခုဆို ခါတိုင်း အောက်နေကျ တောက်တဲ့ကြီးတောင်မှ မြိုင်ရိပ်ကို ခိုပြီထင်ပါ့။

လာသမျှလူတွေရဲ့ ပါးစပ်ဈေးကွက်ကြောင့် အနေခက်ပြီး ပြေးလေပြီပေါ့။

ရေဆုံးမြေဆုံး ရှာပုံတော်ဖွင့်၊ တက်ကုန်လှွင့်။

ဘယ်မှာမှကို တောက်တဲ့အော်သံ မကြားရတော့တာကြောင့် မိုးလေဝသ မမှန်တော့ခြင်းလား။

ဆိုရရင် မိုးလေဝသဗေဒင် ပုရောဟိတ်ဘဝကနေ ဝရမ်းပြေး ဖြစ်နေရရှာတဲ့ တောက်တဲ့တွေဘဝကလဲ အင်း... ဂမ္ဘီရတော့ အဆန်းသား။

ဒီတစ်ခါ မောင်ရော တင်ပြချင်တာတွေများပေမယ့် အမြုတေနဲ့ပတ်သက်တဲ့ ထူးဆန်းတာတွေကိုပဲ တင်ပြသွားပါမယ်။ စ,ကြုံရတာက **ညောင်ပင်ကြီးအောက်က ညောင်ပင်လေး။**

ဒီနယ်မှာ နာမည်အရမ်းကြီးတဲ့ ညောင်ပင်လေးပါ။ ဘယ်သူမှ လက်ဝယ်ပိုင်ပိုင် မရနိုင်သေးပါဘူး။ တစ်ညနေတော့ မုက္ခရာ ပေါ်တော်မူစေတီကြီးဘက်ကို သူငယ်ချင်းတစ်သိုက်နဲ့အတူ သွားခဲ့ကြရတယ်။

စေတီတော်ကြီးရဲ့ အနောက်တောင်

www.burmeseclassic.com

ထောင့်မှာ ဗုဒ္ဓရှင်တော် ဒုက္ကရစရိယာ ကျင့်တော်မူတဲ့သဏ္ဌာန် ရုပ်ပွားတော် ရှိတယ်။ အဲဒီအနားမှာပဲ ဗောဓိညောင် ပင်ကြီးဟာ ဟီးလို့။

စိတ်ထဲမှာ ဘာမှန်းမသိနိုင်တဲ့ တွန်း အားတစ်ခုလို ဖြစ်နေတာကြောင့် ခြေ ဦးက အဲဒီဘက် တည့်တည့်လှည့် တယ်။ အုပ်ခွဲပြီး ထွက်ခဲ့ပေမယ့် ကြောက်စိတ်က ဝေးစွ။ တစ်ခုခုဖြစ် တော့မယ်ဆိုတိုင်း သတိပေးတတ်တဲ့ ကြက်သီးတွေက တဖြန်းဖြန်းနဲ့။ ဒါပေ မယ့် သတိကပ်ပြီး ထွက်လာခဲ့တယ်။


နေရောင် မကုန်သေးပေမယ့် အဲဒီ နေရာက အမြဲလိုလို မှောင်နေတဲ့နေရာ ပါ။ ဟိုကြည့်ဒီကြည့်နဲ့ အဲဒါကို သွား တွေ့တယ်။ တစ်တောင်သာသာ ညောင်ပင်လေးတစ်ပင်က ညောင်ပင် အောက်မှာ တလှုပ်လှုပ်။

အရွက်က ကိုးရွက်တိတိ။ ညောင်မြစ်က ပေါက်တဲ့ အပင်မဟုတ်တဲ့ အစေ့ကပေါက်တဲ့ ညောင်ပင်ပါ။ ဆွဲနုတ်ကြည့်တော့ အမြစ်အငါ မကျိုးမပြတ်တဲ့ ပါလာရော။

ညောင်ပင်အောက်က ညောင်ပင် လေးက အရမ်းစွမ်းတယ်လို့ ကြားဖူး ပေမယ့် အခုတော့ ချည့်ပေါင်ပင်များ ဆွဲနုတ်ရသလိုပါပဲ။ လူကိုယ်တိုင်လဲ လေထဲ ဝဲခနဲ လွင့်သွားသလို ခံစား လိုက်ရတယ်။ ဘုရား...ဘုရား ဟုတ်မှ ဟုတ်ပါလေစ။

အဲဒီအချိန်မှာပဲ ဟင်းခနဲ လူမဟာ ညည်းသံကြီးလိုလိုကို ဘယ်ကမှန်းမသိ ကြားလိုက်ရပြီး စိတ်တွေ လေးလာ တယ်။ ပစ်လိုက်...ပစ်ထုတ်လိုက်ဆိုတဲ့ အသံကို ကြားလာရတယ်။

အနားမှာ သက်ရှိ ဘာမှ မရှိဘူး။ ညောင်ပင်ကြီးတစ်ပင်ရယ်၊ ဒုက္ကရ စရိယာရုပ်ပွားတော်တစ်ဆူရယ်ပဲ ရှိ တာမို့ အရှင်းကြီးပဲ။



ငိုချင်သလိုလို ရယ်ချင်သလိုလို ဘာ မှန်းကို မသိနိုင်တော့ဘဲ ဖြစ်နေရာက အဝေးမှာ လာနေတဲ့ သူငယ်ချင်းတွေရဲ့ အသံကို ကြားလိုက်ရတယ်။

တစ်ပြိုင်နက်ထဲမှာပဲ လက်ထဲက ညောင်ပင်ပေါက်လေးဟာ သံတူးရွင်း တစ်လက်လို လေးလာတာနဲ့ ဖြစ်ချင် တာဖြစ်ဆိုပြီး အနီးက ကျောက်တုံးပေါ် တင်ထားလိုက်တာပါပဲ။

သူတို့တွေလာမှ ပေါင်းဆုံပြီး ပေါင်း စပ်ဖြေရှင်းမယ်ဆိုတဲ့ စိတ်နဲ့ပါ။ ဘာ စွမ်းမှန်း မသိတာတော့ အမှန်ပါပဲ။

တောင်စောင်းကနေ ဆင်းလာတဲ့ သူငယ်ချင်းတွေက...

'ဟာ...ဟိုမှာ ကိုရောဟေ့'

ဆိုပြီး ပြေးဆင်းလာကြတယ်။

ဝမ်းသာအားရနဲ့ ဒီလို...ဒီလိုဟေ့ ဆိုပြီး ရှင်းပြလိုက်ကြတယ်။ ဟုတ် တာ မဟုတ်တာ အသာထား၊ လူငယ် သဘာဝ စူးစမ်းလေ့လာချင်ကြတာ ရယ်ကြောင့် ဘယ်မှာလဲ၊ ဒီမှာကွ ဆိုပြီး ပြတော့ ကျောက်တုံးပေါ်မှာ မြေစာမှုန့်လေးတွေကလွဲလို့ နတ္ထိ။ ဘာမှကိုမရှိ။

ကျစရာ၊ မျက်စိမှားစရာ ဘာမှမရှိ။

အရှင်းကြီး။ သီးသန့်နေရာမှာ ဖျတ်ခနဲ ပျောက်ကွယ် သွားတာဟာ မျက်လှည့် ဆန်ဆန်ပါပဲ။

ဒီတော့ မောင်ရော လေပေါကြီး ဖြစ်သွားတယ်။ အတည်ပေါက်နဲ့ နောက်တယ်ပဲ ထင်ကြတယ်။ ဒါပေမယ့် အဲဒီလို ကြုံခဲ့ဖူးသူတွေ တော်တော်များတယ်ဆိုတာ ကြားရသိရတော့မှ သူတို့ မရယ်ကြ တော့ဘူး။

ဒီကနေ့ထိ အလျှော့သင့်ရင် ပြတတ် ပါသေးတယ်။ ပေးလို့ ယူခဲ့ရတယ် ဆိုတာတော့ မကြားရသေးပါဘူး။ တကယ့်ဖြစ်ရပ်ပါ။ ညောင်ပင်ပေါက် လေးဟာ အရွက်ကိုးရွက်တိတိနဲ့ ကျောက်စိမ်းရောင်သန်းလို့...

[၂]

ဟိုစဉ်က လက်နက်ကြီးငယ်သံ တညံ့ညံ့နဲ့ကာလ။ နေရာက ဖလူးရွာရဲ့ အနောက်မြောက်ဘက် တောတွင်း ဒေသတစ်နေရာ။ အလုပ်က ဝါးခုတ် သမားအလုပ်မို့ လူလေး,ငါး,ခြောက် ယောက်စုပြီး တောထဲမှာပဲ တဲထိုး နေထိုင် လုပ်ကိုင်ကြရတယ်။

ပစ်သံ၊ ခတ်သံတွေက အနီးနား တောင်ကြောပေါ်မှာ နေ့တိုင်းလိုလိုပါ ပဲ။ ဒါတွေရှောင်ပြီး လွတ်ရာမှာ နေ ထိုင်လုပ်ကိုင်ကြတုန်း တစ်နေ့ တော မီးကြီးလောင်ပါလေရော။

လေကလဲကြမ်း၊ မီးကလဲ သရမ်း တာမို့ ရှိစုမဲ့စုတွေ ဆွဲငင်လို့သာ ပြန်ရ တယ်။ တဲရော၊ ခုတ်ပုံထားတဲ့ ဝါးပုံ တွေရော၊ မခုတ်ရသေးတဲ့ ဝါးတော တွေရော မြုတ်ပြုတ်ကို ပြန်းရောပဲ။

www.burmeseclassic.com

နေကလဲ ပူလို့ ကောင်းတုန်းကာလ။ မတ်လပေါ့။ ဒါနဲ့ တဲပြန်ဆောက်ဖို့ ဝါးခုတ်ရမှာက မောင်ရေရာတာဝန်။ ဟိုး ခပ်ဝေးဝေး ခင်တန်းဘက်ကို အင်ဖက်ခူးထွက်ရမှာက ကျုန်တဲ့ငါးယောက်တာဝန်။ အင်ဖက်က အစို။ သွားရမှာက ဝေးတော့ လှူကုန်လွှတ်လိုက်ပြီး ဝါးခုတ်ထွက်ခဲ့တယ်။

မြင်လေရာရာမှာ သစ်စိုပင်တွေ တောင်မှ မီးက စွဲလောင်ကောင်းတုန်း။ ဒါကြောင့် ခပ်လှမ်းလှမ်းကို ထွက်ခဲ့တယ်။ ဒီမှာတင်ပဲ အံ့စရာ ဝါးတစ်ရုံကို ပြာပုံအလယ်မှာ တွေ့ရတာပါပဲ။

သူ့ဘေးက အပင်တွေအားလုံး လောင်တယ်။ မီးက သူ့ကို ကွေ့ပြီး ဝိုက်ပြီး သွားစေလို့များ တော်တောင်စောင့်နတ်တွေက ညွှန်းလေသလားပဲ။

**မီးတောင် မဟပ်တဲ့ ဝါးရုံ။**

တစ်တောလုံး မီးလောင်ခံရတာကို သူလွတ်ပေမယ့် ဝါးခုတ်သမားလက်ကတော့ မလွတ်ရှာဘူး။ ဒါနဲ့ ခုတ်ဖြတ်ဆွဲထမ်းပြီး တဲနေရာရောက်တော့ ခွဲခြမ်း စိတ်ဖြာတယ်။ အင်ဖက်လာရင် ပျစ်ဖို့ အသင့်ခွဲရာမှာ **ထူးတာတွေ ထပ်တွေ့တယ်။**

ဝါးအလယ်အုတိုင်ကနေ တူအရွယ် ဝါးချောင်းလေးတွေက အကွာရပုံအမျိုးမျိုးနဲ့ ကွေ့ကာဝိုက်ကာနဲ့ တစ်ဆစ်ပြီး တစ်ဆစ်ဖောက်ထွက် သရုပ်ပြကြတယ်။ နဂါးပုံနဲ့ တူတာလဲ ရှိတယ်။

ပန်းပွင့်လိုသဏ္ဍာန်ဖော်ပြီး ခရုလိုခပ်ကွေးကွေး အရစ်အထပ်ထပ် ခွေနေတာတွေရော တွေ့တယ်။ တချို့အဆစ်ပိတ် ဝါးဖြစ်ပေမယ့် အပေါက်က မှန်ဘီလူးလို နှစ်ပေါက်။ တချို့က သုံးပေါက်။

ဒါပေမယ့် တန်ဖိုးမသိသူရဲ့ လက်ထဲမှာပဲ အားလုံးဟာ ခွဲခြမ်းခံလိုက်ရရှာတယ်။ အခုလိုအချိန်မှ သိရတာ



ကတော့ အံ့သြဖွယ် **ဝါးအမြုတေ**တွေပါတဲ့။

တစ်လုံးတလေ မဟုတ်ဘဲ တစ်ရုံလုံး ဖြစ်နေပါတယ်ဆိုတာ ခွဲဖူးသူက လွဲလို့ ယုံနိုင်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် မီးကွင်းတာကိုးလို့ သိတော့ အနားမှာမရှိ။ ရှာလို့ မတွေ့ရတော့။ ၂၀၁၂ ခုနှစ်၊ တော်သလင်းလဆုတ် (၂)ရက်နေ့မှာ အဖေဆုံးတော့ အဲဒီကို သွားရင်း ရှာဖြစ်တယ်။ ကော်ပြောင်းခင်းကလွဲလို့ ဝါးနတ္ထိ။

[၃]

ယခုတစ်ခါကျတော့ ကိုယ့်ပစ္စည်းမဟုတ်တဲ့ သူများပစ္စည်း။ မောင်ရေဆယ့်နှစ်နှစ်သားအရွယ်က အဖြစ်အပျက်တစ်ခုပဲပေါ့။ စာရေးသူဖြစ်လာမယ့်သူမို့လား မသိဘူး။ အတေးအမှတ် ရှိရှိနေခဲ့လို့ ယခုလို အချိန်ကြတော့ လိုသလို ထုတ်သုံးလို့ရတယ်။ **ပစ္စည်းက အမြုတေ။ နာမည်ကြီးနေတဲ့ ချိုးအမြုတေတစ်လုံး။**

နည်းအမျိုးမျိုးနဲ့ စမ်းသပ်လို့ ပြီးသလောက် ဖြစ်နေပြီ။ ခေါ်ဈေးနဲ့ ကိုက်ဖို့ရာ တစ်နည်းပဲ ရှိတော့တယ်။ ဘာနဲ့ စမ်းမလဲဆိုတော့ သေနတ်နဲ့ စမ်းမယ်။ သေနတ်ကလဲ ရဲမှာပဲရှိတဲ့ နယ်လေး

ဆိုတော့ကာ အားကိုးတကြီးနဲ့ လာ...
တာပါပဲ။

သံတင်းက အရမ်းကြီးတော့ ...
ကြတာ ပွဲတမျှ စည်ကားတယ်။ စမ်း...
က ကြက်ဖကြီးနဲ့ စမ်းမှာ။ ကြက်...
လည်ပင်းမှာ အမြုတေပါတဲ့ အိတ်...
လေးဆွဲပြီး ထန်းပင်အောက်မှာ ချထား...
တယ်။ မပြေးအောင် ကြိုးချည်ထား...
တယ်။

ပစ်မယ့်အကွာအဝေးက ဓာတ်...
တိုင် တစ်ပြန်စာရှိတယ်။ ရိုင်ဖယ်...
ပစ်မယ့် ရဲဘော်ကတော့ ချင်းတိုင်း...
သား လက်ဖြောင့်တယ်။ ဒါကြောင့်...
အမဲပစ် မကြာခဏထွက်တယ်။ ခဏ...
ခဏ အမဲရတယ်။ သူပစ်မယ်ဆိုတော့...
ရှေ့ဆုံးက သွားကြည့်တယ်။

ရဲဘော်ဟာ သေနတ်မောင်းတင်...
ပြီးတာနဲ့ မတ်တတ်ရပ်ပစ်တယ်...
ချောက်ခနဲမြည်တာနဲ့ လူတွေလဲ ...
ခနဲ။ မိုးပေါ်ထောင်ပစ်၊ ဒိုင်းခနဲ နား...
မတတ် မြည်တယ်။ ကျည်အ,မဟုတ်...
ဘူး။ ကျည်အသစ်တွေချည်း။

ပစ်လိုက်ချိန်လိုက် မိုးပေါ်ထောင်...
ပစ်လိုက်နဲ့ ငါးတောင့်ပေါက်ကွဲပြီးသွား...
ပြီ။ ထန်းပင်အောက်က ချိုးအမြုတေ...
ကြက်ဖကြီးကတော့ အေးအေး...
လေးနာရီလောက်ရှိပြီမို့ အတောင်...
တဖြုန်းဖြုန်းခတ်ပြီး အောက်အီးအီး...
အွတ်တောင် တွန်ပြလိုက်သေးတယ်...
ပြီးတော့ ခြေထောက်နဲ့ မြေကြီးယက်ပြီး...
အစာရှာချေသေးရဲ့။

ပွဲကြည့်ပရိသတ်ကတော့ သဘော...
တွေ အကြီးအကျယ်ကျလို့ပေါ့။ အထူး...
သဖြင့် ရောင်းသူ ကိုရွှေတောသားကြီး...
နဲ့ ဝယ်သူ ရန်ကုန်သားကြီးတို့ ...
မျက်နှာက ဝင်းလို့ ထိန်လို့။

ဒီအချိန်မှာပဲ ဘယ်သူ ... ထ,အော်...
သလဲ မသိဘူး။ ... ပီလက်တဲ့...

www.burmeseclassic.com

www.burmeseclassic.com

နော်တဲ့။ လက်ဒီလောက်ဖြောင့်တဲ့ ရဲဘော်ကြီး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားတယ်။ အသံကြားတဲ့ဘက် လှည့်ကြည့်ပုံက စားတော့မတတ်ဘဲ။

အချိန်က နေစောင်း ခေါင်းတွင်နှိမ့်။ ခေါင်းမရှိတော့ ကြက်ဖကလဲ တအွတ်အွတ်နဲ့ ဟာသဖောက်နေသလိုပါပဲ။

'ကဲ...ဒီတစ်ချက် နောက်ဆုံးပဲ ဒီတစ်ခါ ပစ်ပြီးရင်တော့ ခင်ဗျားတို့ အမြဲရပြီ'

လို့ ရဲဘော်ကြီးပြောပြီး သေနတ်ကို မောင်းစတင်တယ်။ ကျည်ခွံတွေက ကျည်ထိုးတိုင်းကျလာတာမို့ သွားကောက်မိတဲ့ မောင်ရေ လက်တောင် အပူလောင်တယ်။

[၄]

သူ့အမူအရာက မသိသား ဆိုးရွားထိုက်တဲ့ ပါးစပ်ပေါက်ကို မခံချင်သလိုထိုပုံပဲ။ ဒီနယ်မှာ လောင်းကြေးနဲ့ ဆည်ပစ်ရင်တောင်၊ ပြိုင်ဘက်မရှိတဲ့ ဘက်။

ရဲထဲ မဝင်ခင်က ချင်းတောင်တန်းတွေပေါ်မှာ တူမီးတစ်လက်နဲ့ အမဲပစ်ခဲ့တဲ့လက်။ ပြီးတော့ နာမည်ကြီး ကျည်ပီး(ပြီး)တယ်ဆိုပြီး မိုက်ချက်ကမ်း ...နေတဲ့ တစ်ကိုယ်တော် ဓားပြကို အသေပစ် ဖမ်းပြခဲ့တဲ့လက်။

အခုလို ဂျိုး(ချိုး)အမြှုတေ လည်ဆွဲ ...ဆဲ ကြက်ဖကြီးနဲ့တွေ့မှ တွတ်ပီလက် ...။ သူ့အကြောင်းကို အခန်းချင်းကပ် ...တ် အသိဆုံးက မောင်ရေမို့ ဒီလူ ...ကြီး မခံချင်စိတ် ချက်ချင်းပေါ်ပြီး ပစ် ...မှာ လက်တည့်ပေမယ့် ကျည်မှ ...ထွက်တာ၊ လွဲဦးမှာလို့တော့ တွေးမိ ... အဟုတ်။

ဒါပေမယ့် ချင်းရဲဘော်ကြီးပုံစံက ...တော့ အပိုင်ပဲ။ သူ့ကိုယ်သူ အထင်ကြီး ...တဲ့အမူအရာနဲ့ ဘေးဘီခပ်ဝေ့ဝေ့ ကြည့်ပြီး ထိုင်ချလိုက်တယ်။ အင်း... မတ်တတ်ပစ်လို့ မထွက်တာမို့ ထိုင်များ ပစ်ဦးမှာလားလို့ ပရိသတ်တွေးမိတယ် ထင်ပါ့။ တစ်ချက်တော့ တိတ်ဆိတ်သွားတယ်။

ဒီအချိန်မှာပဲ အောက်ပြည် အောက်ရွာမှာ အောက်ဆန်တွေ အသာဝါးမျိုလာတဲ့ ကြက်ဖကြီးက အောက်သံနဲ့ ထံ,အဟာ၊ ပရိသတ်တစ်ခါ ပွဲကျပြန်ရော။ ခေါင်းလေး တစ်ချက်တစ်ချက် အဆတ်မှာ အမောက်နီတျာရဲရဲ လန်လန်လေးက တိုင်မကွယ်၊ မိုင်နှစ်ဆယ် မိုင်ဖက်လဲ ဆောရီးဆိုတဲ့ ဟန်နဲ့။ ပွဲက တကယ့်ပွဲ။ မကြာဘူး။ အရင်လိုပဲ ချောက်ခနဲ မမြည်ဘဲ ဒိန်းခနဲမြည် ဟည်း နားစည်ကြီး နှစ်ခြမ်းပြဲမလား အောက်မေ့တယ်။

တချို့ဆို လန့်ဖျပ်ထွက်ပြေးလို့ ရုတ်ရုတ်သဲသဲ တိုးတိုးဝှေ့ဝှေ့။ ကြက်ဖလား။ အေးဆေးပဲထင်ပါ့။ အတောင် နှစ်ဖက်ကို တဖြန်းဖြန်းခတ်ပြီး ပတ်ချာလည် ခုန်ပေါက်ပြေးလွှား။ **အဲ... ဒါပေမယ့် ခေါင်းတော့ မရှိတော့ဘူး။ ပဟေဠိဆန်ဆန်ပဲ ခေါင်းရော ပစ္စည်းအိတ်ပါ ရှာလို့ မတွေ့တော့ဘူး။**

'ပစ်ပုံပစ်နည်းပဲကွာတာကွ။ လာခဲ့ ဘယ်လောက်ပဲ ဝီး(ပြီး)တယ်ပြောပြော'

တဲ့။ ကြီးလာမှ နားလည်လာရတာက **မုဆိုးဒုံးထောက်ဆိုတာကိုပါ။ ဘယ်ဒုံးကိုထောင်၊ ညာဒုံးကို ထောက်၊ ညာဖနောင့်နဲ့ စအိုကို ပိတ်ပြီး** အပိတ်ကို အပိတ်ချင်း၊ ဂမ္ဘီရဆန်ဆန် ပစ်ပြလိုက်တယ် ဆိုတာပါပဲ။

(ဖြစ်ရပ်မှန်ဖြစ်ပါကြောင်း)

**လေးစားလျက်...**

**မောင်ရေ(ရာမည)**

**စာမျက်နှာ (၂၄၃)မှ အဆက်**

သွားပြီး ကောင်းကောင်းအထောက်ကို မြှောက် ထောက်သွားတယ်။

အတောင် နှစ်ဆယ်လောက် မြှောက်ထောက်သွားပြီး ဝီးလုံးကြီးဟာ ကျွန်တို့ ခေါင်းပေါ်မှာ ဝဲပျံနေတယ်။ ကျွန်တို့ကလဲ လုံးဝ မကြား...ဘူး။ ကြောက်စိတ်ကို မမှုနေတယ်များ။

တဖြည်းဖြည်းနဲ့ ဝီးလုံးကြီးဟာ အောက်ကို နိမ့်ဆင်းကျလာတယ်။ ခွေးမူ၊ ချက်ရှုနဲ့ ညိုလုံးကလဲ...

'ပြစ်မြှင် လေးလေးရှာရှာ နိမ့်လာ။ ဝီးလုံးကြီး နိမ့်လာပြီ ဆင်းလာပြီ ပစ်ပစ်'

နဲ့ ငိုင်းအော်ကြတယ်။ ကျွန်လဲ လေးလေး ရှာရှာ နိမ့်ထားပြီး သုံးပေတောင်လောက် အကွာ အမြင့်မှာ ဒုတိယ သိမ်မြွေလောက်စာ ခဲနဲ့ ပစ်ချလိုက်တယ်။

ဝုန်းခနဲ ဝီးလုံးကြီးဟာ ဝီးမွှားတွေ ပေါက်ကွဲထွက်သွားပြီး ညှောင်မုတ်ဆိတ်ကြီးဘက်ကို လွင့်ထွက်သွားတယ်။

ကျွန်တို့ လေးယောက်လဲ ညှောင်မုတ်ဆိတ်ပင်ကြီးကို ကြည့်နေမိတယ်။ ဘာမီးလုံးမှ ထွက်မလာတော့ဘူး။

နောက်ဆုံး ကျွန်တို့ သိမ်မြွေထဲက တတိယလောက်စာခဲနဲ့ ညှောင်မုတ်ဆိတ်ပင်ကြီးကို ပစ်ချလိုက်တယ် ဆိုရင်ပဲ ညှောင်ပင်ကြီးဟာ တစ်ပင်လုံး တဝုန်းဝုန်းနဲ့ သိမ့်သိမ့်လှုပ်သွားပြီးမှ ငြိမ်သွားတော့တယ်။

ကျွန်တို့ လေးယောက်လုံး တော်တော်ကြာအောင် ညှောင်မုတ်ဆိတ်ပင်ကြီးကို ကြည့်နေပေမယ့် နောက်ထပ် ဘာမှ လှုပ်ရှားမှု ထူးခြားမှု လုံးဝ မတွေ့ရတော့ဘူးများ။ အဲဒီနေ့ကစပြီး နောက်ထပ် ဘာထူးခြားမှု ညှောင်မုတ်ဆိတ်ပင်ကြီးမှာ ထူးခြားမှုမတွေ့ရတော့ဘူးများ။

* * *

'အဲဒီ အခါ ဘယ်ဝီးနှစ်ကားလောက်က တကယ်တွေ့ခဲ့တဲ့ သရဲမီးလုံးလား စုန်းမီးလုံးလား နတ်ရုပ်မီးလုံးလား မသိဘူး ထိုင်မြဲရှာမိ အဖြတ်တွေ့ခဲ့ပြီး လောက်လေးနဲ့သိမ်ဝင် လောက်စာခဲနဲ့ ပစ်လိုက်ခဲ့တာပါပဲကွား။ မယုံချင်လဲ မယုံနဲ့ပေါ့။ ယုံချင်လဲ ယုံပေါ့။ အဲဒီလို ဝီးလုံးကြီးတွေ တွေ့ခဲ့တယ်၊ ရှိတယ်တယ် ဆိုတာတော့ ယုံမှားသံသယရှိပါနဲ့'

နတ်မောက်မြို့နယ်၏ **မြောက်ဘက်၊ ထန်းပင်ရွာသို့ ရောက်ရှိစဉ် အသက် (၈၃)နှစ်ရှိ အဘဦးမြဲ၏ ပြောပြချက် မှန်အတိုင်း ထင်ပြင်ရေးသားလိုက်ပါသည်။**

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

# ကျန်းမာရေး အတွက် အကြံပေးချက်

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အူမ | ရွှေဝါ | ၄ | ဆန် | အစပ် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ကျား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ယုန် | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး | ဆီးအိမ် | အဝါ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြွေ | ကျောက်ကပ် | အဝါ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| မျောက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေး |
| ခွေး | သရက်ရွက် | မြို | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ဝက် | သရက်ရွက် | မြို | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်, ယုန်, ဝက် | စနေသားသမီး | တနင်္လာနေ့ |

* * *

၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် **ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွား၊ ကြက်နှစ်ဖွားတို့** ကျန်းမာရေး ညံ့ဖျင်းတတ်သည်။ ဤလအတွက် ဇယားကို ကြက်နှစ်ဖွားတို့အား စံပြုရှင်းပြပါမည်။

**ကြက်နှစ်ဖွားတို့သည်** အသည်းနှင့် ပတ်သက်သည့် ရောဂါများ သတိပြုကာကွယ်ကုသပါ။ အစိမ်းနုရောင်ရှိသောစားဖွယ် ဓာတ်စာ၊ ဂျုံဖြင့် ပြုလုပ်ထားသော စားဖွယ်၊ အချဉ်အရသာတို့နှင့် သင့်လျော်ပါသည်။

(၃)ဂဏန်း လာဘ်ပွင့်စေ၍ အရှေ့အရပ်မှာ ကံထူးကံကောင်းစေမည်။ ယုန်၊ ဆိတ်၊ ဝက်နှစ်ဖွားတို့မှာ မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြသည်။

အရေးကိစ္စ တစ်စုံတစ်ရာ ရှိပါက သောကြာသားသမီးက ကူညီ…လိမ့်မည်။ ကြာသပတေးနေ့…နေ့ကောင်းနေ့မြတ်ဖြစ်သည်။



ကျန်နှစ်ဖွာ…

ဤပုံစံအ…

ကောက်ချက်ချ…

အာရောဂျ

ဆုလာဘ်နှင့်

ဖြည့်ဝကြပါစေ

**ဟူကျင်းဇီ**

***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာဖြင့်ယှဉ်သော ရွာကလေးနှင့်

## အဘိုးငယ်၏ စွမ်းပကား (၁)

အောင်မြင့်ထွန်း
(မသုံးလုံး)



ကျွန်ုပ်၏မိတ်ဆွေနှင့် လမ်းထိပ်လက်ဖက်ရည်ဆိုင်ဖွင့် မမျှော်လင့်ဘဲ ဆုံမိကြလေ၏။ မိတ်ဆွေ၏မိခင် ငယ်စဉ် ကလေးဘဝက နေထိုင်ခဲ့သော ရွာနှင့်နီးသည့် ပိတ္တာလေးရွာမှာ စိတ်ဝင်စားဖွယ်ကောင်း၏။ မေတ္တာနှင့် ယှဉ်သော ရွာကလေးဖြစ်၍ အေးချမ်းမှုနှင့် ပြည့်စုံ၏။ ဆန်းပြားထူးခြား ဖြစ်စဉ်များနှင့်လည်း သူ၏အမေ ကြုံတွေ့ခဲ့ရ၏။

မိခင်မှ ပြောပြခဲ့သည့် ထိုရွာလေးအကြောင်းကို မိတ်ဆွေမှ ကျွန်ုပ်ကို စိတ်ဝင်စားဖွယ် ပြောပြရာ ဆွတ်ပျံ့ဖွယ်၊ ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ်ရာများနှင့် ပြည့်နှက်နေလေ၏။

စာရှုသူများထံသို့ လက်ဆင့်ကမ်းလို၍ ကျွန်ုပ်အနေဖြင့် ထပ်မံမျှဝေခံစား လိုက်ပါသည်။

*(စာရေးသူ)*

*  *  *

အဆိုပါ ရွာကလေးသည် အေးချမ်းမှုအတိ ပြီးလေ၏။ အကုသိုလ်အလုပ်များတို့ ရှောင်ကြဉ်ကြလေသည်။ ဗုဒ္ဓသာသနာတော်ကြီးကို ရိုသေကိုင်းရှိုင်းကြသည်။ အထူးနှစ်သက်ရာ ကောင်းသောအချက်မှာ ကျေးရွာသူကျေးရွာသားအားလုံး၏ စိတ်ဆန္ဒတွင် လောဘနည်းကြလေ၏။ သို့တည်းမဟုတ် လောဘကို ချေတာကြလေသည်။

မည်သည့်အရာကိုမျှ မတရားမက်မောတပ်မက်ခြင်းမရှိ။ လောဘနည်းခြင်းသည် တကယ့် အစစ်အမှန် အေးချမ်းသာယာမှုကို ရရှိခံစားရကြောင်း သူတို့ ကောင်းစွာ သိရှိထားကြလေ၏။

လောဘနည်း၍ ခိုက်ရန်ဖြစ်ပွားမှု မရှိကြပါ။ လောဘနည်း၍ ဒေါသလည်း ကင်းပျောက်သလောက် ဖြစ်ပါလေ၏။ ဒေါသနည်းပြီ ဆိုသောအခါ မောဟလည်း နည်းသွားသည်သာ။

စိမ်းစိုသော သစ်ပင်ပန်းမန်များ ဝိုင်းရံနေပြီး အေးချမ်းစွာ ဝမ်းစာ ရှာနေကြသော သူတို့တစ်တွေ၏ နေပုံထိုင်ပုံ လှုပ်ရှားမှုပုံရိပ်များသည် ပဒေသာပင် ပေါက်သည့်ခေတ်က လူသားများနှင့် နှိုင်းယှဉ်လောက်ပါသည်။

လောဘနည်းသော သူများအဖို့ရာကား ပုံမှန် စားနိုင် ဝတ်နိုင် နေနိုင်ကြလေ၏။ သူတို့၏ ရင်တွင်း ခံစားချက်ကို ထိုးဖောက်ဝင်ရောက်ကြည့်ရှုလေ့လာမည် ဆိုပါလျှင် အပူဆိုသည်မှာ ချို(ကျို)နှင့်လားဟု မေးရလောက်ပါ၏။

**လွန်ခဲ့သော နှစ်ပေါင်း(၇၀)ခန့်က စက်ကုန်းလေး ကျေးရွာလေးသည် ပြာမလော့မြစ်ကို မှီခိုအားပြု၍ နေထိုင်ကြလေသည်။** ထိုကျေးရွာတွင် ဦးပေါ်လူးနှင့် ဒေါ်မယ်အင်တို့တွင်





www.burmeseclassic.com

www.burmeseclassic.com

ဖြူစင်နုနယ်သည့် သမီးရတနာကလေး မချိုလေးဟုခေါ်သော (၁၀)နှစ်အရွယ် သမီးငယ်တစ်ယောက် ရှိပါ၏။

သားအမိ သားအဖသုံးယောက် မိသားစုတို့ ပျော်ရွှင်စွာ နေထိုင်ကြပါသည်။ သူတို့ မိသားစုလေးသည် မွန်ကရင်ဗုဒ္ဓဘာသာများ ဖြစ်ကြလေသည်။ ဝမ်းစာရေးလုပ်ငန်းများကို တောသူတောင်သားတို့၏ ထုံးစံအတိုင်း လယ်ယာလုပ်ကိုင်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းတို့ဖြင့်သာလျှင် အသက်မွေးဝမ်းကြောင်းသမှု ပြုကြလေသည်။

သူတို့သည် ဘာသာရေး ကိုင်းရှိုင်းသူများ ဖြစ်ကြပါသည်။ သူတို့ရွာတွင် ဘုန်းကြီးကျောင်းမရှိသေးပါ။ အိမ်ခြေအနည်းငယ်သာ ရှိပါသည်။ ဥပုသ်သီတင်းသီလ ဆောက်တည်ရန် ပြာမလော့ မြစ်ကြောင်းတစ်လျှောက် စုန်ဆင်းကာ မိမိတို့ရွာနှင့် အတန်ငယ်ဝေးကွာသော ရွှေကုန်း–ပိတ္တာလေး ကျေးရွာဘုန်းကြီးကျောင်းတွင် သီလယူလေ့ ရှိကြပါသည်။

ပိတ္တာလေးကျေးရွာကား မေတ္တာနှင့်ယှဉ်သော ရွာကလေး ဆွတ်ပျံ့ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ်၊ စိတ်ဝင်စားဖွယ် ထူးခြားဖြစ်စဉ်များနှင့် ပြည့်နှက်နေသော ရွာကလေးပါတည်း။ အထက်တွင် ဆိုခဲ့သည့်အတိုင်း အေးချမ်းမှုအတိ ပြီး၏။

ပိတ္တာလေးကျေးရွာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိပါသည်။ ကျောင်းတစ်ကျောင်း ရှိသည်ဟု ဆိုပါမည် ဖြစ်သော်လည်း ကျောင်းဝင်းခြံ တစ်ခုတည်းတွင် အဆောက်အအုံကို ကြည့်သော် ကျောင်းနှစ်ကျောင်းကို တွေ့ရှိနိုင်ပါသည်။ အဆောက်အအုံနှစ်ခု ဖြစ်နေ



ရသည်မှာ ဤသို့တည်း။

ပိတ္တာလေးကျေးရွာတွင် အမှန်တကယ် ဆိုရပါမူ ဘုန်းကြီးကျောင်းတစ်ကျောင်းတည်းတွင် ဝါဆိုဝါကပ်တော်မူကြကုန်သော သံဃာတော်သုံးပါး သီတင်းသုံးနေထိုင်တော်မူကြပါသည်။ ရပ်ရွာမှ ကြည်ညိုလေးစားခြင်း ခံရသော သံဃာများ ဖြစ်ကြလေသည်။

ဗုဒ္ဓသာသနာတော် ပြန့်ပွားစေခြင်း၊ သာသနာတော် အဓွန့်ရှည်စေခြင်း အလို့ငှာ သံဃာအပေါင်းတို့သည် တရားအားထုတ်ခြင်း၊ မိမိတို့၏ သလုံးမြင်းခေါင်း အားကိုးလျက် ရွာအတွင်း လှည့်လည် ဆွမ်းခံ၍သာ ဘုဉ်းပေးခြင်း၊ ရပ်ရွာအကျိုး သာရေးနာရေးတို့ကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးကြလေသည်။

ရဟန်းသံဃာတော် သုံးပါးတို့သည် ညီအစ်ကိုရင်းများ ဖြစ်ကြပါ၏။ သာသနာတော်အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါ၏။

သို့ရာတွင် အကျင့်စရိုက် ကွဲပြားခြားနားမှုများ ရှိကြလေ၏။ ရဟန်းသံဃာသုံးပါးတို့သည် ရဟန်းဘွဲ့အမည် မကျော်စောဘဲ အစ်ကိုအကြီးဆုံးကို အဘိုးကြီး၊ အစ်ကိုလတ်ကို အဘိုးလတ်၊ ညီအငယ်ဆုံးလေးကို အဘိုးငယ်ဟု အမည်နာမ ထင်ရှားကြလေသည်။

အဘိုးကြီးနှင့် အဘိုးလတ်တို့သည် ဆွမ်းဘုဉ်းပေးရာတွင် ကုန်းသတ္တဝါ ရေသတ္တဝါမရှောင် ကြက်သား ဝက်သား၊ အမဲသား၊ ငါး ဘုဉ်းပေးလေ့ ရှိသော အကျင့်စရိုက် ရှိကြလေ၏။ အဘိုးငယ်မှာကား သက်သတ်လွတ် ဆွမ်းကိုသာ ဘုဉ်းပေးပါသည်။

ထိုအချက်ကြောင့်ပင်လျှင် အဘိုးငယ်မှာ အကြီးနှစ်ပါးနှင့်အတူ ကျောင်းတစ်ကျောင်းတည်း သီတင်းသုံးရန် ဆန္ဒမရှိချေ။

ကျောင်းဝင်းထဲ၌ပင် ကျောင်းငယ်လေးတစ်ဆောင် ဆောက်လုပ်ပြီး တစ်ပါးတည်း သီတင်းသုံးနေထိုင်လေသောကြောင့် တစ်ကျောင်းတည်း ဆိုသော်လည်း ကျောင်းအဆောက်အအုံနှစ်ခု ဖြစ်နေရခြင်း အကြောင်းတစ်ရပ်ပါ။

အဘိုးငယ်သည် ရှေ့ရေးကို ကြိုတွေးသလို ကြိုတင် စီမံနိုင်သည်များကိုလည်း ဆောင်ရွက်ထားတတ်လေသည်။ အဘိုးငယ်သည် မိမိတို့ သံဃာသုံးပါးအတွက် အခေါင်းသုံးလုံး ပြုလုပ်ထားလိုက်ပါ၏။

အဘိုးငယ်သည် အခေါင်းနှစ်လုံးကို သယ်ယူလာပြီး အစ်ကိုကြီးနှစ်ပါး သီတင်းသုံးနေထိုင်ရာ ကျောင်းသို့ လာရောက်တင်ထားလိုက်ပါ၏။ ထိုအခါ အစ်ကိုကြီးနှစ်ပါးတို့သည် အားသင့်ကြီးစွာဖြင့်...

'အဘိုးငယ် ဒါ ဘာလုပ်တာလဲ'

www.burmeseclassic.com

အဘိုးလတ်က မျက်လုံးပြူးလျက် မေးမြန်းလိုက်ပါသည်။

အဘိုးငယ်က အေးဆေးတည်ငြိမ်စွာဖြင့်...

'အစ်ကိုကြီးတို့နှစ်ပါး ပုံလွန်တော်မူရင် ထည့်ရအောင် အဆင်သင့် ပြုလုပ်ပေးထားတယ်။ တပည့်တော်အတွက်လဲ ပြုလုပ်ထားပြီးပါပြီ။ တပည့်တော် ကျောင်းမှာပဲ ထားခဲ့ပါတယ်။ တစ်နေ့ကျရင် ပုံလွန်တော်မူကြမှာပဲ မဟုတ်လား။ ရွာသူရွာသားတွေလဲ တာဝန်မပိုရအောင်လို့ပါ'

'အဘိုးငယ် အဲဒီလို မလုပ်ပါနဲ့။ ကျက်သရေ မရှိဘူး'

'ဘုရားသော်မှ မလွန်ဆန်နိုင်တဲ့ သွားရာလမ်း ငြင်းလို့ရမလား'

'မလိုဘူးကွာ ဒါတွေကို အခု ပြန်သယ်သွား'

အဘိုးငယ်လည်း ကိုယ့်ထက်ကြီးသူများကို ခွန်းတုံ့မပြန်လိုတော့ပါ၍ မိမိနေထိုင်ရာ ကျောင်းလေးသို့ ရွှေ့ပြောင်းထားလိုက်ပါတော့သည်။

* * *

မချိုလေး မိဘများသည် အဘိုးငယ်ကို ရိုသေချစ်မြတ်နိုး ကိုးကွယ်ဆည်းကပ်ကြသလို ဆံရစ်ဝိုင်းလေးနှင့် မချိုလေးကလည်း အဘိုးငယ်မှ အဘိုးငယ် တရိုတသေရှိပါ၏။ မချိုလေးတို့ မိသားစုသည် အချိန်ရလျှင် ရသလို မိမိတို့ ခြံထွက်သီးနှံများဖြင့် အဘိုးငယ်ကို သွားရောက်လှူဒါန်း ပူဇော်ကန်တော့လေ့ ရှိကြပါ၏။

သူတို့မိသားစုသည် ကိုယ်ပိုင်စက်လှေကလေးနှင့် ကောင်းပေ့ညွန့်ပေ့ ထွားကျိုင်းသော ရွှေဖရုံသီးကြီးကြီး တစ်လုံး၊ ဝဝလုံးလုံး ဘူးသီးတစ်လုံး၊ ရွှေရည်ဝင်းသော လုံးတန်ကောင်း ချစ်စုသရက်သီးမှည့် ငါးလုံးတို့ကို တင်ဆောင်ကာ အဘိုးငယ်အား



လှူဒါန်းဒါနပြုရန် ပိတ္တာလေးသို့ ထွက်ခဲ့ကြလေ၏။

သူတို့၏ စက်လှေကလေးသည် မြစ်ကြောင်း တစ်လျှောက်တွင် ဖြောင့်ဖြူးသာယာစွာ ရေပန်းပွားလှိုင်းခေါင်းဖြူလေးများခွဲလျက် တရိပ်ရိပ် ပြေးလွှားနေပါသည်။ မြစ်ပြင်ကို ဖြတ်တိုက်လာသော လေပြည်လေညင်းလေးမှာ အေးမြလန်းဆန်းစေပါသည်။

အဘိုးငယ်ကို ဖူးမြော်ကန်တော့ရတော့မည်ဖြစ်၍ ဝမ်းသာကြည်နူးနေသူလေးက မချိုလေး ဖြစ်ပါသည်။ သူမသည် ပျော်ရွှင်မဆုံး တပြုံးပြုံးနှင့် လှေကလေးကို စိတ်လက်ပေါ့ပါးစွာ စီးနင်းလိုက်ပါလာသည်။

ပိတ္တာလေးကျေးရွာ ဘုန်းကြီးကျောင်း ရေဆိပ်တံတားတွင် စက်လှေကို ဆိုက်ကပ်လိုက်ကြပါ၏။ လှူဖွယ်ပစ္စည်းများကို ကျောင်းသို့ သယ်ဆောင်လိုက်ကြသည်။ လှူဖွယ်ပစ္စည်းများဖြင့် အဘိုးငယ်အား ရှိခိုးကန်တော့ လှူဒါန်းလိုက်ကြပါသည်။

လှူဒါန်းမှုပြီးဆုံးပြီးနောက် ဦးပေါလူနှင့် ဒေါ်မယ်အင်းတို့သည် ကျောင်းအောက်သို့ ဆင်းခဲ့ကြ၏။ ကျောင်းအောက်အရိပ်ကောင်းသော ကံ့ကော်ပင်ကြီးအနီးတွင် ထိုင်ကြပြီး အနားယူလိုက်ကြသည်။

ဒေါ်မယ်အင်းသည် အေးဆေးစွာ အနားယူရင်း ခံတွင်းချဉ်လာသည့် အလျောက် ကျောင်းအောက်တွင် ဆော့နေသော သမီး မချိုလေးကို လှမ်းခေါ်လိုက်သည်။

'သမီး ချိုလေး'

'ရှင်'

'လာဦး သမီးလေး ဘုန်းဘုန်းဆီမှာ ဆေးပေါ့လိပ်တစ်လိပ် သွားတောင်းစမ်း သမီးရယ်'

'ဟုတ်ကဲ့ အစ်မ'(မချိုလေးက အမေကို အစ်မဟု ခေါ်သည်။)

မချိုလေးသည် ကျောင်းပေါ်သို့ ပြေးတက်သွားလေ၏။ အဘိုးငယ် အနားသို့ ရောက်သောအခါ...

'အဘိုးငယ် အစ်မက ဆေးလိပ် သောက်ချင်လို့ နှစ်လိပ်ပေးပါ'

အဘိုးငယ်က ပြုံး၍...

'ဆိတ်ခို နှင့်အစ်မ တောင်းခိုင်းတာ တစ်လိပ်တည်းမလား'

(အဘိုးငယ်သည် မချိုလေးကို ချစ်စနိုးဖြင့် ဆိတ်ခိုဟု ခေါ်လေ့ရှိသည်။)

'အစ်မ တစ်လိပ်ယူရင် ငါလဲ တစ်လိပ် ယူမှာပဲ'

ဟု ပြန်ပြောလေ၏။

မချိုလေးသည် နှုတ်ကျိုးနေပြီး ဘုန်းကြီးသော်မှ "ငါ"ဟု ပြောနေလေ၏။ သားသမီးလေးများ လိမ္မာယဉ်ကျေးစေရန် မိဘများ၏ သွန်သင်ဆုံးမမှု လိုအပ်ပါ၏။

မချိုလေး ယဉ်ကျေးစေရန် မိဘများက သွန်သင်ဆုံးမလျက် ရှိပါ၏။ မိဘများကလည်း ယဉ်ကျေးလိမ္မာ သမီး

www.burmeseclassic.com

လေး ဖြစ်လာစေရန် အခါမလပ် သင်ကြားခဲ့ဖြစ်၍ နောင်တွင် တပည့်တော်ဟု ပြင်ဆင်ပြောလာကြောင်း သိရှိရပါ၏။

*　*　*

အဘိုးငယ်သည် နေ့လယ် ဆွမ်းဘုဉ်းပေးပြီးချိန်တိုင်း တရားထိုင်လေ့ရှိ၏။ တရားထိုင်သော ပုံစံမှာ ဘုရားစင်ရှေ့တွင် ပက်လက်အနေအထားဖြင့် လက်နှစ်ဖက်ကို ခန္ဓာကိုယ်နှင့် တပြေးညီ တဖြောင့်တည်း ဘေးချင်းယှဉ်လျက်ထားကာ တရားကို ရှုမှတ်၏။

ထိုကမ္မဋ္ဌာန်းတရား ရှုမှတ်နည်းကို အသုဘကမ္မဋ္ဌာန်းဟု ခေါ်သည်။ အဘိုးငယ်သည် တရားရှုမှတ်တော့မည်ဖြစ်၍...

'ကိုင်း အကာတို့ အဘိုးငယ် တရားရှုမှတ်ချိန်ရောက်ပြီ။ အနားကို ဘယ်သူမှ မလာကြနဲ့ ဝေးရာမှာ သွားရောက်နားနေကြ အကာတို့'

'တင်ပါ့ ဘုရား'

မိမိတို့ အဘိုးငယ်၏ ကျင့်စဉ်ကို သိပြီးဖြစ်သော လူကြီးများက အဘိုးငယ်၏ ဆိုလိုရင်းကို နားလည်ပြီး ဖြစ်၏။ အဘိုးငယ်သည် တရားတစ်ကြိမ် ရှုမှတ်လျှင် သုံးနာရီခန့် ကြာလေသည်။ အဘိုးငယ်အား မနှောင့်ယှက်တော့ဘဲ ကျောင်းအောက်ကပင် စောင့်ရှောက်ပေးကြလေသည်။

ကလေးငယ် မချိုလေးကတော့ ဘုန်းကြီးနှင့် မိဘတို့၏ အလိုက်အထိုက်ကို နားမလည်သလို သိလည်း မသိပါ။ သူမက ကလေးပေကိုး။ သူမသိရှိနားလည်တာကတော့ ကျောင်းအောက်တွင် ဆော့ကစားမည်။ ဆော့၍ ဝ,လျှင် အဘိုးငယ်ကို လိုက်ရှာပါမည်။

မချိုလေးသည် မောပန်းသည်အထိ



တော့ ဆော့လိုက်ပါ၏။ ဆော့၍ ဝ,သွားသောအခါ သူမ၏ တာဝန်သည် အဘိုးငယ်ကို လိုက်ရှာပါတော့သည်။

ကျောင်းခန်းအတွင်း၌ အဘိုးငယ် မရှိပါ။ အဘိုးငယ်သည် ဘုရားခန်းတွင် ကျိန်းသေ ရှိပါမည်။ မချိုလေး ဘုရားခန်းအတွင်းသို့ လှစ်ခနဲ ပြေးဝင်လိုက်သည်။ တွေ့ပါပြီ အဘိုးငယ်၊ အိပ်နေလိုက်သည်မှာ သိုးလို့။ တုတ်တုတ်မျှ မလှုပ်ရှေးချမလှုပ်။ သစ်တုံးကြီး တစ်တုံး ချထားသလို ငြိမ်မှငြိမ်။

ဒါကို မချိုလေးက မကျေနပ်၊ အဘိုးငယ်၏ ပခုံးကို လှုပ်ခါ၍ နှိုးလေတော့သည်၊ လက်တစ်ဖက်တည်းဖြင့် ပုတ်၍ နှိုးရာ မရသဖြင့် သူမ၏ လက်ကလေး နှစ်ဖက်ဖြင့် ကိုင်၍ လှုပ်ပါတော့၏။ အဘိုးငယ် မနိုးပါ။

ဒါနှင့် အားမရသေးဘဲ အဘိုးငယ်၏ တင်ပါးကို သူမ၏ လက်ဖဝါးလေးဖြင့် အားကုန် ထုရိုက်လေတော့၏။ အဘိုးငယ်ကတော့ အချိန်မကျသေး၍ ဈာန်ဝင်နေခဲ့၊ မချိုလေး ဘယ်လောက်ပင် ကြိုးစားထုရိုက်သော်လည်း အချည်းနှီးသာ။

မချိုလေး ပျောက်၍ လိုက်ရှာနေကြ

သော လူကြီးများ ရောက်ရှိလာကြပြီး မချိုလေး၏ ချိုင်းနှစ်ဖက်ကို မြှောက် ချီကာ ခေါ်ဆောင်သွားရလေတော့ သည်။ မချိုလေးကတော့ ဘာမှ မသိ ရှာ။ လူကြီးများ၏ လက်ထဲတွင် ယက်ကန်ယက်ကန်ဖြင့်သာ ပါသွား ရှာလေတော့သည်။

*　*　*

အဘိုးလေး၏ မေတ္တာစွမ်းအားက ပိတ္တာလေးကျေးရွာ တစ်ရွာလုံး လွှမ်းခြုံစေစားနိုင်သော စွမ်းပကာ မြင့်မားလှပါဘိ။ မိမိကိုယ်တိုင် သ သတ်လွှတ်ဘုဉ်းပေး၍ သတ္တဝါများ သက်ညှာထောက်ထားသလို ရွာသူ သားများကိုပါ မေတ္တာစာတ် ဖြန့် စေသည်။

ရွာသူရွာသားများ၏ မေတ္တာအ သည် ယခုအခါ မြင့်မားလာပြီ ဖြစ် သတ္တဝါများကို ညှာတာထောက် စေလေရာ ချောင်းကြိုချောင်းကြား ငါးသတ္တဝါလေးများ လွတ်လ ပျော်မြူးနေကြသည်မှာ လူရိပ်ကို မြ သော်မှ တိမ်းရှောင်ခြင်း မပြုကြ ချေ။ သတ္တဝါအချင်းချင်း မေတ္တာ ဆက်ဆံကြပေပြီ။

တိရစ္ဆာန် မွေးမြူခြင်းကို စွန့်လွှတ် လိုက်ကြပါတော့သ ကျေးငှက်သာရကာတို့၏ သာ သော ဆိုတေးသံလေးများ မြိုင်ယံတကြော လွှင့်မျောကြ မည်မျှအထိ အိမ်မွေးသတ္တဝါ ကင်းရှင်းသွားကြလေသနည်း ဆို ရွာ၏အမည်နာမလေးကိုပင် မတွန်ကျေးရွာဟု ဆိုစမှတ်ပြုရ တော့သည်တကား။

အဘိုးငယ်နှင့်တကွ ရွာသူရွာ များ၏ မေတ္တာစာတ် တစ်ရွာ စိမ့်ဝင်ပျံ့နှံ့လျက်ရှိလေရာ တော



www.burmeseclassic.com

www.burmeseclassic.com



နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်မှ မေတ္တာနှင့်ယှဉ်သော ရွာကလေးကို စောင့်ရှောက် ပေးလိုက်ကြပုံကိုလည်း ရှုကြည့်လိုက်ပါအဆွေ။

ပိဋကလေးကျေးရွာ ပတ်ဝန်းကျင်မှ ဓားပြတစ်စုတို့သည် လူသူစုရုံးပြီး ပိဋကလေးကျေးရွာကို ဓားပြတိုက်ရန် စီစဉ်ကြလေသည်။

လက်နက်အင်အား တောင့်တင်းသော ဓားပြအုပ်စုတို့သည် သေနတ်၊ ဓား ကိုယ်စီကိုင်၍ လှေများ လှော်ခတ်ကြလျက် ပိဋကလေးကျေးရွာသို့ ပေါက်မြောက်သည့် မြစ်ကြောအတိုင်း အားသွန်ခွန်စိုက် ထွက်ခွာလာခဲ့ကြတော့သည်။

ယခင်ကဆိုလျှင် ပိဋကလေးကျေးရွာသို့ နှစ်နာရီခန့် ပုံမှန် လှော်ခတ်ကြရလေ့ရှိလေသည်။ ယခုသော်ကား ညဥ့်ဦးယံမှ လှော်ခတ်၍ လာကြရာ သန်းခေါင်ယံမျှမက မိုးသောက်ယံသို့ပင် တိုင်ခဲ့ချေပြီကော။ ပိဋကလေးကျေးရွာကို ရှာဖွေ၍ မတွေ့ရှိကြပါ။ လှော်ခတ်သူများ ခြေကုန်လက်ပန်းကျလေပြီ။

ဓားပြတို့သည် ဖွဲ့သန်သန်ဖြင့် ကြိုးစား၍ သူတို့အနားတွင် ရှိနေသော ပိဋကလေးကျေးရွာကို ရှာဖွေမတွေ့ရှိနိုင်ကြတော့ဘဲ တပ်ခေါက်ဆုတ်ခွာပြန်ခဲ့ကြရလေသတည်း။

* * *

ပိဋကလေးကျေးရွာကို မကောင်းကြံစည်သူများအနေဖြင့် ကျေးရွာလေးအား ရှာဖွေမတွေ့ရှိနိုင်ကြောင်း ဂုဏ်သတင်းကျော်စောနေမှုကို မယုံကြည်သည့် ဓားပြကြီးအုပ်စုတစ်စု ပေါ်လာပြန်သည်။

ခေါင်းဆောင်မိုက်ခဲ ဦးဆောင်သော ဓားပြကြီးအုပ်စု ဖြစ်ပါသည်။

'ဆရာကြီး ဒီည ဘယ်ရွာကို တိုက်ကြမတုံး'

'ဒီည ပိဋကလေးကျေးရွာကို တိုက်ကြမယ်ကွ တပည့်ကြီးရ'

'ဖြစ်ပါ့မလား ဆရာကြီး ရုပ်ဆိုးတို့အဖွဲ့ ပိဋကလေးကျေးရွာကို ဘယ်လိုမှ ရှာမတွေ့ခဲ့ကြဘူး ဆရာကြီး'

'အရည်အချင်း မရှိတဲ့သူတွေပါ တပည့်ကြီးရာ မိုက်ခဲပါကွ၊ မိုက်ခဲရဲ့ အရည်အချင်းကို အပြည့်အဝ ယုံလိုက်စမ်းပါ။ ပိဋကလေးကို ဘယ်လို ဖြိုရမလဲဆိုတာ ငါ့ရဲ့ဦးနှောက်ထဲမှာ အစီအစဉ် ချထားပြီးသား၊ ပွဲပေါက်တိုးပြီပေါ့ကွာ'

'ယုံကြည်ပါတယ် ဆရာကြီး'

ပိဋကလေးကျေးရွာကို ဓားပြတိုက်ကြရန် လက္ခဏာည ကို သူတို့ရွေးချယ်လိုက်ကြပါ၏။ မကောင်းမှု ဒုစရိုက်လုပ်ငန်းကို အမှောင်ထုက အားပေးသည် မဟုတ်ပါလား။

သူတို့ ချိန်းဆိုထားသည့် လက္ခဏာညသို့ ရောက်ရှိသောအခါ ချိန်းဆိုထားသည့်အတိုင်း လူစုံ၊ လက်နက် အစုံအလင်နှင့် စုဝေးမိကြသည်။ လက္ခဏာညတွင် မိုးမှောင်ကျနေသည်။ ကြယ်အလင်းရောင်များ မိုးမှောင်ထဲတွင် ပျောက်ကွယ်နေသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**အောင်မြင့်ထွန်း**
***(မသုံးလုံး)***

**စာရှုသူ သူတော်သီနှင့် ဓါသနာရှင်များသို့**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

ဝိတောက်ခြောက်ရောင်ဆာရီနှင့်

# ဧရာမြားဧမြှုမြားမှ ဗရုဧလာဇာသ

ချို (အာမရပူရ)



လွန်ခဲ့သော(၂)နှစ် ဆောင်းရာသီတွင် မိခင်ကြီး၊ နန်းထွေးနှင့် မိတ်ဆွေများသည် ဗုဒ္ဓဂယာသို့ မဟာအောင်ပန်း ဘုရားဖူးအဖွဲ့ဖြင့် ဘုရားဖူးသွားခဲ့ကြပါသည်။

မိခင်ကြီးသည် အသက်(၈၀)နှစ်နား နီးနေပြီး နှလုံးရောဂါရှိသော်လည်း မိတ်ဆွေများနှင့်. မြန်မာနိုင်ငံတွင်း တန်ခိုးကြီးဘုရားများကို နှစ်စဉ် ဖူးပါသည်။

ဗုဒ္ဓဂယာ ဘုရားဖူးထွက်ခါနီးတွင်လည်း ကျိုက်ထီးရိုးဆံတော်ရှင်ကို မိတ်ဆွေများနှင့်အတူ မိခင်ကြီး သွားရောက်ဖူးခဲ့ပါသည်။

နန်းထွေးတို့ ဘုရားဖူးအဖွဲ့ အိန္ဒိယနိုင်ငံသို့ရောက်ရှိပြီး ရှမ်းကျောင်း (မိုင်းဖုန်း ဆရာတော်ကျောင်း)တွင် တည်းကြပါသည်။ မဟာဗောဓိအောင်မြေရှိ မဟာဗောဓိပင်နှင့် မဟာဗောဓိစေတီမြတ်ကြီးကို ကြည်ညိုစွာဖြင့် ဖူးကြပါသည်။

နှလုံးရောဂါအခံရှိသော မိခင်ကြီးသည် ဗာရာဏသီမှအပြန်တွင် နေမကောင်းဖြစ်ပြီး ကျန်းကောင်းစွာ

www.burmeseclassic.com

မလျှောက်နိုင်တော့ပါ။

ကျန်ခရီးစဉ်များကို မိခင်ကြီး၏ ကျန်းမာရေး အခြေအနေကြောင့် မလိုက်တော့ဘဲ တည်းခိုရာကျောင်းတွင် မိခင်ကြီးနှင့် နန်းထွေးတို့ နေခဲ့ကြရပါသည်။

ကျောင်းတိုက်အတွင်းတွင် သံဃာတော်များ သီတင်းသုံးသော ကျောင်းတိုက်သည် အလယ်တွင်ရှိပြီး ခပ်လှမ်းလှမ်းတွင် ဘုရားဖူးများ တည်းသော နှစ်ထပ်ကျောင်းတိုက် တည်ရှိပါသည်။

ကျောင်းတိုက်တွင် အုပ်ချုပ်သော သံဃာတော်ကြီးတစ်ပါး၊ သံဃာတော် ငယ်နှစ်ပါးနှင့် ကိုရင်လေးနှစ်ပါးတို့ သီတင်းသုံးကြပါသည်။ ဘုရားဖူးများ တည်းသော ကျောင်းတိုက်အပေါ်ထပ် လှေကားနှင့် တစ်ခန်းကျော်တွင် နန်းထွေးတို့သားအမိ တည်းကြပါသည်။

ဘုရားဖူးအဖွဲ့များ ခရီးထွက်သွားပြီး ညနေစောင်းအချိန်တွင် အိပ်နေသော မိခင်ကြီးနိုးလာပြီး နန်းထွေးအား...

'သမီး... သူငယ်ချင်းတွေ ခေါ်လိုက်လေ၊ လာ...လာ ထိုင်ကြ'

ဟု ပြောလာပါသည်။ နန်းထွေးက မိခင်ကြီးပြောသည်ကို ကြား၍ လှည့်ကြည့်ရာ မည်သူ့ကိုမျှ မတွေ့ရပါ။

ညမိုးချုပ်ချိန်တွင် နန်းထွေး ဘုရားကန်တော့ပြီး မိခင်ကြီးဘေး ထိုင်ကာ သမ္ဗုဒ္ဓေဂါထာတော်၊ ဂုဏ်တော်ကိုးပါး၊ သရဏဂုံသုံးပါးတို့ကို အသံထွက် ရွတ်လိုက်ပါသည်။

မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့ကို ရွတ်ပြီး မိခင်ကြီးကို ဆေးတိုက်လိုက်ပါသည်။ မိခင်ကြီးအိပ်မှ နန်းထွေး အိပ်လိုက်ပါသည်။



အချိန်အတော်ကြာကြာ အိပ်ပျော်သွားပြီး ကျောင်းဝင်းအတွင်း ခွေးများ အူသံကြားမှ နန်းထွေး လန့်နိုးလာပါသည်။

အချိန်မှာ ည(၃)နာရီခန့်ရှိပြီး ကျောင်းတိုက် တစ်တိုက်လုံး သားအမိ နှစ်ယောက်သာ ရှိပါသည်။ ကြောက်လန့်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကို အသံထွက်ပြီး ရွတ်လိုက်ပါသည်။

မိခင်ကြီးလည်း နိုးသွားပြီး "**သွားကြ၊ သွားကြ**"ဟု လက်နှစ်ဖက်ကို မြှောက်၍ အော်လွှတ်နေပါသည်။ နန်းထွေးက မိခင်ကြီးကို ဖက်ကာ သမ္ဗုဒ္ဓေဂါထာတော်ကို အသံထွက် ရွတ်နေလိုက်ပါသည်။ အတန်ကြာမှ မိခင်ကြီးလည်း ပုံမှန်ဖြစ်ကာ အိပ်ပျော်သွားပါသည်။

နံနက်ပိုင်းတွင် ကျောင်းထိုင်ဆရာတော်ကို ညကအကြောင်း နန်းထွေး သွားလျှောက်ပါသည်။ သံဃာတော်ငယ်တစ်ပါးမှ နန်းထွေးအပြန်တွင် ဓားနှစ်ချောင်း ပေးလိုက်ပါသည်။ 'မည်သူပဲ လာလာ ဓားနှင့်ခုတ်ဟုလည်း ပြောပါသည်။

ဓားတစ်ချောင်းကို မိခင်ကြီးဘေး နားတွင်ထားပြီး တစ်ချောင်းကို နန်းထွေးဘေးတွင် ထားလိုက်ပါသည်။

ဒုတိယညတွင်လည်း ဘုရား ကန်တော့ပြီး မိခင်ကြီးဘေးတွင် ဘုရားဂုဏ်တော်များ ရွတ်ကာ မေတ္တာပို့ပြီး အိပ်လိုက်ပါသည်။

ည(၃)နာရီထိုးတွင် ကျောင်းဝင်းအတွင်းရှိ ခွေးများ အူကြပါသည်။ ခဏအကြာတွင် မိခင်ကြီးနိုးသွားပြီး အိပ်ရာဘေးရှိ ဓားကိုကိုင်ကာ ပက်လက်အိပ်လျက်ဖြင့် "သွားကြ၊ သွားကြ"ဟု အော်ပြီး ဓားဖြင့် ဝှေ့ယမ်းခုတ်နေပါသည်။

နန်းထွေးလည်း မိခင်ကြီးလက်ထဲမှ ဓားကို သတိနှင့်ယူပြီး သမ္ဗုဒ္ဓေဂါထာတော်၊ ဂုဏ်တော်ကိုးပါး၊ သရဏဂုံသုံးပါးတို့ကို အသံထွက်ပြီး ရွတ်လိုက်ပါသည်။

မိခင်ကြီးလည်း ငြိမ်သွားပြီး အိပ်ပျော်သွားပါသည်။ နန်းထွေးလည်း ရင်တုန် ကြောက်လန့်ပြီး အိပ်မပျော်တော့ပါ။

နေ့လယ်ပိုင်းတွင် ဆရာတော်ကို ညမအိပ်ရဲတော့ကြောင်း သွားလျှောက်ပါသည်။ ညနေပိုင်းတွင် နန်းထွေးတို့ အခန်းသို့ သံဃာတော်များ ကြွလာပြီး အန္တရာယ်ကင်းပရိတ် ရွတ်ပေးပါသည်။ မိခင်ကြီးလည်ပင်းတွင် ပရိတ်ကြိုးများ ဆွဲပေးပါသည်။

ညပိုင်းတွင် သံဃာတော်ငယ် တစ်ပါး ကြွလာပြီး နန်းထွေးတို့ ခေါင်းရင်းခန်းတွင် သီတင်းသုံးပေးပါသည်။ ည(၃)နာရီအချိန်တွင် ခွေးများ အူကြသော်လည်း တတိယတွင် မိခင်ကြီး ကောင်းမွန်စွာ အိပ်ပျော်ပြီး မလန့်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ညတိုင်း ကောင်းစွာ မအိပ်ရသောကြောင့် နန်းထွေးလည်း စိတ်ညစ်နေပါသည်။ မြန်မာနိုင်ငံသို့ အမြန်ပြန်ချင်သော်လည်း ဘုရားဖူးအဖွဲ့ ရောက်လာမှ ပြန်ရမည်ဖြစ်ပါသည်။

စတုတ္ထညတွင် ဘုရားကန်တော့ကာ မိခင်ကြီးကို ဆေးတိုက်၍ ဘေးတွင် ထိုင်ပြီး ဘုရားဂုဏ်တော်များ၊ မေတ္တာပို့များ ရွတ်ပေးလိုက်ပါသည်။ ခေါင်းရင်းခန်းတွင် သံဃာတော်တစ်ပါး သီတင်းသုံးနေသဖြင့် ကြောက်စိတ်များလည်း လျော့သွားပါသည်။

နန်းထွေး နှစ်ခြိုက်စွာအိပ်ပျော်သွားပြီး ဝမ်းဗိုက်တစ်ခုလုံး ပြင်းထန်စွာ နာကျင်လာသဖြင့် လန့်နိုးသွားပါသည်။ နာကျင်လွန်းသဖြင့် နန်းထွေး မျက်လုံးများ ဖွင့်ကြည့်လိုက်ပါသည်။

ပိတောက်ခြောက်ရောင် ဆာရီဝတ်ထားသော မိန်းမတစ်ဦးသည် နန်းထွေး၏ ဘေးတွင်ထိုင်ပြီး ဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်နေပါသည်။ မျက်နှာရှေ့တွင် ဆံပင်များ ဖားလျားချထားသောကြောင့် မျက်နှာကို မမြင်ရပါ။ ခြေထောက်နှစ်ချောင်း မပါသည်ကိုလည်း တွေ့လိုက်ရပါသည်။

ချွေးများပြန်လာပြီး နာကျင်မှုသည်လည်း မခံနိုင်တော့ပါ။ သရဏဂုံသုံးပါးကို စိတ်ထဲမှ ရွတ်ရင်း အသံများလည်း ထွက်လာပါသည်။ နန်းထွေး၏ နှုတ်ဖျားမှ...

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ'

ဟု အသံထွက်ပြီး ဆက်တိုက် ရွတ်နေလိုက်ပါသည်။ အချိန်အနည်းငယ်အကြာတွင် ဝမ်းဗိုက်နာကျင်မှုသည် လျော့သွားပါသည်။

သရဏဂုံသုံးပါးရွတ်ရင်း ကြည့်လိုက်ရာ ထိုအမျိုးသမီးသည် လက်ကို လွှတ်၍ လေထဲတွင် ရပ်လိုက်ပါသည်။ ပိတောက်ခြောက်ရောင်ဆာရီကို ဝတ်ထားပြီး ဆံပင်ဖားလျားနှင့် ခြေထောက်မပါသော အမျိုးသမီးသည် ခေါင်းရင်းခန်း သံဃာတော် သီတင်းသုံးနေသော အခန်းအုတ်နံရံကို တိုး၍ ဝင်သွားပါတော့သည်။

နန်းထွေးလည်း အံ့ဩစွာဖြင့် ကြည့်ရင်း သရဏဂုံသုံးပါးကို ဆက်ရွတ်နေပါတော့သည်။ အိပ်မက်မဟုတ်မှန်းလည်း သိနေပါသည်။

နောက်တစ်နေ့ ညနေပိုင်းလောက်တွင် ဘုရားဖူးအဖွဲ့အားလုံး ပြန်လာကြပါသည်။ နန်းထွေးလည်း ဝမ်းသာသွားပါသည်။ အခန်းတိုင်းတွင် ဘုရားဖူးအဖွဲ့များလည်း နားနေကြပါသည်။

ညနေ မှောင်ရီဖျိုးစအချိန်တွင် လှေကားပေါ်မှ တောက်ခေါက်သံအကျယ်ကြီးကို ဘုရားဖူးမိတ်ဆွေများ နှုတ်ဆက်ရင်း အခန်းပြန်လာသော နန်းထွေး ကြားလိုက်ရပါသည်။

ထို တောက်ခေါက်သံကြီးကို နန်းထွေး ကြားရသော်လည်း မကြောက်တော့ပါ။ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးခဲ့ရသော ကုသိုလ်၊ လှူခဲ့သောကုသိုလ်ကောင်းမှုအစုစုကို ပိတောက်ခြောက်ရောင်ဆာရီဝတ် အမျိုးသမီးအား အမျှပေးဝေလိုက်ပါတော့သည်။

ကြည့်ဖူးသော သရဲကားများထက်ပင် ကြောက်စရာကောင်းကြောင်းကို ပြောပြသော နန်းထွေး၏ ဘုရားဖူးဇာတ်လမ်းကို ရေးဖွဲ့ပါသည်။

ချို(အမရပူရ)


**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အစိုးရ စာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နတ္တမှော်ရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးငွေလွှဲစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နတ္တမှော်ရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင်ပါသည်။

မှာကြားရန် လိပ်စာ. . .

**နတ္တမှော်ရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ်-၂၄၄၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၂၀၄

www.burmeseclassic.com



ကူညီသည်

တက္ကသိုလ် ဘုန်းနိုင်

# မမြင်ရသော ပုံရိပ်များ

သိန်းနီမြို့မှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့တစ်မြို့ ဖြစ်ပါသည်။ လားရှိုးမြို့မှ (၃၂)မိုင်ကွာဝေးပြီး ကွတ်ခိုင်မြို့သို့ (၁၆)မိုင်ကွာဝေး၏။ မန္တလေးမြို့မှ သိန်းနီမြို့အထိ (၂၀၇)မိုင် ကွာဝေးပါသည်။ မူဆယ်မြို့နှင့် ချင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်ကြမ်းမြို့များသို့ သွားရာ လမ်းဆုံလည်းဖြစ်၏။ သိန်းနီမြို့မှာ ရာသီဥတုမှုတပြီး တောင်တန်းကြီးများ ဝန်းရံနေသဖြင့် နေချင်စရာကောင်းသော ဒေသတစ်ခု ဖြစ်ပါသည်။

၁၉၈၆ ခုနှစ် ဆောင်းဦးပေါက်စ ကာလတွင် သိန်းနီမြို့ကို ရောက်လာပါသည်။ ရုံးအဆောက်အအုံမှာ အသစ်ဖြစ်ပြီး တည်ဆောက်ပြီးခါစ ဖြစ်၏။ အုတ်ညှပ်နှစ်ထပ်တိုက် ဖြစ်သည်။ အလျားမှာ ပေ(၆၀)ရှိပြီး အနံမှာ ပေ(၂၀)ရှိ၏။ ရုံးခန်းကို အောက်တွင်ထားပြီး အပေါ်ထပ်တွင် အစည်းဝေးနှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့အတွက် တစ်ခန်းစီကို အခန်းဖွဲ့၍ ကာရံထား၏။ အပေါ်ထပ်သို့ ရုံးဘေးမှတက်ရန် လှေကားပြုလုပ်ထားပြီး ဝရန်တာကို ပေ(၂၀)မျှ ပြုလုပ်ထားသည်။

ရုံးဝင်းမှာ တစ်ဧကနီးပါးမျှ ကျယ်၏။ ခြံဝင်းကို သံဆူးကြိုးများဖြင့် ကာရံထားသည်။ ရုံး၏နောက်ဘက်တွင် တင်းနစ်အားကစားကွင်းနှင့် ရုံးခြံထောင့်တွင် စံပယ်ရုံကြီးတစ်ခုရှိပြီး စံပယ်ပွင့်ချိန်တွင် တစ်ရုံးလုံး မွှေးကြိုင်လျက်ရှိ၏။ ရုံးအရှေ့ဘက်နှင့် မြောက်ဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဂဝံခင်းထားသောလမ်းများ ရှိသည်။ ရုံး၏မြောက်ဘက်ထောင့်တွင် နှစ်ကာလကြာမြင့်ပြီဖြစ်သော ညောင်ပင်အိုကြီးတစ်ပင်ရှိ၏။ ပေ(၇၀)မျှ မြင့်မည်ထင်ပါသည်။

ဝန်ထမ်းနေအိမ်မှာ လူပြည့်နေသဖြင့် ကျွန်တော်သည် ရုံးအပေါ်ထပ်ရှိ အစည်းအဝေးခန်းတွင် တစ်ဦးတည်း နေရသည်။ အစည်းအဝေးခန်းမှာ ကျယ်ဝန်း၏။ စာရေးစားပွဲဟောင်းတစ်လုံးကို ဘုရားစင်အဖြစ် ပြုလုပ်လိုက်သည်။ ကိုယ်ပိုင်ပစ္စည်းအဖြစ် အခန်းထဲတွင် ခေါက်ခုတင်တစ်လုံး၊ သံသေတ္တာတစ်လုံးနှင့် စာအုပ်စာတမ်းများထည့်ရန် ထင်းရှူးသေတ္တာတစ်လုံး ထားရှိ၏။

ဆောင်းတွင်းကာလ ဖြစ်စေကာမူ ရှမ်းပြည်နယ်၏ အအေးဒဏ်ကို အန်တုပြီး နံနက် (၄း၀၀)နာရီတွင် အိပ်ရာမှထသည်။ ဘုရားသောက်တော်ရေလဲပြီး ဆီမီးပူဇော်၍ ဘုရားရှိခိုးသည်။ ဒီနောက် ဂုဏ်တော်ပုတီးကိုးပတ်ပြည့်အောင်စိပ်ပြီး အာနာပါနသသတိဘာဝနာ (၁၅)မိနစ်ခန့် ပြုလုပ်၏။ ပဋ္ဌာန်းဒေသနာတော်နှင့် မေတ္တာသုတ်ကို ဆက်လက်ပူဇော်ပြီး အမျှအတန်းပေးဝေ၏။ နေ့စဉ်ပြုလုပ်နေကျ ဖြစ်သဖြင့် ကြာတော့ အကျင့်ရသွားသည်။

ညဘက်တွင်လည်း စောစောအိပ်ရာဝင်ပြီး နံနက်ကပြုလုပ်နေကျ ကျင့်စဉ်အတိုင်း ပြုလုပ်ခဲ့၏။ တစ်နေ့လျှင် နှစ်ကြိမ်မျှ ဘုရားရှိခိုး၊ ပုတီးစိပ် အာနာပါနသသတိဘာဝနာများ ပုံမှန်ပြုလုပ်ခဲ့ပြီး အားလပ်ရက်များတွင် သုံးကြိမ်မျှ ပြုလုပ်နိုင်ခဲ့ပါသည်။

'နှင်းမြူစို့ရွဲ တပို့တွဲ'လ၏ နံနက်ခင်းတစ်ခုတွင် ဆောင်းလေအေးအေးနှင့် နှင်းဖွေးဖွေးကျနေသည်။ အလွန်ချမ်းသဖြင့် ကျွန်တော်သည် စောင်ခြုံပြီး ဘယ်သို့စောင်း၍ ကွေးနေ၏။ နာရီလက်တံများမှာ လေးနာရီသို့ ညွှန်ပြနေပြီဖြစ်၏။ အိပ်ရာမှ နိုးပြီဖြစ်သော်လည်း အေးလွန်း၍ မှေးနေခြင်းဖြစ်သည်။ ထိုအချိန်တွင် ဖြုန်းခနဲ မြည်သွားသောအသံကြီးနှင့်အတူ ကျွန်တော်၏ ညာဘက်တင်ပါးကို လက်ဝါးဖြင့် ရိုက်လိုက်သလို နာကျင်စွာ ခံစားလိုက်ရပါသည်။

လန့်ပြီး အိပ်ရာမှ အလူးအလဲ ထလိုက်၏။ အခန်းထဲသို့ ရှာကြည့်သော်လည်း တစ်ဦးတစ်ယောက်မှ မတွေ့ရ။ တင်ပါးကို လှန်ကြည့်သောအခါ ညိုမည်းစွဲနေသော လက်ဝါးရာကြီး တစ်ခုကို တွေ့လိုက်ရ၏။ ကျွန်တော် သဘောပေါက်သွား၏။ နံနက် (၄း၀၀) နာရီတွင် အိပ်ရာထချိန်ဖြစ်သော်လည်း မထသဖြင့် ရိုက်နှိုးခြင်း ဖြစ်နိုင်သည်။ သို့ဖြင့် နေ့စဉ်လုပ်နေကျအလုပ်ကို ဆက်၍ လုပ်ရတော့၏။ ဒဏ်ရာမှာ မကြာခင်ပျောက်သွား၏။

သိန်းနီမြို့တွင် (၅)ရက်တစ်ဈေး[illegible] သည်။ ဈေးနေ့တွင် တောင်ပေါ်ရွာများမှ ပလောင်တိုင်းရင်းသားလူမျိုးများက သစ်သီး၊ သစ်ရွက်၊ လက်ဖက်ခြောက်နှင့် ပန်းများ လာရောင်းကြ၏။ ဆန်နှင့်ဆားဝယ်ပြီး ပြန်ကြ၏။ ဈေးနေ့မတိုင်ခင် တောင်ပေါ်မှ ဆင်းလာပြီး ဈေးနေ့နံနက်စောစောတွင် ပါလာသော ပစ္စည်းများကုန်ပါက ချက်ချင်းပြန်တတ်သည်။ ဈေးသည်များ ပြန်သွားပါက ဈေးကွဲသည်ဟုဆို၏။ နံနက် (၆း၀၀)နာရီလောက်တွင် ဈေးကွဲလေ့ရှိပါသည်။

ကျွန်တော်တို့သည် ဈေးနေ့ကို မှီပြီး ဘုရားပန်းကို (၅)ရက်လျှင် တစ်ကြိမ်ကျဝယ်၍ လဲရ၏။ ဈေးနေ့တွင် ဈေးကွဲမှရောက်သွားပါက ဘုရားပန်းမရတတ်ပါ။ အချို့ပန်းများမှာ ညှိုးလွယ်၍ (၅)ရက်ထိမခံပါ။ ဈေးထဲသို့ ရောက်ရောက်ချင်း ဘုရားပန်းကို အရင်ရှာရ၏။ ဘုရားပန်းရပြီးမှ စားစရာ သောက်စရာကို ရှာကြရသည်။

ဈေးနေ့တစ်ရက်တွင် အနည်းငယ်နောက်ကျသွား၍ ဘုရားပန်း ဝယ်မရလိုက်ပါ။ ဘုရားပန်းများမှာလည်း ညှိုးနွမ်းနေပြီဖြစ်၏။ ဈေးကို အခေါက်ခေါက်အခါခါ ပတ်ကြည့်ပြီး စိတ်ပျက်စွာနှင့်ပင် ပြန်လာခဲ့သည်။ ဈေးကအပြန် ကောက်ညှင်းပေါင်းနှင့် တိုဟူးကြော်များ ဝယ်လာပြီး ဆွမ်းတော်ကပ်ထားလိုက်၏။

ရုံးချိန်စောနေသေးသဖြင့် အခန်းတံခါးကိုပိတ်ပြီး ဘုရားရှိခိုးလိုက်သည်။ ဒီနောက် ဘုရားဂုဏ်တော်ပုတီးကို စိပ်လိုက်၏။ သုဂတောအထိ ရောက်သောအခါ နှာခေါင်းထဲသို့ အင်ကြင်း

www.burmeseclassic.com

ပန်းရန့်များ တိုးဝင်လာသည်။ ရန့်မှာ သင်းပျံ့မွှေးကြိုင်နေပါသည်။ ပုတီးပတ်ပြည့်သွား၍ မျက်လုံးဖွင့်လိုက်သောအခါ ထူးဆန်းစွာ အင်ကြင်းပန်းများကို ဘုရားစင်ပေါ်တွင် တင်ထားသည်ကို တွေ့လိုက်ရ၏။

အခန်းတံခါးကို ပိတ်ထားသဖြင့် ပြင်ပပုဂ္ဂိုလ်များမှ လာရောက်ပေးခြင်း မဖြစ်နိုင်ပါ။ လူဝင်လာသည့်တိုင်အောင် လှုပ်ရှားမှုအသံများ ကြားရမည်ဖြစ်၏။ အင်ကြင်းပန်းများ တိတ်တဆိတ် အခန်းသို့ ရောက်လာသည်မှာ ဆန်းကြယ်နေ၏။ ကျွန်တော်သည် ဝမ်းသာအားရ ဘုရားပန်းများကို လဲလိုက်သည်။ ဘုရားစင်တစ်ခုလုံး မွှေးကြိုင်၍နေပေပြီ။

ရှမ်းတောင်တန်းကြီးများကြောင့် မိုးအခါတွင် မကြာခဏ မိုးရွာ၏။ တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာတတ်သည်။ မိုးနှင့်အတူ လေထန်လာသည့် ညတစ်ညတွင် စောစောပင် အိပ်ရာဝင်လိုက်သည်။ မိုးက အေးသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။ ညဉ့်သန်းခေါင်ကျော်အချိန် ရောက်သောအခါ တစ်စုံတစ်ယောက်သောသူက ညာဘက်ခြေဖဝါးကို လှုပ်၍ နှိုးလိုက်၏။ အိပ်ရာမှ လန့်နိုး၍ကြည့်သောအခါ တစ်ဦးတစ်ယောက်မှ မတွေ့ပါ။ စောင်ကို ခြေသလုံးပေါ်သည်အထိ လှပ်ထားသည်ကိုသာ တွေ့ရ၏။

ခြေဖဝါးများကို စောင်ဖြင့်အုပ်ပြီး ပြန်၍အိပ်မည်အပြုတွင် တံခါးဝမှ အသံများ သဲ့သဲ့ကြားလိုက်ရ၏။ အသာထကြည့်သောအခါ လူရိပ်များကို တွေ့နေရသည်။ မသူတော်များသည် ညအခါ ရုံးနံဘေးမှ ဖြတ်သွားတတ်၏။ မသူတော်များဖြစ်ပါက ကျွန်တော့်



အတွက် အန္တရာယ်ရှိသည်မို့ အသံမထွက်ဘဲ ငြိမ်နေလိုက်၏။ ထိုစဉ် အစည်းအဝေးခန်းမှ Blackboardကြီး ပြုတ်ကျပြီး အသံကျယ်လောင်စွာ မြည်သွားသည်။ မကြာမီ လှေကားမှ ပြေးဆင်းသွားသော ခြေသံများကို ကြားလိုက်ရ၏။

တံခါးဖွင့်၍ ထွက်ကြည့်သောအခါ တံခါးဝတွင် တူတစ်ချောင်း၊ ပလာယာတစ်ခုနှင့် သံတူးရွင်းတစ်ချောင်းကို တွေ့ရသည်။ ပစ္စည်းခိုးရန်လာသူများ ဖြစ်နိုင်သည်။ Blackboard အသံကြောင့် လူနိုးလာသဖြင့် ခြေလွတ်လက်လွတ် ထွက်ပြေးသွားပုံရ၏။ နံနက်စောစောတွင် Blackboardကို ကြည့်ရာ သံတွင် သွပ်နန်းကြိုးများဖြင့် ချိတ်ထားရာမှ ပြုတ်ကျခြင်း ဖြစ်သည်။ အကြောင်းမဲ့ ပြုတ်ကျလာစရာ မရှိနိုင်။ ဆွဲဖြုတ်ရန်ပင် မလွယ်ကူပါ။ ကျွန်တော့်အား သူခိုးရန်မှ ကင်းလွတ်အောင် ကူညီပေးခြင်းသာ ဖြစ်နိုင်သည်ဟု ထင်ရပါသည်။

တစ်နေ့တွင် မြို့နယ်ပြည်သူ့ကောင်စီရုံးမှ အစည်းအဝေးဖိတ်သဖြင့် သွားတက်၏။ အစည်းအဝေးကို နံနက် (၁၀း၀၀)နာရီတွင် စလုပ်သည်။ နံနက် (၁၀း၃၀)နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦး ကျွန်တော်ကိုတွေ့ရန် လာကြ၏။ အပေါ်ထပ်သို့ တက်သွားသောအခါ အခန်းထဲတွင် ကျွန်တော် ပုတီးစိပ်နေသည်ကို တွေ့သဖြင့် အောက်ထပ်ရှိ ရုံးခန်း၌ ထိုင်စောင့်နေ၏။

နာရီဝက်မျှကြာသောအခါ ရုံးအကူဝန်ထမ်းအား တက်ကြည့်ရန်ပြောသောအခါ ရုံးဝန်ထမ်းမှ ပုတီးစိပ်နေဆဲဖြစ်ကြောင်း သတင်းပို့သည်။ အစည်းအဝေးပြီး၍ ရုံးသို့ရောက်သောအခါ အစည်းအဝေး တက်နေသည်ဆိုသဖြင့် အံ့အားသင့်သွားကြ၏။ အပေါ်ထပ်သို့ တက်၍ သွားကြည့်သောအခါ အခန်းထဲတွင် တစ်ဦးတစ်ယောက်မျှ မတွေ့ပါ။ တံခါးမှာ သော့ခတ်ထားသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

တင်းနစ်ကစားကွင်း အနောက်ဘက်တွင် စာရင်းရုံး၏ ဝန်ထမ်းအိမ်ရာနှစ်ခန်းရှိ၏။ တစ်ခန်းရှိ ဝန်ထမ်း၏ သမီးဖြစ်သူမှာ ရောဂါကြောင့် အိပ်ရာထဲတွင် လဲနေ၏။ နှလုံးအားနည်းရောဂါဟု ဆရာဝန်များက သတ်မှတ်သည်။ အနောက်တိုင်းဆေး၊ မြန်မာတိုင်းရင်းဆေးများ စုံနေပြီဖြစ်သော်လည်း မထူးခြားပါ။ အိပ်ရာထဲလဲနေသည်မှာ (၆)လကျော်ပြီဖြစ်၏။ တစ်နေ့ ထိုအိမ်သို့ လူနာသွားမေးရာ ကျွန်တော်၏ ဝန်ထမ်းဖြစ်သူက တတ်နိုင်သမျှ အကူအညီပေးရန် ဝမ်းနည်းစကား ပြောလာသည်။

အခန်းပြန်ရောက်၍ ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်း၊ ဘာဝနာပွားခြင်း ကိစ္စများ ပြီးစီးသောအခါ အိပ်ရာပေါ်တွင် ခေတ္တလှဲလိုက်၏။ လူနာ၏ရောဂါကိစ္စများ အတွေးထဲဝင်လာသည်။ တွေးရင်းဖြင့် မှေးခနဲ အိပ်ပျော်သွား၏။ အိပ်ပျော်သွားသောအခါ ပိတ်မြင်ကြယ်

 စာမျက်နှာ (၂၆၂) သို့

www.burmeseclassic.com

ဝါရမီအတုန့် ထူးစွာဖြင့်

# ပြန်ဆုံကြရသော
# မောင်နှမနှစ်ဦး



◄ မောင်ဦး(ယာ) နန်းဦး(ဝဲ)

**နယ်လှည့်သတင်းထောက်**

ရမည်းသင်းမြို့ဝန်းကျင် လေ့လာရေးခရီးတွင် ကူညီပို့ဆောင်ပေးသော ဦးမြဆောင်သည် နည်းပညာတက္ကသိုလ် (ရမည်းသင်း)အနီးတွင် လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချနေသူဖြစ်သည်။

ခရီးမထွက်မီ **ငွေအိမ်စံ**ကဖီးတွင် နံနက်စာ ဖြည့်တင်းရလေရာ ဖော်ရွေတတ်သောသူ၏ မိသားစုနှင့်လည်း ခင်မင်ရင်းနှီးစွာ ပြောဆိုဖြစ်ခဲ့သည်။

နံနက်ခင်းတစ်ခုတွင် ဆိုင်အတွင်း ဝင်သွားသောအခါ သူ၏ သားအကြီးဖြစ်သူ မောင်စိုးက ပြုံး၍ နှုတ်ဆက်ကာ နေရာပေးသည်။

'ဦးလေး ကျွန်တော်တို့မိသားစု အကြောင်း ရေးပါလား။ အဝေးကြီးသွားရှာစရာမလိုဘဲ စာတစ်ပုဒ် ဖြစ်ပါတယ်'

'ဘယ်လို အကြောင်းများလဲကွယ်'

'ကျွန်တော့်အောက် တစ်ယောက်ကျော်မှာမွေးတဲ့ အမြွှာမောင်နှမ လူဝင်စားတွေဗျာ။ ဟိုမှာ မုန့်ပြင်နေတာက အကြီးမ နန်းဝင်းတဲ့။ စားပွဲခုံတွေ ချနေတဲ့ နန်းဦးက (၁၀)မိနစ် ငယ်တယ်။ လူမှန်းသိကတည်းက သရဲ မကြောက်တတ်ဘူး။ သရဲလဲ လူတွေ အတိုင်းနေကြတာပဲလို့ ပြောကြတယ်'

'အမြွှာဆိုပေမယ့် ရုပ်မတူကြဘူးနော်'

'အရင်ဘဝတုန်းကလဲ ဒီလိုပဲ ပုံစံတစ်မျိုးစီတဲ့။ အစ်မက အရပ်ပုပုံ မောင်ကတော့ အရပ်မြင့်တယ်'

ထိုစဉ် ဦးမြဆောင်က ထမနဲ ပန်းကန်ကိုင်၍ စကားဝိုင်းတွင်းသို့ ဝင်ရောက်လာသဖြင့် အမြွှာကလေးနှစ်ဦး၏ အတိတ်ဘဝအကြောင်းများကို ကြားသိရလေသည်။

## ၁၉၉၀ ပြည့်နှစ်ခန့် ကာလ

ကိုမြဆောင်၊ မငွေမြင့် ဇနီးမောင်နှံသည် ရွှေဘိုမြို့နယ်၊ ရေကြည်ဝကျေးရွာတွင် တောင်သူဘဝဖြင့် အသက်မွေးကြသည်။ တစ်နေ့တွင် လယ်ထွန်နေစဉ် နေလုံးကြီး ဦးခေါင်းတည့်တည့်သို့ ရောက်ခါနီးဖြစ်၍ အပူရှိန်က ပြင်းလာသည်။

'ထမင်းစားချိန်တောင် ရောက်ပြီပဲ'

ကိုမြဆောင်က လုပ်လက်စ အလုပ်ကို ခေတ္တရပ်နားကာ သစ်ပင်ရိပ်ဆီသို့ ဝင်လာခဲ့သည်။ ဇနီးသည် မငွေမြင့်က ထမင်းဟင်းများ ခူးခပ်ပြင်ဆင်နေကာ အမြွှာမောင်နှမနှစ်ဦးက ရွှံ့နွားရုပ်များဖြင့် ကစားလျက် တွတ်တီးတွတ်တာ ပြောဆိုနေကြသည်။

'အစ်မကလဲ ငါ့မှာ အကြ...
စောင့်နေရတယ်'

'ဟဲ့ ငါက နင့်ကို လုပ်သွားတဲ့...
ကို လိုက်ရှာနေတာ'

'တွေ့သလား ဘယ်သူလဲ'

'မတွေ့လို့ပေါ့ တွေ့များတွေ့ရင်...
က ပြန်ကို လုပ်ပစ်မှာ'

နားစွန်နားဖျား ကြားလိုက်သေ...
ကိုမြဆောင်က စကားတတ်စကလေး...
များသဘာဝ ရောက်တတ်ရာရာ ...
ဆိုနေကြသည်ဟု တွေးဆကာ မေ့...
ပျောက်ပျောက် ရှိခဲ့သည်။

သို့သော် ထိုစကားများကို မေ...
ခဏ ပြောဆိုကာ လအနည်းငယ်...
သော် ထူးခြားသော စကားကို...
၏။

'ဖေဖေ သလုံးရွာမှာ ...တို့ အိမ်ရှိ...
လိုက်ပို့ပေးပါ'

www.burmeseclassic.com

ကလေးနှစ်ဦးမှ ရွာနှင့်ယာခင်းမှ လွဲ၍ အခြားနေရာများသို့ မရောက်ဘူးကြပါ။ မဝေးလှသော ရွှေဘိုမြို့သို့ပင် ရောက်ဖူးခြင်း မရှိသည် ဖြစ်ရာ ကိုမြဆောင် အံ့သြသွားသည်။ သို့ဖြစ်၍ အဓွရေးတယူ မေးမြန်းကြည့်သည်။

'ဟဲ့ သလုံးရွာက ဘယ်မှာ ရှိတာလဲ'

'ရွှေဘိုမြို့ အနောက်လက်မှာ' (အနောက်ဘက်နားဟု ဆိုလိုသည်။)

'အိမ်က ဘယ်တုန်းက ရှိတာလဲ'

'အရင်ဘဝက'

'အရင်ဘဝက ဘယ်သူတွေတုံး'

'သားက ဦးပြုံး'(ဖနီးဒေါ်တွေးကြည်နဲ့ ကလေးငါးယောက် ကျန်ခဲ့တယ်။)

'သမီးက ဒေါ်သိန်း၊ အဲဒီတုန်းက ရွှေတွေဝှက်ထားခဲ့တယ်။ အစိတ်သားစီ သုံးနေရာ'

ကိုမြဆောင် အင်တင်တင် ဖြစ်သွားသည်။ မိမိတို့မှာ တောင်သူများ ဖြစ်ကြသည်။ ဤကဲ့သို့ ကြေးရတတ်များနှင့် သွားရောက်၍ ဆက်သွယ်ပါက ငွေကြေးဥစ္စာ တပ်မက်၍ လီဆယ်သည်ဟု အထင်အမြင် လွဲမှားစရာရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စကားလမ်းလွှဲသည့်အနေဖြင့် မေးကြည့်သည်။

'ကဲ ကဲ မင်းတို့ ဘယ်က ဘယ်လို ဒီဘဝ ရောက်လာကြတာလဲ'

'မနက်စောစော စာရင်းငှားတစ်ယောက်နဲ့ လှည်းစီးပြီး တော(လယ်ခင်း၊ ယာခင်း)သွားတဲ့အချိန် ဓားခုတ်ခံရပြီး ဆုံးတယ်။ (သလုံး)ရွာထိပ် ညောင်ပင်နားမှာနေပြီး လူတွေ ချထားတဲ့ ထမင်းဟင်းတွေ စားရတယ်။

အဝေးကလေးကြာမှ ညောင်ပင်က အကြီးဆုံးက မင်း ဒီမှာလာနေဆိုလို့ ညောင်ပင်မှာ နေခွင့်ရတယ်။ (၁၀)နှစ်လောက်ကြာမှ အစ်မ ရောက်လာတယ်'

'သရဲလောကမှာလဲ အကြီးအမှူး ရှိလား'

'ရှိတယ် သမီးက မောင်လေးကို သတ်တဲ့ တရားခံကို ကလဲ့စားချေဖို့ ရှာပေမယ့် ရွာမှာ မရှိတော့ဘူး။ မောင်လေး ဆုံးပြီး (၁၀)နှစ်ကြာမှ ရောဂါနဲ့ ဆုံးတာ။ ချက်ချင်းတော့ မသိသေးဘူး။

ရက်လည်တော့မှ ငါ တခြားဘဝ ရောက်ပြီလို့သိရတယ်။ နေစရာနေရာရှာတော့ မောင်းထုတ်ကြတယ်။ သူ့အစုနဲ့သူ လူတွေလိုပဲ အုပ်စုနဲ့နေကြတာ။ နောက်ဆုံး မောင်လေးနဲ့ တွေ့တော့မှ အဲဒီညောင်ပင်ကြီးမှာ နေခွင့်ရတယ်'

'အမယ် နင်တို့လောကမှာလဲ လူ့ခံ၊ အဲ့လေ သရဲခံရှိမှ အဆင်ပြေတာပေါ့။ ဖေဖေတို့ဆီ ဘယ်လို ရောက်ခဲ့တာလဲ'

'အဲဒီမှာနေပြီး (၁၅)နှစ်လောက်ကြာတော့ အကြီးဆုံးက "**ဟိုမှာလာနေတဲ့ လှည်းနဲ့ နင်တို့လိုက်သွားကြ**"ဆိုတာနဲ့ လှည်းပေါ်တက်လိုက်ခဲ့ကြတယ်။ နွားပြာနဲ့ ချိုကုတ်ဆွဲတဲ့ လှည်းလေ၊ ဖေဖေ မောင်းလာတာ'

ထိုအခါ ကိုမြဆောင်က ၁၉၈၅ ခုနှစ်နှစ်ဦးပိုင်းကာလ သလုံးရွာအနီးရွာသို့ စပါးရောင်းပြီး၍အပြန် ရွာဦးမှ ဖြတ်သန်းပြန်လာခဲ့သည်ကို သတိရလေသည်။ အိမ်ပြန်ရောက်၍ လှည်းမှ (နွားများကို) ဖြုတ်သောအခါ နွားများ အမြီးတန်း၍ အော်ကြသည်ကိုလည်း အမှတ်ရလာသည်။

'အိမ်ရောက်တော့ မေမေ ရေသောက်တုန်း အမှိုက်ကလေးလို လုပ်ပြီး ဝင်ရတာ။ မေမေက အမှိုက်ပါတယ် ဆိုပြီး သွန်ပစ်တော့ သောက်ရေခွက်နံရံမှာကပ်ပြီး ဝင်လိုက်ရတယ်'

ကိုမြဆောင်က ကလေးများ မေ့ပျောက်စေရန် လီးလွှဲပြောဆိုသော်လည်း ကလေးများက သလုံးရွာသို့ လိုက်ပို့ပေးရန် အတန်တန် ပူဆာကြသဖြင့် နောက်ဆုံးတွင် သလုံးရွာသို့ လိုက်ပို့ရလေသည်။

ထော်လာကျီ(ထိုခေတ်က လယ်ယာသုံးဆက်သွယ်ရေးယာဉ်) သလုံးသုံးရွာ ရှိလေရာ ရွာဦးထိပ်တွင် ရပ်ပေးလိုက်သည်နှင့် ကလေးများက ဒေါ်သိန်း၊ ဦးပြုံးတို့၏ အိမ်များဆီသို့ တန်းတန်းမတ်မတ်ရောက်အောင် သွားခဲ့ကြသည်။

ဦးပြုံး၏အိမ်ပေါ် ပြေးတက် လာသည့် ကလေးငယ်ကို ကြည့်၍ စာရင်းငှား ဦးအောင်က...

'ဟဲ့ကလေး ဘာလုပ်တာလဲ ပြန်ဆင်းစမ်း'

ဟူ၍ ငေါက်လေရာ ကလေးက ပြန်ဖြေ၏။

'အောင်မယ် မောင်အောင်ရယ် မင်းက စာရင်းငှားပါ။ ငါ့ကို မာန်စရာလား ငါ ဦးပြုံးလေ'

ကလေးက ဦးပြုံးဘဝ အလွန်ကြိုက်နှစ်သက်သော မုန့်ပျားသလက် အထက်မီးအောက်မီး မုန့်(ဘိမ်းမုန့်)များကို မရမက ရှာဖွေယူခိုင်း၍ နှစ်ခြိုက်စွာ စားလေသည်။

ထို့နောက် သေတ္တာကို ဖွင့်ကာ...

'ငါ အလှူသွားရင် ပေါင်းနေကျ ခေါင်းပေါင်းကော ဟောဒီမှာ တွေ့ပြီ'

ဟု ဆိုသဖြင့် ဦးပြုံးဝင်စားသူအဖြစ် မိသားစုက လက်ခံကြ၏။

ဦးပြုံးနည်းတူ ဒေါ်သိန်း ဝင်စားသည့် (နန်းဝင်း)ကလေးမက အိမ်ရှိလူများ၊ စာရင်းငှား၊ ဆွေမျိုးသားချင်းများအား နာမည်နှင့်တကွ နှုတ်ဆက်ပြောဆိုသော်လည်း သားသမီးများက ယုံကြည်ခြင်း မရှိချေ။

ဒေါ်သိန်းဘဝက ဝှက်ထားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေ(၂၅)ကျပ်သား နှစ်နေရာကို ပြောပြ၍ လိုက်ရှာကြရာ တွေ့၏။ သို့သော်...

'နောက်တစ်နေရာကို ပြောပြမှ လက်ခံနိုင်မယ်'

ဟု ဆိုကြ၏။

ကိုမြဲဆောင်က အလွန် စိတ်ထိခိုက်သွားသည်။ မိမိတို့ ဘဝအခြေအနေနှင့် ကွာလှမ်းလှသဖြင့် အထင်အမြင် လွဲမှားမည်ကို စိုးရွံ့ကာ သလုံးရွာသို့ ပို့ဆောင်ရေးကို အတန်တန် ရှေ့ဆိုင်းခဲ့သည်။ မတတ်သာသည့်အဆုံး လိုက်ပို့ပေးရာ ဤသို့ ကြုံဆုံရသည်။

'ကျွန်တော်တို့က ကလေးတွေ ပူဆာလွန်းလို့သာ လိုက်ပို့ရတာပါ။ ပစ္စည်းဥစ္စာတွေကို တပ်မက်လို့ ဆိုပြီး အထင်မှားမှာကို အကြောက်ဆုံးပဲ။ ကဲ သမီး နောက်တစ်နေရာလဲ မပြောနဲ့၊ မပြနဲ့တော့ ဖေဖေတို့ ပြန်ကြရအောင်'

ဟု၍ ပြန်ခဲ့ကြရာ ယနေ့ (၂၀၁၄ ခုနှစ်) တိုင် ထိုသူများနှင့် အဆက်အဆံ မရှိကြဟု ဆိုလေသည်။

## ပစ္စုပ္ပန်အခြေအနေ

ဦးမြဲဆောင်နှင့် ကိုမောင်စိုးတို့ ပြောပြသော အကြောင်းအရင်းများကို နားထောင်ပြီးသောအခါ မောင်နန်းဦးလည်း စကားဝိုင်းသို့ ရောက်ရှိလာသဖြင့် မေးမြန်းကြည့်သည်။

'ဘဝဟောင်းက သားသမီးတွေနဲ့ ဆုံဖြစ်သေးသလား'

'သူတို့ကတော့ ယုံလဲ ယုံတယ်။ သံယောဇဉ်လဲ တွယ်ကြပါတယ်။ အမြဲတမ်း လာတွေ့ကြပါတယ်။ ကျွန်တော် လေးတန်းရောက်တော့ ဦးပြုံးဖန်း ဒေါ်ထွေးကြည် ဆုံးပါတယ်။ အသက်ကြီးလာတဲ့အခါကျတော့ (အရွယ်ရောက်လာခြင်းကို ဆိုလိုဟန် ရှိလေသည်။) အရင်ဘဝအကြောင်း ပြောချင်ဆိုချင်စိတ် မရှိတော့ဘူး။ လက်ရှိဘဝမှာ ဗုဒ္ဓဘာသာဝင် သာဝကတစ်ယောက်အဖြစ်နဲ့ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး မိဘ၊ ရပ်ရွာအကျိုး သယ်ပိုးနိုင်ဖို့ကိုပဲ စဉ်းစားဖြစ်ပါတယ်'

ဟု၍ ဖြေကြားလေသည်။

ဘဝဟောင်းတွင်သာမက ဘဝသစ်တွင်လည်း မောင်နှမရင်းချာအဖြစ် ဆုံစည်းခွင့်ရသော သူတို့နှစ်ဦး၏ အတိတ်ကုသိုလ် ပါရမီအဟုန်ကား ထူးခြားလှသည်။

**ဦးမြဲဆောင် မိသားစုအား ကျေးဇူးတင်စွာဖြင့်...**

**နယ်လှည့်သုတေသီ**

**စာမျက်နှာ (၂၅၉)မှ အဆက်**

[illegible]

www.burmeseclassic.com

# ဆောင်းတစ်ည

အင်ကြင်းပန်း



၁၉၅၈ ခုနှစ်၊ ချမ်းအေးလွန်းတဲ့ ဒီဇင်ဘာလ ညသန်းခေါင်...။ တာတီး ရွှေဘိုမြို့သို့ ရောက်ခဲ့ပြီ။ တာတီး ဆိုတာက (၁၇)နှစ်သား အရပ်(၅)ပေ၊ (၃)လက်မ ခန့်နှင့် မည်းမည်းဝဝ တက္ကသိုလ်ဝင်တန်း ကျောင်းသားလေး တစ်ဦးပါ။ လူကောင်ထွားသလောက် အသည်းငယ်ကာ အလွန်ကြောက်တတ်သော ကောင်လေး တစ်ယောက်။

ယခုလည်း ရန်ကုန်မှာနေရင်း ကျောင်းပိတ်ရက် အစ်ကိုများရှိရာ ရွှေဘိုမြို့သို့ ဘကြီးသန်းနှင့်အတူ တာတီး လိုက်လည်ခြင်း ဖြစ်ပါသည်။

မနက်ကတည်းက မန္တလေး အမြန်ရထားစီးပြီး ညမိုးချုပ်မှ မန္တလေး ရောက်သည်။ မန္တလေးမှာ မနားဘဲ ရွှေဘိုကားစီးပြီး ရွှေဘိုမြို့သို့ တာတီး ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

'လာကွာ တာတီး... မင့်မလဲ ဝ, လိုက်တာကွာ၊ ငါတို့မျှော်နေကြတာကွ'

တာတီးပခုံးကို ဖက်၍ အစ်ကိုဝင်းကြွတိုကိုတာမှ ဝမ်းသာအားရဖြင့် ဆီးကြိုပါသည်။ ဒွေးလေးရီကလည်း အိမ်ပေါ်ထပ်မှနေ၍ တာတီးအတွက် အိပ်ရာပြင်ပေးရင်း...

'တာတီးရေ... ခြေလေးလက်လေးဆေး၊ ဝရေအိမ်က ခြံထောင့်မှာ ပြီးရင်ထမင်းစား အိပ်တော့ လူလေးရေ ချမ်းတယ်ဟေ့ နွေးနွေးထွေးထွေးသာ အိပ်၊ မနက်ကျမှ စကားပြောကြရအောင်ကွယ်'

ဟု လှမ်းအော်ပြောပါသည်။

'ဟုတ်ကဲ့ပါ ဒွေးလေး... ကျွန်တော် နောက်ဖေးထွက်လိုက်ဦးမယ်နော်'

ဟု ဒွေးလေးကို စကားပြန်ပြောရင်း အိမ်နောက်ဖေးဘက်သို့ ထွက်ခဲ့သည်။

နယ်မြို့တွေ၏ ထုံးစံအတိုင်း ခြံဝိုင်းကြီးက ကျယ်လှသည်။ အိမ်သာကိုလည်း ခြံထောင့်မှာ ဆောက်ထား၍ အဝေးကြီး သွားရသေးသည်။ ခေါင်းရင်းခြေရင်းခြံ အကာအရံမရှိ။ ခြံထဲမှာလည်း သီးပင်စားပင် စုံလင်စွာဖြင့် အပင်ကြီးအပင်ငယ်များစွာနှင့်...

ဆောင်းတွင်းမို့ အေးရသည့်အထဲ လေတစ်ချက် တိုက်လိုက်လျှင် ကျောထဲ စိမ့်ခနဲ စိမ့်ခနဲ။ တာတီး ခြေဖျား

www.burmeseclassic.com

လက်ဖျားများ အေးစက်၍ ရေတောင်မကိုင်ချင်။ မတတ်နိုင် တစ်နေကုန်ရထားစီး ကားစီးနှင့် ညစ်ပတ်နေ၍ သန့်ရှင်းရေးတော့ လုပ်ရပေဦးမည်။

တာတီး ရေအိမ်ဝင် ကိုယ်လက်သန့်ရှင်းရေးလုပ်ပြီး အိမ်မကြီးထဲ လှမ်းဝင်မည်အပြု ခေါင်းရင်းဘက်မှ သစ်ပင်များအား ဖြတ်ပြေးသွားသော ဖြူဖြူသဏ္ဌာန်တစ်ခု ရိပ်ခနဲ တွေ့လိုက်ရသည်။ တာတီးခြေလှမ်းတို့ တန့်သွားပြီး ဖောခြေးများ ပြန်သွားသည်။

ရင်တွေက တလုပ်လုပ်။ မဝံ့မရဲဖြင့် ခေါင်းရင်းအိမ်ဘက် လှမ်းကြည့်မိတော့ လူသံတွေ ကြားနေရသည်။ ဪ... အလှူရှိတယ်ထင်ပါရဲ့ တာတီး တစ်ကိုယ်တည်းဖြေသာအောင် တွေးပြီး စိတ်အား ပြန်တင်းလိုက်သည်။ အိမ်ထဲဝင်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီး အိမ်ထဲဝင်လိုက်သည်။

"ခစ်ခစ်...ခစ်ခစ်...ခစ်ခစ်ခစ်"

ကလေးရယ်သံ သဲ့သဲ့လေး တာတီး ကြားလိုက်ရသည်။ တာတီး မျက်လုံးများ ပြူးကျယ်သွားသလို နားထင်ကြောများ တင်းသွားသည်။ အေးစက်နေသော ခြေဖျားလက်ဖျားများ ပိုပြီး အေးစက်သွားပါသည်။

တာတီးမျက်နှာမှာ ကြောက်စိတ်ဖြင့် ရှုံ့မဲ့လျက်။ မဝံ့မရဲဖြင့် အသံလာရာဘက် ဖြည်းဖြည်းချင်း လှည့်ကြည့်မိသည်။ ရင်ထဲမှာက တဒိတ်ဒိတ်။ တာတီး တွေ့လိုက်ရတာကတော့...

(၆)နှစ်အရွယ် ကလေးမလေး၊ ဒီလောက်ချမ်းရသည့်အထဲ အနွေးထည်မပါ။ ဂုတ်ချိတ်ဂါဝန်အကျီ အဖြူလေးနှင့် အရုပ်မလေးကို ပိုက်ပြီး တာတီးကို ရယ်ပြနေပါသည်။ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူးလေးနှင့် ချစ်စရာကောင်မလေးပါ။ တာတီး ကြောက်



စိတ်တို့ ပြေသွားသည်။ တာတီး ပြန်ရယ်ပြလိုက်ပါသည်။

နှုတ်မှလည်း **"ညီမလေး မအိပ်သေးဘူးလား မိုးချုပ်နေပြီလေ"**လို့ လှမ်းပြောလိုက်ပါသေးသည်။ ကောင်မလေးက ခေါင်းလေး ခါယမ်းပြရင်း တခစ်ခစ်ဖြင့် ရယ်ကာ အိမ်မကြီးထဲ ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

တာတီးလည်း စိတ်အေးသွားပြီး အိမ်ထဲဝင်ကာ အိမ်ပေါ်ထပ် တက်လာခဲ့ပါတော့သည်။ အိမ်ပေါ်ထပ်ရောက်တော့ ကိုကိုတာက မအိပ်သေးဘဲ စောင့်နေပါသည်။ တာတီးက ခြေလက်များ အဝတ်စုတ်နှင့် သုတ်ရင်း...

'ကိုကိုတာ ဟိုဘက်ခေါင်းရင်းအိမ်မှာ အလှူရှိလို့လား၊ ပြီးတော့ ကလေးမလေးတစ်ယောက်တည်းဗျာ ခြံထဲမှာ ဆော့နေတယ်။ သူတို့မိဘတွေက ဒီအတိုင်း လွှတ်ထားကြတာပဲလားဗျ'

တာတီးရဲ့ တရစပ်အပြောကို ကိုကိုတာ မျက်လုံးကြီးပြူးကြည့်ပြီး နားထောင်ရင်း သက်ပြင်းတစ်ချက်ချ ခေါင်းကုတ်လိုက်ပါသည်။ ပြီးမှ...

'ဩော်...အေး...အေး ဒီလိုပေါ့ကွာ။ ကဲ...ကဲ အိပ်တော့ ညဉ့်နက်လှပြီကွာ'

တာတီးလည်း ကျောဆန့်လိုက်သည်နှင့် တစ်ချိုးတည်း အိပ်ပျော်သွားပါတော့သည်။

'အောက်အီးအီး အွတ်'

'တာတီးရေ.... ထတော့လေ လူလေး'

နံနက်ခင်း ကြက်ဖတွန်သံနှင့်အတူ ဒွေးလေးရီ၏ အသံတွေပါ ကြားရပြီး တာတီးတစ်ယောက် အိပ်ရာမှ နိုးလာခဲ့ပါသည်။ မျက်နှာသစ်၊ ကိုယ်လက်သန့်ရှင်းပြီးတဲ့အခါမှာတော့ ကိုကိုတာက အပြင် အဝတ်အစား အဆင်သင့်ဝတ်ပြီး အိမ်ရှေ့ ညောင်စောင်းမှာ ထိုင်စောင့်နေပါသည်။

'တာတီးရေ အဝတ်လဲကွာ၊ ရက်လည် သွားစားရအောင်'

တာတီး ကြောင်သွားသည်။ ဘာမှလည်း ကြိုပြောမထား "အင်းပေါ့လေ စကားမှ ကောင်းကောင်းပြောချိန်မရသေးတာ အဝတ်လဲပြီး လိုက်စားရတော့မှာပေါ့"တာတီး တစ်ကိုယ်တည်း တွေးရင်း မျက်နှာမှုရေများ ပဝါဖြင့် စင်အောင် ဆက်သုတ်လိုက်သည်။ အဝတ်လဲရန် အိမ်ပေါ်ထပ်သို့ တက်မည်ပြုပြီး ကိုကိုတာဘက် လှည့်၍...

'ဒါနဲ့ ဘယ်က ရက်လည်တုန်းဗျ'

တာတီးအမေးကို ကိုကိုတာမှ ချက်ချင်းမဖြေသေးဘဲ ပြုံးစိစိဖြင့် စိုက်ကြည့်သည်။ ပြီးမှ ညောင်စောင်းမှ ထရပ်ကာ တာတီးနား တဖြည်းဖြည်း ကပ်လာ၍ ပြောလိုက်သည်ကတော့...

'မင်းညက တွေ့ခဲ့တဲ့ ကလေးမလေး ရက်လည်ကွ'

တဲ့။

'ဗျာ'

ဟုသာ တာတီး ရေရွတ်လိုက်မိပါတော့သည်။

အင်ကြင်းနုံး



www.burmeseclassic.com

www.burmeseclassic.com

ပေတ မောင်စိမ့်နှင့်

# ဘဝမြေး သံယောဇဉ်

(၁)

ဟာသ်ာတာ သန်းလှိုင်ကျော်
(ရွှေပန်းချီ)



'ဟေ့ တိုက်တိုင်းအောင်ကွ၊ တက် ပစ် ဗမာ့တပ်မတော်ကွ၊ ငပွေးတွေ ရှင်းပစ်ကွ ငါ...မသားတွေ'

အခြားတစ်ဖက်မှလည်း...

'ယောက်ဖရေ မင်းတို့မိန်းမတွေ မုဆိုးမ ဖြစ်ချင်ရင် တက်ခဲ့ကွ'

'ဒိုင်း...ဒိုင်း...ဒိုင်း...ဒက်...ဒက် ဖောက်...ဖောက်...ဝုန်း...'

ရိုင်ဖယ်သေနတ်သံ၊ စက်သေနတ်သံ၊ နောက်ပွင့်သံ ဆူညံစွာ ကမ္ဘာပျက် တေတ် ဗမာ့တပ်မတော် တပ်စုတစ်စုနှင့် တောတွင်းသောင်းကျန်းသူ တပ်ဖွဲ့တစ်ဖွဲ့၏ သူသေကိုယ်သေ တိုက်သော တိုက်ပွဲတစ်ပွဲ၏ အနိဋ္ဌာရုံအသံများ...

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ အချိန်ဖြစ်၍ တောခိုသူ ရဲဘော်ဖြူ အလံနီ အလံဖြူ ရောင်စုံ သူပုန်တပ်ဖွဲ့များနှင့် ခဏခဏ တိုက်ပွဲဖြစ်နေကြ။

ဗမာ့တပ်မတော်မှ ဗိုလ်ကြီးရဲညွန့် ဦးစီးသော တပ်စုတစ်စုနှင့် တောခို အလံနီတပ်ဖွဲ့တို့၏ နေ့ဝင်ရီတရော အချိန် ဖြစ်ပွားနေသော တိုက်ပွဲတစ်ပွဲ...

ပဲခူးရိုးမအလယ် တောတောင် ထူထပ်ပြီး ပြာသိုလလည်းဖြစ် အေးမြ ချမ်းစိမ့်သောရာသီ...

'ဟေ့ ရဲဘော်တွေ ဒီတောင်ကုန်းကို တို့မရရအောင် ပစ်တက်မယ်။ ဟို ဆရာကြီးသန်းမောင်နဲ့ တပ်ကြပ် မောင်စိမ့်ကို ရဲဘော်တွေကို နေရာ ပြောင်းယူခိုင်း၊ ဝိုက်တက်မယ် ကြား လား'

'ကြားတယ် ဗိုလ်ကြီး'

www.burmeseclassic.com

'ဝုန်း... ဒက်... ဒက်... ဒက်... ဖောင်း...ဖောင်း'

'ကျားတက်ကွ တိုက်တိုင်းအောင်ကွ...နောက်မဆုတ်တမ်းကွ တက်ပစ်'

'ဒက်...ဒက်...ဖောင်း...ဖောင်း'

အခြားအဖွဲ့ဘက်မှလည်း,...

'လာ တက်ခဲ့လေကွာ'

'အား'

'ဖောက်...ဒက်...ဒက်'

'အား'

'ဟာ...ငါ့ရဲဘော်တွေ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေပါလား။ ဟေ့ ဆရာကြီး သန်းမောင် ရဲဘော်တွေကို သေချာကွပ်ကဲပြီး လုံ့စွပ်နဲ့ ကျားတက်ထိုးမယ်'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

တစ်ဖက်မှ ရင်ဆိုင်နေရသော တပ်ဖွဲ့မှာ တောင်ကုန်းပေါ်မှာ ဖြစ်သလို အပေါ်စီးနေရာလည်း ဖြစ်သဖြင့် တက်လာသမျှ တစ်ယောက်ချင်း ကပ်ဖြုတ်နေသည်။

ညအမှောင်ထုကလည်း ကြီးစိုးလာပြီး ထိုစဉ်...

'ဝုန်း'

'အား'

'ဟာ ဗိုလ်ကြီးရဲ့ညွှန့် မိုင်းထိသွားပြီ'

ရဲဘော်မြင့်အောင်မှ ဗိုလ်ကြီးရဲ့ညွှန့်အား ပြေးပွေ့ပြီး ကျည်လွတ်ရာသို့ ဆွဲခေါ်လာပါသည်။ ခြေတစ်ဖက်မှ သွေးသံတရဲရဲနှင့် ဗိုလ်ကြီးရဲ့ညွှန့် အံကိုကြိတ်ရင်း ဒဏ်ရာရသည့်ကြားက...

'ဟေ့...ရဲဘော်တွေ ကျားထိုးရပ်၊ ပစ်ကျင်းရှာ စောင့်ပစ်'

ဟု အားယူပြီး ပြောလိုက်သည်။

'ဒိုင်း...ဒိုင်း...ဒိုင်း...ဒက်...ဒက် ဖောက်...ဖောက်'

နှစ်ဖက်ကျည်ဆန်များမှာ ညအမှောင်ထုမှာ တရှိန်ရှိန် ကြားနေရသည်။

တပ်ကြပ်ကြီး သန်းမောင်နှင့် တပ်ကြပ်မောင်စိမ့် တပ်သားသုံးဦးတို့ စုမိကြသည်။ ကျန် မိမိရဲဘော်များ ညအမှောင်ထုထဲမှာ တကွဲတပြားစီ။ ညအမှောင်ကြောင့် တစ်ယောက်ကို တစ်ယောက် မမြင်ကြ။ နှစ်ဖက်တပ် ခေတ္တခဏ ငြိမ်သက်နေကြသည်။

ထိုစဉ် တစ်ဖက်တပ်စခန်းရှိရာ တောင်ကုန်းပေါ်မှ...

'ဟေ့... တိုက်တိုင်းအောင်အဖွဲ့က ကောင်တွေ အခု မင်းတို့ တိုက်တိုင်းလန်အဖွဲ့ ဖြစ်နေပြီလားကွဟေ၊ လာလေ တောင်ကုန်းပေါ် တက်ခဲ့လေကွ၊ ယောက်ဖရေ တို့ နင်တို့ပဲဟင်း အတူတူစားရအောင် မင်းတို့မလာခင် ငါတို့ လာခဲ့မယ်ဟေ့'

ထိုအသံကြားပြီး မကြာမီ ကြယ်ရောင်အလင်း ပျော့ပျော့အောက်ဝယ် ငြာသံပေး ဆင်းလာကြပြီး လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်တက်လာကြသည်။

'ဟေ့ မင်းတို့ လက်နက်ချ ငါတို့က ဝိုင်းမိပြီ'

'ဒက်... ဒက်... ဒက်... ဖောင်း ဖောင်း...ဝုန်း'

ဗိုလ်ကြီးရဲ့ညွှန့် မိုင်းထိသံ ကြားပြီး ကတည်းက လူစုကွဲသွားသည့်အတွက် တပ်သားများ ဘယ်ဆီရောက်နေမှန်း မသိ။ အမှောင်ထဲကသာ သူငယ်ချင်းဖြစ်သူ တပ်ကြပ်မောင်စိမ့်နှင့် တပ်သားသုံးယောက်ပေါင်းပြီး ဆင်းလာသမျှ မည်းမည်းမြင်ရာ လှမ်းပစ်နေရသဖြင့် ထိရောက်မှု သိပ်မရှိလှ။

'ရှီ...ဖောက်...ဖောက်...ဖောက်'

'အား...'

'ဟာ... ငါ့ရဲဘော်လေးနှစ်ယောက် ကျသွားပြီ'

ဟု နှုတ်မှပြောရင်း သူငယ်ချင်းဖြစ်သူ တပ်ကြပ်ကြီးသန်းမောင်နား ပြေးသွားရင်း...

'သူငယ်ချင်း သန်းမောင် မင်းနဲ့ငါနဲ့ ကတိတစ်ခု လုပ်မယ်'

'ဟာ... ဘာကတိလဲကွ မင်းဟာ သေရေးရှင်ရေးထဲမှာ'

'အေး အဲဒီ သေရေးရှင်ရေးကို ပြောနေတာကွ၊ ဒီတိုက်ပွဲမှာ ငါကျသွားလို့ရှိရင် မင်း ငါ့ မိန်းမကို ယူပါကွာ မင်းက လူပျိုကြီးပဲ'

ထိုစကားကြောင့်...

'ဟေ့ကောင် မောင်စိမ့် မင်းနိမိတ်မရှိ နမာမရှိ စကားမပြောနဲ့။ မင်းနဲ့ သေတူ ရှင်မကွာပဲကွာ၊ တက်လာတဲ့ ရန်သူကိုသာ ပစ်စမ်းပါ'

'ယောက်ဖရေ တို့လာပြီဟ... နင်တို့ မိုးလင်းတာ ကြည့်ချင်ရင် လက်နက်ချ နင်တို့မိန်းမ မုဆိုးမဖြစ်ချင်ရင် နင်တို့ သဘော...'

'တောက် မိုက်ရိုင်းလိုက်တာ ပေးစမ်းကွာ သူငယ်ချင်း မင်း ဘရင်ဂန်းသေနတ် ရော့ ငါ့ရိုင်ဖယ်'

'ဟ...ဟ...ဟေ့ကောင်'

ရုတ်တရက် တပ်ကြပ် မောင်စိမ့် တပ်ကြပ်ကြီးမောင်သန်းမောင် လက်ထဲမှ ဘရင်းဂန်း သေနတ်ကို ခုန်ယူပြီး...

'သေစမ်းကွာ'

'ဒက်...ဒက်...ဒက်...ဒက်'

'ဟား...ဟား...ဟား. လာစမ်း သေချင်တဲ့ကောင် တက်ခဲ့စမ်း'

ပါးစပ်ကလည်းပြော လက်ကလည်း ဘရင်းဂန်း မောင်းခလုတ်ထဲ လက်ညှိုး ထည့်ပြီး တက်လာသမျှ ရန်သူများကို မတ်တတ်ရပ်ပစ် ပစ်နေပါသည်။ ရန်သူ လေး,ငါးယောက် အထွေးလိုက်

သွားသည်။

'ဟေ့ကောင် ဝပ်ပစ်ကွ မောင်စိမ့် ဝပ်စမ်း'

www.burmeseclassic.com

'ငါက ဒီလိုရပ်ပစ်မှ အားရတာကွ သန်းမောင်ရ'

'အား...'

မောင်စိမ့် အော်သံကြောင့်...

'မောင်စိမ့် ငါ လာပြီ သူငယ်ချင်း'

တပ်ကြပ်ကြီးသန်းမောင် ကျယ်လောင်စွာအော်ရင်း မောင်စိမ့်အား ပြေးပွေ့လိုက်သည်။

သွေးများ ဒလဟော စီးကျနေသည့် မောင်စိမ့်ရင်ဘတ်အား . လက်နှင့်ဖိရင်း...

'ဖြစ်ရလေ သူငယ်ချင်းရာ'

'ဆရာသန်းမောင် သူငယ်ချင်း မင်း ငါ့...ငါ့ကို ခွင့်လွှတ်ပါကွာ၊ မင်းငါ့ကို ပေးထားတဲ့ ကတိအတိုင်း မင်း ငါ့မိန်းမကို ယူရမယ်နော် သူငယ်ချင်း။ ငါ မနေရတော့ဘူးကွာ'

'ဟာ...သူငယ်ချင်း မင်းမသေစေရဘူး။ ငါ စခန်းကို ရောက်အောင်သယ်မယ်။ ဟေ့ ရဲဘော်ကျော်ထူး မင်း ကာပစ် ပစ်ပြီး လိုက်ခဲ့၊ ငါ တပ်ကြပ်မောင်စိမ့်ကို သယ်ပြီး ရန်သူလွတ်ရာ သွားကြစို့'

တပ်ကြပ်ကြီးသန်းမောင် ကိုယ်တိုင် တပ်ကြပ်မောင်စိမ့်အား ကျောပိုးထမ်းရင်း ညအမှောင်ထုထဲမှာ ခဲရာခဲဆစ် တောင်အောက်သို့ ထမ်းလာခဲ့ရသည်။

မိမိကျောကုန်းပေါ်မှ တပ်ကြပ်မောင်စိမ့်၏ ဒဏ်ရာမှ ပူနွေးသော သွေးများက ထွက်ကျနေသဖြင့် အင်္ကျီတစ်ထည်လုံး စိုရွှဲလျက်ရှိသည့် နတ်မှ လည်း...

'သူငယ်ချင်း မင်း မသေစေရဘူးကွ အားတင်းထား'

ရန်သူနှင့် ကိုက်နှစ်ရာလောက်အထိ ဆုတ်ခွာလာခဲ့ကြပြီး စိတ်ချလောက်သော နေရာရောက်မှ တပ်ကြပ် မောင်စိမ့်အား မိမိကျောပေါ်မှချပြီး



ဘေးလွယ်အိတ်ထဲမှ နှစ်တောင့်ထိုး ဓာတ်မီးလေးထုတ်ပြီး ဒဏ်ရာအား ထိုးကြည့်မိရာ...

'ဟာ ဒဏ်ရာက ရင်ညွန့်မှာ နှစ်ချက်တောင် မှန်ထားတာပဲ သူငယ်ချင်း။ သူငယ်ချင်း မောင်စိမ့် မင်း သတိရလား ငါခေါ်တာ ကြားလား'

မောင်စိမ့်ထံမှ အသံတုတ်တုတ်မျှ မထွက်သလို မျက်လုံးနှစ်လုံးကလည်း မိမိကို ပြူးကြည့်နေသည်။

ထို့ကြောင့် မောင်စိမ့် နှာခေါင်းနား ကပ်ပြီး လေရှူမရှူ စမ်းကြည့်ရာ လုံးဝ ရှူခြင်း မရှိဘဲ နှလုံးကလည်း လုံးဝ ခုန်ခြင်းမရှိတော့။

သူငယ်ချင်းဖြစ်သူ မောင်စိမ့် ကျဆုံး သွားသည်ကို သိလိုက်ရသည့်ခဏ တပ်ကြပ်ကြီးသန်းမောင် တစ်ယောက် ခေတ္တကြောင်တည်ရာမရ တပ်ကြပ်မောင် စိမ့်အလောင်းအား ဖက်ပြီးငိုတော့သည်။

'ဖြစ်ရလေ သူငယ်ချင်းရာ'

'ဆရာကြီး အခု ည(၁၀)ကျော်ပြီ ကျွန်တော်တို့ ဘယ်လို လုပ်ကြမလဲ'

တပ်သား ကျော်ထူးမှ မိမိလက်မှာ ပတ်ထားသော နာရီအား ဓာတ်မီးနှင့် ထိုးကြည့်ရင်း တပ်ကြပ်ကြီးသန်းမောင် အား ပြောလိုက်ပါသည်။

'အေးကွာ ညကလဲ မှောင်ပိတ်နေပြီ။ ရန်သူသေနတ်သံလဲ တိတ်ဆိတ်သွားပြီ။ တို့ရဲဘော်တွေလဲ ဘယ်နှယောက်ကျလို့ ဘယ်နှယောက် ကျန် မှန်း မသိနိုင်ဘူးကွာ။ လူစုလဲ ကွဲသွားကြပြီ။

ဗိုလ်ကြီးရဲ့ညွှန်နဲ့ တပ်သားမြင့် အောင်လဲ ဘယ်ရောက်နေလဲ မသိရဘူး။ အဲဒီတော့ကွာ တို့ ဒီညကတော့ ဒီမှာပဲ အိပ်ကြမယ်။ ဝေလီဝေလင်းမှ စခန်းပြန်နိုင်မယ်။

ညဆိုတော့ လမ်းမှားပြီး ရန်သူ့နယ်မြေထဲ ပြန်ရောက်သွားရင် မလွယ်ဘူး'

တပ်သား မောင်ကျော်ထူးတစ်ယောက် တပ်ကြပ်မောင်စိမ့်အလောင်းနား အိပ်ရမည်ဖြစ်၍...

'ဆရာကြီး ကျွန်တော်တို့ ဟို ခပ်လှမ်းလှမ်းမှာ သွားအိပ်ကြမယ်'

ထိုစကားကြောင့်...

'ဘာကွ သေတဲ့သူက ဘာထလုပ်မှာမို့လဲ၊ မင်း ရဲဘော်ရဲဘက် စိတ်ဓာတ် ရှိစမ်းပါ၊ မင်းနဲ့ ငါနဲ့ ငါ့သူငယ်ချင်း အလောင်းနားမှာ အတူအိပ်ကြမယ် ကြားလား'

'ဟုတ်...ဟုတ်ကဲ့'

ပဲခူးရိုးမတောတွင်း၏ အေးစိမ့်သည့် ဒဏ်နှင့် ခြင်ကိုက်သည့် ဒဏ်ကို ခံရင်း တပ်ကြပ်ကြီးသန်းမောင် တစ်ယောက် အိပ်မရသဖြင့် မိမိတွင် ပါလာသော ဆေးပြင်းလိပ်တစ်လိပ်ထုတ်ပြီး ယမ်းမီးခြစ်လေး ခြစ်ပြီး မီးညှိသောက်ရင်း ပက်လက်လှန်၍ တိုက်ပွဲအဖြစ်အပျက်ကို စဉ်းစားရင်း အတွေးနယ်ချဲ့နေပါသည်။

တပည့်ဖြစ်သူ ရဲဘော်မောင်ကျော်ထူးကတော့ ဟောက်တောင်နေပြီ ထိုစဉ်...

'ရှဲ...ရှဲ...ရှဲ...ဖြောက်...ဖြောက်'



www.burmeseclassic.com

www.burmeseclassic.com

'ဟ...ဒါ ဘာသံလဲဟ'

ကိုက်နှစ်ဆယ်လောက်မှ တောတိုးသံကြောင့် ဆေးလိပ်မီးကို မြေကြီးပေါ် ထိုးသတ်ရင်း အနားက ဘရင်းဂန်းသေနတ်အား ကောက်ကိုင်ပြီး ထိုတောတိုးသံကြားသည့်ဘက် ထိုးချိန်ထားလိုက်သည်။

မျောက်ချော့ပင်များ၊ အင်ပင်များ၊ သစ်ပင်ချုံနွယ်များကြားမှ တရှဲရှဲတောတိုးသံ နီးလာသဖြင့် ဂရုစိုက်ပြီး ကြည့်နေသည်။

မိမိနှင့် ရှစ်ကိုက်လောက် အရောက်မှာ သေနတ်မောင်းခလုတ်ကို လက်ညှိုးနှင့် ကွေးမည့်ဆဲဆဲ...

'ဟာ ငါ့သေနတ်နဲ့ ထိုးပစ်လိုက်ရင်မဖြစ်သေးပါဘူး။ ငါ့သေနတ်သံကြားလို့ ရန်သူတွေ လာဝိုင်းနေရင် ဒုက္ခပဲ။ ငါ ဒီဂေါင်ကို ဝင်လုံးပြီး သတ်မယ်'

ဟု ပြောပြောဆိုဆို ထိုအသံရှင်ရှိရာသို့ စူးစိုက်ကြည့်နေရာမှ ကောင်းကင်က ကြယ်ရောင်မှိန်ပျပျ အလင်းပြောက်များက တောထဲရှိ သစ်ပင်သစ်ရွက်ကြားတွင် ဖောက်ပြီးထားသဖြင့် ထိုအသံရှင်ကို တဖြည်းဖြည်းမြင်လာရသည်။

'ဟ...လူ တစ်ယောက် ပါလား ဘောင်းဘီနဲ့ စစ်ဦးထုပ်နဲ့ ငါ့ရဲဘော်များလား'

မိမိနှင့် ငါးကိုက်လောက် အရောက်ထိုသူမှာ ရှေ့ဆက်မလာဘဲ မတ်တတ်ရပ်နေသဖြင့် မိမိမှ အသံအုပ်ဖြင့်...

'ဟေ့ ဘယ်သူလဲ စကားဝှက်ပြော'

ထိုသူမှ အသံမပြု။ ထို့ကြောင့် လက်နှိပ်ဓာတ်မီးဖြင့် ယင်း လူ၏ မျက်နှာအား လှမ်းထိုးလိုက်ရာ ထို့ကြောင့် လက်နှိပ်ဓာတ်မီးဖြင့် ယင်းလူ၏ မျက်နှာအား လှမ်းထိုးလိုက်ရာ...

'ဟာ...မင်း...မင်း တပ်ကြပ်မောင်စိမ့်



သူငယ်ချင်း မင်း ဘယ်လို ဖြစ်တာလဲ'

ပါးစပ်ကလည်း ပြောရင်း မိမိအနားတပ်ကြပ်မောင်စိမ့်အလောင်း ရှိမရှိ စောင်းငဲ့ ကြည့်လိုက်ရာတွင်လည်း အလောင်းကပုံမှန်။ အရှေ့က တပ်ကြပ်မောင်စိမ့်ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားပြီး...

'ဟာ...သူငယ်ချင်းမောင်စိမ့်'

ဟု အော်ရင်း ပြေးဖက်လိုက်ရာ မဖက်မိဘဲ မိမိသာ ပစ်လဲကျသွားသည်။

ထိုအသံကြောင့် အိပ်ပျော်နေသော ရဲဘော်ကျော်ထူး ရုတ်တရက် နိုးလာပြီး...

'ဆရာကြီး ဘာဖြစ်တာလဲ'

အိပ်မှုန်စုံမွှားနှင့် တပ်ကြပ်ကြီးသန်းမောင်ရှိရာ ပြေးလာပါသည်။ အနားရောက်လျှင်...

'ဆရာကြီး ဘာတွေ့လဲ'

'ဟို...ဟိုကွာ တပ်ကြပ်မောင်စိမ့်ကွ ငါတွေ့လို့ ပြေးဖက်တာ မဖက်မိဘဲ လဲသွားတာ'

ထို ပြောစကားကြောင့် အံ့သြသော အမူအရာနှင့်...

'ဆရာကြီးရယ် ဆရာမောင်စိမ့်က သေနေပြီလေ၊ ဆရာကြီးဆီ ဘယ်[illegible] နိုင်ပါ့မလဲ၊ ဆရာကြီး သူငယ်ချ[illegible] အပေါ် စိတ်စွဲလမ်းလို့ပါ'

'ငါ့သူငယ်ချင်း မောင်စိမ့်မှ မော[illegible] အစစ် သူ့သေတုန်းက ယူနီဖောင်း[illegible] အတိုင်းနဲ့၊ ပြီးတော့ ငါ့ကို ပြုံးကြည့်[illegible] တာကွ'

'လာပါ ဆရာကြီးရယ် အခု ဆ[illegible] မောင်စိမ့်အလောင်း ဘယ်လိုလုပ်မ[illegible] စခန်းကလဲ ဝေးတဲ့အပြင် ဒီရိုးမထဲ[illegible] ဘယ်လမ်းက သွားရမှန်းမှ မသိတေ[illegible] တာ။ အဲဒါ ဆရာကြီး ဘယ်လို စီ[illegible] မလဲ'

ရဲဘော်ကျော်ထူး ပြောစက[illegible] ကြောင့် တပ်ကြပ်ကြီး သန်းမော[illegible] တစ်ချက်စဉ်းစားရင်း...

'ကဲ ဒီလိုလုပ်ကွာ တို့ဆရာမောင်[illegible] အလောင်းကို ဒီနားမှာပဲ မြှုပ်မယ်[illegible] အဲ သူ့အကျီ တံဆိပ် ကိုယ်ပိုင်နံပါ[illegible] မှတ်ပုံတင်တွေ ယူသွားမယ်ကွာ။

ကဲ ကဲ တို့ပါတဲ့ ဓားတွေနဲ့ပဲ ဒီ[illegible] ကြီးခဲကြီးတွေ ကော်ထုတ်[illegible] ရသလောက်တူးကွာ။ ဒီကိစ္စပြီး[illegible] မိုးမလင်းခင် သွားရမှာ ကဲ တူးတော့'

'ဟုတ်ကဲ့ ဆရာကြီး'

ဆရာတပည့်နှစ်ယောက် ချမ်း[illegible] သည့်ဒဏ် မမှုနိုင်အား ချွေးများ[illegible] ပြန်၍ ပင်ပန်းကြီးစွာ မြေကြီးမျ[illegible] ကော်တူးပြီး...

'ကဲ ကျော်ထူး မင်းက ခြေထော[illegible] ကကိုင်၊ ငါက ခေါင်းကကိုင်မယ်။ [illegible] မ အေး ဟုတ်ပြီ၊ တို့အပေါ်က မြေကြီ[illegible] တွေ ဖို့မယ်'

တပ်ကြပ်မောင်စိမ့် အလောင်းအ[illegible] မြေကျင်း ခပ်တိမ်တိမ်ထဲ ချပြီး [illegible] ပြီးအသွား...

'ကဲ သူငယ်ချင်း ရဲဘော်မောင်စိမ့် [illegible] တိုင်းပြည်အတွက် တိုက်ရင်း ကျ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အတွက် တို့ ဂုဏ်ယူအလေးပြုပါတယ်။ သူငယ်ချင်း ပြီးတော့ သူငယ်ချင်း မင်း ငါနဲ့ အတူ လိုက်ပါနိုင်တယ်ကွာ သွားပြီကွာ’

ခွေးခွေးမြည့်မြည့် ပြောရင်း သေနတ်ကိုယ်စီလွယ်ရင်း တောင်အောက်သို့ ဆင်းခဲ့ကြပါသည်။ လမ်းခရီးကလည်း ကြမ်းတော့ ခရီးသိပ်မတွင် အမှောင်ထုကလည်း ရှိသေးလမ်းမှားပြီး ရန်သူ့နယ်မြေထဲ ရောက်သွားမှာလည်း စိုးရိမ်ရသဖြင့် တပ်ကြပ်ကြီးသန်းမောင် ပါးစပ်မှ လွှတ်ခနဲ…

‘သူငယ်ချင်း မောင်စိမ့်ရေ တို့ကို စခန်းရောက်အောင် လမ်းပြပေးပါလားကွာ၊ မင်းကျေးဇူး မမေ့ပါဘူး’

ပြောလိုက်စဉ် သူတို့ရှေ့ ငါးကိုက်လောက်အကွာမှ ရိပ်ခနဲ ရိပ်ခနဲ မည်းမည်းသဏ္ဌာန်တစ်ခု တွေ့လိုက်ရသဖြင့် အားတက်ပြီး ယင်းမည်းမည်းအရိပ်သဏ္ဌာန်နောက် လျှောက်လိုက်ရင်း ဝေလီဝေလင်းမှာ ပဲခူးရိုးမတောစပ်သို့ ရောက်ခဲ့ပြီး ထိုနေရာမှ မိမိတို့တပ်စခန်းရှိရာသို့ အခက်အခဲမရှိ ပြန်ရောက်သွားခဲ့ပါသည်။

စခန်းရောက်လျှင်ပဲ မိမိတို့ တပ်ရင်းမှူးအား ဖြစ်ကြောင်းကုန်စင် ပြောပြရင်း တပ်ကြပ်မောင်စိမ့်၏ ရင်ထိုးတံဆိပ် ကိုယ်ပိုင်မှတ်ပုံတင်ကတ်တို့ကို ပေးအပ်လိုက်ပါသည်။

ထိုတိုက်ပွဲတွင် မိမိတို့ဘက်မှ ကျဆုံးမှုများသလို ဗိုလ်ကြီးရဲညွန့်တစ်ယောက်လည်း စခန်းသို့ မိမိထက် စောပြီးရောက်သွားသဖြင့် အချိန်မီ စစ်ဆေးရုံသို့ တင်ပို့နိုင်ခဲ့သည်။

ထို့ပြင် ထိုရောင်စုံသူပုန်များကိုချေမှုန်းဖို့ တပ်ခွဲတစ်ခွဲ ထပ်လွှတ်လိုက်သည်ဟုလည်း ကြားသိရပါသည်။

ထိုနေ့တွင်ပင် မောင်စိမ့်ဇနီး မခင်စန်းလည်း မျက်ရည်လည်ရွဲနှင့်



ရောက်လာရင်း သူ့ယောက်ျားအကြောင်း မေးပါသည်။ တပ်ကြပ်ကြီးသန်းမောင်လည်း တပ်ရင်းမှူးနှင့်တကွ အရာရှိ အကြပ်တပ်သားများရှေ့တွင် သူ့အား တပ်ကြပ်မောင်စိမ့်မှ “**သူသေရင် သူ့ဇနီး မခင်စန်းကို လက်ထပ်ယူပါ**”ဟု မှာသွားသည့်အကြောင်း ပြောပြလိုက်ပါသည်။

မခင်စန်းတစ်ယောက် တရှုပ်ရှုပ်ငိုနေသည်မှအပ ဘာမှ မပြောနိုင်ရှာ။ အရွယ်ကလည်းကောင်း ကိုယ်လုံးကိုယ်ပေါက်နှင့် ဖြူဖွေးသော အသားအရေ ပြေပြစ်လှပသော မခင်စန်းအား ကရုဏာသက်ရင်း…

‘ကဲ သမီး နင် ဘယ်လို သဘောရလဲ၊ အိမ်ထောင်ထပ်ပြုမယ် မဟုတ်လား။ အိမ်ထောင်ပြုမယ်ဆိုလဲ တပ်ကြပ်ကြီးသန်းမောင်ကို လက်ထပ်နိုင်မလား။ ပြောပါ သူက လူပျိုလူလွတ်’

တပ်ရင်းမှူးစကားကြောင့် မခင်စန်းရှိုးတိုးရှန့်တန့်နှင့် ခေါင်းညိတ်အဖြေပေးလိုက်သည်ကို တပ်ကြပ်ကြီးသန်းမောင် တွေ့လိုက်ရသဖြင့်…

‘တပ်ရင်းမှူးကြီးခင်ဗျာ ကျွန်တော်အိမ်ထောင်မပြုချင်သေးပါဘူး။ ဆရာမောင်စိမ့်ကိုလဲ ကတိမပေးခဲ့ပါဘူး။ လွတ်လွတ်လပ်လပ် နေချင်ပါသေးတယ်။ မခင်စန်းကိုလဲ နှမလေးတစ်ယောက်လိုပဲ ခင်တွယ်မိပါတယ်။

ပြီးတော့ ကျွန်တော့်မှာလဲ ဟင်္သာတမြို့က ငယ်ရည်းစားရှိနေတဲ့အတွက် ကျွန်တော့်တပည့် တပ်သားမောင်ကျော်ထူးနဲ့ ဖြစ်နိုင်ရင် ပေးစားပါတပ်ရင်းမှူးကြီး ခင်ဗျား’

‘ကဲ ကောင်းပြီ ဒါဆိုရင်လဲ ရဲဘော်ကျော်ထူးကို သမီး ယူနိုင်မလား’

ထိုအမေးကိုလည်း မခင်စန်းမှ ခေါင်းညိတ်အဖြေပေးပါသည်။

‘ကဲ ကဲ ဒီလိုဆိုလဲ ရက်လည်ဆွမ်းသွတ်ပြီးမှ အကျဉ်းရုံး လက်ထပ်ကြတော့’

နောက်ရက် ရက်လည်ဆွမ်းကျွေးမှာ တပ်ကြပ်မောင်စိမ့်နှင့်တကွ တိုက်ပွဲတွင် ကျဆုံးသွားသော ကျန်ရဲဘော်များအတွက် ရွာဦးကျောင်းမှ ဘုန်းတော်ကြီးပင့်၍ ဆွမ်းကျွေးရေစက်ချအမျှဝေခဲ့ပါသည်။

ရက်လည်ဆွမ်းသွတ်ပြီး နောက်နေ့ ခွင့်(၁၀)ရက်ရ၍ တပ်ကြပ်ကြီးသန်းမောင် တစ်ယောက် အိမ်ထောင်သည်လိုင်းရှိ မကြာမီက လက်ထပ်ယူထားသော ရဲဘော်ကျော်ထူးနှင့် မခင်စန်းတို့ အိမ်ဘက် ထွက်လာပြီး အိမ်ရှေ့ရောက်လျှင်…

‘ဟေ ရဲဘော်ကျော်ထူး’

‘ရှိပါတယ် ဆရာကြီး လာအိမ်ပေါ်တက်’

‘အေး အေး ဟဲ့ မခင်စန်း နင်ဘာဟင်းတွေ ချက်နေတာလဲ’

ဟု မီးဖိုခေါင်ထဲမှ ချက်ပြုတ်နေသော မခင်စန်းအား မေးရင်း ဖျာကြမ်းပေါ်ဝင်ထိုင်လိုက်ပါသည်။

‘ဆရာကြီး ဘာကိစ္စရှိလို့လဲ’

‘ဪ ဘာကိစ္စမှ မရှိပါဘူး။ မင်းရော ငါရော ခွင့်(၁၀)ရက် ရတယ်လေ။ အဲဒါ ငါ ဟင်္သာတမြို့ကို ပြန်မလို့

www.burmeseclassic.com

မင်းတို့လင်မယားလဲ ရောက်ဖူးအောင် လိုက်ခဲ့ပါလား။

မခင်စန်းလဲ စိတ်ပြေလက်ပျောက် ပေါ့။ တို့ဟသ်ာတမြို့က နာမည်ကြီး မုန့်ဟင်းခါး စားဖူးအောင်လို့လေ ဘယ့်နှယ်လဲ'

ဟု ရယ်ပြုံးပြုံးနှင့် ပြောလိုက်ရာ ရဲဘော်ကျော်ထူးဇနီးဖြစ်သူ မခင်စန်း ဘက်လှည့်ပြီး...

'ကဲ မိန်းမရေ တို့ ဆရာကြီးတို့ ဟသ်ာတမြို့ကို လိုက်သွားရအောင် ခွင့်(၁၀)ရက် ရထားတာပဲ'

'ဒါတော့ ကိုကျော်ထူး သဘောပါ။ လိုက်ရတော့လဲ စိတ်ပြေလက်ပျောက် ရှိတာပေါ့'

'အေး အေး နင်တို့ ဒါဆိုလဲ အဆင်သင့်လုပ်ထား။ မနက်စောစော ပဲခူးကားနဲ့ ရန်ကုန်စီး။ အဲဒီကနေ ရွှေတိဂုံဘုရားဖူးပြီး ကြည့်မြင်တိုင်က နေ သာရဝေါရထားစီး မြစ်တစ်ဖက် ကမ်းကူး မော်တော်စီးရင် ရောက်ပြီပေါ့ ကွာ၊ ကဲ ကဲ ငါသွားမယ်'

'ဟုတ်ကဲ့ ဆရာကြီး ကျွန်တော်တို့ အဆင်သင့် လုပ်ထားပါ့မယ်'

နှင်းများ တဖွဲဖွဲကျနေသည့်ကြား ပဲခူး–ရန်ကုန် ကုန်တင်ကားကြီးက ကုန်နှင့် လူအပြည့် တစ်နေ့တစ်ခေါက် လောက်သာသွားသော ကားကြီး။ လမ်းကလည်း ယခုခေတ်လို သိပ် မကောင်း။ ကားကလည်း GMCကား တအိအိ မောင်းလာပါသည်။

တပ်ကြပ်ကြီး သန်းမောင်တို့အုပ်စု အပါအဝင် ခရီးသည် ဆယ့်သုံးယောက် ကုန်တွေပေါ်မှာ ထိုင်လိုက်လာရသည်။ နှင်းများ တအားကျနေသဖြင့်လည်း ကားမီးလုံးကို ဖွင့်မောင်းနေရသဖြင့် ရှေ့မှ အခြားကားများ အလာကိုလည်း ကြည့်မောင်းနေရသည်။

ထိုစဉ် ရှေ့တူရူမှ ချက်ပလက်ကား တစ်စီးသည် ရုတ်တရက် နှင်းမှုန်ကြား ထဲ မီးမဖွင့်ဘဲ တိုးဝင်လာသဖြင့် ကား ဆရာ လျှင်မြန်စွာ ညာဘက် ချိုးကွေ့ လိုက်ရာ...

'ဝုန်း...ဒုန်း...ဒုန်း'

'အမယ်လေးဗျ ကယ်ကြပါဦး'

တပ်ကြပ်ကြီးသန်းမောင်၊ တပည့် ကျော်ထူး၊ ဇနီးမခင်စန်းတို့အပေါ် ဆန်အိတ်များ၊ ပဲအိတ်များ ပိကျသော သဖြင့် ရှောင်တိမ်းမရဘဲ သုံးယောက် သား ပဲအိတ်ဆန်အိတ်ကြားထဲ ညပ် နေပါသည်။

ကျန်လူများလည်း နဖူးပွန်း ဒူးပွန်း ဖြစ်ကုန်ကြသည်၊ ကားလည်း စက်ရပ် သွားပါသည်။ ကားဆရာလည်း ပျာပျာ သလဲ ကားခေါင်းထဲမှ ထွက်လာပြီး စပယ်ယာရော ဒရိုင်ဘာရော အပြေး အလွှား ဆန်အိတ်များ ဖယ်ပြီး ခရီး သည်များကိုလည်းကောင်း၊ တပ်ကြပ် ကြီးသန်းမောင်တို့ သုံးယောက်နှင့် အခြားခရီးသည်များ လည်းကောင်း သယ်မပေးပါသည်။

တပ်ကြပ်ကြီးသန်းမောင်နှင့် ရဲဘော် ကျော်ထူးတို့သာ အထိနာပါသည်။ မခင်စန်းတစ်ယောက်ကတော့ နည်း နည်း ပွန်းတာပဲ ရှိသဖြင့် တော်သေး သည်။ သို့နှင့် နီးစပ်ရာ ကားထားပြီး ဒရိုင်ဘာကိုယ်တိုင် ပဲခူးဆေးရုံကြီးသို့ တင်ပို့လိုက်ပါသည်။ တပ်ရင်းကိုလည်း အကြောင်းကြားခဲ့ပါသည်။

တပ်ကြပ်ကြီးသန်းမောင် ခြေတစ် ဖက် အရိုးအက်သွားသဖြင့် ဖြတ်မပစ် ရသော်လည်း သာမန်ခြေထောက်လို မသန်မာ။ သို့သော် လမ်းသွား၍ရ သည်၊ ရဲဘော်ကျော်ထူးကတော့ ညာ လက်ညိုးကျိုးသွားသဖြင့် လက်ညိုး တစ်ချောင်း ဖြတ်လိုက်ရသည်။

သာမန်လက်ညိုးလို ပြန်မသန် ထိုဆေးရုံမှာ (၂)ပတ်အကြာ တပ်ရင်း ပြန်ပြီး ကျန်းမာရေးကြောင့် တပ်မှ ထွက်စာတင်ပြီး ဟသ်ာတမြို့သို့ ရဲဘော်ကျော်ထူးနှင့် ဇနီးမခင်စန်းတို့ကို ပါ ခေါ်လာခဲ့ပါသည်။

ရွာရောက်လျှင် ရွာမှ ဆွေမျိုးများနှင့် အပေါင်းအသင်းတို့မှ စစ်ထွက်များကို လိုက်လိုက်လှဲလှဲ နွေးထွေးစွာ ဆက်ဆံ ခဲ့ကြသည်။ တပ်ကြပ်ကြီးသန်းမောင် ၏ ဇနီးလောင်း ခင်လုံးလုံးကလည်း အပြေးကြိုပြီး နှစ်ယောက်သား အခွေး ပိုခဲ့ကြပါသည်။ သို့နှင့် တစ်ပတ်အတွင်း တောင်းရမ်းယူလိုက်ကြပါသည်။

ရဲဘော်ကျော်ထူးနှင့် ဇနီးမခင်စန်း တို့ကိုလည်း ရွာမှ စုပေါင်းပြီး သုံးပင် အိမ်လေးတစ်လုံး ဆောက်ပေးပြီး သူတို့ ပါလာသည့် ငွေဖြင့် ဆိုက်ကား တစ်စီး ဝယ်ပေးလိုက်ကြပါသည်။

တပ်ကြပ်ကြီး သန်းမောင်ကတော့ သူ့ ရှမ်းပြည်နယ်ဘက်မှ တာဝန်ကျ တုန်းက ရှမ်းဆေးဆရာကြီး တစ်ယောက် ထံမှာ ဓာတ်ဗိန္ဒောဆေးပညာ၊ မန္တန် ပညာများ သင်ယူထားသဖြင့် ရွာနီး ချုပ်စပ် ဆေးလိုက်ကုနေသည်။ သို့နှင့် မိမိရွာ၏ တစ်ရွာကျော်မှာ မြေဝယ် ဆောက်ပြီး ဘဝရပ်တည်၍နေသည်။

ရဲဘော်ကျော်ထူးကလည်း ဟသ်ာတ မြို့စွန်ရပ်ကွက် ဆိုက်ကားဂိတ်မှာ ဆိုက်ကားနင်းရင်း ဘဝရပ်တည်၍ နေကြပါသည်။

တစ်လလောက်အကြာမှာ ပြဿနာ က စ၍လာခဲ့ပါသည်။ ကိုကျော်ထူး မခင်စန်းတို့ လင်မယား အိပ်မောကျ နေချိန် သန်းခေါင်ယံတွင် မည်းမည်း သဏ္ဌာန်ကြီးတစ်ခုက ကိုကျော်ထူးတို့ အိမ်ထဲသို့ ဝင်ရောက်သွားသည့် ခဏ...

www.burmeseclassic.com

'အို...ကိုမောင်စိမ့် ရှင်... ရှင် ဒီအထိ လိုက်လာတယ်။ ရှင် ဘယ်တာဝရောက်နေတာလဲ၊ ဟုတ်လား။

အို...ကျွန်မ ဆရာသန်းမောင်ကို လက်မထပ်တာက သူ့မှာ ရှိနေတယ်လေ။ အဲဒါကြောင့် ကိုကျော်ထူးကို လက်ထပ်လိုက်ရတာပါ။ ရှင့်ဆန္ဒ မဖြည့်ဆည်းနိုင်တာ ခွင့်လွှတ်ပါ။

သူ့ကိုလဲ ဘာမှ မလုပ်ပါနဲ့။ အို... ရှင် အဲဒီလို မပြောပါနဲ့။ ရှင်က ဘဝခြားနေပြီလေ။ ရှင် ကျွန်မကိုလဲ ကြောက်အောင် လန့်အောင် မလုပ်ပါနဲ့'

ထို ဇနီးသည် မခင်စန်းအသံကြောင့် အနားအိပ်နေသော ကိုကျော်ထူး နိုးသွားပြီး...

'ဟဲ့... မိန်းမ နင် ဘယ်သူနဲ့ စကားပြောနေတာလဲ'

'ဩော်... ကျွန်မ ကျွန်မ အိပ်မက်မက်သလို ကိုမောင်စိမ့်နဲ့ စကားပြောနေတာပါ'

'နင်ကလဲ တယ်အစွဲအလမ်းကြီးတာပဲ'

'အစွဲအလမ်းကြီးတာ မဟုတ်ဘူး။ ကျွန်မ တကယ်တွေ့ရသလိုပဲ'

'ကဲ...ကဲ အဲဒါဆိုလဲ ဘုရားအာရုံပြုပြီး ပြန်အိပ်တော့'

ကိုကျော်ထူး ပြောစကားကြောင့် မခင်စန်း ဘုရားထပ်ရှိခိုးပြီး ပြန်အိပ်လိုက်ပါသည်။

ထိုနေ့ နံနက်လင်းလျှင်ပဲ ကိုကျော်ထူး ဆိုက်ကားနင်းထွက်ခဲ့သည်။ သို့နှင့် နေ့ခင်းရောက်လာပြီဖြစ်၍ ထမင်းပြန်စားဖို့ ကိုကျော်ထူး ပြန်သည်။ အိတ်ကပ်ထဲမှာလည်း ငွေတစ်ကျပ်ရပြီ။

သို့သော် ဒီတစ်ကျပ်သော ငွေက ဆန်တစ်ပြည်ဖိုးပဲရသည်။ ဟင်းကြွေးဖိုးမရနိုင်။ နေ့ခင်း ထမင်းကို ပဲပြုတ်နှင့်စားပြီး ညနေစောင်း ဆိုက်ကား



ပြန်ထွက်နင်းသည်။

မှောင်သည့်တိုင် ခရီးသည်ကမရ။ လူကလည်း လူသစ် မိတ်ဟောင်းဆွေဟောင်းကလည်း မရှိနှင့် ဆိုက်ကားကို ဖင့်နွဲ့စွာ အိမ်သို့ နင်းပြန်ခဲ့သည်။

'မိန်းမရေ ဒီနေ့လဲ ပဲနဲ့ စားရတော့မယ်။ ဆန်ဖိုးပဲရတယ်။ တို့ ဒီပုံစံဆို ဘယ်လိုဘဝကို ရပ်တည်ကြမလဲ'

'ငွေအရင်းအနှီးကလဲ မရှိနဲ့ ခက်တော့နေပြီတော်'

ဟု မခင်စန်း ညည်းညည်းညူညူ ပြောဆိုသံအပြီး ညဦးအမှောင်ထဲမှာ ဘာသီချင်းမှန်းမသိ လေချွန်ပြီး ဆင်းလာသံကို ကြားလိုက်ရသည့်ခဏ အိမ်ရှေ့ထရံပေါက်တည့်တည့်မှ...

'ဝုန်း ဗုန်း'

'အမယ်လေးတော့ ဘာကြီးလဲ'

အရှိန်နှင့် ဝင်လာသော မည်းမည်းအရာဝတ္ထုအားကြည့်ရင်း ကြောက်ကြောက်လန့်လန့် မခင်စန်းအော်ရင်း မီးတိုင်ခွက်နှင့် ကြည့်လိုက်ရာ...

'ဟာ... ကိုကျော်ထူးရေ ကြက်... ကြက်အသေကြီး အခုမှ သတ်ထားတဲ့ပုံပဲ။ တစ်ပိဿာလောက်ရှိမယ်တော့။ ထူးဆန်းလိုက်တာ၊ ဒါ...ဒါ ဘယ်သူ ပစ်ပေးတာလဲ'

မခင်စန်း ပြောစကားကြောင့် ကိုကျော်ထူး တစ်ချက် စဉ်းစားရင်း...

'ဟဲ့ စောစောက လေချွန်သံက တို့အိမ်ရှေ့ ပျောက်သွားတာ။ ပြီးတော့ ဒီကြက်သေကြီး ပစ်ပေးတာဆိုတော့ တစ်ယောက်ယောက်က သနားလို့ ပဲနဲ့ငါးပိချည်းပဲ စားနေလို့ ကြက်သတ်ပြီး ပေးတာလားမှ မသိတာ'

'အိုတော် ယုတ္တိမရှိတာ မပြောနဲ့၊ ဒါ ဒါ ကိုမောင်စိမ့် ဖြစ်ရမယ်။ ဘာလို့လဲဆိုတော့ သူ့ လေချွန်သံကို ကျွန်မ မှတ်မိတယ်။ တပ်ထဲမှာလဲ ညညဆို သူ ဒီလေချွန်သံအတိုင်း သီချင်းဆိုလေ့ရှိတယ်။ ကျွန်မ ညည်းလို့ ဟင်းစားရှာပေးတာလားမှ မသိတာ'

ထိုပြောစကားကြောင့် ကိုကျော်ထူး မခင်စန်းကို အမြင်ကတ်ပြီး...

'ကဲ ဆရာမောင်စိမ့်ဆို ထရံကို (၃)ချက်ပုတ်စမ်း'

'ဘုန်း...ဘုန်း...ဘုန်း'

'အမယ်လေးဗျ'

ဒီတစ်ခါ အော်သည်က ကိုကျော်ထူး။

'ကဲ... ရှင်ယုံပြီလား၊ ကဲ ကဲ ကိုမောင်စိမ့်ဆိုရင် မနက်ဖြန်ညမှာ ကျွန်မ ငွေ(၃၀)ကျပ် လိုချင်တယ်။ ရှင် ရအောင်ရှာပေးနော်။ ဒီက ကိုကျော်ထူး မယုံမှာစိုးလို့ပါ'

ဟု ပြောလိုက်လျှင်ပဲ လေချွန်သံပြုလျက် တာပေါ်ကို လူမမြင်ရဘဲ ထွက်သွားသည့် အသံသာ ကြားရလေတော့သည်။

နောက်ည မှောင်ရိပ်ပျိုးစ အချိန်မှာ ကိုကျော်ထူးနှင့် မခင်စန်းတို့ လင်မယားနှစ်ယောက် ညစာ ထမင်းအတူ စားနေကြစဉ် တာရိုးကြီးပေါ်မှ လေချွန်သံ ပီပီသသ ကြားလိုက်ရပြီး...

'ဟောတော့ ဒီလေချွန်သံက ကိုမောင်စိမ့် ဖြစ်ရမယ်'

'ဝိုး...ဖြန်း...ဘုတ်'

www.burmeseclassic.com

'ဟာ ပိုက်ဆံထုပ်ပါလား၊ ဝမ်းသာလိုက်တာတော် မှန်းစမ်း ဖြေကြည့်လိုက်မယ်'

'ဟဲ့ မိန်းမ နင် လက်မဆေးတော့ဘူးလား'

'အိုတော် ပြီးမှ ဆေးမယ်။ ဟယ် ငွေသုံးဆယ်ကြီးတောင် ပွတာပဲ။ ကိုမောင်စိမ့် ကောင်းရာသုဂတိ ရောက်ပါစေတော်'

ဟု မခင်စန်း ပြောလိုက်စဉ် ဘုန်းခနဲ ထရံကို ရိုက်သံ မြည်လိုက်ပြီး လေချွန်ကာ တာရိုးကြီးပေါ် တက်သွားသည်။

ကိုကျော်ထူးတို့ အိမ်ခေါင်းရင်းခြံမှ ဦးကံချိတ်၊ ဒေါ်စန်းစန်းတို့ကလည်း သူတို့၏ ခြေရင်းဘက်အိမ်က ဘုန်းခနဲ အသံရယ်၊ လေချွန်သံရယ် တီးတိုး ပြောသံတွေကြောင့် ကိုကျော်ထူးတို့ လင်မယားကို သင်္ကာမကင်း ဖြစ်လာသည်။

ထို့ကြောင့် ထိုည ကြက်အိပ်ကြက်နိုး ဖြင့် ရိပ်ဖမ်းသံဖမ်း ခြေရင်းအိမ်ကို စောင့်ကြည့်နားစွင့်နေသည်။ အောက် အီးအီးအွတ်ဆိုတော့ ကြက်ဖကြီး တွန်သံအပြီး ဒေါင်... ဒေါင်... ဒေါင် ညနှစ်ချက်တီး ကင်းသံချောင်း ခေါက်သံ ကြားလိုက်စဉ် လေချွန်သံ နှင့်အတူ မရှေးမနှောင်း...

'ဟ ဟ ဟ မိန်းမရေ ငါ့ခြေထောက် နှစ်ချောင်း ဘယ်သူ ဆွဲမတာလဲဟ၊ လုပ်ပါဦးဟဲ့။ ငါကြောက်တယ်။ လုပ် လုပ် လုပ်ပါဟဲ့ မြန်မြန်'

ထိုအသံနှင့်အတူ မခင်စန်းလည်း အလန့်တကြား ငုတ်တုတ်ထပြီး ကိုကျော်ထူး၏ လေထဲ ဖောက်ထိုး အုန်းပင်စိုက်သဏ္ဍာန် ခြေထောက် နှစ်ချောင်းအား အောက်သို့ အတင်းဖိချ ရာ ချွေးများပင် ပြန်၍နေသည်။

'အင်း ခက်တော့နေပြီ ကိုကျော်ထူး



ရယ်၊ စောစောက လေချွန်သံ ကြားတယ်။ ဒီတော့ ကိုမောင်စိမ့်ရယ် ရှင် ဒီလိုကြီး မနောက်ပါနဲ့တော်၊ တော့ တပည့် ကြောက်နေရှာပြီ'

ဟု ပြောလိုက်ရာ...

'ဝုန်း'

'အမယ်လေးဗျ သေပါပြီ၊ ကျိုးပါပြီ အား နာလိုက်တာဗျာ'

တစ်ဖက်ခြံမှ ကြက်အိပ်ကြက်နိုးဖြင့် နားစွင့်နေသော ဦးကံချိတ် ကြားသွား လေသည်။

'ဟာ ဒါ...ဒါ မရိုးသားဘူး။ တစ်ခုခု ပဲ ဟိုလေချွန်သံလဲ ကြားတယ်။ ခြေထောက်မတယ်လဲ ပြောတယ်။ မောင်စိမ့်ဆိုလား ပြောတယ်။

ဟုတ်ပြီ မခင်စန်းယောက်ျားကြီး ရဲဘော်မောင်စိမ့် သရဲဖြစ်ပြီး သူ့နောက် ယောက်ျားကို လာကျီစယ်တာ ဖြစ်မယ်။ မနက်ကျမှ မေးကြည့်ပြီး အထက် ဆရာတွေနဲ့နှင်မယ်။ မဟုတ်ရင် ငါတို့လင်မယားဘက် လှည့်လာ နိုင်တယ်'

ကိုကံချိတ် ပြောစကားကြောင့် ဇနီး ဖြစ်သူ မစန်းစန်းမှ...

'ဒါ...ဒါဆို ကြောက်စရာကြီးပါလား တော်'

ဟု ကြက်သီးထရင်း ပြောလိုက်ပါ သည်။

နံနက်မိုးသောက်ရင်း အလင်း ရောက်ခဲ့ပေပြီ။ ကိုကံချိတ်တစ်ယောက် မယောင်မလည်နှင့် ကိုကျော်ထူးတို့ အိမ်ရှေ့ဝယ် အခြေအနေကိုကြည့်ပြီး ရပ်နေစဉ် အိမ်ထဲမှ...

'ဗျို့...ကိုကြီးကံချိတ် ဘာကိစ္စရှိလို့ လဲ၊ လာလေ...အိမ်ထဲကို'

'ဩော်...အေး...အေး'

ဟု ပြောရင်း ကိုကျော်ထူးတို့အိမ် ပေါ် တက်သွားသည်။

'ကဲ...ကိစ္စလေး ပြောပါဦးဗျ'

'ဟိုကွာ... ဟို ညက (၂)ချက်တီး အချိန်လောက်က မင်းတို့အိမ်ဘက်က ဘာဖြစ်ကြတာလဲကွ'

ထိုပြောစကားကြောင့် မီးဖိုချောင်ထဲ မှ မခင်စန်း ရေနွေးအိုးကို ကိုင်ရင်း ထလာပြီး...

'အစ်ကိုကံချိတ် အကုန်ကြားလား'

'အေး... နည်းနည်းပါးပါးပဲ ကြား တယ်။ အဲဒါ ဘယ်လိုဖြစ်ကြတာလဲ ဟို... ကိုမောင်စိမ့်ဆိုတာလဲ ကြား တယ်။ ပြီးတော့ မောင်ကျော်ထူး အော်သံလဲ ကြားတယ်'

'ဩော်...ဒါက သူ ညက ယောင်ပြီး အိပ်မက်ထဲမှာ ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်နေတယ်ဆိုပြီး ထအော် လို့ ကျွန်မက သူ့ကို ထပုတ်နိုးရတာပါ'

ဟု ကိုကံချိတ်အား လိမ်ပြောလိုက် ပါသည်။ ကိုကံချိတ်မှ...

'ဩော်...ဒီလိုလား၊ မသိပါဘူး ငါ က သရဲကပ်သလားလို့ပါ၊ သရဲကပ်ရင် လဲ ဂိုဏ်းဆရာကောင်းကောင်းနဲ့ ခေါ် ပြီး နှင်ထုတ်မလားလို့'

ရွှေလ ဆက်တော်ပါရန်

ဟာသဝတ္ထု သန်းလှိုင်ကျော်

(ရွှေပန်းအိုး)



www.burmeseclassic.com

www.burmeseclassic.com



# ငွေးဖြင့် သချိုင်း

မောင်ငွေးမြင့်

ဖရုံကာကျွန်း သုံးကျွန်းသည် ပေါက်တောမြို့နယ် တောင်ဘက် ဘင်္ဂလားပင်လယ်အော်ထဲတွင် တည်ရှိနေကြသည့် ကျွန်းများ ဖြစ်ကြသည်။ အရှေ့ဖရုံကာကျွန်းကို အကြားချိုင်ကျွန်းဟုလည်းကောင်း၊ အလယ်ဖရုံကာကျွန်းကို ပိန္နဲချောင်းကျွန်းဟု လည်းကောင်း၊ အနောက်ဖရုံကာကျွန်းကို မြေငူကျွန်းဟုလည်းကောင်း၊ ဒေသအမည်များဖြင့် အသီးသီး ခေါ်ဝေါ်ခဲ့ကြသည်။

ပိန္နဲချောင်းကျွန်းတွင် ကျောက်တောင်ကျေးရွာအုပ်စု တည်ရှိသည်။ ကျွန်းနယ်မြေတစ်ခုလုံး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ထိုအုပ်စုတွင် ကျောက်တောင်ရဲစခန်း ထားရှိသည်။

၁၉၉၄ ခုနှစ်၊ မတ်လအတွင်း နေ့ရက်တစ်နေ့က ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျောက်တောင်ရဲစခန်းတွင် စခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည့် အချိန်ကာလ ဖြစ်ပါသည်။ ကျောက်တောင်ကျေးရွာအုပ်စု ပြင်မကျေးရွာ ဘုန်းတော်ကြီးကျောင်းပေါ်တွင် ကျေးရွာရပ်မိရပ်ဖများ၊ ရွာသူရွာသားများ၊ ကလေးများပါမကျန် စုဝေး ရောက်ရှိနေကြပါသည်။

ရပ်ရွာ ပြဿနာ ကိစ္စတစ်ရပ်ကို ခေါင်းချင်းဆိုင် ညှိနှိုင်းဖြေရှင်းကြရန် စုဝေးရောက်ရှိနေကြခြင်း ဖြစ်ပါသည်။ ထိုအရာကား အခြားမဟုတ် ပြင်မရွာ သုသာန်သချိုင်း မြေနေရာကိစ္စဖြစ်သည်။

ထိုသချိုင်းကုန်းမြေသည် ရဲစခန်း၏ မြောက်ဘက် ခြံစည်းရိုးနှင့် ကပ်လျက် တည်ရှိနေ၏။ သချိုင်းမြေ၏ အနောက်





www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် ရွာမှုလတန်းကျောင်းရှိပြီး မြောက်ဘက်တွင် တိုက်နယ်ဆေးရုံ တစ်ခုလည်း ကပ်လျက် တည်ရှိသေးသည်။

ထိုသို့ အစိုးရအဆောက်အအုံများ၏ အလယ်တွင် သုသာန်မြေကား မင်းမူလျက်ရှိနေခြင်း ဖြစ်သည်။ ပြင်မရွာမှ ကျောက်တောင်ရွာမနှင့် အခြားရွာများသို့ သွားသည့် လူသွားလမ်းသည်ပင် လျှင် ထိုနေရာကို ဖြတ်သန်းဖောက်လုပ်ထားသည်။ ယခုအခါ ထိုပြင်မရွာ သချိုင်းကုန်းသည် ရွာသူရွာသားများကို အနှောင့်အယှက် ပြုနေပြီဆိုသည့် သတင်းစကား တစ်ကျွန်းလုံးအနှံ့ ကျယ်ပြန့်သွားခဲ့လေပြီ။

မကြာမီ ရက်အနည်းငယ်အတွင်း နေ့တစ်နေ့ ညဦးအချိန်တွင် ရဲစခန်းမှ ဆရာမြင့်စိုး၏ ဇနီး ဒေါ်အေးစိန်ဖြူ သည် မိသားစုများနှင့်အတူ နေအိမ် တန်းလျားတွင် အိပ်ပျော်နေပါသည်။ သန်းခေါင်ကျော် ညဉ့်နှစ်နာရီကျော် အချိန်တွင် သူမသည် "ကယ်ကြပါ၊ ကူကြပါ"ဟု အထိတ်တလန့် အလန့် တကြား အော်ဟစ်ရာ စခန်းဝင်းအတွင်း ရှိ ကျွန်ုပ် အပါအဝင် တပ်ဖွဲ့ဝင်များ အားလုံး သူတို့လိုင်းခန်းသို့ ပြေးလွှား ရောက်ရှိလာကြပါသည်။

သူမမှာ လက်နှစ်ဖက်ကို ပူးကပ်ပြီး ရှေ့သို့ ဆန့်တန်းထားပါသည်။ ခြေထောက်နှစ်ဖက်ကိုလည်း ရှေ့သို့ ပူးကပ်ဆန့်တန်းထားသည်ကို တွေ့ရပါသည်။ ကျွန်ုပ်မှ...

'အေးစိန်ဖြူ နင် ဘာဖြစ်နေတာလဲ'

ဟု မေးမြန်းလိုက်ရာ သူမမှာ...

'ကျွန်မကို ကြိုးနဲ့ချည်ပြီး ဆွဲခေါ်နေကြပါတယ်'

ဟု မြန်ပြောပါသည်။ ကျွန်ုပ်က



ဘေးဘီဝဲယာကို ကြည့်လိုက်ရာ ကြိုးကိုလည်း မတွေ့ရ။ လူများကိုလည်း မမြင်တွေ့ရပါ။ ကျွန်ုပ်သည် မိမိ အတွေ့အကြုံအရ ပရလောကသား မိစ္ဆာကောင်တွေ အနှောင့်အယှက် လာပေးနေသည်ဟု ထင်မှတ်လိုက်ပါသည်။

ရွာထဲမှ နတ်ကတော်များကို ခေါ်ဖိတ်ပြီး ပြသမေးမြန်းကြည့်ရာ အဆိုပါ ပြင်မရွာ သချိုင်းကုန်းမြေမှ ဖုတ်သရဲများက လူသားမိန်းမပျိုအား နှောင့်ယှက် လို၍ ဆွဲခေါ်နေကြောင်း နတ်ကတော် အမျိုးသမီးကြီးထံတွင် ဝင်ပူးကာ ပြောဆိုခဲ့သည်။ ကျွန်ုပ်တို့က...

'လူသား မိန်းမပျိုကို နှောင့်ယှက်ခွင့်မပြု၊ အခြားပစ္စည်းများ သုံးလိုသည်ကိုပေးပါမည်'

ဟု ကတိစကား ပြောကြားပါသည်။ ထိုပရလောကသားများ အလိုရှိသည့် ကြက်တစ်ကောင်၊ အရက်နှစ်ပုလင်း၊ ဆေးပြင်းလိပ် တစ်ထုပ်နှင့် အခြား မြေပဲဆန် အပါအဝင် အမြည်းများကို ပြင်မရွာ သချိုင်းကုန်းမြေတွင် ရွာစာချကျွေးမွေးပြီးတော့မှ အေးချမ်းမှု ရရှိခဲ့လေသည်။

ထို့အပြင် ညဦးအချိန် ရွာသားများ လမ်းသွားလမ်းလာ ခရီးသွားလာကြရာတွင်လည်း ဆွဲတလား အသုဘခေါင်းကြီးထဲမှ "တဝုန်းဝုန်း"အသံ မြည်သံကြားရခြင်းကြောင့် ထွက်ပြေးလာကြသူများလည်း ရှိကြသည်။ ပြင်မရွာက ရွာခေတ် အောင်ကျော်စိန် ဆိုသူမှာလည်း သရဲတစ်ကောင်နှင့် နပမ်းလုံးခဲ့ရသည့် ဖြစ်ရပ်များလည်း ရှိသေး၏။

အဆိုပါ ပရလောကသားများ၏ အနှောင့်အယှက်ပေးမှုကြောင့် ရွာသားအချို့မှာ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်ရသကဲ့သို့ မကြာခဏ နာမကျန်း ဖြစ်ကြသည်။ ကျန်းမာရေး ရှုထောင့်မှ ကြည့်မည်ဆိုကလည်း သချိုင်းကုန်းမှ ထွက်ပေါ်လာသည့် အပုပ်နံ့များသည် မြောက်ပြန်လေ တိုက်ခတ်တိုင်း ရွာအတွင်းသို့ တောက်လျှောက်တူရှု ရောက်ရှိလာခြင်းကြောင့်လည်း ဖြစ်နိုင်ဖွယ်ရှိ၏။

ကျွန်ုပ်သည် ရွာသူရွာသားများ စိတ်သောက ဘယာဖြစ်နေကြရသည်ကို လက်မှိုင်ချကာ ငေးမှိုင် မတွေဝေနိုင်တော့ဘဲ တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာရဲရင့် ပြတ်သားစွာ စိတ်တုံးတုံးချ ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကို ရွာသားများထံ ချပြလိုက်တော့၏။

'ပြင်မရွာရဲ့ သုသာန်သချိုင်းကုန်းဟာ ရွာသူရွာသားအချို့ စိတ်သောကရအောင် ဒုက္ခပေးနေတာကို အားလုံးအသိပါပဲ။ ဒီတော့ ရွာသားများ စိတ်အေးချမ်းစွာ နေထိုင်ကြသွားဖို့ အရေးကို မျှော်တွေးပြီး ဒီသုသာန်သချိုင်းမြေကို အခြား တစ်နေရာသို့ ရွှေ့ပြောင်းပစ်လိုက်ချင်ပါတယ်'

ကျွန်ုပ်၏ တင်ပြချက် စကားကြောင့် အစည်းအဝေး တက်ရောက်လာကြသော ရွာသားအချို့က "မဖြစ်နိုင်ဘူး"၊ "မလုပ်စကောင်းဘူး"၊ "လွယ်တဲ့ကိစ္စ မဟုတ်ဘူး" စသည့်





www.burmeseclassic.com

www.burmeseclassic.com

''ဘူး''ပေါင်းများစွာသော စကားသံများဖြင့် အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။ ကျွန်ုပ်သည် စကားကို ဆက်လက်ပြောဆိုရင်း ပရိသတ်ကို ထိန်းသိမ်းပေးလိုက်၏။

'ကျွန်တော်က ဒီကိစ္စကို တစ်ဦးတစ်ယောက်တည်း တရူးစား တဇောက်ကန်း လုပ်သွားမှာ မဟုတ်ပါဘူး။ ရွာရဲ့ ဂါမပညတ်ကိုလဲ လိုက်နာမှာပါ။ ရွာဦးကျောင်းဆရာတော်ကြီးရဲ့ ဆုံးမဩဝါဒ ရပ်မိရပ်ဖများရဲ့ လမ်းညွှန်ပြချက်၊ ကျေးရွာအသင်းအဖွဲ့တွေရဲ့ ဆုံးဖြတ်ချက်တွေ အားလုံးကို ထည့်သွင်းစဉ်းစားပြီး ရွာသားအားလုံးရဲ့ တစ်ခဲနက် ဆုံးဖြတ်တဲ့ အဖြေရရှိပြီးမှသာ ကျွန်တော်တို့ဆက်ပြီး လုပ်သွားကြမှာပါ။ ရွာသားတွေ သဘောထားကိုလဲ တင်ပြကြပါခင်ဗျား'

ကျွန်ုပ်၏ စကားအဆုံးမှာ ရွာသား ဦးကွန်ုသာအောင်မှ ထောက်ခံဆွေးနွေး တင်ပြသည်။ သူသည် ကျေးရွာတွင် သာရေးနာရေးတွင် ဦးစီးဦးဆောင် လုပ်ပေးနေသော လူငယ်ခေါင်းဆောင် တစ်ဦးလည်းဖြစ်သည်။ သူက ကျိုးကြောင်း ဆီလျော်စွာ ရှင်းလင်း တင်ပြ၏။

'စခန်းမှူး ဦးမြွေးမြင့် တင်ပြဆွေးနွေးသွားတာ ရွာသားတွေရဲ့ ကောင်းကျိုးအတွက်ပါ။ ကျွန်တော် ပြင်မရွာသားတစ်ဦးပါ။ စခန်းမှူးတို့က ကျွန်တော်တို့ ကျေးရွာအတွက် အများအကျိုးဆောင်ပေးတာကို နားလည်ကြပါတယ်။

ဒါပေမယ့် ရွာသုသာန်သင်္ချိုင်းမြေနေရာကို တခြားနေရာသို့ ရွှေ့ပြောင်းဖို့ သင်္ချိုင်းမြေ အသစ်တစ်ခု ပြုလုပ်ဖို့ ဆိုတာကတော့ လွယ်ကူလှတဲ့ ကိစ္စတစ်ရပ် မဟုတ်ပါဘူး။ အလုပ်အကိုင် နည်းနည်းလေး များမယ့်ငြီး တိမ်းစောင်းသွားရင် ဦးဆောင်လုပ်တဲ့သူရော ရွာသားတွေကိုပါ သေကျေ ညပ်ထိခိုက် ဖြစ်ပွားနိုင်ပါတယ်။ ဒီတော့ နားလည်တတ်



ကျွမ်းတဲ့ ရပ်မိရပ်ဖများ ရွာလူကြီးသူမများက လမ်းညွှန်တင်ပြ ဆွေးနွေးပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်'

ဦးကွန်ုသာအောင်၏ တင်ပြချက်ကို ရွာသားများအားလုံး နားလည်သဘော ပေါက်သွားကြသည်။ ရွာသားများ စိတ်သောက ပင်လယ်ဝေနေကြသည်ကိုလည်း မျက်မြင်ဒိဋ္ဌ တွေ့နေကြသည်။

ထိုလမ်းကြောင်းမှတစ်ပါး အခြားရွေးစရာ ဖြေရှင်းရန် နည်းလမ်းမရှိ ဆိုသည်ကိုလည်း တစ်စတစ်စနှင့် သဘောပေါက်လာကြပါသည်။ ထိုအခါ ရွာတွင် ရှေးယခင်က ရွာသူကြီး လုပ်ခဲ့ဖူးသူလည်းဖြစ်ပြီး လက်ရှိ ရွာတွင်လည်း ဩဇာတိက္ကမရှိသည့် ဦးဖြူသာထွန်းမှ စကား ဆိုလာပြန်သည်။

'ကျွန်တော်တို့ ပြင်မရွာဟာ ဘယ်အချိန်ကစပြီး တည်ထောင်ခဲ့တယ်ဆိုတာကို အတိအကျ မပြောနိုင်ပါဘူး။ အခု ကျွန်တော့် အသက်(၇၅)နှစ်ရှိပါပြီ။ ဒီရွာမှာပဲ မွေးဖွားကြီး ပြင်းခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဖခင်က ဒီရွာဇာတိပါ။ အမေကတော့ ဟိုဘက် ကျောက်တန်းရွာကပါ။ ကျွန်တော်တို့ ဘိုးဘွားဘီဘင်တွေလဲ ဒီရွာမှာပဲ နေထိုင်လုပ်ကိုင် စားသောက်အခြေချ နေထိုင်ခဲ့ဖူးကြပါတယ်။

ဒီရွာ တည်ထောင်ကတည်းကပင် ဒီသုသာန်သင်္ချိုင်းမြေလဲ ယခု တွေ့မြင်ကြတဲ့နေရာမှာပဲ ရှိနေပါတယ်။ ရွာနဲ့အတူ ဖြစ်ပေါ်လာတဲ့ နေရာတစ်ခုပါ။ ဒါပေမယ့် အခုလို သင်္ချိုင်းမြေနေရာ အသစ်ပြောင်းရွှေ့ရမယ်ဆိုတော့ ဦးစီးလုပ်ဆောင်မယ့်သူတစ်ဦး လိုအပ်ပါတယ်။

ဦးဆောင်မယ့်သူရှိရင် လုပ်နည်းစနစ်ကိုတော့ ရှေးလူကြီးသူမ ပြောတဲ့စကား သက်ကြီးစကား သက်ငယ်ကြားကာ ကျွန်တော် သိသမျှ ပြောပြပါမယ်။ လူနေရပ်တစ်ရပ်၊ ရွာတစ်ရွာနဲ့ သုသာန်သင်္ချိုင်းမြေဟောင်းကို အခြားနေရာသစ် တစ်နေရာသို့ လွှဲပြောင်းရွှေ့ရတော့မယ်ဆိုရင် စတင်လုပ်ဆောင်ရမယ့် လုပ်ငန်း အစီအစဉ်တွေက ဒီလိုရှိပါတယ်'

ဦးဖြူသာထွန်းမှ ရှေးဆက်လုပ်ရမည့် လုပ်ငန်းစဉ်များကို တစ်ခုချင်း ရှင်းလင်းချပြ ဆွေးနွေးပြောပြသွားသည်။ ထိုဆွေးနွေးပွဲအား ကျွန်ုပ်က ''ဒီလုပ်ငန်းစဉ်အားလုံးကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်လုပ်ပါမယ်''ဟု ရွာသားများ အားလုံးရှေ့တွင် ကတိကဝတ်ပြု ပြောလိုက်သဖြင့် ပြီးဆုံးသွားခဲ့ပါသည်။

* * *

ကျွန်ုပ် လုပ်ငန်း စတင်ပြုလုပ်ရမည့်နေ့ကား စနေနေ့ဖြစ်သည်။ ထိုနေ့ မတိုင်မီတစ်နေ့(သောကြာနေ့) ညနေ (၆)နာရီခန့်အချိန်တွင် ကျွန်ုပ်သည် ရွာသူကြီး၏ အစီအမံအတိုင်း စီကုံးရေးသားထားသည့် စာရွက်တစ်ရွက်ကို ယူ၍ ထိုသုသာန်သင်္ချိုင်းမြေ အဝင်ဝလမ်းသို့ ထွက်သွားခဲ့လေ၏။

တပည့်များဖြစ်သူ စိန်ကြီးနှင့် ထွန်းဝင်းသိန်းတို့ကိုလည်း ကျွန်ုပ်၏ ကူဖော်လောင်ဖက်အဖြစ် ခေါ်သွားလေ၏။ သုသာန်သို့ အဝင်လမ်းကြားသို့ အရောက်တွင် ကျွန်ုပ်သည် ခြေစုံရပ်ပြီး လက်တွင် ကိုင်စွဲပါလာသော



www.burmeseclassic.com

www.burmeseclassic.com

စာရွက်ကိုဖြန့်ကာ ရှုံးအမိန့်ပြန့်တမ်း ရွတ်ဖတ်သည့်အတိုင်း စကားခပ်မာမာ လေသံခပ်ပြင်းပြင်းဖြင့် တစ်လုံးချင်း တစ်ပိုဒ်ချင်းစီ ဖတ်ကြားလိုက်လေသည်။

'ဒီသုသာန်သချိုင်းမြေတွင်း ရှိကြကုန်သော နာနာဘာဝ၊ ဝိနာဘာဝများ မမြင်အပ်ကုန်သော ပရလောကသားများ ဖုတ်၊ တစ္ဆေ သရဲ ပြိတ္တာများပါမကျန် အားလုံးသော တမလွန်ဘဝသို့ ရောက်ရှိကြကုန်သော ဝိညာဉ်အပေါင်းတို့အား သိစေအပ်ပါသည်။

သင်တို့သည် မနက်ဖြန် နံနက်(၉.)နာရီ အချိန်မှစတင်ပြီး ဤနေရာက အပြီးအပိုင် ပြောင်းရွှေ့ရတော့မည်။ ဤနေရာသည် ကျေးရွာအာဏာပိုင် အစိုးရ၏ အမိန့်အရ သိမ်းဆိုက်ခြင်းခံနေရသည်ဖြစ်၍ သင်တို့ နာနာဘာဝ၊ ဝိနာဘာဝတို့နှင့် မသက်ဆိုင်တော့ပါ။

သင်တို့အတွက် သီးခြားနေရာတစ်ခုသို့ ရွှေ့ပြောင်းပေးရန် စီစဉ်ထားသည်။ ယနေ့အဖို့ အပြင်ဘက်သို့ ခရီးသွားနေသူများ ခရီးလွန်နေသူများ ရှိပါကလည်း ခေါ်ယူထားပြီး စုစည်းထားကြရန် ကျေးရွာအစိုးရအာဏာပိုင်၏ အမိန့်အရ အသိပေးခြင်းဖြစ်သည်'

ကျွန်ုပ်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် သုသာန်ရှိ ချုံနွယ်ပင်ငယ်များအားလုံး လေပြင်းတိုက်ခတ် ခံရသကဲ့သို့ "ဝုန်း၊ ဝုန်း၊ ဝုန်း"ဟူသည့် အသံမြည်ကာ ဖြစ်ပေါ်သွားသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင်အား မျက်စိ ဝေ့ယမ်းလိုက်ကြည့်သည်။ လေပြင်းများ တိုက်ခတ်မှုမရှိ၊ လေပြည် လေညှင်းများတောင် တိုက်ခတ်လေမှု မရှိသည်ကို တွေ့ရသည်။

ကျွန်ုပ်သည် ကြက်သီးတဖြန်းဖြန်း ထသွားသည်။ သို့သော် မိမိက ခေါင်းဆောင်ဖြစ်နေ၍ တပည့်များရှေ့တွင် ဟန်ဆောင်လိုက်သည်။ ပြီးနောက်



ကျွန်ုပ်သည် ဣန္ဒြေရရ မိမိစခန်းသို့ ပြန်လာခဲ့ပါသည်။ ထိုနေ့ညက ကျွန်ုပ် အိပ်ရာဝင် အိပ်ပျော်သွားစဉ် အိပ်မက် ဆိုးများ မြင်မက်ခဲ့ပါသည်။

သချိုင်းမြေမှ လူစုလူဝေးများ ကျွန်ုပ် ရှိရာသို့ ရဲစခန်းနေအိမ်သို့ စုဝေး ရောက်ရှိလာကြပါသည်။ ထိုလူအုပ်ကို ဦးဆောင်သူမှာ အမျိုးသမီးကြီး တစ်ဦးဖြစ်သည်။ သူမသည် ဆံပင် ဖားလျားချထားသည်။ မျက်နှာ ပြည့်ပြည့်ဝန်းဝန်းရှိသည်။ ကိုယ်လုံး ကိုယ်ပေါက် တောင့်သည်။ ထိုမိန်းမက ကျွန်ုပ်ကို ဤသို့ ဆို၏။

'ကျွန်မတို့ကို ရှင်က ရွှေ့ပြောင်းစေချင်တယ် ဆိုရင် ကျွန်မတို့နေဖို့ နေရာကို အားလုံးသူ တွေအတွက် စီစဉ်ပေးရမယ်။ ကျွန်မတို့ နေရာမရရင် ရှင့်ကိုလဲ ဒုက္ခပေးမယ်'

ကျွန်ုပ်အား ခြိမ်းခြောက်စကား ပြောဆိုခဲ့လေသည်။ ကျွန်ုပ်လည်း ကြောက်လန့်ကြီးစွာဖြင့် အိပ်မက်မှ နိုးထခဲ့ပါသည်။ ခေါင်းအုံးအောက်မှ လက်ပတ်နာရီကို ဓာတ်မီးထိုး၍ ကြည့်လိုက်ရာ နံနက်(၄)နာရီ ကျော် နေချေပြီ။

ကြောက်၍ တုန်လှုပ်နေ၍ကား မဖြစ်၊ လုပ်သင့်သည့် အလုပ်များကို ဆက်ပြီး လုပ်ပေဦးမည်။ တပည့်များကို လိုက်လံနိုးသည်။ တာဝန်ကိုယ်စီပေး ပြီး ဖေလွှတ်သည်။ မိမိလုပ်ရမည့် တာဝန်ကိုလည်း ပြီးစီးအောင် လုပ်ခဲ့ သည်။ အရုဏ်ဦး လင်းရောင်ခြည် သည် လောကတစ်ခွင်သို့ ချင်းနင်းဝင် ရောက်ခဲ့ချေပြီ။

စနေနေ့ မိုးသောက် နံနက်ခင်း အချိန်တွင် ပြင်မရွာ သုသာန်သချိုင်း ကုန်းမြေသို့ ကြွရောက်ရန် ပင့်ဖိတ်ထား ခြင်း ခံရသည့် ရွာဦးဆရာတော်ကြီး အပါအဝင် ရဟန်းသံဃာ(၉)ပါးနှင့် ဘုရားဒကာ၊ ကျောင်းဒကာများ ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ ရွာမှ လူငယ်များနှင့် မိမိတပ်ဖွဲ့ဝင်များ လည်း စုံလင်စွာ ရောက်ရှိနေကြပါ သည်။

ရောက်ရှိလာကြသည့် တရားနာ ပရိသတ်များကို ဆရာတော်ကြီးများက သီလပေးပြီး ငါးပါးသီလ ခံယူစေပါ သည်။ ပြီးနောက် ပရိတ်ပါဠိတော် (၁၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါ သည်။ သဗ္ဗေသတ္တာ ဝေနေယျအပေါင်း တို့ကို အမျှပေးဝေကြပါသည်။ ဆရာ တော်ကြီးများ အခန်းကဏ္ဍပြီးလျှင် ရပ်ရွာလူကြီးများက **ပရိတ်ရေများကို ယူပြီး သချိုင်းမြေ ထောင့်(၄) ထောင့်သို့ အသီးသီး ထွက်သွားကြ ပါသည်။**

ထိုနေရာများတွင် ပရိတ်ရေများကို

www.burmeseclassic.com

www.burmeseclassic.com

သပြေညွန့် အခက်များဖြင့် ပက်ဖျန်းကာ...

'ဤနေရာတွင် ရှိကြကုန်သော ပရလောကသားများ၊ ဝိညာဉ်များ၊ ဖုတ်၊ တစ္ဆေ သရဲများ အားလုံးထွက်ကြ ထွက်ကြ၊ သင်တို့ကို ငါတို့က နေရာသစ်တစ်ခုသို့ ရွှေ့ပြောင်းပေးမည်၊ ကျန်ရစ်ခဲ့သူ မရှိစေရ'

ဟု စကားပြောဆိုပြီး ပရလောကသားများကို ခေါ်ယူစုစည်းပါသည်။ နံနက်(၉)နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် မြေအိုးတစ်လုံးတွင် ဓားမတစ်ချောင်းဖြင့် သင်္ချိုင်းမြေစာများကို တူးဆွယူထည့်ပြီး ဤသို့ စကားဆိုရပါသည်။

'ဤသင်္ချိုင်းမြေများဟာ ယခု ကျွန်ုပ် တူးဆွသော မြေများသာ ဖြစ်တယ်၊ ဤနေရာတွင် ကျန်ရစ်ခဲ့သော မြေနေရာများမှာ သုသာန်သင်္ချိုင်းမြေများ မဟုတ်တော့ပါ၊ သင်တို့နဲ့ မသက်ဆိုင်တော့ပါ၊ သင်တို့သည် ကျွန်ုပ်သယ်ယူလာသော မြေအိုးထဲမှ မြေသားများနဲ့အတူ လိုက်ခဲ့ကြပါလော့'

ကျွန်ုပ်သည် ထိုမြေအိုးကို ထမ်းရွက်ပြီး သင်္ချိုင်းမြေတွင်းမှ လှမ်းထွက်ခဲ့ပါသည်။ ထိုမြေအိုးသည် နို့ဆီဘူးဆန့်(၃)လုံးခန့်သာ ချက်ပြုတ်ရသည့် အိုးငယ်တစ်လုံးသာ ဖြစ်သည်။ ကျွန်ုပ်သည် သင်္ချိုင်းမြေစာများ ထည့်ထားသော မြေအိုးကို လက်နှစ်ဖက်ဖြင့် မ,ကာ ယူဆောင်သွားရပါသည်။ ကျွန်ုပ်သည် ထိုမြေစာအိုးကို ထမ်းပြီး ရွာသားများ၏ ရှေ့ဆုံးမှ သွားရပါသည်။

ကျွန်ုပ်တို့ သွားရမည့် နေရာသည် ရွာ၏ အနောက်မြောက်ဘက် တောင်ခြေရင်းတွင်ရှိသည့် သရပ်အုပ်တောဖြစ်သည်။ သရက်ပင် (၇)ပင်၊ (၈)ပင်ခန့်သာရှိပါသည်။ ပြင်မရွာမှ (၂)မိုင်ခန့် ကွာဝေးပါသည်။

ထိုနေရာတွင် ညောင်ပင်ငယ်တစ်ပင် ပေါက်ရောက်လျက်ရှိပါသည်။ ညောင်ပင်အောက်သို့ ရောက်ရှိအောင် သွားရပေမည်။ ကျွန်ုပ်တို့ လမ်းလျှောက်လာကြစဉ် လမ်းခရီး၌ ကျွန်ုပ် ထမ်းယူလာသည့် မြေစာအိုးမှာ တဖြည်းဖြည်းနှင့် လေးလံလာကြောင်း တွေ့ရပါသည်။

သွားရင်းသွားရင်းနှင့် သိသိသာသာကြီးဖြစ်ပါသည်။ ကျွန်ုပ်၏ လက်နှစ်ဖက်ဖြင့် ဆောင်ယူ၍ မရနိုင်တော့သည့်တိုင်အောင် လေးလံလာပါသည်။ တစ်စုံတစ်ယောက်သောသူက ထိုမြေစာအိုးကို ဆွဲဖိထားသလို ခံစားရပါသည်။

ကျွန်ုပ်၏ ခြေလှမ်းများသည်လည်း တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်လာသည်။ စိတ်ဆန္ဒ စွဲလမ်းမှုကြောင့် ဖြစ်နေလေသလောဟု စွဲမှတ်ကာ စိတ်ကို ဖြေလျှော့ပြီး အာရုံပြောင်းလိုက်ပါသည်။

သို့သော် စိတ်ပြောင်းလဲမှုကား ဖြစ်မလာခဲ့။ ခန္ဓာကိုယ်တွင် ကြွက်သီးမွေးညင်းများသာ ထလာပါတော့သည်။ ကျွန်ုပ်သည် အများသူငါရှေ့တွင် ကြောက်စိတ်ကို ဘေးဖယ်ထားပြီး ရဲစိတ်တင်းကာ ညောင်ပင်ခြေရင်းအောက်သို့ ခပ်သွက်သွက် လျှောက်လိုက်ပါသည်။

ထိုညောင်ပင် ခြေရင်းအောက်၌ပင် ကျွန်ုပ် ယူဆောင်လာသည့် မြေစာအိုးကို မြေကြီးပေါ်သို့ မှောက်လိုက်ပါတော့သည်။ ပြီးနောက် အစီအစဉ်အတိုင်း ပြောဆိုလိုက်၏။

'ဤမြေ ဤနေရာဟာ ပြင်မကျေးရွာရဲ့ သုသာန်သင်္ချိုင်းမြေနေရာပဲ ဖြစ်တယ်၊ ဤသင်္ချိုင်းမြေသည် ယခုနေရာမှအပ အခြားနေရာသို့ ကူးယှဉ်ပြန့်သွားမှု မရှိစေရ၊ ကျူးကျော်မှု ရှိနေစေရမယ်၊ ဤသင်္ချိုင်းမြေစာဟောင်းနဲ့အတူ လိုက်ပါကြကုန်သော နာနာဘာဝ၊ ဝိနာဘာဝ ဝိညာဉ်အပေါင်းတို့သည်လဲ ဒီနေရာ အနီးတစ်ဝိုက်၌ပင် သွားလာနေထိုင်ကြရမယ်၊ ရွာသူရွာသားများကို အနှောင့်အယှက် မပြုလုပ်ကြပါနဲ့'

ထိုနေ့ ထိုအချိန်မှ စတင်ပြီး ပြင်မကျေးရွာ၏ သုသာန်သင်္ချိုင်းမြေနေရာသစ်သည် ထိုနေရာ၌ပင် ဖြစ်ပေါ်ခဲ့လေသည်။ သင်္ချိုင်းမြေနေရာသစ် ပြောင်းရွှေ့ကြပြီးနောက် (၃)ရက်ခန့်အကြာ နေ့တစ်နေ့ နေ့လယ်အချိန်ခန့်တွင် ကျောက်တောင်ကျေးရွာ၌ မိန်းမပျိုတစ်ဦးအား တစ္ဆေ ဝင်ပူးပါတော့သည်။

သင်္ချိုင်းမြေ ပြောင်းရွှေ့စဉ်က သူ့မှာ ခရီးလွန်နေကြောင်း၊ ခရီးမှ ပြန်ရောက်လာသည့်အခါ သူ့မှာ နေစရာမရှိတော့၍ နေဖို့နေရာတစ်ခု စီစဉ်ပေးစေလိုကြောင်း ပြောသဖြင့် ဆရာဦးမောင်သန်းနှင့် ကျွန်ုပ်မှာ သူနေဖို့ သစ်ပင်တစ်ပင်မှာ စီစဉ်ပေးရပါသေးသည်။

ကျွန်ုပ်သည် ထိုနေရာဒေသမှ ပြောင်းရွှေ့လာပြီးနောက် ရပ်သူရပ်သားများအား စုံစမ်းမေးမြန်းရာ ကျွန်ုပ် ပြောင်းရွှေ့ပေးခဲ့သည့် ပြင်မရွာသင်္ချိုင်းမြေကို "**ဋ္ဌေးမြင့်သင်္ချိုင်း**" ဟု ယနေ့ထိတိုင် ခေါ်ဝေါ်နေထိုင်ကြကြောင်း၊ ရွာသားများ အနီးစွရောက်ပါက ထိုနေရာသစ် သင်္ချိုင်းမြေ၌ပင် အသုဘချ မြေမြှုပ်သင်္ဂြိုဟ်ကြကြောင်း သတင်းစကား ကြားခဲ့ရပါသည်။

**(မှတ်ချက် ။ ။ ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံဖူးခဲ့သော ဖြစ်ရပ်ကို ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။)**

**မောင်ဋ္ဌေးမြင့်**

www.burmeseclassic.com

ကြုံတွေ့ခဲ့သော

# ပရလောကမှ

ဖြစ်ရပ်ဆန်းလား

ဦးအေးရွှေ
(ကနောင်)

စာရေးသူသည် ပရလောကနှင့် ပတ်သက်၍ စာအုပ်အချို့တွင် အကြောင်းအရာ စုံလင်စွာဖြင့် ဖတ်ရှုခဲ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ပရလောကနှင့် သက်ဆိုင်သော ဖြစ်ရပ်ဆန်းတစ်ခုကို စာရေးသူတို့ အုပ်စုတွင် သတင်း ကျော်ကြား ပျံ့နှံ့ခဲ့ပါသည်။

ထိုအဖြစ်သနစ်မျိုးကို စာရေးသူ ဖတ်ဖူးခဲ့ခြင်း မရှိသကဲ့သို့ ထိုသတင်းစကားမျိုးကိုလည်း လုံးဝ မကြားဖူးခဲ့ပါ။ စာပေချစ်သူများ ဤဖြစ်ရပ်ဆန်းကို ဖတ်ရှုပြီး ထင်မြင်ချက်အမျိုးမျိုး ယူဆချက်အဖုံဖုံတို့ကို တွေးထင် ကြံဆနိုင်ကြစေရန် ရေးသား တင်ပြလိုက်ပါသည်။

ကနောင်မြို့ အိုးဘိုအုပ်စု၊ အိုးဘိုရပ်ကွက်တွင် ဦးသာဝင်း၊ ဒေါ်ကြည်တန်းတို့နှင့်အတူ ဒေါ်ကြည်သန်း၏ အစ်မကြီး ဒေါ်သောင်းကြည် (မုဆိုးမ)တို့ နေထိုင်ကြပါသည်။ သူတို့၏ အိမ်အနီးတွင် ဒေါ်သောင်းကြည်တို့၏ မောင်လေး ဦးသောင်းငွေနှင့် ဇနီး ဒေါ်ငြိမ်းရင်တို့၏ အိမ် ရှိပါသည်။

ဒေါ်သောင်းကြည်သည် ဦးသာ ၏ အိမ်အောက်ဘက်တွင် အခန်းတ ပြုလုပ်ပြီး ချက်ပြုတ် စားသော သည်။ ထိုအခန်းတွင် အိမ်အပြင်ဘက် သို့ ထွက်ပေါက်တံခါး ပြုလုပ်ထာ ထိုအခန်းထဲတွင် ဒေါ်သောင်းကြ အိပ်ပါသည်။

တစ်နေ့ နံနက်စော ဒေါ်သောင်းကြည် အိပ်ရာမှထ၍ တံ ဖွင့်ပြီး အခန်းပြင်ဘက်သို့ ထွက်ခဲ့ ထိုတံခါးပေါက်ဝအနီးတွင် မီးခြစ်တ လုံးကို တွေ့မြင်ခဲ့ပါသည်။ သူ၏မော ဦးသောင်းငွေ အိပ်ရာမှ နိုးထလာသော အခါ...

'မောင်လေးရေ ညက ငါတို့အိ ဘေးကို သူခိုးလာတယ်'

ဟု ဒေါ်သောင်းကြည်က ပြောလို





www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထိုအခါ ဦးသောင်းဌွေးက...

'မမက ဘာအထောက်အထားရှိလို့ ခုလို ပြောရတာလဲ'

'ဒီမှာ ဂက်စ်မီးခြစ်အနီရောင် အသစ်ကလေး ငါ့အိပ်ခန်း တံခါးဝအနီးမှာ ကျပြီး ကျန်ရစ်ခဲ့တယ်။ ကြည့်ပါဦး'

'ဒါဆိုရင် ညဘက် သတိနဲ့အိပ်ပေါ့။ ခွေးတွေလဲ မွေးထားတာပဲ'

ဟု ပြန်လည် ပြောကြားခဲ့ပါသည်။

ထိုမီးခြစ်ကို တွေ့ခဲ့ပြီးနောက် တစ်ရက်ခြား ကြာသောအခါ နေ့လယ် အချိန်၌ ဦးသောင်းဌွေးသည် မိမိ၏ အိမ်ဘေးတွင် ဂက်စ်မီးခြစ် (မီးခိုးရောင်) အသစ်တစ်ခုကို ထပ်မံ တွေ့ရှိခဲ့ပါသည်။

ထိုနေရာတွင် အသွားအပြန် အကြိမ်များစွာ ဦးသောင်းဌွေး သွားလာခဲ့သော်လည်း ထိုမီးခြစ်ကို လုံးဝမမြင်၊ မတွေ့ခဲ့ရပါ။ 'ယခု မည်ကဲ့သို့ ရောက်လာသည်ကို သူ အံ့သြစွာ တွေ့ခဲ့ရပါသည်။ **(အိမ်ဘေးတွင် တံမြက်စည်း လှည်းထားပါသဖြင့် အမှိုက် လုံးဝမရှိပါ။)**

နောက်ထပ် တစ်ရက်ခြား ကြာသောအခါ ယခင်အတိုင်း နေ့လယ် အချိန်တွင် ထိုနေရာ ပတ်ဝန်းကျင်၌ ဂက်စ်မီးခြစ် အသစ်တစ်ခု (အစိမ်းနုရောင်)ကို အလွန့်အလွန် အံ့အားသင့်စွာ တွေ့ခဲ့ရပြန်သည်။

ထို့နောက် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် ဒေါ်သောင်းကြည်သည် ရန်ကုန်သို့ သင်္ဘောဖြင့် ခရီးသွားရန် နံနက်စောစော အိမ်မှ ထွက်သွားခဲ့ရာ ဦးသောင်းဌွေး၏ အိမ်ဘေးရှိ ကျောက်စည်ပိုင်းတစ်ခုပေါ်တွင် သဇင်နံ့ထုပ်တစ်ထုပ်နှင့် တရုတ်ပဲ အခေါက်ခွာမုန့်တစ်ခု တင်ထားသည်ကို တွေ့ခဲ့ရာ...



'ဒါ... မောင်လေး သူ့သားစားဖို့ ဝယ်ပြီး တင်ထားတာ ဖြစ်မယ်'

ဟု သူ့စိတ်ထဲ တွေးထင်မိခဲ့ပါသည်။ မကြာမီ ဒေါ်သောင်းကြည်သည် အပြင်မှ ပြန်၍လာသည်ကို ဦးသောင်းဌွေး မြင်ခဲ့ရာ...

'ဟင်... မမ ရန်ကုန်ကို မသွားဖြစ်ဘူးလား'

'အေး... သွားတော့ သွားတာပဲ။ ခု သင်္ဘော မလာဘူးဆိုလို့ ငါပြန်လာခဲ့တာ'

'စောစောက မမ ကျောက်စည်ပိုင်းပေါ်ကို မုန့်ထုပ် တင်ထားခဲ့သေးလား'

'ဟင့်အင်း ငါ ဘာမုန့်မှ မဝယ်ဘူး။ ငါကလဲ နင့်သားစားဖို့ နင်ဝယ်ပြီး တင်ထားတာလို့ ထင်ခဲ့တာ'

ဟု မောင်နှမ(၂)ဦး ပြောဆိုနေကြစဉ် ဦးသာဝင်းသည် သူတို့အနီးသို့ ရောက်လာသောအခါ ဦးသာဝင်းအား...

'အစ်ကို ခုမနက် ဟိုကျောက်စည် ပိုင်းပေါ်ကို မုန့်တွေ တင်ထားခဲ့သလား'

ဟု မေးလိုက်ရာ...

'ဘယ်ကလာ ငါ ဘာမုန့်မှ မဝယ်ပါဘူးကွာ'

ဟု ဦးသောင်းဌွေးကို ပြန်ပြောခဲ့ပါသည်။

ထို့ကြောင့် ဦးသာဝင်းကို အကြောင်းစုံပြောပြခဲ့ပြီး...

'ကဲ... ဆိုင်ရာပိုင်ရာတွေ မုန့်ထုပ်တွေပေးရင် သောက်ဖို့အတွက် ကော်ဖီမစ်ပါထည့်ပြီး ပေးမှပေါ့'

ဟု၍ ဦးသောင်းဌွေးသည် ရယ်စရာ အသွင်ဖြင့် အော်၍ ပြောလိုက်ပါသည်။

ထို့နောက် **၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင်** ဒေါ်သောင်းကြည်သည် နံနက်စောစော အိပ်ရာမှထ၍ ထမင်းချက်ပါသည်။ ထိုနေရာ၏ နောက်ဘက်တွင် လက်ခုဝတ် (လက်နှီး၊ ပုဝါ)တင်ရန် ဝါးလုံးတန်းတစ်ခု ရှိပါသည်။

ထိုအချိန် ယင်းဝါးလုံးတန်းပေါ်တွင် မည်သည့်ပစ္စည်းမျှ မရှိပါ။ မကြာမီ ထမင်းအိုးကို အောက်သို့ချရန် လက်ခုဝတ်ကို ယူလိုက်စဉ်...

'ဟင်... ကော်ဖီမစ်ထုပ်တွေပါလား။ ဘယ်ကရောက်လာတာပါလိမ့်၊ အံ့သြစရာပဲ'

ဟု ဒေါ်သောင်းကြည် ပြောခဲ့ပါသည်။ ထိုကော်ဖီမစ်ထုပ်တွေကို ရေတွက်ကြည့်ရာ (၆) ထုပ် ဖြစ်ပါသည်။ သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဘာသာတရားကို ရှိသေလေးစားသူဖြစ်သည့်အပြင် ပရလောကတစ္ဆေ သရဲ စသည့်တို့ကို လုံးဝ မကြောက်ပါ။

ထိုနေ့နံနက် မိုးလင်းသောအခါ ဦးသောင်းဌွေး၏ အိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် ကော်ဖီမစ် (၁၀)ထုပ်ကို ဦးသောင်းဌွေးသည် ထူးဆန်းစွာ တွေ့ရှိခဲ့ပါသည်။ မမဖြစ်သူကလည်း သူ ရရှိခဲ့သည့် ပစ္စည်းအကြောင်းကို သူ့

www.burmeseclassic.com

မောင်လေးထံ လာရောက် ပြောပြပါသည်။ မောင်လေးဖြစ်သူကလည်း သူရရှိခဲ့ပုံတို့ကို ပြောပြီး အဖြေရှာသော်လည်း အဖြေမရှိသေးသော ပဟေဠိတစ်ခု ဖြစ်နေကြပါသည်။

ထိုအချိန် သူတို့အိမ်၏ မြောက်ဘက်မနီးမဝေးတွင် နေထိုင်သော ဦးပွားမောင်၊ ဒေါ်မတင်တို့၏သား လူပျိုကြီး ကိုအေးဝင်းသည် ဦးသောင်းဌွေး၏အိမ်သို့ ရောက်လာခဲ့ရာ ဦးသောင်းဌွေးက သူတို့မောင်နှမ နှစ်ဦးတို့၏ ဆန်းကြယ်ပုံ၊ ကံထူးပုံတို့ကို ပြောပြခဲ့ပါသည်။ ထို့ကြောင့် ကိုအေးဝင်းကလည်း...

'ကျွန်တော် ဒီနေ့မနက် အိပ်ရာကထပြီး တံခါးဖွင့်လိုက်တော့ တံခါးဝမှာ သင်္ဂန်းတုပ်တစ်ထုပ် တွေ့ရတယ်။ ဘယ်သူများလာပြီး ပေးပါလိမ့်လို့ တွေးနေမိတယ်။ အခုဆိုရင် အစ်ကိုတို့နဲ့ ပတ်သက်နေတယ်။ တော်တော်ဆန်းတယ်။ ဘယ်လိုတွေးရမယ် မပြောတတ်တော့ဘူး'

ဟု သူ့ထင်မြင်ချက်တို့ကို ပြောခဲ့ပါသည်။ **(ကိုအေးဝင်းသည် ဦးသောင်းဌွေးတို့ မောင်နှမနှစ်ဦးကို လာရောက် ကူညီ လုပ်အားပေးနေသူတစ်ဦး ဖြစ်ပါသည်။)**

ထို့ပြင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်၊ နံနက် (၉)နာရီခန့်အချိန်တွင် ဦးသောင်းဌွေးတို့၏သား (၆)တန်းကျောင်းသား မောင်ဇင်လင်းသန့်သည် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် တစ်ဦးတည်း စာဖတ်နေပါသည်။ အပေါ့သွားရန် အိမ်နောက်ဘက်သို့ ထွက်ခဲ့ပြီးနောက် ပြန်ရောက်လာသော်...

'ဟာ... ကော်ဖီမစ်တစ်ထုပ်ပါလား။ မေမေရေ ဒီအပေါ်မှာ ကော်ဖီမစ် တစ်ထုပ် မေမေ ထားခဲ့တာလား'

ဟု လှမ်း၍ သူ၏မိခင်အား မေးလိုက်ပါသည်။

'သားရေ အဲဒါ မေမေ မထားဘူး။ ရတော့လဲ သောက်ရတာပေါ့ကွာ'

ဟု မထူးဆန်းသကဲ့သို့ ပြန်ပြောခဲ့ပါသည်။

ဦးသောင်းဌွေးက သူ၏ အထက်ပါဖြစ်ရပ်ဆန်းတို့ကို စာရေးသူအား ပြောပြခဲ့ပြီး သူရရှိခဲ့သော ဂက်စ်မီးခြစ်အသစ် (၂)ခုနှင့် ကော်ဖီမစ်အထုပ်အချို့ကို ပြသခဲ့ပါသည်။

သင်္ဂန်းတုပ်ကို မြတ်စွာဘုရားအား လှူဒါန်းခဲ့ပြီး ကော်ဖီမစ် (၄)ထုပ်ကို အိုးဘိုကျောင်းဆရာတော်အား လှူဒါန်းခဲ့ကြောင်း၊ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအတွက် သက်ဆိုင်ရာအား အမျှပေးဝေခဲ့ကြောင်း၊ ယင်းပရလောကသား နာနာဘာဝတို့ဖြစ်ချင်သော ဆန္ဒတို့ကို အိပ်မက်ပေးရန် ပြောဆိုခဲ့ကြောင်း စသည် စုံလင်စွာ ပြောပြခဲ့ပါသည်။

နောက်နောင် ထူးခြားမှုများ တွေ့ရှိခဲ့ပါလျှင် စာရေးသူအား ထပ်မံ ပြောပြပါရန် မှာကြားခဲ့ပါသတည်း။

**စာကြွင်း**

**ဦးသောင်းဌွေးသည် ဆက်သွယ်ရေး သီးခြားဌာနတစ်ခုဖြစ်သော မီးရထားစာတိုက်တွင် ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်ပင်စင် ယူထားသူတစ်ဦးဖြစ်ပြီး၊ စာရေးသူ သိလိုသမျှ မခြွင်းမချန် ပြောပြခဲ့သောကြောင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။**

*သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ*

ဦးအေးရွှေ(ကနောင်)

စာရေးဆိုသူ ထ...

ဦးကျော်မိုးထိန်း
စုစည်းသည်
နဂါးမြွေရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးလွင်
(ဝါးခယ်မ)

# အစ်ကိုနှင့် လေချွန်နှုတ်



အမှတ်(၃၃၂)၊ မတ်လ၊ ၂၀၁၄ ခုနှစ်၊ စာမျက်နှာ(၁၉၃) နတ်ကွတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါရှိသော ဆရာမ နန်းခင်ဖြူဝင်း၏ **"တမလွန်နှင့် ဆက်သွယ်ပေးသူ"** ဝတ္ထုဖတ်လိုက်ရသော အခါ လွန်ခဲ့သော နှစ်,နှစ်ဆယ် ခန့်က အစ်ကိုဝမ်းကွဲတစ်ယောက် ဖြစ်ရပ်ကို ပြန်လည်သတိရမိခဲ့ပါတော့သည်။

အစ်ကိုမှာ ကျွန်တော့်အမေ၏ ညီမ မှမွေးသူဖြစ်ပါသည်။ မိခင်ဖြစ်သူ ကျွန်တော့်အဒေါ် ကွယ်လွန်သွားသော အခါ ဖခင်ဖြစ်သူနှင့် လိုက်နေခဲ့ပါသည်။ ဖခင်မှာ ရန်ကုန်မြို့ အလုံစူပါပင်လမ်းမှာ နေပါသည်။

အစ်ကိုသည် ရန်ကုန်မှာပင် အိမ်ထောင်ကျ၍ သားသမီးများနှင့် အလုံစူပါပင်လမ်းရှိ ယောက္ခမအိမ်တွင် လိုက်နေပါသည်။

အစ်ကို့အလုပ်က ဖခင်ပိုင် သင်္ဘောတွင် စာရေးအဖြစ် ဝင်လုပ်ခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် လော်မာသူတစ်ဦးကြောင့် တရားမဝင်ပစ္စည်းများ မိကာ ထောင်ကျသွားခဲ့ပါသည်။

အစ်ကိုကား သင်္ဘောကောင်း၍ အေးဆေးသူ ဖြစ်ပါသည်။ အစ်ကို့အိမ်တွင် ပန်းချီကျောင်းတက်ရေးကိစ္စနှင့် ကျွန်တော် နားခိုခဲ့ဖူးပါသည်။ အစ်ကိုတို့ မိသားစုက ကျွန်တော့်အပေါ် နွေးထွေးကြသည်။

ထိုစဉ်က ကျွန်တော် ပန်းချီကျောင်း မတက်ဖြစ်ခဲ့ပါ။ ဝါးခယ်မမြို့ရှိ အစ်မ ဝမ်းကွဲ၏တတ်ပုံဆိုင်မှာ အလုပ်ဝင်ခဲ့ရပါသည်။ အစ်ကို့ သတင်း ကြားတော့ ကျွန်တော်စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

အစ်ကို ကံဆိုးပါသည်။ ထောင်မှ လွတ်ရန် ရက်ပိုင်းမျှသာကျန်သော အချိန်မှ မိသားစုထံ အစ်ကိုဆုံးကြောင်း အကြောင်းကြားလာခဲ့ပါသည်။

အစ်ကို့ရုပ်အလောင်းကို ကျွန်တော်တို့ မမြင်ခဲ့ရပါ။ အစ်ကိုရက်လည်မှ ဆွမ်းသွတ်ကိုသာ ရောက်သွားခဲ့ပါသည်။

ရက်လည်ဆွမ်းမသွတ်မီ တစ်ရက်



နတ်ကွတ္တရောင်ခြည်မဂ္ဂဇင်း ၂၈၁ စာမျက်နှာ (၂၄) သို့

www.burmeseclassic.com

# ဂမ္ဘီရ အုတ်ရေကန်

ဘက်လက်ရှိ မောင်ဘောင်း
(ဟင်္သာတ)



● အာကာသမှ မြင်ရသည့် ဂမ္ဘီရ အုတ်ရေကန်

သီတင်းကျွတ်ခဲ့ပြီ ဖြစ်သဖြင့် ဘာသာရေး တရားတော်အရ ဘုရား အစရှိသော အမိအဖ၊ ဆရာသမားတို့ကို ကန်တော့၍ ဩဝါဒ ခံယူရန်နှင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဟင်္သာတမြို့ မင်းကျောင်းတော်ကြီး၏ ပရိဝုဏ်ထဲတွင် ,သီတင်းသုံးလျက်ရှိသော "**ဆွေမျိုး**"ဘုရား ကိုယ်တော်မြတ်ကြီးကို ပူဇော်ကန်တော့ရန် ရောက်ရှိခဲ့သည်။

ဆွေမျိုးဘုရားဟု ခေါ်ဆိုရခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၁၅၀)လောက် အထက်မြန်မာနိုင်ငံ မန္တလေး ကျောက်ဆစ်တန်းမှ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ဝယ်ယူကိုးကွယ်ရန် ဂမ္ဘီရဆေးရာကြီး ဘဘဆရာလူမှ ဦးဆောင်၍ ဆွေမျိုးအပေါင်းတို့က ထည့်ဝင်သော အလှူငွေဖြင့် ဝယ်ယူပူဇော်ခဲ့သဖြင့် လွယ်ကူသော အသုံးစကားလုံးနှင့် အများသဘောပေါက်အောင် ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

ထိုပူဇော်ပွဲကို ရပ်ဝေးရပ်နီးမှ ဆွေပေါင်းမျိုးပေါင်းတို့ စုံလင်စွာ မပျက်မကွက် လာရောက်ကြသည်။

ထိုအထဲတွင် စာရေးသူလည်း ပါဝင်သည်။ စာရေးသူ ရောက်ရှိနေကြောင်း သိကြသဖြင့် မိတ်ဆွေအပေါင်းအသင်းများက လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

'ဟာ ဟေ့ကောင်ကြီး နေကောင်းတယ်နော်'

အမှတ်မထင် တင်အေးကြီးက နှုတ်ဆက်လိုက်သဖြင့်...

'ဟာ အေးအေး ကောင်းပါတယ်ကွာ'

ထောင်ထောင်မောင်းမောင်း ဇလကောင်းကောင်းနှင့် တင်ဝင်းကြီးက ကြားမှဖြတ်ပြီး...

'အေး ဟုတ်ပြီ မင်း ရောက်တုန်း ထူးဆန်းတဲ့ အကြောင်းတစ်ခု ပြောရဦးမယ်'

'အလို ဘာ အထူးအဆန်းလဲကွ ပြောပါဦး'

'အေး ပြောရမှာပေါ့။ ငါကလဲ ပြောချင်နေတာ'

တင်ဝင်းကြီးမှာ လေရှည်တတ်သဖြင့်...

'အေး ဟုတ်ပါပြီ ပြောစမ်းပါ'

'အဟမ်း အဟမ်း အင်း ဒီလိုကွ၊ ထူးဆန်းတဲ့ ဖြစ်ရပ်ပေါ့ကွာ၊ သိပ်တော့ မကြာသေးပါဘူး။ ပြီးခဲ့တဲ့ နွေလောက်ကပဲ'

ခဏရပ်နေသဖြင့် တင်အေးကြီးက...

'ဟာ ဟေ့ကောင် ဆက်ပြောလေကွာ'

'ပြောမှာပါ ဒါပေမယ့် ကိုယ်တိုင်ကြုံခဲ့ရသူနဲ့ တွေ့ပေးရင် ပိုကောင်းမလား စဉ်းစားနေတာ'

'အေး အဲဒါ ပိုကောင်းတယ်ကွ'

'ကဲ ဒီလိုဆိုရင် မနက်ဖြန် မနက် (၁၀)နာရီလောက် ငါ့အိမ်လာခဲ့ကွာ၊ ငါ အဲဒီလူကို ခေါ်ထားလိုက်မယ်'

'အေး ဟုတ်ပြီ တင်အေးကြီးနဲ့ အတူလာမယ်'

'အေး ကောင်းပြီ ငါ စောင့်နေမယ်'

နောက်နေ့မနက် (၁၀)နာရီလောက်တွင် **မမွှာရုံလမ်းရှိ** တင်ဝင်းကြီးအိမ်တွင် ချိန်းထားသည့်အတိုင်း ရောက်ရှိကြသည်။

အိမ်ရှင် တင်ဝင်းကြီးက အကြမ်းရည်နှင့် လက်ဖက်သုပ်ကို စားပွဲပေါ်ကို တင်ရင်း စကားစလိုက်သည်။

'ယောဒီ ပုဂ္ဂိုလ်က ကိုမြင့်သိန်းလို့ခေါ်တယ်။ ထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခုကို သူကိုယ်တိုင် ကြုံခဲ့ရတယ်ဆိုတော့ သူ့ကိုသာ မေးကြည့်တော့ကွာ'

ထိုအခါ စာရေးသူမှ...


'ကိုမြင့်သိန်းကို .. တွေ့ရတာ ကျွန်တော့်အနေနဲ့ ဝမ်းသာတယ်ဗျာ၊ တင်ဝင်းကြီး ပြောပြလို့ တွေ့ချင်နေတာ။ ပြီးတော့ ထူးဆန်းတဲ့ ဖြစ်ရပ်





www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အမြစ်အောက်မှ မြင်ရသည့် အုတ်ရေကန်ကြီးရဲ့ မျက်နှာပြင်

တစ်ခုနဲ့လဲ ကိုမြင့်သိန်းကိုယ်တိုင် ကြုံတွေ့ခဲ့ရတယ်ဆိုတော့ အဲဒါလေး ကိုလဲ သိပါရစေ'

''အေးဗျ ဖြစ်ရပ်ကတော့ တော် တော်ဆန်းကြယ်တယ်လို့ ဆိုရမှာပဲဗျ။ ကျွန်တော်တော့ ဒီတစ်သက်မှာ ဒီလို ဖြစ်ရပ်မျိုး တစ်ခါမှ မတွေ့မိဘူး။ ကြောက်လဲ အတော်ကြောက်သွားပြီ။ ခုဆို အဲဒီ အုတ်ရေကန်ကြီးရှိတဲ့နေရာ ကို ဘယ်တော့မှ မသွားတော့ဘူးဗျ။ အင်း ဖြစ်ရပ်က ဒီလိုဗျ။

အုတ်ရေကန်ကြီး ရှိတဲ့နေရာက လယ်တီ ကွင်းရပ်ကွက်ထဲမှာ။ ရထားလမ်းနဲ့ ကားလမ်း နှစ်ခုကြားမှာရှိတာ။ ရေကန်ကြီးရဲ့ သက် တမ်းက နှစ်ပေါင်း(၁၅၀)ကျော်လောက် ရှိပြီ ဆိုပဲ။ အဲဒီရေကန်ကြီးကို အရင်တုန်းက မိဘမေတ္တာ ဆန်စက်က ပိုင်တယ်လို့ဆို တယ်။ ခုတော့ ဆန်စက်လဲ မရှိတော့ဘဲ အုတ်ရေကန်ကြီးပဲ ကျန်ခဲ့တော့တယ်။

အုတ်ရေကန်ထဲက ရေကို ဘယ်သူမှလဲ မသုံးကြတဲ့အတွက် ရေက အမြဲလိုလို အုတ် ကန်တစ်ဝက်လောက် ရှိနေတယ်။ ကန်ရဲ့ အုတ်တွေကလဲ ဆွေးနေတယ်ဆိုတော့ ဒီကန်ကြီးကို ဒီအတိုင်း မထားဘဲ ဖျက်ပြီး လမ်းခင်းလိုက်ရင် အလွန်ကောင်းမှာပဲဆို တဲ့ အကြံရတဲ့ ဘကြီး ဦးလှမောင်က ကန် ကို ဖျက်ဖို့ ကျွန်တော့်ကိုပြောတယ်။ ဒီတော့ အဖော်နှစ်ယောက်နဲ့ သုံးယောက်ပေါင်းပြီး ကန်ကိုဖျက်ဖို့ တူးရွင်းနဲ့ တူမှုးကို ယူပြီး သွားတယ်။ ဒီကြားထဲ သုံးယောက်သား ရေချိန် မကိုက်တကိုက် ထွေထွေလေးတွေ နဲ့ဆိုတော့ တက်တက်ကြွကြွ ဖြစ်နေတယ်။

ရောက်တယ်ဆိုရင်ပဲ ကိုစိုးတင့်က အုတ်ကန်ပေါင်ရိုးပေါ်ကို ကပ်နေတဲ့ သစ်ပင်ပေါ်ကနေပြီး ခုန်တက်လိုက် တာ အုတ်ကန်ပေါင်ပေါ်ကို မရောက် ဘဲ ရေထဲကို ကျော်ပြီး ကျသွားတယ်။ ကျွန်တော်တို့လဲ' ဘာလုပ်ရမှန်းမသိ ဒုက္ခပါပဲဆိုပြီး ရေထဲကနေ အပေါ်ကို ရောက်အောင် ဆွဲတင်ကြတယ်ဗျာ။ တော်သေးတာပေါ့ ရေက ခါးလောက် ပဲ ရှိနေလို့။

ဒါပေမယ့် ကျွန်တော်တို့ ထင်နေ တာက အရက်မူးနေလို့သာဖြစ်တယ် ဒီလိုပဲထင်တာ။ ဒါနဲ့ ကိုပေါက်စက (၆)ပေါင်တူကြီးနဲ့ ကန်ပေါင်ရိုးထိပ်ကို တအားထုချလိုက်တာ ကန်ပေါင်ကို မထိဘဲ တူရောလူပါ အားလွန်ပြီး ရေကန်ထဲကို ကျသွားပြန်တယ်။

ဒါနဲ့ ကျွန်တော်က...

“မင်းတို့ မူးနေရင် ခဏနေကြဦး”

လို့ ပြောပြီး ဆွေးနေတဲ့ အုတ်ကို ကျွန်တော်က သံတူရွင်းကြီးနဲ့ အားကုန် ကော်လိုက်တာ ကျွန်တော်ပါ ရေထဲကို ပြုတ်ကျသွားတော့မှ...

“အင်း ဒါ ဘယ်လို ဖြစ်တာပါလိမ့်”

လို့ ဆိုပြီး တွေးမိတယ်။ ဆွေးနေတဲ့ အုတ်ကလဲ ပဲ့ခြင်းရွဲ့ခြင်း မရှိတဲ့အပြင် ဘာမှမဖြစ်ဘူးဗျ။

ဒါနဲ့ ဘကြီး ဦးလှမောင်က

“ဟောကောင်တွေ မင်းတို့ မူးနေရင် ခဏနေကြဦး၊ အမူးပြေမှ လုပ်ကြကွာ”

လို့ပြောတဲ့အတွက် ဟုတ်မှာပဲဆိုပြီး အသာ နားနေလိုက်ကြတယ်။

နောက် တစ်နာရီလောက်ကြာမှ ဆက်လုပ်ကြပြန်တယ်။ ကိုပေါက်စက တူးရွင်းကြီးနဲ့ အပေါ်ဆုံးအုတ်ခဲကို ကော်လိုက်တာ အုတ်ခဲက ဘာမှမဖြစ် ဘဲ သံတူရွင်းကြီး ကောက်သွားတယ်။

ဒါနဲ့ ကိုပေါက်စက...

“ဟာ ဆွေးနေတဲ့အုတ်က ဘယ်လို ဖြစ်တာလဲ”

ဆိုပြီး စိတ်မရှည်တာနဲ့ တူကြီးနဲ့ ထုလိုက်တာ တူရိုးကျိုးပြီး ရေထဲကို တူကြီးကျသွားတယ်။

ကိုစိုးတင့်က...

“ကဲ ဒီလောက်တောင်ရှိတဲ့ အုတ် တွေကြတာပေါ့”

ဆိုပြီး သံပုဆိန်ကြီးကို သွားယူပြီး ကန်ရဲ့ထောင့်ကို အားကုန်ထုချလိုက် တာ ကန်ကို မထုမိဘဲ ပုဆိန်တခြား၊ လူကတခြားနဲ့ ဖင်ထိုင်လဲကျသွား တယ်။ အချိန်ကသာ တဖြည်းဖြည်း ကုန်လာပြီး ဘာအုတ်ခဲတစ်လုံးမှ မရသေးဘူး။ ဒါနဲ့ ဘကြီး ဦးလှမောင် က...

“ကဲဟေ့ မရလဲ ထားလိုက်တော့ကွာ။ နောက်နေ့မှ ဆက်လုပ်ကြတာပေါ့။ နေ တောင်ဝင်တော့မယ်”

လို့ ပြောတော့ ကျွန်တော်က ဘကြီး လှမောင်ကို...



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တော့ ဟုတ်ပါတယ် ဘကြီး ရယ်။ ဒါပေမယ့် ကျွန်တော် ထုကြည့် လိုက်ဦးမယ်"

ဆိုပြီး ကိုစိုးတင့်ဆီက ပုဆိန်ကို ယူပြီး အားကုန်ထုလိုက်တာ ဘယ်လို ဖြစ်တယ်လို့တောင် မသိတော့ဘူး။ မေ့လဲကျသွားတော့တယ်။

ဘယ်လောက် ကြာတယ်လို့တော့ ကျွန်တော် မသိဘူး။ ကျွန်တော် သတိ ရတော့ ဆရာတစ်ယောက်က ရေမန်း တိုက်တယ်။ ကျန်တဲ့ လူတွေကိုလဲ မန်းမှုတ်ပြီး ရေမန်းကို တိုက်တယ်။ ပြီးတော့ ဆရာက ဘာပြောလဲဆို တော့...

"ခင်ဗျားတို့ အဲဒီရေကန်ကို သွားမလုပ်ကြ နဲ့တော့။ အဲဒီကန်မှာ အစောင့် ရှိနေတယ်။ ကန်စောင့်က သဘောမကျဘူး။ ကြိုက်လဲ မကြိုက်ဘူး။ ဆက်လုပ်ရင် အကုန် ဒုက္ခ တွေ့လိမ့်မယ် သတိထားကြ"

စိတ်ဝင်စားဖို့ကောင်းတဲ့ စကား တစ်ခွန်းကို ဆရာက ဆက်ပြောတယ်။

"အေး တစ်ခုတော့ရှိတယ်။ ဆန္ဒရှိတယ် ဆိုရင် ညနေတိုင်း ညနေတိုင်း အမွှေးတိုင်၊ ဖယောင်းတိုင်များနဲ့ ကန်ကိုသွားပြီး ပူဇော် ပသရမယ်။ လိုချင်တဲ့ ပစ္စည်းဥစ္စာကိုလဲ တောင်းရမယ်။ အဲဒါ ကံကောင်းရင်တော့ အဆင်ပြေလောက်ပါတယ် စမ်းကြည့်ပေါ့"

ဆရာပြောတဲ့ စကားကို အိမ်နီးနား ချင်း **ဒေါ်မြင့်ရီ**ကြားတော့ တော်တော် စိတ်ဝင်စားတယ်နဲ့တူတယ်။ နောက်နေ့ ကျတော့ ဖယောင်းတိုင်၊ အမွှေးတိုင် တွေနဲ့ ညနေစောင်းလောက်မှာ တူမကို အဖော်ပြုပြီး ရေကန်ကြီးမှာ သွားတောင်း တယ်။ (၃)ရက်မြောက်တဲ့နေ့မှာ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာတယ်။

**ဘယ်လိုလဲဆိုတော့ ကြက်သီး မွေးညင်းတွေထ ကြောက်စိတ်တွေ ဖြစ် လာတယ် ဆိုပဲ။**

ဒါပေမယ့် ဆက်ပြီးပူဇော်ပသတယ်။ (၅)ရက်မြောက်နေ့ကျမှ ဘာတွေ ထူးခြားလာလဲဆိုတော့ သစ်ရွက်ခြောက် တွေကို တက်နင်းလာတဲ့ အသံလိုလို ကြားရဆိုပဲ။ ဒေါ်မြင့်ရီရဲ့ စိတ်ထဲမှာ တော့ ပေးတော့မယ်လို့ထင်ပြီး ပျော်နေ တယ်။ (၇)ရက်မြောက်တဲ့နေ့မှာ နေက လဲဝင်အပြီး မှောင်စစ ဖြစ်ခါစမှာ အုတ်ရေကန်ကြီးရဲ့ ဝန်းကျင်အနီး တစ်ဝိုက်က ဘယ်လို ဖြစ်လာသလဲဆို တော့ ဟိုနေရာကလိုလို၊ ဒီနေရာက လိုလို ခြေသံတွေ၊ စကားပြောသံတွေ က ကြောက်စရာကောင်းလောက် အောင် နီးကပ်လာလို့ ခေါင်းနားပန်း ကြီးပြီး ထွက်ပြေးလာရဆိုပဲ။

အဲဒီနောက်ပိုင်း ကန်ကြီးနားကို ဘယ်သူမှ မသွားကြတာ ခုချိန်ထိပဲ ဆိုရမယ်။ အင်း အဲဒါ ကန်ကြီးနဲ့ ပတ်သက်ပြီး ထူးခြားစွာ ဖြစ်ခဲ့တဲ့ အကြောင်းကို ကျွန်တော် သိသလောက် ပြောရတာပါ'

ကိုမြင့်သိန်းမှာ ပြောရတာ အာ ခြောက်သွားသဖြင့် အအေးခံထား သည့် အကြမ်းရည်ကို သောက်လျက် ရှိစဉ် စာရေးသူက...

'ကဲဗျာ ကိုမြင့်သိန်း ကန်ကြီးကို သွားပြီး ဓာတ်ပုံရိုက်ရအောင်ဗျာ'

ကိုမြင့်သိန်းမှ ကြောက်လန့်စွာ ဖြင့်...

'ဟာ ဟာ ဒီတော့ သည်းခံပါဗျာ။ ကျွန်တော် မလိုက်ရဲဘူး'

ထိုအခါ စာရေးသူက အုတ်ကန်ကြီး ရှိသည့်နေရာကိုမေးပြီး မှတ်တမ်း ဓာတ်ပုံကို ရိုက်ယူခဲ့ရင်း မမြင်ရသော အုတ်ရေကန်မှ အစောင့်ကို မေတ္တာပို့ အမျှဝေပြီး ဆန်းကြယ်သော ဖြစ်ရပ်တို့ မှာ အမှန်ပင် အံ့သြစရာကောင်းပါလား ဟူသော အတွေးတို့ဖြင့်...

**ဘက်ထရီ မောင်သောင်း**
*(ဟသ်ာတ)*

စာမျက်နှာ (၂၈၁)မှ အဆက်

အလို့ှ အစ်ကို့ဇနီးနှင့် မိသားစု ထို...
...
မြန်ရောက်လာတော့ အစ်ကို...
ကျွန်တော့်မရီးက အဖိုးစိုင်းနှင့် ခွေး...
တွေရှေ့မှာ ပြောလာခဲ့သည်။

'လေးနှင်းတို့က ပြောတာ အခုန်းမှာ...
အစ်ကို အိမ်ရှေ့က တံခါးကြီးမှာ ရှိနေ...
တုံး သပိတ်သွတ်ရင် သူ့အတွက် ရေစက်...
တစ်ခွက် ထားပေးပါတဲ့'

ထိုနေ့သည် အိမ်ပတ်လည်လူတစ်ယော...
လမ်းလျှောက်နေသံ လှတိုင်း ကြားလိုက်...
သည်။ ခွေးများ ထိုးဟောင်သံကိုလည်း... ကြားကြရသည်။

ကျွန်တော် ထိုစဉ်က ဂုဏ်တော်ကို... ပုတီးစိပ် (၂၂၅)ရက် အဓိဋ္ဌာန်ဝင်နေ... ဖြစ်သောကြောင့် မကြောက်ပါ။ အစ်ကို... သာ အမျှအတန်း ပေးဝေနေမိပါသည်။

သပိတ်သွတ်သည့်နေ့တွင် အစ်ကိုပြော... သကဲ့သို့ အစ်ကို့ဇနီးက ရေစက်ခွက်... တစ်ခွက် ချထားပေးပါသည်။

ကျွန်တော့်စိတ်ကပင် ထင်နေသည်... လား မသိပါ။ အစ်ကို့အတွက် ထားပေး... သော ရေစက်ခွက်ထံမှ ရေစက်သံများ... ကြားရသည်သို့ ဖြစ်နေခဲ့သည်။

ထူးခြားသည်ကား ထိုည ကျွန်တော်... တို့ အိပ်စက်ကြရာတွင် အိမ်သော... ပတ်လည် လမ်းလျှောက်သံ မကြား... တော့ပါ။ ခွေးတွေလဲ ဘယ်မှာ သွားအိပ်... နေကြသည် မသိတော့။

ဟောင်သံ၊ အူသံ လုံးဝ မကြားရတော့... ပါ။ အစ်ကို မွန်မြတ်သောဘုံကို ရော... သွားပြီ ထင်ပါသည်။

ယခုအခါ အစ်ကို ရှိပါသေးလျှင်... အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်... နီးပါး ရှိနိုင်လောက်ပါသည်။ အစ်ကို့ဇနီး... ကျွန်တော့်မရီးကား အစ်ကို သားသမီး... များနှင့် တစ်လှည့်စီနေကာ အစ်ကို့... ဖြစ်သူ လူကြီးရှစ်ဆယ်ကျော်ကို ပြု... လျက် ယနေ့တိုင် ရှိနေပါတော့သည်။

[ကွယ်လွန်သူ အစ်ကို ဦး... သို့ အမှတ်တရ...]

...

(...)

www.burmeseclassic.com

www.burmeseclassic.com

လစဉ်ထုတ် ဘာသာရေးမဂ္ဂဇင်းများနှင့် မပျက်မကွက် ဖတ်နေကျ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့မှ သိမှတ်စရာ အဖုံဖုံကို ဖတ်ရှုရပါများတော့ တစ်ချိန်တစ်ခါက ဝေဝေဝါးဝါးနှင့် မခွဲခြားတတ်ခဲ့သော ဘဝတစ်သက်တာ ကြုံဆုံခဲ့ရသည်များကို ၎င်းမဂ္ဂဇင်းမှ ခွဲခြားနားလည်တတ်အောင် သင်ကြားပြသလာသကဲ့သို့ ဗဟုသုတများစွာရပြီး တွေးခေါ်စဉ်းစားတတ်လာခဲ့ရပါသည်။

ထို့ကြောင့်လည်း ဖြတ်သန်းကျင်လည်ခဲ့ရသည့် ဘဝတစ်လျှောက်လုံးတွင် ကြုံဆုံခဲ့ရသမျှတို့ကို ရင်ဖွင့် ရေးသားလိုသည့် ဆန္ဒများက ရင်မှာ ပြင်းပြစွာ ခံစားလာခဲ့ရသဖြင့် ဤစာစု စာစဉ်လေးများ ဖြစ်လာစေရန် လှုံ့ဆော် ပေးမှုကြောင့် တစ်ချိန်တစ်ခါက ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်လေးတစ်ခုသည် ရှန်းထွက်၍ လာခဲ့ရလေတော့သည်။

* * *

ကြာတော့ကြာခဲ့ပါပြီ။ လွန်ခဲ့သော နှစ်ပေါင်းများစွာဆီက ဖြစ်ပါသည်။ **မိမိသည်ပင် ယခုအသက် (၅၀)နှစ် ကျော်လွန်ပြီးခဲ့ပါပြီ။** ဟိုးတစ်ချိန်တစ်ခါဆီက စာရေးသူမှာ ဌာနဆိုင်ရာ တစ်ခုမှ အရာရှိငယ်တစ်ဦးဖြစ်ပြီး ဌာန၏ လုပ်ငန်းတာဝန်ကို မှားယွင်းစွာ ဆောင်ရွက်သည်ဟု အထက်မှ သုံးသပ်ပြီး မိမိဌာနမှ အရာရှိနှစ်ဦးနှင့်အတူ စစ်ဆေး မေးမြန်းခံရပြီး အချုပ်နှင့် ရင်ဆိုင်ဖြေရှင်းခဲ့ရပါသည်။ ဤသို့ဖြင့် အကျဉ်းဦးစီးဌာနတစ်ခု၏ အချုပ်ဆောင်သို့ ခေတ္တရောက်ရှိခဲ့သည်။

အချုပ်ထောင်နေစဉ် ကာလများ၌ စာရေးသူမှာ မိတ်ဆွေပေါ်များခြင်း၊ လူချစ်လူခင်များခြင်းနှင့် စိတ်နှလုံးမှာလည်း နောက်ကျိ ဆင်းရဲခြင်းမျိုးမရှိဘဲ ပေါ့ပါး လန်းဆန်းခဲ့၏။ ဤသည်မှာလည်း မိမိကျင့်ကြံပွားများ အားထုတ်ခဲ့ရသော ဘာသာတရား၏ စောင့်ရှောက်မှုကြောင့်ဟု ခံယူမိပါသည်။

ထို့ကြောင့် အချိန်ရရင် ရသလို ဘုရားဂုဏ်တော်များကို အမြဲတမ်း စိတ်ဝယ် ရွတ်ပွားနေတတ်ပါသည်။ အချုပ်ကျဖော်ကျဖက်များ၏ ယုံကြည်



www.burmeseclassic.com

လေးစားမှုကိုလည်း ရရှိခံစားခဲ့ရလေသည်။

တစ်နေ့သောအချိန်၊ အချုပ်ဆောင်တန်းပိတ်ပြီး နေ့ဝင်ခါစ မှောင်ရီပျိုးအချိန်တွင် အချုပ်သူများသည် အဆောင်တွင် သတ်မှတ်ပေးထားသော မိမိနေရာများ၌ ထောင်တွင်းစည်းကမ်းအတိုင်း စနစ်တကျ ညီညာစွာဖြင့် တိတ်ဆိတ်စွာ ထိုင်ရချိန်၊ အကျဉ်းဝန်ထမ်းများမှလည်း တစ်နေ့တာ ဂျူတီအပြောင်းအလဲလုပ်ရန် လူစုချိန်နှင့် သက်ဆိုင်ရာတာဝန်ကျဝန်ထမ်းများမှ အချုပ်သားစစ်ဆေးရန် လာရောက်မည့်အချိန်ကို စောင့်စားနေကြသည်။ ထိုစဉ် စာရေးသူ နေထိုင်ရာ နောက်ဘက်ဆီမှ တိတ်ဆိတ်မှုကို ထိုးဖောက်၍ မတိုးမကျယ် ခပ်သဲ့သဲ့အသံများ မသဲမကွဲ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည့်အတွက် "ဘာဖြစ်နေကြတာလဲ" ဟူသော အတွေးဖြင့် နောက်ဘက်သို့ လှည့်၍ လှမ်းကြည့်မိပါသည်။

မိမိနေရသော အချုပ်ဆောင်သည် အချုပ်သူများသော အဆောင်ရှည်တစ်ခုဖြစ်၍ စာရေးသူမှာ အဆောင်၏ ရှေ့ဘက်ကျကျတွင် နေရာရပြီး နောက်ဘက်ကျကျဆီမှ အသံလာရာသို့ လှမ်းမျှော်ကြည့်ရခြင်း ဖြစ်သည်။

ထိုနေရာ၌ စနစ်တကျ ထိုင်နေသော လူကြားထဲတွင် မညီမညာဝိုင်းဖွဲ့နေသော အချုပ်သူ လေး၊ ငါးဦးကို တွေ့လိုက်ရ၍ မိမိနည်းတူ ထိပ်ဆုံးမှ ထိုင်နေသည့် တန်းစီးမှ အသံကြားရာဆီသို့ လှည့်၍ ကြည့်ရင်း ၎င်း၏လက်ထောက်အုပ်ချုပ်သူ ဗာရာလေးဦးဖြင့် ထိုင်ရာမှ ထပြီး သွားရောက်စစ်ဆေးကြပါသည်။

မကြာပါ။ ဗာရာတစ်ယောက်



စာရေးသူထံ လာပြီး...

'ရှူဆေးဘူး ရှိလား'

ဟု မေးပါသည်။

စာရေးသူမှ ရှူဆေးဘူး လှမ်းပေးရင်း...

'ဘာဖြစ်တာလဲ ဗာရာ၊ လိုက်ကြည့်လို့ ရမလား'

မေးရင်း ခွင့်တောင်းလိုက်ပါသည်။ ဗာရာမှ ခေါင်းညိတ်ပြ၍ သူနှင့်အတူ နောက်ဘက်သို့ လိုက်သွားခဲ့၏။

နောက်ဘက် တန်းစီထိုင်နေသူများကြား၌ ပက်လက် အနေအထားဖြင့် သတိလစ်နေဟန်ရှိသည့် အချုပ်သူ တင်တင်စောအား ဘေးမှတစ်ဖက်တစ်ချက် အချုပ်သူနှစ်ဦးမှ ပွေ့ထားသည်ကို တွေ့လိုက်ရသည်။

'ဘာဖြစ်တာလဲ တန်းစီး'

ဟု စာရေးသူမှ တိုးတိတ်စွာ မေးရင်း ငုံ့ကြည့်လိုက်၏။

'ကြည့်ရတာ မရိုးသားဘူးထင်တယ်၊ သူ့ဘေးက အဖော်က ပြောတော့ တန်းပိတ်ခါနီး အဆောင်ထဲဝင်တော့ အိပ်ချင်တယ် ပြောလို့ သူတို့အချင်းချင်း နေမကောင်းဘူးလား မေးတယ် ပြောတယ်'

'ဒါဆို ဘာဖြစ်တာလဲ တန်းစီး။ သူ ကြည့်ရတာ မျက်စိမှိတ်ထားပေမယ့် အိပ်ရတဲ့ပုံစံလဲ မဟုတ်ဘူး။ မှိန်းပြီး

၊တစ်ချက်တစ်ချက် အံကြိတ်နေတယ်

ဘေးမှ အချုပ်သူတစ်ဦးက...

'လူစစ်ဖို့ ထိုင်နေရင်း အိပ်ချင်တယ်

ပြောပြီး ဖွတ်လှဲချလို့ ဝန်ထမ်းတွေ

ဝင်လာရင် အိပ်ချိန်မဟုတ်သ

လူစစ်ချိန်မှာ စည်းကမ်း

အိပ်နေသလား ဆိုပြီး ဆူခံရမှာ

ကျွန်မတို့ ဝိုင်းဆွဲထူပြီး လှုပ်

နေကြတာ'

သူတို့စကားတွေကို နားထောင်ရင်း

စာရေးသူ မစဉ်းစားတတ်အောင်ဖ

လဲနေသူကို အကဲခတ်ကြည့်နေ

တွင်...

'ဗိုက်ဆာတယ်'

ဟု တိုးညင်းစွာ စကားသံ ထွက်လာ

သဖြင့် ထမင်း မစားရသေးသော

ကြောင့် အဆာလွန်ပြီး မူးလဲသွား

သည် ထင်မိ၏။

ဘာဖြစ်လို့ ထမင်းစားချိန်

ထမင်းမစားတာလဲ'

ဟု စာရေးသူ မေးလိုက်၏။ ဘေး

သူ့အဖော်ဖြစ်သူက...

'သူ ထမင်းစားပြီးပြီ။ ကျွန်မတို့နဲ့အတူ

စားတာ။ ညဘက် ထမင်းစားချင်တယ်ဆို

လဲ မရှိပါဘူး'

ဟု ဝင်ဖြေပါသည်။

အချုပ်ဆောင်ရှိ တန်းစီး၊ ဗာရာ

မှာ ပုဒ်မအလိုက် ပြစ်ဒဏ် အသီး

ကျခံနေရသူများဖြစ်၍ မိမိတို့ထ

စောစွာ ထောင်သို့ ရောက်နေကြ

များဖြစ်ပြီး ထောင်တွင်း အတွေ့အကြ

လည်း ရှိပြီးသူများ ဖြစ်ကြပါသည်

'ဒီကောင်မ သရဲဝင်စီးနေပြီ'

ဟု တန်းစီးမှ ပြောလိုက်ရာ...

စာရေးသူမှာ မထင်မှတ်သော

စကားကြောင့် ခန္ဓာကိုယ် အသ

မတ်သွားပြီး နောက်သို့ ယိမ်းသ

ပြီး ဖြစ်သွား၏။ ညအချိန် ရောက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး တိတ်ဆိတ်စွာ ရှိနေသည့် ဒီနေရာ ပတ်ဝန်းကျင်မျိုးတွင် မထင်မှတ်သည့်ကို မြင်ရ၊ ကြားရပြန်တော့ ရင်ထဲ လှုပ်ရှား၍ အနည်းငယ် ကြောက်စိတ်ဝင်သွားမိသည်မှာလည်း အမှန်ပင်။

ဆောင်းရာသီ၏ ညအမှောင်အိုအို တွင် မီးရောင် လင်းနေသော်လည်း နှစ်ပေါင်းများစွာကတည်းက တည်ရှိနေကြသည့် ဒီလို အဆောက်အအုံ ပဟောင်းထဲတွင် နေရသည်မှာ စိတ်ငယ်စရာဖြစ်၏။ ပတ်ဝန်းကျင်၌လည်း တိတ်ဆိတ်၍ ရေညှိများ ဝ,နေသည့် အိုမင်းနေသော ထောင်နံရံ မည်းမည်းကြီးများ ထီးထီးမားမားကြီးဖြင့် ကာဆီးထားသည်မှာလည်း စိတ်အားငယ်စရာ၊ စိတ်ချောက်ချားစရာပင်။

ထို့ကြောင့်လည်းဘဝတစ်သက်တာ တွင် တစ်ခါဖူးမျှ ကြုံဆုံမြင်တွေ့ဖူးခြင်း မရှိခဲ့သည့် ဒီလိုကိစ္စမျိုးသည် စာရေးသူအနေဖြင့် အသစ်အဆန်း တစ်ခုအဖြစ် အံ့သြကာ စိတ်လှုပ်ရှားပြီး ကျောထဲ စိမ့်ဝင်သွားခဲ့၏။ ကြောက်စိတ်ဖြစ်ခဲ့ရသည်ကိုလည်း ရိုးသားစွာ ဝန်ခံမိပါသည်။

တစ်ခဏချင်းမှာပင် စာရေးသူသည် မိမိ၏စိတ်ကို တည်ငြိမ်မှုဖြစ်ရန် အတတ်နိုင်ဆုံး ကြိုးစား၍ စိတ်ကိုစုစည်းပြီး ထိုသရဲစီးခြင်းအား မည်ကဲ့သို့ ဖြေရှင်းကြမည်နည်းဟု တွေးလျက်ကြည့်နေမိ၏။

'ဟေ့ ဒီနေရာမှာ ရှုပ်ရှုပ်ယှက်ယှက် လာမလုပ်နဲ့ အခုထွက်သွား'

တန်းစီးမှ အသံခပ်အုပ်အုပ်ဖြင့် မာန်ပါပါ မောင်းထုတ်နေပါသည်။

'ထမင်းစားချင်တယ်၊ ကျွေးပါ'

ဟု သရဲဝင်နေသည့် တင်တင်စောမှ မျက်နှာအနည်းငယ် တင်းလျက် ပြန်ပြောလေ၏။ ထိုအခါ ဘေးမှ ဆိုး



ဆိုးဆတ်ဆတ်ရှိသော အချုပ်သူ တစ်ဦးက သရဲစီးနေသူအား...

'ဒါ အိမ်မဟုတ်ဘူး၊ ထောင်ဟဲ့'

ဟု ပြောပြီး သရဲဝင်နေသူ၏ ခေါင်းကို "ဒေါက်" ခနဲနေအောင် ခေါက်လျက် ပေါင်ရင်းကြောကို ဆွဲလိမ်နေပါသည်။

ဗာရာတစ်ယောက်ကလည်း ၎င်း ကိုင်ထားသောကြိမ်လုံးဖြင့် ခပ်ဆတ်ဆတ် တစ်ချက် ရိုက်လိုက်ပြီး...

'အခုချက်ချင်း ထွက်သွားစမ်း၊ တော်ကြာ အဆောင်တာဝန်ကျဝန်ထမ်းတွေ ရောက်လာရင် နင့်ကြောင့် တို့တစ်ဆောင်လုံး အဆောင်မငြိမ်ဘူးဆိုပြီး အပြစ်ပေးခံရလိမ့်မယ် ထွက်တော့'

ဟု ပြောပြန်ရာ...

'ထမင်းဆာတယ်၊ ကျွေးပါ'

ဟုသာ သရဲက ထပ်တောင်းဆိုနေပြန်၏။ အနီးရှိ အချုပ်သူများမှ တစ်ယောက်တစ်လက်ဆွဲလား၊ ဆိတ်လား၊ ရိုက်လား လုပ်နေတာတောင် မလှုပ်မယှက် တောင်းဆိုနေသည်ကို ကြည့်ပြီး စာရေးသူ အံ့သြလျက် ကရုဏာသက်မိပြန်သည်။

သို့သော် သရဲမက မဖြုပေ၊ ခေါင်းမာနေဆဲ၊ ထိုအခါ အချုပ်သူတစ်ဦးမှ သရဲဝင်နေသူ၏ ပေါင်ပေါ်သို့ တက်နင်းပြီး ဆံပင်ဆွဲကာ 'သရဲ နင်မထွက်ရင် နင့်လည်ပင်းကို လိမ်ချိုးမယ်'

ဟု ပြောဆို ခြိမ်းခြောက်ပြန်သည်။ သို့သော် သရဲက လှုပ်ပင်မလှုပ်။

'ကဲ ဒီလောက် ခေါင်းမာတာ သူ့ မျက်လုံးထဲငရုတ်သီးမှုန့်ဖြူးထည့်လိုက်ရင် သရဲ ပြေးတယ် တန်းစီး။ ကျွန်မတို့ ရွာမှာ ဒီလိုပဲ လုပ်တယ်၊ သရဲပြေးရော'

ဘေးမှ တစ်ဦးက ဝင်ပြော၏။

'ထမင်းဆာတယ်'

ဟုပြောပြန်လေရာ စာရေးသူ စိတ်မကောင်းဖြစ်ပြီး သနားစိတ်ဝင်သွားမိသည်။ မိမိတို့မှာ ဤနေရာ ဤဌာန၌ အချိန်နှင့် စည်းကမ်းတကျ စားသောက်ရ၏။ ထမင်းအား အချိန်လွန်လျှင် ရှာဖွေ၍ မရနိုင်တော့ပါ။ အလွယ်တကူ ရှာ၍ မရနိုင်သောကြောင့်လည်း စိတ်မကောင်းဖြစ်ကာ ကြောက်စိတ်ပျောက်၍ သနားကြင်နာစိတ်များ ရင်မှာ တဖွားဖွား ဖြစ်ပေါ်လာရသဖြင့်...

'ခဏနေကြဦး၊ တို့မေးကြည့်ဦးမယ်၊ သရဲက အထီးလား အမလား မသိဘူး။

မင်း ဘယ်သူလဲ၊ စန်ထမ်းတွေ ရောက်လာရင် မင်း ဒီထက်ပိုဆိုးလိမ့်မယ်။ အဆောင်သူကို နှိပ်စက်လို့ အရိုက်ခံရလိမ့်မယ်၊ တို့တွေလဲ မင်းကြောင့် အပြစ်ပေးခံရလိမ့်မယ်။ ဒီလိုနေရာမျိုးမှာ မင်းလိုချင်တာကို တို့တွေ မလုပ်ပေးနိုင်ကြဘူးဆိုတာ မင်းလဲ နားလည်ပါတယ်။ ကဲ မင်းဘယ်သူလဲ၊ ဘယ်ကလာတာလဲ ပြောပါ'

ဟု စာရေးသူမှ အေးဆေးစွာ သနားစိတ်နှင့် မေးပါသည်။ ထိုအခါ ၎င်းမှ မမျှော်လင့်သော စကားကိုတုံ့ပြန်လိုက်သဖြင့် ဘေးမှအားလုံး အံ့သြသွားရသည်။

www.burmeseclassic.com

'ကျွန်မ စန်းစန်းပါ၊ အနောက်တက် ညောင်ပင်မှာ နေပါတယ်။ ဗိုက်ဆာလွန်းလို့ လိုက်လာတာပါ'

ဟု သနားစဖွယ် ပြန်ဖြေသောအခါ မေးမိသူ စာရေးသူအနေဖြင့် ပို၍စိတ်ထိခိုက်သွားပြီး ထပ်ပြောလိုက်ပါသည်။

'စိတ်မကောင်းပါဘူး။ မင်းကို ကျွေးစရာဘာမှ မရှိဘူး။ တို့တွေဟာ အချုပ်ကျနေတဲ့ အကျဉ်းသည်တွေပါ။ တို့အချုပ်ဆောင်မှာ လာမနှောင့်ယှက်ပါနဲ့ စန်းစန်းရယ်။ ဒီဘဝမှာ ထောင် အကျဆင်းရဲကြီးပြီး ဆာလောင်နေရင် အကျဉ်းသည်အချင်းချင်း ထောင်ထဲနေရသူ အချင်းချင်း အကျယ်ပေးရင် မင်းဘဝ ပိုဆိုးလိမ့်မယ်။

ဒါကြောင့် မင်း တို့တွေအပေါ် နားလည်ပြီး မင်းနေရာမင်း ပြန်ပါတော့။ တို့တွေ ညတက်ဘုရားရှိခိုးပြီးချိန်ရောက်တိုင်း အားလုံးကို မေတ္တာပို့ အမျှဝေတာ မင်းသိတယ်၊ ကြားနိုင်တယ် မဟုတ်လား။ အဲဒီအချိန် ရောက်တိုင်း သာဓုခေါ်နိုင်ဖို့ ကြိုးစားပါ'

ဟု စာရေးသူ ပြောရင်း ဝမ်းနည်းလာမိသည်။ သနားစိတ်တွေမှာလည်း ယှိဖိတ်လျက် စကားကို ခေတ္တရပ်ပြီးမှ...

'ကဲ စန်းစန်းရေ တို့ဒီအထဲကလူတွေ ဒီညဘုရားရှိခိုးချိန်ကို မင်း နားစွင့်နေနော်။ ဘုရားရှိခိုးပြီးရင်လေ တို့ မင်းနာမည်ကို ခေါ်ပြီး အထူး မေတ္တာပို့ အမျှဝေပါ့မယ်။ ခုတော့ သွားတော့နော်'

ဟု ပြောလေရာ ၎င်းမှ မထင်မှတ်ဘဲ ခေါင်းညိတ်ပြသဖြင့် မိမိ၏ ညာလက်ဖဝါးကို လဲနေသူ တင်တင်စော၏ မျက်နှာပေါ်သို့ အသာအယာ ခပ်ဖွဖွတင်ရင်း...

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ'

ဟု ရွတ်ဆိုလိုက်ပြီးသည်နှင့် သရဲစီးခံရသည့် တင်တင်စောမှာ အနည်းငယ်



လှုပ်ရှားလာပြီး မျက်စိဖြည်းညင်းစွာ ပွင့်လာကာ အေးမှ ရှိနေသောသူများကို ခပ်ကြောင်ကြောင်ဖြစ်ပြီး ကြည့်လျက်"ကြောက်တယ်၊ကြောက်တယ်" ဟု ပြောပြီး ရုတ်တရက် ထထိုင်ကာ မိမိ၏လက်မောင်းတစ်ဖက်ကို ဖက်တွယ်ထားပါသည်။

ထိုအခါ စာရေးသူမှ...

'ဘာမှ မဖြစ်ဘူး တင်တင်စော၊ ငါ့ညီမ မူးလဲသွားတာ'

ဟု ကရုဏာသက်ကာ ပြောရင်း သူမ၏ ခေါင်းမှ ဆံပင်များကို လက်ဖြင့် သပ်တင်ပေးနေမိ၏။

'ဘာမှ မကြောက်နဲ့နော်၊ ကြောက်စိတ်ဝင်လာရင် "ဗုဒ္ဓေါ"လို့သာ အခါခါ ရွတ်နေ"

ပြောရင်း အေးမှ လူတစ်ယောက်အား ရေတစ်ခွက် အမြန်ခပ်လာပါဟု ပြောလိုက်ပြီး ဗာရာယူလာသော ရေခွက်ကို လှမ်းယူပြီး စာရေးသူမှ ပါးစပ်နားကပ်ကာ သရဏဂုံ ရွတ်ဆိုလိုက်ပြီး တင်တင်စောအား ရေတစ်ခွက် တိုက်လိုက်ပါသည်။

ဤတွင် အနီးရှိ လူများလည်း မိမိနေရာများသို့ အလျင်အမြန် လူစုခွဲပြီး နေရာယူ ပြန်ထိုင်ကြပြီး တင်တင်စောကိုလည်း ဗာရာမှ တွဲ၍ သူမ၏ နေရာသို့ ပြန်ပို့ပေးလိုက်သည်။

ဤနေရာဒေသ ကာလသည် အပြင်လောက ရပ်ကွက်ထဲမှာကဲ့သို့ လူပုံရှေ့ ဟိတ်ဟန်လုပ်၍ မာန်ဖီ မေးမြန်း စစ်ဆေး၍ မရနိုင်သော နေရာဌာနတစ်ခုဖြစ်၍လည်း တိုးတိုး တိတ်တိတ် ကျိတ်၍ ဖြေရှင်းကြရသည် အတွက် မရှေ့သရဲမ မထွက်သော် မခက်ပေလော။

ခုတော့ စာရေးသူရင်ထဲမှရှိန်းထွက် လာသည့် မေတ္တာရနံ့ အငွေ့အသက် က သူမ၏ နှလုံးအိမ်ဆီသို့ သင်းပျံ့ စိမ့်ဝင် ခံစားရရှိခြင်းဖြစ်၍ မရှေ့သရဲ ကျေနပ်စွာ ထွက်ခွာသွားသည်သာ။

'ကျေးဇူးတင်ပါတယ် စန်းစန်းရယ်'

ဟု စာရေးသူ နှုတ်မှ မြည်တမ်း ဩော်- **မေတ္တာတရားသည် အ ကောင်းအထည်တစ်ခု မဟုတ်သော် လည်း ဓာတ်သဘာဝအရ အငွေ့ အသက်နှင့်ပင် တန်ခိုးအာနိသင် ကြီးလေစွ။**

စာရေးသူ နေရာ၌ ထိုင်ရင်း မိမိ မျက်လုံးအစုံကို မှိတ်လျက် မြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးတော်များ အာရုံအထူးပြုလျက်နေမိသည်။

မကြာမီ အရှေ့ဘက်ထောင် ကင်း မျှော်စင်မှ နာရီသံချောင်းခေါက်သံနှင့် အတူ တာဝန်ကျ ဝန်ထမ်းများ၏ကင်း စစ်၊ လူစစ်ရန် လာနေသော ဖိနပ်သံ များကို ကြားနေရပါတော့သည်။

ဤမှန်ကန်သော အဖြစ်အပျက် သည် အမှတ်တရ ဆုံလာရသည့် အတွေ့အကြုံတစ်ခုပေါ်တွင် ထား မိသော မေတ္တာစေတသိက် စန်းစန်းနှင့် တကွသောမကျွတ်မလွတ် သေးသူများအားလုံး ကျွတ်လွတ်ကြ စေဟု မှတ်မှတ်ရရ မေတ္တာပို့ အခါခါ ဆုတောင်းနေမိပါတော့သည်။

// မကြီးကျော့ //

www.burmeseclassic.com

www.burmeseclassic.com



အထူးထူးခြားသော

ဘရှင်ဒြတ္တ ရသာရ
(မဟာငှက်ပစ်တောင်)

# ပရလောကသား

စာရေးသူသည် ပရလောကသား အကြောင်းကို ရေးဖွဲ့ထားကြသော စာအုပ်၊ စာစောင် အတော်များများကို လေ့လာဖတ်ရှုဖူးပါသည်။

ပရလောကသား အကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၈ ခုနှစ်၊ ဧပြီလထုတ်တွင် **'ဆွမ်းသွတ်ပြီး အမျှဝေပေးပါ'** နှင့် **'ရုက္ခစိုးနတ်ဆိုတာ တကယ်ရှိသလား'** စသည်ဖြင့် ရေးသားခဲ့ဖူးသည်။

ယင်းသို့ ပရလောကသားများ အကြောင်းကို ရေးဖွဲ့နေကြသော်လည်း ယနေ့ခေတ် လူငယ်အတော်များများသည် ယုံကြည်မှုမရှိကြသည်ကို လေ့လာသိရှိရသည်။

ပရလောကသားဆိုသည်မှာ ဒီဘဝ သေလွန်ပြီး နတ်မိစ္ဆာဘဝ၊ ရုက္ခစိုးဘဝ၊ ပြိတ္တာတို့ဘဝ စသည့် ဘဝများသို့ ကူးပြောင်းသွားကြသူများကို ဆိုလိုပါသည်။

ထို ပရလောကသားများသည် ဘုရားရှင်လက်ထက်အခါကလည်း ရှိခဲ့ကြသည်။ သို့အတွက် မြတ်ဗုဒ္ဓ၏ ဒေသနာစမ္မများတွင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သော ပေတဝတ္ထုဆိုတာ ရှိပေသည်။

ယင်းပေတဝတ္ထုတွင် ဝတ်၏

www.burmeseclassic.com



မျက်နှာနှင့် တူသော ပြိတ္တာအကြောင်း ပါရှိပေသည်။ ထိုပြိတ္တာသည် သွားလာ လှုပ်ရှားရင်း တစ်နေရာတွင် အသျှင် နာရဒ ရဟန်းနှင့် တွေ့သဖြင့် အသျှင် နာရဒ ရဟန်းက ယခုလို မေးလိုက် သည်။

'သင်၏ ခန္ဓာကိုယ်မှာ ရွှေအဆင်းရှိပြီး အရပ်မျက်နှာအားလုံး ထွန်းလင်းတောက်ပ လျက်ရှိနေသော်လည်း သင်၏မျက်နှာသည် ဝက်မျက်နှာနှင့် တူ၏။ သင်သည် ရှေးဘဝ က အဘယ်ကံကို ပြုခဲ့ဖူးပါသလဲ'

ဟု မေးသောအခါ...

'အသျှင် နာရဒ ရှေးဘဝက ကျွန်ုပ် သည် ကိုယ်ဖြင့် စောင့်စည်းသူ ဖြစ်ခဲ့ပါ ၏။ နှုတ်ဖြင့်မူကား မစောင့်စည်းခဲ့ပါ။ အဲဒါကြောင့် အကျွန်ုပ်၏ အဆင်းသည် အရှင်ဘုရား မြင်တွေ့သည့်အတိုင်း ကိုယ်မှာ ရွှေအဆင်းရှိပြီး မျက်နှာကား ဝက်မျက်နှာနှင့် တူသောအဆင်း ရှိနေ ပါ၏။

အသျှင် နာရဒ အဲဒါကြောင့် အကျွန်ုပ်သည် အရှင့်အား လျှောက် ထားပါ၏။ ဤအဖြစ်သနစ်ကို အရှင် ဘုရားကိုယ်တိုင် မြင်တွေ့ပြီးဖြစ်၍ နှုတ်ဖြင့် မကောင်းမှုကို မပြုပါလင့်။ ဝက်မျက်နှာနှင့် တူသူ မဖြစ်ပါစေ လင့်'

ဟူ၍ ပြိတ္တာက ဖြေကြားခဲ့ပါသည်။

ယင်း သာဓကသည် ဘုရားရှင် လက်ထက်အခါက ဖြစ်ပျက်ခဲ့သည့် အလွန်ထူးခြားသော ပရလောကသား ပြိတ္တာ၏ အကြောင်းပင်ဖြစ်၏။ ယခု ခေတ်အခါတွင်လည်း အလွန်ထူးခြား သော ပရလောကသားများ အထင် အရှားရှိနေသည်ကို တင်ပြလိုပါသည်။

စာရေးသူသည် ရန်ကုန်မြို့၏ အချက်အချာကျသော မြို့နယ်တစ်ခု အတွင်းရှိ ရိပ်မွန်တစ်ခုထဲသို့ ရောက်ရှိ ခဲ့ပါသည်။

ထိုရိပ်မွန်အတွင်း၌ ခမ်းနားထည်ဝါ စွာ ဆောက်လုပ်ထားကြသော လုံးချင်း တိုက်များသည် အလွန်ပင် သာယာ လှပလျက် အေးချမ်းစွာ နေလိုသူများ အတွက် အထူးသင့်တော်သော နေရာ ကောင်းတစ်ခု ဖြစ်ပေသည်။

စာရေးသူ ထိုရိပ်မွန်အတွင်းရှိ တိုက် တစ်လုံးပေါ်တွင် တစ်လခန့် သီတင်း သုံးနေထိုင်ခဲ့သည်။ ထိုတိုက်တွင် နေ ထိုင်လျက်ရှိကြသော ဒေါ်သိန်းငွေ မိသားစုနှင့် အလွန်ရင်းနှီးတာကြောင့် စကားပြောသောအခါ ပွင့်လင်းစွာ ပြောဆိုလေ့ရှိသည်။

တစ်နေ့သော ညနေချမ်းအချိန်တွင် တိုက်ထဲက ပူအိုက်သောကြောင့် တိုက် ရှေ့ရှိ ခုံလေးပေါ်၌ စာရေးသူနှင့်အတူ ဒကာမကြီး ဒေါ်သိန်းငွေ၊ သမီးဖြစ်သူ လှအဥ္စလီတို့နှင့် စကားပြောဖြစ်ကြ ပါသည်။

ထိုစကားဝိုင်းတွင် ပရလောကသား ဖြစ်သည့် တစ္ဆေအကြောင်းကို ပြော ဖြစ်ကြ၏။ ထိုစဉ် ဒေါ်သိန်းငွေကိုယ် တိုင် တွေ့ကြုံခဲ့ဖူးသော ပရလောက သား တစ္ဆေအကြောင်းကို ယခုလို လျှောက်ထားပါသည်။

'တပည့်တော်မ ရွှေဘုံသာလမ်းထဲ က ဆိုင်ခန်းတစ်ခန်းကို ငှားပြီး စတိုး ဆိုင်တစ်ဆိုင် ဖွင့်ခဲ့ဖူးတယ်။ ဆိုင်ခန်း ကလဲ ကျယ်ဝန်းတော့ ညကျရင် အိမ်ကို ပြန်မအိပ်ဘဲ အဲဒီဆိုင်မှာပဲ တပည့်တော်မရယ်၊ ပေါက်ကျော်ရယ် နောက်ပြီး လှအဥ္စလီရယ် အိပ်ကြ တယ်'

ဟု ဒေါ်သိန်းငွေက လျှောက်ထား ၍ မပြီးခင်မှာပင်...

'အဲဒီအချိန်မှာပဲ ဇာတ်လမ်း စတော့တာပဲ ဘုန်းဘုန်းရေ'

ဟု လှအဥ္စလီက လျှောက်ထား လိုက်သည်။

'ဘယ်လို ဇာတ်လမ်းမျိုး စတာလဲ ပြောပါဦး'

'ညရောက်ပြီဆိုရင် ဟိုနေရာ ဂလုံဂလွမ်၊ ဒီနေရာက ဂလုံဂလွမ် မီးဖွင့်ပြီး ထကြည့်တော့လဲ ဘာမှမတွေ့ ဘူး ဘုန်းဘုန်းရဲ့'

ဟု လှအဥ္စလီက လျှောက်ထားပြ ၏။

'ဟင် ဒါဆို တစ္ဆေခြောက်တာ မှာပေါ့'

'ဟုတ်တယ် ဘုန်းဘုန်းရဲ့၊ ဒါ ပေါက်ကျော်က မယုံဘူးလေ'

ဟု ဒေါ်သိန်းငွေက လျှောက် သည်နှင့်...

'တစ္ဆေရှိတယ်ဆိုတာ ယုံကြည် မရှိတဲ့ ပေါက်ကျော်ဟာ တစ် အိမ်သာသွားတော့ အိမ်သာထဲ မည်းမည်းကြီးတွေ့ပြီး ထွက်ပြေး လေရောလား ဘုန်းဘုန်းရေ'

ဟု လှအဥ္စလီက ရယ်သွဲ့သွဲ့ လျှောက်ထားလေ၏။ ထိုကဲ့သို့ ည ညတိုင်း တစ္ဆေခြောက်ခြင်း ခံနေ သဖြင့် ညရောက်မှာကိုပင် ကြောက် လျက် ရှိနေကြ၏။

သို့အတွက် ဒေါ်သိန်းငွေက ဘု





www.burmeseclassic.com

www.burmeseclassic.com



နှင့် ရင်းနှီးသော သာကေတက ပုဂ္ဂိုလ်တစ်ဦးထံသွားပြီး အကြောင်းစုံကို ပြောကြားတိုင်ပင်သောအခါ ထိုပုဂ္ဂိုလ်က ကားငှားပြီး ယင်းပရလောကသားဖြစ်သည့် တစ္ဆေကို ကားပေါ်သို့ အမိန့်ပေးတင်ခေါ်ပြီး ဒီကို အမြန်လာခဲ့ဖို့ ပြောလိုက်ပါသည်။

ဒေါ်သိန်းမြွေးသည် ယင်းကိစ္စကို စီစဉ်ရန် အိမ်ကိုပြန်ပြီး တစ္ဆေကို အမိန့်ပေးပြီး ကားပေါ်သို့ တင်ခေါ်ရန် အမိန့်ပေးတတ်သည့် ဆရာကို ရှာရပေတော့သည်။

မကြာမီ ရပ်ကွက်အတွင်းမှာပဲ အမိန့်ပေးတတ်သော ဆရာရရှိသဖြင့် ကားငှားပြီး ရွှေဘုံသာလမ်းဆိုင်ကို ပေါက်ကျော်၊ လှအဥ္စလီ၊ ကိုကိုကြီးတို့ပါ ခေါ်ပြီး သွားကြကာ ကားကို ဆိုင်ရှေ့တွင် ရပ်ထားလိုက်သည်။

အမိန့်ပေးရန် ခေါ်ထားသော ဆရာသည် အသက် (၆၀)ခန့်ရှိပြီး နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများပါရှိလျက် ယောဂီရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ သူ့လက်ထဲတွင် ကြိမ်လုံးတစ်လုံး ကိုင်ဆောင်ထား၏။

ထိုပုဂ္ဂိုလ်သည် အမိန့်မပေးမီ ဆိုင်ထဲသို့ဝင်ပြီး ဘုရားစင်ကို ဦးတင်ဂါရဝပြုလျက် သူ့နှုတ်ဖျားကလည်း တတွတ်တွတ် ရွတ်ဆိုနေ၏။ ရွတ်ဆိုပြီးသောအခါ ကားကို ဆိုင်ပေါက်ဝတွင် ဖင်ထိုးအရပ်ခိုင်းလိုက်သည်။

ထိုစဉ် ယင်းဆရာသည် ဆိုင်ပေါက်ဝတွင် ရပ်လျက် ကြိမ်လုံးကို မာန်ပါပါကိုင်ကာ...

'ဟိတ် ငါ့ဆရာအမိန့် ဤဆိုင်တွင်းမှာ ရှိသော တစ္ဆေ၊ သရဲ ဘီလူး စသောမကောင်းတဲ့ မိစ္ဆာကောင်မှန်သရွေ့ ဤကားပေါ်ကို ယခုချက်ချင်း တက်ရမည်။ ကားပေါ်ကို မတက်တဲ့ကျွန်ရှိပါက ဤသေကြိမ်လုံးစာ မိမည်'

ဟူ၍ ဆရာက ကြိမ်လုံးကို မြှောက်ကာမြှောက်ကာနှင့် သုံးကြိမ်သုံးခါ ထိုစကားကို ပြောပြီး အမိန့်ပေးလေသည်။

အမိန့်ပေးပြီးသည်နှင့် ကားဆရာကို ကားပေါ် အမြန်တက်ခိုင်းလျက် ဒေါ်သိန်းမြွေး၊ ပေါက်ကျော်၊ လှအဥ္စလီတို့ကိုလည်း ကားပေါ် အတင်းတက်ခိုင်းကာ ကားဆရာကို အမြန်အမောင်းခိုင်းလေ၏။

ကားနောက်ခန်းတွင် လိုက်ပါလာခဲ့ကြသော ဒေါ်သိန်းမြွေးတို့လည်း စကားတစ်ခွန်းမျှ မပြောရဲကြ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် လိုက်လာခဲ့ကြသည်။ ပုဂ္ဂိုလ်ကြီးအိမ်သို့ ရောက်သည်နှင့် ကားပေါ်က အသီးသီး ဆင်းပြီး အိမ်ထဲသို့ မဝံ့မရဲ အနေအထားဖြင့် ဝင်သွားကြ၏။

ထိုအချိန် ပုဂ္ဂိုလ်ကြီးက...

'ဟော ရောက်လာကြပြီပေါ့။ ဆရာကြီးလဲ ပါလာသကိုး။ ဘယ်လိုလဲ ခေါ်ခဲ့ကြတယ် မဟုတ်လား'

ဟု ပြုံးရွှင်စွာ မေးလိုက်သည်။

'ဟုတ်ကဲ့ ခေါ်လာခဲ့ပါတယ်'

ဟု ဆရာကြီးက ပြောလိုက်သည်။

ထိုစဉ် အိမ်တွင်ရှိသော အမျိုးသမီးကြီးက ဧည့်သည်များရှေ့တွင် ရေနွေးကြမ်းဝိုင်းလာချပေးသည်။

ဒေါ်သိန်းမြွေးတို့က ပုဂ္ဂိုလ်ကြီး ဘာလုပ်မှာလဲဆိုတာ သိချင်ဇောဖြင့် မျက်ခြည်မပြတ် ပုဂ္ဂိုလ်ကြီးကို အကဲခတ်ကြည့်နေကြသည်။

'ကဲ ဒါဆိုလဲ ခေါ်ကြည့်သေးတာပေါ့လေ'

ဟု ပုဂ္ဂိုလ်ကြီးက ပြောပြီး ဘုရားခန်းရှေ့တွင် ဘုရားကို အာရုံပြုပြီး ပရိသတ်ဘက်သို့ မျက်နှာမူလျက်...

'ကဲ ငါ့ဆရာရဲ့အမိန့် ရွှေဘုံသာလမ်းက လိုက်ပါလာခဲ့သော မိစ္ဆာကောင် ယခုချက်ချင်း ငါ့ရှေ့ကို အရောက်လာခဲ့စမ်း။ အရောက်လာခဲ့စမ်း'

ဟု ပုဂ္ဂိုလ်ကြီးက ထိုကဲ့သို့ အမိန့်ပေးပြီး ခေါ်လိုက်ရာ အိမ်တွင်နေသော အမျိုးသမီးကြီးအား ဝင်ပူးပြီး အမျိုးသမီးလေသံဖြင့် ယခုကဲ့သို့ ပြောပါလေတော့သည်။

'အမယ်လေးလေး ရက်စက်လိုက်ကြတာ၊ ရက်စက်လိုက်ကြတာ။ ဖို့မှာဖြင့် ကားမမီလိုက်လို့ နောက်ကလိုက်လိုက်ရတာ မောနေတာပဲ။

ဒီကြားထဲ လမ်းမှာ အနီတွေ၊ အပြာတွေ၊ အစိမ်းတွေ တွေ့နေလို့ ဒုက္ခရောက်ခဲ့ရသေး။ ဒီလိုမှ လိုက်မလာပြန်ရင်လဲ ဆရာကြီးရဲ့ ကြိမ်လုံးစာမိမှာက ကြောက်ရသေး'

ဟု ရှူးရှူးရှဲရှဲဖြင့် ပြောလေ၏။ (လမ်းမှာ အနီတွေ၊ အပြာတွေ၊ အစိမ်းတွေ တွေ့လို့ ဒုက္ခရောက်ခဲ့ရသေးဆို

www.burmeseclassic.com

တာ လမ်းဘေးမီးပွိုင့်ကို ပြောတာဖြစ်သည်။)

'အေး အဲဒီလို ဒုက္ခမရောက်ချင်ရင် ရတနာသုံးပါးကို အမြဲဆည်းကပ် ကိုးကွယ်နေကြတဲ့ ဒေါ်သိန်းငွေးတို့ မိသားစုကို ဘာပြုလို့ ညစဉ်ညတိုင်း အနှောင့်အယှက်ပေးနေရတာလဲ မှန်မှန်ပြောစမ်း'

ဟု ပုဂ္ဂိုလ်ကြီးက အသံခပ်မာမာဖြင့် မေးလိုက်သည်။ ထိုအချိန် အပူးခံနေရသော အမျိုးသမီးကို ကြည့်နေကြသော ဒေါ်သိန်းငွေ၊ ပေါက်ကျော်၊ လှအဥ္စလီတို့လည်း ကြက်သီးမွေးညင်းထပြီး ကြောက်ရွံ့လျက် ရှိနေကြသည်။

'သူတို့က ကျွန်မ အမြဲနေတဲ့ ဗိမာန်မှာ လာနေကြတာလေ။ အဲဒါကြောင့် အနှောင့်အယှက်ပေးနေရတာပါ'

'ဒါဆို အဲဒီ ဗိမာန်မှာ လုံးဝမနေရဘူး'

'ဒီလိုဆို ကျွန်မ ဘယ်ကိုသွားနေရမှာလဲ'

'အဲဒီနားက နီးစပ်ရာ သစ်ပင်မှာ သွားနေပေါ့'

ဟု ပုဂ္ဂိုလ်ကြီးက လေသံခပ်တင်းတင်းပြောလိုက်၏။

'နီးစပ်တဲ့ သစ်ပင်မှာလဲ အစောင့်အရှောက်တွေ ရှိတယ်'

ဟု ဝမ်းနည်းကြေကွဲသံဖြင့် ပြောလေသည်။

'နင့်ဘာသာနင် ဘယ်မှာပဲ သွားနေနေဟာ ဒေါ်သိန်းငွေးတို့ ဆိုင်ထဲမှာတော့ လုံးဝမနေပါနဲ့၊ နေခွင့်လဲ မပေးနိုင်ပါဘူး။ အမြန်ဆုံး အဲဒီဆိုင်ထဲက ထွက်ခွာသွားပါ ဒါပဲ'

ဟု ပုဂ္ဂိုလ်ကြီးက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဒါဆိုလဲ ကျွန်မ နေရာရှာပါ့မယ်'



ဟု တုန်ယင်မောဟိုက်စွာ ပြောပြီး ထွက်သွားလေသည်။ ထိုအချိန် ဒေါ်သိန်းငွေးက အံ့သြသည့် အနေထားဖြင့်...

'ဟယ် ညီမ ဘာမှ မဖြစ်ဘူးနော်'

ဟု မေးလိုက်၏။

'ကျွန်မ ဘာဖြစ်လို့လဲ ဒေါ်ဒေါ်'

'ညီမ ဘာမှ မသိဘူးလား'

'ဟင့်အင်း ကျွန်မ ဘာမှ မသိဘူး'

'စောစောကပဲ ညီမမှာ ပရလောကသားဝင်ပူးလို့ ဆရာကြီးနဲ့တောင် စကားတွေ ပြောနေကြသေးတယ်'

'ဒါတွေ ကျွန်မ မသိဘူး။ ကျွန်မသိတာက ကျွန်မရဲ့ ဆံပင်တွေ ဖရိုဖရဲ ဖြိုကွဲနေတာရယ်၊ ရင်ထဲမှာ ဟာတာတာကြီး ဖြစ်နေတာရယ်။ ဒါပဲ သိတယ်ရှင့်'

'သြော် ဒေါ်ဒေါ်က ညီမသိတယ်မှတ်လို့'

ဟု ဒေါ်သိန်းငွေးက ပြောပြီး ပုဂ္ဂိုလ်ကြီးထံ လှည့်၍...

'ကျွန်မ ဘာလုပ်ပေးရဦးမလဲ'

'ဘာမှ လုပ်ပေးစရာ မလိုပါဘူး။ စောစောက မိစ္ဆာမကလဲ အစ်မကြီးတို့ဆိုင်မှာ မနေတော့ပါဘူးလို့ အာမခံသွားပါတယ်။ ဒီနေ့ကစပြီး စိတ်ချလက်ချသာ ဆိုင်မှာနေပါတော့'

'ဟုတ်ကဲ့ ဒါဆို ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး'

ဟု ပုဂ္ဂိုလ်ကြီးအား ဦးတင်ဂါရဝပြုပြီး အားလုံး ကားပေါ်တက်ပြီး ပြန်လာခဲ့ကြလေတော့သည်။

ထိုနေ့ညမှာပဲ ဒေါ်သိန်းငွေးတို့မိသားစု ယင်းဆိုင်ထဲတွင် စိတ်ချလက်ချ အိပ်နေကြစဉ် ထို ပရလောကသားက တစ်ညလုံး ငိုနှိုင်းကြွေးနေသဖြင့် အိပ်မရတော့ဘဲ ညတွင်းချင်း ကားငှားပြီး အိမ်သို့ အမြန် ပြန်ခဲ့ရပေတော့သည်။

ဒေါ်သိန်းငွေးသည် ယင်းပြဿနာကို မည်သို့ဖြေရှင်းရမည်ကို အကြံအိုက်လျက် ရှိနေစဉ် မိတ်ဆွေတစ်ဦး အိမ်ရောက်လာပြီး...

'ဆိုင်ထဲတွင် သံဃာတော် ငါးပါးပင့်ပြီး ပရိတ်တရား နာကြားလျက် အမျှအတန်း ပေးဝေလိုက်ပါ'

ဟု အကြံပေးပါသည်။

ထိုသို့ အကြံပေးသည့်အတိုင်း တောင်ဥက္ကလာပမှ သံဃာတော်ငါးပါးအား ယင်းဆိုင်သို့ ပင့်ဖိတ်ကာ ပရိတ်တရားနာကြားပြီး လှူဒါန်းမှုအစုစုတို့ကို အလွန်ထူးခြားသော ပရလောကသားအား အမျှအတန်းပေးဝေလိုက်သဖြင့် ယနေ့အချိန်အထိ မည်သို့သော အသံမျိုးမှ မကြားရတော့ဘဲ စိတ်ချမ်းသာစွာ အိပ်ရပါတော့သည်။

*ဘေးဘယာ ဝေးကွာကြပါစေ*

**အရှင်ဥတ္တရသာရ**
**(မဟာငှက်ပစ်တောင်)**



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘောဇ သန်းမြင့်

# အသဲသာကြိုက်သူ

တခွေ့ သရဲ သဘက်နှင့် နာနာဘာဝ ဟူ၍ အမျိုးမျိုး ရှိကြသည်။ လူတို့အား အသံဖြင့် လည်းကောင်း၊ အနံ့ဖြင့် လည်းကောင်း၊ နဂိုပုံသဏ္ဌာန် အမျိုးမျိုးဖြင့် လည်းကောင်း ခြောက်လှန့်ခြင်း ခံကြရသည်။ သို့သော်လည်း ခြောက်လှန့်ခြင်း ခံရသူများ အနက် တခွေ့ သရဲ သဘက်နှင့် နာနာဘာဝ တို့ကို နဂိုပံသဏ္ဌာန်ဖြင့် ခြောက်လှန့်ခြင်းခံရသူမှာ အလွန်နည်းပါးပါသည်။

အကယ်၍ ခြောက်လှန့်ခြင်း ခံရသော် ကြောက်လန့်ပြီးအသက်သေဆုံးခြင်းအထိ ဖြစ်ကြရသည်။ တခွေ့ သရဲ ခြောက်လှန့်ခြင်း ခံရသူသည် ခေါင်းကြီးပြီး ကြက်သီးမွေးညင်း ထလာတတ်ကြောင်း စာရေးသူကိုယ်တိုင်ပင် ခံစားခဲ့ရဖူးပါသည်။

ယခု တင်ပြမည့် အဖြစ်အပျက်မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း တကယ့် သရဲ သဘက်တို့ကို နဂိုပုံသဏ္ဌာန်နှင့် ခြောက်လှန့်ခြင်း ခံရသော်လည်း သူငယ်ချင်းနှင့် တွေ့သကဲ့သို့ စကားပြောဆိုပြီး မကြောက်မလန့် ခဲ့သူတစ်ဦးအကြောင်း တင်ပြသွားမည် ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ် ကိုလိုနီနယ်ချဲ့များ အုပ်စိုးနေသည့် အချိန်အခါ ဖြစ်သည်။ ယခင် **မြင်းခြံခရိုင်၊ မလှိုင်မြို့နယ် အတွင်းရှိ ပန်းအိုင်ကျေးရွာတွင်** နေထိုင်သူ **ဦးအဂ်ါ**သည် (အဂ်ါနေ့ မွေးဖွား၍ နေ့သားအတိုင်း အမည်ပေးခဲ့ခြင်း ဖြစ်သည်)အမဲသားကို အလွန်ကြိုက်နှစ်သက်သူ ဖြစ်သည်။ အမဲသားကို အခြောက်လှန်း မီးကင်ပြီး အခါးရည်(လက်ဖက်ရည်ကြမ်း)ဖြင့် အမြည်းလုပ် စားသောက်ရလျှင် တစ်နေ့လုံးနီးပါး ထမင်းမစားဘဲ နေနိုင်သူ ဖြစ်သည်။

အမဲဝမ်းတွင်းသားကို ကောင်းစွာမကျက်မီ (စားသည့်အခါ ဆတ်တောက်ဆတ်တောက် ဖြစ်နေသည့် အနေအထား) ချက်ပြုတ် စားသောက်လေ့ရှိသည်။ အမဲသား စားရမှသာ လှုပ်ရှား၍ ပေါ့ပါးဖျတ်လတ်သည်ဟုပင် ပြောလေ့ ရှိသည်။

တစ်နေ့ ကိုအဂ်ါ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်နေစဉ် တစ်ရွာတည်းနေ ကိုထွန်းညို ဆိုသူ ရောက်လာပြီး...

'ကိုအဂ်ါ ဆူးပုတ်တောရွာ(ယခုရွာပျက်)မှာ နွားသေမယ်လို့ ကြားတယ်။ ခင်ဗျားက အမဲသားကြိုက်သူ ဆိုတော့ သတင်းကောင်းလာပေးတာ၊ သွားဝယ်ပါလား'

လို့ ပြောလာသည်။ ကိုအဂ်ါက...

'ဟား ကိုထွန်းညို ကျေးဇူးပဲဗျာ။ အမဲသား မစားရတာ ကြာပြီ။ အမဲပေါ်တဲ့နေရာ သွားပြီး ဝမ်းတွင်းသားတွေ ဝယ်ခဲ့မယ်။ မနက်ဖြန် ကျုပ်အိမ်မှာ ထမင်းလာစားဗျာ'

လို့ ပြောပြီး ကိုထွန်းညိုကိုပင် ထမင်းစား ဖိတ်လိုက်သည်။

ကိုထွန်းညိုနှင့် တွေ့သည့်အချိန်မှာ (၄)နာရီခန့် ရှိနေပြီဖြစ်၍ ကိုထွန်းညိုက...

'ကိုအဂ်ါ ခင်ဗျား အမဲသား သွားဝယ်တာကတော့ ဟုတ်ပါပြီ အချိန်လဲ ကြည့်ပါဦး။ အသွားအပြန် ဆိုရင် ညမှောင်မှ ပြန်ရောက်မှာ။ အသားစိမ်းတွေနဲ့ မသင့်တော်ဘူး ထင်တယ်။ မနက်မှ သွားဝယ်လဲ ရပါတယ်ဗျာ'

လို့ ပြောသည်။ ကိုအဂ်ါက...

'ကျုပ်က ဝမ်းတွင်းသား စားချင်လို့ သွားဝယ်မှာဗျ။ ဝမ်းတွင်းသားက အမဲဖျက်ပြီးတာနဲ့ ဝယ်မှရတာ။ နောက်ကျရင် သူများ ဦးသွားမှာ။ ဒီလမ်းခရီးက အမြဲသွားနေတဲ့နေရာတွေပါ။ ကြောက်စရာ မလိုပါဘူးဗျာ'

လို့ ပြန်ပြောပါသည်။ ကိုထွန်းညိုက...

'အင်း ခင်ဗျားကတော့ အမဲသားနဲ့ ပတ်သက်ရင် ငရဲပြည် သွားဝယ်ရမယ် ဆိုရင်လဲ ဆင်းဝယ်မယ့်သူပဲ'



လို့ ပြောပြီး ထပြန်သွားသည်။ ကိုအဂ်ါလည်း အိမ်ပေါ်တက် အဝတ်အစား လဲလှယ်ပြီး ငွေယူကာ အိမ်ပေါ်မှဆင်းသွားပါသည်။ အိမ်ပေါ်မှအဆင်း မီးဖိုထဲတွင် ထမင်းချက်နေသည့် ဇနီးသည် မစာဥအား...

'ဒါ ဆူးပုတ်တောရွာဘက် အမဲဝမ်းတွင်းသား သွားဝယ်ဦးမယ်။ အိမ်ရှေ့က ကလေးကိုလဲ ခဏလှမ်းကြည့်ပါဦး'

ဟု ပြောပြီး ဆင်းသွားပါသည်။ အသက်(၃)နှစ်ခန့်ရှိ သမီးက ဖခင်ဖြစ်သူအား မျက်စိသူငယ်နဲ့ လှမ်းကြည့်နေသည်။ သမီးရဲ့ပါးကလေးကို ချစ်စနိုးနဲ့ နမ်းခဲ့ပြီး ဆက်ထွက်လာပါသည်။ မစာဥကလည်း ထမင်းအိုးငှဲ့ရင်းမှ 'အမဲသားဆိုရင် သားမေ့ မယားမေ့ပဲ' ဟု ပြောပြီး မျက်စောင်းထိုး ကျန်ခဲ့ပါသည်။

ကိုအဂ်ါ ပန်းအိုင်ရွာမှ ထွက်လာပြီး ဆူးပုတ်တောရွာသို့ (၂)နာရီနီးပါး လမ်းလျှောက်လာခဲ့ရသည်။ ဆူးပုတ်တောရွာ ရောက်တော့ ပေါ်မယ့်နွားက စားကျက်မှ ပြန်မဝင်လာသဖြင့် စောင့်နေကြရသည်။ ကိုအဂ်ါကို တွေ့တော့ အသိမိတ်ဆွေတွေက...

'ကျွန်တော်တို့ ဖောက်သည် အဝယ်တော်ကြီးကတော့ နွားတောင် မပေါ်ရသေးဘူး ရောက်ပါပြီဗျာ'

လို့ တစ်ယောက်တစ်ခွန်း ပြောဆိုနှုတ်ဆက်ကြသည်။ ကိုအဂ်ါက...

'ကျွန်တော်လဲ ဝမ်းတွင်းသား မရမှာ စိုးရိမ်လို့ ကိုထွန်းညို သတင်းပေးတာနဲ့ ကြုံကြုံတင်တင် ထွက်လာတာဗျာ'

လို့ ပြန်ပြောပါသည်။

တကယ် အမဲပေါ်ပြီးသည့်အခါ အချိန်မှာ အတော်လင့်နေပြီဖြစ်သည်။ ရွာသား မိတ်ဆွေအပေါင်းအသင်းများ က...



www.burmeseclassic.com

www.burmeseclassic.com

'ကိုအဂ္ဂါ ဝမ်းတွင်းသားလဲ ရပြီပဲဗျာ မနက်မှ အေးအေးဆေးဆေး ပြန်ပါ လား။ ဒီည ထန်းရည်နဲ့ အမဲသားဟင်း လေး စားသွားပါဦးဗျာ'

လို့ ပြောပြီး ဝိုင်းတားကြပါသည်။ ကိုအဂ္ဂါက...

'ခင်ဗျာတို့ရဲ့ စေတနာကိုတော့ ကျေးဇူးတင်ပါတယ်။ အိမ်က ရွာနဲ့လဲဝေးပြီး ကလေးငယ်နဲ့ မိန်းမပဲ ရှိတော့ ကြောက်နေမှာဗျ။ ကျုပ် မပြန်လို့ မဖြစ်ဘူး။ ခင်ဗျားတို့ တိုက်ထားတဲ့ ထန်းရည်နဲ့ အမြည်း(အရက်ဖြင့်စားရသည့် အစားအစာ)ကဒီလောက်ဆိုလုံလောက်ပါပြီ ဗျာ။ နောက်မှ ထပ်တွေ့ကြတာပေါ့'

လို့ ပြောပြီး အမဲဝမ်းတွင်းသားကို လက်ကဆွဲပြီး ထပြန်ခဲ့ပါသည်။ ရွာ သား မိတ်ဆွေများကတော့...

'ကိုအဂ္ဂါကတော့ဗျာ တစ္ဆေ သရဲ ဆိုတာ သူသူငယ်ချင်းလို့ မှတ်ထားတဲ့ လူပဲဗျာ။ အေးလေ အဖေလုပ်သူကလဲ နာမည်ကြီးဆေးဆရာ ဆိုတော့ ဘယ် သူ့ကိုမှ ထီမထင်တဲ့လူပဲ'

လို့ နောက်မှ ပြောနေသံများကို မကြားသလို သဘောထားပြီး ရွာသို့ ပြန်လာခဲ့သည်။

အသားစိမ်း ငါးစိမ်း မပါဘဲလူချည်း သက်သက် ပြန်ရမည် ဆိုပါက ရွာ နှစ်ရွာကြား သချိုင်းကုန်းနှင့်ညောင်ပင် အုပ်လျှိုတစ်ခုကို ဖြတ်ဆင်းရမည်ဖြစ် ၍ သာမန်လူတစ်ယောက်အဖို့ ဤခရီး ကို ညဆယ်နာရီ၊ ဆယ့်တစ်နာရီအချိန် ပြန်ရန် စဉ်းစားမည် မဟုတ်ပါ။

သို့သော် ဦးအဂ္ဂါသည် သားမယား ဇောနှင့်ထန်းရည်၏အစွမ်းများကြောင့် မိမိရွာသို့ အရောက်ပြန်လာခဲ့သည်။ ဆူးပုတ်တောရွာမှ ထွက်ပြီး လမ်း တစ်ဝက်လောက်တွင် ပန်းအိုင်ရွာ သချိုင်းမှ အုတ်ဂူများနှင့် မြေပုံများကို လဆန်းရက် လ၏အလင်းရောင်ဖြင့်



မှုန်မွှားမွှား မြင်နေရသော်လည်း ကြောက်စိတ် လုံးဝမရှိဘဲ မိုးတွင်း အချိန် ရေစီးနေသည့် လျှိုတစ်ခုမှာ လည်း ရေများ ခြောက်ခန်းပြီး ညောင် ပင်ကြီးများ အုပ်ဆိုင်းနေသည့်အောက် မှ ဖြတ်သွားရမည် ဖြစ်သည်။

BURMESE CLASSIC

သို့သော် ဘာကိုမှ အမှုမထားသူပီပီ လျှို၏တစ်ဖက်မှစဆင်းပြီး လျှိုအလယ် လောက် အရောက်တွင်နောက်ဘက်မှ နားထဲသို့ တရှဲရှဲဟူသောအသံကို ကြား မိလိုက်သည်။ ရုတ်တရက် နောက်ကို လှည့်ကြည့်လိုက်သည့်အခါ ခွေးနက် ကြီးတစ်ကောင်သည် ပါးစပ်မှ လျှာကြီး ကို မြေတွင် တရွတ်တိုက်ဆွဲပြီး လျှို တစ်ဖက်ထိပ်မှ လိုက်ဆင်းလာသည်ကို တွေ့မြင်လိုက်ရသည်။

ကိုအဂ္ဂါ စိတ်ထဲမှ မိတ်ဆွေအပေါင်း အသင်းတွေကတော့ လိုက်လာမှာပဲ ဆိုတာ သိပါတယ်။ ထို့ကြောင့် အသံ ထွက်ပြီး...

'ဟေ့ကောင် မင်းက အမဲသား စားချင်လို့ လိုက်လာမယ့်ဝါက အပယ်ပန်းခံပြီး ရွာက နေ့ ဝယ်လာရတာကွ။ မင်းကိုတော့ မပေး စားနိုင်ဘူး။ လိုက်ချင်လဲ လိုက်ခဲ့ကွာ'

လို့ ပြောပြီး ရွာဘက်သို့ ခပ်သုတ် သုတ် ပြန်လာခဲ့ပါသည်။

ခွေးနက်ကြီးကလည်း ဖွဲမလျှော့ဘဲ ရွာအထိ လိုက်လာပြီး ကိုအဂ္ဂါအိမ်ဝင်း ထဲ ဝင်သွားသည့်အခါ ခြံဝင်း၏ အပြင် ဘက်မှ ရှေ့လက်နှစ်ဖက် ထောက်ပြီး ထိုင်ကျန်ခဲ့သည်။ ကိုအဂ္ဂါလည်း အမဲ ဝမ်းတွင်းသားတွဲကို အိမ်တံခါးပေါက် အတွင်းဘက်မှာ ချိတ်ထားခဲ့ပြီး ဇနီး ဖြစ်သူအား ပြန်လာပြီဖြစ်ကြောင်း နှုတ် ဆက်လိုက်သည်နှင့် အိပ်ရာတွင်းမှဇနီး ဖြစ်သူ အသံပင် မပြုမီ (၃)နှစ်သမီး မြကျင်က အလန့်တကြား အော်ပြီး ငိုပါသည်။

ကလေး အငိုတိတ်အောင် လင်မယား နှစ်ယောက် ချော့သော်လည်း ကလေး မှာ အငိုမတိတ်ဘဲ အော်ငိုနေသည်။ ထိုအခါ ဇနီးဖြစ်သူ မစာဥက...

'ကိုအဂ္ဂါ ရှင် အသားစိမ်းတွေနဲ့ အပြင်က ပြန်လာတော့ မကောင်းဆိုးဝါးတွေ ပါလာ တယ်ထင်တယ်။ ရှင့်အဖေကို သွားခေါ်ပြီး'

လို့ ပြောသည်။ ကိုအဂ္ဂါမှာ မနေ သာတော့ဘဲ ဖခင်ဖြစ်သူ ဆေးဆရာ ကြီး ဦးသာခွန်းအိမ်သို့ သုတ်ခြေတင် ပြေးရလေသည်။ ရွာလယ်မှ ဖခင်၏ နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်သို့ ရောက်သောအခါ တံခါးကို ခေါက်ပြီး နှိုးရာ ဖခင်ဖြစ်သူမှာ ညဉ့်နက်သည် အထိ မအိပ်သေးဘဲ အင်းများချ၍ သိမ်ဝင်သပိတ်ထဲ မီးရှို့ထည့်ပြီး ပြာများ ကို ရေဖျော်၍ ပြန်သောက်နေသော ကြောင့် အသင့်တွေ့ပါသည်။ အဖေ ဖြစ်သူက...

'အဂ္ဂါ အချိန်မတော် လာနှိုးတယ် ဆိုတော့ မင်း ဘာမဟုတ်တာတွေ လုပ် လာပြန်ပြီလဲ'

ဟု တိုက်ရိုက် မေးလိုက်သည်။ ကိုအဂ္ဂါက...

'အဖေမေးတာလဲ ပြောပါ့မယ်၊ အခု တော့ အိမ်မှာ သမီးလေး တက်မတတ်



www.burmeseclassic.com

www.burmeseclassic.com



ငိုနေလို့ အရင်လိုက်ကြည့်ပေးပါဦး'

လို့ ပြောဆို တောင်းပန်ပါသည်။ သားအဖနှစ်ယောက် စကားပြောသံကြောင့် ဆရာကြီး၏ဇနီး ဒေါ်သက်အုံနှင့် ခယ်မ မအေးသွယ်တို့လည်း အိပ်ရာမှ နိုးလာကြသည်။ မိခင်ဖြစ်သူက...

'ဟဲ့ အဂ္ဂါ ဘာဖြစ်လာပြန်တာလဲ'

လို့ မေးတော့...

'အမေ့မြေး မြကျင် ငိုနေတာ ချော့မရလို့ အဖေ့ကို လိုက်ကြည့်ပေးဖို့ လာခေါ်တာပါ'

လို့ ပြောတော့ သားအချစ် မြေးအနှစ် ဆိုစကားအတိုင်း လင်တော်မောင်အား လိုက်သွားရန် အတင်းပြောနေပါသည်။ ဦးသာဒွန်းကလည်း...

'မင်းနဲ့မှ တော်တဲ့မြေး မဟုတ်ပါဘူးကွာ။ ဒီကောင် ဘယ်လောက်မိုက်မိုက်ငါ့မြေးတော့ အထိမခံနိုင်ပါဘူး။ လိုက်သွားမှာပါ'

လို့ ပြောပြီး ချက်ချင်း သားအဖနှစ်ယောက် ထွက်လာခဲ့သည်။

ဆရာကြီးဘွဲ့ခံ ဦးသာဒွန်းသည် သာမညပုဂ္ဂိုလ် မဟုတ်ပါ။ အုန်းအိုင်ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်နှင့် ဆေးပညာများတွင် ပုပ္ပား တောင်သာ၊ မြင်းခြံနှင့် မလှိုင်မြို့နယ် တစ်လွှား၌ နာမည်ကြီးပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ **(အလျှော်း သင့်လျှင်ဆေးဆရာကြီး ဦးသာဒွန်း၏အကြောင်းကိုလည်း ရေးသားတင်ပြသွားမည် ဖြစ်သည်။စာရေးသူ)**

သားအဖနှစ်ယောက် အိမ်ရှေ့ ဝင်းပေါက်သို့ ရောက်သောအခါ ဦးသာဒွန်းမှာ ခေတ္တမျှ ရပ်ကြည့်ပြီး...

'မင်း ဘာအသားငါးတွေ အိမ်ကို ယူလာသလဲ'

လို့ မေးပါသည်။ ကိုအဂ္ဂါက...

'အဖေ ညနေက ဆူးပုတ်တောရွာမှာ အမဲပေါ်လို့ ဝမ်းတွင်းသား သွားဝယ်ပြီး အိမ်ကို ယူလာပါတယ်။အသားတွေတော့ အိမ်ထဲမှာ ချိတ်ထားတယ် အဖေ'

လို့ ပြန်ပြောပါသည်။ ဦးသာဒွန်းက တအားငိုနေသော ကလေးငိုသံကြောင့် ဘာမှမပြောတော့ဘဲ အိမ်ပေါ်သို့ တက်သွားပြီး ဘုရားစင်ရှေ့တွင် ထိုင်လိုက်သည်။ ချွေးမ၏ ရင်ခွင်ထဲမှ ကလေးအား လက်ကို ကိုင်ကြည့်ပြီး...

အဂ္ဂါ သောက်ရေတစ်ခွက် ခပ်လာခဲ့'

လို့ သားဖြစ်သူအား ပြောကြားပါသည်။ ကိုအဂ္ဂါလည်း သောက်ရေတစ်ခွက်ကို ခပ်ပြီး အဖေဖြစ်သူအား ပေးပါသည်။

ဦးသာဒွန်းသည် ဘုရားစင်ဘက်သို့ လှည့်ပြီး ရေခွက်ကို လက်ဖြင့်ကိုင်လျက် နှုတ်မှ ဂါထာမန္တန်များ ရွတ်ဆိုပြီး ရေခွက်ကို အောက်ချ၍ ဘုရားကို ဦးသုံးကြိမ် ချလိုက်သည်။ ထို့နောက် ရေခွက်ထဲမှ ရေကို လက်ချောင်းကလေးများဖြင့် နှိုက်ပြီး ကလေးအား တောက်ပေးသည့်အပြင် ခေါင်းမှ ခြေထောက်အထိ (၃)ကြိမ် သပ်ပေးလိုက်ရာ ကလေးမှာ ချက်ချင်း အငိုတိတ်သွားလေသည်။

ဦးသာဒွန်းက ကိုအဂ္ဂါဘက်သို့ လှည့်ပြီး...

'မင်း ဝမ်းတွင်းသားကို အိမ်ဝင်းအပြင်ဘက် သွားပစ်ပေးလိုက်'

လို့ ပြောတော့ ကိုအဂ္ဂါက...

'ဟာ အဖေ ဆူးပုတ်တောရွာနဲ့ ပန်းအိုင်ရွာကြား လှိုက စပြီး ဒီကောင်လိုက်လာတာ။ ကျွန်တော်ကလဲ အမဲသားကြိုက်မှန်း အဖေ သိပါတယ်ဗျာ။ ကျွန်တော် မပေးနိုင်ဘူး အဖေ'

လို့ ငြင်းပါသည်။ ဖခင်ဖြစ်သူက...

'တော်တော်ခက်တဲ့ကောင်ပဲ။ မင်း မပေးရင် ဒီကောင် ပြန်တော့မှာ မဟုတ်ဘူး။ ငါဟာ ဆရာဖြစ်တဲ့ ကျင့်ဝတ်နဲ့အညီ လူစည်း၊ ဘီလူးစည်း ဆိုတာ ရှိတယ်ကွ။ ငါ ဂါထာမန္တန် မန်းမှုတ်စဉ်က မင်း စားချင်တာပေးမယ် ကလေးကို မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံ ကတိပေးခဲ့တယ်။ ဒီတော့ မင်း အကုန်လုံး မပေးနိုင်ရင် တစ်ဝက်တော့ ခွဲပေးလိုက်ပါ'

လို့ ပြောမှ ကိုအဂ္ဂါသည် မီးဖိုထဲမှ ဓားယူပြီး အမဲဝမ်းတွင်းသား တစ်ဝက်ခန့်ကို လှီးဖြတ်ပြီး အိမ်ဝင်းအပြင်ဘက် ဝင်းတံခါးနားသို့ မကျေမနပ်နှင့် ပစ်ပေးလိုက်ရပါသည်။

ထိုအဖြစ်အပျက်သည် အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ စာရေးသူ၏ ဖခင်ကိုယ်တိုင် တွေ့ကြုံခဲ့ရသဖြင့် ပြောပြခဲ့သော ဇာတ်လမ်းကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်သည်။

၎င်းအဖြစ်အပျက်ပါ နေရာများသို့ စာရေးသူ မရောက်ဖူးပါ။ သို့ပါ၍ အဖြစ်အပျက်ပါ ရွာများနှင့် နေရာဒေသများ ပထဝီအနေအထားအရ ကွဲလွဲနေပါက စာရေးသူ၏တာဝန်သာ ဖြစ်ကြောင်း ဝန်ခံပါသည်။

**ကမ္ဘောဇ ဘုန်းမြင့်**

www.burmeseclassic.com

# သာသနာပြုရန်လာသော

ဦးကွတ်မောင်နှစ

ဘေးမှန်ကျော်
(နမ္မတီး)



အခန်း[၁]

ဖားကန့်မြို့နှင့် (၁၆)မိုင်ခန့် ကွာဝေးသော တောမှော်ရွာလေးသည် အိမ်ခြေ (၁၀၀)ခန့်ရှိပြီး လူဦးရေ (၄၀၀)ခန့်ရှိသည့် ကျေးရွာလေးတစ်ရွာ ဖြစ်ပေသည်။ ထိုရွာတွင် နေထိုင်သူများသည် သစ်လုပ်ငန်း၊ ရွှေလုပ်ငန်းနှင့် ကျောက်စိမ်းလုပ်ငန်းစသည်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

တောမှော်ရွာလေး၏ အရှေ့ဘက်အညှိတည့်ရှိ တောအုပ်လေးသည် ဤရွာလေးအတွက်သာမက အနီးအနားရှိ ရွာများအတွက်ပါ သစ်ကို လိုသလောက် ထုတ်လုပ်ပေးနေသည့် တောတန်းလေးဖြစ်သည်။

ထိုတောတန်းထဲတွင် တောဆင်ရိုင်းများလည်း ရှိသည်။ ယခင်ကဆိုလျှင် တောဆင်ရိုင်းများသည် တောမှော်ရွာထဲထိ ရောက်လာပြီး သောင်းကျန်းတတ်သည်။ ယခုနောက်ပိုင်းမှာတော့ လာရောက်ခြင်း မရှိတော့ပေ။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၏ နေ့တစ်နေ့တွင် တောမှော်ကျေးရွာ အရှေ့ဘက်ရှိ တောတန်းထဲသို့ သစ်တင်ရန် အလို့ငှာ ကားတစ်စီး မောင်းဝင်သွားသည်။ ထိုကားမောင်းသူကား ဦးသိန်းရွှေပင်ဖြစ်သည်။

ဦးသိန်းရွှေသည် အသက်(၅၀)ခန့်ရှိပြီး အိမ်ထောင်မရှိ လူပျိုကြီးဖြစ်သည်။ အရက်သေစာ မသောက်စားတတ်၊ သူအကြိုက်ဆုံးကား ကွမ်းဖြစ်သည်။

ပါးစပ်ထဲမှာကွမ်းကို အဆက်မပြတ်ငုံထားတတ်သည်။ အသားညိုညိုနှင့် ကိုယ်လက်ကြံ့ခိုင်သူဖြစ်သည်။ သူ၏ဇာတိမှာ မြန်မာနိုင်ငံအောက်ဘက်ပိုင်းရှိ ရေစကြိုမြို့ဖြစ်သည်။ ယခုတော့ လုံးခင်း၊ ရပ်ကွက်(၅)တွင် နေထိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းရွှေသည် သစ်ခုတ်သမားများ ဖောက်လုပ်ထားသော တောလမ်းအတိုင်း ကားကို ဖြည်းဖြည်းချင်း မောင်းဝင်သွားပြီး နာရီဝက်အကြာတွင် သစ်ခုတ်သမားများ စခန်းသို့ ရောက်ရှိသွားသည်။

ဦးသိန်းရွှေ၏ ကားသစ် ခုတ်သမားများအနီးသို့ အရောက် သစ်ခုတ်သမားများထဲမှ မောင်ဦးဆိုသူ က ကားပေါ်သို့ လှမ်းကြည့်ရင်း...

'ဦးလေးသိန်း... ဒီနေ့ တယ်နောက်ကျပါလားဗျ'

ဦးသိန်းရွှေသည် ကားပေါ်မှ ဆင်းရင်း မောင်ဦးကို ပြုံးပြကာ...

'နောက်ကျဆို မင်းတို့လမ်းတွေက ကောင်းမှ မကောင်းတာကွ၊ ကားဘီးပေါက်မှာလဲ စိုးရသေး၊ ဒါကြောင့် ထိန်းပြီး ဖြည်းဖြည်းချင်း မောင်းလာခဲ့လိုက်တာ'

မောင်ဦးက ဘာမှ ပြန်မပြောတော့ဘဲ ဦးသိန်းရွှေထံသို့ လက်ဝါးဖြန့်လိုက်ရာ ထုံးစံအတိုင်း ဦးသိန်းရွှေက ကွမ်းယာထုတ်လိုက် မောင်ဦးလက်ထဲသို့ လှမ်းပေးလိုက်လေသည်။

သစ်ခုတ်သမားများထဲမှ မောင်ဦးကိုတော့ ကိုယ့်တူကိုယ့်သားလို ဦးသိန်းရွှေက ခင်နေမိသည်။ သံယောဇဉ်လဲ ဖြစ်မိသည်။ မောင်ဦးကလဲ သူ့ကို အစ်ကိုလို၊ ဦးလေးလို၊ မိဘလို ခင်နေရှာမှန်း သူသိသည်။

ထို့ကြောင့်လည်း လက်ဖက်ရည်ဖိုး၊ ကွမ်းယာဖိုးကအစ သူစာတ်နိုင်သလောက် ပေးမိသည်။ ဦးသိန်းရွှေသည် သူ၏ ကားပေါ်သို့ သစ်လုံးများ တင်နေသည်ကို တစ်ချက်ငဲ့ကြည့်ရင်း လုံးခင်းရွာမှ "ငွေတောင်တန်း" စားသောက်ဆိုင်ပိုင်ရှင် ဒေါ်ပုလဲ မှာလိုက်သော စကားကို သတိရလိုက်မိသည်။

**"ဦးသိန်းရွှေ တောထဲမှာ ဟင်းပြင်းရွက်တွေ့ရင် ခူးပေးခဲ့ဦးနော်"**

ဆိုသည့်စကား ဖြစ်သည်။ ဒေါ်ပုလဲ၏ ငွေတောင်တန်း စားသောက်ဆိုင်က လုံးခင်းမှာ နာမည်ကြီးသည်။ အစားအသောက်မျိုးစုံရသည်။ ဈေးလည်း ချိုသာသည်။

BURMESE CLASSIC .com

သို့ဖြစ်၍ ဦးသိန်းရွှေမှာ ဤဆိုင်မှာပဲ ထမင်းစားဖြစ်တာ များသည်။ သို့ဖြစ်၍လည်း ဒေါ်ပုလဲတို့ဇနီးမောင်နှံနှင့် ခင်မင်နေကြခြင်း ဖြစ်သည်။ ဦးသိန်းရွှေသည် တဲမှာ မနားတော့ဘဲ တဲ အနောက်ဘက်ရှိ တောထဲသို့ ဓားတစ်လက်ကိုင်၍ ဝင်သွားသည်။ လက်ထဲမှာ ဓားနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ ဟင်းပြင်းရွက် ရှာနေသည်။

ထိုခဏ၌ သူ့မျက်လုံးထောင့်၌ အရာတစ်ခုကို ထပ်ခါထပ်ခါ မြင်နေသလို ခံစားရသည်။ ထိုအရာနားသို့ ဓားကို ကျစ်ကျစ်ပါအောင်ကိုင်၍ ဖြည်းဖြည်းချင်း လျှောက်သွားရာ သစ်တုံးငယ်တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

အမြင့်(၂၀)လက်မရှိ သစ်တုံးငယ်၏ ပုံသည် ထူးဆန်းနေသည်။ သစ်တုံး၏ ဘေးနှစ်ဖက်မှ ဖြာထွက်နေသော သစ်ကိုင်းငယ်(၂)ခုသည် ပင်စည် သစ်တုံးငယ်ထဲသို့ ထိုးဖောက်ကာ သစ်ဖောက်နွယ်သဏ္ဍာန် ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ဦးသိန်းရွှေ၏ စိတ်ထဲဝယ် ထူးဆန်းနေသလို ခံစားမိ၍ ထိုသစ်လုံးငယ်ကို ပွေ့ယူလာခဲ့သည်။

သစ်တုံး၏ ထိပ်နှစ်ဖက်ကို လွှဖြင့် တိုက်ဖြတ်ထားသည်ကို တွေ့ရခြင်းအားဖြင့် သစ်ခုတ်သမားများ ပယ်ပစ်ထားသည်ကို သိရသည်။

ထိုနေ့က ဒေါ်ပုလဲ မှာလိုက်သော ဟင်းပြင်းရွက်ကို ထပ်မရှာဖြစ်တော့ဘဲ သစ်တုံးငယ်လေးကို ကားပေါ်တင်ကာ လုံးခင်းသို့ ပြန်ခဲ့လေသည်။ မွန်းလွဲ (၁း၀၀)နာရီမှ တောမှော်တောထဲမှ ထွက်လာခဲ့သော ဦးသိန်းရွှေ၏ သစ်တင်ကားသည် ညနေမှောင်ရီဖျိုးဖျ အချိန်တွင် လုံးခင်းသို့ ရောက်ရှိလာခဲ့သည်။

လုံးခင်းရပ်ကွက်(၂)ရှိ ဦးမြင့်မောင်၊ ဒေါ်မြင့်တို့၏နေအိမ် သစ်စက်သို့ ကားကို မောင်းခဲ့ပြီး အလုပ်သမားများက ကားပေါ်မှ သစ်များကို ချနေသည့် အခိုက် ဦးသိန်းရွှေသည် သူ တယုတယ ယူဆောင်လာခဲ့သည့် သစ်တုံးငယ်လေးကို ကားခေါင်းထဲမှ မ,ထုတ်ပြီး ယူလာခဲ့ရာ သစ်စက်ပိုင်ရှင် ဦးမြင့်မောင်က တွေ့သွားပြီး...

'ကိုသိန်းရွှေ...အဲဒါဘာလဲဗျ'

'ဪ...ကျွန်တော် တောထဲမှာ တွေ့လို့ ယူလာခဲ့တာဗျ။ စိတ်ထဲမှာ ထူးဆန်းနေသလို ခံစားလို့လေ သ'

www.burmeseclassic.com

www.burmeseclassic.com

ဖောက်နွယ်ပုံပဲဗျ။ ဒီမှာကြည့်'

ဦးသိန်းရွှေက သစ်လုံးကို ထောင်ပြရင်း ကိုင်ပြလိုက်သည်။ ဦးမြင့်မောင်က သစ်လုံးငယ်ကို သေချာကြည့်ရင်းမှ...

'ကျွန်တော့်ကို ရောင်းပေးခဲ့ပါလား ကိုသိန်းရွှေ ဘာရယ်တော့ မဟုတ်ဘူး။ ထူးဆန်းလို့ သိမ်းထားချင်ရုံ သက်သက်ပါ'

ဦးသိန်းရွှေက တစ်ချက်စဉ်းစားရင်းမှ...

'ရော့ဗျာ... ကြည့်ပြီးပေးလိုက်၊ ဘယ်လောက်ရယ်လို့ မဟုတ်ပါဘူး'

'ကျေးဇူးပဲဗျာ ရော့ (၇၀၀၀)ကျပ် ယူလိုက်ဗျာ'

ဦးမြင့်မောင်တစ်ယောက် သစ်တုံးငယ်ကို ရေသန့်သန့်ဖြင့် သေချာဆေးကြောကာ အမြင့်တစ်နေရာ၌ တင်ထားလိုက်လေသည်။

ညအိပ်ရာဝင်တော့ ဦးမြင့်မောင်က ထိုသစ်တုံးငယ်ကို ဘာလုပ်ရမလဲဟု စဉ်းစားနေမိသည်။ ဇနီးဖြစ်သူနှင့်လည်း တိုင်ပင်မိသည်။ နောက်တော့ ဖဲကွက်ရုပ် ထုလျှင် ကောင်းမည်ဟု အတွေးဝင်လာသည်။

နောက်တစ်နေ့ မနက်တွင် လုံးခင်းကျေးရွာရပ်ကွက်(၄) ဆေးရုံကုန်းတွင် နေထိုင်သည့် ဗေဒင်ဆရာ ဦးမင်းလွင်ထံသို့ သစ်တုံးငယ်ကို ဆိုင်ကယ်နှင့် တင်ယူသွားပြီး ဖဲကွက်ရုပ် ထုပေးရန် ပြောလိုက်သည်။

ဆရာဦးမင်းလွင်လည်း ဖဲကွက်ရုပ်ထုခ (၁)ကောင် (၃)သောင်းကျပ်ဖြင့် အလုပ် လက်ခံလိုက်သည်။ ထိုညဉ့်ပင် ဆရာဦးမင်းလွင်ထံသို့ ရှေးခေတ်အဝတ်အစားများကို ဝတ်ဆင်ထားသည့် အလွန်လှပသည့် မိန်းကလေးတစ်ယောက်ရောက်ရှိလာပြီး...



'ဆရာ...ဖဲကွက်ရုပ်ကို တစ်ကောင်တည်း မထုပါနဲ့နော်၊ နှစ်ကောင်ထုပေးပါ'

ဟု လာပြောသည်။ မနက် မိုးလင်းတော့ ဆရာဦးမင်းလွင်တစ်ယောက် ဦးမြင့်မောင်ထံသို့ သွားကာ...

'ကိုမြင့်မောင်...ခင်ဗျားတို့ အယုံအကြည် ရှိ,မရှိတော့ ကျွန်တော် မသိဘူးဗျာ။ ညက ကျွန်တော့်ကို ရှေးခေတ်အဝတ်အစားဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက် အိပ်မက်လာပေးတယ်။ ဖဲကွက်ရုပ်ကို တစ်ကောင်တည်း မထုပါနဲ့၊ နှစ်ကောင်ထုပေးပါတဲ့။ အဲဒါ ခင်ဗျားတို့ရဲ့ သဘောဆန္ဒကို လာမေးတာ ဘယ်လိုလုပ်ရမလဲလို့'

ဦးမြင့်မောင်တို့ ဇနီးမောင်နှံလဲ အံ့ဩဝမ်းသာစွာဖြင့်...

'အိပ်မက်ပေးတဲ့အတိုင်း လုပ်ပေးလိုက်ပါ ဆရာရယ်။ ဒါ ထူးဆန်းနေတာပဲ။ ဖဲကွက်ရုပ် နောက်တစ်ကောင်ထုခအတွက်လဲ ကျွန်တော် ပြန်ပေးပါ့မယ်နော်'

'ဟုတ်ပြီလေ... ဒါဆို ကျွန်တော် ပြန်တော့မယ်နော်'

ဆရာဦးမင်းလွင် နှုတ်ဆက်ပြန်သွားတော့ ဦးမြင့်မောင်နှင့် ဇနီးဒေါ်မြင့်၊ သစ်စက်အလုပ်သမားများက ထူးဆန်းဖွယ်ရာ ထိုအကြောင်းကို ဆက်လက်ပြောဆိုနေကြလေသည်။

အခန်း[၂]

ဆရာဦးမင်းလွင်သည် ဖဲကွက် ရုပ်ထုနေရင်းမှ နောက်ထပ် ဖဲကွက်အသေးနှစ်ကောင်ကိုလည်း ဖဲကွက်ရုပ်အကြီး၏ အောက်ခြေတွင် အာရုံရကာ အလိုလို ထုမိသွားသည်။ ထိုဖဲကွက်(၄)ကောင်ရုပ်တုကို ဦးမြင့်မောင်ထံသို့ အပ်ပြီးနောက် ဦးမြင့်မောင်က ထိုဖဲကွက်ရုပ်တုများကို ပန်းချီဦးဌေးလွင်ထံ အပ်နှံကာ ဆေးရောင်ခြယ် ရွှေချခြင်းများ ပြုလုပ်ပေးခဲ့သည်။

ယခုအခါ ထိုဖဲကွက်ရုပ်တုများကို ရွှေသားအစစ်များ ချထားခဲ့သည်။ ထိုရုပ်တုများကို အိမ်ဝင်ဝင်ချင်း သစ်စာရင်းလုပ်သည့် အခန်းဝ အမြင့်တစ်နေရာတွင် ထားကာ ကိုးကွယ်ထားခဲ့သည်။

ထိုဖဲကွက်ရုပ်တုသည် ဦးမြင့်မောင်တို့ဇနီးမောင်နှံထံ ဘယ်သောအခါမှ အိပ်မက်မပေးပေ။ ယင်းတို့နှင့် ပဌာန်းဆက်ပါသည့် သစ်စက်အလုပ်သမားများထဲမှ ဦးအုန်းကျော်ဆိုသည့် သူကိုသာ မကြာခဏ အိပ်မက်ပေးခဲ့သည်။

ဦးအုန်းကျော် ပထမဦးဆုံးမက်သည့် အိပ်မက်မှာ ယင်းတို့သည် ရှမ်းပြည်နယ်မှလာသော ရှမ်းမျိုးနွယ်များဖြစ်ကြောင်း၊ ယခုလိုလာရခြင်းမှာ သာသနာပြုရန် လာခြင်းဖြစ်ကြောင်း ဘုရားသုံးဆူ တည်ရန်ရှိကြောင်း ယင်းတို့မှာ မောင်နှမများဖြစ်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမှာ စနေသားဖြစ်ပြီး ညီမှာလဲ စနေသမီးဖြစ်သည်ဟု ဆိုသည်။

ဦးမြင့်မောင်တို့ဇနီးမောင်နှံ၏ စီးပွားရေးမှာ တစ်နေ့တခြား တိုးတက်လာခဲ့သည်။ ထိုသို့ စီးပွားရေးဖြစ်ထွန်း လာသည့်အလျောက် တစ်ညတွင် ဦးအုန်းကျော်မှ အိပ်မက်,မက်သည်မှာ...

'ကိုအုန်းကျော်... ဒေါ်မြင့်ရဲ့ဇာတိဖြစ်တဲ့ ရေဦးမြို့ ကွမ်းအုံရွာမှာ (၂၄)တောင်ပြည့် စေတီတည်ပေးဖို့ ပြောပေးပါ။ စေတီတော်ကိုလဲ ဆုတောင်းပြည့်စေတီလို့ အမည်ပေး,ပေးပါ'

အိပ်မက်အရ ပထမဦးစွာ ဒေါ်မြင့်၏ ဇာတိရေဦးမြို့နယ်၊ ကွမ်းအုံရွာတွင် (၂၄)တောင်ပြည့် ဆုတောင်းပြည့် စေတီတော်ကို ၂၀၁၁ ခုနှစ်၊ မေလတွင် တည်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၌ ထီးတော်တင်ပွဲကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

ထိုထီးတော်တင်ပွဲကို လိုက်လိုသည်ဟု ဇီးကွက်ရုပ်တုမှ အိပ်မက်ပေးသဖြင့် လုံးခင်းမှ ကားဖြင့် တင်ခေါ်ခဲ့ရာ မတည်ငြိမ်သော လမ်းကြောကြောင့် ဇီးကွက်ရုပ်တုမှာ ကားပေါ်၌ မကြာခဏ လဲကျသွားသော်လည်း သူ့အလိုလို ပြန်လည် ထောင်မတ်လာသည်ကို တွေ့မြင်ကြရသည်မှာ အလွန် အံ့ဩဖွယ်ရာပင် ဖြစ်ပေသည်။

ဒေါ်မြင့်၏ ကွမ်းအုံရွာရောက်သည်တွင် ဇီးကွက်ရုပ်တုအား ရွာဦးကျောင်းရှိ အာရုံခံတန်ဆောင်းထဲတွင် ထားရှိရာ ညရောက်သည်တွင် ဦးအုန်းကျော်ကို အိပ်မက်ပေးသည်မှာ...

'ကိုအုန်းကျော်... ကျွန်မတို့က ဘုရားဖူးချင်လို့ လိုက်လာတာ ဘုရားဖူးရဲ့ ဒီထဲမှာ ထားထားတယ်။ အပြင်ကို ထုတ်ပေးပါ'

ဟု အိပ်မက်ပေးလေသည်။ ညတွင်းချင်းပင် ဇီးကွက်ရုပ်တုကို အာရုံခံတန်ဆောင်းထဲမှ ထုတ်၍ စေတီအနီးတွင် ထားပေးခဲ့ရသည်။ အိပ်မက်အရ ဒုတိယတစ်ဆူဖြစ်သည့် (၄၆)တောင်ပြည့်ဘုရားကိုမူ ဦးမြင့်မောင်၏ဇာတိရွာဖြစ်သည့် ရေဦးမြို့နယ်၊ စည်ကြီးရွာ၌ တည်ပြီး ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်နေ့တွင် ဘုရားထီးတင်ပါသည်။

စေတီတော်၏ဘွဲ့တော်မှာ အိပ်မက်ပေးသည့်အတိုင်း **"ဓာတုဘာအဋ္ဌ စေတီတော်"** ဟု အမည်ပေးခဲ့လေသည်။ ထိုဇီးကွက်ရုပ်တုကို ဦးမြင့်မောင်တို့ဇနီးမောင်နှံမှ အသီးအနှံမျိုးစုံတို့ဖြင့် ကျွေးမွေးရာ ညအခါ ဦးအုန်းကျော်ကို အိပ်မက်ပေးသည်မှာ ယင်းတို့မောင်နှမသည် ငှက်ပျောသီးနှင့် မာလကာသီးကိုသာ ကြိုက်ကြကြောင်း၊ ပန်းသီးနှင့် လိမ္မော်သီးကိုမူ မကြိုက်ကြကြောင်း ပြောပါသည်။

ယင်းတို့ပေးသည့် အိပ်မက်အရ ဘုရားသုံးဆူ တည်ရမည့်အနက်မှ နှစ်ဆူကို တည်ပြီးသွားပြီး ကျန်ရှိနေသေးသည့် တတိယတစ်ဆူကိုမူ မည်သည့်နေရာတွင် တည်ရမည်ဆိုသည်ကို မသိရသေးကြောင်း ဦးမြင့်မောင်တို့ ဇနီးမောင်နှံက စာရေးသူကို ပြောပြပါသည်။

ဦးမြင့်မောင်တို့ ဇနီးမောင်နှံသည် ယခုအခါ ဖားကန့်မြို့နယ်၊ လုံးခင်း အုပ်စု၊ ငြိမ်းချမ်းသာယာရပ်ကွက်တွင် နေထိုင်လျက်ရှိပါသည်။

**(မှတ်ချက်။ ။ ကာယကံရှင်၏ အမည်များပါမကျန် ဤဝတ္ထုတွင် ပါရှိသည့် နေရပ်လိပ်စာနှင့် အမည်များသည် ဖြစ်ရပ်မှန်များ ဖြစ်ပါသည်။)**

**အေးမွန်ကျော်(နမ္မတီး)**

နယ်မှ စာဖတ်ပရိသတ်များသို့

မိမိတို့ဒေသတွင် အစိုးရ စာပို့တိုက်များနှင့် ဆက်သွယ်၍ ရပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား မှာယူနိုင်ပါသည်။ တန်ဖိုးပေးချေယူစနစ်ဖြင့် မှာကြားနိုင်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တစ်အုပ်လျှင် ၂၃၀၀/ကျပ် (နှစ်ထောင့်သုံးရာကျပ်နှုန်းဖြ
မိမိတို့ လက်ဝယ်အရောက် ပို့ဆောင်ပေးပါမည်။ (၃)လ၊ (၆)လ၊ (၉)လ (၁၂)လ စသည့် မိမိလိုသောလကို ရေးသား၍ မှာကြားနိုင်ပါသည်။

မှာကြားရန် လိပ်စာ...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၅၂၂၆၄

www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုမှိုင်း
(ဟင်္သာတ)

# တောတို့၏မာယာ

[၁]

**မာယာ...**

မိန်းမမာယာ၊
ယောက်ျားမာယာ၊
မြစ်၏မာယာ၊
တော၏မာယာ၊
တောင်၏မာယာ၊
မုဆိုးရဲ့မာယာ၊
သားကောင်ရဲ့ မာယာ
စသည်ဖြင့်
ထောင်သောင်း
မကမျှားလဲ များပါဘိ...

တစ်နည်းအားဖြင့်
ဗျူဟာလို့လဲ ခေါ်နိုင်ပါတယ်။ ရိုးသားမှု မှန်သမျှဟာ မာယာကြောင့် ဆုံးရှုံးကြတာပါပဲ။
ကျွန်တော်ကတော့
တောရဲ့မာယာ တစ်ခုကြောင့် တောမှောက်ခံခဲ့ရဖူးပါတယ်။

ရုပ်ဝါဒသမားတစ်ယောက် ဖြစ်တဲ့ ကျွန်တော်ဟာ လက်တွေ့ကြုံမှ ယုံလိုက်ရပါတယ်။

[၂]

'ထီခမ်းဘူတာ"

ရွှေညောင်–ရပ်စောက် လမ်းပိုင်း ဘူတာငယ်တစ်ခုဖြစ်ပါသည်။ ရွှေညောင်မှ ရထားအချိန်မှန်ဆိုလျှင် ထီခမ်းကို ညနေ(၄)နာရီဝန်းကျင်မှာ ဝင်ရပါမည်။ ယနေ့တော့ ရထားအထွက်နောက်ကျသဖြင့် ညနေ(၆)နာရီလောက်မှ ဝင်ခဲ့ပါတော့သည်။

တောရိပ်တောင်ရိပ် မိုးရိပ်တို့ကြောင့် ရာသီက အေးစိမ့်စိမ့် လေပြည်လေညင်းလေးတွေပင် ကျွန်တော့် ဒေါသထွက်မိသည်။ အေးရိပ်ပိုမိုစေသောကြောင့်ပင်...

ရာသီက မိုးကာလ လဆန်းပိုင်းဆိုတော့ လရောင်ပျော့ပျော့လေးနဲ့ မှိန်တုတ်တုတ် ကြယ်ရောင်တို့ကိုပဲ အားပြုရတော့သည်။

ထီခမ်းဘူတာနှင့် ကျွန်တော်သွားမယ့် **ပုန်းအင်ရွာလေး**မှာ (၃)မိုင်လောက်ဝေးသည်။ ဘူတာမှ ပုန်းအင်သွားမည့်လမ်းရောက်ဖို့ တူရှေ့ တောတန်းလေးကို (၁၅)မိနစ်လောက် ဖြတ်ကျော်ရမည်။

ဒီလမ်းကို (၁၀)ကြိမ်မက သွားဖူးသည်။ တောတန်းလေးဆိုသော်လည်း (၃)ပေလောက်ရှိသော အပင်ငယ်များသာ များသည်။ အမြင့်ဆုံးအပင်သည် (၁၀)ပေထက် မကျော်ပါ။

သစ်ကြီးဝါးကြီးများ မရှိတာက တစ်ကြောင်း၊ ဘောင်းဘီရှည်ဝတ်ထားသည်က တစ်ကြောင်းပေါ့။ ကျွန်တော့်အပေါ်သွားချင်သည်ကို မတ်တတ်ပင် ရပ်၍ ရှင်းလိုက်သည်။

ကိစ္စ ပြီးမြောက်သွားချိန်တွင် ခေါင်းနားပန်းကြီးသွားခြင်း၊ ကြက်သီးထခြင်းများဖြစ်ခဲ့လေသည်။ ဒါ ဘာကြောင့်ဖြစ်သည်ကို မစဉ်းစားအား တောတန်းကို ဖြတ်ကျော်ဖို့ပဲ ကျွန်တော် အားရိုက်လိုက်သည်။

ပုန်းအင်ရွာသွားလမ်းပေါ်ပြီး မျှော်တွေးရင်း လူသွားလမ်းလေးအတိုင်း

www.burmeseclassic.com

လျှောက်လှမ်းခဲ့ရာ တစ်ကိုယ်လုံး ချွေးသီးများ စို့ရွှဲနေလေပြီ။ ညကလည်း မှောင်သည်ထက် မှောင်လာလေသည်။

လရောင်ကြယ်ရောင်တို့၏ အောက်တွင် ကျွန်တော်နှင့် ပေ(၁၀၀)အကွာလောက်တွင် ပအိုဝ်းတိုင်းရင်းသူလေးကို တွေ့လိုက်ရသည်။ ကျွန်တော် ပအိုဝ်းတိုင်းရင်းသူလေးကို ပအိုဝ်းစကားဖြင့် ပုန်းအင်လမ်းခွဲ ဘယ်နားမှာလဲလို့ လှမ်းအော်ပြီး မေးလိုက်သည်။

ပအိုဝ်း တိုင်းရင်းသူလေးကတော့ လမ်းခွဲကို လက်ညှိုးထိုးပြပြီး လမ်းဆက်လျှောက်သွားပါတယ်။ မြန်လိုက်တဲ့ ခြေထောက်ပိုင်ရှင်မလေး သူပြတဲ့ နေရာလဲ ရောက်ရော သူဟာ ကျွန်တော်နဲ့ ဓာတ်တိုင် (၅)တိုင်အကွာလောက် ရောက်သွားပါပြီ။

ပအိုဝ်းတိုင်းရင်းသူလေးပြတဲ့ လမ်းလေးအတိုင်း ဆက်လျှောက်ခဲ့တာ (၂) နာရီနီးနီးကြာတဲ့အထိ ပုန်းအင်လမ်းကို မတွေ့သေးပါ။ ပအိုဝ်းယောက်ျားတစ်ယောက် ကျွန်တော်ရှေ့ ပေ(၁၀၀) လောက်မှာ ထပ်တွေ့ရပြန်တယ်။

ပအိုဝ်းတိုင်းရင်းသူလေးကို မေးသလိုမျိုး ထပ်မေးလိုက်ပါတယ်။ ပအိုဝ်းယောက်ျားလေးက လက်ညှိုးထိုးပြပြီး ဆက်လျှောက်သွားပါတယ်။ သူပြတဲ့လမ်းကို ကြည့်လိုက်တော့ ပအိုဝ်းတိုင်းရင်းသူလေးပြတဲ့ လမ်းလေးပါပဲ။

ဒီတစ်ခါတော့ သူတို့ပြတဲ့လမ်းကို ဆက်မလျှောက်တော့ဘဲ ရပ်၍ စဉ်းစားမိတော့တယ်။ တောထဲမှာ တစ်ခုခု မှားခဲ့သလားဆိုတာပေါ့။

ကျွန်တော် ဘယ်နေရာသွားသွား ရတနာသုံးပါးကို ဘယ်တော့မှမမေ့ခဲ့... ယခုတော့ မေ့ခဲ့လေပြီ။ သွေးရိုးသားရိုး မဟုတ်မှန်း ဒီတော့မှ ရိပ်မိပါတယ်။

ကျွန်တော် မိုးပေါ်ကို မော့ကြည့်ပြီး ရတနာသုံးပါးကို ဦးတိုက်လိုက်ပါတယ်။ ပြီးရင် မေတ္တာသုတ်ပါဠိတော်ကို (၃)ခေါက်တိတိ ရွတ်ဖတ်ပူဇော်လိုက်ပါတယ်။

မျက်လုံးဖွင့်၍ ဘေးဝန်းကျင်ကို ကြည့်ရင် မီးတိုက်ခွက်ကလေး ထွန်းထားသော အိမ်တစ်လုံးကို တွေ့လိုက်ရပါတယ်။ အနားကပ်သွားပြီး အသံပြုလိုက်ရင် လူနှစ်ယောက် ထွက်လာပါတယ်။

'သောက်ရေလေး တစ်ခွက်လောက်တိုက်ပါဗျာ'

'အိမ်ထဲဝင်ပါ အောက်ဗမာ... ခရီးတစ်ထောက်နားပါဦး'

သူတို့ပြောတဲ့စကားဟာ ဗမာစကားဖြစ်ပေမယ့် မနည်း အားစိုက်နားထောင်ရပါတယ်။ စကားပြော အရမ်းမြန်ပါတယ်။

'ကျွန်တော် အောက်ဗမာဆိုတာ ခင်ဗျား ဘယ်လိုသိလဲ'

သူတို့ပေးသော ရေကို သောက်ရင်း ပြန်မေးမိပါတယ်။

'အောက်ဗမာက စကားဖြည်းဖြည်းပြောတယ်။ ကျွန်တော်တို့ အထက်ဗမာ တစ်နည်းအားဖြင့် အင်းလေးဗမာတွေက စကားပြော မြန်တယ်လေ'

'ဟုတ်တယ်နော်... ခင်ဗျားတို့ စကား ကျွန်တော် မနည်း စဉ်းစားယူရတယ်။ တောထဲမှာ ဘာပြုလို့ အိမ်လာဆောက်နေကြတာလဲ'

'အိမ်မဟုတ်ပါဘူးဗျာ... ဒါက နွားတဲပါ။ ကျွန်တော်တို့က အင်းလေးဘက်ကလာပြီး ဒီမှာ နွားအငှားလာကျောင်းတာ၊ တစ်နှစ်ကို နွားတစ်ကောင် စပါး(၁၀)တင်းရတဲ့ဗျာ။

အကောင်(၅၀)ဆိုတော့ စပါး တင်း (၅၀၀)ရတယ်။ သူငယ်ချင်းသုံးယောက် ဝေယူကြတာပေါ့။ ခင်ဗျားက ဘယ်ကလာပြီး ဘယ်ကိုသွားမှာတုံး'

'ရွှေညောင်ဂိုက်ဖွားလာတာ ညနေ(၆) နာရီလောက်ကဆိုက်တဲ့ ရထားနဲ့ပေါ့။ ပုန်းအင်သွားမှာ လမ်းပျောက်နေလို့'

'ဟာ...ဒါဆိုရင်တော့ ခင်ဗျား ဆက်မသွားနဲ့တော့ ည(၁၂)နာရီထိုးနေပြီ၊ ဒီတောတန်းလေးက မိနစ်(၂၀)လောက်ပဲ ဖြတ်ကျော်ရတာ...

(၆)နာရီလုံးလုံး ဖြတ်ကျော်တာတောင် တောအပြင် မရောက်တာထောက်ရင် ခင်ဗျား တောမှောက်ခံထားပြီ၊ ကျွန်တော်တို့ တဲမှာပဲ အိပ်လိုက်တော့၊ မနက်ကျမှ ဆက်သွားပေါ့'

တောမှောက်တယ်ဆိုတာ မသိပေမယ့် သူတို့ပြောသလို (၆)နာရီကျော် ဖြတ်ခဲ့တာတောင် တောအပြင် မရောက်သည်မှာ သူတို့ပြောသလို ဖြစ်လောက်တယ်ဟု ယုံကြည်မိပါတယ်။

တစ်ညတာခရီးအား သူတို့နဲ့အတူ အိပ်စက်ကာ မနက်မှ လိုရာခရီးကို ဆက်ခဲ့ပါတယ်။

ပုန်းပင်ရွာရှိ လူကြီးများအား အကျိုးအကြောင်း ပြောပြကာ မေးကြည့်မှ **"မတ်တတ် အမေ့ါသွားခဲ့သောကြောင့်"** ဖြစ်သည်ကို သိခဲ့ရပါတယ်။

မည်သည့်နေရာတွင်မဆို ကြီးသည်ငယ်သည် မဟုတ်ဘဲ တောပိုင်တောင်ပိုင် အစောင့်အရှောက်များ ရှိကြစမြဲ...

ကျွန်တော်ကဲ့သို့ အမှားမျိုး မဖြစ်ကြပါရန် ကိုယ်တွေ့ဇာတ်လမ်းလေးဖြင့် ရေးသား တင်ပြလိုက်ရပါသည်။

**စာပေသစ္စာဖြင့်...**

**မောင်နိုင်နွယ် (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းစန်



### တနင်္ဂနွေ

**စီးပွားရေး** ။ စီးပွားရေးလုပ်ငန်းများ တိုးတက်နေဦးမည်။ သို့သော် လုပ်ငန်းတွင်း၌ ပြဿနာများ ပေါ်တတ်သည်။ နိုင်ငံခြားနှင့် စီးပွားရေး အဆက်အသွယ်ရမည်။ လုပ်ငန်းတိုးချဲ့ဖို့ မသင့်သေးပါ။ အင်္ဂါနံ ဆန်၊ ဆီ၊ ဆား၊ ဆေး လုပ်ငန်းများ အဆင်ပြေမည်။

**ရာထူးတာဝန်ရေးရာ** ။မိမိ အထက်လူကြီး၏ ချီးမြှင့်မှုကို ခံစားရမည်။ ရာထူး တိုးတတ်သည်။

**အိမ်တွင်းရေး** ။ မိသားစုအတွင်း အိမ်တွင်းရေး အဆင်ပြေသော်လည်း သားသမီးများ၏ နိုင်ငံခြားခရီး အခက်အခဲကြုံပြီး ကြန့်ကြာတတ်သည်။ ထွက်ငွေများနေဦးမည်။

**အချစ်ရေး** ။ ချစ်သူ၏ အထင်လွဲမှု ခံရတတ်သည်။ စေ့စပ်လက်ထပ်လိုသူများ ခေတ္တ စောင့်ပါဦး။

**ပညာရေး** ။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။ ကြိုးစား သလောက် ခရီးရောက်မည်။

**ကျန်းမာရေး** ။ ခြေလက်များတွင် ထိခိုက်ဒဏ်ရာ ရတတ်သည်။ အသွားအလာ ဆင်ခြင်ပါ။

**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၅၊ ၆၊ ၈၊ ၁၀၊ ၁၅၊ ၂၀၊ ၂၃၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၉၊ ၁၄၊ ၁၈၊ ၂၄၊ ၂၇။

**ထီထိုးရန်ရက်များ** ။ ၁၊ ၅၊ ၈၊ ၁၉၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ အိမ်ရှိ ဘုရားတွင် သစ်သီး(၃)လုံး လှူဒါန်းပေးပါ။

### တနင်္လာ

**စီးပွားရေး** ။ လုပ်ငန်းများ မကောင်းသေးပါ။ တိုးချဲ့ခြင်း မပြုပါနှင့်ဦး။ မျှော်မှန်းထားသော အမြတ်များ မရနိုင်သေးပါ။ မထင်မှတ်ဘဲ ငွေကြေး အခက်အခဲ ဖြစ်တတ်သည်။ ဗုဒ္ဓဟူးနံရှေ့ အရောင်းအဝယ်များ ဝင်ငွေ ကောင်းမည်။

**ရာထူးတာဝန်ရေးရာ** ။ နေရာပြောင်းရတတ်သည်။ လုပ်ငန်းတွင်း ပြဿနာ ပေါ်တတ်သည်။ မိမိလူကြီး၏ အကူအညီနှင့် အဆင်ပြေမည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကြောင့် ငွေကြေး အကုန်အကျ များတတ်သည်။ သားသမီးများ၏ အထောက်အပံ့ ရမည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေနေသော်လည်း ကြားလူတစ်ဦး ကြောင့် အထင်လွဲခံရတတ်သည်။ လက်ထပ်စေ့စပ်လိုသူများ အဆင်ပြေ သောလဖြစ်မည်။

**ပညာရေး** ။ ကွန်ပျူတာ သင်တန်းများ တက်ခွင့်ရမည်။ ကျောင်းစာကို ဂရုစိုက်ပေးပါ။ ဘဝရေးအတွက် အရေးကြီးသည်။

**ကျန်းမာရေး** ။ အစာမကြေ ဖြစ်တတ်သည်။ ခေတ္တခဏသာ ခံစားရ မည်။ စိတ်အေးချမ်းအောင် နေပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၈၊ ၂၂၊ ၂၅၊ ၂၈။

**ရှောင်ရန်ရက်များ** ။ ၁၊ ၄၊ ၁၀၊ ၁၅၊ ၂၄၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၂၊ ၈၊ ၉၊ ၁၆၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၂၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ငါးအစာ ကျွေးပေးပါ။ ဆွမ်းခံရဟန်းတစ်ပါးအား မုန့်တစ်ခု လှူဒါန်းပေးပါ။

### အင်္ဂါ

**စီးပွားရေး** ။ လုပ်ငန်းတွင်း အလုပ်သမား ပြဿနာပေါ် တတ်သည်။ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းပါ။ လုပ်ငန်း မှ အစုရှယ်ယာရှင်များ ထွက်တတ်သည်။ ခေတ္တခဏ ငွေကြေးအခက်အခဲ ကြုံတတ်သည်။ အမျိုးသမီး အသုံး အဆောင် ရောင်းဝယ်သူများ အကျိုးအမြတ်များမည်။

**ရာထူးတာဝန်ရေးရာ** ။ လုပ်ငန်းဆိုင်ရာ အဝေးခရီးအတွက် တာဝန်ပေးခံရတတ်သည်။ အောင်မြင်သောခရီး ဖြစ်မည်။

**အိမ်တွင်းရေး** ။ သားသမီးများကြောင့် ထွက်ငွေများ တတ်သော်လည်း သာယာသော အိမ်တွင်းရေးရှိမည်။ ဆွေမျိုးများကြောင့် စိတ်ညစ်စရာကြုံမည်။

**အချစ်ရေး** ။ နှစ်ဖက်မိဘ သဘောတူမှုကြောင့် စေ့စပ် လက်ထပ် လိုသူများ အဆင်ပြေမည်။ သမီးရည်းစားများ ကြားလူကို သတိထားပါ။

**ပညာရေး** ။ အချစ်ရေးကြောင့် ပညာရေး နှောင့်နှေးမခံပါနှင့်။ ကြိုးစားပါက အထက်တန်းပညာများ သင်ခွင့်ရမည်။

**ကျန်းမာရေး** ။ သွေးချိုရောဂါ အခံရှိသူများ သတိထားပါ။ (၁၅)ရက် နောက်ပိုင်း သက်သာသွားမည်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၆၊ ၈၊ ၁၂၊ ၁၆၊ ၁၉၊ ၂၄၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၁၊ ၃၊ ၉၊ ၁၃၊ ၁၈၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၁၀၊ ၁၄၊ ၁၇၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၆၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ပေးပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး** ။ လုပ်ငန်းတွင်း ပြဿနာပေါ်နေသလောက် စီးပွားရေး အဆင်ပြေနေမည်။ ငွေကြေးခဏသာ အကျပ်အတည်း တွေ့တတ်ပြီး မကြာမီ အဆင်ပြေမည်။ လုပ်ငန်းတိုးချဲ့နိုင်သည်။ စီးပွားဆိုင်ရာ နိုင်ငံခြားခရီးရှိသည်။ သောကြာနံ သစ်၊ သံ၊ သွပ် ရောင်းဝယ်သူများ အဆင်ပြေမည်။

**ရာထူးတာဝန်ရေးရာ** ။ ဌာနအတွင်း အတိုက်အခံ ကြုံရမည်။ မိမိက သည်းခံစိတ်မွေးပြီး ဖြေရှင်းပါ။ မိမိဆရာသမားကြောင့် မကြာမီ အဆင်ပြေသွားပါလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ချို့ယွင်းတတ်သည်။ သားသမီးများ၏ လုပ်ငန်းကိစ္စများ အဆင်ပြေမည်။



www.burmeseclassic.com

www.burmeseclassic.com

**အချစ်ရေး** ။ မမျှော်လင့်ဘဲ လက်ထပ်ခွင့် ကြုံတတ်သည်။ နှစ်ဖက်သဘောတူမှု ကြိုးစားရမည်။ ချစ်သူရှိသူများ ချစ်သူနှင့် သဘောထား ကွဲတတ်သည်။
**ပညာရေး** ။ စိတ်များ လေလွင့်နေ၍ ပညာရေး ထိခိုက်တတ်သည်။ သူငယ်ချင်းကောင်းများ၏ အကြံဉာဏ် ယူပါ။
**ကျန်းမာရေး** ။ နှာစေး ချောင်းဆိုး ရောဂါငယ်များသာ ဖြစ်တတ်သည်။ စိုးရိမ်ရန် မလိုပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၃၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇။
**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၁၀၊ ၁၇၊ ၂၀၊ ၂၄၊ ၂၈၊ ၃၀။
**ထီထိုးရန်ရက်များ** ။ ၁၊ ၃၊ ၄၊ ၈၊ ၁၁၊ ၁၈၊ ၂၆၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၆၊ ၈၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ နေ့စဉ် ဘုရားဂုဏ်တော် (၉)ပါးကို တစ်နေ့ (၁၀)ပတ်စိပ်ပါ။ လိုရာဆုတောင်းပါ။

## ကြာသပတေး

**စီးပွားရေး** ။ လုပ်ငန်းများ အဆင်ပြေနေမည်။ အစုရှယ်ယာရှင်များ ပေါ်လာမည်။ မထင်မှတ်သော ငွေကြေးများ ဝင်မည်။ လုပ်ငန်းတွင် မဆိုစလောက် အခက်အခဲ တွေ့တတ်သည်။ နိုင်ငံခြားကုမ္ပဏီနှင့် အဆက်အသွယ် ရတတ်သည်။ သစ်သီးသစ်ဥ အရောင်းအဝယ် ကောင်းမည်။
**ဝန်ထမ်းရေးရာ** ။ ရာထူးတိုး နယ်ပြောင်းရတတ်သည်။ ကျရာနေရာများ အောင်မြင်စွာ ထမ်းဆောင်နိုင်မည်။
**အိမ်တွင်းရေး** ။ နှစ်ဖက်ဆွေမျိုးများကြောင့် ထွက်ငွေ များတတ်သည်။ သို့သော် သားသမီးများ၏ အကူအညီကြောင့် အဆင်ပြေမည်။
**အချစ်ရေး** ။ ချစ်သူ၏ သံသယဖောက်ခြင်း ခံရမည်။ စိတ်မလေအောင် ထိန်းပါ။ စေ့စပ်လက်ထပ်လိုသူများ အတိုက်အခံ ပြောကြားရမည်။
**ပညာရေး** ။ နိုင်ငံရပ်ခြား ပညာတော်သင် အရွေးခံတတ်သည်။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။
**ကျန်းမာရေး** ။ နှလုံး သွေးတိုး ရောဂါ အခံရှိသူများ သတိထားသင့်သော လဖြစ်သည်။ အထူးစိုးရိမ်ဖွယ် မရှိပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၃၊ ၆၊ ၁၀၊ ၁၄၊ ၁၆၊ ၂၀၊ ၂၄၊ ၂၈၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၁၊ ၄၊ ၉၊ ၁၅၊ ၂၃၊ ၂၆၊ ၂၉။
**ထီထိုးရန်ရက်များ** ။ ၂၊ ၇၊ ၁၂၊ ၁၈၊ ၂၇၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဘုရားတစ်ဆူဆူ၏ ရုပ်ပြင်ကို သန့်ရှင်းရေး (၃)ရက်တိတိ ဆောင်ရွက်ပေးပါ။

## သောကြာ

**စီးပွားရေး** ။ အစုရှယ်ယာရှင်တစ်ဦးကြောင့် လုပ်ငန်းအခက်အခဲ ကြုံရတတ်သည်။ မထင်မှတ်ဘဲ အကူအညီရပြီး ဖြေရှင်းနိုင်မည်။ လုပ်ငန်းတိုးချဲ့ဖို့ မသင့်သေး။ အလုပ်သမားပြဿနာ ကြုံတတ်သည်။ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ စီးပွားတက်မည်။
**ဝန်ထမ်းရေးရာ** ။ မထင်မှတ်ဘဲ ရာထူးတိုးတတ်သည်။ သို့သော် မိမိအောက်လက်ငယ်သားကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။
**အိမ်တွင်းရေး** ။ မိသားစု ပျော်ရွှင်ချမ်းမြေ့ရသော ကာလဖြစ်မည်။





သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။ အဝေးရှိ သားသမီးများ ထံမှ သတင်းကောင်း ကြားရမည်။
**အချစ်ရေး** ။ ချစ်သူနှင့် ပျော်ရွှင်စွာ လည်ပတ်ခွင့်ရမည်။ နှစ်ဖက်မိဘများ၏ သဘောတူညီမှုကြောင့် စေ့စပ်လက်ထပ်ခြင်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်။
**ပညာရေး** ။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။ နိုင်ငံခြားပညာသင်ခရီးရှိသည်။ ကြိုးစားနိုင်သလောက် အကျိုးထူးသည်။
**ကျန်းမာရေး** ။ ပေါ့ဆမှုကြောင့် ထိခိုက်ဒဏ်ရာ ရတတ်သည်။ သတိထားပါ။
**ဆောင်ရန်ရက်များ** ။ ၁၊ ၄၊ ၈၊ ၁၀၊ ၁၄၊ ၁၈၊ ၂၄၊ ၂၆၊ ၂၉။
**ရှောင်ရန်ရက်များ** ။ ၂၊ ၉၊ ၁၁၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈။
**ထီထိုးရန်ရက်များ** ။ ၃၊ ၇၊ ၁၂၊ ၁၅၊ ၁၉၊ ၂၇၊ ၃၁။
**ထီထိုးရန်ဂဏန်းများ** ။ ၆၊ ၈၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ သက်ကြီးရွယ်အိုများအား အစားအသောက် လှူဒါန်း ကျွေးမွေးပါ။

## စနေ

**စီးပွားရေး** ။ ပြဿနာများ လုပ်ငန်းတွင် တစ်ခုမဟုတ်တစ်ခု တွေ့တတ်သော်လည်း လုပ်ငန်းများ အဆင်ပြေနေမည်။ မထင်မှတ်သော ငွေကြေးများရမည်။ လုပ်ငန်းတိုးချဲ့နိုင်သည်။ စီးပွားရေးအတွက် နိုင်ငံခြားခရီး စီစဉ်ခွင့်ရမည်။ ယာဉ်ကား ရောင်းဝယ်သူများ စီးပွားဖြစ်ထွန်းတတ်သည်။
**ဝန်ထမ်းရေးရာ** ။ မိမိ လက်အောက်ငယ်သားကြောင့် လုပ်ငန်းတွင်း သိက္ခာကျတတ်သည်။ သို့သော် မိမိဆရာသမားကြောင့် ပြဿနာ ဖြေရှင်းနိုင်မည်။
**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက် ဖောက်ပြန်တတ်သည်။ ချော့မော့ ပြောဆိုပါ။ အဝေးနေရာရှိ သားသမီးများထံမှ သတင်းကောင်း ကြားရမည်။
**အချစ်ရေး** ။ မထင်မှတ်ဘဲ အချစ်ရေး အဆင်မပြေ ဖြစ်တတ်သည်။ သည်းခံချော့မော့ပါ။ စေ့စပ်လက်ထပ်ဖို့ အဆင်မပြေသေးပါ။
**ပညာရေး** ။ ကျန်းမာရေးကြောင့် ပညာရေး နှောင့်နှေးတတ်သည်။ ခေတ္တယာယီ ကြုံရမည်။
**ကျန်းမာရေး** ။ နှလုံးဝေဒနာရှင်များ၊ ပန်းနာရင်ကျပ် ဝေဒနာရှင်များ ရောဂါ ပြန်ထတတ်သည်။ ဂရုစိုက်ကုသပါ။
**ဆောင်ရန်ရက်များ** ။ ၂၊ ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၃၊ ၂၇၊ ၃၀။
**ရှောင်ရန်ရက်များ** ။ ၁၊ ၄၊ ၇၊ ၁၀၊ ၁၄၊ ၁၉၊ ၂၄၊ ၂၉။
**ထီထိုးရန်ရက်များ** ။ ၁၊ ၅၊ ၁၁၊ ၁၈၊ ၂၆၊ ၃၀။
**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။
**အဆောင်ယတြာ** ။ ဘုရားတစ်ဆူသို့ (၃)ရက်တိတိ နေ့စဉ်သွားပြီး မီးအလှူ အရုပ်ဆောင်စွင် ရေသက်စေ့လှူပါ။

*ကျန်းမာ ချမ်းသာပါစေ။*

ဆရာ ရောင်စဉ်



www.burmeseclassic.com